
You are my life
{ အချစ်များအပြိုင် }
Season~3

🍭You are my life🍭

Chapter _ 1

လင်း အိပ်ရာကနိုးတယ်ဆို

ကုတင်ပေါ်ကနေဆင်းက

အပြိုင်အိပ်နေကြတဲ့ပါးတို့ 3ယောက်ကို

ကြည့်ကာပြုံးလိုက်သည်။ပါး

နဲ့ဖူးစာပါပေးတဲ့ကံကြမ္မာကိုလည်း

သူမကျေးဇူးတင်သည်။ဒီလူသားကြောင့်သာ

ပျော်ရွှင်မှုအစစ်အမှန်ကို

သိခဲ့ရတာမဟုတ်လား။ဒီနေ့သူမစောစောထနေရ

တာက English ကျောင်းကိုပို့ထားတဲ့

သားကလည်းပြန်ရောက်နေတာကြောင့်ဖြစ်သည်။

ပြန်ရောက်နေတဲ့သားဆိုတာက

တစ်ခြားသူတော့မဟုတ် သူမ နဲ့ ပါး

လက်မထပ်ခင်ကတည်းက

ဂေဟာကနေမွေးစားထားခဲ့တဲ့ကလေးဖြစ်သည်။

သားကိုတော့ပါးက

အရင်ဂေဟာမှာရှိတဲ့နာမည်အတိုင်းထားရင်

ကြီးလာတဲ့အခါ သားကို

သူများလက်ညှိုးထိုးမှာဆိုးလို့တဲ့

*နေမင်းမာန်ဟုန်*ဆိုပြီးအမည်ပြောင်းလဲပေးခဲ့သ
ည်။

ဒီနေ့လည်း သားပြန်ရောက်တုန်းသူမတို့
သားကိုမွေးစားထားတာကို
နေလက်ရာကမိသားစုတွေကိုတစ်ယောက်မှမပြော
ရသေးတာကြောင့်
မနေ့ကတည်းကသွားပြောကြမယ်လို့ဆုံးဖြတ်ကာ
ပါးနဲ့တိုင်ပင်တော့
ပါးကသူမသဘောဆိုပြီးပြောသည်။

Law Nge

ဒေါက် ဒေါက်

သူမသားအကြောင်းတွေးရင်းလျှောက်လာတာ
သားအခန်းရှေ့ရောက်တယ်ဆို
တံခါးခေါက်လိုက်တော့
ချက်ခြင်းတံခါးဖွင့်လာသည်။သားက 9
နှစ်ကျော်လေးရှိသေးပင်မဲ့တအားသိတက်လွန်းတဲ့
ကလေးပင်။အခုလည်း
ဒုတိယအမှာကိုယ်ဝန်လွယ်ထားတဲ့သာဗိုက်လေး
ကြည့်ကာ သားကမျက်လုံးဝိုင်းဝိုင်းလေးနဲ့
သူမကို.....

LwNge

"မေမေ သားသားကနိုးနေတာကြာပါပြီ
မျက်နှာလည်းသစ်ပြီးပြီ....နောက်ဆိုသားကိုလာမနိုး
ပါနဲ့နော် မေမေဗိုက်ထဲက သားညီမလေးတွေ
မေမေချောလဲရင် နာသွားကြမှာ"

"အာ မေမေသားလေးကအရမ်းလိမ္မာတာပဲ
အဲ့တာကြောင့်
ပိုချစ်နေရတာ....ဒါဆိုမေမေကိုတွဲကူပြီး
ထမင်းစားခန်းလိုက်ပို့ဦး ညီလေးတွေအတွက်
ပြင်ဆင်ထားတာတွေသွားကြည့်မို့"

ပြောတော့ သူ့အခန်းတံခါးကိုသေချာပြန်ပိတ်ပြီးမှ သူမလက်လေးကိုတွဲရင်း အောက်ထပ်ကိုသားအမိနှစ်ယောက်အတူတူဆင်း လာလိုက်သည်။သူမတို့သားအမိထမင်းစားခန်းထဲ ရောက်တယ်ဆို ကြားလိုက်ရတဲ့အသံကို ဒယ်ဒီ နဲ့ သူ့မိန်းမရဲ့

*သမီးလေးထောင်ကလွတ်တော့မယ်*တဲ့လေ။သူမ မေ ထောင်ကလွတ်တော့မယ်ဆိုတာကြောင့် အိမ်မှာပြဿနာတွေပြန်စတော့မှာလားတွေးနေခိုက် သားက သူမလက်လေးကိုလှုပ်တာကြောင့် သူမအတွေးဖျက်ကထမင်းစားပွဲနားသွားလိုက်ရင်း

ထမင်းပွဲပြင်နေတဲ့

သူမပထမကိုယ်ဝန်လွယ်ထားကတည်းက

ခေါ်တာတဲ့မိန်းကလေးနှစ်ယောက်ကို.....

"လင်း လုပ်ခိုင်းထားတာတွေပြီးပြီလား"

ပြောတော့

နှစ်ယောက်လုံးကစားဖို့ပြင်နေရင်းငြိမ်ကျသွားတာ

ကြောင့်

လင်းဒေါ်သထွက်သွားရသည်။သူမတို့လင်မယားဆီ

ကလစာယူပြီး

ဒေါ်မေသန္တာတို့ခိုင်းတာလုပ်နေတာကို

ဘဝင်မကျ။အခုလုပ်ခိုင်းထားတာလည်း

လူကြီးတွေအတွက်မဟုတ်ဘူး

သားလေးတို့နှစ်ယောက်အတွက်။ပါး

သာဒီကိစ္စသိလို့ကိုတော့ တကယ်မလွယ်ဘူး။

"မင်းတို့ကို ပိုက်ဆံပေးထားတာ

ငါတို့လင်မယားလား အဲ့မိန်းမလား"

"ဟိုမမလေး ကျွန်မအခုလုပ်ပေးပါ့မယ်"

ကောင်မလေးနှစ်ယောက်ခေါင်းလေးတွေငုံနေတဲ့အ
ပြင် ကိုယ့်ထက်လည်း ၆နှစ်လောက်ငယ်တဲ့
ကလေးသာသာလေးတွေမို့
သူမဆက်မပြောရက်တော့။

"ဒီတစ်ခါတော့ထားလိုက်တော့....အခုလင်းပြောတာ
ကိုနားထောင်ပါ ညီတို့နှစ်ယောက်ကိုငှားထားတာ
အစ်မနဲ့ အစ်မယောကျာ်း....ဒါကြောင့် ဒီနေ့ကစပြီး
အစ်မ နဲ့
သားလေးတွေကိစ္စကလွဲကျန်တာလုပ်စရာမလိုဘူး"

သူမပြောတော့
ခေါင်းလေးတွေငြိမ်ကြပြင်နေတဲ့လက်စကိုထားခဲ့ပြီး
အမွှာသားလေးနှစ်ယောက်စားဖို့အတွက်သွားပြင်ဆင်ကြသည်။သူမ နဲ့သားလေး
ထမင်းစားပွဲဝင်ထိုင်တော့ မေမိုးက
သားအတွက်သူမလုပ်ခိုင်းထားတာလေးယူလာကာ
သားရှေ့ချပေးသည်။

"သား စားနော်
မေမေသားလေးကစာတွေတအားကျက်နေရတော့
အားရှိမှရမှာ"

လို့ခေါင်းလေးပွတ်ကာပြောတော့

သားလေးကပြုံးကာ အရှေ့နို့ခွက်ကို

အရင်တစ်ချက်မော့သောက်လိုက်ပြီးမှ

ကြက်ဥပူတင်းလေးကို ဇွန်းနဲ့ခတ်စားသည်။

"သားလေး စားနေဦးနော်

မေမေမျက်နှာမသစ်ကသေးလို့သွားသစ်လိုက်ဦးမ

ယ်"

Lay Nge

ပြောတော့

သူမရဲ့အလိမ္မာတုံးလေးကခေါင်းငြိမ့်ပြတာကြောင့်

သူမသားလေးကိုကြည့်နေဖို့

မေမိုးကိုမျက်လုံးနဲ့စကားပြောကာ

ထမင်းစားခန်းကထွက်လာပြီး

အပေါ်ကိုတက်လာလိုက်တော့သည်။သူမအပေါ်ထ

ပမက

သူမတို့အိပ်ခန်းထဲဝင်တယ်ဆိုပြုံးမိသွားရသည်ကာ

သူမချစ်ရတဲ့အမျိုးသားက

နိုးနေတဲ့သားလေးတွေကို ဒိုက်ပါလဲပေးကာ

ဘောင်းဘီလေးတွေပြန်ဝတ်ပေးနေတဲ့မြင်ကွင်းကာ

ကြည်နူးစရာပင်။

"ပါး ကလေးတွေကို ဒိုက်ပါလဲပေးနေတာလား....ကိုယ့်ဘာသာမျက်နာသစ်တာမဟုတ်ဘူး လင်းလုပ်ပေးမှာပေါ့"

"မလုပ်ရပါဘူး ကိုယ်ကပြောမနိုင်လို့သာလွှတ်ထားရတာ.....ကိုယ်ဝန်လွယ်ထားတဲ့ကိုယ့်မိန်းမကိုဘာမှလုပ်စေချင်တာမဟုတ်ဘူး"

Lay Nge

ပြောတာကြောင့် သူမက ပါး ရဲ့အနောက်ကနေ ခါးကိုဖက်လိုက်ရင်း ပါးရဲ့ကျောပြင်မှ မျက်နှာကို အပ်ထားလျက်....

"အရမ်းချစ်တယ်"

"ကိုယ်ရောပဲ"

အချစ်နလန်ထနေကြတာတဲ့ မိဘနှစ်ပါးကို ကုတင်ပေါ်အကျီဆင်တူလေးနဲ့ထိုင်နေကြတဲ့

သားလေးနှစ်ယောက်ကကြည့်ပြီး တစ်ခစခစ်ရီကာ
လက်ခုပ်တီးကြသည်။

"ဟော ဖေဖေသားလေးတွေက
ဖေဖေနဲ့မေမေချစ်နေကြတာကို
သဘောကျနေကြတာလား"

သူကမေးတယ်ဆို
သူမလည်းသားလေးတွေဖြေတာကိုသိချင်တာမို့
ပါးကိုဖက်ထားရာကကွာလိုက်ပြီး

Lay Nge

ယှဉ်ရပ်ကာကြည့်လိုက်တော့

လက်ခုပ်လေးတွေတီးကာ....

"တား...ကျ...ကျ"

ဆိုကာ

စကားမပီကလာပီကလာလေးတွေနဲ့ဖြေလာတဲ့သား

တော်မောင်နှစ်ကောင်ကြောင့်

သူတို့ဟက်ဟက်ပက်ပက်ရီလိုက်မိရင်း

နေတစင်းက.....

Law Nge

"Light အဝတ်အစားလဲတော့

မေမေဆီကိုကိုယ်တို့လာမယ်ဖုန်းဆက်တော့

မနက်စာစားဖို့စောင့်နေမယ်တဲ့

အဲ့မှာပဲစားကြတာပေါ့....ဒါနဲ့

သားကြီးရောနိုးပြီလား"

"အင်း....သားကနိုးလို့အောက်မှာမနက်စာစားနေပြီ...

.သားကိုရော နေလက်ရာကိုခေါ်သွားမှာလား"

Lay Nge

"ခေါ်သွားရမှာပေါ့
သားကြီးအကြောင်းကိုပြောမှပဲဟာ"

ဆိုတာကြောင့် ပါးနဲ့
ကလေးနှစ်ယောက်ကိုထားခဲ့ကာ
အဝတ်အစားလဲဖို့ဗီရိုထဲကထုတ်ပြီး
ရေချိုးခန်းထဲဝင်လာလိုက်တော့သည်။သူတို့အပေါ်
ထပ်မှာပြင်ဆင်နေကြပင်မဲ့အောက်ထပ်မှာတော့.....

"မင်းကမွေးစားထားတာ ငါ့မြေးအရင်းမဟုတ်ဘူး
ဒီမှာထိုင်မစားနဲ့ ခွေးခြေရင်းမှာသွားစား!"

သူဌေးရဲ့စကားကြောင့်
ဒေါ်မိုးမယုံကြည်နိုင်ဖြစ်သွားရကာ
ဘာအပြစ်မှမရှိတဲ့ကလေးတစ်ယောက်အပေါ်ဆက်
ဆံတာက ပြင်းထန်လွန်းတာကြောင့်.....

"သူက သမီးလေးကိုယ်တိုင်မမွေးထားပင်မဲ့
သမီးအမွေစားအမွေခံ မွေးစားထားတဲ့ကလေးပါ
သူဌေးအဲ့လိုပြောချင်သလိုပြောလို့မရပါဘူး"

"ဘာ ငါ့အိမ်မှာနေတာကိုပြောမရဘူး ဟုတ်လား....ဒီလိုလုပ်တယ်ဆိုရင်ရော"

ဆိုကာ လက်ထဲသောက်နေတဲ့ coffee နဲ့ ကလေးတစ်ယောက်ကို မညှာမတာပတ်လိုက်တာကြောင့် မြန်တဲ့ဒေါ် မိုးက ဝင်ခံလိုက်သည်။သူမဝင်ခံလိုက်တာကြောင့် ကျောပြင်မှာပူတက်သွားရကာ ကလေးရဲ့စားလက်စ ကြက်ဥပူတင်းပန်းကန်လည်း အောက်ကိုမှောက်ကျသွားရသည်။

တော်သေးတာက သူမကိုထိသွားတဲ့ coffee ပူပူတွေဒီကလေးလေးကို တစ်စက်မစင်သွားတာ။ကလေးတွေက အသားအရည်နူညံ့တာမို့ထိသွားရင်တော့မတွေးရဲစရာ။ထိုအခြေအနေကို ဘာမှဝင်မပြောပဲကျေနပ်နေသူကတော့ ဒေါ်မေသန္တာပင်။

"အမလေး သား!"

လင်း နဲ့ နေတစင်း နေလက်ရာကိုသွားီု့အတွက်

ကလေးနှစ်ယောက်ကို ပါးကချီထားပြီး

သူမကဘေးကနေလိုက်ရင်း

မေမိုးရင်ထွေခွင်ထဲရောက်နေတဲ့သားကြောင့်

စိတ်ပူသးရကာ အနားရောက်တော့ coffee

အရည်တွေမမြင်ပဲ

သားကိုပဲကြည့်လျှောက်တာကြောင့်

အရည်တွေတက်နင်းမိကာ

အနောက်လှန်လဲမလို့ဖြစ်တော့

ကလေးနှစ်ယောက်ကိုချီထားတဲ့

နေတစင်းကလည်း သွားပြီဟုမှတ်လိုက်ပင်မဲ့

ဒေါ် မိုးရင်ခွင်ထဲက

သားလေးကအတင်းဖက်ထားတာကြောင့်

သူမဘာမှမဖြစ်။

"အမလေး တော်သေးတာတာပေါ့ သမီးရယ်"

"လင်း ဘာဖြစ်သွားသေးလည်း"

ဆိုကာ သူမကိုစိုးရိမ်တကြီးမေးနေတဲ့ ပါး နဲ့

မေမိုးကသူမှဘာမှမပြောသေးပဲကြမ်းပြင်ပေါ်က

Coffee တွေ နဲ့ ခဏကသားကို

မေမိုးကကာထားတဲ့ပုံဖြစ်နေတာကြောင့်

သူမအဖြစ်အပျက်တွေးကြည့်တော့

မျက်လုံးထဲမြင်လာရကာ....

"လင်းရဲ့သားကို ဘယ်သူ coffee နဲ့ပက်တာလဲ

ဒယ်ဒီလား"

"ဟုတ်တယ် ငါ့မြေးမှမဟုတ်တာ

မွေးစားထားတာက မွေးစားထားတာပဲ

အမှန်တရားပြင်မရဘူး"

"ဒယ်ဒီ ! လင်းရဲ့သားကိုအဲ့လိုမပြောနဲ့

လင်းမကြိုက်ဘူး....ဒယ်ဒီကလေးကို

ဒုက္ခပေးကောင်းလို့

လင်းရဲ့ဗိုက်ထဲကဘာမှမသိသေးတဲ့ကလေးနှစ်

ယောက်ပါဆုံးရှုံးတော့မလို့....မေတ္တာတရားဆိုတာ

ဒယ်ဒီမှာမရှိဘူး ရပါတယ် နောက်ရက်ကစပြီး

သမီးရဲ့သားတွေနဲ့ဝေးဝေးနေပါ!"

ဆိုကာ

သားဖြစ်သူလက်ကိုဆွဲကာအရှေ့ကနေထွက်သွား

တဲ့ လင်းနောက်ကို နေတစင်းလည်း

ထွက်နေတဲ့ဒေါသကိုမြိုသိပ်ကလိုက်သွားတော့သ

Lay Nge

ည်။တကယ်ဒီအဖိုးကြီးကဘယ်လိုပြုပြင်လို့မှရမှာ
မဟုတ်ဘူး။

"မ သားတွေကရောက်လာဦးမှာလား
စောင့်နေရတဲ့သူက ဗိုက်ဆာနေပြီ"

"နေနေက အရမ်းဆိုးတာပဲ"

သားအဖနှစ်ယောက်ပေါင်းပြီး
ချက်ခြင်းလာမယ်ဆိုကာ ရောက်မလာသေးတဲ့
သားကိုဝေဖန်နေတာကို

ကြည့်နေမိသည်။သမီးကလည်း အသက်လေး 3နှစ်ရှိသေးလို့ 10နှစ်လောက်သာဆိုတကယ်မလွယ်ကြော။

"ဖေဖေ လီလီဗိုက်ဆာနေပြီ သူတို့ကိုမစောင့်တော်နဲ့လေနော်"

နေ

ချစ်စဖွယ်သူ့ပေါင်ပေါ်ထိုင်ကာပြောနေတဲ့သမီးလေး ပါးကိုငုံနမ်းလိုက်ရင်း ခေါင်းငြိမ့်ကာ သူ့ရှေ့ကမပြင်ထားတဲ့ ကြက်ဥပူတူးလေးကိုယူကာ

သူ့အရှေ့ချလိုက်ရင်း ဇွန်းနဲ့ဖဲ့ကာ

ချစ်သမီးလေးကိုခွံ့တော့

စားရှာသည်။အဲ့ကြက်ဥပူတင်းက

သဘာဝကျွေးကြည့်ပါလား

ပတ်ပြေးလိုက်မဲ့ဖြစ်ခြင်း။ကြက်ဥပူတင်းကို

သမီးကမကြိုက်တာက ဆိမ့်လို့တဲ့။

"ကောင်းလား သမီးလေး"

"ကောင်းတယ်ဖေဖေ လီလီကြိုက်တယ်

ဖေဖေကျွေးလို့အရသာရှိတာ"

"အုံမယ်

ဒေါ်လီလီလုပ်ပေးထားတာကကျွန်မလေဘယ်လိုလု

ပ်ပြီး သူ့အဖေကျွေးမှုပိုကောင်းသွားရတာလဲ"

လို့ သဘာဝကမေးတယ်ဆို

မျက်လုံးလေးထောင့်ကတ်ကာ

စဉ်းစားခန်းဖွင့်နေတဲ့ သမီးငယ်လေးကြောင့် မောင်

နဲ့ သူမမှာချစ်လို့မဆုံး။

"လီလီဖေဖေက အရမ်းချောတယ်လေ

ဖေဖေမျက်နှာလေးကြည့်တာနဲ့

ဗိုက်တောင်ပြည့်လောက်ပါတယ်"

စကားပြောတတ်လိုက်တာများ တကယ်ကို

နေမင်းလက်ရာအသဲတွေကြွေကျအောင်လုပ်နိုင်တဲ့

ကမ္ဘာပေါ်က

ဒုတိယမြောက်မိန်းကလေးပါပဲ။ပထမကတော့

မေးစရာမလိုပေ သဘာဝပန်းသာဖြစ်သည်။

"မ မောင်တော်တော်စိတ်ရှုည်လာပြီနော် "

ဆိုကာပြောယုံရှိသေး

အိမ်ရှေ့ကကားရပ်သံကြားလိုက်ရသည်။ကားရပ်သံ

ကြားတယ်ဆို သူအနားထိုင်နေတဲ့

ချစ်ဇနီးကချက်ခြင်းထသွားကာ

အပြင်ကိုထွက်သွားသည်။

"ဖေဖေ နေနေကတော်တော်ဆိုးတယ်နော်

ဖေဖေကအလုပ်သွားရဦးမှာကို

သူကချက်ခြင်းမလာဘူး"

"ဟုတ်ပါဗျာ ဖေဖေသမီးလေးကမှ
ချစ်စရာကောင်းသေး"

ဖအေကချစ်စရာကောင်းတယ်လို့ပြောတယမဆို
အများကြီးကျေနပ်သွားကာ ပါးစပ်လေးကို
လက်ဝါးလေးနဲ့အုပ်ပြီး တခစ်ခစ်ရီနေလေသည်။နေ
သမီးလေးကိုကြည့်နေရင်း
စားပွဲတင်ထားတဲ့သူ့ဖုန်းလာတာကြောင့်
သမီးလေးကို ထိုင်ခုံပေါ်ခဏချထားကာ
တစ်ဖက်အိမ်အပြင်ကိုမြင်ရတဲ့
ပြတင်းပေါက်နားသွားကာ ဖုန်းကိုင်လိုက်သည်။

"Hello"

"......."

"Supervisor နှစ်ယောက်ကဘာလုပ်နေတာလဲ..

ဒီလောက်ဖြစ်ပျက်နေတာကို

အေးဆေးနေနေကြတာလား"

နေတစင်းတို့လင်မယားရယ်

သဘာဝရယ်ထမင်းစားခန်းထဲဝင်လာတယ်ဆို

နေရဲ့ဖုန်းပြောနေတဲ့အသံခပ်မာမာကို
ဦးစွာကြားလိုက်ရပြီး စားပွဲဘေးက
ကလေးထိုင်တဲ့ခုံလေးပေါ်မှာထိုင်နေတဲ့
လီလီလေးကိုတွေ့လိုက်ရသည်။

"အဲ့နှစ်ယောက်က
လစာယူပြီးမလေးမစားလုပ်နေမှတော့
ငါ့ဘက်ကလည်းညှာစရာအကြောင်းမရှိဘူး...
အလုပ်ထုပ်ပြီး 3လစာ သိန်း 20
ဆီပေးလိုက်....သူတို့နဲ့ပက်သက်တာတွေအကုန်
တစ်ခြား company လက်မခံအောင်လုပ်လိုက်!"

နေတစင်းခုံမှာဝင်ထိုင်နေရပင်မဲ့ ဖုန်းပြောနေတဲ့ ဖေဖေကိုကြည့်ကာ အလုပ်နဲ့ပက်သက်လာရင် တိကျလွန်းတဲ့အပြင် ဆုံးဖြတ်ချက်ချပြီးရင်မပြင်တက်တာလည်းသိတာ ကြောင့် ဖေဖေပုံစံက သူထက်အများကြီးသာသည်။သား နဲ့ ဖအေသာပြောတာ မသိတဲ့သူကိုမေးကြည့် သားအဖထက် ညီအစ်ကိုလို့တောင်ထင်လောက်အောင် ဖေဖေကတော်တော်လန်းသည်။

နေဖုန်းပြောပြီးတော့

အစည်းအဝေးချက်ခြက်ခြင်းခေါ်ရမှာဆိုတာကြော

င့် သူမနက်စာစားဖို့အချိန်မရှိတော့။ဘာလို့ဆို သူ

company

သွားဖို့အတွက်ပြင်ဆင်ရဦးမှာမဟုတ်လား။နေ

ဖုန်းပြောပြီး အနောက်လှည့်လိုက်တော့

သားတို့မိသားစု နဲ့အတူ

ကလေးတစ်ယောက်ပါမြင်ပင်မဲ့.....

"မောင် မနက်စာမစားသွားတော့ဘူး Company မှာ

ပြဿနာအနည်းငယ်ရှိနေလို့

ဟိုရောက်မှပဲစားလိုက်တော့မယ်"

"မောင်
ကလည်းမနက်စာစားတာဘယ်လောက်ကြာမှာမို့လဲ
.....ပြီးတော့ သားတို့နဲ့မိသားစုအစုံ
အခုမှစားရတာကို"

မကပြောနေပေမဲ့ သူ့ company
မှာလည်းရှုပ်နေတာတွေရှင်းရဦးမှာမို့
သူမနက်စာထိုင်စားလို့မရတာကြောင့်.....

"တကယ်မောင်အလုပ်ကဖြေရှင်းစရာရှိလို့ပါ...သား နဲ့ လင်းရိပ်ကို ဖေဖေသွားပြီ"

ဆိုကာ ထမင်စားခန်းထဲကထွက်သွားသည့်မောင်ကို သဘာဝမကျေနပ်။တကယ်မိသားစုစုံတုန်းလေးစားတာကိုတောင်

သူ့စီးပွားရေးထင်အရေးပိုမပေးနိုင်ဖြစ်နေတာ။တကယ်တစ်နေ့တစ်ခြား

စီးပွားရေးဘက်ပဲလှည့်နေလွန်းလို့

သူမအမြင်ပါကတ်လာရသည်။

"ကြည့် တွေ့လားတစ်စက်ရှိသူ့ company နဲ့ Hotel ပဲအချိန်ပေးနေတာ တကယ်အရင်ကအိမ်ကပ်တဲ့သူဘယ်ပျောက်သွားတာလဲမသိ"

ဆိုကာ လက်ထဲကမြေးလေးကိုလည်း သူမလုပ်ထားတဲ့ အားဖြည့်စာကို ကျွေးတော့ အနေအေးတဲ့ ကလေးတွေမို့ ဘာကျွေးကျွေးစားသည်။

LaWge

"မေမေ သားပြောစရာရှိတယ် ဖေဖေကိုတော့ မေမေပဲပြန်ပြောလိုက်ပါ"

"ဘာပြောမလို့လည်းပြောလေး"

"သားက ကျွန်တော် နဲ့ Light လက်ထပ်ပြီးကတည်းက မွေးစားထားတာပါ....တကယ်တော့ လက်မထပ်ခင်ကတည်းကမွေးစားထားတယ်ဆိုပိုမှန်ပါတယ်.....English ကျောင်းမှာထားတာ

Lay Nge

မနေ့ကမှပြန်ရောက်လို့

မေမေတို့ကိုမပြောရသေးတာကိုပြောပြတာပါ"

နေတစင်းပြောတယ်ဆို သဘာဝက

ကလေးလေးကို

ကြင်နာစွာကြည့်ရင်းခေါင်းငြိမ့်ပြလိုက်သည်။မိဘမဲ့

ဆိုတဲ့စကားလုံးထက်စာရင်

ကိုယ်အနောက်မှာမိဘရှိတယ်ဆိုတာက

ပိုကောင်းသည်လေ။မောင်သိရင်ပြောမလဲမသိပင်မဲ့

သူမကတော့ငြင်းစရာမရှိ။ကလေးက

လူရည်သန့်လေးဖြစ်နေသလို သေချာကြည့်ရင်

မောင်နဲ့တောင်ခပ်ဆင်ဆင်လေး။

"သားလေး စားနော်ဘာမကြောက်စရာမရှိဘူး
ဒီအိမ်ကလည်းသားအိမ်ပဲ"

သူမပြောတယ်ဆို
ပြုံးပြကာခေါင်းငြိမ့်ပြလာတာကြောင့်
ကလေးကတော်နော်လိမ္မာမဲ့ကလေးမှန်းသူမရိပ်မိ
သည်။ကလေးကတစ်ခုတော့အကျင့်ရှိလောက်မယ်
ဆိုတာသူမသိသည်။ကလေးကိုကြည့်တာနဲ့
မဟုတ်ခံစိတ်လေးရှိမှာအထင်သား။

"ဖေဖေက "

ဆိုရင် နေတစင်းက
နေအကြောင်းအတင်းပြောမလို့ရှိသေး
ဘီးလူးမျက်စောင်းနဲ့ကြည့်နေတဲ့
ညီမဖြစ်သူကိုတွေ့သွားရကာ....

"အဲ့ရုပ်ကဘာဖြစ်တာလဲ"

"ဖေနဲ့တိုင်မှာ !"

Lay Nge

တွေ့တာနဲ့ရန်ဖြစ်တော့မဲ့ မောင်နှမနှစ်ယောက်ကို

ကြည့်ကာ သဘာဝသက်ပြင်းချလိုက်ရင်း

သမီးငယ်လေးကိုကြည်လိုက်

ကြက်ဥပူတင်းတွေစားထားတာ

ပါးစပ်မှာပေနေတာကြောင့် wet Tissue

လေးယူကာ

သုတ်ပေးလိုက်သည်။သမီးရဲ့အကြည့်တွေက

သားဆီကနေနည်းနည်းလေးမှမခွာပဲ

သူ့အဖေကြောင်းပြောလို့တင်းနေပုံပေါ်သည်.......။

"Supervisor

တွေကငွေတွေကိုအလွဲသုံးစားလုပ်ထားတာတောင်

မန်နေဂျာကမသိဘူးဆိုတော့
ငါကဘယ်လိုမျက်နှာလွှဲထားရမှာလဲ"

နေလက်ရာ နဲ့ပက်သက်တဲ့ Company နဲ့ Hotel
တွေကို သားကိုဦးစီးစေချင်ပင်မဲ့ ဒင်းက
သူမိန်းမကမပေါ့မပါးနဲ့မို့ သူမိန်းမ company
ကိုပဲဦးစီးပေးနေလေရဲ့။

"နေလက်ရာ company ပဲဖြစ်ဖြစ် Hotel ပဲဖြစ်ဖြစ်
သူနေရာနဲ့သူထိုက်တန်တဲ့
လုပ်အားခပေးထားတာတောင်

အကျင့်တွေကပျင်မလာဘူး.....ပိုက်ဆံမရှိတာက ရှက်စရာမဟုတ်ဘူး အဲလိုအချောင်နှိုက်ချင်တာက ရှက်စရာ!"

နေပြောနေတာတွေကို တစ်ယောက်မှတစ်ခွန်းမဟပဲ ငြိမ်နေကြတော့သူဒေါ်သကိုပိုထွက်စေသည်။လုပ်ပြီးမှကြောက်နေတော့ရော ဘာလုပ်လို့ရမှာမို့လဲ။နေဝန်ထမ်းတွေအကုန်လုံးကို ဒေါသမျက်ဝန်းနဲ့ကြည့်နေခိုက် ကား Showroom ကနေဖုန်းဆက်လာတာကြောင့်ကိုင်လိုက်တော့ UK ကနေတင်ပို့မဲ့ ကားတွေက

နောက်လမှပို့ပေးနိုင်ကြောင်း ပြောတာမို့

သူစိတ်အလိုမကျတာက Company

ကဝန်ထမ်းတွေပေါ် ပုံကျသွားရကာ။

"ပိုက်ဆံပဲလိုချင်ပြီး အလုပ်မလုပ်ချင်ဘူးဆို

တောင်းစားကြ!"

လို့ပြောကာ

အစည်းအဝေးခန်းထဲကထွက်သွားတော့သည်။နေ

လက်ရာ ရဲ့အခိကဝန်ထမ်းတွေရော

နေနဲ့တစ်လျှောက်လုံးအလုပ်အတူတူလုပ်ခဲ့တဲ့

ဝန်ထမ်းတွေက CEO ရဲ့ကြင်နာမှုကိုသိသလို ဒီလိုအခြေအနေတွေကမထူးဆန်းတာကြောင့် အထူးအဆန်းမဟုတ်တော့......။

ကိုယ့်ယောကျ်ားကတစ်နေကုန်ပြန်မလာသေးလို့ စိတ်ပူနေရမလားမှတ်ပါတယ် လီလီပန်းသွေးက နေ့လည်ခင်းတစ်ရေးနိုးထဲက အိမ်အပေါက်အဝကနေ ဖအေကားပြန်ဝင်လာတာကို ထိုင်မျှော်နေလေရဲ့။

"လီလီ သမီးလေး"

"ဖေဖေ ပြန်မလာသေးဘူး

မေမေ....ဖေဖေမနက်ကဘာမှမစားသွားဘူး

ဗိုက်ဆာနေရင် ဘယ်လိုလုပ်မလဲဟင်"

အသက်အရွယ်လေးနဲ့မှမလိုက် ဖအေကိုစိတ်ပူပြီး

ပြောနေတဲ့ စကားတက်တဲ့ဒီကလေးကို

သူ့အဖေချစ်တာလည်းမပြောနဲ့လေ။

"မေမေတို့ ဖေဖေဆီလိုက်သွားမလား သမီးလေး"

"လိုက်မယ်မေမေ

ဖေဖေဆီသွားမယ်နော်...ဖေဖေစားဖို့ရော

မုန့်ရောယူသွားမယ်"

ဆိုကာ

သူမမေးတာကိုတက်ကြွစွာဖြေတဲ့သမီးလေးကို

ချီလိုက်ရင်းနှိုင်းယှဉ်တို့ကို

မောင်စားဖို့ပြင်ခိုင်းလိုက်ကာ သူမကတော့

သမီးလေးအတွက်လိုအပ်တာတွေထည့်ဖို့

အပေါ်ကိုတက်လာလိုက်သည်......။

"သူပြန်လွှတ်လာလည်း ဘာဖြစ်လဲ အရင်လို Light တစ်ယောက်ထဲမှမဟုတ်တော့တာ"

သူမတို့ နေလက်ရာကပြန်မလာတယ်ဆို ကလေးနှစ်ယောက်ကို သိပ်လိုက်ပြီး ကုတင်ပေါ်ထိုင်းရင်း ပါးကသူမဗိုက်ကို သံလွင်ဆီလိမ်းပေးနေခိုက် သူမမနက်ကကြားလိုက်တာကိုပြန်ပြောပြတော့ ပါးက ဘာမှစိတ်ဝင်တစားမရှိပဲပြန်ပြောသည်။

"သူအိမ်ပြန်ရောက်ရင် ဝေးဝေးနေသိလား....ပါးကို ချိန်ချင်နေတာနဂိုကတည်းက အဲ့မိန်းမက"

သူကို သဝန်တိုစွာပြောလာတဲ့ Light ကြောင့် သူသဘောကျသွားရင်း သံလွင်ဆီလိမ်းထားတဲ့ ဗိုက်ပူပူလေးကိုတစ်ချက်ငုံနမ်းလိုက်ပြီး သူမမျက်ဝန်းလေးကိုစိုက်ကြည့်လိုက်ရင်း....

"အဲ့မိန်းမ မှမဟုတ်ဘူး ဘယ်မိန်းမဖြစ်ဖြစ် ကိုယ့်ရှေ့လာ အဝတ်အစားချွတ်ပြရင်တောင်

စိတ်မဝင်စားဘူး.....ယောကျာ်းမို့စိတ်ပါတယ်ဆိုရင်တောင် ကိုယ်လက်ကိုခြားနဲ့လှီးပစ်မယ်"

"ဟုတ် ပါးကိုယ့်တာမို့ အဲ့မိန်းမနဲ့ပဲဝေးဝေးနေပေး"

"ဒါနဲ့ Light
အဲ့မိန်းမထောက်ကျသွားတုန်းကကိုယ်ဝန်ပါသွားတယ်မလား.....အခုထောင်ကျတာက
4နှစ်တောင်ရှိပြီမမွေးသေးတာလား...မွေးတယ်ဆိုလီလီလေးထက်တောင်ကြီးလောက်တယ်"

"မဟုတ်ဘူး ပါးရဲ့...ကလေးကထောင်ထဲမှာမွေးတာ ဒါပင်မဲ့ အသေလေး"

သူမစကားကြားတယ်ဆို သူမသနားမိတဲ့အပြင် သူများတွေကို ဒုက္ခပေးတဲ့သူဟာ အဆုံးသတ်ဟာ ဘယ်တေယ့်မှကောင်းမနေဘူးဆိုတာ အဲ့မိန်းမသံဝေကရစေချင်သည်။

"အဲ့တာ သူများမကောင်းကြံလို့ ကိုယ်အပေါ်မကောင်းတာပြန်သက်ရောက်တာ"

"သူတို့အတွက်နဲ့ ထက်ပြီးမပူလောင်စေချင်ပင်မဲ့
အဲ့မိန်းမပြန်ရောက်လာရင်တော့
ဒယ်ဒီကိုအမြင်မှန်ရောက်အောင်ပြရမယ်"

"အင်း ကိုယ်လည်းထောက်ခံပါတယ် ဒါပင်မဲ့
ကလေးလေးတွေမွေးပြီးမှ
အဲ့တာကိုဆင်ပြီးတွေးကြတာပေါ့"

သူပြောတာကို
ခေါင်းငြိမ့်ကာသူ့ပုခုံးလေးကိုမှီလိုက်ရင်း
ဝင်လာမဲ့ကိစ္စတွေကိုဖြေရှင်းဖို့ထက်

ကိုယ့်ဘဝထဲကိုထက်ဝင်လာမဲ့ ကလေးတွေကို
ကြိုဆိုဖို့အရင်ပြင်ဆင်ရမှာပင်......။

သူမ နဲ့ သမီး company ကိုရောက်တော့ မောင်က
တစ်နေကုန်အစည်းအဝေးလုပ်နေတယ်ဆိုတာ
ကြောင့် မောင်ကို
သူ့ရုံးခန်းကပဲစောင့်မယ်ဆုံးဖြတ်ကာ
တစ်ဖက်ကသမီးကိုချီးထားပြီး တစ်ဖက်က
မောင်စားဖို့ပြင်လာတာကိုဆွဲရင်း
မောင့်ရုံးခန်းရှိရာကိုလျှောက်လာရင်း
သူမတို့ရဲ့ဆန့်ကျင်ဘက်ကလျှောက်လာတဲ့မောင်နဲ့
ရုံးခန်းဝမှာဆုံတော့.....

"ဖေဖေ ချီပါ"

ဆိုကာ သမီးကလက်ကမ်းပေးတယ်ဆို မောင်က
သမီးကို သူမလက်ထဲကနေပြောင်းချီရင်း
တစ်ဖက်က သူမလက်ကိုဆွဲကာ
သူ့ရုံးခန်းထဲကိုဆွဲခေါ်လာကာ
တံခါးကိုလည်းခြေထောက်ပြန်ကန်ပိတ်လိုက်တာ
ခြေမြန်လက်မြန်။

Lavie

ဆိုဖာရှေ့ရောက်တယ်ဆို

မောင်ကသူမလက်ကိုလွှတ်ပေးကာ

သူသမီးလေးကိုပေါင်ပေါ်တင်ရင်း မျက်နှာက

ကလေးတပ်တဲ့ Mask

သေးသေးလေးကိုဖယ်ပေးလိုက်သည်။

"ဖေဖေ ဗိုက်ဆာနေပြီလား

ဘာမှမစားရသေးဘူးထင်လို့

လီလီကမုန့်လာကျွေးတာ"

"ဟုတ်တယ် မောင်ဘာစားပြီးပြီလဲ

မနက်ကတည်းကဘာမှမစားရသေးဘူးမပြောနဲ့နော်

"

"ဟုတ်တယ်မရဲ့

မောင်မနက်ကတည်းကအခုထိရေကလွဲ

ဘာမှမစားရသေးဘူး...အစည်းအဝေးတွေကဆက်

တိုက်ဖြစ်နေတာ"

သူမမောင့်စကားကြောင့် ဆွဲခြင်းထဲထည့်လာတဲ့

ဟင်းခွက်တွေနဲ့

ထမင်းချိုင့်တွေကိုနေရာချနေတာရပ်လိုက်ရင်း သူ့ကိုမျက်လုံးနဲ့ပင့်ကြည့်လိုက်မိသည်။ညနေ 4နာရီပဲထိုးတော့မယ် ဘာမှမစားရသေးဘူးဆိုတော့ သူကိုယ်သူစွမ်းအားရှင်များမှတ်နေလားမသိ။

"အဲ့တာတွေ မောင်ကိုမပြောချင်တာ အစားကိုမှန်အောင်လည်းမစားဘူး ပြီးရင်အိမ်ကလူတွေစိတ်ပူနေရတာ"

"မေမေပြောတာမှန်တယ်လေ"

သူမကစကားပြောရင်းစိတ်မကောင်းကဖစ်သွား

တာကြောင့် ဟင်းပွဲတွေချပြီး ထမင်းကို

အိမ်ကယူလာတဲ့ ပန်းကန်ပြားထဲထည့်ကာ ဇွန်း နဲ့

ခရင်းကိုပါအဆင်သင့်ချပေးလိုက်သည်။

နေ

တစ်ခြားသူတွေအပေါ်ဘယ်လောက်ဒေ့သထွက်နေ

ပါစေ ဒီအမျိုးသမီးလေး ဘာဖြစ်သွားလဲဆိုတာ

သူမသိတာမရှိ။အခုလည်း

သူအစားမှန်မှန်စားဖို့ပြောရင်း

စိတ်မကောင်းဖြစ်သွားတာသိတာကြောင့်

မရဲ့ဘေးကိုပိုတိုးကပ်လိုက်ရင်း

သမီးလေးမျက်လုံးရှေ့ကို

သူလက်တစ်ဖက်နဲ့ကာပြီး နထင်နားလေးကို

နမ်းလိုက်ကာ.....

"မောင် ဒီနေ့အလုပ်ရှုပ်သွားလို့ပါ မိန်းမရဲ့

အရင်နေ့တွေဆို ပုံမှန်စားပါတယ်"

"မောင်အဲလိုအမြဲလုပ်သိလား !

မောင်တစ်ခုခုဖြစ်သွားရင်ဘယ်လိုလုပ်မလဲ....

မောင်တစ်ခုခုသာဖြစ်သွားရင်

သေမဲ့မိန်းမရှိတယ်ဆိုတာ သိသေးရဲ့လား!"

သူစကားပြောတယ်ဆို

သူမကသူ့ဘက်တည့်တည့်လှည့်ပြီး

ပြောလာတဲ့စကားကြောင့်သူမှာ ချစ်လိုက်ရတာ

သူ့ဘဝကြီးထက်တောင်မှပေါ့။ဒီမိန်းကလေးကို

ချစ်ခဲ့မိလို့ သူ့ဘဝလှပခဲ့တာ။သူမိန်းမ နဲ့

သမီးလေးကို ရင်ခွင်ထဲထည့်လိုက်ရင်း.....

"သိတာပေါ့ မောင်သိတာပေါ့ချစ်ရတဲ့ မရယ်"

ဆိုရင် ရင်ခွင်ထဲကအချစ်တုံးနှစ်ယောက်ရဲ့

ခေါင်းလေးတွေကို

နမ်းလိုက်မိသည်။စတွေ့ထဲကချစ်ရတဲ့

*သဘာဝပန်း*ကို သူအခုအချိန်မပြောင်းလဲပဲ

ချစ်နေသေးတာ ဒီအမျိုးသမီးလေးက သူချစ်ခြင်းနဲ့

ထိုက်တန်လို့ပင်......။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ☁ ☁

☁Suprise ပါ Mine တို့ပြီးတာနဲ့

မောင်တို့ဆက်မှာပါ...မောင်တို့ဆက်မှ

လီလီလေးဆက်လို့ရမှာပါ ☁

💜ဒီအပိုင်းက အရှည်ကြီးနော် Share

ပေးကြဦးနော် မောင် Fanတွေတွေ့ချင်တယ်☁

🍭You are my life🍭

Chapter _ 2

LayNge

"မောင့်ကို သဘာဝပြောစရာရှိတယ်

မနက်ကသားလာတုန်းကပြောသွားတာ

မောင်ကအပြင်ထွက်သွားလို့"

နေ company မှာ

မိန်းမဖြစ်သူယူလာတဲ့ထမင်းနဲ့ဟင်းကိုဆွဲကောင်း

နေတုန်း မကပြောတာကြောင့်

သူကပြောဆိုတဲ့အဓိပ္ပာယ်နဲ့ခေါင်းငြိမ့်ပြလိုက်သည်

။

LaNge

"မောင်မနက်က

သားတို့နဲ့ပါလာတဲ့ကလေးကိုတွေ့လား"

"အင်း တွေ့တယ်အဲတာဘယ်သူလည်း

မောင်မသိဘူး"

"အဲဒါ မောင့်သားတွေမွေးစားထားတာတဲ့

သမီးလေးမမွေးခင်ကတည်းက"

မိန်းမဆီကစကားကြောင့်

နေစားနေလက်စဇွန်းကိုပန်းကန်ထဲပြန်ချလိုက်ကာ

Lay Nge

သူ့စားပွဲနားမှာဆော့နေတဲ့သမီးလေးကိုတစ်ချက်ကြည့်လိုက်ရင်း....

"သူတို့ကမွေးစားရအောင် ကလေးမရနိုင်တဲ့သူတွေမှမဟုတ်တာ နေတစင်း ဒီကောင်ဘာတွေလျှောက်လုပ်နေလည်းမသိဘူး.... ကိစ္စတစ်ခုကို အကျိုးဆက်ပါဆက်မတွေးဘူး"

"မောင်ရယ် ကလေးကသနားစရာလေးပါ ပြီးတော့ လူရည်သန့်လေး....သားတို့ကလည်း သနားလို့မွေးစားတာပါ"

မ

ဘယ်လိုပြောပြောသူခေါင်းရမ်းမိသည်။မိဘကိုမတိုင်ပင်မဲ့ လုပ်ချင်ရာလုပ်လို့ သားဖြစ်သူကိုစိတ်မဆိုးစဖူး ဒီတစ်ခါတော့ တော်တော်ကိုစိတ်ဆိုးသည်။

"နေတစင်း ! ကျစ် ဒီကောင်"

"မောင် ဒါစိတ်ဆိုးစရာကိစ္စမှမဟုတ်တာပဲ ဘာလို့အဲလောက်စိတ်ဆိုးနေတာလဲ.....သဘာဝ ပြောပြီးသားနော် သားကို မောင်ဆူစရာမလိုဘူး"

"ဒါဆို မောင်ကဖအေတစ်ယောက်အနေနဲ့ သူလမ်းမှားနေတာကို မပြောရဘူးလား"

မောင့်မျက်နှာကတည်လာတာကြောင့်စိတ်ဆိုးနေပြီမှန်းသိတဲ့သူမကလည်း အလိုက်တသိ မောင်ရင်ခွင်ထဲဝင်ကာ သူရင်ဘက်ပေါ်လက်လေးတင်လိုက်ရင်း....

"မောင့်သားက သူများကိုသနားတက်တဲ့စိတ်ရှိတာ
မောင်ရော သဘာဝရောသိတယ်လေ
မောင်ရယ်.....စိတ်မဆိုးပါနဲ့နော်
မိဘကစိတ်ကွက်ရင်
သားသမီးအတွက်မကောင်းဘူးမောင်ရဲ့"

နေ သူကိုစိတ်ဆိုးနေတာသိတဲ့ "မ"
ကအတင်းသူ့ရင်ခွင်ထဲဝင်ပြီး
စိတ်မဆိုးဖို့ပြောတာကြောင့်
သူစိတ်ဆိုးရခြင်းအကြောင်းကို

မိန်းမကိုပြောဖို့ပြင်ရင်း အကျင့်ပါနေတဲ့အတိုင်း သူမခေါင်းလေးကိုနမ်းမိပြန်သည်။

"မောင်ပြောတာလေးကို

သေချာနားထောင်ပေးနော်....မောင်က

ကလေးတစ်ယောက်စေတနာမထားနိုင်တာမဟုတ်

ပါဘူး....အခုသားတို့မှာက ကိုယ်တိုင်မွေးထားတဲ့

ရင်သွေးတွေမရှိရင် အကြောင်းမဟုတ်ဘူး

မ......တကယ်လို့ ကိုယ်ရင်သွေးအရင်းခြာ နဲ့

မွေးစားထားတဲ့ ကလေးတစ်ခုခုဖြစ်ရင်

ဘယ်သူဘက်ပါမလဲဆိုတာ

တွေးစရာတောင်မလိုဘူး....အဲ့အခါကျ

အနည်ထိုင်နေတဲ့မိဘမဲ့ကလေးတစ်ယောက်ရဲ့
စိတ်ဒဏ်ရာကပိုဆိုးစေနိုင်တယ်"

သူမ မောင်ပြောပြတာကို
နားထောင်ပြီးသေချာစဉ်းစားလိုက်တော့
မောင်ပြောတာတွေကအကုန်အမှန်တွေကြီးပင်။
မောင်ပြောသွားတာက
တစ်ဖက်ကလေးရဲ့ခံစားချက်ကိုကြည့်ပြီးပြောသွား
တာကြောင့်
သူမချစ်ရတဲ့မောင်စိတ်ဓာတ်ကိုပိုလေးစားမိသည်။
Company နဲ့ လုပ်ငန်းများစွာကို ဦးစီးနေတဲ့
မောင်က အမြဲလိုလိုမျက်နှာကြီးတည်ပြီး

ချေတယ်ထင်ရပင်မဲ့

သားရဲ့တစ်ဖက်သားပေါကိုယ်ချင်းစာတဲ့စိတ်က

သူမအမျိုးသားနဲ့တူတာပင်။

"အင်း မောင်ပြောတာမှန်ပါတယ်

သဘာဝယောကျာ်းကသိပ်တော်တာပဲ"

"အဲ့တာဆို ဆုချ"

"ဘာဆုချရမှာလဲ.... မောင်ကလည်း"

Lay Nge

သူမပြန်မေးတာပင်မဆုံးသေးခင် သူနှုတ်ခမ်းကို လက်နဲ့ထိပြတာမို့သူမ ကလေးရှိနေမှန်းတောင်မေ့နေလားမသိတဲ့ မောင့်ကြောင့်ခက်ပါတယ်။

"လီလီ ဖေဖေကအရမ်းတော်တယ် ဆုချမယ် မွမွ"

နေ ဆုတောင်းလိုက်တာကို ချစ်ရတဲ့မိန်းမဆီကဆိုပင်မဲ့ ဆုပေးတဲ့သူကတော့ ကစားနေရာကနေ

ဘယ်အချိန်ကတည်းကသူတို့နှစ်ယောက်နားပြန်ရောက်နေမှန်းမသိတဲ့ သမီးကပေးတာပင်။

"မောင်ကို ဆုချပြီးပြီနော် ကျေနပ်တော့"

"လူလည်ကျတယ်ပေါ့ ဟုတ်လား.....မနဲ့မောင်ညကြမှတွေ့ကြမယ်"

သမီးက သူပေါင်ပေါ်ထိုင်နေတာကို စကားကိုဆင်ခြင်မပြောတဲ့ မောင်ကို မျက်စောင်းထိုးပစ်လိုက်ရင်း....

"စားစရာရှိတာ စားပါမောင်ရယ်
တစ်နေကုန်ဘာမှမစားရသေးတာကို....ထမင်းစား
ပြီးရင် coffee ပါဖျော်လာတယ်
မုန့်နဲ့ဆက်စားလိုက်"

"မစားတော့ပါဘူးဗျာ
ထမင်းပဲကုန်အောင်စားလိုက်မယ် ပြီးရင်
သားအမိနှစ်ယောက်လုံးကို ခေါ် ပြီး
အပြင်လိုက်ပို့မယ်"

Lay Nge

"မောင်အလုပ်ပြီးသေးလို့လား"

သူမက မနက်စာဝိုင်းတုန်းကကိစ္စကြောင့် သူကိုမကျေနပ်ကာမေးနေမှန်းသိတာကြောင့် နေပြုံးလိုက်ရင်း ...

"မောင် မနက်ကအရေးကြီးလို့ထွက်လာတာပါ....သားတို့က လည်းနောက်ရက်တွေလာမှာပဲလေ....ဘယမလောက်အရေးကြီးလဲဆို တစ်နေကုန်ဘာမှမစားတာပဲကြည့်"

"အင်း ဒါဆိုသွားကြမယ်လေ
သဘာဝတို့စညးချင်တာ လိုက်ကျွေး"

"ရေးးးးး မုန့်တွေအများကြီးစားမယ်"

ပျော်ရွှင်စွာသူပေါင်ပေါ်ကဆင်းပြီး ခုန်ပေါက်နေတဲ့
သမီးလေးကို သူနဲ့ သူမကြင်နာစွာကြည့်ရင်း
ဒီကလေးလေးကိုမထင်မှတ်ပဲရတယ်ဆိုပင်မဲ့
လီလီလေးက သူတို့နှစ်ယောက်ရဲ့
အသည်းပွတ်လေး......။

"ပါး ဘာတွေကြည့်နေတာလဲ"

သူမညနေကခဏဆိုပြီး အိပ်လိုက်တာ

သူမနိုးလာတော့

တိုင်ကပ်နာရီကိုလှမ်းကြည့်မိတော့ ည ၉နာရီမို့

သူမဘေးနဲ့

ကလေးအိပ်ရာလေးတွေကိုကြည့်မိသည်။ကလေး

တွေက တစ်ရေးနိုးပြီးလို့

ပါးကပြန်သိပ်ထားတာထင်သည်။ပါးကသူမဘေး

မှာ Loptop တစ်လုံးနဲ့အလုပ်ရှုပ်နေတာကြောင့် ထထိုင်ပြီး မေးလိုက်တော့......

"ကိုယ် သားတို့နှစ်ယောက်အတွက်ရော အကြီးလေးအတွက်ပါစဉ်းစားနေတာထက်စာရင် စီစဉ်နေတာလို့ပြောရင် ပိုမှန်တယ်"

"ဘာကိုစီစဉ်တာလည်း ပါး"

သူမကသူကို နားမလည်လို့မေးတာကြောင့် သူ Laptop ကို Light ဆီကမ်းပေးလိုက်တော့ Laptop

ရဲ့မျက်နာပြင်မှာပေါ်နေတဲ့ ကလေးကစားတဲ့အခန်း Design လေးကိုတွေ့ရသည်။

"ကိုယ်ဒီနေ့ရောက်တော့ အပေါ်ထပ်ကကိုယ့်အခန်းတက်ပြီး ခဏကြည့်ရင်း ဖေဖေတို့အခန်းဘေးက အခန်းကိုဝင်ကြည့်တော့ လီလီပန်းသွေးရဲ့ကစားစရာအခန်းဖြစ်နေတယ် ဒီမှာကြည့် ကိုယ်ပြမယ်"

ဆိုကာ သူဖုန်းနဲ့ရိုက်ယူလာတဲ့ ညီမလေးကစားစရာအခန်းထဲက

ကစားစရာတွေထားတဲ့ပုံကို Light ကိုပြလိုက်သည်။

"ဖေဖေ

သူ့သမီးအတွက်ပြင်ပေးထားတာမိုက်တယ်မဟုတ်လား....တစ်ခန်းလုံး မိုးပြာရောင်တွေကြီးပဲ"

သူမ ပါးပြတဲ့ဓာတ်ပုံတွေကို ကြည့်လိုက်တော့ တကယ်သဘောကျသွားရတာပင်။အနည်းဆုံး အခန်းထဲကိုဝယ်ထည့်ထားတဲ့ ကစားစရာကမရှိဘူးဆိုရင်တောင် သိန်း 200

ဖို့လောက်ရှိသည်။ဘာဘီအရုပ်တွေဆိုလည်း

နှသ်အလိုက်ထွက်ထားတာတွေကို

ဝယ်ထည့်ပေးထားတာနည်းနည်းနောနောမဟုတ်။

ပျော့ပျော့အိအိလေးတွေရောရော

တစ်ယောက်စာဆော့ဖို့ထည့်ထားပေးသေးသည်။

လောလုံးသေးသေးလေးတွေကလည်း 5

ပေဝန်းကျင်လောက်ရှိတဲ့

ကန်လေးထဲမှာအပြည့်ပင်။ကစားစရာထားတဲ့အခ

န်းက သာမာန်လူတွေအတွက်ဆို

တိုက်ခန်းတစ်ခန်းစာလောက်တောင်ရှိသည်။လီလီ

လေးက

ဘဝအကျိုးပေးတကယ်ကိုကောင်းတဲ့ကလေးဆို

တာ ငြင်းမရပေ။နေလက်ရာ

မိသားစုဆိုရဲ့ချမ်းသာမှုက ပါးတို့မောင်နှမအတွက်

အေးဆေးထိုင်စားရင်တောင်ကုန်ပါ့မလားမသိ။

"တကယ်မိုက်တယ်နော် အန်ကယ်က

သူ့သမီးအတွက် လိုတရပဲ"

"ဖေဖေက

ကိုယ်တို့မောင်နှမအတွက်တော့အကောင်းဆုံးအဖေ

ပဲ....ကိုယ့်တုန်းကဆိုလည်း နိုင်ငံခြားက

တကယ့်ဒိတ်ဒိတ်ကျဲသူဌေးသားတွေနဲ့အပြိုင်

မျက်နှာမငယ်ရအောင်ထားခဲ့တာ....ကားဆိုရင်လ
ည်းနောက်ဆုံးထွက်မှ"

ပါးပြောတာကို
သူမပြုံးပြီးနားထောင်နေမိသည်။အန်ကယ်တို့က
သူမတို့ထက်အဆပေါင်းများစွာချမ်းသာတဲ့အပြင်
မေတ္တာတရားပေးနိုင်တာကြတော့လည်း
ဒယ်ဒီထက်ပိုသာသေးသည်။

"ကိုယ်လည်း သားတို့အတွက်
အဲ့လိုလုပ်ပေးမို့လေ....ညီမလေးကမိန်းကလေးမို့

ဘာဘီအရုပ်တွေဆိုပင်မဲ့ သားတို့အတွက်က

ကားတွေစက်ရုပ်တွေထည့်လိုက်မယ်နော်"

"ပါးသဘောပဲလေ....အပေါ်တက်မှာ

ညည့်ခန်းနှစ်ခန်းပိုနေတာပဲ

အဲ့နှစ်ခန်းကပါးကြိုက်တဲ့အခန်းမှာပြင်လိုက်လေ"

"ဟုတ်ပြီ ဒါဆိုကိုယ်အခန်းထဲထည့်မဲ့

ကားလေးတွေ နဲ့ စက်ရုပ်လေးတွေကို US

ကမှာလိုက်မယ် အဲ့ကာဟာတွေက

ကွာလတီပိုကောင်းတယ်"

ပြောတယ်ဆို

သူဌေးသားကအမြဲအကောင်းဆုံးပဲဖြစ်ချင်နေတာ

ကြောင့်

သူမဘာမှမပြောတော့။ဖအေဆိုတော့လည်း

သားတွေအတွက်အကောင်းစီစဥ်ပေးချင်တာပေါ့။

" ပါးသဘော ပါးကြိုက်သလိုလုပ်"

ဆိုပြီးပြောတော့ သူကလည်းခေါင်းငြိမ့်ကာ

Laptop ကို သိမ်းလိုက်ရင်း

ဘေးစားပွဲပေါ်ကသူမနိုးလာရင်စားဖို့ပြင်ထားတဲ့ မုန့်နဲ့ နွားနို့ကို ယူပေးလိုက်သည်။မုန့် နဲ့ နွားနို့စားပြီးတယ်ဆို OG ပေးထားတဲ့ ဆေးကိုတိုက်လိုက်ပြီး သူမကိုတွဲကာ အခန်းထဲအတူတူလမ်းလျှောက်လိုက်သည်။ကိုယ်ဝန်က 3လလေးသာရှိသေးပင်မဲ့ အပျိုကိုယ်ဝန်တုန်းကထက်တော့ နည်းနည်းဗိုက်ပူနေတာသိသာသည်။

"ပါး လင်းအိပ်ချင်လာပြီ"

"ဟင်

ခဏကလေးတင်နိုးတာလေပြန်အိပ်တော့ပမလို့

လား Light"

"အင်း ဒီကလေးလေးရှိတည်းက အရမ်းအိပ်လို့

စားလို့ကောင်းတယ်"

လို့ပြောတာမို့ သူလည်းကုတင်ပေါ်ကို

ကူတင်ပေးလိုက်ပြီး သူမကိုဖြေးဖြေးလှဲခိုင်းကာ

စောင်ခြုံပေးလိုက်တော့ သူအိပ်မဲ့နေရာဘက်ကို

မျက်နှာမူက

Lay Nge

အိပ်သွားတော့သည်။သူမအိပ်သွားတယ်ဆို
သူမှာအိပ်လို့မရသေး တစ်ဖက်ခန်းက
သားကြီးကိုသွားကြည့်ရသေးသည်။

ကျွှိ

သူသားကြီးအခန်းကိုဖွင့်ဝင်လိုက်တယ်ဆို သားက
ကုတင်ပေါ်ပက်လက်လေးအိပ်နေပြီး
စောင်မခြုံထားတာကြောင့်
ကုတင်ခြေရင်းကစောင်ကိုယူကာ သားအပေါ်ကို
ခြုံပေးလိုက်သည်။သားအခန်းကို သူဝေ့ကြည့်တော့

စည်းကမ်းရှိတဲ့ ဒီကလေးက

အခန်းတစ်ခုလုံးသေသေသပ်သပ်ပင်။

သူသားကြီးကိုကြည့်ပြီး အခန်းထဲပြန်ရောက်တော့

သားငယ်လေးနှစ်ယောက်ကိုလည်း

ဒိုက်ပါလေးတွေလည်းပေးရသည်။ကလေးတွေဒိုက်

ပါလဲပေးပြီးမှ Lynn company ကစရင်းတွေကို

စာကြည့်စားပွဲပေါ်ထိုင်ရင်းစစ်ရသည်......။

"လီလီ သမီးလာအိပ်မယ်"

အဖေဖြစ်သူက campany ကပါလာတဲ့အလုပ်တွေလုပ်နေတာကို အိပ်ချိန်တန်နေတာမအိပ်သေးပဲ မောင့်ပေါင်ပေါ်သွားထိုင်နေတာကြောင့် သူမခေါ်လိုက်တော့....

"ဖေဖေ နဲ့အတူတူအိပ်မှာ"

"သမီး ဖေဖေမအားမှာမအားသေးတာ အပြင်မှာလည်းတစ်ညနေလုံးလည်ပေးပြီးသွားတာကို မကျေနပ်သေးဘူးလား....လာမေမေနဲ့အိပ်မယ်"

ဘယ်လိုခေါ်ခေါ်မလာတဲ့

ဖအေချစ်ကလေးကသူ့အဖေကိုဖက်ထားတာ

တင်းနေတာပဲ။သူမလည်း

မောင်အလုပ်ကောင်းကောင်းလုပ်ရအောင်

သမီးကိုအတင်းဆွဲခေါ်တော့ အဖြူလုံးလေးက

ချက်ခြင်းမျက်နှာလေးကမဲ့သွားကာ နှုတ်ခမ်းလေး

နဲ့ နှာသီးလေးတွေက ရဲလာတာမို့

ငိုတော့မယ်ဆိုတာသိသည်။

"သမီးကလည်း ဘာလိုငိုမဲ့မဲ့လုပ်နေတာလဲ

ကလေးဆိုတာ

စောစောအိပ်ရတယ်လေ.....မနက်ကြရင်

မေမေကလီလီလေးကြိုက်တဲ့

မုန့်လုပ်ကျွေးမယ်နော်"

"ပြဲ အီးးးးး အိပ်ချင်ဝူး"

သူမချော့ပြောတာတောင်

အသည်းသန်ထငိုတဲ့သမီးကြောင့်

Lay Nge

မောင်ကသူလုပ်နေတဲ့ Laptop ကိုပိတ်ချလိုက်ကာ သူ့သမီးကိုချီရင်းထရပ်လိုက်သည်။

"ဟုတ်ပါပြီဗျာ ဖေဖေကသမီးလေးကိုသိပ်မှာပေါ့"

ဆိုရင်း သမီးလေးနဲ့အတူတူ

ကုတင်ပေါ်တက်သွားရင်း

သူတို့နှစ်ယောက်အိပ်တဲ့နေရာက သမီးလေးအိပ်ဖို့

ပြင်ထားတဲ့ ခေါင်းအုံးလေးအပေါ်သမီးကို

ချထားလိုက်ရင်း

သူကသမီးလေးဘေးကသူ့နေရာဝင်လှဲတော့....

"မေမေ လာ"

သဘာဝ တကယ်မောင့်ကိုမနာလိုလာရသည်မို့
သားအဖနှစ်ယောက်ထဲ အိပ်ကြစမ်းဆိုပြီး ထားကာ
ကုတင်ခြေရင်းမှာမက်တပ်ရပ်ကြည့်နေလိုက်သည်။
သူမက သားအဖနှစ်ယောက်လုံးကို ကြည့်နေခိုက်
သမီးလေးက ပက်လက်လေးကနေ
သူမကိုပါလာဖို့ခေါ်နေပင်မဲ့.....

"မလာပါဘူး

ကိုယ့်ဘာသာအိပ်ကြလေ...မေမေကတော့

နေနေသတိရလို့

နေနေအခန်းမှာသွားအိပ်တော့မယ်"

ဆိုကာ တံခါးရှိတဲ့ဘက်ကို လှည့်လိုက်တယ်ဆို

အသေးလေးအသံမဟုတ်ပဲ

မောင့်အသံကအရင်ထွက်လာသည်။

"မရာ မကာသာသတိရနေတာ

မရဲ့သားကသူ့ကလေးတစ်သိုက်နဲ့

အသိုက်ထဲကတောင်ထွက်မှာမဟုတ်ဘူး....မောင်

တောင်ဒီအရွယ်ထိ

ကလေးနှစ်ယောက်ပဲရှိတယ်....ဒင်းက

အသက်လေး 22နှစ်နဲ့ စရင်းဝင်ကလေးက

5ယောက်တောင်ရှိနေပြီ....တကယ်လင်းရိပ်ကိုအတွ

က်မတွေးရဲစရာပဲ"

"မောင်ကနှစ်ယောက်ထဲကလို့လား"

Lay Nge

သူကပြောတယ်ဆို သူတို့ဘက်လှည့်လာပြီး
မေးခွန်းပြန်ထုတ်တဲ့ မရဲ့စကားကြောင့်
သူခပ်ထေံထေံပြန်ကြည့်လိုက်ရင်း....

"သေချာတာကတော့
သဘာဝပန်းဆိုတဲ့မိန်းမတစ်ယောက်ထဲကိုပဲယူခဲ့ပြီး
နေတစင်း နဲ့
လီလီပန်းသွေးဆိုတဲ့အကောင်ပေါက်လေးတွေပဲရှိ
တယ်"

Lay Nge

"မနက်ကလေ
သားတို့မွေးစားလာတယ်ဆိုတဲ့ကလေးကလေ
သဘာဝသေချာစိုက်ကြည့်တာ မောင်နဲ့တူတယ်"

နေ သူကိုရစ်နေတဲ့မိန်းမလေးကြောင့်
ခေါင်းရမ်းလိုက်ရင်း သမီးလေးကိုကြည့်မိတော့
မျက်လုံးလေးစင်းနေရှာတာကြောင့် နဖူးလေးကို
ငုံနမ်းကာကျောလေးကိုပွတ်ပေးလိုက်တော့
အိပ်ပျော်သွားရှာသည်။နေ အိပ်ပျော်နေရှာတဲ့
သမီးငယ်လေးကို
သူစောင်လေးခြုံပေးလိုက်သည်။သမီးလေးကို

သေချာစောင်ခြုံပေးပြီးမှ

ကုတင်ခြေရင်းမက်တပ်ရပ်နေတဲ့သူမဆီသွားကာ....

"မ ပြောတာမှန်လောက်တယ်နော်

အဲ့ကလေးကကျွန်တော်ကလေးဆို

အိမ်ခေါ်ထားလိုက်မယ်လေ"

"မောင် ! အဲ့လိုမစနဲ့မကြိုက်ဘူး"

တော်တော်တရားကျဖို့ကောင်းပင်မဲ့လည်း

ချစ်ဇနီးက မစနဲ့မကြိုက်ဘူးဆိုတာကြောင့်

သူမငြိမ်သွားရကာ သူမကိုအိပ်ခိုင်းလိုက်ရပြီး

သူကတော့ Company နဲ့ Hotel အပါအဝင်

ခရီးသွားလုပ်ငန်းတွေရော NP

ရေမွှေးတံဆိပ်အတွက်တွေပါတစ်ယောက်ထဲလုပ်ရ

တော့ ည12နာရီထိုးခါနီးမှအလုပ်ပြီးသည်......။

NL Coffee တံဆိပ်ကို UK ကိုတင်သွင်းဖို့

ဈေးကွက်ဖြန့်ဖို့အတွက် သူ Company

မှာအလုပ်ရှုပ်နေရင်း

သူကိုယ်ပိုင်ဖုန်းကိုဖုန်းခေါ်တာကြောင့်

သူကြည့်လိုက်တော့ ဖေဖေ ခေါ်တာကြောင့်.....

"Hello ဖေဖေ"

"မင်းကလေးမွေးစားတဲ့ကိစ္စ ငါကိုနည်းနည်းလေးတောင်မတိုင်ပင်ပါလားကွ"

နေတစင်း တစ်ဖက်ကဖေဖေအသံခပ်တင်းတင်းကြောင့် တံတွေးမြိုချလိုက်မိရင်း ဖေဖေဆက်ပြောမှာကို ငြိမ်ပြီးနားထောင်နေလိုက်သည်။

lay Nge

"မင်းအဲ့ကလေးကို မင်းမွေးထားတဲ့ သားတွေထက်ပိုချစ်နိုင်လို့လား မဟုတ်ဘူး တန်းတူချစ်နိုင်လို့လား"

"သားချစ်နိုင်ပါတယ်ဖေဖေ....ဖေဖေပြောသလိုလည်းသားစဉ်းစားမိပါတယ် ဒါပင်မဲ့ အဲ့ကလေးကို သားမွေးစားချင်လို့ပါ"

ဆိုကာ နေလက်ရာကနေလှမ်းဆူနေတဲ့ ဖေဖေကြောင့်

သူ့ဘေးနားရပ်နေတဲ့သူအတွင်းရေးမှူး ကမ္ဘာမြေ ကို

မျက်လုံးနဲ့ထွက်သွားဖို့ပြောပင်မဲ့လည်း မသွားတာကြောင့် သူမှာ Speaker ဖွင့်ထားမိတာကို ပြန်ပိတ်လိုက်ရသည်။

"မင်းသတိထားနေ ! မင်းကလေ မိဘသာတစ်စက်ဝင်မကူညီတာ မိန်းမအလုပ်ကြတော့ဝင်လုပ်ပေးနေတာ....နေမင်း လက်ရာ ဆိုတဲ့ငါတော့ ဒယ်ဒီတို့ဝင်ငွေတွေလည်နေပြီထင်တယ်"

ဖေဖေကဆူချင်လို့ပြောနေတာမဟုတ်မှန်း

သူသိတာကြောင့် ဖေဖေ နဲ့

စီးပွားရေးကိစ္စအနည်းငယ်တိုင်ပင်က

သူသဘောကျနေတဲ့မြေကွက်ကိုလည်း

ဖေဖေကိုပြောတော့ သူစီစဉ်ပေးမယ်ဆိုတာကြောင့်

အေးဆေးနေလို့ရသည် ။ဖေဖေဖုန်းချသွားတယ်ဆို

အလိုက်ကန်းဆိုးမသိတဲ့သူရဲ့အတွင်းရေးမှူး

ကမ္ဘာမြေကို.....

"မင်းကိုငါက အခန်းပြင်ထွက်လို့ပြောနေတာ

ဘာလို့ပေရပ်နေတာလဲ"

Layngee

"ကျွန်တော်က ထွက်သွားခိုင်းတာသိပါတယ် ဒါပင်မဲ့ အစ်ကိုနဲ့ ဖုန်းပြောနေတဲ့သတစ်ဖက်ကသူက စီးပွားရေးပြိုင်ဘက်မဟုတ်လား လိုအပ်ရင် အစ်ကိုခိုင်းတာတန်းလုပ်ဖို့စောင့်နေတာ"

"မင်းအမေကြီးတော်ပြိုင်ဘက်လား ငါ့ပါးစပ်က ဖေဖေလို့ပြောနေတာ မင်းနားကန်းနေလား"

သူကဆဲလိုက်တာတောင်မှ ဒင်းကသူပြောတာကိုပြန်ပြောသေးသည်က....

"မသိဘူးလေ အစ်ကိုရဲ့ အခုခေတ်ကသူငယ်ချင်းအချင်းချင်းတောင် ဖေဖေခေါ်နေကြတာ တစ်ခါတစ်လေ မတည့်တဲ့သူတွေလဲရှိ့ခေါ်တာကျွန်တော်ကြားဖူးတယ်"

"အေး မင်းပြောတာကငါ့မို့လို့ပေါ့ တစ်ဖက်က ဦးနေမင်းလက်ရာ သာဖြစ်ကြည့် မင်းဒီနေရာမှာတင်အထုခံရမှာ"

နေတစင်း

သူ့အတွင်းရေးမှူးကောင်လေးကငယ်တာကြောင့်

ဒီလောက်ကတော့ သူနားလည်ပေးနိုင်သလို

ကောင်လေးကသူ့ခိုင်းရင်တစ်သွေမတိမ်းအလွဲအ

မှားမရှိတဲ့သူမို့ သူ့အားကိုးရသည်။

"ဦးနေမင်းလက်ရာ ဆိုတာက နေလက်ရာ Group

ကပိုင်ရှင်မဟုတ်လား"

အဲ့မှာ

ပြဿနာကစတာ။နေမင်းလက်ရာလို့ပြောလိုက်တာ

နဲ့ နေလက်ရာ Group ပိုင်ရှင်ဆိုတာ လူတိုင်းသိပင်မဲ့ နေတစင်း လို့ပြောတယ်ဆို နေလက်ရာ Group ကဆိုတာဘယ်သူမှမသိဘူး။

"အေး ဟုတ်တယ်ကွာ ပြီးတော့မှတ်ထားလိုက် နေတစင်းဆိုတဲ့ငါက နေလက်ရာ Group က ဦးနေမင်းလက်ရာ ရဲ့ တစ်ဦးတည်းသောသား"

"မဟုတ်ပါဘူး အစ်ကိုရဲ့...ကျွန်တော် ဦးနေမင်းလက်ရာရဲ့ interview တစ်ခုကြည့်ဖူးပါတယ် သူမှာ သား နဲ့

လီလီပန်းသွေး ဆိုတဲ့

သမီးလေးရှိတယ်....လီလီပန်းသွေးကလူသာငယ်

တာ interview တိုင်းသူပါတယ်"

လီလီပန်းသွေးကို ကိုယ့်ထက်တောင်

နေလက်ရာမှာနာမည်ရှိသေးကြောင်း ပြောနေတဲ့

ကမ္ဘာမြေကို သော က်မြင်ကတတ်လာတာကြောင့်.....

"မင်းသွား

အခုသွားတော့....မင်းငါ့ရှေ့ကထွက်သွားလိုက်တာ

ကောင်းမယ်"

Laynge

လို့သူပြောတော့ ခေါင်းကုတ်ကာထွက်သွားတဲ့ ကမ္ဘာမြေကိုကြည့်ရင်း သူပါးစပ်ကလည်း....

"မရဘူး နောက်တစ်ခါ Interview ဖြေရင်ငါ့နာမည်ပါ ဖေဖေ့ကိုထည့်ပြောခိုင်းရမယ်"

ဆိုကာ
ကိုယ့်ကိုကိုယ်ကလေးအဖေဆိုတာပါမေ့နေလားမသိ

3နှစ်အရွယ်ညီမဖြစ်သူကိုထက်နာမည်မကြီးတာကို ဂျေဝင်နေလေရဲ့.....။

~~~~~~~~~~~~~~~~ဆက်ရန်။

❤ updates မရှိဘူးဆိုပင်မဲ့ မောင်တို့ကိုတင်ပေးလိုက်ပါတယ်.....ချစ်တယ်ဆို comment လေးတွေအဆေးကျွေးသွားဦး❤
~~~~~~~~~~~~~~~~

☁Tage တာကလေးမကြိုက်ကြမှာဆိုးလို့ ကိုယ်အရင်က tage တွဲဖူးတဲ့သူတွေပဲ tage လိုက်တာပါ☁

🍭You are my life🍭

Chapter _ 3

"အစ်ကိုရေ အစ်ကို သမီးပြန်လာပြီ"

Lay Nge

ဆိုကာ နှင်းဆီ

သူကိုအော်ခေါ်ကာအိမ်အပြင်ပြေးထွက်သွားတာ

ကြောင့် နေလင်းစက်

တစ်ယောက်လည်းဧည့်ခန်းထဲကနေထွက်သွားကာ

ဇနီးကဖြစ်သူနောက်လိုက်ရသည်။သူအိမ်ရှေ့ရော

က်တယ်ဆို ကားပေါ်ကဆင်းလာတဲ့ *ပန်းပွင့်ဖြူ*။

"ဒယ်ဒီ သမီးလေးတောင်ပြန်လာပြီလား"

လို့ဖအေဖြစ်သူကမေးတယ်ဆို မသိရင်အချိန်

10နှစ်လောက်ခွဲထားရတဲ့အတိုင်း အဖေဖြစ်သူကို

ဖက်ထားတာများတင်းတင်းကြပ်ကြပ်။သမီးကတစ်ခြားတော့မဟုတ် UK ကို Model သင်တန်းသွားတက်တာဖြစ်ပြီး သွားတာကလည်းတစ်လလောက်သာကြာသည်။

"ကဲ ဒီဖအေ နဲ့ သမီးကတော့တွေ့တာနဲ့ချဲကြတော့တာပဲ အိမ်ထဲဝင်ကြပါတော့"

မေမေပြောမှ ပန်းရောင် နဲ့ ဖေဖေအတူတူအိမ်ဖဲဝင်လာလိုက်ရင်း

Lay Nge

ညှော့ခန်းနားရောင်တယ်ဆို

အိမ်ကအိမ်အကူနှစ်ယောက်ကို

သူမအထုတ်တွေကားထဲကသွားယူဖို့ပြောကာ

ညှော့ခန်းထဲမိဘနှစ်ပါးနဲ့အတူတူဝင်လာလိုက်သည်။

"ကဲပြန်ရောက်ပြီဆိုတော့

သမီးလေးကဘာလုပ်ဖို့စဉ်းစားထားလဲ....Model

ပဲဆက်လုပ်မှာလား"

"ဟုတ်တယ် မေမေ နာမည်ကြီး company တွေရဲ့

ကြော်ငြာတွေရိုက်ပေးစရာတော့ရှိတယ်

ပြီးရင်တော့ ဖြူ
ချစ်တဲ့သူကိုရှာလက်ထပ်တော့မယ်"

ဆိုတာကြောင့် မိဘနှစ်ပါးကတစ်ယောက်မျက်နှာ
တစ်ယောက်ကြည့်မိရင်းက....

"သမီးက ချစ်ရမဲ့သူတွေနေပြီလား
အလုပ်လုပ်ဖို့ကရောဘာယ် Company တွေနဲ့
လက်တွဲဖို့ရှိတာလဲ"

lay Nge

"မတွေ့သေးပါဘူး ရှင့်

အခုမှရှာမှာ....သမီးကိုကြောပြောဖို့ကတော့

ဖေဖေသိလားတော့မသိ Lynn မိသားစုပိုင်တဲ့ NL

Coffee

တံဆိပ်အတွက်ကမ်းလှမ်းထားတာရှိသလို......

Beautiful Girl ဆိုတဲ့ အလှကုန် company

အတွက်လည်းရှိတယ်"

"ဟုတ်ပါပြီ Lynn

မိသားစုဆိုတာကသိပ်မသိသေးပင်မဲ့ NL Coffee

တံဆိပ်ကတော့ဖေဖေသောက်နေကြမို့သိတယ်"

သူမ ဖေဖေကို မေးဖို့မေ့နေတာကို အခုမှသတိရကာမေးဖို့ပြင်လိုက်သည်။တစ်ခြား တော့မဟုတ် သူမအလုပ်တွဲလုပ်ချင်တဲ့နာမည်ကြီး company တစ်ခုကြောင်း။

"ဖေဖေ နဲ့ နေလက်ရာ ကအလုပ်တွဲလုပ်ဖူးလား"

"ဟင်အင်း နေလက်ရာပိုင်ရှင်ကသူ့လုပ်ငန်းတော်တော်များများ ကို

ဘယ်ရှယ်ယာထည့်မဲ့သူမှလက်မခံဘူး....မဟုတ်မှ သမီးစိတ်ဝင်စားတဲ့သူက နေမင်းလက်ရာ မဟုတ်ပါဘူးနော်"

နေမင်းလက်ရာ ဆိုတဲ့လူကိုသဘောကျပင်မဲ့ Social Media တွေရှေ့မှာကအစ သူ့မိန်းမကိုသဲသဲလှုပ်နေတဲ့သူကို သဘောကျပင်မဲ့ သူမစိတ်မဝင်စား။သူမစိတ်ဝင်စားတာက....

"နေမင်းလက်ရာကို နေထိုင်မှုပုံစံသဘောကျတာပဲရှိတာပါ

ဖေဖေ....သမီးစိတ်ဝင်စားနေတာက သူ့သား

နေတစင်းဆိုတာ"

"သမီးကသူ့သားကိုမြင်ဖူးလို့လား ပြောပါဦး"

"ဟုတ် လွန်ခဲ့တဲ့ 5နှစ်လောကက US မှာမြင်ဖူးတာ

အခုတောင်သူ့အသက်ကအလွန်ဆုံးရှိ 23နှစ်ပဲ"

သူမမှတ်မှတ်ရရ US

ကိုသူငယ်ချင်းတွေနဲ့သွားလည်ဖြစ်တော့

မထင်မှတ်ပဲလူတစ်ယောက်နဲ့

ဝင်တိုက်မိခဲ့သည်။အဲ့လူက

သူမဘက်ကအရင်ဝင်တိုင်မိသောလည်း Sorry

ပြောကာ

ထွက်သွားသည်။အဲ့အချိန်အတိုင်းတာလေးသာမြင်

ခဲ့ရပြီး သူမတို့တိုက်မိတဲ့နေရာက

တက္ကသိုလ်ပတ်ဝန်းကျင်မို့ သူမမပြန်ခင်

တစ်ခါတက္ကသိုလ်ဝန်းပြန်သွားကြည့်တော့

ကောင်လေးတစ်ယောက်နဲ့

စာအုပ်တစ်အုပ်လက်မှာကိုင်လျက်သွားတာကိုတွေ့

တာကြောင့် သူနာမည်ကို

ကျောင်းသားတစ်ယောက်ကိုမေးကြည့်တော့

ဒီမှာကသူကို *Sun* လို့ခေါ်ကြတာဖြစ်ပြီး

သူနာမည်အရင်းက *နေတစင်း*တဲ့........။

"Company မှာအဆင်မပြေဘူးလား ပါး"

ဒီနေ့ နေတစင်းကအိမ်ကိုမနောက်ကျစဖူး

မှောင်မှပြန်ရောက်တာကြောင့် သူမကမေးတော့

သူ့အပေါ်ကုတ်ကိုချွတ်ရင်း

ဗီရိုဘေးကချိတ်တဲ့နေရာမှာချိတ်ပြီးမှ

သူမဘက်လှည့်ပြီးခေါင်းရမ်းပြလိုက်သည်။

"ကိုယ်ဒီနေ့ company ရောက်တယ်ဆို ဖေဖေကဖုန်းခေါ်ပြီးဆူတယ်လေ ဒါကြောင့်ပါ"

သူမကိုမပြောရက်တာကြောင့် သူဒီအတိုင်း ဖေဖေဆူတာကိုအကြောင်းပြလိုက်ခြင်းသာ။သူဒီနေ့ NL အတွက်ရော company အတွက်ပါအစည်းအဝေးတွေဆက်တိုက်လုပ်လိုက်ရတာကြောင့် အနည်းငယ်ပင်ပန်းပင်မဲ့ အဲလိုပင်ပန်းတယ်ဆိုအရင်ဆုံးသတိရသွားတာက ဖေဖေကိုပင်။သူတောင်လုပ်ငန်းလေးနှစ်ခုလောက်နဲ့ပင်ပန်းနေတာ ဖေဖေကရော Hotel တွေ Company အပါအဝင်

ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေရော ကား နဲ့

ဆိုင်ကယ် Showroom ၊ NP ရေမွှေး

၊အဆုံးသတ်က

စင်တာ။ဖေဖေတောတော်ပင်ပန်းမှာပဲတွေးမိတော့

သူဘာမှမကူနိုင်တာကို

စိတ်မကောင်းဖြစ်နေခြင်းပင်။

"အန်ကယ်က ဘာပြောလို့လည်း ပါးကို"

"ဘာမှတော့မဟုတ်ပါဘူး ဖေဖေပြောတာက

သားကြီးကို

သားအရင်းလိုချစ်ဖို့ပြောတာ....ကိုယ်မွေးထားတဲ့ကိုယ်သွေးသားနဲ့ယှဉ်လာရင်တောင်ဘက်မလိုက်ပါနဲ့တဲ့....ကိုယ်တွေကသနားလို့မွေးစားထားပြီးတော့ကလေးကိုစိတ်ဒဏ်ရာထက်မရစေပါနဲ့လို့ပြောတာ"

"သြော် ပါးရယ်
လင်းကဘာများလည်းလို့စိတ်ပူနေတာ....အန်ကယ်ပြောတာတွေကအမှန်ပဲလေ...လင်းကတော့ပျော်တယ် နေလက်ရာ မိသားစုကပါ
လင်းရဲ့သားလေးကိုလက်ခံပေးလို့"

Light အပြောကြောင့် သူပြုံးလိုက်သည်။ဖေဖေကို ကြတော့ အန်ကယ်ခေါ် ပြီး မေမေကြတော့ မေမေလို့ခေါ်နေတာ ဘာကြောင့်လဲတော့မသိ အဲ့လိုယှဉ်တွေးတိုင်း သူမှာ ဖေဖေက မေမေထက်ပိုလန်းတာကိုလို့ တွေးရသည်။မေမေက သူယောကျာ်း နဲ့ လီလီကိုသာဂရုတစိုက်လုပ်ပေးနေရတာနဲ့တင် ဘာမှပြင်ဆင်ချိန်ရမှာမဟုတ်။

DYNOE

"သားတို့ရော....ဟ့
ဖေဖေသားတွေကမအိပ်ကြသေးဘူးလားကွ"

နေတစင်း အိပ်ရာပေါ်ပတ်လက်လေးတွေနဲ့
သူတို့အမေပေးထားပုံရတဲ့
အရုပ်လေးတွေကိုင်ကာဆော့နေကြတာကြောင့်
သူကဘေးမှာသွားထိုင်ကာပြောတော့
အရုပ်ကိုပစ်ချကာ
သူ့အပေါ်ကုတ်တွယ်တက်လာတဲ့ နေအရိပ်
လေးကြောင့်....

" ဟာ အခွဲတုန်းလေး
မင်းကညီလေးထက်ပိုခွဲတယ်နော်"

"ခစ် ခစ် ခစ်"

သူကမြူတော့ သားလေးကသူကိုကြည့်ကာ
တစ်ခစ်ခစ်နဲ့သဘောကျနေတာကြောင့်
သူမအပြုံးကနှုတ်ခမ်းပေါ်ကပျောက်သွားသည်မရှိ။

လင်းလည်း
ကုတင်ပေါ်မှာသားအဖနှစ်ယောက်တခစ်ခစ်ရီမော

နေတာကို ကြည့်နေတဲ့

သားအငယ်ဆုံးလေးနားဝင်ထိုင်လိုက်ကာ

ကောက်ချီလိုက်သည်။သူမ

သားငယ်လေးကိုကောက်ချီလိုက်တယ်ဆို

ပါးကသူမကို....

"ဟာ Light သားကိုချီလို့မရဘူးလေကွာ

ကိုယ်ကိုပေး သားငယ်လေး"

ပြောလိုက်တော့

ဘယ်အချိန်ကတည်းကသူဆီလာချင်နေမှန်းမသိတဲ့

သားငယ်လေးကသူဆီကို

လက်ကလေးကမ်းပေးပြီး ခေါ် ခိုင်းနေတာကြောင့်

သူပြောင်းချီလိုက်သည်။

"ဖေဖေ့ သားကချီစေချင်နေတာကို မပြောဘူးကွာ

လူဆိုးကောင်လေး!"

"ခစ် ခစ် ခစ် ညီ ညီရူကျိုး"

သူလက်ပေါ်ပထမကတည်းကရှိနေတဲ့ သားက

သူညီကဖစ်သူကိုပြောတဲ့စကားလေးကချစ်စရာ

Lay Nge

ကောင်းတာကြောင့် သူစိတ်မထိန်းနိုင်ပဲ
သားရဲ့ပါးဖောင်းဖောင်းလေးကိုဆွဲကိုက်လိုက်မိသ
ည်။

သားကသူပါးလေးအကိုက်ခံရတာတောင် ဖအေကို
ဟိုတစ်ချောင်းဒီတစ်ချောင်းပေါက်နေတဲ့
သွားလေးတွေပေါ်အောင်ရီပြနေတာ
ချစ်ဖို့ကောင်းနေတာအမှန်ပင်။အမွှာတွေမို့လားမသိ
အင်္ကျီကအစ
ဘာဖြစ်ဖြစ်အကြိုက်ခြင်းတူတာကြောင့်
အမွှာလေးတွေအတွက်ဝယ်ရင်
တစ်မျိုးထဲကိုစုံလိုက်ဝယ်ရတာပင်။သူမဘာဝမှာ

ပူလောင်မှုတွေအများကြီးတွေ့ခဲ့ရပင်မဲ့ အခုအချိန်ဘာဒုက္ခလာလာရင်ဆိုင်ဖို့ သူမအနောက်မှာ ပါးတို့သားအဖတွေရှိတာကြောင့် သူမရင်ဆိုင်ရဲသည်......။

"မောင် ကိုတောင်းပန်ပါတယ်"

စပြီးလက်ထပ်ကတည်းက ကလေးမယူပါဘူးပြောထားတာကို အခုယူဖြစ်အောင်ယူလိုက်တဲ့ မမ ကို မိုးတိမ်ရောင်စိတ်ဆိုးဆနမိသည်။စညားတုန်းက

Lay Nge

တောင် အသက်35နှစ်ကိုမယူခိုင်းတာ

အခုပဲအသက်က 37ဖြစ်နေပြီ အဲ့တာကို။

သူမဒီကမ္ဘာပေါ်မှာ

ကလေးမရလို့မပျော်တဲ့ယောကျ်ား နှစ်ယောက်ကို

ဘာလို့သူမတို့နဲ့မှလာတွေ့နေရတာလည်း။ပထမတ

စ်ယောက်က ကိုကို ပြီးတော့

ဒုတိယတစ်ယောက်က သူမယောကျ်ား

မိုးတိမ်ရောင်ပင်။သူမလည်း

တူတွေတူမတွေထိန်းရင်း

ကိုယ့်ကလေးကိုလိုချင်တာပေါ့။လီလီလေးဆို

ဘယ်လောက်တောင်ချစ်ဖို့ကောင်းလဲ ပြီးတော့ အမွှာလေးနှစ်ယောက်။

"မမ ကို မောင်ပြောထားတာကို နားမထောင်ဘူး"

"မဟုတ်ပါဘူး မေကလေး လီလီတို့လိုချစ်စရာကလေးလေးတစ်ယောက်လိုချင်လိုပါ တစ်ယောက်ထဲလေ"

"မမ လိုချင်ပင်မဲ့ မောင်မလိုချင်ဘူး"

သူ့စကားကြောင့် မမျက်နှာကပြောင်းလဲသွားကာ ရပ်နေတဲ့သူကို ဆောင့်တွန်းပစ်လိုက်ရင်း အဝတ်ဗီရိုနားလျှောက်သွားကြသည်။အဝတ်ဗီရိုရှေ့ ရောက်တယ် ဗီရိုပေါ်က Luggage အိတ်ကိုဆွဲချလိုက်တာမြင်တယ်ဆို မိုးတိမ်ရောင် ထိတ်လန့်သွားရကာ အနားလျှောက်သွားလိုက်သည်။

"မမ ဘာလုပ်တာလဲ အဲ့တာ"

"နှင်းမြင်တဲ့အတိုင်းပဲလေ ငါ့အစ်ကိုဆီပြန်မလို့လေ...နှင်တို့ဖခင်စိတ်မရှိတဲ့သူနဲ့နေမဲ့အစား ငါ့ကလေးကို မေတ္တာပေးနိုင်တဲ့ ကိုကိုဆီပြန်မယ် အဟင့်"

သူမပါးစပ်ကနေ အိမ်ကိုပြန်မှာဆိုတာကြောင့် သူမှာပြာယာခတ်သွားရပြီး သူမရဲ့ Luggage ကိုတစ်ခြားနေရာကို ပစ်ထုတ်လိုက်ရင်း မမ ကိုယ်လေးကိုဖက်ကာ....

"မဟုတ်ပါဘူး မမရယ်....မောင့်ကလေး မောင်လည်းလိုချင်တာပေါ့ ဒါပင်မဲ့ မမထက်ပိုမှမချစ်နိုင်တာ....မမဒုက္ခရောက်မှာဆိုးလို့ ပြောတာလေ"

"တော်ပါ လွှတ်....ကိုကိုကလည်း နင့်လိုပဲဆိုပင်မဲ့ သူကလေးကိုမလိုချင်ဘူးတစ်ခါမှပြောမထွက်ဖူးဘူး"

သူစကားပြောမှားသွားတာကို စိတ်မကောင်းဖြစ်သွားတဲ့ မမကြောင့်

သူရင်တွေနာရသည်။သူအနား မမ မရှိမှာကိုတော့ သေလောက်အောင်ကြောက်သည်။

"မောင်စကားပြောတာမှားသွားတာပါ မမရယ်နော် မောင်ကိုထားမသွားပါနဲ့"

ပြောပင်မဲ့ မမကသူလက်တွေကိုအတင်းပုတ်ချကာ အဝတ်အစားတွေတောင်မယူသတော့ပဲ မှန်တင်ခုံနားလျှောက်သွားရင်း ဖုန်းယူကာ တစ်ယောက်ယောက်ကို ခေါ်လိုက်တာတွေ့သည်။

"Hello"

မေလက်ရာ

တစ်ဖက်ကအစ်ကိုဖြစ်သူအသံကြားတာနဲ့

ယောကျာ်းဖြစ်သူကနိုင်နေတဲ့ပုံစံဖြစ်ကာ

ရှုံးပွဲချင့်ိကာတိုင်တော့သည်။

"ဟင့် ဟီး ကိုကို ညီမလေးသူနဲ့မနေချင်တော့ဘူး

အခုလာခေါ်ဟင့်"

မမ ပါးစပ်ကနေ ကိုကိုဆိုကတည်းက အစ်ကိုကိုပြောနေမှန်းသူသိတာကြောင့် အစ်ကိုလာမှဖြစ်ပျက်တာတွေကိုပြောပြတောင်းပန်ရင်း သူပြန်ခေါ်ထားလိုက်ဖို့ဆုံးဖြတ်ထားသည်။ဟုတ်တယ် သူအရမ်းမှားတာပေါ့။ဗိုက်ထဲတောင်ရောက်နေတဲ့ ကလေးကိုသူမို့ပြောထွက်လိုက်တာကို......။

"မောင် ဘာဖြစ်တာလဲ"

"ဘာဖြစ်ပြန်ပြီလဲမသိဘူး

မောင့်ကိုအခုလာခေါ်ပါလုပ်နေတယ်"

"ဘယ်သူလည်း မောင်"

သဘာဝ ရေချိုးလျှော်ပြီး ခေါင်းလျှော်ကာ

မှန်တင်ခုံရှေ့မက်တပ်ရပ်

ခေါင်းသုတ်နေတဲ့သူ့အနားသွားရင်း တဘတ်ကိုယူ

ခေါင်းသုတ်ပေးကာ မေးလိုက်တော့....

"ဘယ်သူကမှလည်း ဟိုကလေးကလားပေါ့....မောင့်ကိုအခုလာခေါ်ပါလုပ်နေတယ် ငိုပြီးတော့ပြောနေတာ"

"ဟင် သူ့ယောကျ်ားနဲ့ရန်ဖြစ်တယ်ထင်တယ်....သွားခေါ်လိုက်လေမောင်"

မ ကသူ့ခေါင်းကရေတွေကို တဘတ်နဲ့သုတ်ပေးရင်းက ညီမလေးကိုသွားခေါ် ခိုင်းနေတာကြောင့်



LayNge

သူခေါင်းရမ်းပြလိုက်သည်။ဘာလို့ဆို ကိုယ့်ညီမအကြောင်း ကိုယ့်ထက်ပိုသိတဲ့လူ ဒီကမ္ဘာ ဒယ်ဒီ နဲ့ မာမီသာရှိသည်။

" မရာ မေလက်ရာအကြောင်းမောင်သိတယ် သူလိုချင်တာမရလို့ မိုးတိမ်ရောင်ကို ဆိုးချင်တိုင်းဆိုးနေတာ"

"မောင်တို့ယောကျ်ားတွေကအကုန်အဲ့လိုတွေကြီးပဲ မိန်းကလေးတွေစိတ်ကိုနားမလည်ဘူး....အခုတစ်ဖ က်က ငိုပြီးလာခေါ်ပါပြောနေတာ

သူစိမ်းမဟုတ်ဘူးနော်

မောင့်ညီမအရင်းခေါက်ခေါက်....မောင်သွားမခေါ်ရ

င် သဘာဝ Taxi ငှားပြီးသွားခေါ်မယ်!"

ဆိုကာ သူ့ဆံပင်ကိုသုတ်ပေးနေရင်း

လက်ကဆောင့်ဆွဲလိုက်သလိုဖြစ်သွားတာကြောင့်

သူဆံပင်တွေဆောင့်ဆွဲခံရသလို ခံစားသွားရသည်။

"မောင် တောင်းပန်ပါတယ်

နာသွားလား...သဘာဝတမင်လုပ်တာမဟုတ်ပါဘူး"

"ဘာမှမဖြစ်ပါဘူး မရဲ့

မောင်မနာပါဘူး....မနက်ဖြန်မှမောင်တို့အတူတူသွား

မယ်လေ

သားအမိနှစ်ယောက်ထဲထားခဲ့ရမှာမောင်စိတ်မချ

ဘူး"

ဒါတော့ဟုတ်သည်။ဘာလို့ဆို

နှိုင်းယှဉ်တို့နှစ်ယောက်က

မေမေတို့ရှိတဲ့စက်ကိုင်းကို

လိုအပ်တဲ့ပစ္စည်းတွေသွားပို့ခိုင်းထားတာမို့ အိမ်မှာ

သူတို့သားအဖ 3ယောက်ရယ်

ခြံစောင့်တွေရယ်ရှိသည်။

"အင်းပါ စိတ်ပူလို့လေ

ယောကျာ်းတွေကလူအမြင်မှာချစ်ချင်ယောင်ဆော

င်ပြီး ကွယ်ရာနိုပ်စက်နေတာတွေအများကြီးရှိလို့"

"မ ပြောတာကို မောင်သဘောပေါက်ပါတယ်

ဒါပင်မဲ့ အဲ့လိုယောကျာ်းထဲမှာ

မိုးတိမ်ရောင်မပါတာတော့သေချာတယ်"

လို့သူကတိပေးလိုက်မှ မကကျေနပ်သွားကာ

သူ့ခေါင်းကို ဆက်ပြီးသုတ်ပေးသည်။သူမ

မောင့်ခေါင်းကို သေချာသုတ်ပေးပြီးတယ်ဆို ထုတ်ပေးထားတဲ့ အင်္ကျီနဲ့ ပုဆိုးကို ကမ်းပေးလိုက်သည်။တစ်ခု မောင်ဒီနှစ်တွေထဲပြောင်းလဲသွားတာကတော့ ညအိပ်တဲ့အခါ ပုဆိုးနဲ့အိပ်ဖို့သူမအကျင့်လုပ်လိုက်တာပင်။သူမက ပုဆိုးဝတ်အိပ်ဖို့ပြောတုန်းကဆိုသူကပြောသေးသည်က...

"ညဘက်လုပ်မဲ့ ကိစ္စအတွက် သိပ်အလုပ်မရှုပ်တော့ဘူး"

တဲ့လေ။သူမက သူကိုပုဆိုးနဲ့ အင်္ကျီကမ်းပေးရင်း ပြုံးနေတဲ့ မကြောင့် သူမှာကုတင်ပေါ်အိပ်နေတဲ့ သမီးလေးမရှိရင် စိတ်ကြိုက်နမ်းပစ်မိမှာအမှန်ပင်။နေ

သူမကိုနမ်းချင်တာကို ဖျောက်ပစ်လိုက်ရင်း ခါးကတဘက်ကိုချွတ်ချလိုက်ကာ ပုဆိုးဝတ်လိုက်တာကြောင့်...

"မောင် ! သိပ်ညစ်တာပဲ"

"ဟောကိုယ့်ဘာသာ အဝတ်အစားလဲတာကို မ

နော်"

ဆိုရင်း ပုဆိုးဝတ်ပြီး

သူမထုတ်ပေးထားတဲ့နက်ပြာရောင် Shirt

ကိုဝတ်လိုက်တော့ မကပြောစရာတောင်မလို

သူရှေ့တိုးလာကာ

အင်္ကျီကြယ်သီးကူတပ်ပေးသည်။

"ကျန်းမာရေးဂရုစိုက် မောင်

အသက်တွေကမငယ်တော့ဘူး"

"ချောတီဘောဘီလေးတွေလောက်က
နေမင်းလက်ရာ
မျက်လုံးတစ်ချက်မိတ်ပြလိုက်တာနဲ့ Hotel
ရှေ့တန်းစီသွားမှာသိတယ်မဟုတ်လား"

"အဲ့တာဆို သဘာဝလည်း
မောင့်လိုလိုက်လုပ်မှာပေါ့ အိမ်မှာနေပြီး
မပြင်တက်မဆင်တက်ဘူးထင်မနေနဲ့
နေမင်းလက်ရာ လိုလူမျိုးအယောက်
100လောက်ရှာလို့ရတယ်"

သူပြောတာကြတော့

သူမသဝန်တိုစေချင်လို့ပြောတာကို မ

ဘက်ကပြန်တုန့်ပြန်လာတဲ့စကားကြောင့်

သဝန်တိုစိတ်တွေက ထိန်းမရဖြစ်လာပြီး

သူမပုခုံးနှစ်ဖက်ကိုကိုင်ကာ....

"မောင်မကြိုက်ဘူးနော်

အဲ့စကားကိုနောက်ဆိုမပြောပါနဲ့

မောင်လည်းမပြောတော့ဘူး"

"မောင်ကလည်းတကယ်မှမဟုတ်တာ ပါးစပ်ကပြောတာလေးကို အမှန်တကယ်ဆို မောင်နဲ့ သဘာဝပြောတာဆို မောင်ပြောတာကဖြည်နိုင်သေးတယ်....သဘာဝလို အရှယ်လွန်ကြီးဘယ်သူမှထိချင်မှမဟုတ်ဘူး"

ဆိုပြီး သူမဘက်ကအလျှော့ပေးရှင်းပြတော့လည်း မောင့်ရဲ့ဆူပုတ်နေတဲ့မျက်နှာထားကနည်းနည်းလေးမှလျှော့မသွား။

"မ ကိုမောင်တစ်ယောက်ထဲပိုင်ချင်တာ.... ပြီးတော့ မရဲ့ဘဝရော မနဲ့ပက်သက်တဲ့ခန္ဓာကိုယ်ကအစ မောင်တစ်ယောက်ပဲထိတွေ့ခွင့်ရှိချင်တာ....တစ်ခြားတစ်ယောက်ထိတယ်ဆိုတာကို ပါးစပ်ကပြောတာကိုတောင်မကြိုက်ဘူး....မပြောပါနဲ့နော် နောက်ဆိုမောင်လည်းမစတော့ဘူး"

သူဘာသာစပြီး သူကိုယ်တိုင်ပဲ ဂျေဝင်သွားတဲ့ မောင်ကို

သူမဘာထက်ပြောရမှန်းတောင်မသိတော့။သူမကို သူကလှဲပြီး ဘယ်သူကချစ်မှာတဲ့လဲ။သူမကလည်း

သူကလွဲရင်တစ်ခြားယောကျာ်းလေးကိုစိတ်ကူးထဲ

တောင်မရှိ။သူမအတွက် သူရှိရင်ရပြီ........။

~~~~~~~~~~~~ဆက်ရန်။

😭 ဖအေပြီးတော့ သားအလှည့်😭

Share ပေးကြပါဦးလို့ acc နီနေလို့💜 💜

🍭You are my life🍭

Lay Nge
~~~~~~~~~~~~

# Chapter _ 4

"ဘာဖြစ်ကြတာလဲ

ညကတည်းကလာမလို့ပဲ....အိမ်မှာသားအမိနှစ်

ယောက်ထဲထားခဲ့ရမှာစိတ်မချလို့"

ညက ညီမလေးငိုပြီး ဖုန်းဆက်တာကြောင့်

သူပါးစပ်ကသာစိတ်ချတယ်ပြောပင်မဲ့

မနက်မိုးလင်းတယ်ဆို မတို့သားအမိပါခေါ် ပြီး

ညီမလေးတို့အိမ်ထွက်လာလိုက်တာဖြစ်သည်။ညီမ

လေးတို့အိမ်ရောက်တယ်ဆို

ညည့်ခန်းထဲမျက်နှာချင်းဆိုင်ထိုင်ပြီး
သူမေးလိုက်တော့...

"သူနဲ့မနေချင်တော့လို့
ကိုယ့်အပေါ်မကောင်းတဲ့သူနဲ့ဘာလို့နေရမှာလဲ
ကိုကို"

ညီမဖြစ်သူစကားကြောင့်
မိုးတိမ်ရောင်ကိုသူကြည့်လိုက်တော့
မိုးတိမ်ရောင်ကပါခေါင်းငြိမ့်ပြတာကြောင့်

lay Nge

သူမှာမျက်ခုံးပါပင့်တက်သွားရသည့်အထိ
အံ့သြမဆုံး။

"ဘာကစဖြစ်ကြတာလဲ"

"ဒီလိုပါအစ်ကို
သူမကိုအစကတည်းကပြောထားကပြီးသားပါ
ကလေးမရှိလည်းသူမတစ်ယောက်ထဲရှိရင်ရပြီဆို
တာ အဲ့ကိစ္စနဲ့ဖြစ်ကြတာ
ကျွန်တော်စကားပြောလွန်သွာတာ"

နေ ညီမဖြစ်သူကလေးအရှူးကြောင်းသိတာမို့
မိုးတိမ်ရောင်ကိုသာ
ခြံထဲလိုက်ခဲ့ဖို့မျက်စပစ်ခေါ်ကာ
ခြံထဲဆင်းလာလိုက်သည်။

"အစ်ကို ညီမမှာ ကိုယ်ဝန်ရှိနေတယ်"

ခြံထဲရောက်တယ်ဆို
မိုးတိမ်ရောင်ဆီကထွက်လာတဲ့စကားကြောင့်
ကျောပေးရပ်နေရာကနေလှည့်ကြည့်မိသည်။

LayNge

"အဲ့တော့မင်းကမလိုချင်ဘူး

ပြောလိုက်တယ်မဟုတ်လား....ရလာမှတော့

ကိုယ့်ကလေးပဲလေကြိုဆိုရမှာပေါ့"

"ကျွန်တောသိပါတယ်

သူမစပြောတော့သူမအသက်နဲ့တွက်ကြည့်ပြီး

စိတ်ပူလို့ပြောထွက်သွားတာပါ"

"ငါမင်းကိုနားလည်ပါတယ်

မင်းလိုလည်းငါပြောခဲ့ဘူးတယ် ဒါပင်မဲ့

ပြောခံရတဲ့သူကမတူဘူးကွ....ငါ့မိန်းမကရင့်ကျက်

LayNge

တည်ငြိမ်ပြီး အေးချမ်းသလို

ငါပြောတာကိုနားလည်ပေးနိုင်တယ်....ဒါပင်မဲ့

မေလက်ရာက ကလေးဆန်တာ မင်းအသိပဲ"

သူပြောတော့

မိုးတိမ်ရောင်ကခေါင်းငြိမ့်ပြသည်။ယောကျာ်းကချ

စ်လို့ပြောတာကိုလည်း

ကိုယ့်ညီမကနားမလည်တာကြောင့်

နားလည်တဲ့သူကိုပဲပြောရသည်။

"မိုးတိမ်ရောင်

အစ်ကိုမင်းဆီမှာစိတ်ချလက်ချထားချင်တယ်ကွာ

ဒါမင်းကိုမယုံလို့ပြောတာမဟုတ်ဘူးနော်....အစ်ကို

မှာကတွယ်တာစရာသွေးသားရင်းခြားဆိုလို့

သူမတစ်ယောက်ထဲရှိတာ....တစ်နေ့နေ့

မင်းသူမကိုမလိုချင်တော့ဘူးဆို

မင်းလာမပို့နိုင်လောက်အောင်ဖြစ်တဲ့အချိန်ကြ

အစ်ကိုဆီဖုန်းဆက်လိုက်ပါ ကိုယ်တိုင်လာခေါ်မယ်"

အစ်ကိုကြီး အဖအရာမို့

ညီမလေးအတွက်သူထိုက်သင့်သလောက်ပြောနေ

LaYNge

တာ

မိုးတိမ်ရောင်လည်းနားလည်မယ်လို့သူထင်ပါသည်။

"ဟုတ်ကဲ့ပါအစ်ကို ဒါပင်မဲ့ အစ်ကိုပြောတဲ့အဲ့နေက ရှိလာမှမဟုတ်ပါဘူး....ကျွန်တော် မမ ကိုချစ်တဲ့အချစ်က ဘာအကြောင်းနဲ့မှပြောင်းလဲမှာမဟုတ်ဘူး အစ်ကို"

"ကိုယ်ညီကိုယုံပါတယ်"

ဆိုရင်း

နှစ်ယောက်သားစကားအနည်းငယ်ပြောပြီးတော့

အိမ်ထဲဝင်လာတယ်ဆို

ညှော်ခန်းထဲခြေလှမ်းဝင်ယုံရှိသေး

လီလီပန်းသွေးလေးက

ထိုင်နေရာကနေဆင်းလာပြီး

မိုးတိမ်ရောင်ရှေ့မက်တပ်လာရပ်ရင်း

လက်ညှိုးသေးသေးလေးနဲ့ သူ့မျက်နှာကို

ြထိုးကာ.......

"တီတီကို ငိုအောင်လုပ်တဲ့လူဆိုးကြီး ! လီလီက

တီတီကိုအိမ်ပြန်ခေါ်သွားတော့မှာ!!"

မိုးတိမ်ရောင် သူ့တီတီအတွက်လာရန်တွေ့နေတဲ့ လီလီကိုငုံကြည့်ရင်း သဘောကျတာကြောင့် ဒူးတစ်ဖက်ထောက်ကာထိုင်လိုက်ရင်း.....

"ဦးဦးကဘာလုပ်လို့လည်း "

ဖက်

"အလကား ယောကျ်ားတွေက

ကောင်းဂိုကောင်းဘူး"

လီလီလေးက သူမရှေ့ဒူးထောက်ထိုင်နေတဲ့

မိုးတိမ်ရောင်ပါးကို

လက်ဝါးသေးသေးလေးနဲ့ရိုက်ချလိုက်ရင်း ခဏက

သဘာဝကို မေလက်ရာကပြောပြတဲ့အတိုင်း

ပြောလိုက်တာကြောင့် သဘာဝရော

မေလက်ရာရောပါ အံ့ဩသွားရသည်။

3နှစ်ကျော်လေးက

ဒီလောက်ထိလည်တယ်တဲ့လား။

နေလည်း ကိုယ့်သမီးအစ္စာလေးက မိုးတိမ်ရောင်ကို ပါးချလိုက်ရင်းပြောလာတဲ့စကားကြောင့် စွံ့အနေရသည်။ဒီအရွယ်လေးနဲ့တက်လိုက်လည်း လွန်ပါလေရော။

"သမီး ! မိုးတိမ်ရောင် တောင်းပန်ပါတယ်နော် ဒီကလေးကအရမ်းဆိုးနေတာ သူ့အဖေအလိုလိုက်ထားလို့"

"တောင်းပန်စရာမလိုပါဘူး မမရဲ့ ကလေးကလုပ်တာနည်းတောင်နည်းနေတယ်"

သဘာဝက သမီးလေးကို ပုခုံးလေးကကိုင်လိုက်ရင်းဆူတော့ အဒေါ်ဖြစ်သူကလည်း သူ့တူမသာအမှန်ဆိုပြီး ဝင်ထောက်ခံသေးသည်။

"လီလီပြောတာမှန်တယ်မဟုတ်လား တီတီ"

"မှန်တယ်
အန်တီလီလီလေးကချစ်ဖို့အကောင်းဆုံးပဲ
ပြန်ရင်တီတီပါလိုက်မယ်နော်"

"မေလက်ရာ

ကိုယ့်အသက်အရွယ်ကမငယ်တော့ဘူး

ကလေးမဆန်နဲ့....နင်ယူထားတဲ့သူက နင်ထက်

ဆယ်နှစ်နီးပါးငယ်တယ်ဆိုတာတော့မမေ့ဘူးမဟု

တ်လား"

မေလက်ရာကပြန်လိုက်မယ်ပြောယုံလေးကို

ကိုကိုက

သူမနဲ့မိုးတိမ်ရောင်အသက်ကွာခြားမှုကိုပြောပြီး

ကိုယ့်ညီမကို သူယောက်ဖပြောတာကြတော့ မပြောပဲနဲ့။

"8 နှစ်ထဲကွာတာပါ ပြီးတော့ ညီမလေးက အိမ်ကိုပြန်လိုက်မှာ....ဒါမှ ကိုကိုကပြန်မလာနဲ့ဆို တစ်ခြားသွားစရာနေရာရှိတယ်"

"ဘာလဲ နင့်တူနေတစင်းရှိလား....နင်မသွားခင်ငါကသားကို လာရင်လက်မခံဖို့ ဖုန်းဆက်လိုက်မှာပေါ့"

"ဟင့် ဟီး ကိုကိုကအားလည်းမကိုးရဘူး....ရတယ် သွားဆီမသွားဖို့ကိုကိုပိတ်ပင်မယ်ဆို မာမီတို့ရှိတဲ့ စက်ကိုင်းတောင်ကိုသွားမယ် အဲ့မှာပဲတစ်သက်လုံးနေမယ်"

ကလေးဆန်လွန်တဲ့ညီမကို သူထက်ပြောရင်ထိုင်ပါငိုနေမည်ဆိုတာကြောင့် သမီးလေးကို ကောက်ချီလိုက်ရင်း သူတို့နှစ်ယောက်ကို မနဲ့ထားခဲ့ကာ အပြင်လွတ်ရာကျွတ်ရာကိုထွက်လာလိုက်သည်....... .။

NL Coffee

အတွက်အရသာအသစ်တစ်မျိုးထုတ်ဖို့အတွက်သူ

အလုပ်ရှုပ်နေရသလို တစ်ဖက်က coffee ခြံရော

Coffee ထုတ်လုပ်တဲ့စက်ရုံရောနဲ့ပါ

သူမကြိုက်တာတွေပြောရင်း

ပြာများနေရသည်။သူအလုပ်လုပ်နေရင်း

ဗိုက်ကအောင့်ချင်သလိုဖြစ်လာတာမို့

နာရီကြည့်လိုက်တော့ 2 နာရီမို့

မနက်စာအပြင်ဘာမှမစားရသေး။Light

ကလာပို့မယ်ပြောပင်မဲ့

သူကလမ်းသွားလမ်းလာစိတ်မချတာကြောင့်လာမ

ပို့ခိုင်းခြင်း။သူဗိုက်ကိုအရင်ဖြည့်ဖို့အတွက်အလုပ်

ကို ခဏထားကာ company

ရှေ့ကဆိုင်မှာစားဖို့အတွက်

ရုံခန်းကထွက်လာလိုက်သည်။

"ဟဲ့ တို့တွေရဲ့

မမလေးကသူယောကျ်ားကိုနေရာပေးထားတာနော်

မမလေးသာနေရာမပေးထားရင်ဘယ်ဘဝကလာမှ

န်းတောင်သိမှာမဟုတ်ဘူး"

"သူကဘယ်သူလည်း နင်တို့သိလား"

"ဟင်အင်း"

နေတစင်းလာနေတာကို
မတွေ့ပဲအုပ်စုလိုက်ပြောနေကြတာကတစ်ယောက်
တစ်ပေါက်။သူတို့ပြောနေတာကို အနောက်ကနေ
သူရပ်ကြည့်နေတာကိုတွေတခြားအလုပ်လုပ်နေတဲ့
သူတွေကပြောဖို့လုပ်နေတာကို
သူခေါင်းရမ်းပြလိုက်တော့ငြိမ်ကြသွားသည်။

"အခုတောင် company မှာ မမလေးကိုယ်စားလတ်မှတ်ထိုးပေးရတာကို မသိရင်သူကပိုင်ရှင်အစစ်ကြနေတာပဲ Style ကအပြည့်"

နေတစင်း ပြောတဲ့သူတွေပါးစပ်ပေါက်ပိတ်သွားအောင် လုပ်ဖို့နည်းလမ်းကိုစဉ်းစားစရာမလိုအောင်သူတန်းသိသည်။အခုလက်ရှိတော့ အလုပ်မထုတ်ခင်လေးစိတ်ရှိလက်ရှိပြောနေတာကို သူကြည့်နေမိသည်။ဒီ Company ကစပြီး Light အစားတာဝန်ယူကတည်းက

သူကဘယ်ကလည်းဆိုတာပြောလို့ရပင်မဲ့
ကိုယ်ကိုရှိန်နေမှာဆိုးလို့သာမပြောခဲ့တာ
လူတွေကစေတနာနဲ့မတန်။

"CEO !"

သူတို့အတင်းပြောကောင်းနေစဉ်
တစ်ခြားဌာနကိုသွားပြီး
စာရွက်တွေသွားယူကာပြန်လာတဲ့
သူ့အတွင်းရေးမှူးက သူကိုမြင်တယ်ဆို
ခေါ်လိုက်တော့ အတင်းပြောနေတဲ့အုပ်စုလည်း

ကွဲသွားကြသည်။နေတစင်း

ကွဲသွားတဲ့အုပ်စုကိုတစ်ချက်ကြည့်ရင်း....

"ကမ္ဘာ

ခဏနေရင်းဒီကိုအထူးဧည့်သည်လာလိမ့်မယ်

သူ့အတွက်စားဖို့သောက်ဖို့အကုန်ပြင်ဆင်ထားပါ

ရော့ငါကဒ်ယူသွား"

ဆိုကာ သူကဘဏ်ကဒ်ထုတ်ကာကို

ကမ္ဘာဆီပေးလိုက်သည်။ကမ္ဘာလည်း

သူလိုမျိုးဒီဟာတွေအတင်းပြောနေတာသိတယ်ထ

င်ပါရဲ့ မျက်နှာသိပ်မကောင်းပင်မဲ့ သူကဘယ်လိုမိသားစုကဆင်းသက်လာတယ်ဆိုတာ ဒီကောင်သိတဲ့အတွက်ကြောင့်ပင်။

"ဟုတ်ကဲ့ပါ CEO အထူးညွှန်သည်အတွက်ကျွန်တော်သွားပြင်ဆင်လိုက်ဦးမယ်"

"အင်း ငါလည်းအပြင်ခဏသွားဦးမယ်"

ဆိုကာ သူ company

ထဲကထွက်လာလိုက်တော့သည်။Company

ကနေထွက်လာပြီး အရှေ့က

သဘာဝဆန်ဆန်ပြင်ထားတဲ့

ဆိုင်ထဲကိုသူဝင်လာလိုက်ရင်း ဖေဖေဆီကိုပါ

အကျိုးအကြောင်းပြောကာလာခဲ့ဖို့

ဖုန်းဆက်လိုက်သည်.........။

ဒေါက်

LayNge

နေတစင်း ဗိုက်ဆာဆာနဲ့

မှာထားတာတွေကိုအပီအပြင်ကစ်နေခိုက်

သူစားနေတဲ့စားပွဲကို

လက်နဲ့ခေါက်လိုက်တာကြောင့်

မော့ကြည့်လိုက်တော့.....

"ဟာ ဖေဖေ မြန်လိုက်တာနော်"

အစာကိုပါးစပ်ထဲထိုးသွင်းရဲ့သူ့ကိုပြောနေတဲ့

သားဖြစ်သူကိုကြည့်ကာ

Lay Nge

ဘယ်ကမ္ဘာမြေကတည်းကငတ်လာမှန်းမသိတဲ့
သားဖြစ်သူဘေးဝင်ထိုင်လိုက်ရင်း....

"မင်းက Company ပိုင်ရှင်တစ်ယောက်ဖြစ်ပြီး
ကိုယ့်ကိုပြောနေတာ
အလုပ်တန်းထုတ်ပစ်လိုက်ပါလား!"

"သားက
ဖေဖေလောက်အာဏာမသက်ရောက်ဘူးလေ
ဖေဖေရဲ့...ဒါကြောင့် ကိုယ့်အဖေကိုခေါ် ပြီး

Laynge

ကိုယ်ဂုဏ်ကိုဖော်မလို့....ဩော်မေ့နေလို့ ဖေဖေတစ်ခုခုစားပါဦးလား"

သိပ်ချစ်ရတဲ့သားလေး အကုန်စားပြီးမှ ဖေဖေတစ်ခုခုစားပါဦးတဲ့လေ။သူနဲ့တူတာ ဘယ်နေရာရှိလည်း ရုပ်ကလွဲပြီး ကျန်တဲ့နေရာ အလကားကောင်။

"ငါကမင်းလိုင်တော်နေတဲ့ကောင်မှတ်နေလား...ငါမိန်း မကအချိန်မှန်ငါစားဖို့ပို့ပြီသား"

ဖေဖေကသူ့မိန်းမလေးကောင်း
ကြောင်းကြောပြောဝင်သွားတာမို့
သူမှာနှာခေါင်းရှုံးလိုက်မိသည်။

"မင်းမိန်းမသူ့ Company
ကိုအလုပ်ပြန်ဝင်တဲ့နေကြ မင်း နေလက်ရာကို
ပြန်လာရမယ်မှတ်....အခုတော့
ကိုယ်ဘယ်ကပေါက်လာမှန်းတောင်မသိကြဘူးဆို
တော့
မင်းကိုဘာပြောရမှန်းတောင်မသိဘူး.....အလုပ်သ
မားဆိုတာကိုယ်လက်အောက်ကဝန်ထမ်း မင်းမှာ

company

စည်းကမ်းချက်မထုတ်ထားတက်ဘူးလား ဟမ်!"

ဖေဖေကို

အကူအညီခေါ်မှာသူကိုလိုအပ်ချက်တွေတစ်ခုကခြ

င်းပြောရင်း

ဆူနေတာကြောင့်ခေါင်းငြိမ့်လိုက်သည်။ဖေဖေပြော

လည်း ပြောချင်စရာ Light အစား company

ကိုစဝင်ကတည်းက ဝန်ထမ်းတွေကို

သူကိုယ်တိုင်ရွေးခဲ့တဲ့အကျိုးရလျက်ပေါ့။ဖေဖေ

ကတော့ သူဝန်ထမ်းတွေဆို

တိုက်ရိုက်စရာပြောတာဆို

အစည်းအဝေးလုပ်ချိန်သာရှိပြီး ကျန်တဲ့အချိန်ဆို သူ့ရုံးခန်းတောင်အတွင်းရေမှူးကလွဲအဝင်ခံတာမဟုတ်တာကြောင့်

ဝန်ထမ်းမှန်သမျှရှိန်သည်။သူများလိုအပ်ရင်ကူညီပြီး ခပ်တည်တည်ခပ်တန်းတန်းတာနေသည်။

"ဖေဖေကလည်း

သားကအရင်တည်းကသူများတွေကို

ပြောရမှာအားနာတက်တယ်

ကိုယ့်ထက်မရှိတဲ့သူတွေကို"

"လူတိုင်းကိုသာ အာနားတက်နေရင်

မင်းစီးပွားရေးမလုပ်နဲ့တော့

ပရဟိတအသင်းထောင်လိုက်တော့....အခုသွားမယ်

ပြဿနာကချက်ချင်းရှင်းတာကောင်းတယ်"

ဆိုကာ ထိုင်နေရာကထလိုက်တဲ့

စိတ်မြန်လက်မြန်ဖေဖေကြောင့်

သူလည်းချက်ခြင်းထကာ

ငွေရှင်းပြီးဖေဖေနဲ့အတူတူ Lynn company

ထဲကိုဝင်လာလိုက်သည်။သူတို့အတူတူလျှောက်ပြီး

ဝင်လာရင်း ဖေဖေက

ခဏပြောတဲ့သူတွေနေရာရောက်တယ်ဆို

ငေ့ကြည့်လိုက်ရင်း......

"ဒီအလုပ်သမားတွေက အကုန်ပဲလား"

ဝန်ထမ်းဆိုတာထက်

အလုပ်သမားလို့နေကသုံးနှုန်းလိုက်တာကြောင့်

ဝန်ထမ်းတစ်ချို့ရဲ့အကြည့်ကနေဆီရောက်လာသ

ည်။

"မဟုတ်ဘူး ဖေဖေ တခြားဌာနတွေရှိသေးတယ်"

"ဒီလိုဘာမှမဟုတ်တဲ့ company
လေးမှာလုပ်နေတဲ့
အလုပ်သမားတွေကမာနထောင်လွှားနေတယ်ကြား
လို့လာကြည့်တာ
ရုပ်တွေကလည်းတစ်စက္ကန့်တောင်ထိုင်ကြည့်ချင်စ
ရာကောင်းမနေဘူး!"

နေရဲ့ဝန်ထမ်းအကုန်လုံးကို
လက်ညှိုးထိုးကာဒဲ့ပြောချလိုက်တာကြောင့်

ဝန်ထမ်းတွေမျက်နှာပျက်ကျသွားရသလို ထိုအထဲကမိန်းကလေးတစ်ယောက်ကထလာပြီး.....

"CEO ကိုယ့် company ထဲလာပြီးစောကားပြောဆိုနေတာကို ငြိမ်နေတာဝန်ထမ်းတွေအတွက်မတရားဘူးနော်"

"အဲ့တော့ဘာလုပ်ချင်လဲ.....နေတစင်း မင်းအတွင်းရေးမှူးခေါ်လိုက် "

"ကျွန်တော်ရှိပါတယ်"

နေ

သားဖြစ်သူကိုအတွင်းရေးမှူးခေါ် ခိုင်းတုန်းရှိသေး

သူဘေးနားကနေအသံထွက်လာတာကြောင့် .....

"အဲ့မိန်းကလေးရဲ့ Profile ကိုငါ့ဆီအကုန်ပို့ပေး"

"ဘာလုပ်မလို့လဲဗျာ"

"ဘယ် company နဲ့

ဘယ်လုပ်ငန်းကမှလက်မခံအောင်လုပ်မလို့လေ!

LayNge

မင်းတို့က ဒီ company

မှာလည်းအလုပ်လုပ်သေးတယ်

အလုပ်ရှင်ကိုလည်းစော်ကားတယ်ဆိုတော့....ပြီး

တော့ မင်းတို့ပြောတဲ့နေတစင်းဆိုတာက

ဘယ်ဘဝကလာလည်းသိပ်သိချင်မှာပေါ့.....နေလ

က်ရာ မိသားစုရဲ့တစ်ဦးတည်းသောသား

ဆိုတာထက် နေမင်းလက်ရာ

ရဲ့သားဆိုတာသိထားရင်ပိုကောင်းလိမ့်မယ်"

နေစကားကြောင့်

အကုန်လုံးလှုပ်လှုပ်ရွရွတွေဖြစ်သွားကြတာတွေ့ရ

သည်။အကုန်လုံး ဘယ်လိုလုပ်ငြိမ်နေနိုင်မှာလည်း

နေလက်ရာ CEO ရဲ့သက်ရောက်မှုက company တိုင်းလိုလိုမှာရှိတာကြောင့်ပင်။

"သား မနက်ဖြန်မင်းအလုပ်ထုတ်မဲ့သူစရင်း နေလက်ရာကို ပို့လိုက် ကျန်တာအကုန် ဖေဖေလုပ်မယ်"

ဆိုကာ Company ထဲမှျတစ်စက္ကန့်တောင်မထိုင်ပဲပြန်သာထွက်သွားတဲ့ CEO ရဲ့အဖေဆိုတဲ့ နာမည်ကြီးလုပ်ငန်းရှင်ကိုကြည့်ကာ

ကမ္ဘာမှာမျက်တောင်မခတ်လိုက်ကြည့်နေမိသည်။
လုပ်ငန်းပေါင်းများစွာကိုအုပ်ချုပ်နိုင်တာလည်းမ
ပြောနဲ့ ဒီလောက်မိမိုက်နေတာ။ကမ္ဘာတစ်ယောက်
နေကိုမြင်ကွင်းကနေပျောက်သွားတဲ့အထိကြည့်ရ
င်းချီးကျူးနေမိသည်။

နေတစင်းအခုမှသူကို
အားကိုးတကြီးတောင်းပန်တဲ့အကြည့်တွေနဲ့ကြည့်
နေတာကို မဲ့ပြုံးပြုံးလိုက်ရင်း....

"ကမ္ဘာဝန်ထမ်းစရင်းစုပြီး ဖေဖေဆီပို့လိုက်"

ပြောကာ

ထိုနေရာကနေသူထွက်လာလိုက်တော့သည်။နေတ စင်းဝင်သွားပြီး 15 မိနစ်နှောင်မကြာသေးခင် company ကို လင်းရိပ်ကို ရောက်ချလာသည်။company မှာဖြစ်ငမျှကို ကမ္ဘာက လင်းရိပ်ကိုဆီအမြဲတင်ပြနေလို့ပင်။

"နင်တို့ကဘာအချိုးတွေချိုးနေကြတာလဲ....ငါ့ ယောကျ်ားကိုဘယ်ဘဝကလည်းမေးရလောက် အောင် နင်တို့အဆင့်ကအဲ့လောက်ရှိလို့လား!"

လင်းရိပ်ကို
ကနဂိုကတည်းကခပ်ကြမ်းကြမ်းပြောတက်တဲ့သူမို့
ဝန်ထမ်းတွေကသူမဆိုရင်အနည်းငယ်လောက်
တော့လန့်ရသည်။အခုတော့ ခဏကလေးတင်
နေလက်ရာပိုင်ရှင်ပြောသွားတာနဲ့တင်
သူမတို့ရှာဖွေစားသောက်ဖို့အတွက်စိတ်ပူနေရတဲ့
ကြားထဲအခု မမလေးကလူကိုင်ရောက်ချလာသည်။

"နင်တို့ကဝန်ထမ်း သူကအလုပ်ရှင်
သူမှားနေရင်တောင်မှဝေဖန်ခွင့်မရှိဘူး...သူကငါ့

ယောကျာ်း
မျိုးရိုးနောက်ခံဘယ်လောက်မြင့်လည်းဆိုတာလ
ည်း သိလောက်ရောပေါ့ အဲ့တာထက်
သူမိန်းမငါပိုင်တဲ့ company ကို
ခင်ပွန်းဖြစ်တဲ့သူလည်း ပိုင်ဆိုင်ခွင့်ရှိတယ်
နင်တို့ဝေဖန်စရာမလိုဘူး"

ဆိုရင် နီးရာက File
တွေယူကာပစ်ပေါက်လာတာက
ထိချင်တဲ့သူထိ။ကမ္ဘာဆီကဖုန်းဆက်တုန်းကသူမဘာ
ယ်လောက်တောင်ဒေါသထွက်လိုက်ရလည်း။သူမ
ချစ်လို့ယူထားတဲ့လူတစ်ယောက်ကို

သူမတောင်မဝေဖန်တာတစ်ခြားသူဝေဖန်တာလ
ည်း သူမမကြိုက်။

"CEO အပြင်မှာ မမလေးသောင်းကြမ်းနေတယ်"

နေတစင်း နိုင်ငံခြားစရင်းတွေပြန်စစ်နေရင်း
သူရုံးခန်းထဲကိုဝင်လာတဲ့ ကမ္ဘာကသူကို Light
ရောက်လာပြီးသောင်းကြမ်းနေတယ်ဆိုတာကြောင့်
သူအပြင်ပြေးထွက်လာရသည်။သူထွက်လာတယ်
ဆိုမြင်လိုက်ရတာက Light
ကတစ်ယောက်ခြင်းလက်ညှိုးထိုးပြောနေတာမို့.....

"Light တော်တော့

ကိုယ်သူတို့ကိုထိုက်တန်တဲ့အပြစ်ပေးပြီးပြီ"

"မတော်နိုင်ပါဘူး ! ပါးကနေရာတကာအားမနာနဲ့

သူတို့ကဘာမို့လို့ ပါးကိုအဲ့လို့ပြောရဲတာလဲ"

သူလည်းတားချင်လို့တားနေတာမဟုတ်။Light

မှာကကိုယ်ဝန်နဲ့မို့

မတော်တဆဆိုတဲ့အဖြစ်တွေဖြစ်တက်တာကြောင့်

သူကပြောရတာပင်။တကယ် Light နဲ့

ဖေဖေကိုသာ company

တစ်ခုထဲအလုပ်လုပ်ခိုင်းမိလို့ကတော့ အဲ့

company မှာအလုပ်လုပ်တဲ့သူတွေတော့

ခေါင်းမွေးပြောင်မှာပဲ။

"ကိုယ်ပြောတာနားထောင်နော် ဟုတ်ပြီလား"

ဆိုကာ နေတစင်းပုခုံးဖက်ခေါ်သွားတော့မှာ

ဝန်ထမ်းတွေမှာ

အသက်ကောင်းကောင်းရှူရတော့သည်။သူတို့ပြော

မိတဲ့စကားလုံးတွေကြောင့်

အိမ်ကအပြစ်မရှိတဲ့မိသားစုတွေပါ

အကျွရောက်ရတော့မည်။

"အလုပ်ရှင်ရဲ့ကိစ္စနဲ့ ငါတို့ကဘာမှမဆိုင်ဘူးလို့

အစကတည်းက

နင်တို့ကိုပြောထားတာပဲ....မမလေးက

သူယေကျာ်းဘက်လိုလူမျိုးလည်းမပြောတာက

မင်းတို့ရှိန်မှာဆိုးလို့ပဲ....နေလက်ရာ

မိသားစုဘယ်လောက်ချမ်းသာလည်းဆိုတာ

တွေ့နေရတာပဲ....တော်တော်များများစီးပွားရေးလုပ်

ငန်းတွေရဲ့နေရာထိပ်စီးပိုင်းမှာ

နေလက်ရာကနေရာယူထားပြီးသား....လူတစ်ယော

က်ကိုအျမင္တစ္ခုထဲနဲ႔သူတန္ဖိုးကိုသတ္မွတ္လို႔မရ

ဘူး.....အခုေတာ့မင္းတို႔ ဒုကၡေရာက္ေတာ့မွာ

ေနမင္းလက္ရာက

သူသားထိတာၿငိမ္ခံေနမယ္မထင္နဲ႔"

ေျပာကာ

ကမ္ဘာလည္းထြက္လာလိုက္သည္။သူတို႔က

မိသားစုဝင္ေတြလိုတေလးတစားဆက္ဆံတဲ့သူကို

ကျ ေကာင္းေပးရမွန္းမသိ။အခုေတာ့

ကိုယ္စားေပါက္ကိုယ္ပိတ္သလိုမ်ိဳးျဖစ္ေနသည္......

...။

~~~~~~~~~~~~~~~ဆက်ရန်။

🌷 ဒီညတော့ အသစ်လေးပဲတင်လိုက်တယ်နော် သဘောကျမယ်ထင်ပါတယ် Share ပေးကြဦး မောင်ကို ချစ်တဲ့သူတွေတွေ့ချင်သေးတယ် 🌷

🍭You are my life🍭

LayNge

Chapter _ 5
~~~~~~~~~~~~~~~

ဒီနေ့က ကျက်သရေမရှိတဲ့နေ့ပင်။ဒယ်ဒီရဲ့

မယားပါသမီးလေးက

ထောင်ကနေပြန်လွတ်ပြီဆိုတော့

သူမတို့နဲ့ပြဿနာကပြန်စကြရပေဦးမည်။သူလည်း

ထိုက်သင့်သလောက်အပြစ်ခံပြီးပြီဆိုတော့

ကိုယ့်ဘက်ကတော့ရန်စမှာမဟုတ်။အခုလည်း

ဒီနေ့လွတ်မှာသိလို မျက်နှာချင်းဆိုင်တဲ့အခါ

ရောက်ရောက်ချင်း တစ်ယောက်ယောက်

အငြိုးတွေနဲ့မဖြစ်စေချင်တာမို့ ဒီနေ့

ပါးကလည်းအလုပ်ပိတ်ကြောင့် နေလက်ရာမှာပဲ

လာနေဖြစ်သည်။

"မေမေ"

"ဟင် သားဘာလုပ်ချင်လို့လည်း"

သူမမေ့ယာပေါ်
ကလေးတွေအိပ်နေတာကိုကြည့်ရင်းအတွေးလွန်
နေရာက သားကြီးကခေါ်တာကြောင့်
သူမကပြန်မေးလိုက်တော့ သားက
သူလက်လေးတစ်ဖက်ကို
ထုတ်ပြလာသည်။သူမလည်း

သားလက်လေးကိုကြည့်လိုက်တော့

လက်မောင်းမှာ သွားရာကြကအထင်းသား။

"ဘာဖြစ်တာလဲ သား"

နေတစင်းကလည်း တစ်ဖက်မှာထိုင်ပြီး Laptop

ကြည့်နေရာက ပိတ်ကာ

သားအမိနားလာထိုင်တယ်ဆိုမြင်လိုက်ရတဲ့

သွားကိုက်ရာကြောင့်မေးလိုက်သည်။ဒါဘယ်သူလ

က်ချက်လည်းဆိုတာ သူရိပ်မိသည်။

"ဟို လီလီ ကိုက်တာ"

"ဒီ မျောက်မလေးကတော့ သားတော်တော်နာနေလားဆေးထည့်ပေးရမလား"

"မနာပါဘူး သားကယောကျာ်းပါ ပြီးရင်သူကအသဲယားတယ်ပြောပြီး သားကိုကိုက်တာ....သားကိုကြည့်မရလို့မဟုတ်ဘူး တဲ့ ချစ်လို့တဲ့"

သားဖြစ်သူဆီကစကားကြောင့် နေတစင်းရော
လင်းရိပ်ကိုရော တစ်ယောက် နဲ့
တစ်ယောက်ကြည့်ကာ
ပြုံးမိတော့သည်။သူ့သမီးပြောတဲ့
ဒီစကားတွေသာဖေဖေကြားရင်တော့
သွေးတက်မှာ။

"ဟွန်း လီလီပန်းသွေး နဲ့
ဖေဖေကတော့ကြီးလာရင်ပွဲတော့လှတော့မှာပဲ"

"အဲ့တာလည်း ခဏာပါပါးရဲ့
အန်ကယ်ကခေတ်နောက်ကျတဲ့လူမျိုးမဟုတ်ပါဘူး"

ဖေဖေက သူများသားသမီးယူတာသာ အားပေးတာ သူ့သမီးပေးရမှာ အားကြီးကို အားပေးပါလိမ့်မယ်။အခုတောင် 3နှစ်ကျော် အလည်မလေးကို မူကြိုပို့ရနေပြီကို 5 နှစ်ပြည့်မှ English ကျောင်းမှာထားမယ်တဲ့။

LWNge

"သား လည်းတရေးလောက်အိပ်ချင်ရင်

ညီလေးတွေဘေးဝင်အိပ်လေ.....ညကြရင်တော့

သားအိပ်တဲ့အခန်းကို

ဖေဖေအတူတူလာအိပ်ပေးမယ်"

နေနေကြအိမ်မဟုတ်တော့

သားအတွက်ထူးဆန်းနေတာသိတာကြောင့်

နေတစင်းကပြောလိုက်တော့ သားက

ခေါင်းငြိမ့်ကာ ကုတင်ပေါ်တက်သွားရင်း

သူညီလေးတွေဘေးလှဲအိပ်သည်။လှဲအိပ်တဲ့

သားကြီးပေါ်ကို

စောင်လေးခြုံပေးလိုက်သည်။ကလေးတွေအိပ်သွား

တော့ ဆိုဖာပေါ်အတူတူဝင်ထိုင်ရင်း သူမကို သူကဖက်ထားလျက်.....

"Light မနက်ဖြန်ပြန်ရင်လေ သူတို့ဘာမမပြောရင် ကိုယ်ဘက်ကသွားပြောမနေနဲ့သိလား"

"အင်း သူလည်းထိုက်သင့်တဲ့အပြစ်ခံယူပြီးပြီလေ သူဘာမှမလုပ်ပဲ လင်းဘက်ကရန်မစပါဘူး"

သူမစကားကြောင့် ကျေနပ်သွားတဲ့သူက သူမနဖူးလေးကို ညင်သာစွာနမ်းရင်း

Lay Nge

ပူနေတဲ့ဗိုက်လေးကိုလည်း

သူလက်နဲ့ပွတ်နေမိသည်။

" ပါး ယားတယ်ဆိုနေ....ဘယ်လိုဖြစ်နေတာလဲ"

"ချစ်လို့လေ ကိုယ့်အချစ်တွေကို

သက်သေထူထားတဲ့နေရာလေးကို

ကိုင်ကြည့်တာလေ"

ဆိုတော့ ကျေနပ်နေတဲ့အပြုံးလေးနဲ့

သူမကသူလက်ပေါ်ထပ်အုပ်ကိုင်လာသည်။သူနဲ့သူ

မက ငယ်ငယ်ရွယ်ရွယ်အိမ်ထောင်ကျခဲ့ပင်မဲ့

နှစ်ဖက်လုံးက

လူသဘာဝမှာဒုတိယဘုရားသခင်လို့သတ်မှတ်ထား

တဲ့ငွေရှိတာကြောင့်

အခုအချိန်အထိတော့အပူအပင်မရှိ။သူ Lynn

Company မှာအလုပ်မလုပ်ဘူးဆိုရင်တောင်

နေလက်ရာကနေလစဉ် သူ့ရှယ်ယာ 40

ရာခိုင်နှုန်းကဝင်ငွေရှိတာကြောင့်ပင်......။

"ကဲ ဟိုသားအဖ ဆော့နေတာတော်တော့!"

ဆော့စရာတွေထားတဲ့အခန်းမှာသွားဆော့ဆိုတော့လည်း သားအဖနှစ်ယောက်လုံးမဟုတ်။အခုတော့အိပ်ခန်းထဲမှာဆော့နေတာ

ပေပွနေတာ။မွေ့ယာပေါ်ဆော့နေရာက

အောက်ဆင်းဆော့တယ်ဆို သူမကမွေ့ယာကို

သေချာသိမ်းနေတုန်းရှိသေး

ပြန်ပြန်တက်ဆော့နေတာ အခါပေါင်းမတည်းပြီမို့

ခါးထောက်ကာပြောတော့.....

"မေမေနော် လီလီက ကလေးပဲဆော့မှာပေါ့"

"အဲ့တာဆို အရုပ်တွေရှိတဲ့အခန်းသွားဆော့လေ ပြီးတော့ မကြီးမငယ်နဲ့မောင်ကလည်း သူ့သမီးအတိုင်းကို လိုက်လုပ်ပေးနေတော့တာပဲ"

"လီလီဆော့တာလေ ဖေဖေကိုဆူပါနဲ့"

နေ

သားအမိနှစ်ယောက်စကားဝိုင်းထဲဝင်မပြောပဲငြိမ်

နေရာက မ

ကသမီးကိုပြောရင်းသူကိုဆူလိုက်တာကြောင့်

သမီးကသူကိုဆူလို့ မ

ကိုပြောလိုက်တဲ့စကားကြောင့်သူမှာပြုံးရပြန်သည်။

"အမလေး

သမီးဆော့တာကိုဝိုင်းကူပေးနေတာမပါတာလား

ပြော ပြီးတော့ ငါ့ယောကျ်ား ငါဆူတာလေ"

"မေမေဆူချင်ရင်

နေနေကိုဆူ....လီလီဖေဖေကလိမ္မာပြီးသား"

သူ့အဖေကို ဆူတာမကြိုက်လို့ ဆူချင်ရင်

ဘာမှမဆိုင်တဲ့သားကို ဆူခိုင်းနေတာကြောင့်

ခဏကအပြင်မှာ ဟိုကလေးလေးကို ကိုယ့်သမီးက

ကိုက်လာတာမြင်တာကို သတိရကာ....

"လီလီ ဘာလို့ကိုကို ကိုက်တာလဲ"

သူမမေးတယ်ဆို စဉ်းစားသလိုလုပ်နေပင်မဲ့

သမီးအမှန်တိုင်းဖြေမယ်ဆိုတာတော့သူမသိသည်။

သား နဲ့ သမီးနှစ်ယောက်လုံးက

သူတို့လုပ်ထားတာတွေကို မိဘမသိရင်တော့

ဒီအတိုင်းထားကြပင်မဲ့

သိရင်တော့တစ်ယောက်မှလိမ်ပြောတက်တဲ့အကျ

င့်မရှိ။

"လီလီကဆော့မယ်ပြောတာကို

သူကမသိချင်ယောင်ဆောင်နေတော့

အသဲယားလို့ကိုက်တာ"

"ဘာဖြစ်တာလဲ မရဲ့

မောင့်သမီးကဘယ်သူကိုဘာလုပ်ခဲ့လို့လဲ"

LayNge

သူမ နဲ့ သမီးပြောနေတာကိုမသိတဲ့

မောင်ကမေးတော့ သူ

မေးတာကိုပြန်မဖြေသေးပဲမျက်စောင်းထိုးပစ်လိုက်

သည်။သမီးဒီလောက်ဆိုးလာတာ

အဲ့တာသူကအမေဆိုးမရင်လည်းကြားထဲကနေအ

ဆူမခံလို့ဖြစ်နေတာ။

"ဘာဖြစ်ရမှာလဲ နင့်သမီးက

မာန်လေးကိုကိုက်တာလေ

လက်မောင်းမှာအကွင်းလိုက်ထင်လောက်တယ်

ဟိုကလေးကမအော်တာတော်တော်ကို

သည်းခံနိုင်စွမ်းမြင့်လို့"

မပြောတာကို နားထောင်ပြီး

သူများမလုပ်ခင်ကိုယ်ကအရင်လုပ်တာကို

သူသဘောကျပင်မဲ့

ယောကျာ်းလေးတစ်ယောက်ကို

ကိုယ်သမီးအသားကိုတောင်မထိစေချင်တာက

တကယ်သူစိတ်ရင်းမို့......

"လီလီ သမီးကို ဖေဖေပြောပြမယ် နောက်တစ်ခါ

ယောကျာ်းလေးနဲ့ဆိုအဲ့လိုကိုက်တာတွေဘာတွေမ

လုပ်နဲ့

Lay Nge

ဖေဖေမကြိုက်ဘူး....ယောကျာ်းလေးနဲ့ယှဉ်ဖြစ်လာပြီဆို သမီးမှာဖေဖေရှိတယ် ဖေဖေလာခေါ်"

"မောင် !!"

သူမက

သမီးကိုအကောင်းဆုံးမနေတယမမှတ်လို့ကြည့်နေတာ ယောကျာ်းလေးတွေနဲ့ သူ့သမီးကို သဝန်တိုပြီး မဟုတ်တာတွေဆုံးမနေတာကြောင့်အော်လိုက်တော့....

Lay Nge

"အီးးး မေမေက

ဖေဖေကိုသိပ်နိုင်တာပဲ....ဖေဖေကိုပဲ

အော်နေတော့တာပဲ"

သူ့အဖေကို သူမကအော်တာကို မကြိုက်လို့တဲ့

သူမကိုပြန်ပြောပြီး နှုတ်ခမ်းရဲရဲလေးရဲ့

အောက်နှုတ်ခမ်းလေးကို

အရှေ့ချွန်ထုတ်ထားသေးသည်။အဲ့လို

အပြုအမူတွေကြောင့်ပဲ မောင်ကသူ့သမီးကို

ဒီလောက်ချစ်နေတာ။

"ဟုတ်ကဲ့ပါ

အစ်မရယ်....တကယ်ပါကိုယ့်ယေကျာ်းကိုအော်တာ

တောင် သူခွင့်ပြုမှအော်ရမဲ့အဖြစ်"

"ဖေဖေ ချစ်တုံးလေး မွ"

သူမရှေ့မှာ

ချစ်ပြနေကြတဲ့သားအဖနှစ်ယောက်ကြည့်ကာ

လက်ညှိုးထိုးကာ ဖွထားသမျှကို

လိုက်သိမ်းရပြန်သည်။ဒီတစ်ခါတော့

သူတို့ဖွထားတာကို သူမတစ်ယောက်ထဲမဟုတ်ပဲ

မောင်ကလည်း သမီးကို ကုတင်ပေါ်တင်ကာ သူမနဲ့အတူလိုက်သိမ်းပေးသည်။

"မောင့်မိန်းမကို အချစ်ဆုံးပဲသိတယ်မဟုတ်လား"

သူမပစ္စည်းတွေပွနေတာကို သိမ်းကူရင်းမောင်က သူမအနားကပ်ကာပြောတော့ ကူလီကူမာပြောတက်လွန်းတဲ့မောင်ကို မျက်စောင်းထိုးရင်းပြုံးလိုက်မိသည်။တကယ်ကို စကားပြောတာက

အမျိုးမျိုးတက်လွန်းသည်။ခဏကတော့
ဖေဖေသမီးလေးလုပ်နေပြီး အခုကြတော့တစ်မျိုး။

"မသိဘူး မောင့်သမီးကို ပဲချစ်တာမဟုတ်လား"

"မောင့်မိန်းမကို ချစ်တာသိသားနဲ့ မဆိုးပါနဲ့ကွာ
မဟုတ်ရင်မောင်ကသမီးရှေ့မှာကို
ဖက်နမ်းပစ်မှာနော် မလုပ်ရဲဘူးထင်နေတာလား"

သူလိုလက်သွက်ခြေသွက်ကိုမှ
မလုပ်ရဲဘူးထင်စရာလား။သမီးရှေ့မပြောနဲ့

လူတွေများကြီးရှိနေတဲ့ ကြေးအိုးဆိုင်ထဲမှာတောင် သူများတွေကြည့်နေလို့ဆိုပြီး သဝန်တိုကာ နမ်းခဲ့တာ သူမအခုထိမမေ့။

"မောင် အရှက်မရှိတာလူတိုင်းသိတယ် အပိုတွေလုပ်ပြီး ပြောမနေနဲ့"

"ဟွန်း မောင့်မိန်းမကသူများတွေထက် မောင့်အကြောင်းကိုပိုသိပါတယ်.....မောင့်ကအဲ့တာ တွေ ချစ်နေရတာ"

layNge

"ဝေးဝေးသွားစမ်းပါ နှင့်မျက်နှာကြီး"

သူမဖွထားတာတွေရှင်းနေတာကို

သူမမျက်နှာနားကပ်လာတဲ့ သူ့မျက်နှာကြောင့်

သူမကလက်နဲ့တွန်းထုတ်တော့

လက်ကိုနမ်းလိုက်တာကြောင့်....

"ကဲ နေမင်းလက်ရာ တော်တော်အားနေရင်

ဝိုင်းသိမ်းလေ.....ဒါ နှင့်သမီးဖွထားတာတွေ

ငါ့တစ်ယောက်ထဲမွေးထားတာမဟုတ်ဘူး"

"မောင်ကိုနာမည်တွေတပ်ခေါ်နေတာက

ပြုံပြင်နေတာလား

မချစ်တော့ဘူးလား....အသစ်တွေ့နေပြီမဟုတ်လား"

သူမအနားလာပြီး အလုပ်ကူလုပ်ပေးနေသလိုလိုနဲ့

မျက်ခွက်လာပြောင်နေတဲ့ မောင်ကို

စိုက်ကြည့်လိုက်တော့

မျက်လုံးတစ်ဖက်ကမိတ်ပြလိုက်သေးသည်။တကယ် သားကမိန်းမရလို့ မြေးတွေတောင်ရနေပြီ

သူကိုယ်သူငယ်ငယ်လေးမှတ်နေလားမသိ။

"အင်း အခုသာငါ့ကိုကြိုက်မဲ့သူရှိရင်လေ

နင်တို့သားအဖတွေကို ထားခဲ့ပြီးထွက်သွားမှာ"

"မ နော်"

ပြောပြီး

သူသမီးဆော့ထားတာတွေကိုဝိုင်းသိမ်းနေခိုက်....

"ဖေဖေ မေမေကအသစ်ရှာရင်

ဖေဖေကမမချောချောလေးရှာယူပစ်လိုက် !

မေမေက ချစ်ဖို့မကောင်းတော့ဘူး"

Lay Nge

ကုတင်ပေါ်ကနေထိုင်ပြီး
သူမတို့ပြောနေတာတွေနားထောင်ကာ
ထပြောတဲ့စကားကဘယ်လောက်တောင်ရိုက်ချင်စ
ရာကောင်းလိုက်လဲ။

"မောင် ! လီလီပန်းသွေးကို သူများပေးပစ်လိုက်
သူ့ထက်ချစ်စရာကောင်းတဲ့သမီးလေးမွေးပေးမယ်"

"မေမေကအသက်ကြီးနေပြီ လာလိမ်နဲ့!"

သူမကဒီစကားပြောရင် စိတ်မကောင်းဖြစ်ပြီး

အမေကို ပြန်ချော့မယ်ထင်ထားတာ အခုတော့

စကားပြောတက်လိုက်ပုံများ သူ့အဖေ

နေမင်းလက်ရာ လက်ချက်ပဲနေမှာ။

"ကဲဟယ် "

ဖြန်း

သူမ သမီးကိုမနိုင်တော့ သူမဘေးနားက

အင်္ကျီလက်တိုဝတ်ထားတဲ့ မောင် လက်မောင်းကို

ရိုက်ချပစ်လိုက်သည်။တကယ် သားသမီးတွေကို မနိုင်ရင်တောင် သူမဆိုးချင်တိုင်းဆိုးလို့ရတဲ့ သူရှိနေလို့။

သားအမိနှစ်ယောက်စကားနိုင်လုနေကတည်းက သူသမခံရမယ်ဆိုတာ သိတာကြောင့် ဝေးရပြေးဖို့စဉ်းစားနေခိုက် လက်မောင်းကို အစော်ခံလိုက်ရတာများ ပူသွားတာပဲ။

"ဟင့် ဟင့် ဟင့် လီလီကစတာပါ မေမေကိုပဲချစ်ထာ....မိထွေးဆို

လီလီကိုရိုက်မှာရေ...လီလီက မေမေချစ်မှန်းသိလို့ စတာကို ဖေဖေကို ရိုက်တယ် ဟီး"

သူမကိုကြည့်ကာ

စကားပြောရင်းအသားဖြူတာကြောင့်

မျက်ခုံလေးတွေ နဲ့ နှုတ်ခမ်းလေးကအစ

နီရဲလာကာ စကားလည်းဆုံးရော ငုံချလိုက်တဲ့

နေမင်းလက်ရာ ပေါက်စကြောင့်

သူမလုပ်လက်စတွေကို ထားကာ

သမီးလေးကိုချီရတော့သည်။စတော့လည်း

ကိုယ်ပဲဆိုပင်မဲ့ သမီးငိုပြီဆိုလည်း ကြည့်မနေနိုင်။

"အေးပါသမီးရယ် မေမေကလည်း သမီးဖေဖေကို ချစ်လို့ရိုက်တာပါ!'

အမလေး သူကိုချစ်လို့ရိုက်တယ်ပဲ ရှိရသေး။သူ့တို့သားအမိဖြစ်ပြီဆို ကြားထဲကစားစာခံကတော့ သူပင်။ဒီလိုအဖြစ်အပျက်ကလည်း သူ့အတွက် ရိုးနေပြီဆိုတော့ ဆက်ပြီးခံလိုက်ပေဦးတော့........။

"သား ထည့်စားနော် ဒါကကြက်သား"

နေတို့မိသားစုလိုက် ညစာစားကြရင်း

ဘေးနားကသူ့မိန်းမလေးက သူကလွဲကျန်တဲ့ သားနဲ့

သားကပါလာတဲ့ အရှုပ်ထုပ်လေးတွေကြေ

ဟင်းတွေခက်ထည့်ပေးနေတာကို

နည်းနည်းမှမကျေနပ်တာကြောင့် ဘာဟင်းမှ

ပန်းကန်ထဲမထည့်ပဲ

ထမင်းဖြူတွေသာစားနေလိုက်သည်။

နေဖြစ်ပျက်နေတာကို

ကျန်တဲ့သူတွေကမသိသေးပင်မဲ့ နေဘေးက

ကလေးထိုင်တဲ့ထိုင်ခုံလေးပေါ်ထိုင်ကာ

ဖြည့်စွက်စာ နဲ့ ကြက်သားကျော်

နှပ်ထားတာလေးတွေကို စားနေတဲ့ လီလီလေးက

သူ့အဖေပန်းကန်ထဲ ဘာမှမရှိတာတွေ့တာမို့

သူစားနေတဲ့အထဲက သက်သက်ထည့်ထားတဲ့

ကြက်သားလေးတွေကို

လက်တုတ်တုတ်လေးတွေနဲ့ကိုင်ကာ ထိုင်ခုံပေါ်ကနေ

ကုန်းကာ သူ့အဖေပန်းကန်ထဲထည့်ပေးဖို့အလုပ်....

"သမီး "

နေ ထမင်းဖြူတွေကြီးစားနေရာက ထိုင်နေရာကအ
ရှေ့ကို ကုန်းလိုက်တာကို သူမြင်တာမို့
အရှေ့ကခံထားတာပါပင်မဲ့ သူလက်က
သမီးလေးအရှေ့ကထိုးခံပြီးသားပင်။

"လီလီ သမီးစားလေဘာလုပ်တာလဲ"

သဘာဝက

မောင့်ရဲ့အထိတ်တလန့်တားလိုက်တဲ့အသံကြောင့်
ကြည့်လိုက်တယ်ဆို သမီးက ကုန်းထတာကို
မောင်ကလက်ထိုးခံထားတာတွေတယ်ဆို

Lay Nge

သူမကပြောလိုက်တော့ လီလီလေးက သူ့အဖေပန်းကန်ထဲကို လက်ညှိုးထိုးပြသည်။

"ဟာ ဖေဖေ ဘာဟင်းမှထည့်မစားဘူးလား"

လီလီလေး လက်ညှိုးထိုးပြတာကို အကုန်လုံးအကြည့်တွေကရောက်သွားတယ်ဆို တစ်ဝက်ကျနေတဲ့ ထမင်းကို အဖြူသည်အတိုင်းတွေ့ရတယ်ဆို နေတစင်းက မေးခွန်းအရင်ထုတ်လာသည်။လင်းရိပ်ကိုကတော့ သူမဘေးနားက သားကြီးရဲ့ပန်းကန်ထဲက

အသုတ်ထဲပါတယ်

ငရုပ်သီးစိမ်းကိုဖယ်ပေးနေသည်။သားငယ်လေးနှစ်

ယောက်ကတော့ နို့ဝအောင်စို့ပြီး

နပ်နေကြပြီဖြစ်သည်။

"ဟင်း တွေကိုမကြိုက်လို့လေ"

လင်းရိုပ်ကိုကတော့

သားကိုငရုပ်သီးဖယ်ပေးနေရင်းက

အန်ကယ်ရဲ့ဂျေဝင်နေမှုကြီးကိုသိတာကြောင့်

ခိုးပြီးပြုံးမိသည်။တကယ် နေလက်ရာမှာနေရတာ

စိတ်ချမ်းသာရသည်။

သဘာဝ

သူကဟင်းတွေကိုမကြိုက်ဘူးပြောတာကြောင့်

မောင့်ကိုကြည့်လိုက်မိသည်။သူမချက်ထားတဲ့အထဲ

မှာ မောင့်မကြိုက်သော ကြက်သားဟင်းပဲရှိပြီး

ကျန်တာ

မောင်ကြိုက်တာတွေသူမရွေးချယ်ချက်ထားတာ

လေ။သူကြက်သားမကြိုက်မှန်းသိလို့

သူစားနေတဲ့နေရာနဲ့ ဝေးဝေးထားတဲ့အပြင်

သူမကသူ့ဘေးထိုင်နေတော့

သူမစားရင်သူအတွက်အနှောက်အယှက်ဖြစ်မှာဆိုး

လို့ သူမတောင်မစားပေ။

"ဖေ့ လီလီဟာ လေးကကောင်းတယ် စားစား"

နေ သမီးခဏကဘာလုပ်တယ်ဆိုတာ

အခုမှသဘောပေါက်သည်။ဘာလို့ဆို သမီးလေးက

ကြက်သားဖက်လေးတွေကို

လက်ထဲစုပ်ထားလို့ပင်။အခုသူက

ဟင်းတွေမကြိုက်ဘူးပြောလိုက်တာနဲ့

သူလက်ထဲကကြက်သားဖက်လေးတွေကို

ပြတာကြောင့် သူမှာမျက်ရည်ပါ

ဝဲချင်သွားရသည်။အသက်ငယ်ငယ်လေးနဲ့ ဖအေကို

သိပ်ချစ်တက်တဲ့ ဒီကလေးလေးစေတနာကို

ဖအေဖြစ်တဲ့သူကအသိအမှတ်ပြုရမှာမို့

သူပန်းကန်ကိုယူကာ သမီးရှေ့ပို့လိုက်တော့

သမီးလေးက

သူပန်းကန်ထဲကြက်သားဖက်လေးတွေထည့်လာသ

ည်။

"ဖေ့သမီးလေးကတော်လိုက်တာ "

ဆိုကာ ပန်းကန်ထဲကကြက်ကျော်လေးတွေနဲ့

ထမင်းကိုတွဲကာ ပါးစပ်ထဲထည့်လိုက်တဲ့သူ့ကြောင့်

မျက်လုံးပြူး အံ့သြသွားရသည်မှာ သဘာဝ နဲ့

နေတစင်းသာ။ထမင်းကုန်သွားတဲ့အထိကို

သမီးထည့်ပေးတဲ့ကြက်ကျော်ကိုသာစားပြီး

ကျန်တဲ့ဟင်းဆို

တကယ်ကိုတစ်စက်မျှကိုထိဖို့နေနေသာသာ

ဇွန်းတောင်မကိုင်ပေ။

"သမီး ပြီးပြီလာ ဖေဖေနဲ့

ကစားကွင်းသွားရအောင်"

ညဘက်ကြီး

ဟိုကစားကွင်းကိုသွားမယ်ပြောတာမဟုတ်ပဲ

သူ့သမီးအတွက်ပြင်ထားတဲ့

ကလေးကစားစရာပေါင်းစုံရှိတဲ့

သူမတို့အခန်းဘေးနားက

အရင်သားနေခဲ့တဲ့အခန်းကိုပြောတာပင်။ပေ 20

လောက်ရှိတဲ့အခန်းထဲမှာ သူ့သမီးအတွက်

လိုအပ်တာမှန်သမျှ

လတိုင်းကိုဖြည့်နေတော့တာပင်။

"လီလီ လက်မဆေးရသေးဘူး ဖေ့"

"လက်မဆေးရသေးလဲ ဖေဖေဆေးပေးမယ် လာခဲ့"

ဆိုကာ သူထိုင်ခုံမှာသူထိုင်နေတဲ့
သမီးကိုကောက်ချီကာထွက်သွားတဲ့
မောင့်ကြောင့်...

"မေမေ ယောကျာ်းဘာဖြစ်သွားတာလဲ
ဦးနေမင်းလက်ရာတို့ကတစ်နေ့တစ်မျိုးမရိုးရဘူး
နော်"

"ပါး ကလည်းအန်ကယ်က ၂ ဝင်သွားတာလေ ဒါလေးတောင်မသိဘူးလား....တစ်ခြားသူတွေကြ ဟင်းတွေခပ်ထည့်ပေးနေပြီးသူကိုမထည့်ပေးလို့"

လင်းရိပ်ကို စကားကြောင့် သဘာဝမျက်နှာပူသွားရသည်။ဒီမောင်တစ်ယောက် ကတော့ ကလေးတွေရှေ့မှာ တကယ်ကိုပြောရခတ်သည်။သူမလည်း ရီပြီးပြောနေတဲ့ လင်းရိပ်ကို ပြန်ပြုံးပြပြီး စားစရာရှိတာဆက်စားနေလိုက်သည်..........။

"မောင်"

သူမထမင်းစားပြီးတော့ သူတို့သားအဖရှိရာ
သမီးအတွက်ပြင်ပေးထားတဲ့အခန်းထဲဝင်လာတော့
မောင်က သမီးနဲ့ဆော့ပေးနေတာကြောင့်
သူမကခေါ်လိုက်တော့
သားအဖနှစ်ယောက်လုံးလှည့်တောင်မကြည့်။

"မောင် ခေါ်နေတယ်လေ!"

"ဘာလဲ !!"

အဲ့တာ

သူစိတ်ကောက်နေရင်ပြောတဲ့လေသံ။တကယ်

သူမလည်း ကလေးနှစ်ယောက်ထက်

သူကိုထိန်းရတာ

ပိုခတ်တယ်ထင်မိသည်။ကလေးနှစ်ယောက်က

စကားပြောတာနားမထောင်ရင် ကိုယ့်သားသမီးမို့

နဲနဲလောက်မာန်လိုက်ရင်ရပင်မဲ့

မောင်ကတော့ရမှာမဟုတ်။

"မောင် နင်ကိုယ်မွေးထားတဲ့
သားသမီးတွေနဲ့ပြန်သဝန်တိုနေတာ
တော်တော်များတယ်နော် လင်းရိပ်ကို
ကမောင်ဘာဖြစ်လဲသိလို့ပြောတာ....ဘယ်လောက်
ရှက်ဖို့ကောင်းလဲ"

"အဲ့တော့ ဘာလုပ်ပေးရမှာလဲ....နေတစင်းကို
သွားပြီး
မင်းအမေရှက်နေပြီမပြောနဲ့လို့ပြောရမှာလား"

Lay Nge

"မောင်ကပြောလေဆိုးလေပဲ အသက်ကြီးလေ နားလည်မှုမရှိလေပဲ"

နေ မိန်းမဖြစ်သူနဲ့ လှည့်စကားပြောနေခိုက် တစ်ဖက်က လီလီလေးကလည်း ဆော့နေရာက သူမကို အရေးမလုပ်တဲ့ ဖေဖေကို စိတ်ဆိုးကာ နှုတ်ခမ်းကအရှေ့ကို ဆူထွက်နေတော့သည်........။

~~~~~~~~~~~~~~ဆက်ရန်။
~~~~~~~~~~~~~~

🌷 Comment လေးတွေနဲ့

မောင်ချစ်တုန်းလေးတွေ မန့်ပေးသွားပါဦး

အများကြီးချစ်ပေးရင် နေ့တိုင်းတင်ပေးမယ် 🌷

🍭You are my life🍭

Chapter _ 6

"ကလော ကိုသွားမယ်ဟုတ်လား မောင်"

Lay Nge

သူမသမီးကို သိပ်ပြီးတယ်ဆို

လင်မယားနှစ်ယောက်မအိပ်ချင်သေးတာကြောင့်

ဝရံတာမှာအတူတူယှဉ်ရပ်နေရင်း မောင်က

ခရီးသွားရမယ်ဆိုတာကို ပြောလာတာမို့

သူမကပြန်မေးလိုက်သည်။

"ဟုတ်တယ် မိန်းမရဲ့

မောင်အလုပ်ကိစ္စနဲ့သွားတယ်ဆိုပင်မဲ့

မောင်ကရှမ်းပြည်နယ်အနှံ့ရောက်ဖူးတယ်ဆိုပင်မဲ့

မ တို့သားအမိကို ပို့ပေးချင်တာ....တောင်ကြီး

အင်းလေးတို့ကိုပါလိုက်ပို့မယ်....သိပေါ်ရောသွားချင်

သေးလား"

"တကယ်ပြောနေတာလား မောင်"

သူ့က အလည်ခရီးထွက်မှာကိုပြောလိုက်တော့ မကပျော်သွားတဲ့ဟန်မို့သူမှာ ကျေနပ်သွားရသည်။သူမကိုလည်း ခရီးလိုက်ပို့ဖို့ သူအားလပ်ချိန်ရှာပင်မဲ့ အခုလိုအဝေးကြီးတော့လိုက်မပို့ဖြစ်။

"မောင် ကလောကြရင်မြို့အနှံ့လည်မယ်နော် သမီးလေးကဘယ်မှသိပ်ရောက်ဖူးသေးတာမဟုတ် ဘူး"

"သူကမြန်မာပြည်အတွင်းသာ သိပ်မဟုတ်တာပါ အခုအသက် 3နှစ်ကျော်လေးနဲ့ US ရော UK ပါရောက်ဖူးနေပြီလေ.....နောက်ကြရင်တော့ သမီးကို မောဒိုက်ကိုလိုက်ပို့ဦးမယ်"

သူမတို့ကျန်တဲ့မိသားစုဝင်တွေထက် မောင်ကတော့ ပြည်တွင်းပြည်ပရောနှစ်ခုလုံး

Lawage

အလုပ်ကိစ္စနဲ့သွားနေရာတာကြောင့်
မရောက်ဖူးတဲ့နေရာက ခပ်ရှားရှားရယ်။

"မောင်"

"အင်း ဘာပြောမလို့လည်းပြောလေ"

သဘာဝ ပြောမယ်ပြင်လိုက်ပင်မဲ့
ပြောသင့်တဲ့စကားမဟုတ်တာမို့
သူမဘာမှမပြောတော့ပဲငြိမ်နေမိသည်။သူမ
ဒေါ်လေးတို့ ဒုက္ခရောက်နေတာကို

LayNge

ကူညီချင်တယ်ပြောရင် မောင်က

ဒေါသထွက်မှာသေချာတာကြောင့်ပင်။

သူ့ကိုစကားပြောမယ်ပြင်ထားပြီးမှ ငြိမ်သွားတဲ့ မ

ကိုသူလက်မောင်းလေးနှစ်ဖက်က ကိုင်ရင်း

သူမမျက်ဝန်းတွေကို

သူတည့်တည့်ကြည့်လိုက်တော့

သူကိုပြောမဲ့စကားအတွက်စိုးရိမ်နေတာကို

သူမမျက်ဝန်းကတစ်ဆင့်တွေ့ရသည်။

"မ ပြောမဲ့စကားက မောင်ဒေါသထွက်စေမဲ့
စကားဆိုရင်လည်း ပြောပါ....ကိုယ့်မိန်းမဆီက
တိုင်ပင်တာခံရတာက မောင့်ကိုကျေနပ်စေတယ်"

"ဟိုနေ့က နှိုင်းယှဉ်တို့နဲ့ ဈေးလိုက်သွားတော့
ဒေါ်လေးကိုတွေ့တယ်မောင်"

ဒီလောက်ပြောတာနဲ့တင်
သူမဘာကိုပြောချင်မှန်းသူနားလည်လိုက်ကာ
မျက်ခုံးပင်ပင့်သွားရကာ သူမပြောမှာကိုဆက်ပြီး
နားထောင်နေလိုက်သည်။

"တော်တော်ဒုက္ခရောက်နေတဲ့ပုံပေါ်တယ် မောင် "

"အဲ့တော့ မောင့်မိန်းမက ကူညီချင်လို့လား
ဟုတ်လား ပြောပါဦး"

သူမပြောမှာကို သိနေတဲ့မောင်က
သူမကိုကူညီချင်လို့လားမေးတဲ့
မျက်နှာအနေအထားက ဘာဒေါသမှမပါပဲ
ပြုံးပြီးသူမကို ပြန်မေးနေတဲ့
မောင့်ကြောင့်အံ့သြနေမိသည်။

"မောင် စိတ်မဆိုးဘူးလားဟင်
မောင်စိတ်ဆိုးမယ်ဆိုလည်း
သဘာဝနားလည်ပါတယ်"

"ဘာလို့ဆိုးရမှာလဲ
ကိုယ်မိန်းမကဖြစ်စေချင်လို့တောင်းဆိုနေတာကို
မောင်ကငြင်းရက်ပါ့မလားကွာ....မောင်အရင်လိုအ
ပူတွေကိုထမ်းထားပြီး
ပူလောင်မနေစေချင်တော့ဘူး ဒါပင်မဲ့ အဲ့ထဲ
ရှိုင်းထက်မြတ်တော့မပါဘူး"

သူမ

မောင့်စကားကြောင့်ပြုံးကာခေါင်းငြိမ့်ပြလာလိုက်

သည်။သူမအပေါ် သိပ်ကြင်နာပြီ

သိပ်နားလည်မှုရှိတဲ့ ခင်ပွန်းမို့ သူမမှာ

မောင့်အပေါ် ပိုပြီး တွယ်တာလာရသည်။မောင်က

သမီးလေးမွေးပြီးကတည်းက

အရင်လောက်ဒေါသသိပ်ပြီးမကြီးတော့တာ

အမှန်ပင်။

"သူ့လည်းစကားထဲထည့်မပြောပါဘူး

မောင်သာသတိရနေတာ"

"မောင့်မိန်းမက သတိမရဘူးဆိုတော့

စိတ်ချမ်းသာလိုက်တာကွာ....ကိုယ်ချစ်ရတဲ့သူနဲ့ပေါ

င်းဖက်ရတာ

မောင့်ဘဝမှာကံအကောင်းဆုံးပဲ....အလွမ်းနဲ့

ဇာတ်သိမ်းတာတွေဆို

အခွေပါထချိုးပစ်ချင်စိတ်ပေါက်တယ်'

"အခွေကိုချိုးချင်တယ်ပြောရအောင်မောင်က ဇာတ်ကားကြည့်ရှာတယ်ဆိုတော့ တစ်နေ့တစ်နေ့ သူ့အလုပ်နဲ့သူအလုပ်ရှုပ်နေပြီးတော့"

"မောင်အလုပ်လုပ်မှ မောင့်ချစ်ဇနီးလိုချင်တာဖြည့်စည်းပေးလို့ရမှာပေါ့ မိန်းမရဲ့...အခုတော့ ဟိုပေါက်စနလေးလည်း ကြီးလာဦးမှာ...သူကျောင်းတက်ရင်တော့ သားလို 12နှစ်လောက်နဲ့တော့ နိုင်ငံခြားမလွှတ်တော့ဘူး...ဒီမှာပဲ international school တက်ခိုင်းမယ်"

LaNge

သူ့သမီးအကြောင်းကိုပါထည့်ပြောရင်း နိုင်ငံခြားကိုလည်း ကျောင်းထားဖို့စိတ်မချဖြစ်ကာ ပြောနေတဲ့ မောင်ကြောင့် အဖေတွေရဲ့အသည်းကျော်တွေက သမီးတွေမို့ သူမမောင့်ကို ကြည့်ကာ မောင့်သဘောဆိုသည့်သဘောဖြစ်ပြီးပြလိုက်ရသည်။

"မောင် ကလောကဘယ်တော့သွားမှာလဲ ဟင်"

"မနက်ဖြန် ညနေ့"

"ဘာ !"

မနက်ဖြန်ညနေ့သွားမှာကို သူမကိုအခုမှပြောတဲ့ မောင်ရင်ဘတ်ကို ထုပစ်လိုက်သည်။သူမတို့ကို ခရီးသွားမှာ 2ရက်လောက်ကတည်းကြိုကြိုပြောသင့်တာပေါ့။ ကိုယ်တွေနှစ်ယောက်ထဲဆိုရင် အဝတ်အစားကမနက်ဖြန်မနက်ထည့်တာနဲ့တင်အ

ချိန်လောက်သည်။အခုက သမီးလေးရောပါမှာကို မောင်မစဉ်းစားဘူးလားမသိ။

"မောင့် သမီးလေးနဲ့ပက်သက်တာတွေထည့်ဖို့ အချိန်ဘယ်လောက်တောင့်မှာလည်း တွေးမိရဲ့လား"

"မောင်တို့ အခုထည့်ရင်ရတာပဲ မဟုတ်လား မနက်ဖြန်ကြမှ မ နဲ့ မောင် ပစ္စည်းတွေကို ထည့်လိုက်လေ"

"မောင်ပဲသိ မောင်ပဲတက် လူဆိုးကြီး"

ပြောကာ ဝရံတာမှာအတူတူရပ်နေရာက မ က
ခြေထောက်ကိုဆောင့်က
အိမ်ထဲကိုပြန်ဝင်သွားတာက
သမီးနဲ့ပက်သက်တာတွေသွားထည့်တာထင်သည်။
သူလည်း စိတ်ကောက်သွားတဲ့ မိန်းမကို
သမီးနဲ့ပက်သက်တာတွေဝိုင်းကူဖို့
အိမ်ထဲဝင်လိုက်လာလိုက်သည်။

သူတို့အခန်းထဲက
အဝတ်စားလှဲခန်းထဲဝင်လိုက်တယ်ဆို မ က

Luggage အိတ်အကြီးထဲကို သမီးအဝတ်အစားလေးတွေရွေးထဲနေတာကြောင့် သူလည်း မ အနားလျှောက်သွားလိုက်သည်။

"မ အဲ့ဒေသကအေးတယ်နော် သမီးအတွက်အနွေးထည်လေးတွေထည့်ဦးမလား မောင်ယူလိုက်မယ်"

"အင်း အဖြူလေးတွေမယူနဲ့မောင် ပန်းရောင် နဲ့ အနက်ကလေး 10 ထည့်လောက်ပဲယူလိုက်လေ"

သူမက

သမီးအနွေးထည်လေးကိုသူ့ကိုယူခိုင်းနေတာကြော

င့် သမီးရဲ့ အဝတ်အစားတွေချိတ်ထားတဲ့အထဲ

အနွေးထည်တွေထားတဲ့ထဲက

သူမပြောတာလေးတွေကိုယူကာ

သူမကိုပေးလိုက်သည်။အဲ့မှာက

သူတွေးထားသလောက်က အနည်းဆုံး 10

ရက်လောက်ကြာမှမို့ သမီးအတွက်ကိုအဓိကထား

ယူနေရသည်။သူတို့နှစ်ယောက်

အဝတ်ကမပါလည်း ရောက်တဲ့နေရာ

ပိုက်ဆံပါရင်ဝယ်ဝတ်လို့ရတာမို့ သိပ်ပြီး

အရေးမဟုတ်။

"သမီးအတွက် တဘတ်လေးတွေယူပေးဦးမောင်
ပြီးတော့ သမီးတိုက်နေကြ
ဆပ်ပြာဘူးလေးတွေရော
ပေါင်ဒါပါတစ်ခါထဲပါတဲ့ဟာ
တစ်ကဒ်ယူလိုက်မောင်"

"babymild လား မ"

သူမေးတော့ မကခေါင်းငြိမ့်ပြတာမို့ သူ BabyMild
တစ်ကဒ်ကိုယူကာ မကိုပေးလိုက်သည်။ပြီးတော့

Lay Nge

သမီးအတွက် အရုပ်လေးတွေနဲ့

သွားတိုက်တံလေးတွေပါ

သူယူပေးလိုက်သည်။သမီးရေချိုးပြီးရင်

ဝတ်နေကြ

ရေချိုးဝတ်စုံအသေးလေးနှစ်ထည်ကိုပါ

ယူပေးလိုက်သည်။ပြီးတော့ သမီးက

နို့မလိုင်ချောင်းလေးတွေကြိုက်တာကြောင့်

သူမှာအောက်ထပ်ဆင်းပြီး

အဲ့တာကိုပြေးယူရသေးသည်။

သမီးလေးအတွက်ပြင်ဆင်ပြီး

သူတို့လင်မယားအတွက်က တစ်ခြား luggage

အိတ်တစ်လုံးကို ယူကာ
တစ်ခါထဲထည့်လိုက်သည်။သမီးလေးအတွက်ရော
သူတို့အတွက်ပါအဝတ်အစားထည့်တာပြင်ဆင်ကြ
တာကြောင့် သူတို့အကုန်ပြင်ဆင်ပြီးတော့
11နာရီထိုးနေပြီ။

"မောင် ဒီအတိုင်းပဲဝတ်အိပ်မှာလား
ပုဆိုးထုတ်ပေးရဦးမလား"

"တော်ပါပြီ မောင့်မိန်းမပင်ပန်းနေပြီ အိပ်ကြမယ်
မနက်ကြရင် သားတို့ကိုပါပြောရမယ်
မောင်တို့ပြန်မလာခင်အထိအိမ်မှာနေဖို့"

"အင်း ဟုတ်တယ် မောင်
ဟိုမှာကဘယ်လောက်ကြာမယ်မှန်းမသိဘူး
သားတို့လည်းဒီမှာနေတော့
ပြဿနာမတက်အောင်ရှောင်သလိုပဲ"

သူမက သူ့စကားကိုထောက်ခံတယ်ဆို
သူကခေါင်းတစ်ချက်ငြိမ့်ပြရင်း

သူမကိုပုခုံးကနေဖက်ကာ

အဝတ်လဲခန်းထဲကထွက်လာသည်။သူတို့အဝတ်လဲ

ခန်းထဲကထွက်လာပြီး အိပ်ဖို့ပြင်တော့

သမီးလေးက သူတို့နှစ်ယောက်ကြားအိပ်တာမို့

သူအိပ်နေကြဘက်ကို မျက်လုံးလေးမဖွင့်ပဲ

စမ်းနေတာကို တွေ့တော့ မ

ကသူမနေရာသူမဝင်လဲရင်း......

"တကယ် ဖအေချစ်လေး မွေးပေးတဲ့ငါ့ကြ

သူတို့အဖေလောက်ကို မချစ်ကြဘူး

နှစ်ယောက်လုံး "

သူလည်း သမီးလေးဘေးဝင်လှဲရင်း မ ပြောတဲ့စကားကြောင့်ပြုံးမိသွားသည်။သူက သမီးလေးရှိရာဘက်စောင်းလှဲလိုက်တယ်ဆို သမီးက သူ့အင်္ကျီစကို ကိုင်မိသွားရင်း နှုတ်ခမ်းလေးပြုံးသွားကာ ပြန်အိပ်ပျော်သွားသည်။သူလည်း စိတ်ကောက်သလိုပြောရင်း သူဘက်ကိုမျက်နှာမူအိပ်တဲ့ မ ကို တစ်ချက်ထနမ်းလိုက်ပြီး သမီးလေးကိုလည်း နမ်းကာအိပ်စက်ခြင်းဆီသို့.........။

"မေမေတို့က ဒီနေ့လည် ကလောသွားကြတော့မှာ ဟုတ်လား.....သားတို့ကိုကြမပြောဘူး"

"မင်းတို့ကို ပြောရအောင် လင်းရိပ်ကိုက မပေါ့မပါးနဲ့ဆိုတာ မင်းမေ့နေတာလား ကိုယ်လုပ်ထားပြီး ကိုယ်မေ့နေတာက မဖြစ်သင့်ဘူးမဟုတ်လား"

နေတစင်း ကမိသားစုလိုက်ခရီးထွက်တာကို မလိုက်ရလို့ပြောလိုက်မိတာဆိုပင်မဲ့ ဖေဖေ

ထပြောတဲ့စကားကြောင့် မနက်စာစားနေရင်းက

လင်းကိုကြည့်မိတော့ မျက်နှာလေးကရဲနေသည်။

"ဖေဖေကလည်းဗျာ စကားပြောတာထိန်းပြောပါ

ဗျာ့ ကျွန်တော်မိန်းမရှက်နေပြီ"

"ငါက အမှန်တရားပြောပြနေတာ

မဟုတ်တာတွေပြောနေတာမဟုတ်ဘူး

လင်းရိပ်ကိုက မင်းထက်နားလည်တယ်

မင်းသာအခုကလေး က

3ယောက်တစ်ဗိုက်ဖြစ်နေတာတောင် ကလေးလိုလို ခွေးလိုလိုနဲ့"

"မောင် ကလေးတွေကို ဘာတွေလျှောက်ပြောနေတာလဲ"

"ဖြစ်သင့်တာကိုပြောနေတာလေ မောင့်မိန်းမကလည်း.... အဲ့တာတွေက အရေးမကြီးပါဘူး ပြောချင်တာက ဖေဖေတို့ခရီးသွားနေတုန်း မင်းတို့မိသားစု နေလက်ရာမှာပဲနေဖို့ပဲ"

ဖေဖေကသူတို့ခရီးသွားတုန်း နေလက်ရာမှာပဲ နေဖို့ပြောလာတာကြောင့် လင်း ကိုကြည့်လိုက်တော့ ပါး သဘောဆိုတဲ့အကြည့်နဲ့မို့ သူဖေဖေကို ခေါင်းငြိမ့်ကာ.....

"ဟုတ်ဖေဖေ ဒါဆို အန်တီနှင်းယှဉ်တို့ရှိတော့ အိမ်မှာ လင်းတို့သားအမိတွေကို အေးဆေးစိတ်ချပြီး ထားခဲ့လို့ရတယ်"

"သား မေမေတို့မရှိဘူးဆိုပြီး

နေချင်သလိုမနေနဲ့နော် ကိုယ့်အိမ်မှာမိန်းမက

ကျန်နေခဲ့တာကို သတိရ မမှောင်ခင်အိမ်ကို

အရောက်ပြန်လာ"

"ဟုတ်ကဲ့ပါ မေမေ သားဖေဖေနဲ့

မေမေစကားနားကို ဦးထိပ်မှာပန်ဆင်လျက်ပါပဲ"

"ပြောတာပဲ ပြီးရင် မင်းပဲတလွဲလုပ်တာ"

နေတစင်း စကားကို နေကပြန်ပြောလိုက်တော့
မနက်စာစားနေတဲ့
မိသားစုဝင်တွေအကုန်ပြုံးမိသား။နေတစင်းအ
ကြောင်းကို အသိဆုံးက
သူ့အဖေပဲမဟုတ်လား........။

သူမတို့မိသားစု ထမင်းစားပြီးတော့ ဧည့်ခန်းထဲမှာ
ထိုင်ပြီးစကားပြောနေရာက
သားရဲ့အမွှာလေးနှစ်ယောက်ထဲက အကြီးလေးက
သူ့အဖေပေါ်ကနေ ကုတ်ဖွဲ့ဆင်းလာကာ သူမရှေ့ကို
လမ်းလေးယိုင်တိယိုင်တိုင်လျှောက်လာရင်း
ချီခိုင်းတာမို့......

"အာ ဘွားမြေးလေးက ချီခိုင်းတာလား....အမလေး လူလည်လေး လာ"

သဘာဝက ကောက်ချိလိုက်တယ်ဆို နေအရိပ် လေးက သဘောတွေကျနေကာ တစ်ခစ်ခစ်ရီတယ်ဆို သူမဘေးထိုင်နေတဲ့ မောင်က.....

"ငါ့မိန်းမအပေါ်ထိုင်ရင် ကောင်းကောင်းထိုင်နော် ဟိုထိဒီထိမလုပ်နဲ့ ကောက်စုတ်လေး"

Laynge

"ဟွန့် !"

သူပြောတယ်ဆို သဘာဝပေါ်က
တစ်နှစ်ကျော်သာရှိသေးတဲ့ ကလေးက
မောင်ကိုနှာခေါင်းရှုံ့ပြတာကြောင့် မောင်က
အသဲယားသွားပုံပေါ်ကာ
သူမအပေါ်ကနေစွေ့ကနဲ့ပွေ့ချီလိုက်သည်။

"ဘာလဲ မင်းကငါ့ကို စိန်ခေါ်တာလား!"

နေ နဲ့ သူ့မြေးအကြီးလေးဖြစ်နေတာကို

တစ်အိမ်သားလုံး သဘောကျနေပင်မဲ့

အဲ့အထဲကတစ်ယောက်သော သူလေးကတော့

စိတ်ကောက်သွားကာ ညှော့ခန်းထဲကထွက်သွားကာ

ခြံထဲဆင်းသွားသည်.......။

လီလီလေးခြံထဲဆင်းလာတယ်ဆို

နေမင်းမာန်ဟုန်လေးကလည်း

ခြံထဲကဒန်းလေးပေါ်မှာထိုင်နေတာကို

တွေ့တာကြောင့် သူ့အနားလျှောက်သွားသည်။

"ကိုကို "

"ဘာလဲ ကလေးလေး ဆော့ချင်လို့လား"

မာန်လေးက တစ်ခြားကလေးတွေထက်
လီလီလေးကို ပိုသဘောကျသည်။ကိုယ့်ထက်
7နှစ်လောက်ငယ်တဲ့
ဒီကလေးလေးကအနည်းငယ်ဆိုးချင်တာကလွဲကျန်
တာ အကုန်ချစ်ဖို့ကောင်းသည်။အခုလည်း
သူမေးလိုက်တယ်ဆို

ချစ်ဖို့ကောင်းစွာခေါင်းငြိမ့်ပြတာကြောင့်

သူကဒန်းပေါ်ထိုင်နေရာက ဆင်းကာ......

"ကလေးလေးက ဘာကစားချင်တာလည်း"

"ကိုကိုက ပြေး

လီလီကလိုက်မယ်လေ....မင်းသားလေးကို

မင်းသမီးလေးကအပိုင်သိမ်းဖို့"

ကလေးလေးစကားကြောင့် မာန်လေးရီလိုက်ပြီး

*ဟုတ်ပါပြီ ဗျာ* ပြောကာ အရှေ့ကနေပြေးတော့

လီလီလေးကလည်း

ပြေးလိုက်ဖမ်းသည်။မာန်လေးကလည်း

သူမတရားပြေးရင်

ကလေးလေးချောလဲမှာဆိုးတာကြောင့်

ဖြေးဖြေးလေးပြေးသည်။

"ကိုကို လီလီလာပြီနော်"

အသံပိစိလေးနဲ့ သူနောက်ကို

အော်ပြီးပြေးလိုက်နေတဲ့ ကလေးလေး။ခြံထဲမှာက

Lay Nge

ချောလဲရင်အထိနာမဲ့

ဆူးပြောင့်ခလုတ်မရှိတာတော်သေးသည်။

ခြံထဲကနှစ်ယောက်ဆော့နေတာကို

အိမ်ထဲကလူတွေကလည်း လီလီလေးမရှိတာကို

အခုမှသတိထားမိတာကြောင့် နေအရိပ်လေးကို

ချိုထားလျက်

နေမှာမျက်လုံးထဲပြာကနဲ့ဖြစ်သွားရကာ.....

"လီလီ သမီး"

နေတစ်ယောက်ထဲမဟုတ်

လီလီလေးပျောက်သွားတယ်ဆို

တစ်မိသားစုလုံးမျက်စိမျက်နာပျက်နေကြပြီဖြစ်သ

ည်။အကုန်လုံးမက်တပ်ထရပ်လိုက်ရင်း နေလည်း

လက်ထဲကကလေးကို ချီလျက်နဲ့

ဧည့်ခန်းထဲကပြေးထွက်ကာ သမီးတော်ကို

ရှာရတော့သည်။

"လီလီ သမီးရေ"

"သမီးငယ်"

Lay Nge

"လီ....."

နေတစင်း စကားတောင်မဆုံးသေး ခြံထဲကိုအကြည့်ရောက်သွားရကာ သားဖြစ်သူနဲ့ ဆော့နေသော လီလီပန်းသွေးကို တွေ့မှသက်ပြင်းချလိုက်ရင်း သူ့သမီးပျောက်လို့ပြာပြာသလဲဖြစ်နေတဲ့ ဖေဖေကို.....

"ဖေဖေ မရှာနဲ့တော့ ဖေဖေသမီးကခြံထဲမှာ သား နဲ့ ဆော့နေကြတယ်"

နေတစင်း စကားကြားမှ သဘာဝလည်းသက်ပြင်းချနိုင်တော့သည်။သူမတို့ တွေ နေအရိပ်လေးဆီ အာရုံရောက်နေတုန်း လီလီလေးကထွက်သွားတာထင်သည်။သမီးက လွှတ်ထားလို့ရသေးတဲ့အရွယ်မဟုတ်တော့ စိတ်ထဲထူပူသွားတာ အမှန်ပင်။

Lay Nge

နေ ကတော့ နေအရိပ်လေးချိထားလျက်

ခြံထဲဆင်းသွားကာ ပြေးနေတဲ့လီလီနေနားသွားကာ

လက်မောင်းကနေ ကိုင်လိုက်ကာ ...

"လီလီ သမီးဘယ်တွေလျှောက်သွားနေတာလဲ ဟမ်

! မိဘတွေစိတ်ပူရအောင် လုပ်တယ်"

လီလီလေးက မွေးကတည်းက

အသံမာမာနဲ့မပြောဖူးတဲ့ သူမအချစ်ဆုံး

ဖေဖေထံက ဆူခံရတာကြောင့်

ငိုမဲ့မဲ့လေးဖြစ်သွားကာ

ဖအေလက်ထဲကရုန်းထွက်ရင်း အိမ်ထဲမှာရှိတဲ့ မအေဆီပြေးသွားတော့သည်။

"လီလီ သမီးလေး"

သဘာဝလည်း ငိုပြီးသူမဆီရောက်လာတဲ့ သမီးလေးကို ကောက်ချီလိုက်သည်။သမီးက အမြဲလိုတရကလေးဖြစ်တဲ့အပြင် အမြဲပြုံးနေရာက ရှိုက်ကြီးတငင်ငိုနေတာမို့ မနည်းချော့နေရသည်။

"လီလီ မငိုပါနဲ့ ဘာဖြစ်တာလဲ မေမေကိုပြော"

ဆိုတော့လည်း ဘာမှမပြောပဲ သဘာဝပုခုံးလေးအပေါ် ခေါင်းလေးတင်က ငိုနေရှာတာကြောင့် ဘေးကနေတစင်းက ချီထားတဲ့ သားဖြစ်သူကို လင်းထံပေးပြီး သူက ညီမလေးကို ချီဖို့လုပ်တော့ လီလီလေးက အချီမခံ သူ့အမေကိုပဲ ကပ်နေသည်။

"သမီးကို မောင်ဆူလိုက်တာလား ကလေးကငိုနေတာ မတိတ်တော့ဘူး!"

"အင်း နည်းနည်းဆူလိုက်တာ ဝမ်းနည်းသွားတယ်ထင်တယ်.....ဆူတယ်ဆိုတာက လည်း သမီးတစ်ခုခုဖြစ်မှာဆိုးလို့"

သမီးကတစ်ခြားကိုစွတေ့ထက် သူ့အဖေအသံလေးနဲ့နဲမာသွားယုံနဲ့ ဝမ်းနည်းလွယ်တာမို့ နေအရိပ်လေးချိကာ အနားရောက်လာတဲ့ မောင်ကိုမေးတော့ အဖြေကထွက်လာသည်။သမီးကို ချော့ဖို့အတွက် မောင်က လက်ထဲကနေအရိပ်လေးကို သားဆီပြန်ပေးရင်း သူ့မလက်ပေါ်က သမီးကိုခေါ်တော့.....

"လိုက်ဘူး ဟင့် ဟီး မေ့"

မောင်က ခေါ်တာကို

သမီးကသူမကိုအတင်းဖက်ထားကာ

မလွှတ်တာကြောင့်

တော်တော်စိတ်ဆိုးနေပုံပေါ်သည်

။သေချာတာတစ်ခုကတော့

မောင်ကိုစိတ်ဆိုးနေတာသည်

ဆူလိုက်တာတစ်ခုထဲတော့ ဖြစ်ပုံမရပေ။

LayNge

"လီလီ ပေါက်စနဲ့တော့ ခက်ပါ့ကွာ"

လို့သာ သမီးဖြစ်သူကိုမနိုင်တယ်ဆို

နှုတ်ကနေရေရွတ်မိတော့သည်......။

~~~~~~~~~~~~~~ဆက်ရန်။

🌷 ယူတို့ အက်မင်အရင်လို

စာတွေနေ့တိုင်းမတင်နိုင်တာက

စာဖတ်သူတွေကိုမလေးစားတာမဟုတ်ဘူးနော်

တစ်ပုဒ်ကိုဒီအာရုံစိုက်ရေးရင်

Lay Nge
~~~~~~~~~~~~~~

နောက်တစ်ခုကဦးနောက်ထဲရောက်ရောက်လာလို့

intro ချရေးနေတာကများလို့

လီလီလေးအလှည့်ကြ စဆုံးပြီးမှပဲတင်တော့မယ်

ပုံမှန်။

အခုကတည်းက လီလီလေးက သူ့ကိုကိုနဲ့

အချစ်ဇာတ်လမ်းစချင်နေပြီ 🌷

OBJ

🍭You are my life🍭

Chapter _ 7

LayNge

သူတို့ ကလောကိုသွားဖို့အတွက်

အိမ်ကထွက်လာတော့ ညနေ 4

နာရီခန့်ရှိနေပြီဖြစ်သည်။မနက်ကတည်းက

သူဆူလို့ဆိုက အခုထိစကားမပြောသေးတဲ့

သမီးကြောင့် သူမှာအခတ်တွေ့နေရသည်။မနက်က

ငိုတဲ့အချိန်ကြာသွားတာကြောင့် အခု မ

ပေါင်ပေါ်ထိုင်နေတဲ့သမီးလေးရဲ့

နာဖျားလေးကနီရဲနေသည်။

သဘာဝလည်း မနက်ကတည်းက ဒီသားအဖစကားမပြောတာကြောင့် သူမပဲ စကားပြောအောင် စရပေတော့မည်။မောင်က စကားပြောကာ ချော့တော့လည်း သမီးကစိတ်ကောက်လို့ကောင်းနေဆဲ။

"သမီးက ဖေဖေကိုစိတ်ဆိုးနေတာလား "

"စိတ်မဆိုးပါဘူး စိတ်မကောင်းဖြစ်တာ...လီလီကိုကြဘယ်ချစ်မလဲ နေနေ သားတွေရှိနေတာကို"

နေ ကားမောင်းရင်းနဲ့

သမီးလေးဘက်ကိုလှည့်ကြည့်မိသည်။သမီးလေးစ

ကားနားထောင်ကြည့်ရတာ သူဆူလိုက်တာထက်

နေအရိပ်လေးကို သူကချီလိုက်လို့

စိတ်ဆိုးသွားတာဖြစ်ရမည်။

"ဘာလဲ အူတိုတာလား ဖေဖေသမီးက

ဟုတ်လား.....ချစ်ဖို့ကောင်းတာကွာ"

ဆိုကာ သူကပါးလေးကို ဖွဲ့ကာနေက ပြောတော့

သမီးလေးက သူလက်ကိုပုတ်ချကာ

နှုတ်ခမ်းလေးဆူသွားသည်။ပြောချင်တာကတော့

အခုမှလာမချော့နဲ့ဆိုတဲ့ပုံမို့ တကယ်ကို

မလွယ်ကြောလေး။နေ့ ကားမောင်းနေတာက

အဝေးပြေးလမ်းမပေါ်မှာမို့

ကားကိုလမ်းဘေးထိုးရပ်ကာ

သမီးတော်လေးကိုချော့ဖို့ပြင်ရသည်။

"သမီး ဘာစားချင်သေးလည်း

ရန်ကုန်ကမထွက်ခင်ပြောလေ ဖေဖေဝယ်ပေးမယ်"

"မလိုပါဘူး !"

ကဲကြည့်

ဖအေကိုစိတ်ကောက်နေတာ။မောင်ကလည်း

သူ့သမီးစိတ်ဆိုးရင် မနေတက်တာကို

သိတဲ့လီလီပန်းသွေးကတော့ အနိုင်ကွက်နင်းနေပြီ။

"သမီးကို ဖေဖေကချစ်လို့ပြောတာလေ

သမီးကလည်း စိတ်မဆိုးနဲ့တော့နော်"

LayNge

"အဲ့တာဆိုနောက် အသံမာမာနဲ့ပြောဦးမာလား"

"မပြောတော့ပါဘူး ဗျာ ကျွန်တော်မျိုးမှားပါတယ်"

သူမကဝင်ပြီးနည်းနည်းပြောပေးလိုက်တယ်ဆို

သမီးက မောင်ကိုပြောတဲ့ပုံစံက အမေကသားကို

ဆူနေတဲ့အတိုင်း။အဲ့တာလည်း

နေမင်းလက်ရာတို့က

သဘောကျနေတာပဲ။သူ့သမီးပြုံးသွားမှ

ကားကိုဆက်မောင်းကာ ခရီးဆက်သည်။မောင်

ဒီလောက်အလိုလိုက်ပုံနဲ့ဆို

သမီးတော့အရွယ်ရောက်လာတာနဲ့
သူလိုချင်တာမရရင်တော့ဖြင့်။

"မောင် ဒါဆိုသဘာဝတို့က အခုက ပဲခူးမှာနားမှာ
ဟုတ်တယ်မဟုတ်လား....ဘယ်မှာတည်းမှာလဲ
Hotel မှာပဲလား"

"ဟုတ်တယ်လေ မရဲ့ မောင်တို့ Hotel
ကပဲခူးမှာမလုပ်ရသေးပင်မဲ့ ခရီးသွားလုပ်ငန်း
Company ခွဲရှိတယ်လေ အဲ့မှာတည်းမှာ
ဒါမှမဟုတ် အဲ့က Hotel မှာတည်းမလား"

"မောင်စီစဉ်ထားသလိုပဲလုပ်ပါ
ဘယ်နေရာရာပဲဖြစ်ဖြစ်
ကိုယ့်နေရာကပိုကောင်းတာပေါ့"

ရန်ကုန်ကနေထွက်တယ်ဆို
အနည်းငယ်ညနေစောင်းနေပြီဆိုပင်မဲ့
ပဲခူးရောက်ရင်တော့ ည7နာရီလောက်ရမှာမို့
သူတို့ထွက်လာတဲ့အချိန်က
တကယ်ကွက်တိပင်......။

LayNge

"ဒယ်ဒီစကားတွေက တအားလွန်နေပြီနော်!"

နေလက်ရာမှာလာနေတဲ့
ခဏလေးစိတ်ချမ်းတဲ့အပြင်
မေမေတို့ခရီးထွက်သွားတော့
ဒီမှာတစ်လလောက်ထပ်ပြီးနေရဦးမှာမို့
စိတ်ချမ်းမြေ့နေတာ 3နာရီတောင်မကြာသေး
ဟိုကနေဖုန်းဆက်ပြီးပြောနေတာက.....

"သားကတခြားသူတွေအမြင်မှာမွေးစားထည်းတာ
လို့ မြင်လည်း

လင်းဂရုမစိုက်ဘူး....ဘာလဲပထွေးကိုလင်တော်

ထားတဲ့ကောင်မက

သူကလေးထောင်ထဲသေသွားလို့ လင်းရဲ့သားကို

မွေးစားမယ်ပြောရဲတာလား!"

"လင်းရိပ်ကို !"

"ဒယ်ဒီကဘယ်တော့မှ

နောင်တရမှာမဟုတ်ဘူးပဲ....လင်းလည်း

ဘယ်တော့မှကိုလုပ်နေတဲ့လုပ်ရပ်မှားနေတာကို

အမှားလို့မထင်နဲ့သူကို

မပြင်ပေးတော့ဘူး....လင်းရဲ့သားကိုလာမထိနဲ့နော် လင်းဒယ်ဒီမိန်းမကို သတ်ဖို့ဝင်လေးမှာမဟုတ်ဘူး"

ပါးက သားကြီးနဲ့အတူ သားကြီးအခန်းမှ စာသွားပြနေတာမို့ သူမဖုန်းပြောနေချိန် သားငယ်လေး နှစ်ယောက်နဲ့ သူမသာရှိတာမို့ သူမမျက်နှာမကောင်းတယ်ဆို အမွှာလေးနှစ်ယောက်ထဲက အကြီးလေးက မဲ့လာတာကြောင့် သူမပြောစရာရှိတာပြောပြီးတယ်ဆို ဖုန်းချမို့ပင်မဲ့.......

"သူများပြောပြီး နင်ကြ နေမင်းလက်ရာမယားငယ်လုပ်မလို့လား!!!"

"ဒယ်ဒီ !!!"

သူမတစ်ဖက်က
ကိုယ့်သမီးအရင်းကိုပြောထွက်တဲ့စကားကြောင့်
အသားတွေတောင်တုန်အောင်
ဒေါသလည်းထွက်သလို ကိုယ်ဝန်သည်မို့
ဝမ်းနည်းလည်းလွယ်ကာ

ငိုချမိသည်။ပြောရက်လိုက်တာ
ယောက္ခမဖြစ်တဲ့သူနဲ့ ပေးစားလိုက်တာ။

"အဲ အီး အဲ အဲ "

သူမငိုတာကိုတွေ့တယ်ဆို ငိုဖို့ပြင်နေတဲ့
အမွှာလေးနှစ်ယောက်ထဲက အကြီးလေးကပါ
ငိုကာ
အခန်းထဲကလေးငိုသံကကျယ်လောင်စရှိနေတော့
သည်။

နေတစင်း အခန်းထဲဝင်လာတယ်ဆို ကုတင်ပေါ်က သားလေးနှစ်ယောက်ထဲက အကြီးလေးကငိုနေသလို သူကြည့်နေရင်းက Light ကခွေကျတာကြောင့် သူမှာအနောက်ကနေထိန်းလိုက်ရသည်။သူမကိုထိန်းထားရင် သူမလက်ထဲကဖုန်းယူကာ နားနားကပ်လိုက်တယ်ဆို.......

"အဲ့ နေမင်းလက်ရာ ဆိုတဲ့ကောင်ကဘယ်လောက်မှအသက်ကြီးသေးတာမဟုတ်ဘူး ယောကျ်ားထဲကယောကျ်ားပဲ ! သူများမပြောခင် ကိုယ်တိုင်ကရော ယောက္ခမနဲ့......"

"ခင်များပါးစပ်ပိတ်လိုက်တာကောင်းမယ်

ကျုပ်အဖေကို ခင်များလိုလူမျိုးက

အဲလိုပြောပိုင်ခွင့်မရှိဘူးနော်......ခင်များ

တဏှာစိတ်ကြီးတိုင်း

တစ်ခြားယောကျ်ားတွေဆွဲမထည့်နဲ့.....ကျုပ်အဖေ

က အောင်မြင်နေတဲ့လုပ်ငန်းရှင်တစ်ယောက်

အငယ်အနှောင်းထားဖို့ဆို

ပိုက်ဆံမပေးပဲနဲ့တောင်ဖြစ်တယ် ဒါပင်မဲ့

သူကမေမေထက်ဘယ်မိန်းမကိုမှအရေးမပေးခဲ့တာ

"

တစ်ဖက်ကလူပြောတာက သူဆိုရင်တောင် Light မျက်နှာနဲ့သည်းခံမိမှာမှန်ပင်မဲ့ အခုတော့ သူတို့ပြဿနာတွေနဲ့ဘာမှမဆိုင်တဲ့ ဖေ ေဖကိုထည့်ပြောလာတာကြောင့် ဒေါသထွက်ရသည်။

"ဒီမှာ ကျွန်တော်ပြောပြီးသား နေလက်ရာကမိသားစုတွေကခင်များတို့ကို ဘာမှမလုပ်ဘူးနော် ဒါကြောင့် ကျုပ်မိသားစုတွေကိုလာမစော်ကားနဲ့.....အန်ကယ် ရဲ့ဟာမကိုလည်း ကျွန်တော်ဇနီးကစိတ်ကူးထဲထည့်ပြီး

Lay Nge

မုန်းရလောက်အထိ

အဲ့ကောင်မကတန်ဖိုးမရှိသေးဘူး"

သူ့အတွက်အခုအချိန်မှာတစ်ဖက်က

ယောက္ခမမကလို့ ဘကြီးဖြစ်နေနေ

သူ့မိဘကိုထိခိုက်လာရင် ဘယ်သူကိုမှ

သည်းခံမှာမဟုတ်။ဖေဖေတို့ သူ့ကိုမွေးထားတာ

အဲ့လိုအစော်ကားခံရဖို့ မဟုတ်ဘူး။

"မင်းပြောနေတာက ယောက္ခမဆိုတာရော

သတိထားမိရဲ့လား နေတစင်း"

"သိတာပေါ့ သိပ်သိတာပေါ့

ကျွန်တော်အဲ့အိမ်မှာနေတဲ့တစ်လျှောက်လုံး

အစော်ကားခံပြောဆိုခံနေတယ်ဆို

ကျွန်တော်မိန်းမကြောင့်.....သည်းခံမှုဆိုတာကလ

ည်း ကျွန်တော်မိဘမဟုတ်သေးလို့ သည်းခံနေတာ"

သူပြောတာကို

ပြန်မပြောနိုင်တော့တယ်ဆိုဖုန်းချသွားတဲ့

ယောက္ခမကိုစိတ်ဆိုးဖို့ကိုနောက်ထားက

ဖုန်းကိုကုတင်ပေါ်ပစ်တင်လိုက်ရင်း

သူရင်ခွင်ထဲခွေကျနေတဲ့ Light ကို ဖက်ထားလိုက်ရင်း.......

"လူဆိုတာတော့ ကိုယ်စိတ်နဲ့နှိုင်းတက်တာ သဘာဝပဲ

Light....မင်းအဖေကပြုပြင်လို့ရတဲ့လူစားမဟုတ်ဘူး ဒါကြောင့်

ပြင်တာကိုစောင့်မနေနဲ့....သူချစ်ပါတယ်ဆိုတဲ့လူတွေကြောင့် အချိန်တန်ရင်ပြင်သွားလိမ့်မယ်"

LAY Nge

"လက်လျော့လိုက်ပြီ ပါး.....ဒယ်ဒီကို

ကိုရဲ့ဘဝထဲကိုထည့်မထားတော့ဘူး....မာမီလိုမျိုး

ဘဝကိုနာကျင်မှုတွေနဲ့အဆုံးမသတ်ချင်တော့ဘူး

ဒါကြောင့် ကို ရဲ့မိသားစုကမ္ဘာလေးကိုပဲ

သာယာအောင်ကြိုးစားတော့မယ်"

သူမတို့နှစ်ယောက်

တစ်ယောက်ကိုတစ်ယောက်ဖက်ထားရာက

ကုတင်ပေါ်မှာသားလေးတွေက ငိုတော့မှာမို့

ချက်ခြင်းထရပ်ကာ ကလေးတွေကို

ချော့ရတော့သည်။

Lay Nge

"အဲ့ မေ ဟီးးးး"

သားအမွှာလေးနှစ်ယောက်မှာ

အကြီးလေးကဝမ်းနည်းလွယ်ပြီး

အငယ်လေးကတော့

တကယ်အကြောတင်းလေးဖြစ်ပြီး

မိဘနှစ်ယောက်ရဲ့အမွေတွေဆက်ခံထားတာသေချာ

သည်။

"သားရယ် တိတ်တော့နော် မေမေကမငိုတော့ဘူး ဟုတ်ပြီလား"

သူမလက်ပေါ်က သားကြီးလေးကငိုနေတာမို့ ပါးလေးကို နမ်းကာချော့လိုက်တော့ တဖြည်းဖြည်းငိုသံလေးက ပျောက်သွားရသည်။

"အန်ကယ်လိုသာ ဒယ်ဒီသာမေတ္တာတရားဆိုတာကို ကို တို့သားအမိတွေကို ပေးခဲ့ကြည့်ပါလား ဘယ်လောက်တောင် ပျော်စရာကောင်းလိုက်မလဲ"

"ဘာပဲဖြစ်ဖြစ် Light ကိုလည်း

ဖေဖေကချွေးမဆိုပင်မဲ့

သမီးအရင်းလိုသဘောထားတာပါ ဘာပဲဖြစ်ဖြစ်

ကိုယ့်အဖေကလည်း Light အဖေပဲမဟုတ်လား"

"အင်း ဒါပေါ့ အခုကလေးမွေးပြီးသွားရင်

ယောက္ခမကြီးနဲ့ အလုပ်အတူတူတွဲလုပ်ဦးမယ်"

Light စကားကြောင့်

နေတစင်းကြက်သီးပါထသွားရသည့်အဖြစ်။ဖေဖေ

ရော Light ရောကအလုပ်နဲ့ပက်သက်လာရင်

LayNge

နည်းနည်းလေးမှအများခံတဲ့သူတွေမဟုတ်တော့
အဲ့နှစ်ယောက်အလုပ်အတူတူသာလုပ်ရင်ဖြစ်
ဝန်ထမ်းတွေခေါင်းမွေးပြောင်မှာ
အသေအချာပင်..........။

ပဲခူးရောက်တော့ မောင်ပိုင်တဲ့ခရီးသွား Campany
ခွဲမှာပဲသူမတို့အနားယူဖို့ပြင်ရသလို
သူတို့လာဆာတယ်ဆိုလို့ Campany မှာထားတဲ့
မောင် လက်အောက်က MD
တွေကအသထွက်ကြိုကြပြီး
စားသောက်ဖို့ကအစသူမတို့ပင်ပြောစရာမလိုပင်။
သမီးလေးက ပဲခူးရောက်တော့ အိပ်ပျော်နေပြီမို့

မောင်ကပဲချီက

အခန်းထဲရောက်တဲ့အထိခေါ်လာရသည်။

"သမီးကိုနိုးလိုက်ရမလား မိန်းမ ညစာစားဖို့"

"မနိုးနဲ့တော့ မောင် တစ်လမ်းလုံးစားလာတာလေ

ဒါမှမဟုတ်

တစ်ရေးနိုးရင်လည်းစားဖို့မုန့်တွေလည်းပါသလို

နို့ပဲဖျော်တိုက်လိုက်မယ်လေ"

"ဟုတ်ပါပြီ ညစာကသူတို့စီစဉ်ပေးနေတယ်

ခဏနေလာလိမ့်မယ်နော်

မောင့်မိန်းမဗိုက်ဆာနေပြီလား.....မစာသေးရင်

ဝရံတာထွက်ပြီး စကားခဏပြောရအောင်"

ဝရံတာက သူမတို့အခန်းနဲ့

မှန်တံခါးတစ်ချပ်တာခြားတာမို့ အပြင်ကနေပါ

သမီးလေးကိုလှမ်းကြည့်လို့ရတာကြောင့်

မောင်ပြောတာကိုခေါင်းငြိမ့်ကာ

မောင်နဲ့အတူတူဝရံတာကိုထွက်လာလိုက်သည်။

"မောင် ဘာပြောမလို့လဲ

ဟင်.....အလုပ်ကိစ္စတွေအဆင်မပြေလို့လား"

"မဟုတ်ပါဘူး မောင့်အလုပ်ကိစ္စတွေက

အဆင်ပြေတယ် သိတယ်မဟုတ်လား

မောင်ကအရမ်းတော်တာ"

ပြောစရှိတာကိုမပြောပဲ

သူတော်ကြောင်းကိုထည့်ပြောနေတဲ့

မောင်ကြောင့်သူမ မျက်စောင်းထိုးလိုက်ရင်း

သူလက်မောင်းကြီးကို ရိုက်ပစ်လိုက်သည်။

"မောင်နော် ပြောစရာရှိတာပြောဘေ
ဘာတွေကိုမျက်နှာပြောင်နေမှန်းမသိ"

"ဟွန်း နေမင်းလက်ရာ
တော်ကြောင်းလေးနည်းနည်းပါးပါးပြောပြတာကို
မိန်းမကလည်းစိတ်ကြီးပဲ"

"မောင်က ကိုယ့်ဘက်ကိုယ်ရပ်တဲ့နေရာမှာလေ
မပြောချင်တော့ဘူး ပြောစရာမရှိရင်လည်း
အထဲပြန်ဝင်တော့မယ်"

သူကပြောစရာရှိတာကို

မပြောပဲမျက်နှာပြောင်နေတယ်ဆို

မကစိတ်ဆိုးလာပြီး

အထဲပြန်သွားမယ်လုပ်နေတာကြောင့်

သူကအနောက်ကနေဖက်ထားလိုက်ကာ......

"မောင် ပြောစရာရှိတယ်ဆိုတာ သားအကြောင်းပါ

သားယောက္ခမတွေနဲ့

သားတို့မိသားစုအဆင်ပြေပုံမပေါ်ဘူး"

"သဘာဝလည်းသိတယ်လေ မောင် ဒါပင်မဲ့

မောင်သားမိသားစုကမှ ခေါ်မရတာ"

"မောင်ကတော့ မောင်သားကိုထိလာရင်

ခံမှာမဟုတ်ဘူးနော် အဲ့လူတွေကိုသိအောင်

မောင်မှာသူတို့တောင်မသိသေးတဲ့ဝှက်ဖဲရှိတယ်"

သူမကိုမပြသင့်မှန်းသိပင်မဲ့

သူမကသိချင်နေတာကြောင့်သူ့ဖုန်းကိုထုတ်ကာ PS

ခံထားတဲ့ File ထဲ PS ထည့်လိုက်ပြီး

သူမျက်နာလဲ့ကာ မ ဆီကိုဖုန်းပေးလိုက်တော့ မ

ကတစ်ခဏလောက်လေးပဲကြည့်ပြီး
သူ့လက်ထဲဖုန်းကိုအတင်းထိုးထည့်ပေးသည်။

"မောင် အဲ့တာတွေကိုသိမ်းထား ကြည့်ဖို့လား"

"အဲ့အဘွားကြီး သူ့လင်ငယ်နဲ့အိပ်နေတာကို
ကြည့်ရအောင် ရှံ့စရာကြီး"

"အဲ့တာဆို ဘာလို့အဲ့လိုအဝတ်စားမပါပဲ
ကုတင်ပေါ်ကပုံတွေကို သိမ်းထားတာလည်း
သဘာဝမကြိုက်ဘူးနော် ဖျက်ပစ်လိုက်"

LayNge

ကိုယ့်ယောကျ်ားဖုန်းထဲ

အဲလိုတစ်ခြားမိန်းမတစ်ယောက်ရဲ့

အဝတ်အစားမပါတဲ့ပုံရှိနေတာ

သူမမကြိုက်ပေ။ယောကျ်ားလေးတစ်ချို့က

အဲ့ပုံတွေကြည့်ပြီး ဘာလုပ်တက်လဲဆိုတာ

သူမသိသည်။

"မဖျက်ဘူး ဒီရှံ့စရာပုံတွေသိမ်းထားတာက

မောင့်သားကိုထိခိုက်အောင်လုပ်ရင်

မောင့်ရဲ့တိုက်စစ်ပဲ....မောင့်သာစိတ်ပါလို့သိမ်းထားတယ်ဆို မောင့်မိန်းမပုံပဲသိမ်းထားမှာပေါ့"

သူမပုံကိုသိမ်းထားမယ်ပြောရင်း ခန္ဓာကိုယ်တစ်ခုလုံးငေ့ကြည့်ကာပြောတဲ့ မောင်ကြောင့် သူဖက်ထားတာကို ရုန်းထွက်ကာ သူရင်ဘက်ကြီးကို 5 ချက်လောက်ထုပစ်လိုက်သည်။

"မောင်နော် ညစ်တီးညစ်ပတ်တွေသိပ်ပြောတာပဲ"

"မောင်သာ တဏှာရူးရင်လေ

အဲ့လိုအဘွားကြီးကိုကြည့်မှာမဟုတ်ဘူး

ကိုယ်မှာမိန်းမရှိနေတာပဲ ကိုယ့်မိန်းမကိုပဲ......"

"မောင် ! စိတ်တိုလာပြီ "

ဆိုကာ သူရင်ဘက်တွေကို

တဘုန်းဘုန်းထုတော့လည်း အရီအပြုံးမပျက်

ရင်ဘက်ကိုတောင် သူမထုချင်တိုင်းထုဖို့အတွက်

ကော့ပေးသေးသည်။

"သွား ! မောင်ကိုမခေါ်တော့ဘူး

သမီးဆီပဲသွားတော့မယ်"

သူ့ရှေ့ကနေခြေဆောင့်ထွက်သွားတဲ့ မိန်းမလေးကို

သူမှာသဘောတွေကျကာ တဟားဟားရီနေတာ

ကိုယ့်ကိုကိုယ်စီးပွားရေးလုပ်ငန်းရှင်လို့တောင်မထ

င်ပဲ

မိန်းမအပေါ်ဆိုးချင်တိုင်းဆိုးလို့ရနေတာကိုပဲကျေန

ပ်နေတော့သည်။

သူလည်းစိတ်ဆိုးနေတဲ့

မရဲ့နောက်ကိုလိုက်လာတော့ အခန်းဝမှာ

သူ့မိန်းမနဲ့စကားပြောနေတဲ့

စားစရာလာပို့တဲ့ကောင်ကိုတွေ့တယ်ဆို

မျက်နှာကြီးတည်သွားကာ

အနားကိုခြေလှမ်းကျဲကြီးတွေနဲ့လျှောက်သွားပြီး

မိန်းမဖြစ်သူကိုအနောက်ပို့လိုက်ရင်း......

"မင်း စားစရာတွေလာပို့တာ မဟုတ်ဘူးလား

ဘာတွေစကားရှည်နေတာလဲ ပေး"

သူဝန်ထမ်းကောင်လေးကိုမကျေမနပ်ကြည့်ကာ

ဝန်ထမ်းကောင်လေးလက်ထဲက

စားစရာတွေဗန်းနှစ်ခုကို ဆွဲယူကာ

မပြောမဆိုနဲ့တံခါးကို

ကန်ပိတ်ပစ်လိုက်တာကြောင့်.....

"အမလေး မောင်ရယ်တစ်ဖက်က

ကောင်လေးမျက်နှာလည်း တံခါးနဲ့ ရိုက်မိပါဦးမယ်"

"ထိသွားအောတာပဲ ခင်များလင်မဟုတ်ဘူး

စိတ်ပူမနေနဲ့!"

ကဲ သူမနဲ့စကားတစ်ခွန်းတောင်မပြောရသေးပဲ
သူရောက်လာတာတောင် မောင်တစ်ယောက်
သဝန်တိုဖြစ်အောင်ကို
သဝန်တိုသွားသေးသည်။ကိုယ်ယောကျ်ားဒီလိုပြော
တာ တစ်ခြားအမျိုးသမီးဆို
သိက္ခာကိုထိပါးတယ်ဆိုပြီး စိတ်ဆိုးနိုင်ပင်မဲ့
သူမကတော့ မောင်မောင်ယောကျ်ားအကြောင်းကို
အသေးစိတ်ကအစသိရ မြတ်နိုးရသူမို့.......

"မောင်ကလည်း သဘာဝနဲ့တစ်ခွန်းတောင် မပြောရသေးဘူး မောင်ရောက်လာတာလေ"

"မသိဘူး "

နှစ်ယောက်သားစားဖို့ပြင်ဆင်နေရင်း သူမကိုဘုဂလန်ပြန်ဖြေတဲ့ မောင်ကြောင့် သူမလည်းပြုံးရင်း သူ့အနားလျှောက်လာကာ သူ့အနောက်ကနေ ဖက်လိုက်သည်။

"မောင်ရယ် သဝန်တိုတာလေးတွေလျှော့ပါ
သားသမီးတွေလည်းရလို့ မြေးတောင်ရနေပြီလေ"

"အဲ့တော့ အဘိုးကြီးဖြစ်သွားပြီး
သဝန်မတိုနဲ့လို့ပြောတာ ဟုတ်လား"

မောင်ဟာလေ
တကယ်ကိုရစ်စိန်ပင်။ငယ်ငယ်ကသာ romantic
ဆန်ဆန်နဲ့ သူမဆိုးသမျှခံခဲ့သလောက်
အခုအသက်က 40 ကျော်လာတော့

သူမဆိုးတာမခံပဲ

သူဆိုးတာပဲသူမခံရတော့တဲ့အဖြစ်။

"မောင့်ကို အဖိုးကြီးလို့ပြောတာ မဟုတ်ပါဘူးရယ်

မောင့်ကိုရင့်ကျက်ဖို့ပြောတာ

မောင့်မိန်းမကမောင့်ကိုပဲချစ်တာကိုပြောတာ

တစ်ခြားယောကျာ်းကို ယောကျာ်းလို့ကိုမထင်တာ"

"ဟူးးး တကယ်တစ်ယောက်ထဲရှိသေးလို့

သမီးသာကြီးလာရင် ငါတော့ ခေါင်းမွေးပြောင်မှာပဲ

အူတိုရလွန်းလို့"

မောင် နဲ့အတူတူညစာကိုထိုင်စားရဲ့

အူတိုနေတဲ့မောင်ကိုလည်း

စိတ်ပြေအောင်ချော့ရသလို

သမီးအတွက်ပါဂျေဝင်နေတာမို့ သမီးကြီးလာရင်

သီလရှင်

ဝတ်ခိုင်းလိုက်လို့သာပြောလိုက်ရသည်..........။

~~~~~~~~~~~~~~ဆက်ရန်။

OBJ

🍭You are my life🍭

LayNge
~~~~~~~~~~~~~~

# Chapter _ 8

" ကိုယ်အလုပ်သွားတော့မယ်နော် သားတို့ရော Light ရောအေးအေးဆေးဆေးနေကြနော် ကိုယ်ပြန်လာရင် တစ်ခုခုစားချင်တယ်ဆို ဖုန်းဆက်လိုက်နော်"

သူကအလုပ်သွားရာတော့မှာမို့ အိမ်မှာကဒုက္ခပေးတဲ့သူမရှိတာကြောင့် စိတ်ချရပင်မဲ့ သူ့အတွက်ကနေလက်ရာဆိုတာ ကိုယ်နေခဲ့တဲ့နေရာမို့ အေးဆေးဆိုပင်မဲ့

သူမတို့သားအမိတွေအတွက်ကတော့

နေမြဲနေရာမဟုတ်တော့ စိမ်းနေမှာသူသိသည်။

"အင်းပါ ပါးအလုပ်သွားမှာမဟုတ်လား

အေးဆေးသွား"

"ဟုတ်ပါပြီဗျ"

သားလေးတွေက

သူနောက်လိုက်ချင်လို့အောက်ကနေ

သူ့ဘောင်းဘီကိုဆွဲနေတာကြောင့်

သူငုံကြည့်လိုက်တော့

အခွဲကောင်ဖြစ်တဲ့အကြီးလေးက ဆွဲနေတာပင်။

"ရိုက်မယ်ရေ"

"မဟုတ်တာ

သားလိုက်တော့ဖေဖေကအလုပ်ဘယ်လိုလုပ်မလဲ"

"ရုပ်နဲ့ရေ ပိုက်ဆံရှိတာပဲ"

သူမက ပါး အလုပ်သွားခါနီးလိုက်ချင်တယ်ဆိုတဲ့ သားဖြစ်သူကိုမလိုက်သွားဖို့ပြောတော့ သားဖြစ်သူပြောလာတဲ့စကားကြောင့်.....

"ဘာပိုက်ဆံရှိတာလဲ ဘာမှမရှိလို့ နင်တို့အဖေကို အလုပ်လုပ်ခိုင်းနေတာ"

"ဟွန့် ညာပြန်ပြီ!"

ဆိုကာ
အိမ်ထဲဝင်သွားတဲ့အမှာလေးနှစ်ယောက်ထဲကအ

LayNge

ကြီးကောင်လေးကြောင့် သူမမှာခေါင်းရမ်းမိကာ ပါးကတော့ သူ့သားကိုမျက်လုံးထဲကပျောက်တဲ့အထိလိုက်ကြည့်နေသည်။

"ကဲပါ ပါးရယ်အလုပ်ကိုသွားစရာရှိတာသွားပါ မနက်ဖြန်ကြရင် သားကြီးကို သူကျောင်းကို သွားပြန်ပို့ရမယ် ပြီးတော့ ကျောင်းကဆရာတွေနဲ့ သွားတွေ့ရဦးမယ်"

"ဟုတ်ပါပြီဗျ အဲ့တာဆို ကိုယ်သွားတော့မယ်"

သူက အိမ်ရှေ့ဆင်ဝင်အောက်မှာရပ်ထားတဲ့

သူ့ကားထဲဝင်မလို့ရှိသေး

ခြံထဲကားတစ်စီးဝင်လာတာကြောင့်

သူကားပေါ်ကိုမတက်ဖြစ်သေးပဲ

ထိုအဖြူရောင်ကားပေါ်ကဆင်းလာမဲ့သူကိုကြည့်

နေလိုက်သည်။သူကြည့်နေရင်းက ကားပေါ်ကနေ

အနောက်တိုင်းဝတ်စုံဝတ်ထားတဲ့

ဖေဖေတို့အရွယ်လူတစ်ယောက်ဆင်းလာကာ

သူတို့အနားရောက်တယ်ဆို......

"ဥက္ကဌ ရှိတယ်မဟုတ်လား အရေးကြီးလို့"

"ဖိုးဖိုးကိုပြောတာလား
ဖိုးဖိုးကအလုပ်ကိစ္စတွေနားထားတာကြာပြီဗျ"

"အန်ကယ်ကိုတွေ့ချင်တာမဟုတ်ပါဘူး
ဦးနေမင်းလက်ရာ ကိုတွေ့ချင်တာပါ"

ဖေဖေနဲ့ရွယ်တူဆိုပင်မဲ့
ပုံစံအနေအထားကြည့်ရတာတော့
ဖေဖေထက်အသက်အနည်းငယ်ကြီးပုံပေါ် ပြီး

ဖေဖေနာမည်ကိုတောင်တလေးတစားဦးထည့်ခေါ်တာကြောင့်......

"ဖေဖေကမရှိဘူး အန်ကယ်ကလောကိုအလုပ်ကိစ္စနဲ့ရောအလည်အပတ်အတွက်ပါသွားတာနည်းနည်းတော့ကြာမယ်ထင်တယ်"

"အင်း

စင်တာမှာပြသနာပေါ်နေလို့ဖုန်းဆက်တာမကိုင်တာနဲ့ အိမ်ကိုလိုက်လာတာ"

Laynge

ဒီပုံအတိုင်းဆို သူ Lynn Campany ကိုမသွားပဲ ဖေဖေအလုပ်ကိစ္စကိုအရင်ဖြေရှင်းရမည်ထင်သည်။ဖေဖေတို့က မိသားစုနဲ့ခရီးထွက်ပြီဆို သူ့အလုပ်နဲ့ပက်သက်တာတွေ ဖုန်းခေါ်မှာဆိုးလို့ မိသားစုတွေသာသိတဲ့ဖုန်းနဲ့လဲသွားတက်သည်။ဖေဖေက မိသားစုကိုအချိန်ပေးပြီဆို ကျန်တာတွေကို အရှုပ်တွေလို့ထားပစ်ခဲ့တာ။

"အန်ကယ် စင်တာမှာကဘာပြဿနာတက်တာက ဘယ်လောက်တောင်ဆိုးဝါးလို့လည်း"

Layne

"ပြဿနာကတော့တစ်ခြားတော့မဟုတ်ပါဘူး ကုန်ပစ္စည်းတွေကအတုတွေတင်ထားတယ်ဆိုပြီး ပြဿနာတက်နေတာပါ"

ထိုအန်ကယ်ပြောတာကို သူနားထောင်ပြီးတော့ ဒီအပိုင်းက ဖေဖေအပိုင်းမဟုတ်ပဲ စင်တာတစ်ခုလုံးကို တာဝန်ယူထားတဲ့ MD အပိုင်းမဟုတ်လား။

"MD ကရောဘာလုပ်နေတာလဲ နေရာတကာ ဉက္ကဌကို အားကိုးနေလို့မရဘူးလေ အန်ကယ်......စင်တာမှာ MD ထားတယ်ဆိုတာ သူကိုယ်တိုင်လိုက်မကြည့်နိုင်လို့ သိန်းရာနဲ့ချီပေးပြီး MD ငှားထားတာလေ"

"ဟုတ်ပါတယ် အဲ့တာအန်ကယ်လိုအပ်ချက်ပါ အခုတစ်ခါကိစ္စက အန်ကယ်ကိုယ်တိုင်တောင်ဖြေရှင်းဖို့မလွယ်လို့"

"အဲ့တာဆို လွယ်လွယ်လေးပဲ MD
ပြောင်းလိုက်ယုံပဲ"

ပါးနဲ့ထိုလူစကားပြောနေတာကို
သူမကလေးတွေနဲ့အတူနားထောင်နေရကာ
အဆင်မပြေတော့တာမို့ သားငယ်လေးကို
သားကြီးဆီထားခဲ့ကာ ပါး အနားလျှောက်လာပြီး
ပြောလိုက်သည်။

"ကျွန်မပြောတာဟုတ်တယ်မလား MD
တစ်ယောက်ဖြစ်နေပြီး

မလုပ်နိုင်လို့ပါဆိုတဲ့အကြောင်းပြချက်နဲ့
ပြဿနာတစ်ခုကိုရှောင်လွဲဖို့ကြိုးစားနေတာ
မမိုက်ဘူးနော်"

ကို
စကားပြောနေရင်းမှတစ်ခုခုကိုတွေးမိသွားရသည်။
နေလက်ရာ Group
နဲ့ပက်သက်တဲ့လုပ်ငန်းတွေကနာမည်ပျက်တစ်ခုမှမ
ရှိသလို ပြဿနာဖြစ်ခဲ့ရင်တောင်
အသေးအမွှားသာ။ဒီတစ်ခါ
ကိစ္စကပေါ့သေးသေးမဟုတ်
နေလက်ရာတည်ထောင်ကတည်းကအခုအချိန်ထိ

နာမည်ပိုက်မရှိခဲ့တာ

အခုကိစ္စကြောင့်တစ်မျိုးပြောင်းသွားနိုင်သည်။

"ဒါမှမဟုတ်

ဝယ်သူတွေပြောသလိုပစ္စည်းကအတုတွေဆိုရင်

အစစ်တွေဝယ်ဖို့ပေးတဲ့ပိုက်ဆံတွေကကြားထဲက

သုံးတဲ့သူရှိလို့ပဲ ပါး.....ဒီပြဿနာကမသေးဘူးနော်

campany ကိုမသွားနဲ့တော့

စင်တာကိစ္စအရင်ရှင်းတာကောင်းမယ်"

Light ပြောတဲ့တာတွေကအမှန်မို့

ဖေဖေတို့ကိုလည်းခရီးသွားတာ

စိတ်အနှောက်အယှက်မဖြစ်စေချင်တာကြောင့်

ဖုန်းဆက်မပြောတော့ပဲ

အဲ့ကိစ္စကိုဖြေရှင်းဖို့အတွက် Light

ကိုအိမ်ထဲပြန်ဝင်ခိုင်းက

သူစင်တာကိုလိုက်လာရသည်..........။

နေ့တစင်း စင်တာကိုရောက်တယ်ဆို MD

ဆိုတဲ့လူနဲ့အတူတူ ပြဿနာဖြစ်နေတဲ့

တတိယအလွှာကိုတက်လာတော့

လူတွေစုဝေးနေတာက နှစ်နေရာဖြစ်နေကာ

သူနဲ့နီးစပ်တဲ့နေရာက ဆိုင်ခန်းရဲ့
နာမည်ကိုဖတ်ကြည့်တော့ နာမည်ကြီး Branded
ပစ္စည်းတစ်ခုရဲ့ဆိုင်ခန်း။

သူဆိုင်ခန်းက Branded name ဖတ်ပြီးတယ်ဆို
လူအုပ်ကြားထဲတိုးဝှေ့ကာ
ဆိုင်ခန်းထဲဝင်လာလိုက်တော့ MD ဆိုတဲ့လူပါ
သူနဲ့အတူပါလာသည်။

LayNge

"MD ပစ္စည်းတွေကိုစွနဲ့ပက်သက်ပြီး အတော်ကို ပြဿနာတက်နေပါပြီ တစ်ချို့က စင်တာနာမည်နဲ့ပါ လိုင်းပေါ်တင်နေကြပြီ"

MD ဆိုတဲ့လူအနားကပ်က မန်နေဂျာလို့ထင်ရတဲ့ကောင်မလေးက ကပ်ကာပြောတာကို သူနားထဲကြားနေရတာ ရှင်းရှင်းလင်းလင်းပင်။

"နေလက်ရာ Group ပိုင်ရှင်ကိုယ်တိုင်ထွက်ရှင်းပေးပါ"

လူတွေကအုပ်စုလိုက်ပြောနေကြတာမို့

သူစကားပြောဖို့ရာက

ဘယ်လိုမှတိုးမပေါက်နိုင်မှန်းသိတာကြောင့်

မျက်လုံးကိုမတ်ချလိုက်ရင်း

သူကနေလက်ရာမိသားစုရဲ့သားကြီးမို့

မိသားစုကလိုအပ်လာရင်

သူကာကွယ်ပေးရမယ်ဆိုတဲ့စိတ်သွင်းကာ

အသက်ပြင်းပြင်းရှူထုတ်လိုက်သည်။

"Stop !!!"

အကုန်လုံးအသံကိုကျော်နိုင်ဖို့အတွက်

သူအားကုန်သုံးက အော်ပစ်လိုက်တော့

အကုန်လုံးငြိမ်ကြသွားကာ

ဆိုင်ခန်းထဲကဝန်ထမ်းတွေရဲ့

တစ်ယောက်တစ်ခွန်းပြောသံတွေပါပိတ်သွားကြသ

ည်။

"ခင်များတို့

လိုချင်တာကိုဖြစ်အောင်ဖြေရှင်းပေးမှာမို့လို့

ခင်များတို့တွေ

ပြောတာတွေကိုတော့အရင်ဆုံးနားထောင်ပေးစေချင်တယ်....အခုတစ်ယောက်ခြင်းစီပြောတာကိုညကျွန်တော်ကနားထောင်ပေးမှာမို့ ပြောမို့"

"မင်းကဘယ်သူမို့လို့လဲ"

"ဘယ်သူလဲဆိုရင် ခင်များတို့တွေချင်နေတဲ့ နေလက်ရာ ပိုင်ရှင်ပဲ အခုဖြစ်နေတဲ့အခြေအနေတွေကိုပြော"

ပစ္စည်းဝယ်တဲ့သူတွေကလည်း

မက်တပ်ကနေပြောနေတာမို့ သူကို MD

ဆိုတဲ့လူကထိုင်ဖို့ခုံယူပေးတာကို မထိုင်ပဲ

ဝယ်သူတွေပြောတာဖြစ်ချင်နေတာတွေကို

သူလည်းရပ်ပြီးနားထောင်ပေးရသည်။ဝယ်သူတွေ

ဖြစ်ချင်တာကိုပြောပြီးတော့ ဝယ်သူတွေယူလာတဲ့

အိတ်တွေထဲက အိတ်တစ်လုံးယူကာ

အတူအစစ်ခွဲဖို့အတွက်

သူသေချာယူကြည့်လိုက်တော့

တကယ်လည်းအစစ်နဲ့တူအောင်ပုံတူလုပ်ထားတဲ့

အတုသာမို့ ဒီကိစ္စက

ဝယ်သူတွေဘက်ကအမှားမဟုတ်ပဲ

သူတို့ဘက်ကအမှားမို့.......

"Sorry ဒီကိစ္စက ကိုယ်တို့ဘက်ကအမှားမို့

အကုန်လုံးကို တောင်းပန်တယ် ပြီးတော့

အားလုံးရဲ့နစ်နာမှုအတွက် အိတ်တွေရဲ့

တန်ဖိုးအတိုင်းပြန်ပေးပါ့မယ်"

နေတစင်း ပြောရင်းသူပိုက်ဆံအိတ်ထဲက

ကဒ်တစ်ခုကိုထုတ်ကာ

အရောင်းဝန်ထမ်းတစ်ဦးကိုပေးလိုက်ပြီး

တစ်ဦးခြင်းတန်းစီခိုင်းကာ
အိပ်တန်ဖိုးပြန်လျှော့ပေးခိုင်းလိုက်သည်။

ဒီဆိုင်မှာပြဿနာဖြေရှင်းပြီးတော့
နောက်ဆိုင်ခန်းတစ်ခုကို
သွားဖြေရှင်းဖို့လုပ်ရသည်။နောက်ဆိုင်ခန်းရောက်
တော့လည်း ခဏကအဖြစ်အပျက်နှင့်ထပ်တူမို့
ကိုယ်စင်တာရော ဖေဖေ့နာမည်မပျက်ဖို့အတွက်
ပိုက်ဆံပဲပြန်လျှော့ရသည်။ပြဿနာနှစ်ခုလုံးဖြေရှ
င်းပြီးတော့ လူလည်းပင်ပန်းသွားရကာ
ပြဿနာအရင်းအမြစ်ကိုမရှာနိုင်သေးပဲ
စင်တာနဲ့ပက်သက်တာတွေတင်ထားတဲ့

သတင်းဌာနတွေကိုအကုန်ရှေ့နေကနေဆက်သွယ်ကာ အကုန်ဖြေရှင်းရသည်။

"သတင်းတစ်ခုကို အခြေအမြစ်မရှိပဲ ပေါက်လိုပဲစားတင်တာက နာမည်ကြီးသတင်းဌာနတစ်ခုရဲ့လုပ်ရပ်အတွက် ကျွန်တော်တို့ဘက်ကလည်း တိုက်သင့်တဲ့လမ်းစဉ်နဲ့ ဖြေရှင်းရပါ့မယ်"

ရှေ့နေတွေက သူ့ရှေ့တင်သတင်းဌာနတွေကိုဆက်သွယ်ကာဖြေရှ

င်းခိုင်းနေတာကိုကြည့်ရင်း

သူကပြဿနာအရင်းအမြစ်ကို

အဖြေရှာနေရသည်။ဒီသတင်းဌာနတွေကို

သူလိုက်ပိတ်နိုင်ရင်တောင် အခုအချိန်လောက်ဆို

ဖေဖေက

သိပြီးလောက်ရောပေါ့။သူတွေးလို့ပင်မဆုံးသေး

ဖေဖေဆီကနေဖုန်းဝင်လာတာကြောင့်

သူကိုင်လိုက်သည်။

Ring~~~Ring~~~Ring

"ဟယ်လို ဖေဖေ"

"ပြဿနာဖြေရှင်းတာအဆင်ပြေရဲ့လား သား"

"ပြေပါတယ် ဖေဖေ ခရီးသာအေးဆေးသွားပါ ပြန်လာမှသားအကုန်ပြောပြပါ့မယ်"

တစ်ဖက်က

သားဖြစ်သူကပြဿနာဘယ်လောက်ဖြစ်နေတယ်ဆိုတာ မပြောပြလည်း သူကအကုန်သိပြီးပြီမို့ သားကို

ပြဿနာအရင်းအမြစ်ကိုမရှာတော့ဖို့ပြောပြီး ပစ္စည်းတန်ဖိုးပြန်လျော်ခိုင်းကာ ကျန်တာသူပြန်လာမှဆက်လုပ်မယ်ပြောကာ ဖုန်းချလိုက်သည်။

ပဲခူးကနေထွက်လာတာ မန္တလေးရောက်တော့ Hotel မှာပဲ ကားကိုထားခဲ့ကာ လေယာဉ်နဲ့ ကလောကိုလာတာမို့ သူတို့ထွက်လာတဲ့အချိန်နဲ့ ကလောကိုရောက်တော့ နေ့လည် 3နာရီ။ရောက်ရောက်ခြင်း သူချစ်တုန်းနှစ်ယောက်က ခဏနားပြီး ရေချိုးနေတုန်းလေး

ဖုန်းကောက်ကိုင်ကြည့်မိလိုက်တာ်ဆို နေလက်ရာ
ဆိုတဲ့ခေါင်းစဉ်နဲ့အတူ
ဖတ်လိုက်ရတဲ့သတင်းကြောင့်
သူပြဿနာအရင်းအမြစ်ကို သဘောပေါက်ကာ
ကျော်သူရတို့ဆီဖုန်းဆက်ပြီး
စုံးစမ်းခိုင်းရသည်။သူငယ်ချင်းကောင်ဆီက
သတင်းရတာကိုနားထောင်ပြီးတော့
သားဆီဖုန်းဆက်ခြင်းပင်။

ဒီပြဿနာရဲ့အရင်းမြစ်က
ဝေးဝေးပြေးရှာစရာမလိုပါဘူး။MD တစ်ယောက်ပဲ
ဒီလိုကိစ္စတွေကိုလုပ်နိုင်မှာ။သူဒီအလည်အပတ်ခရီး

ကပြန်ရင်တော့

ဘာကောင်လည်းဆိုတာသိအောင်တော့

ပြရပေဦးမည်။

အခုရက်ပိုင်း နေလက်ရာ

နဲ့ပက်သက်တဲ့နေရာတွေမှာတစ်ခုမဟုတ်တစ်ခုဖြစ်

နေတာတွေကို သူသိပင်မဲ့ အရေးမကြီးလို့သာ

ဒီအတိုင်းထားလိုက်တာ။အခုတစ်ခါကိစ္စကတော့

ဘယ်လိုမှနောက်ထားလို့မရ။ဒါပင်မဲ့

အဲ့ကိစ္စကြောင့်လည်း ခရီးမှာပျော်နေတဲ့ မ နဲ့

သမီးလေးကိုလည်း စိတ်ပျော်နေတာကို

ညစ်တဲ့စိတ်တွေမဝင်စေချင်။

" မောင် "

စိတ်တွေဘယ်လောက်ပဲ ရှုပ်ထွေးနေပါစေ
သူ့ရဲ့စိတ်ထဲကမကောင်းတဲ့အတွေးတွေကို
ပြတ်တောက်သွားအောင် စွမ်းဆောင်နိုင်တဲ့
သူ့ဘဝရဲ့ရင်ခုန်ဖက်လေး။သူ့ဘေးနားမှာ
အနှစ်နှစ်ဆယ်လုံးလုံး သူကစိတ်ဆိုးအောင်စတိုင်း
မောင်နော် ဆိုတာလေးက
သူ့ရင်ထဲကိုအဝေးကနေပစ်လွှတ်လိုက်တဲ့မြှားတစ်
စင်းလို သူ့နှလုံးသားကိုတည့်တည့်လာမှန်သည်။

ကိုယ့်ဘ၀ရဲ့တစ်ဦးတည်းသောလေးမို့
မြတ်နိုးရတယ်
တန်ဖိုးထားရတယ်။အိမ်ထောင်သက်တမ်းတစ်
လျှောက်လုံး မိန်းမကို ရိုက်နက်တာ နဲ့
မယားငယ်မထားတာကလွဲ
သူရန်ဖြစ်တာတွေကိုလိုက်ရှင်းပေးရတာအထိရှိခဲ့ပ
င်မဲ့
ဒီအမျိုးသမီးလေးကသူ့အပေါ် စိတ်ကွက်တာမျိုး
တစ်ခါလေးတောင်မရှိပဲ ချစ်ပေးခဲ့တယ်။

သူ့အပေါ်ကို တစ်ယောက်တစ်ယောက်ထဲပဲ

သစ္စာရှိရှိချစ်ပေးခဲ့တဲ့အမျိုးသမီး။သူဝေယျာဝစ္စ

တွေကိုလည်း တစ်ခြားသူလုပ်တာမကြိုက်ပဲ

သူကိုယ်တိုင်လုပ်ပေးမှာကျေနပ်သူ။သူမမိသားစုနဲ့

ကိုယ်ယှဉ်လာရင်တောင်မှ မောင် နဲ့

ကလေးတွေကသာ သူမမိသားစုလို့ဖြေတဲ့ ချစ်ရတဲ့

မောင့်အမျိုးသမီးလေး။ဒီလိုအဖိုးတန်လေးပိုင်ဆိုင်

ခွင့်ပေးခဲ့တဲ့ ကံကြမ္မာရော အထူးသဖြင့်

ဦးထက်မြတ် ကိုရောပေါ့။

"မောင် သဘာဝခေါ်နေတာလေ"

"ဟောဗျာ မောင်ကြားပါတယ်"

သူမကိုလှည့်ကြည့်ပြီး
ဘာစကားမှမပြောပဲရပ်ကြည့်နေတဲ့ မောင့်ကြောင့်
သူမကထက်ခေါ်လိုက်တော့
သူကြားပါတယ်ဆိုတဲ့အကြောင်းပြောလာတာ
ကြောင့်.......

"ကြားတယ်လဲပြောသေး
ဘာလို့စကားပြန်မပြောတာလဲ "

"ကိုယ့်မိန်းမကိုယ်ကြွေသွားတာ"

"မောင်နော် ကလေးရှိတယ် ဘယ်လိုဖြစ်နေတာလဲ"

ခဏကရေချိုးဝတ်စုံလေးနဲ့ထွက်လာတာ
သမီးပါတာကို သူကမမြင်ပဲ
မိန်းမတစ်ယောက်ထဲမြင်ကာ စိတ်ကူးရင်နေခိုက် မ
ကလက်ပေါ်ကသမီးကိုမေးငေါ့ပြတာကြောင့်......

"စိတ်ညစ်ရာပြီ

ဖေဖေကစကားတက်တိုင်းလျှောက်ပြောနေတာ

လီလီတကယ်ကို စိတ်တွေရှုပ်နေပြီနော်"

"ဟောဗျာ ဖေဖေကဘာတွေစကားတက်လို့လည်း

ရင်ဘက်ထဲရှိတဲ့အတိုင်းပြောနေတာလေ"

"ဟွန့် မေမေပဲဖေဖေပြောတာယုံတာ

လီလီကတော့ယုံပါဘူး

ရုပ်ချောတဲ့ယောကျာ်းတွေကကြောက်ဖို့ကောင်းတ

ယ်"

"မှန်ပါဗျ

ကျွန်တော်ကခင်များလေးကိုမနိုင်ပါဘူးဗျာ.....မိန်းမ

အအေးပတ်မယ် အင်္ကျီဝတ် ပြီးရင်

မောင်တို့ခြံထဲဆင်းကြမယ်"

လီလီတစ်ယောက်

ရေချိုးထားတဲ့သူကနှစ်ယောက်ကို

မေမေတစ်ယောက်ထဲကွက်ကလအင်္ကျီဝတ်ခိုင်းတဲ့

ဖေဖေကြောင့် စိတ်ဆိုးသွားကာ

နှုတ်ခမ်းလေးဆူထွက်လာတော့သည်။

"ဖေဖေက ဖေဖေမိန်းမကိုပဲချစ်တာနော်
လီလီလည်းရေချိုးထားတာပါ
ကိုယ့်သမီးလေးအအေးပတ်မှာကြစိတ်မပူဘူး"

"စိတ်မပူပါဘူး ပြီးရင်သမီးက
ဖေဖေကိုစကားတက်တယ်ပြောမှာကိုသိပြီးသား
လေအဲ့တာကြောင့် ဖေဖေကိုအရမ်းချစ်တယ်
မေမေကိုပဲပြောတာပေါ့"

မောင်ပြောတာကို ဟုတ်လားဆိုပြီး

အဖေရောအမေပါသူတစ်ယောက်ထဲကိုသာ

ချစ်စေချင်တဲ့ ကလေးလေးမို့

စိတ်မကောင်းဖြစ်မှာဆိုးလို့ခေါင်းရမ်းပြလိုက်တော့.

.....

"မေမေနော် ဖေဖေကချစ်တယ်ပြောတာကို

မချစ်ဘူးလား အဲ့လိုဆို

ဖေဖေစိတ်မကောင်းဖြစ်သွားတော့မှာ"

"ဒေါ်လီလီ ရှင်လေးကနော် မေမေကသာ သမီးဖေဖေကို ချစ်တယ်ပြောကြည့် သမီးကိုကြမချစ်ကြဘူးဆိုပြီး Drama ခင်းပြမှာမဟုတ်လား"

သူမက သမီးနဲ့အနီးကပ်နေရသူမို့ ကိုယ်သမီးအကြောင်းသိတာကြောင့် ပြောတော့အမှန်တရားပေမို့ ခေါင်းထောင်နေရာက သူမလည်တိုင်လေးကိုဖက်ကာ သူမပုခုံးလေးပေါ်မျက်နှာလေးစောင်းအိပ်လိုက်သည်။

"မောင့် သမီးတွေလားအလည်တုံးလေး
သူ့အကြောင်းအမှန်ပြောနေလို့"

"သားအမိနှစ်ယောက်အအေးပတ်မယ်
အဝတ်အစားလဲလိုက်ဦး
မောင်ခြံထဲကစောင့်မယ်နော်"

သူလိုလိုမယ်မယ်
ကလောမှာအိမ်လေးဝယ်ထားလိုက်တာ
အခုတော့သူတို့အတွက်အဆင်ပြေသည်။သူဝယ်

ထားတဲ့အိမ်လေးက အထပ်တွေနဲ့အိမ်မဟုတ်ပဲ
လုံးချင်းအိမ်ကျယ်ကျယ်လေးပင်။သားတို့မိသားစု
ပါလာရင်တောင်အခန်းတွေကများတာမို့
ဘာမှစိတ်ပူစရာမရှိ။သူတို့မနေရင်တောင်
ဒီမှာခြံစောင့်နဲ့
အိမ်သန့်ရှင်းရေးလုပ်ဖို့လူငှားထားတဲ့အတွက်
ဘယ်အချိန်လာလာ လာမယ်ပြောထားရင်
စားဖို့ကအစအဆင်သင့်။သူရဲ့အချစ်ကလေးနှစ်
ယောက်ကိုပြောကာ ခြံထဲဆင်းလာပြီး
အလုပ်သမားတွေကို
ကိုယ်အလုပ်ကိုလုပ်ဖို့ပြောထားလိုက်သည်။

ညနေစောင်း

ကလောရဲ့အလှအပကိုသူတို့အိမ်လေးကနေကြည့်ရင်အတော်သာယာလှသည်။လေကောင်းလေသံရှုရင်း စိတ်ထဲလည်း စင်တာကိစ္စ

သားကိုပြဿနာရှာလာမီကိုလည်း

သူစိတ်ပူသည်။ထိရင်းထိ

သူကိုထိတာကိုသူခံစားနိုင်ပင်မဲ့ သူ့သွေးသားဖြစ်တဲ့သား ကိုထိလာရင်တော့ ဘယ်လိုလူမျိုးဖြစ်ဖြစ်

သူဘာလုပ်ရလုပ်ရလုပ်မှာပင်။

"သားကိုသာထိရင် လူစိတ်တောင်

ပျောက်သွားနိုင်တယ်"

တောင်တန်းတွေကိုကြည့်ရင်း သက်ပြင်းချကာ ပါးစပ်ကနေလည်း ရေရွတ်မိသည့်ကာ သူစိတ်အတိုင်းအတာကိုပင်။သူမှာရှိတဲ့ပိုင်ဆိုင်မှုလေးက နှစ်ယောက်ထဲရယ်။ချစ်ရတဲ့ မ အပြင် သူရဲ့ဘဝတွေဖြစ်တာက သား နဲ့ သမီးပင်။

"ဖေဖေ"

ခဏကသာ သူ့အနောက်က မောင် လို့ခေါ်သံကြားပင်မဲ့

အခုတော့သူအနောက်ကနေခေါ်လိုက်တာက

သမီးရဲ့အသံစာစာလေး။သူလှည့်ကြည့်လိုက်တော့

သူ့ကိုပြေးဖက်လာတာကြောင့်

ကောက်ပွေ့လိုက်သည်။

"ဖေဖေ အားကြီးချစ်"

"အဲ့တာနဲ့ပဲ ငါ့ယောကျာ်းကိုနိုင်စားနေလိုက်နော်

အစ်မတော်"

သူတို့သားအဖနှစ်ယောက်နားရောက်လာတဲ့ မက သမီးကိုပြောတော့ အဲ့တော့မှသားအမိနှစ်ယောက် ဆွယ်တာအဖြူရောင်လေးတွေဝတ်ထားတာကို သတိထားမိသည်။သူကတော့ အောက်ကဘောင်းဘီအရှည်ဆိုပင်မဲ့ အပေါ်ပိုင်းကလက်တိုပင်။

"မောင် တော်တော်အေးလာပြီ ဆွယ်တာဝတ်ရအောင် သမီးလေးကို အောက်ကိုချထားလိုက်"

သူတို့သားအမိနှစ်ယောက်ထဲ

ဆင်တူဝတ်တယ်ဆိုပြီးပြောတော့မလို့ပြင်နေကာမှ

အလိုက်သိတဲ့ ချစ်ဇနီးလေးက သူ့အတွက်ပါ

အဖြူရောင်ဆွယ်တာလေးယူလာတာကြောင့်

သမီးကို အောက်ခထားချကာ မ ခန္တာကိုယ်လေးကို

ကောက်ပွေ့ပစ်လိုက်သည်။

"အားးး မောင်နော် မူးတယ် ချပေး"

"မောင့်မိန်းမလေးကို ချစ်လို့ပါ မွ"

ကောက်ပွေ့ပြီး သူမခန္ဓာကိုယ်လေးကို ဝေ့ရမ်းနေရာက ရပ်လိုက်ကာ သူမနဖူးနဲ့ သူနဖူးကိုတေ့ကာ အချစ်မျက်ဝန်းအပြည့်နဲ့ ကြည့်ပြီး ပါးလေးကိုသူ့နှာခေါင်းနှစ်ဝင်အောင် နမ်းပစ်လိုက်သည်..............။

~~~~~~~~~~~~~~~ဆက်ရန်။

🍭You are my life🍭

Chapter _ 9

LayNge
~~~~~~~~~~~~~~~

"မောင် ကလေးပါတယ် ဖြေးဖြေးမောင်းဆို"

သူတို့သားအမိပဲ
မနက်စောစောဆိုင်ကယ်စီးချင်တယ်ဆိုလို့ ငှားပြီး
မောင်းပေးတဲ့သူက အရှိန်မဆိုသလောက်လေး
တင်လိုက်တာနဲ့ မ ကသမီးပါတယ်ဆိုတာနဲ့ပဲ
ကိုင်ပေါက်ကာပြောနေတော့သည်။

Lay Nge

"မ ကလည်းဒီထက်နေးရင်

စက်ဘီးတောင်မောင်တို့ကို

ကျော်တက်သွားလောက်တယ်"

မောင်တဲ့အချိန်က 45 လောက်ရှိတာကို

မိုင်ကုန်တင်မောင်းသလို လန့်နေတဲ့ချစ်ရသူကို

ဆိုင်ကယ်မောင်းနေရင်းနဲ့ရှင်းပြရသေးသည်။ဒါပင်

မဲ့လည်း ပါးစပ်ကသာ

အကြောရှည်တာလက်ကတော့

မောင်းနေတဲ့အရှိန်ကို

အနည်းလျော့လိုက်သေးသည်။

"အေးလိုက်တာ ပျော်စရာကြီး လီလီတို့ဆီမှာ အဲ့လို အတွန့်အကောက်တွေမရှိဘူး
လှိုင်းလုံးလေတွေရောပဲ"

"ဘယ်ကအတွန့်ကောက်ဖြစ်ရမှာလဲ သမီးရယ် အဲ့တာ တောင်တန်းတွေလေ"

တောင်တန်းတွေကို
လှိုင်းတွေရောအတွန့်အကောက်တွေပါစုံအောင်
သူပြောတက်သလိုပြောသွားတဲ့ လီလီလေးကြောင့်

နေ တစ်ယောက် ဆိုင်ကယ်မောင်းနေရင်းက
အသံထွက်အောင်ထိရီမိသည်။

"ဖေဖေက လီလီကိုလျှောင်တာလား
ကလေးဆိုတော့မသိဘူးလေ အပြစ်လား"

"ဖေဖေကသမီးကိုလျှောင်တာမဟုတ်ပါဘူး
သမီးပြောတာလေးက ချစ်စရာကောင်းလို့ရီတာပါ"

သမီးကသူစကားမှားသွားတာကို အဖေဖြစ်သူက
ထရီတယ်ဆို သူကိုလျှောင်ရမလားဆိုပြီးပြောတော့

အစကတည်းကလူလည်ဖြစ်တဲ့ မောင်က

သမီးကျေနပ်လောက်မဲ့စကားထည့်ကာ

အလိမ္မာသုံးပြီး ကျေနပ်အောင်ပြောသည်။

သူ့မဘဝမှာ

ပထမဆုံးယောကျာ်းတစ်ယောက်နဲ့အတူတူအခုလို

စီးဖူးတာ

မောင်တစ်ယောက်ထဲသာရှိသည်။ဆိုင်ကယ်လည်း

မစီးရဲသလို

အခုလိုတောင်ပေါ်လမ်းတွေမှာမောင်းတာ

မောင်းတဲ့သူက ကိုယ်ချစ်ရသူ

ကိုယ့်ကိုအထိခိုက်မခံနိုင်လောက်အောင်

ချစ်တဲ့သူမို့သာ လိုက်စီးရဲတာပင်။

"အရှေ့မှာစားသောက်ဆိုင်တွေရှိတယ်

ဗိုက်ဆာနေပြီလား ဝင်စားမယ်လေ"

"ဟုတ်တယ် မောင် ဗိုက်ဆာနေပြီ

ဆိုင်တစ်ဆိုင်ဝင်လိုက်ပါလား"

သမီးလေးလည်း မနက်စောစောထပြီး သူမတို့နဲ့

ဆိုင်ကယ်စီးတာလိုက်လာတာကြောင့်

ဗိုက်ဆာနေလောက်ပြီမို့

မောင်ကိုဆိုင်တစ်ဆိုင်ရှေ့ကို ရပ်ခိုင်းရသည်။

"မောင် ! လာလေ ဘာလုပ်နေတာလဲ

သမီးကဗိုက်ဆာနေပြီ"

သူမတို့ဆိုင်ထဲဝင်လာတဲ့အထိ

မောင်ကပါမလာတာကြောင့်

အနောက်ကိုလှည့်ကြည့်လိုက်တော့

ဆိုင်ကယ်ကိုနေရာချနေတာဖြစ်ပြီး

ကောင်မလေးနှစ်ယောက်က မောင့်အနားကပ်ကာ

စကားပြောနေတာကြောင့်
သူမကလှမ်းခေါ်လိုက်သည်။

"ဦး ဆိုင်ထဲကလှမ်းခေါ်နေတာ ဦးအစ်မလား"

"မင်းတို့ကြားဖူးလား မောင်နှမချင်း မောင်
လို့ခေါ်တာ အဲ့တာငါ့မိန်းမ နဲ့ သမီး ပြီးတော့
ငါမှာမင်းတို့အရွယ်
သားတောင်ရှိတယ်....ငါ့အတွက်မင်းတို့ကို
ဒီလောက်စကားပြောတာနဲ့တင်
ငါ့မိန်းမကိုပေးရမဲ့အချိန်တွေလျော့နေပြီ"

ပြောကာ

ဆိုင်အပေါက်ကနေသူဘက်ကိုလှည့်နေတဲ့

ချစ်ရတဲ့သူဘဝလေးတွေဆီကိုပဲ ဆိုင်ကယ်သော့ နဲ့

ပိုက်ဆံအိတ်ကိုယူကာလျှောက်လာလိုက်သည်။သူ

လျှောက်လာရင်း

သူမတို့သားအမိနားရောက်တော့.....

"ဖေဖေက ကောင်မလေးတွေနဲ့

စကားပြောနေတာလား လီလီစိတ်တိုလာပြီနော်"

"မဟုတ်ပါဘူး ဖေဖေကိုစကားလာပြောတာ

သူတို့ဘာသာ ဖေဖေကမပြောပါဘူး"

"ဖေဖေနော်လာမငြင်းနဲ့

ဖေဖေစကားပြန်ပြောနေတာ

လီလီမျက်လုံးတွေနဲ့မြင်တယ်လေ....ဖေဖေက

မေမေကိုဝမ်းနည်းအောင်အရမ်းလုပ်တာပဲ"

သမီးပြောမှ မိန်းမဖြစ်သူမျက်နာကိုကြည့်တော့

သူကြည့်တယ်ဆို မ

ကမျက်နာလွဲသွားသည်။တကယ်

လီလီအမွေ့စိန်လေး။သမီးသာအဲ့လိုတွေလျှောက်မ
ပြောဘူးဆိုရင်
ခဏကမြင်ကွင်းကစိတ်ဆိုးစရာမပါတဲ့အတွက် မ
ကစိတ်ဆိုးမှာမဟုတ်။အခုတော့
အချစ်တော်လေးကြောင့် မ ကစိတ်ဆိုးသွားပြီ။

"သမီးနော် ကိုယ် FA ဖြစ်တိုင်းသူများအတွဲကို
လိုက်နှောက်နေတော့တာပဲ"

"ဗိုက်ဆာနေပြီ စကားပဲပြောတော့မှာလား"

သူမတကယ်လည်း

ခဏကမြင်ကွင်းအထိစိတ်ဆိုးစရာမပါတာကြောင့်

မောင်ကိုရပ်စောင့်နေရာက မောင်အနားရောက်မှ

သမီးဖြစ်သူစကားတွေကြောင့်

ရင်ခံသွားတာပင်။ဒါကြောင့်လဲ

မောင့်ကိုစကားကောင်းကောင်းမပြောပဲ

ဗိုက်ဆာနေပြီလို့သာပြောတော့

မောင်ကသူမလက်ကိုဆွဲဖို့ပြင်ပင်မဲ့

လက်အကိုင်မခံပဲရှေ့ကနေဆိုင်ထဲဝင်လာလိုက်သ

ည်။

"ကျစ် ! လီလီတစ်ယောက်နဲ့တော့
ရှင်ချင်တယ်နော်"

အရှေ့ကနေစိတ်ကောက်ပြီး
လက်တောင်အကိုင်မခံပဲဝင်သွားတဲ့ မ
ကြောင့်ပျော်နေတာလေးတွေတောင်ဘယ်နားရော
က်သွားမှန်းမသိ။သူ့အချစ်ဆုံးလေးက
တစ်ခါတစ်ခါမွှေရင်အဲ့လိုကိုမွှေတာ။

အဲ့စိတ်ဆိုးတာက အဲ့အချိန်ကနေစပြီး
အိမ်ပြန်ရောက်တဲ့အထိ မ

ကစကားမပြောတာကြောင့်

သူမှာနေမထိထိုင်မသာဖြစ်နေရတာ ထိုင်ရမလိုလို

ထရမလိုလိုနဲ့။သားတုန်းကတော့

သူတို့ချစ်မယ်ဖျက်စီးတက်တဲ့အကျင့်လေးရှိပင်မဲ့

သမီးလောက်တော့မဆိုးပေ။

"မ "

သဘာဝ

သမီးကမနက်စောစောထရလို့အခုပြန်ရောက်တော့

မျက်လုံးလေးစင်းနေတာကြောင့် ပြန်သိပ်ပြီးတော့



Lay Nge

ကုတင်ပေါ်ကဆင်းတယ်ဆို မောင်

ကသူမအနားရောက်လာတာမို့

ရှောင်သွားဖို့ပြင်တော့

သူမကိုကောက်ပွေ့လိုက်သည်။

"လွှတ်ဆို ငါ့ကိုအောက်ကိုချပေးနော်

နေမင်းလက်ရာ"

"အဲ့ကောင်က မ ယောကျ်ား"

ပြောရင်းသူမကိုပွေ့လျှင်ပင်

သမီးရှိနေတဲ့အခန်းထဲကနေ

တစ်ခြားအခန်းကိုခေါ်လာတာကြောင့်

မောင်ရင်ဘက်တွေကို ထုကာ

အောက်ချပေးဖို့ပြောတော့လည်း ပေခံသည်။

"စိတ်ဆိုးလာပြီနော်

ဘယ်လိုဖြစ်နေတာလဲဆိုနေတာ"

"ဘယ်လိုဖြစ်နေတာလဲဆိုတော့ စိတ်ကောက်နေတဲ့

မိန်းမကိုချော့နလို့လေ အချစ်ကလေးရဲ့"

အခန်းထဲရောက်ထဲဆို သူမကိုအောက်ကိုချပေးကာ တံခါးကိုအရင်လော့ချပြီးမှ သူမဘက်ကိုလှည့်လာပြီး......

"တကယ်ပြောနေတာ မောင်ကိုလှမ်းခေါ်နေတာက အစ်မလားလို့မေးလို့ မောင့်မိန်းမ နဲ့ သမီးလို့ဖြေတာ အဲ့တာပဲပြောပြီးထွက်လာတာ မ တို့သားအမိဆီ"

"ကလေးကတောင် ဘယ်လိုမှန်းသိတယ်"

"ကျစ် !

သူမကိုစိတ်မရှည်သလို ကျစ်သတ်နေတဲ့

မောင်ကြောင့် သူမရှေ့ကသူကိုတွန်းတော့

သူမလက်လေးကိုင်ကာ

သူနှုတ်ခမ်းတစ်စုံနဲ့ထိကပ်ထားပြီး

နမ်းနေတာဘယ်နှစ်ချက်မှန်းမသိ။

"နင် စိတ်မရှည်တဲ့ပုံစံမျိုးလာမလုပ်နဲ့

ဘယ်သူမှမချော့ခိုင်းဘူး ဖယ်ပေး"

"မောင့်မိန်းမကိုစိတ်အရှည်စရာလား မောင်စိတ်မရှည်တာဟိုပေါက်စန သူများလင်မယားတည့်နေတာကို......သမီးတစ်ယောက်နဲ့တကယ်မလွယ်"

"မောင်နော် ! နင် ငါ့သမီးလေးကိုမပြောနဲ့ ကလေးကမြင်တဲ့အတိုင်းပြောတာ"

တကယ်မနိုင်စိန် သမီးတော်ကိုစိတ်မရှည်ကြောင်းပြောတော့ မကသူ့သမီးကိုပြောရမလာဆိုပြီး

နောက်တစ်မျိုးရစ်လာတာကြောင့် မနိုင်တော့တဲ့ဆို
ဆိုဖွာခုံပေါ်ထိုင်ကာ
မိန်းမဖြစ်သူပြောတာကိုသာငြိမ်နားထောင်နေလိုက်
သည်။

ရန်ကုန်ကအခြေအနေတွေက
သိပ်ကောင်းတာမဟုတ်။နေလက်ရာဆိုတဲ့
နာမည်တွေနဲ့လိုင်းပေါ်မှာ
စင်တာအကြောင်းပြောထားတာတွေက
သတင်းဌာနတွေကဖျက်ပေးသွားတာတောင်
ဟိုနည်းနည်းဒီနည်းနည်းရှိသေးသည်။သားကိုတော့

ဒီကိစ္စတွေထဲဝင်မပါစေချင်တာမို့ ဒီခရီးကပြန်မှ သူလုပ်သင့်တာတွေလုပ်ရမည်။

မ ပြောတာတွေကိုငြိမ်နားထောင်ရင်းက ရန်ကုန်က ကိစ္စတွေပါအတွေးလွန်သွားပြီး အတွေးတွေပျက်တောက်သွားရသည်ကာ သူ့အိတ်ကပ်ထဲထည့်ထားတဲ့ ဖုန်းကအသံကြောင့်ပင်။

"ကျော်သူရ ပြော"

တစ်ဖက်က သူငယ်ချင်းဖြစ်သူစကားကြောင့် သူမျက်နှာထားပိုတည်သွားရသည်။သူတို့ Group ကိုတမင်တိုက်ခိုက်နေတဲ့ သူရှိသလို စင်တာကိစ္စကသူထင်သလိုပင်။

"အင်း အဲ့ကိစ္စတွေငါပြန်လာမှဖြေရှင်းမယ် မင်းတူကိုလည်းကြည့်ထားဦးဇွတ်လုပ်မှာဆိုးလို့ ကွာ"

LayNge

"အေးပါကွာ

မင်းကပြသနာတိုင်းကိုဖြေရှင်းနိုင်တာပဲ

အခုလည်းဖြေရှင်းနိုင်မှာပါ"

သူဖုန်းပြောနေရင်းက သူရှေ့ရပ်နေတဲ့ မ ကိုတွေ့မှာ

ဖုန်း Speaker ကိုပိတ်က

သူမအနားကနေထလာပြီး

နည်းနည်းဝေးတဲ့နေရာရောက်မှဖုန်းဆက်ပြောရသ

ည်။သူကြောင့်

သူအမျိုးသမီးလေးစိတ်ဆင်းရဲမှာကိုတော့မလိုချင်။

"အင်း ငါပြန်လာမှအဆင်ပြေသလိုလုပ်မယ်

အဓိကကကတော့ခဏကပြောသလိုပဲ

မင်းတူစိတ်ကဇွတ်သမားမဟုတ်ပင်မဲ့

မထင်ရင်မထင်သလိုလုပ်တာ

သူ့ကိုပဲကြည့်ထားပေ"

"အင်းပါကွာ မင်းကလဲအဲ့တာပဲမှာနေတာ

သူ့သားကြတော်တော်ချစ်"

ကျော်သူရန့်

အလုပ်ကိစ္စအနည်းငယ်ပြောပြီးတယ်ဆို

မျက်နှာအနေအထားကိုပြင်က မက်တပ်ရပ်နေဆဲ မ အနားကိုလျှောက်သွားလိုက်သည်။

"အလုပ်တွေ အဆင်မပြေဘူးလား မောင်"

"ပြေပါတယ်"

"မညာနဲ့ မောင်နဲ့သဘာဝအတူတူနေလာတာ သားတစ်သက်နော် မလိမ်တက်ပဲမလိမ်ပါနဲ့ မောင်.....သဘာဝ ကိုယ်နဲ့ပေါင်းနေတဲ့

ကိုယ့်ယောကျ်ားမျက်နှာအနေအထားဘယ်လိုရှိနေ
လည်းဆိုတာမသိရအောင် ရှုးနေတာမဟုတ်ဘူး"

သူမဆီကစကားကြောင့်
သူရဲ့စိတ်ကိုလျော့ချလိုက်ကာ မ
ရဲ့ရှေ့ဒူးထောက်ချလိုက်ပြီး
မရဲ့ပိုက်လေးနားမျက်နှာအပ်ကာ ခါးကိုဖက်ရင်း.......

"ပြဿနာဖြစ်တာကစင်တာမှာတင်ထားတဲ့
Branded ပစ္စည်းကအတုဖြစ်နေတာကစတာ
ပြီးတော့ အဲ့ကိစ္စက MD လက်ချက်

မောင်မစစ်နိုင်ဘူးဆိုပြီး ပိုက်ဆံတွေသုံးထားပြီး

အတုတွေတင်ထားတာ"

သူမဗိုက်နားကို မျက်နာအပ်ကာပြောလာတဲ့

မောင့်စကားတွေနားထောင်ပြီး ပြုံးလိုက်ရင်း

ဒီလောက်ပြဿနာသေးသေးလေးကို

မောင်ဖြေရှင်းနိုင်မယ်ဆိုတာ ယုံပြီးသား။

"မောင် စိုးရိမ်နေတာအဲ့ကိစ္စမဟုတ်ဘူးလို့

သဘာဝထင်တယ်"

"ဟုတ်တယ် အဲ့ကိစ္စထက် မောင်းစိုးရိမ်နေတာ သားကိုပဲ မနေ့ကစင်တာကကိစ္စကို သူသွားဖြေရှင်းတာ လျော်ကြေးပေးရတာက အရေးမကြီးဘူး သားအတွက်အန္တရာယ်ရှိလာမှာကို စိတ်ပူတာ"

ဒီတစ်ခါစကားကြောင့်လည်း သဘာဝပြုံးမိပြန်သည်။သူရာဇဝင်မှာဘယ်ကောင်ကိုမှဂရုမစိုက်ခဲ့ပါဘူးဆိုတဲ့မောင်က သူ့သားထိမှာကိုတော့ကြောက်နေတယ်တဲ့။မောင်ကသူ့အတွက်သာ သူမပူတာ သူသွေးသားအလှည့်ကြတော့

ကြောက်စိတ်ဝင်လာသည်တဲ့။သူမကတော့

သားအပေါ် စိတ်ပူတာရှိပင်မဲ့

မောင်လောက်တော့မဟုတ်ပါ။သားကကလေးလေး

မဟုတ်တော့တစ်လို

လုပ်ငန်းတစ်ခုကိုဦးဆောင်နိုင်တဲ့အရွယ်ရောက်နေ

ပြီမဟုတ်လား။

"မောင် သဘာဝပြောမယ်

သေချာနားထောင်နော်......ပြဿနာတစ်ခုစီတိုင်းကို

တောင် မောင်အကြမ်းနည်းဖြစ်ဖြစ်

အနုနည်းနဲ့ဖြစ်ဖြစ်ဖြေရှင်းနိုင်ခဲ့တယ်မဟုတ်လား

အခုလည်းဒီလိုပေါ့

မောင်ဖြေရှင်းနိုင်မယ်ဆိုတာယုံတယ်.....သားအတွ
က်ကတော့ သားကကလေးမဟုတ်တော့
သူကညာဏ်ကောင်းတယ်
မိဘအုပ်ထိန်းမှုအောက်ရှိတဲ့သူ....မောင်ကမလုပ်နဲ့
ဆို ဘယ်တုန်းက မောင့်စကားပယ်ရှားဖူးလဲ"

ဘယ်တုန်းကမှတော့
ဖေဖေကလည်းဆိုတာမျိုးအထွန့်တက်တာတောင်
မရှိပင်မဲ့ မိန်းမယူတုန်းကတော့
ငယ်ပါသေးတယ်ဆိုတာတောင်ဇွတ်လုပ်သွားတာ
20တောင်မပြည့်သေး

ဖအေထက်သားတစ်လကြီးကြောင်းပြသွားတာ

တော့ရှိသည်။

ခဏကစိတ်ဆိုးနေတာက သူမ။အခုတော့

သူမရှေ့ဒူးထောက်ချကာ သူမခါးဖက်ပြီး

သူခံစားချက်တွေပြောကာ ပူးကပ်နေတာကြောင့်

သူမကပဲပြန်ချော့ရသည့်အဖြစ်.......။

နေတစင်းတစ်ယောက်မနေ့ကကိစ္စနဲ့ပက်သက်ပြီး

ဖေဖေကသူပြန်လာမှလုပ်မယ်ဆိုလို့သာငြိမ်နေရ

တာ စိတ်ထဲ

သိန်းထောင်နဲ့ချီဆုံးရှုံးမှုအတွက်လုံးဝမကျေနပ်တာမို့ ဒီနေ့လည်း Lynn Campany ကိုမသွားဖြစ်ပဲအိမ်မှာသာနေဖြစ်သည်။

"ပါးကလည်း လုပ်ငန်းလုပ်နေတာလေ အမြတ်နဲ့အရှုံးကတစ်ခါတစ်ရံရှိပါတယ် သိန်း 7ထောင်လောက်က

အန်ကယ်အတွက်သိပ်ပြီးတော့ထိခိုက်သွားတာမဟုတ်ပါဘူး"

"ကိုယ်ဆုံးရှုံးမှုဖြစ်တာကိုစိတ်ဝင်စားတာမဟုတ်ဘူး နေလက်ရာ ဆိုတဲ့အသံထွက်အောင်လုပ်တာကို အသည်းနာတာ ဘယ်သူလက်ချက်လည်း မသိစေနဲ့ သိလို့ကတော့ ခွေးမျိုးပြုတ်ပြီသာမှတ်"

နေတစင်း နေလက်ရာနဲ့ပက်သက်တာကို ဒုက္ခပေးနိုင်တဲ့သူတွေကို ရိပ်မိသလိုရှိတာကြောင့် ညှော့ခန်းထဲနှစ်ယောက်ထဲစကားပြောနေပင်မဲ့ အပြင်ကနားထောင်တဲ့သူကြားသွားအောင် တမင်ကိုကျယ်ကျယ်ပြောပစ်လိုက်သည်။

"နေလက်ရာက မိသားစုအတွက်ဆို

အသက်လည်းပေးနိုင်သလို

ကိုယ်လက်ကလည်းတစ်ခုခုလုပ်နိုင်တယ်"

"ပါးရယ်

ထားလိုက်ပါတစ်နေ့နေ့အမှန်တရားကပေါ်လာမှာပါ

ပေါ်လာတဲ့အချိန်ကြရင်တော့

သူများနစ်နာနေတုန်းကပျော်နေကြတဲ့သူတွေ

နောင်တမရကြေးပေါ့"

နေတစင်း

သူ့မိသားစုကိုထိလာရင်သူဘာကောင်လည်းဆိုတာ

သိအောင်ပြတက်ကြောင်းကိုလည်း

သက်သေနဲ့တကွစုံစမ်းပြီး

ရအောင်လုပ်ဦးမည်။သက်သေရတဲ့နေကတော့

ဘယ်တုန်းကမှမကြမ်းဘူးတဲ့ပုံစံမျိုးနဲ့

ပွဲကြမ်းပြမယ်။

"မေမေရေ........."

သူတို့လင်မယားနှစ်ယောက်

အောက်ထပ်မှာစကားပြောနေရာက

အပေါ်ကနေသားကြီးလေးရဲ့အသံစူးစူးနဲ့အော်လိုက်

တဲ့အသံကကျယ်လောင်တာမို့

နှစ်ယောက်လုံးလန့်သွားရကာ ထိုင်ရာကထပြီး

အပေါ်ထပ်ကိုတက်ရသည်။စိတ်ကလောနေကြပင်

မဲ့ သူမကကိုယ်ဝန်လွယ်ထားတာကြောင့်

ဖြေးဖြေးတက်ပင်မဲ့

သူတို့တက်လာတဲ့လှေကားတစ်ဝက်အရောက်မှာ

ဆီတွေလောင်းထားတာကို

နင်းမိကာနှစ်ယောက်လုံး......

ဒုန်း.......

"ပါးးး ရေ"

နှစ်ယောက်လုံးတွဲရက်ပင် လှေကားတစ်ဝက်ကနေ လိမ့်ကျသွားတော့သည်.........။

"မောင် နဲ့ သမီး နေ့လည်စာစားရအောင်လေ သဘာဝပြင်ပြီးပြီ"

သူမနေ့လည်စာချက်နေတုန်း

သားအဖနှစ်ယောက်ပြန်တည့်သွားကြကာ

အခန်းထဲပါဆော့နေခိုက်

သူမကထမင်းစားဖို့ခေါ်တယ်ဆို.....

"မေမေ လီလီကိုအပြင်လိုက်ပို့မယ်ဆို

မသွားရသေးဘူးလား"

"နေ့လည်စာစားပြီးမှ

ဖေဖေကလိုက်ပို့မယ်ပြောထားတယ်လေ

သမီးငယ်"

သူမကအဲ့လိုလည်းပြောရော

တစ်ဖက်ကုတင်ပေါ်မှာတစောင်းလှဲနေတဲ့ မောင်

ရင်ဘက်ပေါ်တက်ထိုင်ကာ တကယ်လားမေးပြီး

မောင်ကခေါင်းငြိမ့်လိုက်မှ

ဒေါ်လီလီကထမင်းစားဖို့သဘောတူကာ

သားအဖနှစ်ယောက်လုံး

ကုတင်ပေါ်ကဆင်းလာတော့

သူမကလည်းအခန်းပြင်ထွက်ဖို့အလှည့်

တံခါးဘောင်နားကအလှပြင်ထားတဲ့

ပန်းအခတ်တွေထည့်ထားတဲ့

သစ်သားခြင်းကထွက်နေတဲ့အစွန်းနဲ့သူမလက်မော
င်းသားလေး ခြစ်မိသွားရသည်။

အ့

သူမရဲ့အသံလေးကြားတယ်တယ်ဆို
မောင်ကအနားရောက်လာပြီး
သူမလက်မောင်းလေးကိုကြည့်လိုက်တော့
သွေးစို့သွားတာမြင်တယ်ဆို သူ့မိန်းမကို
သူတောင်အနာတရာဖြစ်အောင်မလုပ်တာ
လုပ်တဲ့သူကတော့ သက်ရှိဖြစ်ဖြစ်

သက်မဲ့ဖြစ်ဖြစ်သူခွင့်မလွှတ်။သူဒေါသထွက်သွား

ကာ အဲ့ချိတ်ထားတဲ့ သစ်သားခြင်းကိုဆွဲဖြုတ်ပြီး

ကိုင်ပေါက်ပစ်လိုက်တော့

အချွန်ကသူလက်မပါထိသွားတော့

ပေါက်သွားတော့ သွေးတွေထွက်လာရသည်။

"ကျစ် ! မ အတော်နာသွားလား

မောင်ဆေးထည့်ပေးမယ်"

"သဘာဝကခြစ်မိယုံလေးကို

မောင်ရယ်....မောင်လက်ပြ"

"အီးးးးး သွေးတွေ"

သူမက မောင်လက်ကိုကိုင်ကြည့်လိုက်တယ်ဆို
လက်မလေးမှာထွက်နေတဲ့သွေးက
များများတာကြောင့်
မောင်လက်ဖဝါးပြင်တစ်ခုလုံးရဲနေကာ
သမီးလေးကသူ့အဖေလက်ကသွေးကိုတွေ့တယ်ဆို
ငိုပါလေရော။တကယ်ဒီနေ့မှတိုက်တိုက်ဆိုင်ဆိုင်
ဘာတွေဖြစ်နေလည်းမသိပင်မဲ့

မောင်လက်ကိုဆေးထည့်ပေးဖို့သာလုပ်ရသည်...........။

~~~~~~~~~~~~~~~ဆက်ရန်။

🍭You are my life🍭

Chapter _ 10

LayNge

"မောင်တို့က အမြဲဇွတ်လုပ်တက်တာတွေပြင်နော် အခုကကိုယ့်ဘာသာမမြင်လို့ဝင်တိုက်မိတာကို
~~~~~~~~~~~~~~~

ပန်းမှာဘာအပြစ်ရှိလို့လည်း အဲ့တာထက်

အခုမောင့်လက်ဒဏ်ရာရပြီ မဟုတ်လား"

မောင်လက်ကဒဏ်ရာကို

သူမကဆေးထည့်ပေးနေရင်း

သမီးကသူ့အဖေဒဏ်ရာကိုကြည့်ကာ

တအီအီငိုနေတာကြောင့်

မောင်ကသူ့သမီးကိုပေါင်ပေါ်တင်ထားပြီး

ချော့နေရသည်။

"သမီး ဖေဖေဘာမှမဖြစ်ဘူးနော်

မေမေကဆေးထည့်ပေးနေတာ ပျောက်သွားမှာ"

"အီးးးး နာနာ"

သမီးငိုနေတာကြောင့်လား

မောင်ဒဏ်ရာကိုကြည့်ပြီးတော့

စိတ်မကောင်းဖြစ်နေတာလားမသိ

သူမရင်ထဲလုံးဝမကောင်းပေ။သူမရင်ထဲ

မကြာခင်တစ်ခုခုဖြစ်တော့မယ်ဆိုတဲ့အတိုင်းခံစား

နေရတာ။

"ဖေဖေ့သမီးလေးက လိမ္မာတယ်နော် မငိုနဲ့တော့ ဖေဖေကဘာမှမဖြစ်ဘူး"

"နာနေမှာပေါ့ ရို့"

"မနာပါဘူးသမီးရဲ့ သေးသေးလေး"

မောင်ကသူ့သမီးပါးလေးကို သူကောင်းတဲ့လက်တစ်ဖက်နဲ့ ညစ်ကာပြောတော့

Lay Nge

သမီးကလည်း

ဖအေရင်ခွင်ထဲမှာကပ်ခွဲနေတာကြောင့်.......

"တကယ် အခွဲတုန်းလေး

သမီးဖေဖေကဘာမှမဖြစ်ပါဘူး"

ဆိုကာ လင်မယားနှစ်ယောက်လုံးရတဲ့ ဒဏ်ရာကို

ဆေးထည့်ပြီးတော့ သမီးကိုကျွေးရင်း

နေ့လည်စားစားကြသည်။သူတို့

နေ့လည်စာစားနေရင်းက အိမ်မှာထားတဲ့

သူတို့မရှိရင်စောင့်ရှောက်ပေးတဲ့ အသက် 60 နီးပါးရှိတဲ့လူကြီးက သူတို့အနားရောက်လာကာ.......

"ဖုန်းလာနေတာ ကြာနေပြီမောင်နေ အရေးကြီးတယ်ထင်တယ်"

ခဏကအပြင်ကပြန်ရောက်ရောက်ခြင်း အပြင်ကတန်းပေါ်တင်ထားခဲ့တဲ့သူ့ဖုန်းကို သူလက်ထဲထည့်ပေးတာကြောင့် ဖုန်းခေါ်နေတဲ့သူကို ကြည့်လိုက်တော့ ညီမလေး မို့ သူကိုင်မလို့နိပ်တယ်ဆို

ပြန်ကျသွားသည်။ဖုန်းပြန်ကြသွားတယ်ဆို ခေါ်ထားတဲ့အရေအတွက်က 28 ခါတောင်မို့ သူချက်ခြင်းပြန်ခေါ်လိုက်တော့ မအားသေးပါနဲ့တိုးတော့ သူကိုပြန်ခေါ်နေတာဖြစ်လောက်မို့ စောင့်နေလိုက်တော့ ဖုန်းကော ထက်ဝင်လာတယ်ဆို ကိုင်လိုက်သည်။

"ဘာဖြစ်......."

Laynge

"ကိုကို အခုချက်ခြင်းရန်ကုန်ကိုလေယာဉ်နဲ့ပြန်ခဲ့သား ဆေးရုံတင်ထားရတယ် လင်းရိုပ်ကိုလေးလည်း အခြေအနေမကောင်းဘူး ဟီး ဟင့်ဟင့်"

တစ်ဖက်ကဖုန်းထဲက ညီမလေးပြောတဲ့စကားကြောင့် နေမျက်လုံးပြာတက်သွားရကာ လူလည်းထိုင်နေရာက ထရပ်ပြီးသာဖြစ်ပြီး လက်ထဲကဖုန်းတောင်ပြုတ်မကျအောင် မနည်းထိန်းထားရသည်။

Law Nge

မနေ့ကမှ

သူနဲ့ကောင်းကောင်းမွန်မွန်စကားပြောနေတဲ့

သားက အခုဆေးရုံတက်နေရတယ်ဆိုတဲ့

သတင်းကသူ့အတွက်တကယ်ကို

အဆိုးအရွားဆုံးသတင်း။ပြီးတော့ လင်းရိပ်ကို

လည်းအခြေအနေမကောင်းဘူးတဲ့။

"ကိုကို အမြန်လာခဲ့ပါ ဟင့် ဟီး သားတစ်ခုခုဖြစ်ရင်

ညီမလေးသေမှာ ကိုကို ရဲ့ ဟီးးး"

"မမ စိတ်ကိုထိန်းစမ်းပါ !

သားဘာမှမဖြစ်လောက်ပါဘူး"

နေ တစ်ဖက်ကဖုန်းပြောတာကို ဘာမှပြန်မပြောပဲ

ညီမလေးကို

သူယောကျာ်းကစိတ်ထိန်းဖို့ပြောနေတာတွေကြားပ

င်မဲ့ ဖုန်းချပစ်လိုက်ပြီး အတက်ဆုံးစိတ်ကိုထိန်းက

ကလော လေဆိပ်ကို လေယာဉ်လက်မှတ်မှာတာ

ညနေဘက်မှရမယ်ဆိုတာကြောင့်

သူ့အတွက်အခုအချိန်မှာ

သားကိစ္စကသာအရေးကြီးဆုံးမို့

လေယာဉ်ကိုတစ်စီးလုံးစာငှားကာ

သူတို့အခုချက်ခြင်းထွက်လာခဲ့မယ်ဆိုတာပြောပြီး တယ်ဆို ဖုန်းချလိုက်သည်။

"မောင် ဘာဖြစ်တာလဲ"

"ဘာဖြစ်တာလဲဆိုတာ ဟိုရောက်မှ မောင်ပြောမယ် သမီးစားဖို့မုန့်နဲ့ ပိုက်ဆံအိတ်ပဲယူခဲ့ မောင်တို့အခုရန်ကုန်ကို ချက်ခြင်းပြန်ရမယ်"

မောင်အသံမှာက တုန်လှုပ်နေတဲ့အသံနေအထားမို့ သူမရင်ထဲစိုးထိတ်သွားရတာက

အရင်ဆုံးသားကိုပင်။မောင်

ဒီလောက်အသည်းသန်ဖြစ်နေတာ

တော်ယုံကိစ္စမဟုတ်ဘူးဆိုတာတော့

သူမသိသည်။ဒါပင်မဲ့ မောင်က

ဟိုရောက်ရင်ပြောပြမယ်ဆိုတာကြောင့်

မောင်ပြောသလိုပဲ

သမီးအတွက်လိုအပ်တာလေးတွေသာ ယူပြီး

ပါလာတဲ့အဝတ်တွေတောင်မယူနိုင်ပဲ

ရန်ကုန်ကိုပြန်ဖို့ပြင်ရသည်။မဖြစ်ပါစေနဲ့

သူမထင်နေသလိုမဖြစ်ပါစေနဲ့လို့

စိတ်ထဲဆုတောင်းရင်း..........။

"မောင် !! "

သူတို့ကလောကနေ
လေယာဉ်နဲ့စထွက်လာတယ်ဆို
သူမကဘာဖြစ်တာလဲမေးတယ်ဆို သူက
ညီမလေးပြောသလောက်ပြန်ပြောလိုက်တော့
လန့်သွားပုံပေါ်သည်။

"ဟုတ်တယ် အဲ့လောက်ကမောင်သိသလောက်ပဲ
သားတို့အခြေအနေကဘယ်လိုရှိလည်း

ဘာကြောင့်ဖြစ်တာလည်း မောင်ကို ညီမလေးက မပြောသွားဘူး ဟိုရောက်မှာသိရမှာ"

"ဟင့် သားတစ်ခုခုတော့ မဖြစ်လောက်ပါဘူးနော် မောင်.....ဟင့် ပြီးတော့ လင်းရိပ်ကို လေးက ကိုယ်ဝန်ကြီးနဲ့ ကလေးတွေဘာမှမဖြစ်ပါစေနဲ့"

သူပြောလိုက်တယ်ဆို မိခင်ဆိုတော့ သူထက်ပင်ပိုသွေးပျက်သွားပုံရတဲ့ မ ကြောင့် သမီးလေးကိုရော သူမကိုပါ သူဖက်ထားလိုက်တော့ မ

ကအငိုမတိတ်တော့။ခံစားရမှာပေါ့

ကိုယ်ကလေးထိခိုက်တာကို

ဘယ်မိခင်ကခံစားနိုင်မှာတဲ့လဲ။

အခုကိစ္စကဘယ်လိုဖြစ်တာလဲ

ဘာကြောင့်လဲဆိုတာမသိရသေးတော့

သူစိတ်ကိုမောင်းတင်ပြီး

လွှတ်လို့မရသေးတာကြောင့်

စိတ်ကိုထိန်းထားရသည်။ဟိုရောက်လို့

ပြဿနာအရင်းမြစ်ကိုသိရင်တော့

မတော်တဆဆိုရင်

အကုန်လုံးအတွက်ကောင်းနိုင်ပင်မဲ့

သားတို့ကိုထိခိုက်အောင်လုပ်တာဆိုရင်တော့
သူကိုယ်တိုင်ရန်စကိုစိန်ခေါ်မှာ။

"ဖေဖေ နေနေဘာဖြစ်လို့လဲ"

သမီးလေးကပါ
သားဘာဖြစ်လို့လည်းမေးလာတယ်ဆို မ
ကပိုင်ိုနေကာ
သူကလည်းအခြေအနေတွေကိုသေသေချာချာမသိ
ရသေးတာကြောင့် အံကြိတ်ထားမိရင်
သမီးမေးတော့.......

Lay Nge

"ကိုကို ကနေမကောင်းလို့ ဆေးရုံတက်နေရတာ သမီး"

"နေနေ သနားပါတယ် အီးးးးးး"

ဆိုကာ သမီးကပါထငိုတာကြောင့် သူစိတ်ထဲနာကျင်နေတာကို ခဏမေ့ထားက သူရင်ခွင်ထဲကနှစ်ယောက်ကို အရင်ဖြေသိမ့်နိုင်အောင်

ချော့မြှူနေရသည်။မျှော်လင့်ပါသည် သား နဲ့ လင်းရိပ်ကို ကြီးကြီးမားမားမဖြစ်ဖို့။

"ဟင့် ဟင့် "

သားအမိနှစ်ယောက်လုံးငိုနေတာကို ဖက်ထားရင်းသူ့မျက်လုံးတွေပါ နီရဲလာရသည်။မနေ့ကတောင် သူ သားတစ်ခုခုဖြစ်မှာကို စိတ်ပူနေခဲ့သေးတာ။အန္တရာယ်များမှာဆိုးလိုတောင် စင်တာကိုစွသူ့ဘာသာဖြေရှင်းမယ်ပြောထားတာ။

lay Nge

တကယ်လို့ပေါ့ သား သာတစ်ခုခုဖြစ်သွားခဲ့ရင် သူတို့လင်မယားကတော့ ရူးသွားမလားပင်............။

ရန်ကုန်ကိုလေယာဉ်ဆိုက်တယ်ဆို အိမ်ကိုပြန်ဖို့မပြောနဲ့ အိမ်ဆိုတာတောင် သတိမရနိုင် ညီမလေးပို့ပေးထားတဲ့ Location အတိုင်း သားတို့ရှိနေမဲ့ ဆေးရုံကိုသာအရင်လာလိုက်သည်။ညီမလေးပြော တဲ့ဆေးရုံရောက်တယ်ဆို ကိုယ်ရှယ်ယာဝင်ထားတဲ့ဆေးရုံဆိုတာသိဖို့နေနေ သာသာ ဆေးရုံနာမည်တောင်မဖတ် ကောင်တာမှာ လူနာနာမည် နဲ့ မိသားစုနာမည်မေးကာ

သူတို့ပြောတဲ့နေရာကို သွားလိုက်တော့

နာစ့်တွေပြောတဲ့ VIP အခန်းနားရောက်တော့

ထိုင်ခုံမှာထိုင်ကာငိုနေတဲ့ ညီမလေးနဲ့ ဘေးနာက

မိုးတိမ်ရောင်ကိုတွေ့တော့

သူတို့အနားလျှောက်သွားလိုက်သည်။

"အစ်ကို.....မမ အစ်ကိုတို့ရောက်ပြီ"

မိုးတိမ်ရောင်က သူတို့လာတာကိုတွေ့ကာ

သူကိုခေါ်ရင်း ငိုနေတဲ့ ညီမလေးကိုပါ

သူတို့ရောက်ပြီဆိုတဲ့အကြောင်းပြောတယ်ဆို

ခေါင်းငုံ့ငိုနေရာက မော့ကြည့်လာသည်။

"သားတို့က ဘယ်လိုဖြစ်ရတာလဲ

အခုရောဘယ်လိုအခြေအနေလည်း"

"အစ်ကို သားအခြေအနေကတော့

သတိမရသေးတော့ ဆရာဝန်တွေလည်း

ခန့်မှန်းရခက်နေတယ် ခေါင်းနဲ့

တမံတလင်းရိုက်မိတာဆိုတော့

အတွင်းဘက်ထိသွားလားဆိုတာ

ဓာတ်မှန်ရိုက်ထားတယ်

အဖြေတော့မထွက်သေးဘူး"

မိုးတိမ်ရောင်တောင်စကားမဆုံးသေး

သူဘေးနားရပ်နေတဲ့ မ ကခွေကျသွားတာကြောင့်

သူမှာ သမီးအကိုချီထားရင်းနဲ့ ထိန်းလိုက်ရသည်။

"မဟုတ်ဘူး ဟင့် သားဘာမှမဖြစ်ရဘူး ဟင့် ဟင့်

မောင် မဟုတ်ဘူးနော်

သဘာဝသားလေးဘာမှဖြစ်လို့မရဘူး ဟင့် "

မိုးတိမ်ရောင်လည်း

အစ်ကိုဇနီးကတကကယ်နာကျင်နေရတာကိုဆက်

ပြောရင် ပိုနာကျင်ရမယ်ဆိုတာသိပင်မဲ့

ပြောသင့်တာကိုဆက်ပြောရဦးမှာမို့

နေမျက်နှာကိုကြည့်ကာ.....

"စိတ်မကောင်းစရာက

လင်းရိပ်ကိုသူမကအသက်အန္တရာယ်ကယ်နိုင်ဖို့အ

တွက်

အသက်ကယ်ဆေးပါထိုးထားရတာ......ကလေးနှစ်

ယောက်ကိုတော့ မကယ်လိုက်နိုင်ဘူး အစ်ကို"

မိုးတိမ်ရောင်စကားဆုံးတယ်ဆို နေ

မျက်လုံးကိုစုံမိတ်ချလိုက်တော့

ပူနွေးတဲ့မျက်ရည်စီးကြောင်းနှစ်ခုက

သူ့ပါးပေါ် ဖြတ်သန်းသွားသည်။ဒါပင်မဲ့

တစ်မိသားစုလုံးစိတ်ဆင်းရဲနေချိန်မှာ

သူကယိုင်လို့မဖြစ်တာကြောင့်.....

"ဘယ်လိုဖြစ်လို့နှစ်ယောက်လုံး"

"လေယာဉ်ကားပေါ်ကတက်ရင် ပြုတ်ကျတာအစ်ကို

သားကအောက်အရင်ကျလို့ ခေါင်းကိုထိသွားတာ "

"ကိုကိုတို့ ! အိမ်မှာငှားထားတဲ့သူတွေက

ကိုယ်ဝန်သည်ရှိမှန်းသိရက်နဲ့

နမောနမဲ့နိုင်လွန်းအားကြီးတယ်

နှစ်ယောက်လုံးလေယာဉ်ကားပေါ်ကပစ်ကျတာ

အဲ့ဆီတွေရှိနေလို့....ဖိတ်ကျတယ်ဆိုလည်း

ပြန်သုတ်လို့မရဘူး!!!"

ညီမလေးက နဂိုကတည်းက

သူတူကိုသိပ်ချစ်တဲ့သူမို့

တူနာကျင်ခံစားရတာတွေနဲ့ပက်သက်ပြီး

မကျေမနပ်ထအော်တဲ့ စကားကြောင့်......

"လေ့ကားမှာ ဆီတွေဟုတ်လား"

"ဟုတ်တယ် အဲ့ဆီတွေကိုနင်းမိပြီး

နှစ်ယောက်လုံးလိမ့်ကြတာ လင်းရိပ်ကိုလေး

သတိရလာရင်

ဘာပြောရမှန်းတောင်မသိတော့ဘူး.....သား

Lay Nge

အခြေအနေကလည်း သတိရမှ ဆုံးဖြတ်လို့ရမှာတဲ့

ဟင့် ဟီး"

ညီမလေးပြောတဲ့စကားထဲ

လေ့ကားပေါ်မှာဆီတွေဆိုတာကြောင့်

အိမ်မှာလုပ်လာတဲ့သက်တမ်းတစ်လျှောက်

ဒီလိုနမောနမဲ့နိုင်ဆာတာမျိုး

နိုင်းယှဥ်တို့နှစ်ယောက်တော့

လုံးဝမဖြစ်နိုင်။ဆီကိုလေ့ကားမှာတမင်လောင်းထား

တာလား ဖိတ်ကျထားတာလား သိဖို့လိုပြီမို့ သူက

ရင်ခွင်ထဲခွေကျပြီး ငြိမ်နေတဲ့ သဘာဝကို

ငုံကြည့်လိုက်တော့ သတိလစ်နေတာကြောင့် မ
ကိုပါဆေးရုံမှာထားလိုက်ရသည်............။

"အိမ်မှာလူတွေရှိရဲ့သားနဲ့ ဖြစ်သွားတဲ့ကိစ္စ
လေးကားပေါ်မှာ ဆီတွေမှောက်ကြနေတာကို
ပြန်မသုတ်တာလား တမင်လား!"

အိမ်ထဲမှာအလုပ်လုပ်ရတဲ့သူတွေမှန်သမျှ နေ
ကသူ့အရှေ့ခေါ်က တရားခံစစ်နေသလိုစစ်နေပြီး
တစ်ယောက်ခြင်းဆီရဲ့မျက်နှာအထားကိုလိုက်ကြည့်
မိသည်။ဒီတစ်ခါဖြစ်ရပ်မှာ

သူဘယ်သူကိုမှခွင့်လွှတ်ဖို့စိတ်ကူးမရှိ။သူ့သားနဲ့
ချွေးမအပြင် ဆုံးရှုံးသွားရတဲ့
ကလေးနှစ်ယောက်အသက်။

"အိမ်မှာ ငါမရှိတာတစ်ရက်ထဲနော် !
ဖြစ်ပျက်သွားတာက
အသက်နှစ်ချောင်းဆုံးရှုံးသွားရတာ
အဲ့ဒီအတွက်နစ်နာမှုဆိုတာ စာဖွဲ့လို့တောင်မရဘူး"

"အန်ကယ် !"

နေ အကုန်လုံးကိုရုပ်တည်နဲ့ကြည့်ကာ

ဆိုဖာပေါ်ခြေချိတ်ထိုင်ပြီး မေးနေရာက

လူကြားထဲကနေ ကလေးနှစ်ယောက်လက်ဆွဲပြီး

ထွက်လာတဲ့ မာန်လေး။

"သား မေမေ နဲ့ ဖေဖေရော ဟင်"

မျက်ရည်လေးတွေဝဲ့လျက်

မေးလာတဲ့ကလေးကြောင့်

သူတောင်စိတ်တင်းထားရာက

မျက်ရည်ပြန်ဝဲလာတာမို့

မျက်တောင်ကိုနှစ်ချက်လောက်ခက်လိုက်ရင်း......

"ဖေဖေတို့အဖြစ်အပျက်ကို

သားကသဘောပေါက်တယ် မဟုတ်လား

နေမင်းမာန်ဟုန် ဒါကြောင့်

ညီလေးတွေကိုဂရုစိုက်ထား"

နေ ကလေးတွေကိုတွေ့မှ သားတို့နဲ့အတူပါလာတဲ့

ကလေးထိန်းကိုမတွေ့တာကြောင့်

မျက်မှောင်ကျုံ့သွားရရင်း
သူစိတ်ကလည်းတစ်ခုခုသတိပေးသလိုမို့......

"ကလေးထိန်းရော ဘယ်သွားလဲ.....ကလေးတွေကို
ဒီအတိုင်းလွှတ်ထားရလား!"

သူ့အသံက
ညှော်ခန်းထဲဟိန်းနေအောင်ကျယ်တာတောင်
အခုထိပေါ်မလာသေးတဲ့ ကလေးထိန်းကြောင့်
ဒေါသထွက်တာနဲ့အတူ မင်တပ်ရပ်လိုက်ရင်း
သူရှေ့ရပ်နေတဲ့ သူတွေကိုရှောင်ထွက်ကာ

ကလေးထိန်းရှာဖို့ညှော်ခန်းထဲက

တွန်းဖွင့်ကာအထွက် တွေ့လိုက်ရတဲ့

လှေကားခြေရင်းက အနီရောင်အကွက်

တွေကြောင့် မျက်လုံးကိုတစ်ခြားတစ်နေရာရွှေ့ကာ

အပေါ်ထပ်ကိုတက်တော့

သူလည်းလှေကားပေါ်ဆီတွေကို သတိမရတော့ပဲ

သားသမီးဆောကြောင့်တက်လာရာ

ဆီတွေပေါ်နင်းမိရကာ အနောက်လှန်မလိုဖြစ်ပင်မဲ့

လက်တန်းကို အချိန်မှီကိုင်လိုက်နိုင်တာမို့

တော်သေးသည်။

Lyyge

သူနင်းမိတဲ့ ဆီကိုလက်နဲ့အသားပွက်ယူလိုက်ပြီး

နှာခေါင်းနားတွေ့ကြည့်တော့

ဆီကအုန်းဆီအနံ့လိုလို ဆီစိမ်းအနံ့လိုလိုမို့

ဒါကချက်ထားတဲ့ဆီအနံ့မဟုတ်တာသေချာသည်။

ဟင်းအပေါ်ထပ်ကိုပို့ရင်မှောက်ကျထားတာမျိုးမ

ဟုတ်တာကြောင့် ဒါတမင်လုပ်ထားတာကို

သူသဘောပေါက်မြန်သည်။သူစိတ်ကအဆုံးအဖြ

တ်မြန်နေတာနဲ့အတူ သူသံသယဝင်နေတဲ့

ကလေးထိန်းကိုအပေါ်ကိုတက်ရှာတော့

တစ်ခန်းမှမတွေ့သလို

အပေါ်ထပ်တစ်ခုလုံးမရှိတာကြောင့်.........

"တောက်စ်!! ငါ့မိသားစုခံစားရသလို မင်းတို့စိတ်တွေဘယ်လိုလောင်မြိုက်မလဲဆိုတာ ကြည့်ထား!"

နေအဖြစ်အပျက်တွေကို စုစည်းပြီးတွေးကြည့်လိုက်တော့ အဖြေကထွက်လာသည်။သားတို့ကို အန္တရာယ်ဖြစ်အောင်လုပ်တဲ့သူတွေက သူတို့သာရှိပြီး ကလေးထိန်းကို ပိုက်ဆံအမောက်ဘယ်လောက်ပေးထားလည်းမသိ ။

ဘာပဲဖြစ်ဖြစ် သူများခိုင်းလို့လုပ်ရတယ်ဆို

အကြောင်းပြချက်ပေးလာခဲ့ရင်

အဲ့ကလေးထိန်းကိုပါ ရှာပြီး

ဒုက္ခရောက်အောင်လုပ်မှာ အခုတော့

ခိုင်းတဲ့သူတွေဆီကို ရာဇသံလွှတ်ရတော့မှာပေါ့။

နေဆုံးဖြတ်ချက်ကိုအခိုင်အမာချရင်း

အောက်ထပ်ပြန်ဆင်းလာကာ

သူ့ဆီကစကားကိုစောင့်နေကြတဲ့

အိမ်ကမိသားစုဝင်တွေလိုဖြစ်နေတဲ့သူတွေကိုကြည့်ကာ.....

"အကုန်လုံးကို အထင်လွဲတာတွေအတွက်တောင်းပန်တယ်
အခုအချိန်မှာကျွန်တော်စိတ်ကိုအားလုံးနားလည်မယ်ထင်ပါတယ်....နှိုင်းယှဉ်တို့နှစ်ယောက်ကလေးတွေကို နင်တို့နဲ့ စိတ်ချထားခဲ့မယ်
ဆေးရုံမှာနင်တို့ မမလေးပါသတိလစ်ကျန်နေခဲ့တာလိုရမယ်ရပစ္စည်းတွေကိုတော့ နင်တို့ပဲစီမံပြီး
(.......}ဆေးရုံကိုပို့ခိုင်းလိုက်နော်"

"ဟုတ်ကဲ့ပါ အစ်ကိုလေး စိတ်ချပါ"

"မာန် ညီလေးတွေကို ဂရုစိုက်နော်....ဖေဖေ နဲ့ မေမေက ပြန်လာမှာမို့သိပ်စိတ်မကောင်းမဖြစ်နဲ့"

ပြောကာ သူအိမ်ထဲကပြန်ထွက်လာရင်း သူ့ကား မန္တလေးမှာကျန်နေခဲ့တာကြောင့် သားရဲ့ကားအနီလေးကိုပဲ ထုတ်စီးလာကာ သူသွားမဲ့နေရာက Lynn အိမ်ကိုပင်။ပြဿနာတစ်ခုကို ပြီးပြီးသားကိစ္စဆိုပြီး

မထားတက်တဲ့သူအတွက် လက်တုန့်ပြန်ခြင်းကို လုပ်ရမှကျေနပ်မှာပင်။

နေကားမောင်းလာရင်း

လင်းရိပ်ကိုတို့အိမ်ရှေ့ရောက်တယ်ဆို

ကားကိုခြံရှေ့တည့်တည့်ဦးတေ့ထားကာ

စိတ်ကိုတင်းပစ်လိုက်ရင်း အရှိန်တင်ကာ

ခြံတံခါးကိုဝင်တိုက်ပစ်လိုက်သည်။

ဂျိမ်းးးးး

တစ်ခါတိုက်လိုက်ရတာတင်မကျေနပ်ပဲ ကားကိုအနောက်ဆုတ်ကာ အရှိန်ပြန်တင်ပြီး ခြံတံခါးကိုသူကားနဲ့ပစ်တိုက်ပြန်သည်။သူကိုယ်သူ ထိခိုက်မှာတွေ ဘာတွေစိတ်ထဲမရှိ သူသိတာက သူ့သားကိုဆေးရုံမှာမြင်လိုက်ရတဲ့ မြင်ကွင်းသာ သူမျက်လုံးထဲ သူစိတ်ထဲရှိဒါမို့ သူလုပ်ချင်ရာသာလုပ်သည်။ပထမတစ်ခါတိုက်တုန်းကထွက်မလာကြပင်မဲ့ ဒုတိယတစ်ခါကြတော့ အိမ်ထဲကလူတွေထွက်လာတဲ့အသံကြားတာမို့ သူကားပေါ်ကနေဆင်းလိုက်သည်။

"နေမင်းလက်ရာ !"

"သိသေးသားပဲ ဒါပင်မဲ့
ခင်များတို့ကနာမည်ပဲသိသေးတာ
ကျူပ်ဘယ်လောက်မိုက်လည်းဆိုတာမသိသေး
တော့ သိပ်သိချင်နေကြတာ်ထင်တယ်"

နေရဲပုံစံအနေအထားနဲ့
ခပ်မိုက်မိုက်မျက်နာအနေအထားကြောင့်ရော
ခဏကတံခါးကိုပါ
ကားနဲ့တိုက်တာကိုသဘောပေါက်က
တော်ယုံနဲ့တော့ နေမင်းလက်ရာ

အဲ့လောက်မလုပ်ဘူးဆို ကို

ရဲ့အဖေသဘောပေါက်သလို

သန္တာတို့သားအမိတွေလုပ်လိုက်တဲ့

ဟိုကောင်လေးကိုထိခိုက်အောင်ခိုင်းထားတယ်ဆို

အောင်မြင်တယ်ထင်သည်။ဒါကြောင့်

ဒီကောင်ဒီမှာလာသောင်းကျန်းနေတာ။

"မင်းကိုဘာလုပ်လို့

ငါတို့အိမ်ကိုကားနဲ့တိုက်ရတာလဲ"

"ဖြစ်နိုင်ရင်လေ

ကားကခြံတံခါးကိုတိုက်ချင်တာမဟုတ်ဘူး

လူတွေကိုတိုက်ချင်တာ ဒါပင်မဲ့

ခင်များတို့လိုလူမျိုးတွေအတွက်နဲ့

ကျုပ်ဘဝကိုလဲရအောင် မတန်ဘူး"

နေကသူ့ရှေ့မှာလာရပ်နေတဲ့ မိန်းမနှစ်ယောက်နဲ့

လင်းရိပ်ကိုအဖေကို ကြည့်ကာပြောလိုက်တော့

အကုန်လုံးမျက်နာပျက်သွားကြသည်။

"ကျုပ်အခုဒီကိုလာတာက နေမင်းလက်ရာဆိုတဲ့ကောင်ကသူများတကာကို နောက်ကျောကနေအချောင်ခိုတိုက်ခိုက်တာဝါသနာ မပါဘူး အရှေ့တည့်တည့်ကနေပဲ တိုက်ခိုက်တာ.......အခုလာတာဘာကြောင့်လဲဆိုရင် ခင်များတို့အကုန်လုံးကို စိန်ခေါ်တာ....ဒီနေ့ကစပြီး သူအပြိုင်ကိုယ်အပြိုင်ချကြတာပေါ့.....ကျုပ်တက ယ်ကိုစိန်ခေါ်တာနော်"

ဆွေးရိပ်ကမ္ဘာပြသနာကဘယ်လောက်တောင်ကြီး လဲမသိ သူကိုမျက်နှာချင်ပြီးကို လာစိန်ခေါ်နေတဲ့ နေမင်းလက်ရာ ကြောင့် နည်းနည်းတော့

လန့်သွားရသည်။ဘာလို့ဆို

စီးပွားရေးအရှိန်နဲ့တိုက်မယ်ဆို

သေချာပေါက်သူတို့ကရှုံးမှာမို့ပင်။

"အခုကစပြီး လင်းရိပ်ကိုက နေလက်ရာမိသားစုဝင်

ခင်များတို့မိသားစုနဲ့

ဘာမှမဆိုင်တော့ဘူး....ခင်များဆိုတဲ့........."

"မင်းကများငါ့ကိုဘာလုပ်ရမယ်ဆိုတာ

လမ်းညွှန်နေတယ်"

"ကျုပ်စကားကိုဖြတ်ပြောတာ

ဒါနောက်ဆုံးဖြစ်ပါစေ အပြစ်လုပ်ထားတာခင်များ

ကျုပ်မဟုတ်ဘူး.....အခုခင်များတို့လုပ်ရပ်ကြောင့်

နေလက်ရာမိသားစု

စိတ်ဆင်းရဲနေရတယ်....အဲ့စိတ်ဆင်းရဲမှုနဲ့ထပ်တူညီ

တာမျိုးမဟုတ်ပဲ 2ဆ ပူလောင်ရအောင်လုပ်မှာ

ပြီးတော့ ခဏကစကား

လင်းရိပ်ကိုကကျုပ်မိသားစုဝင်ဖြစ်သွားတဲ့အတွက်

ဒီအိမ်လည်းပြန်လာမှာမဟုတ်တော့ဘူး"

လိုတာထက်ပိုပြီး ခန့်မှန်းရခက်တဲ့မျက်နှာထားမျိုးနဲ့

ပြောနေတဲ့နေကို ဒေါ်သန္တာတို့သားအမိမှာ

ပါးစပ်လေးအဟောင်းသားနဲ့ပြောစရာစကားပင်ပျောက်ရှနေသည်။

"နောက်တစ်လအတွင်း ခင်များတို့ 3 ယောက်ဒီအိမ်ပေါ်ကဆင်းဖို့ပြင်ထား!....ဆွေးရိပ်ကမှာ ခင်များကိုရောစိန်ခေါ်တာ ကျူပ်ကိုကြိုက်တာလုပ်ညံတဲ့ကောင်ခံကြေးပေါ့ဗျာ"

နာကျင်တဲ့အပြုံးမျိုးနဲ့ သူတို့ကိုပြုံးပြလိုက်ကာ သားရဲ့ကားထဲကိုဝင်ထိုင်လိုက်သည်။ကားထဲရောက်

Lay Nge

တယ်ဆို တင်းခံထားတဲ့မျက်နှာလျော့သွားကာ ဆေးရုံကိုသွားရမှာမို့စိတ်ထဲဘယ်လိုမှအဆင်မပြေပေ..........။

"ဟင်အင်း မဟုတ်ဘူး

လင်းရဲ့ကလေးလေးတွေလေ ဟီးးးးး ဟင့် ဟင့်"

သတိလစ်နေရာကနိုးတယ်ဆို

လှေကားပေါ်ကပြုတ်ကျတဲ့အချိန်

သတိယဲ့ယဲ့လေးရှိတုန်းကထင်ခဲ့တဲ့အတိုင်း

နိုးလာတယ်ဆို အန်တီလေးဆီကစကားကြောင့်

သူမမှာသွေးပျက်နေရသည်။

"သမီး လင်းရိုပ်ကို

စိတ်လျှော့နော်အန်တီပြောတာကို

နားထောင်ပါသမီးရယ် အခုမှသွေးနုသားနုကိုကွယ်"

"ဟင့် ဟင့် မုန်းတယ်ကိုယ့်ကိုကိုယ်မုန်းတယ် ဟင့်

ကို ကြောင့်ကလေးဒီလိုဖြစ်တာ"

သဘာဝ

သားဖြစ်ပျက်တာတွေကိုနားထောင်ပြီးတဲ့နောက်မှာ

အခုနိုးလာတော့အသံတွေကြားနေရပင်မဲ့

ငိုသံတွေမို့ သူမထထိုင်လိုက်တော့

မိုက်ကန်နဲ့ဖြစ်သွားရပင်မဲ့ ခဏပင် ပြီတော့ သူမက

သားတို့ရှိနေတဲ့ VIP အခန်းရဲ့

ဆိုဖာပေါ်မှာပင်။သမီးလေးကတော့

မိုးတိမ်ရောင်ချီထားသည်။သဘာဝငိုနေတဲ့

လင်းရိပ်ကို လေးကိုတွေ့တယ်ဆို

ရင်ထဲနင့်သွားရကာ ချက်ခြင်းထရပ်ပြီး

လျှောက်သွားလိုက်သည်။

"သမီး"

"ဟင့် မေမေ ဟင့် ဟင့် ကို
ကလေးလေးမရှိတော့ဘူးတဲ့ မဟုတ်ဘူးမလား
ဟင်"

သဘာ၀ သူမကိုဖက်ကာငိုနေတဲ့
လင်းရိုပ်ကိုလေးကို သနားသွားရပြီး
ကိုယ်ခြင်းစာနေတာကြောင့်
ကျောလေးပွတ်ပေးတော့လဲ
ရင်ခွင်ထဲအတင်းဝင်ကာ ငိုနေတော့သည်။

"ကလေးလေးကိုလေ သမျှောလိုက်တာ မေမေရယ် ဟင် ပါး ပါးရောဟင် မေမေ"

ကလေးအပူနဲ့ငိုကြွေးနေရာက
အခုမှသားကိုသတိရကာ မေးနေတဲ့
လင်းရိပ်ကိုလေးကို ရင်ခွင်ထဲကထုတ်ကာ
သားရှိနေတဲ့ကုတင်ပေါ်ကို သူမမျက်နှာလွဲက
လက်ညှိုးထိုးပြတော့......

"အား:::::::::"

lawNge

ရင်ထဲကပေါက်ကွဲထွက်လာတဲ့အသံ.........။

~~~~~~~~~~~~~~~~~~~~~~~~~ဆက်ရန်။

🍭 You are my life 🍭

Chapter _ 11

နေ ဟိုအိမ်ကိုသွားပြီးသောင်းကြမ်းပြီးတယ်ဆို ဆေးရုံကိုပြန်လာတော့ ဆေးရုံထဲဝင်တာနဲ့ GLS

Lay Nge
~~~~~~~~~~~~~~~~~~~~~~~~~

ဆေးရုံရဲ့ ပိုင်ရှင်ကိုတွေ့ပင်မဲ့

အခုအချိန်မှာဘယ်သူနဲ့မှစကားမပြောချင်တာ

ကြောင့်ရှောင်ထွက်လာတော့......

"CEO ဒီကိုဘာလာလုပ်တာလဲ "

"သား နဲ့ ချွေးမ ဆေးရုံတက်နေရတယ်လေ"

သူပြောတယ်ဆို တစ်ဖက်ကဆေးရုံပိုင်ရှင်မှာ

ပြာပြာသလဲဖြစ်သွားကာ

သူဆေးရုံဒီလိုရပ်တည်နိုင်တာက နေလက်ရာ

Group

ကထောက်ပံ့မှုတွေကြောင့်ပင်။ပြောရမယ်ဆိုသူက ဆေးရုံပိုင်ရှင်သာ အမည်တွင်တာ ဒီဆေးရုံမှာ ရှယ်ယာထည့်ထားတဲ့အထဲ နေလက်ရာကအများဆုံးပင်။

"ဘာဖြစ်တာလဲ အရေးကြီးတဲ့ခွဲစိတ်မှုလုပ်ရတာလား"

"အရေးကြီးမကြီးဘူးလားတော့ ကိုယ်ကဆရာဝန်မဟုတ်တော့သေချာမသိဘူး

Lay Nge

ဒါပင်မဲ့ VIP အခန်းငှားထားတာတောင်
နာစ့်တစ်ယောက်တောင်ရောက်မလာတာတော့
အံဩတယ်"

တကယ်တော့
ကလောကနေဆေးရုံးသူရောက်တဲ့အချိန်သားတို့ရှိ
တဲ့ အခန်းထဲသူဝင်ကြည့်တယ်ဆို
နာစ့်တစ်ယောက်တောင်မတွေ့လို့
ညီမလေးမေးကြည့်တော့
ခဏနေလာမယ်ပြောသွားတယ်ဆိုတာကြောင့်
စိတ်ချလက်ချထားခဲ့တာ

အခုရောက်နေလားမရောက်ဘူးလားသာမသိပင်မဲ့ တစ်ခါထဲသူဖြစ်ချင်တာကိုပြောလိုက်တော့.......

"ဆေးရုံကတာဝန်မကျေဖြစ်ခဲ့တာတွေအတွက် ကျွန်တော်ကပါပဲတောင်းပန်ပါတယ် CEO တို့ အခန်းနံပါတ်ကိုပြောထားခဲ့ပါ ဆရာဝန်တွေလွှတ်ပေးပါ့မယ်"

"R 606 မှာပါ ကိုလင်းလည်းလူနာကြည့်ခြင်ရင်လိုက်ကြည့်ပေါ့

LayNge

အခုကျွန်တော်ကလုပ်စာတွေအများကြီးရှိသေးလို့ စကားပြောချိန်မရလို့ပါ"

"ကျွန်တော်ပြီးရင်
ဆရာဝန်တွေခေါ် ပြီးအတူလာကြည့်ပါမယ် CEO"

ဆေးရုံတာဝန်ခံကိုလင်းပြောတာကို
ခေါင်းငြိမ့်အသိမှတ်ပြုပြီး
သားတို့အခန်းရှိရာကိုလျှောက်လာရင်း
ပြောရင်ပြောတဲ့အတိုင်းလုပ်ရမှ ကျေနပ်တဲ့နေက
ဘယ်ကနေစဒုက္ခပြန်ပေးရမလဲဆိုတာတွေးမိသွား

ကာ သားတို့ရှိရာကိုမသွားသေးပဲ

သူဖုန်းကိုထုတ်ကာ ပဲရစ်က

သူ့စေရာဆီဖုန်းဆက်လိုက်သည်။သူဖုန်းခေါ်တာတ

စ်ခါလည်းမကိုင်လို့နောက်တစ်ခါထပ်ခေါ်တော့လ

ည်း မကိုင်တာကြောင့် ဒေါသကထွက်လာပင်မဲ့

သူ့စေရာက သူအလုပ်နဲ့သူရှုပ်နေမှာမို့

နားလည်တာကြောင့်

သုံးကြိမ်မြောက်ထပ်ခေါ် ဖို့ပြင်ပြီးမှ သူ့စေရာဆီက

ဖုန်းပြန်ခေါ်လာသည်။

"ကိုနေ Sorry ကျွန်တော်ကလေးတွေကို

ထမင်းခွံ့နေလို့"

"အင်း ငါမင်းကိုတိုင်ပင်စရာရှိလို့
အခုမင်းအားပြီလား"

"အားပါတယ် ပြောလေကိုနေ ဘာဖြစ်လို့လဲ"

တစ်ဖက်ကသူ့စေရာက
မေးလာတယ်ဆိုသူကဖြစ်သမျှအကြောင်း
အကုန်ပြောပြလိုက်တော့ တစ်ဖက်ကရှေ့နေကြီးက
ခဏမျှတိတ်စိတ်ပြီးမှ......

"ကိုနေ ဘာလုပ်ချင်တာလဲ ကျွန်တော်ကအမှန်တရားမြတ်နိုးတဲ့သူ ဒါကြောင့် ဘာကူညီရမလဲပြော"

"အခုငါဖြစ်ချင်တာက ငါ့ချွေးမရဲ့ပိုင်ဆိုင်မှုတွေကို ငါ့ချွေးမလက်ထဲရအောင်ယူပေးချင်လို့ကွာ...ခဏ ကငါပြောတဲ့သူတွေနေတဲ့ ငါ့ချွေးမအိမ်က သူမအမေလက်ထပ်ထဲက အိမ်ကွာ အခုငါ့ချွေးမရဲ့အဖေကနောက်မိန်းမယူထားတာ"

"ကိုနေ ပြောတာကိုသဘောပေါက်တယ်
ဘာဖြစ်ချင်တာလဲဆိုတာ ရှင်းရှင်းပြော"

"ရှင်းရှင်းပြောရရင်
အဲ့ဟာတွေကိုအိမ်ပေါ်ကနှင်ချချင်တာကွာ"

သူ့စေရာက ဖြစ်ချင်တာကိုဒဲ့မေးသလို
သူကလည်းနဂိုကတည်းကလိုချင်တာ
ဖြစ်ချင်တာကို ဒဲ့ပြောတက်တာမို့
သူလိုချင်တဲ့ပုံစံကို ဝေ့လည်ကြောင်ပတ်မပြောပဲ
ဒဲ့ပြောချလိုက်တော့......

"ရပြီ ကိုနေ ကျွန်တော်ကကိုနေကိုယုံတာမို့

သူတို့နောက်ကြောင်းနဲ့

အဲ့မိသားစုအကြောင်းစုံစမ်းပြီး

ဘာဆက်လုပ်ကြမလဲဆိုတာ

နောက်တစ်ပတ်ကြရင်ပြောမယ် ကိုနေ"

"အင်း မင်းအဆင်ပြေတဲ့အချိန်ဆက်သွယ်လိုက်

ဖုန်းကငါ့ကိုယ်ပေါ်မှာပဲထားမှာ"

"ကိုနေဆုံးရှုံးမှုအတွက်

ကျွန်တော်စိတ်မကောင်းပါဘူး ဒါပင်မဲ့

ကိုယ်အပေါ်ယုတ်မာထားတဲ့သူတွေကို

သူတို့နဲ့တန်တဲ့အပြစ်ကိုပေးနိုင်အောင်လုပ်"

အစကတည်းက နေမင်းလက်ရာဆိုတဲ့လူစားက

သူများအမိန့်တွေဘာတွေစိတ်မဝင်စား

သူလုပ်ချင်ပြီဆိုတာနဲ့

ဘယ်သူတားတားသူဖြစ်အောင်လုပ်တက်တဲ့အကျ

င့်ရှိသည်။ဒါကို သူ့စေရာက

တွန်းအားပေးလာတာကြောင့်.....

"ငါ့ရာဇဝင်မှာ
ထိုက်တန်တယ်ဆိုတဲ့ပြစ်ဒဏ်ထက်ပိုပေးရမှ
ကျေနပ်တာကြီးပဲ သူ့
ဒါကြောင့်စိတ်မပူနဲ့.....ငါ့သားကိုလုပ်ထားသလိုပြန်
လုပ်မှာ"

"လူဆိုတာ သူတို့ပုံစံအတိုင်း
ပြောတာဆိုတာအကောင်းဆုံးပဲ.....အခု ကိုနေ
နစ်နာမှုကအသက်နှစ်ခုတောင်နော် အဲ့
ကလေးထိန်းဆိုတဲ့ ဟာကိုပါရှာ"

သူစိတ်ထဲကအစိုင်အခဲကို

တမင်ပေါက်ကွဲထွက်အောင်

တစ်ဖက်ကသူ့စေရာကပြောနေတာသိပင်မဲ့

အဲ့ကောင်ပြောတဲ့အတိုင်းကိုဖြစ်အောင်လုပ်မှာမို့

လက်ခံလိုက်ရင်း သူတစ်ယောက်ထဲသာ

သိသေးတဲ့တစ်ဖက်ကအားနည်းချက်ကို

သူ့စေရာကိုပြောကာ

လုပ်သင့်တာတွေတိုင်ပင်ပြောဆိုပြီးတယ်ဆို

ဖုန်းချကာ သူ့မိသားစုရှိနေမဲ့ R 606 သို့..........။

နေတောင်မရောက်သေး နေတစင်းတို့ VIP အခန်းထဲကို ဆရာဝန် 5ယောက် နဲ့ နာစ့်မတွေရောက်ချလာပြီး သတိမရသေးတဲ့နေတစင်းကို စစ်ဆေးနေကြကာ လင်းရိပ်ကို ကိုလည်းစစ်ဖို့လုပ်ပင်မဲ့ သူမအသားကိုဘယ်သူမှမထိမခံပဲငူငူကြီးထိုင်နေကာ ဘယ်သူကိုမှစကားမပြောသလို နေတစင်းရှိနေတဲ့ ကုတင်ပေါ်ကိုတောင်မကြည့်။

"မမ ဆရာဝန်တွေက ဆေးရုံစတင်လာတုန်းကတောင်

အဲ့လောက်အများကြီး လာမကြည့်ပေးပါဘူး

အခုကအသည်းသန်ဖြစ်နေကြသလိုပဲ"

မိုးတိမ်ရောင်ပြောတာကို

မေလက်ရာကခေါင်းငြိမ့်သည်။လွန်ခဲ့တဲ့

နှစ်နာရီလောက်ကအထိ အေးဆေးဖြစ်နေကြတဲ့

ဆရာဝန်တွေက အခုတော့

ဆေးရုံကုတင်ပေါ်သတိလစ်နေတဲ့

သားကိုစစ်ဆေးနေတာ

သူတို့ဒါကိုမလုပ်ရင်တစ်ခုခုဖြစ်တော့မဲ့ပုံစံမျိုး။

"လူနာက ဘယ်လိုအခြေအနေရှိလည်း"

"အခြေအနေကတော့ ဓာတ်မှန်အဖြေရမှ ဆုံးဖြတ်လို့ရမှာပါ ဆေးရုံအုပ်"

ဆရာဝန်တွေနဲ့ နာစ့်တွေစစ်ဆေးနေတဲ့လူကို သာမာန်ဆရာဝန်အကြီးအကဲတစ်ယောက်ပဲထင်ထားပင်မဲ့ ဆေးရုံအုပ်ဆိုတာကြောင့် အခြေအနေတွေက အပြောင်းအလဲမြန်တာ အံ့သြစရာပင်။

"လူနာကို ဂရုတစိုက်လုပ်ပါ ဒေါက်တာတို့ 5ယောက်လုံး ဒီလူနာတစ်ယောက်ထဲကိုပဲ တာဝန်ယူထားပါ တစ်ခုခုအမှားခံလို့မရဘူး"

"ဟုတ်ကဲ့ပါ ဆေးရုံအုပ်"

သူတို့တွေ နေတစင်း ခန္ဓာကိုယ်ကထိခိုက်မှုကို စစ်ဆေးနေခိုက် နေက သူ့စေရာနဲ့ဖုန်းပြောပြီး အခန်းထဲဝင်လာတဲ့ အချိန်နဲ့တိုးသည်။

"CEO ကျွန်တော်ထက်အရင်သွားတာ ရောက်နေပြီထင်တာ"

"မရောက်သေးဘူး အရေးကြီးတဲ့လူနဲ့ ဖုန်းပြောနေလို့"

နေကိုဆေးရုံအုပ်ကအသည်းသန်ပြောနေပင်မဲ့ နေကတော့အလိုက်ထိုက်လေးသာ ပြန်ပြောပြီး သူသားကိုစစ်ဆေးနေတာကိုသာ အာရုံစိုက်ကြည့်နေသည်။

"ဖေဖေ"

အစကလူကြီးတွေမျက်နှာမကောင်းတာကိုကြည့်ပြီး မိုးတိမ်ရောင်လက်ပေါ် ငြိမ်နေတဲ့ လီလီလေးက နေ ကိုတွေ့တာနဲ့ ဖအေဆီကိုသွားချင်နေသည်။

"သမီး ဖေဖေဆီလာ"

နေလည်းသူစိမ်းလက်ပေါ်ဆို ကြာကြာမနေတဲ့ သမီးလေးလာ မိုးတိမ်ရောင်လက်ပေါ်ကနေ

သူကိုတွေ့တယ်ဆို ဖေဖေလို့ ငိုမဲ့မဲ့လေးခေါ်တာမို့ သူလက်ထဲပြောင်းခေါ်လိုက်ရသည်။သူ့သမီးကိုချီပြီးတယ်ဆို သတိလစ်သွားတဲ့ မိန်းမကိုပါသတိရကာငေ့ကြည့်လိုက်ချိန် စကားမပြောနိုင်ပဲငူငူလေး ကုတင်ပေါ်ထိုင်နေတဲ့ လင်းရိပ်ကိုဘေးနားမှာထိုင်ပြီး မျက်ရည်တွေဝဲလျက် သားကိုကြည့်နေသည်။

"သား အခြေအနေကို ပွင့်ပွင့်လင်းလင်းပြောပါ ဒီမှာမနိုင်ဘူးဆိုရင် တစ်ခြားနိုင်ငံသွားကုမယ်"

"အဲ့လောက်ထိလည်း အခြေအနေမဆိုးပါဘူးရှင့်"

နေကစိတ်ထဲရှိတဲ့အတိုင်းပြောလိုက်တယ်ဆို
စစ်ဆေးနေတဲ့ ဒေါက်တာတွေထဲက
သားလောက်ရှိမဲ့ ကောင်မလေးက
သူကိုပြောလာတာကြောင့်......

"အာမခံချက်ပေးနိုင်လား ! "

"ဒါကတော့ လူနာရဲ့ကံပေါ့
သေချိန်မတန်သေးရင်မသေဘူး သေချိန်တန် "

LayNge

"ဒေါက်တာ!!!"

နေအသံကျယ်လောင်စွာထွက်လာသလို
ဆေးရုံအုပ်လည်း အခုလိုစကားက
ဆရာဝန်တစ်ယောက်အနေနဲ့မထွက်လာသင့်တဲ့ဆ
ရာမို့ တူမဖြစ်သူကို မျက်စိပျက်မျက်နာပျက်နဲ့.....

"ကေသရီ ! မင်းစကားကိုဘယ်လိုပြောနေတာလဲ
အခုချက်ခြင်းပြန်တောင်းပန်စမ်း!"

"ဆရာဝန်ကျင့်ဝတ်နဲ့မညီတဲ့

မင်းကိုဒေါက်တာလို့မခေါ်ထိုက်ဘူး

မင်းပြောတဲ့စကားကိုမှတ်ထားနော် လူဆိုတာ

အခါအခွင့်ကြုံရင်ဆိုတာရှိတက်တယ်

ကိုယ့်အလှည့်ကြမှ အပြောခံရတဲ့အခါ စာနာပါ

သနားပါဆိုတဲ့ပုံစံမျိုးမပြမိစေနဲ့.....အခုချက်ခြင်း

ဒီအခန်းထဲကထွက်သွား! "

နေကဒေါသတကြီးအခန်းထဲကနေ

နှင်ထုတ်နေတယ်ဆို ဆေးရုံအုပ်ကြီးလည်း

တုမဖြစ်သူဘဝကို

ရေစုန်မျှောမှာဆိုးရိမ်တာကြောင့် နေ

အရှေ့ဒူးထောက်ကာ.....

"CEO ကျွန်တော်တူမအစား

ကျွန်တော်တောင်းပန်ပါတယ်.....အသက်ကငယ်

သေးတော့ စကားမဆင်ခြင်မိတာပါ"

"ဒူးထောက်နေတာကို အခုထပါကိုလင်း

ကျွန်တော်စိတ်ကအခုအရမ်းရှုပ်ထွေးနေတယ်

သူကိုအခန်းထဲနှင်ရတာကလည်း

သူကိုမြင်ရင်ဒေါသထွက်မိမှာဆိုးလို့ ကျွန်တော်က
ဒီလောက်လေးနဲ့ သဘောထားမသေးသိပ်ဘူး"

သူဒေါသထွက်လို့သာ အော်ထုတ်လိုက်တာ
သူရင်ထဲ
ဘာအစိုင်အခဲမှမရှိတာသေချာသည်။ထိုကောင်မ
လေးစကားကမပြောသင့်တဲ့အချိန်ပြောလို့မှားတ
ယ်ဆိုပင်မဲ့
တစ်ခြားတစ်ဖက်ကတွေးရင်မှန်သည်လေ။ဒီဘာမ
ဟုတ်တဲ့ပြဿနာလေးနဲ့တော့ သူစိတ်မရှုပ်ချင်
ဘာလို့ဆို သူရင်ထဲကအစိုက်အခဲတွေအားလုံးက
ဟိုမိသားစုပေါ်မှာမို့ပင်။

နေ သားကိုစစ်ဆေးပြီးလို့

ဆရာဝန်တွေပြန်ထွက်သွားတယ်ဆို

လက်ကနာရီကိုကြည့်လိုက်တော့ 3 နာရီခွဲပြီမို့

နေ့လည်စာတောင်ပြီးအောင်မစားခဲ့ရတဲ့ မ နဲ့

သမီးဘေးဗိုက်ဆာမှာကို သတိရကာ

လင်းရိပ်ကိုဘေးထိုင်နေတဲ့ မ အနားသွားကာ......

"ဗိုက်ဆာနေပြီလား မ......မောင်

တစ်ခုခုသွားဝယ်လိုက်မယ်လေ "

"ဘာမှစားချင်စိတ်မရှိဘူး မောင်.....သား

သတိမရမခြင်း ဟင့် ဘာမှစားဖို့မပြောပါနဲ့"

"ကျစ် ! အားမရှိပဲနဲ့

သားသတိရတာကိုဘယ်လိုစောင့်မှာလဲ မရဲ့

ပြီးတော့ သမီးလေးလည်း ဘာမှမစားရသေးဘူး

လူကြီးတွေကရပင်မဲ့ ကလေးကမရဘူးလေ"

သူတို့လင်မယားစကားပြောနေရင်း လင်းရိပ်ကိုက

ငူငူကြီးထိုင်နေရင်းကနေ နေလက်ပေါ်က

လီလီလေးကိုတွေ့သွားတယ်ဆို

ရင်တစ်ခုလုံးပြည့်ကျက်သွားတဲ့ ခံစားချက်ကြီးက ငါ့သမီးလေးတွေ မွေးလာဖြစ်ခဲ့ရင် လီလီလေးလိုနေမှာဆိုပြီး အတွေးတွေဝင်လားရင်း ငိုချမိတော့သည်။

"ဟင့် ဟီး ကို သမီးလေးတွေ ဟီး:::::"

"သမီး စိတ်ကိုထိန်းပါကွယ်နော် ! မေမေပြောတာနားထောင်ပါ"

"ကို ဘဝမှာမာမီမရှိတော့ကတည်းက ဘယ်သူမှမရှိခဲ့ဘူး ဟင့် မာမီမရှိတော့ထဲက ဒယ်ဒီကသူ့နောက်မိန်းမနဲ့ပဲပျော်နေခဲ့တာ.....ဘဝမှာ စိတ်ဆင်းရဲစရာတွေမရှိတော့တာ အချိန် ဘယ်လောက်မှမရှိသေးဘူး ပါးရော ကိုရောအများကြီးမျှော်လင့်ထားတဲ့ သမီးလေးတွေကိုဆုံးရှုံးခဲ့ရတာ....အခု ပါးကရော ပါးကရော ထားသွားခဲ့ရင် သေပစ်လိုက်တာအကောင်းဆုံးပဲ"

အေးဆေးတည်ငြိမ်စွာဆိုလာတဲ့ လင်းရိပ်ကို စကားကြောင့် သဘာဝမပြောနဲ့

နေလိုယောကျ်ားရင့်မာကြီး

ရင်ထဲတောင်မကောင်းဖြစ်သွားရသည်။သူမနေရာ

မှာ ကိုယ့်သမီးလေးသာဖြစ်ခဲ့ရင်

သူတို့တော့ရင်ကွဲမှာ

အသေအချာပင်။သားအခြေအနေကို မသိရသေးလို့

သူတို့စိတ်ပူနေသလို

ကလေးတွေဆုံးရှုံးရတာကတစ်မျိုး

ယောကျ်ားကလည်းသတိမရသေးတော့

ဘယ်လောက်တောင်ခံစားနေရမလဲ။

"မဟုတ်တာ

သမီးမှာဘယ်သူမှမရှိဘူးလို့ဘယ်သူပြောလဲ

မေမေတို့ရှိတယ်လေ ပြီးတော့

သမီးရဲ့သားလေးတွေရော ရှိတယ်လေ......မေမေ

ကိုယ်ချင်းမစာလို့ပြောတာမဟုတ်ဘူးနော်

အခုမေမေကိုယ်တိုင်လည်း

သားအတွက်ခံစားနေရတာပါ ဒါပင်မဲ့

သမီးစိတ်လျှော့လိုက်ပြီဆိုရင် ကလေးတွေကရော

ဘယ်လိုလုပ်မလဲ ပြန်မရနိုင်တာအတွက်နဲ့

လက်ရှိသမီးပိုင်ဆိုင်ထားတာတွေကို

လက်လွှတ်မလို့လား သမီးရယ်"

"အဲ့လိုဆိုးရွားအောင်လုပ်တဲ့သူတွေကို
လက်တုန့်ပြန်ဖို့ ကျဆိုးရသမျှကို
အားပြန်မမွေးချင်ဘူးလား"

သဘာဝပြောနေတုန်းကတောင်
သူမဆိုးရွားသွားတဲ့ကလေးတွေအတွက်
ဖြည်မဆယ်နိုင်ပင်မဲ့
နေဆီကကြားလိုက်ရတဲ့စကားကြောင့်
သူမကိုယ်လေးပါမတ်သွားရသလို
ကျန်တဲ့သူတွေမှာ နေစကားကို
စိတ်ဝင်စားသွားသည်။

Lay Nge

"ဟုတ်တယ် သားတို့ဒီလိုဖြစ်တာ
လုပ်ကြံမှုကြောင့်ပဲ မတော်တဆမဟုတ်ဘူး"

"ဘယ်....ဘယ်သူလုပ်တာလဲ"

"အဲ့တာကိုသိချင်တယ်
ပြန်လက်တုန့်ပြန်ချင်တယ်ဆိုရင်
အခုကိုယ်မှာကျန်သေးတဲ့အရာတွေကို အားယူပြီး
ပုံမှန်ဖြစ်အောင်ရပ်တည်ပါ......သားကလည်းသူချစ်
တဲ့သူပျော်နေတာပဲလိုချင်မှာ

သားအသက်အတွက်ကတော့

မရရအောင်ကယ်မှာမို့ စိတ်ပူစရာမလိုပါဘူး"

နေကသူများလို ချော့ပြီးမပြောတက်ပင်မဲ့

သားနဲ့ပက်သက်ရင်

လင်းရိုပ်ကိုကလည်းသူ့သမီးပေမို့

သူတက်နိုင်သမျှစိတ်ကိုလျော့ပြီး ပြောတော့

လင်းရိုပ်ကိုပုံစံက ခဏကအခြေအနေထက်တော့

အတော်ငြိမ်သွားတယ်ပြောရမည်။

"ဖေဖေ အီး::::::: ဗိုက်ဆာရယ်"

ဆိုပြီး သူချီထားတဲ့သမီးကတစ်ချက်သာ

အကျယ်ကြီးအော်ကာ

သူရင်ခွင်ထဲငြိမ်ကျသွားတာကြောင့်

နေကြည့်လိုက်တော့ သမီးငယ်လေးက

ပျော့ခွေနေတာကြောင့်......

"သမီး!!! သမီးငယ် လီလီ"

နေသူလက်ထဲက

ကလေးကခေါ်မရတော့တာကြောင့်

မျက်ရည်တွေပါးပေါ်ကကျနေတာတောင်
သူကိုယ်တိုင်မသိဖြစ်နေကာ ကျန်တဲ့သူတွေပါ
မျက်လုံးအစုံပြူးကာ သဘာဝကထိတ်လန့်သွားကာ
လင်းရိပ်ကိုလေးဘေးကဆင်းကာ.....

"သမီးငယ် သမီးလေး မောင်လုပ်ပါဦး !!
သမီးခေါ်မရတော့ဘူး"

"လီလီ ကလေးလေး!!"

"သမီး"

မိုးတိမ်ရောင်တို့အတွဲပါ

ရုတ်တရပ်ဖြစ်သွားတဲ့အခြေအနေကြောင့်

ဘာလုပ်ရမှန်းမသိဖြစ်သွားကာ

ပြဿနာတွေတစ်နေ့ထဲစုပုံလာတာကြောင့်

ခြေမကိုင်မိလက်မကိုင်မိဖြစ်နေကြသည်။

နေ အခုအချိန်မှာအောင်မြင်နေတဲ့

လုပ်ငန်းရှင်ဖြစ်နေတာတွေ

ဘာတွေစိတ်မဝင်စားနိုင် သူ့စိတ်ထဲက

သားတောင်သတိမရသေး

သမီးလေးသာတစ်ခုခုဖြစ်ရင်ဆိုတဲ့အတွေးကြောင့် ပူထူးသွားရပြီး လီလီကို ပွေ့ကာ အပြင်ပြေးထွက်သွားတော့သည်။

"မောင် ! သမီးလေး"

သဘာဝမှာလက်တွေ့ကြုံနေရတဲ့အဖြစ်အပျက် တွေဒဏ်ကိုမခံနိုင်စွာ သမီးချီပြီးပြေးထွက်သွားတဲ့ မောင်နောက်ကိုပြေးမလိုက်နိုင်ပဲ လူသေကြီးလိုရပ်နေမိသည်။

သမီးလေးကဗိုက်ဆာတယ်ပြောပြီး

သတိလစ်သွားတာ။အဲ့တာသူမကြောင့်

ကလေးငယ်ငယ်လေးကို ဗိုက်ဆာနေတာကို

အလေးမထားနိုင်တဲ့သူမကြောင့်။သမီးငယ်လေး

သာ တစ်ခုခုဖြစ်ရင် လင်းရိပ်ကိုလေးပြောသလို

သူမသေမှာ။

သမီးလေးအခုလိုအသက်အရွယ်လေးရောက်အော

င် မောင် နဲ့သူမ

မနည်းပျိုးထောင်ခဲ့ရတာ။ဘဝမှာသမီးလေးကမထ

င်မှတ်ပဲရခဲ့ပင်မဲ့ သားကကိုယ်အိမ်ထောင်နဲ့

ကိုယ်ဖြစ်သွားချိန်မှာ

သမီးလေးသာသူမတို့တွယ်တာရာ။

ဖြစ်ပျက်နေတဲ့အခြေအနေတွေကိုကြည့်ပြီး

မိုးတိမ်ရောင်က နေ အနောက်ပြေးလိုက်သွားသလို

မေလက်ရာကတော့ ယိုင်နေတဲ့

သဘာဝကိုယ်လေးကိုထိန်းရင်

ကုတင်ပေါ်ထိုင်ငိုနေတဲ့ လင်းရိပ်ကို

လေးကိုပါကြည့်ပြီးကျန်နေခဲ့သည်။

"ဘာမှမဖြစ်ပါစေနဲ့ သားရော အငယ်မလေးရော ဘာမှမဖြစ်ပါစေနဲ့"

လို့ သူမစိတ်ထဲကြိတ်ဆုတောင်းရင်း ဘယ်လိုအကြောင်းတွေကြောင့် ဘယ်သူကိုမှအရင်ဒုက္ခမပေးတဲ့ သူမတို့မိသားစုမှ ဘာလို့တိုက်ခိုက်ချင်နေရတာလဲ။ကိုယ်ဘာသာအေး နေတဲ့ မိသားစုကို ဘာလို့များလဲ...........။

"နေမင်းလက်ရာ

ဆိုတဲ့ကောင်ကအထင်သေးလို့ရတဲ့ကောင်ထဲမပါ

ဘူး"

နေပြန်သွားပြီးနောက်ပိုင်းမှာ

သူတို့ကိုပြောဆိုခဲ့တာတွေကို 3ယောက်သား

ညှော့ခန်းထဲထိုင်ရင်းစကားပြောနေမိသည်။

"မေမေ

မေတို့ခိုင်းတာသူ့သားကိုတော်တော်ထိသွားတယ်

ထင်တယ်"

"ပြန်မရှင်နိုင်အေးတာပဲ
အဲ့ကောင်ကိုကြည့်မရတာကြာပြီ"

မေ
ပြောတာကိုဒေါ်သန္တာကလည်းထောက်ခံနေသလို
ဦးဆွေးရိပ်ကမ္ဘာမှာလည်း ခေါင်းတွေငြိမ့်ကာ
ထိုကောင်လေးတစ်ခုခုဖြစ်မှာလိုလားသူထဲသူပါသ
ည်။သူတို့စကားပြောနေခိုက် မေ
ထိုင်နေတဲ့ဘက်ခြမ်းကခုံပေါ်တင်ထတဲ့

အိမ်ဖုန်းကနေ ဖုန်းလာတာကြောင့် မေ ကိုင်လိုက်သည်။

"Hello "

တစ်ဖက်ကဖုန်းဆက်နေသူက သူခိုင်းထားတဲ့ကလေးထိန်းဖြစ်ပြီး နေလက်ရာမှာဖြစ်ပျက်သမျှကို သူမကိုပြောပြနေသည်။ဖြစ်ဖြစ်ခြင်းဖုန်းဆက်မလို့ ပင်မဲ့ ဘေးကင်းတဲ့နေရာရောက်အောင် ပြေးနေတာကြောင့်တဲ့။

Ngwe

"အင်း အဲ့ဒါဆို ဘေးကင်းတဲ့နေရာမှာနေ
လိုအပ်တဲ့ငွေငါလွဲပေးမယ်"

ကလေးထိန်းကောင်မလေးကို လိုအပ်တာပြောကာ
ဖုန်းချပစ်လိုက်သည်။သူမဖုန်းချတယ်ဆို
မေမေတို့က ဘာဖြစ်တာလဲမေးတာကြောင့်.......

"နေတစင်းလည်းအရေးပေါ်အခြေအနေရောက်နေ
တာ ပြီးတော့ လင်းရိပ်ကိုက
ကလေးပျက်ကျသွားတာတဲ့"

"ဟွန်း

နေလက်ရာမျိုးဆက်မရှိတော့တာကောင်းတာပေါ့

ငါ့တို့မိသားစုထဲကသွေးအညစ်အပတ်တွေထွက်

သွားတာပေါ့!"

သူမြေးပါဆုံးရှုံးသွားလို့ သူမတို့ကိုအပြစ်တင်မယ်

သားအမိနှစ်ယောက်လုံးထင်ခဲ့ပင်မဲ့

ဝမ်းမနည်းတဲ့အပြင် ကလေးတွေမရှိတော့တာကို

ဝမ်းသာနေတာကြောင့်

သူမတို့သားအမိတွေရဲ့လုပ်ပိုင်ခွင့်အတွက်
အားတက်သွားရသည်။

"လင်းရိပ်ကို ကိုတော့သန္တာကသမီးလေးလိုပဲမို့
ဘာမှမဖြစ်စေချင်ဘူး နေတစင်းဆိုတဲ့ကောင်တော့
သေ အေးရော"

"မိဘချမ်းသာတယ်ဆိုပြီး
အိမ်ကလူတွေကိုမတူသလိုမတန်သလိုနဲ့
ယုတ်မာချက်က"

Lay Nge

သူတို့ကသာ တစ်ဖက်သားကို ဒုက္ခပေးပြီး

သာယာနိုင်ပင်မဲ့ တစ်ဖက်ကတော့

အပူတွေနဲ့ခံစားနေရတာကို

ကျေနပ်ကြမှာပါ။သူတို့တွေကြောင့်

ကလေးနှစ်ယောက်အသက်ဆုံးရှုံးရတာကို

ကျေနပ်နေကြတာ ကိုယ့်ပြုသည့်ကံပဲ့တင်သံ

ကိုယ်ထံပြန်လာမည်ပေါ့...........။

~~~~~~~~~~~~~~~~~~~ဆက်ရန်။
~~~~~~~~~~~~~~~~~~~

❤ နေ့တိုင်း updates ပေးနေတဲ့ မေ ကို အားရှိအောင် အရင်တုန်းကလို comment 100 ပြည့်အောင် မန့်ပေးကြပါလား❤

🍭You are my life🍭

Chapter _ 12

"ကလေးက သွေးလွန်တုတ်ကွေး ဖြစ်နေတာပါ"

Lay Nge

ဆရာဝန်က ကုတင်ပေါ်မှာမှေ့နေတဲ့

သမီးလေးကိုစစ်ဆေးကာ

အခြေအနေကိုပြောလာတာတယ်ဆို

သူရင်ထဲထိတ်ကနဲ့ဖြစ်သွားရသည်။သူတို့ဒီလောက်

သမီးလေးကို ယုယသားနဲ့ သမီးလေးမှာ

ဒီလိုဖြစ်ရတာကို ယောကျ်ားကြီးဖြစ်ပင်မဲ့

ရင်ထဲလိုက်ဝမ်းနည်းလာတာကို ထိန်းကာ

ကလေးအထူးကုပြောတာကိုနားထောင်လိုက်သည်

။

"ကလေးက ခြင်ကိုက်ရာကနေစဖြစ်တာ"

ဆရာဝန်ကခြင်ကိုက်ရာကနေဖြစ်တယ်ဆိုတာ

ကြောင့် အိမ်မှာဆို

သမီးလေးမွေးကတည်းကအဲ့ရောဂါဖြစ်နေမှာ

ကြောက်လို့

ခြင်လုံစကာတွေတပ်ထားတာ။ခရီးသွားတာကလ

ည်း တစ်ရက်ပဲကြာတဲ့အပြင်

ခြင်ဆိုတာလည်းမရှိပေ။

"ကလေးက

သွေးလွန်တုတ်ကွေးဖြစ်နေတာကိုမသိတော့

မနေ့ကသွားပြီး ဒီနေ့ပြန်လာတော့ ကလေးကခရီးပန်းသွားတာရောပါတယ်"

"သမီးကစိုးရိမ်စရာရှိလား ဒေါက်တာ"

"စစ်ဆေးထားသလောက်တော့ စဖြစ်ကစမို့စိုးရိမ်စရာမရှိပါဘူး ဒါပင်မဲ့ ကလေးကအားနည်းနေသေးတဲ့အပြင် အသက်ကလည်းတော်တော်ငယ်သေးတော့ သွေးသွင်းဖို့လိုမယ်"

ဆရာဝန်ကသွေးသွင်းဖို့လိုတယ်ပြောပြီး

သမီးလက်လေးထဲကို အပ်စိုက်ဖို့လုပ်တယ်ဆို

သွေးစစ်မယ်မှန်းသဘောပေါက်ကာ

သူကသမီးရဲ့သွေးအမျိုးအစားကိုရော

သူနဲ့သွေးအမျိုးအစားတူတယ်ပြောလိုက်တော့......

"ဒါဆို ကလေးရဲ့ဆေးမှတ်တမ်းတွေရှိရင်

တစ်ချက်လောက်ပြပေးပါလား"

"ဆေးရုံကိုလာတာက သမီးအတွက်မဟုတ်တော့

ကလေးအတွက်ဆေးမှတ်တမ်းတွေတော့မပါခဲ့ဘူး

ဒေါက်တာ ဒါပင်မဲ့

သမီးသွေးအမျိုးအစားစစ်ထားတာတွေရော

ဆေးမှတ်တမ်းအပါအဝင်

မွေးစရင်းကအစဓာတ်ပုံရိုက်ထားတာရှိပါတယ်

အဲ့တာအရင်ကြည့်လို့ရမလား စာရွက်တွေက

အိမ်ကိုခဏနေမှပြန်ယူရမှာမို့"

ဆရာဝန်ကသူပြောတာကို

နားလည်စွာခေါင်းငြိမ့်တယ်ဆို

သူကဖုန်းကိုထုတ်ကာ Locked ဖွင့်ပြီးတယ်ဆို

Gallery ထဲကိုဝင်ကာ  my Princess Lay ဆိုတဲ့

File ထဲဝင်ကာ ဆေးမှတ်တမ်းပုံကိုနှိပ်ကာ ဆရာဝန်ဆီကမ်းပေးလိုက်သည်။

ဆရာဝန်လည်း နေ ဆီကဖုန်းကိုယူကာ တစ်ပုံပြီး တစ်ပုံကြည့်လိုက်သည်။ဆေးမှတ်တမ်းတွေရော သွေးအမျိုးအစားစစ်ထားတာတွေသာမက မွေးစရင်းတွေပါစုံနေသည်။ဆေးမှတ်တမ်းတွေဆို လည်း ပြီးစလွယ်ရိုက်ထည့်ထားမဟုတ်ပဲ ဆေးပြတဲ့ Date ကအစသေချာရေးထားတာပင်။ဆရာဝန်က ပုံလေးတွေဆက်ပြီးကြည့်လိုက်တော့ မွေးကင်းစပုံလေးတွေ

ကလေးရဲ့ခြေထောက်လေးကို

လက်နဲ့ကိုင်ထားတာကို

ရိုက်ထားတာများစုံလို့။နာမည်ကြီးလုပ်ငန်းရှင်တစ်

ယောက်ဖြစ်တဲ့ ထိုသူက

စီးပွားရေးမှာတင်ဘုရင်တစ်ဆူလိုဖြစ်နေတဲ့သူက

မေတ္တာရေးမိသားစုရေးမှာပါ

တကယ်ကိုလက်ဖြားခါလောက်အောင်

နွေးထွေးလွန်လှသည်။ဆရာဝန်လည်း

လိုအပ်သလောက်ကြည့်ပြီးတယ်ဆို

ဖုန်းပြန်ပေးကာ......

"ဒါဆိုစိတ်ကိုတည်ငြိမ်အောင်
ခဏလောက်ထိုင်လိုက်နော်"

ဆရာဝန်ကပြောတယ်ဆို နေ
သမီးလေးကုတင်ဘေးနားကခုံမှာဝင်ထိုင်လိုက်သ
ည်။ကျန်တဲ့မိသားစုဝင်တွေမပြောနဲ့
သူကိုယ်တိုင်တကယ်ဒီနေ့က
စိတ်ရောလူရောတကယ်ကိုပင်ပန်းနေတာမို့
သမီးလေးမျက်နှာလေးကိုသာကြည့်နေလိုက်သည်။

LaNge

သူတို့မိသားစုအတွက် တစ်ဘဝလုံးကြုံခဲ့ရတဲ့ အခက်အခဲတွေထဲ ဒီနေ့ကတော့တကယ်ကို အခက်အခဲဆုံးနဲ့ ဘယ်တော့မှပြန်မရောက်ချင်တဲ့နေ့ပင်။ဒီမှာဖြစ်နေခဲ့တာတွေကိုသာ စက်ကိုင်းမှာတရားအားထုတ်နေတဲ့ မာမီတို့သိရင်သေချာပေါက်လာမှာသိတာကြောင့် မပြောဖို့ဆုံးဖြတ်ထားသည်။

သူတို့နာကျင်ရတာထက်မက ပိုနာကျင်ရအောင်ပြန်လုပ်မှာမို့ အခုအချိန်လေးမှာတော့

ပျော်ကြပါစေဦး။သားတို့ဆေးရုံကဆင်းဖို့ခွင့်ပြုတဲ့နေ့ရဲ့နောက်တစ်နေ့ကစ သူတို့အတွက်ဆိုးရွားလှတာတွေနဲ့သာကြုံတွေ့စေရမယ် ဆိုတာသူအသက်နဲ့ကို တိုင်တယ်ပြီးပြောရဲသည်။

"သွေးထုတ်ရအောင် ဒီအပေါ်ကိုတက်လှဲလိုက်ပါကိုနေမင်းလက်ရာ"

သူအတွေးလွန်နေရာက ဆရာဝန်ကဘယ်အချိန်ကတည်းကထွက်သွားပြီး သူလဲဖို့

လူနာတွေတင်တဲ့တွန်းလို့ရတဲ့ဟာကိုသွားယူလာလ
ည်းမသိ သူသတိဝင်လာတော့
နာစ့်တွေကအစရောက်နေတာကြောင့်
ဆရာဝန်ပြောတဲ့အတိုင်း
သူတက်လှဲလိုက်သည်။သူပက်လက်လှန်လိုက်ပြီး
သွေးဖောက်ဖို့အတွက်လက်ကို
ဆရာဝန်ဖက်ကိုချပေးလိုပ်သည်။သူ့အသားထဲ
အပ်ဝင်လာတဲ့ခံစားချက်ကြောင့်
ခဏနေသမီးလေးကိုသွေးသွင်ရင်
အသားနုနုလေးကို အပ်နဲ့ထိုးမှာပါလားတွေးမိတော့
ရင်နာရသည်။ပြဿနာတွေကိုသာ
အာရုံရောက်နေပြီး သမီးလေးကို သတိမရတာ

အခုသမီးလေးဒီလိုဖြစ်တာ

သူ့အသုံးမကျမှုတွေပင်။

သမီးလေးအသက်ကိုသာ ကယ်နိုင်မယ်ဆို

သူ့ခန္ဓာကိုယ်ထဲက

ရှိသမျှသွေးလိုအပ်နေတယ်ဆိုရင်တောင်

သူအကုန်ထုတ်ပေးမှာ။အခိုကက ဘဝဆိုတာ

ဘာမှန်းတောင်မသိသေးတဲ့ သမီးလေးကို

ဘာမှအထိအခိုက်မခံနိုင်ပါ။ပြီးတော့

သားအရွယ်ကသူတုန်းကဆို

အေးဆေးအပေါင်းအသင်းတွေနဲ့

သွားချင်ရာသွားအလေလိုက်ကောင်းတုန်း။အခု

သားကလည်း ဆေးရုံမှာတင်ထားရတာ

သားအခြေအနေကအဖြေမရသေးတော့

စိတ်ပူရသည်။အရင်တုန်းကပြသနာတွေကို

သူဒီအတိုင်းထားခဲ့တယ်ဆိုတာ

သူ့မိသားစုကိုမထိလို့ထားခဲ့တာ။အခုက သူချစ်ရတဲ့

သားကိုထိခိုက်လာတာဆိုတော့ ခွင့်လွှတ်ပေးဖို့ မ

ကပြောရင်တောင်သူနားထောင်မှာမဟုတ်............။

"သဘာဝ"

သဘာဝ မောင်နဲ့သမီးလေးရှိရာကိုလိုက်လာတော့ ကလေးအထူးကုရှိရာအခန်းကိုလာတယ်ဆို အထဲကထွက်လာတဲ့ နာစ့်က အထဲမှာသွေးသွင်းနေရတယ်ဆိုတဲ့အကြောင်းရယ် သိပ်ပြီးစိတ်မပူဖို့ရယ်ပြောတာကြောင့် သူမထိုင်ခုံလေးမှာ ဝင်လို့ရမဲ့အချိန်ကိုစောင့်နေခိုက် သူမဆီအမောတကောပြေးလာဟန်ရှိတဲ့ မိုင် က သူမအနားဝင်ထိုင်ပြီးခေါ်တယ်ဆို မော့ကြည့်လိုက်သည်။ပြီးတော့ မိုင်အနောက်မှာက မောင့် သူငယ်ချင်းတွေပါလာသည်။

"ဘယ်လိုတွေဖြစ်ကုန်တာလဲ "

"ငါဘာပြောရမှန်းမသိဘူး မိုင်

အခုအချိန်မှာပြောနိုင်တာကတော့

ကလေးနှစ်ယောက်အသက်ဆုံးရှုံးသွားတာရယ်

အခု သားကပြန်သတိမလည်လာသေးဘူး ဟင့်

အငယ်လေးက သွေးလွန်တုတ်ကွေးတဲ့သွေးလိုလို

မောင်ကသူသွေးထုတ်ပြီး

သမီးကိုယ်ထဲထည့်နေတယ်

အခုထိတော့ဝင်ခွင့်မရသေးဘူး"

သူမအပြောကြောင့်
မိုင်အပါအဝင်မက်တပ်ရပ်နားထောင်နေတဲ့ နေ
သူငယ်ချင်းတွေပါ
မျက်နာတွေပျက်သွားရသည်။ဘယ်လိုအငြိုးတွေ
ကြောင့် ဘယ်သူကိုမှဒုက္ခမပေးပဲအေးဆေးနေတဲ့
သူတို့မိသားစုကိုပဲ ဒုက္ခပေးနေကြတာလဲ။

"အကုန်လုံး အဆင်ပြေသွားမှာပါ သဘာဝရယ်
စိတ်ကိုလျော့လိုက်နော် နင်အရမ်းပင်ပန်းနေပြီ"

"ငါဘယ်လောက်ပင်ပန်းပင်ပန်းငါကျေနပ်တယ်

ငါ့ကလေးနှစ်ယောက်အန္တရာယ်ကင်းရင် ရပြီ"

လူတိုင်းအပေါ်

ကောင်းတဲ့အမြင်နဲ့သာကြည့်တက်တဲ့

သဘာဝတို့မိသားစုမှ

ဘာလို့ဒီလိုအဖြစ်မျိုးတွေလာကြုံနေရတာလဲမသိ။

ပထမနေ့တစင်းဖြစ်တုန်းက ကိုယ်သမီးကြောင့်

အခုကတော့......

"နေ့တစင်းတို့ဖြစ်တာကြီးက ရိုးမှရိုးရဲ့လား"

"လုပ်ကြံတာတဲ့ ဘယ်သူဆိုတာတော့ငါမသိဘူး မောင်တစ်ယောက်ပဲသိတယ်"

သူတို့ထင်တဲ့အတိုင်း
နေတစင်းကိစ္စဟာလုပ်ကြံမှုဖြစ်နေတာကြောင့်
အရင်ဆုံးတွေးမိတာက
ဒေါ်သကိုရှေ့တန်းတင်တက်တဲ့ နေ
အကြောင်းပင်။သူက
ဒီကိစ္စကိုလုံးဝခွင့်လွှတ်မှမဟုတ်သလိုသူ့သားကိုထိ
ခိုက်တာရော

LaNge

အပြည့်မရှိတဲ့ကလေးနှစ်ယောက်အသက်ဆုံးရှုံးတာ

ဆိုတော့ နေ ဘက်ကမတွေးရင်တောင်

ဒါဟာခွင့်လွှတ်သင့်တဲ့အမှားလုံးဝမဟုတ်ပေ။ပြီး

တော့

နေရဲ့ဒေါသကဘယ်လောက်ထွက်မလဲဆိုတာကို

မခန့်မှန်းရဲပေ။ဒီတစ်လျှောက်လုံး

နေဒေါသထွက်တာတွေရှိခဲ့ပင်မဲ့

ပုံမှန်ဒေါသထွက်သလောက်သာရှိသေးတာ

သူတို့သိသည်။

ဒီကောင်ရဲ့တကယ့်ဒေါသအစစ်က

ပေါက်ကွဲထွက်လာတဲ့စိတ်ထက်ကို

ပိုဆိုးသည်။ကိုယ်အတွေးနဲ့ကိုယ် 4ယောက်သား နေအကြောင်းတွေးပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာဘာသက်ပြင်းချမိကြသည်။

"နေ သူဒေါသကမုမိုင်ကုန်ထုတ်တော့မှာ ကျွန်တော်ခံစားနေရတယ် ကိုအံ့"

"ကျွန်တော်တို့ရောပဲ"

သူကိုကြည့်ကာ ပြိုင်တူပြောလာတဲ့ နေ

သူငယ်ချင်းတွေကြောင့် အံ့လည်း

သက်ပြင်းရှည်တစ်ခုကိုချမိလိုက်သည်။အခုအချိန်

ကစပြီး  နေ

ရဲ့တကယ်ပုံစံအစစ်အမှန်ကိုမြင်ရမဲ့တော့မဲ့သူတွေ

အစားကိုယ်တွေတောင် လန့်နေရသည်။

"အင်း တွေးတောင်မတွေးရဲဘူး

ဒီကောင်ကသူလုပ်မယ်ဆုံးဖြတ်ပြီးရင်

ဘယ်သူတားတားရမှာမဟုတ်တော့ဘူး.....အရင်တု

န်းကတော့

မိဘအုပ်ထိန်းမှုအောက်မှာရှိလို့တော်သေးပင်မဲ့အခု

ကသူကဦးစီးနေရတဲ့သူဆိုတော့

တကယ်ကိုမလွယ်တာ"

တကယ်ခံရမဲ့သူတွေကိုသာ စာနာနေတာ

အခုခံလိုက်လိုက်တဲ့ နေတို့ဘက်ကတွေးရင်

အသက်နှစ်သက်ကိုဆုံးရှုံးလိုက်ရတဲ့အပြင်

ထိခိုက်မှုတွေအများကြီးရှိသေးသည်မို့ နေ

လုပ်သင့်ပါတယ်။

သူတို့တွေက ကိုယ်စီအတွေးလွန်နေကြသလို

သဘာဝကို မိုင်ကအားပေးနေခိုက်

အခန်းထဲကနေထွက်လာတဲ့

ဆရာဝန်မကိုတွေ့လိုက်တယ်ဆို

မိုင်ကထိုဆရာမကိုသိတာကြောင့်......

"နန်း"

သူမယိုင်ချင်နေတဲ့

သဘာဝခန္ဓာကိုယ်လေးကိုထိန်းပြီး

မက်တပ်ရပ်လိုက်ကာ ဆရာဝန်မက သူမအသိမို့

ခေါ်လိုက်တော့......

Lay Nge

"မိုင် နင်က"

"အင်း အခုနင်တာဝန်ယူထားတဲ့ ကလေးက ငါ့သူငယ်ချင်းကလေးလေ ငါ့သမီးလေးလိုပဲ ကလေးဘယ်လိုနေလဲ စိတ်ပူရသေးလား"

"စိတ်မပူရတော့ပါဘူး ကလေးကိုသွေးသွင်းတယ်ဆိုတာကလည်း လိုရမယ်ရပါ

........သွေးလွန်တုတ်ကွေးကစဖြစ်ကာစမို့တော့

တော်သေးတာပေါ့

ကလေးကအရမ်းငယ်သေးတယ်"

မိုင်က တစ်ဖက်ကဆရာဝန်နဲ့က

ဆေးကျောင်းတက်ရင်းသိတာမို့

ကိုယ်သူငယ်ချင်းက

သူကိုစွနဲ့သူအပူတွေရှိတာကြောင့် သိချင်လောက်မဲ့

မေးခွန်းတွေကို ရွေးမေးပေးတော့ နန်းကလည်း

သေချာပြန်ဖြေပေးသည်။

"ပြီးတော့ လိုအပ်တာတွေကိုတော့ ကလေးအဖေကိုပြောထားခဲ့တယ် သူကိုယ်တိုင်လည်း တော်တော်လန့်သွားတယ်ထင်တယ်"

"သမီးကိုဝင်ကြည့်လို့ရပြီ မဟုတ်လား ဒေါက်တာ"

သဘာဝအခုအချိန်မှာ သူမရှေ့မှိုင်တို့စကားပြောနေတာကိုပင် စိတ်ရှုပ်စရာလို့ထင်နေမိကာ သမီးလေးကိုတွေ့ချင်စိတ်သာ ပြင်းပြနေတာမို့

သူမကကြားဖျတ်ဝင်မေးတော့

ဒေါက်တာကခေါင်းငြိမ့်ပြတာကြောင့်

သူမကိုဖက်ထတဲ့ မိုင် လက်တွေကိုဖယ်ချကာ

သမီးလေး နဲ့ မောင်

ရှိနေမဲ့အခန်းထဲကိုဝင်လာလိုက်သည်။သူမအခန်းထဲ

ဝင်လာတော့ သမီးလေးဘေးထိုင်ကာ သမီး နဲ့

စကားပြောနေသည်။

"ဖေ့ နာတယ် ဒီနား"

သမီးက ခဏကသွေးသွင်းထားတဲ့နေရာကို

တစ်ခြားလက်တစ်ဖက်လေးနဲ့ ထပြကာ

မျက်နာလေးမဲ့ပြတယ်ဆို

အံကြိတ်ကာမျက်နာကိုတစ်ဖက်လှည့်ပြီး

မျက်ရည်အသုတ်....

"မေမေ ဟီးးးး လီလီနာတယ်ရို့"

သမီးက သူ့အဖေတစ်ဖက်လှည့်သွားတာကို

လိုက်ကြည့်ရင်း သူ့မကိုတွေ့တယ်ဆို

နာတယ်ပြောပြီး ငိုချလိုက်တာကြောင့်

ကိုယ်သမီးလေးနာကျင်နေတာကို

မကြည့်ရက်တာကြောင့်

သမီးလေးဘေးနားဝင်ထိုင်ကာ......

"သမီး ဘာမှမဖြစ်ဘူးနော်

ခဏနေကောင်းသွားမှာနော်"

"ဟီးးးးး လီလီကအရမ်းနာတာ ဟီးးးး

လီလီတေတော့မှာရဟင်"

LayNge

"သမီး !! အဲ့လိုတွေမပြောပါနဲ့ မေမေတောင်းပန်ပါတယ် သမီးရယ်....မေမေရင်တွေကွဲတော့မယ် သမီးရဲ့ ဟင့် ဟင့်"

ကုတင်ပေါ်ကသမီးလေးစကားကြောင့် မကအတော်ပင်လန့်သွားကာ သမီးလေးကို ပေါင်ပေါ်ကောက်ပွေ့တင်ပြီး ငိုတာကြောင့် နေထိုင်နေရာက ထကာ သားအမိနှစ်ယောက်လုံးကိုဖက်လိုက်သည်။

Lay Nge

"မောင်ရှိတယ် မင်းတို့သားအမိတွေနား မောင်ရှိပါတယ်ကွာ....မောင်ရှိနေသရွေ့ သားရောသမီးရော ဘာမှမဖြစ်စေရပါဘူး"

အခန်းထဲကိုဝင်လာတဲ့ မိုင်တို့စုံတွဲ နဲ့ နေသူငယ်ချင်းတွေ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် စိတ်မကောင်းဖြစ်သွားရသည်။ဒီပုံစံအတိုင်းဆို နေရဲ့ဒေါသကတော့ထုထည်ကြီးမားမှာ အသေအချာပင်။

"လီလီလေး ! အသဲတုန်းလေးရေ"

သူတို့လင်မယားနှစ်ယောက် လီလီလေးငိုနေတာကို ချော့နေခိုက် အနောက်ကအသံကြောင့် သူတို့လင်မယားကအနောက်လှည့်ကြည့်သလို ငိုနေတဲ့လီလီကပါ ခေါင်းထောင်ကြည့်သည်။

"အသဲတုံးလေ နာလို့လား ဟုတ်လား"

"ဟုတ်ရယ်
အဖြူရောင်ဝတ်ထားတဲ့စုန်းမကြီးကထိုးတာ!!"

သူမကမေးလိုက်တယ်ဆို

ခပ်စွာစွာလေးကနေမကောင်းနေရင်းနဲ့တောင်

ပြန်ဖြေလာတာကြောင့်

သဘောကျသွားရသည်။တကယ် လီလီလေးက

သဘာဝတို့ကလေးဆိုပင်မဲ့

သူမတို့တစ်အုပ်စုလုံးကပိုင်းချစ်ရတဲ့

အသေးပိစိလေး။

"အဲ့တော့ ကလေးလေးကနာသွားတယ်ပေါ့

ဟုတ်လား ဟင်"

"ဟုတ်ရယ် အဲ့ဒါကြောင့် လီလီက ဖေဖေကိုရိုက်ခိုင်းမှာ.......မေမေ လီလီဗိုက်ဆာတယ်"

မိုင်မေးတာကို ပြန်ဖြေရင်းလက်ကနာတာကို မေ့သွတယ်ထင်သည် ဗိုက်ဆာတယ်လို့သူမကိုပြောလာတာကြောင့် မိုင်က......

"ကလေးအတွက် နင်တို့ဘာမှမဝယ်ထားဘူးမလား ငါသွားဝယ်လိုက်ရမလား"

"ရတယ်မမိုင် ကျွန်တော် Hotel ကိုဖုန်းဆက်ပြီးမှာထားတယ် ခဏနေရောက်တော့မှာ....သမီးအတွက်ကတော့ ဆရာဝန်ကိုမေးထားတဲ့ တည့်တာလေးတွေကို မှာထားပြီးပြီ"

မိုင်ကသွားဝယ်မေယ်ပြောတာကို သူကသမီးလေးသွေးသွင်းနေကတည်းကမှာပြီး သွားပြီမို့ပြောနေခိုက် ဖုန်းလာတာကြောင့် ကြည့်လိုက်တော့ အိမ်ကဆက်နေတာမို့

ကိုင်လိုင်တော့ သမီးနဲ့ပက်သက်တာတွေကို

သူတို့ယူထားတာကိုပြောပြီး

ဘာလိုသေးလည်းမေးနေတာကြောင့်.........

"သမီးဆေးမှတ်တမ်းတွေကို

သမီးဗီရိုအနွေးထည်တွေထားတဲ့ အောက်က

အံ့ဆွဲထဲမှာ File

နဲ့အကုန်စုထည့်ထားတယ်.....အင်္ကျီလေးတွေက

တော့ တအားထူတဲ့အနွေးထည် နဲ့

အဝတ်အစားတွေမယူနဲ့

ခပ်ပါးပါးလေးတွေယူခဲ့နော်....ပြီးတော့

ကလေးတွေကိုလည်း သေချာဂရုစိုက်နော်

မာန်လေးကအကြောင်းမရှိပင်မဲ့
အမှာနှစ်ကောင်ကပြိမ်ပြိမ်နေတာ မဟုတ်ဘူး"

အိမ်ကဖုန်းဆက်တယ်ဆို သူမှာစရာရှိတာမှာကာ
သမီးလေးနဲ့ပက်သက်တာတွေကို သေချာမှာကာ
မြေးတွေအတွက်ကိုပါ
သေချာဂရုစိုက်ဖို့မှာရသည်။မြေး နဲ့ သမီးလေးကို
ဘယ်သူပိုချစ်လဲ မေးလာခဲ့ရင်
သူစိတ်ထဲရှိတဲ့အတိုင်းပဲဖြေမှာ။သူ့သမီးလေးကို
ပိုချစ်တာပေါ့။သားကိုကြ အကြီးဆုံးလေးမို့
ချစ်ရသလို
အငယ်လေးကိုလည်းအငယ်ဆုံးလေးမို့ချစ်ရသည်။

"နေ အစ်ကိုတို့စကားခဏပြောရအောင်"

နေဖုန်းပြောပြီးတယ်ဆို စကားပြောဖို့ပြောလာတဲ့ ကိုအံ့ကြောင့် သူခေါင်းငြိမ့်ကာ မ နဲ့ သမီးလေးကို အရင်ခွင့်တောင်းပြမှ အရှေ့ကထွက်လာတော့ အနောက်က ကိုအံ့တို့ကလိုက်လာသည်။အခန်းပြင်ရောက်တယ် ဆို သူကခုံပေါ်ထိုင်လိုက်တယ်ဆို........

"အခုကိစ္စဘယ်သူလုပ်တာလဲ"

"ဘယ်သူလုပ်တာလဲဆိုတော့ ကိုယ့်သမီးအရင်း မြေးအရင်းတောင် လူစကားနားမလည်တဲ့ ဟိုခွေး မသားကြီးတို့မိသားစုပေါ့!"

သူတို့မေးတာကိုပြန်ဖြေတဲ့အသံက ကြောက်စရာကောင်းတာကြောင့် အံ့အပါအဝင် ဟိုသုံးကောင်ပါလန့်သွားရသည်။ဒီပုံစံအတိုင်းဆို သူတို့ထင်ထားတာထက် ပိုတယ်ဆိုတာသိလိုက်ပြီ။

"မင်းဘာလုပ်မယ် တွေးထားလဲ"

"ဘာလုပ်မှာလဲလို့ မင်းတို့ထင်လဲ......သေသွားတဲ့ ကလေးနှစ်ယောက်အတွက်ကို မသေမရှင်ဖြစ်အောင်လုပ်မှာ လောကကြီးကိုတောင်မမြင်သွားရတဲ့အတွက် သူတို့အနာဂတ်ကါမမြင်ရအောင်လုပ်မှာ.....ငါ့သား ကိုထိခိုက်အောင်လုပ်တဲ့အတွက်ကတော့ ထိုက်တန်တဲ့အပြစ်ကိုစဉ်းစားဦးမှာ အပျော့စားလေးတော့မထင်လိုက်နဲ့ ပြီးတော့ ငါချစ်ရတဲ့ဇနီးရဲ့ မျက်ရည်တစ်စက်ခြင်းဆီအတွက် ဟိုကောင်မနှစ်ကောင်လုံးခံရမှာ သူတို့မသိတာတွေငါ့မှာအပြည့်ရှိပြီးသား.....နေတစ

င်းကိုထိလာတာ

ငါ့ကိုပါးရိုက်တာထက်နာတယ်!....ဆွေးရိပ်ကမ္ဘာဆို

တဲ့အဘိုးကြီးကိုတော့ နွားဖြစ်အောင်လုပ်ပြီး

နဖားကြိုးထိုးမှာ"

သူမျက်လုံးထဲ သမီးလေးရဲ့နာနာကျင်ကျင်ငိုသံ

သားရဲ့ဆေးရုံကုတင်ပေါ်မှာ

သတိလစ်နေတာလားမသိတဲ့ မြင်ကွင်း

ကိုယ့်သားရဲ့ကလေးတွေဆုံးရှုံးသွားရတဲ့နာကျင်မှု

ချစ်ရတဲ့ဇနီးရဲ့တန်ဖိုးရှိတဲ့မျက်ရည်တွေအတွက်

ပေးစပ်ဖို့သာပြင်ထားတော့..............။

~~~~~~~~~~~~~~~~~ဆက်ရန်။

OBJ

🍭You are my life🍭

Chapter _ 13

" မြန်မြန်သတိရလာပါတော့ ကွာ"

နေ သတိအခုထိပြန်အရသေးတဲ့

သားဖြစ်သူရဲ့ကုတင်ဘေးမှာရပ်က

Lay Nge
~~~~~~~~~~~~~~~~~

တိုးတိုးလေးပြောမိသည်။ဓာတ်မှန်အဖြေကလည်း
ထွက်လာပြီ ဖြစ်ကာ ခဏနေရင်သူ
ဒေါက်တာကိုသွားတွေ့ရမှာပင်။

မ ကသမီးလေးက
ကိုယ်အပူချိန်လေးတွေတက်လိုက်ကျလိုက်ဖြစ်နေ
ကာ ဂျီကျနေတဲ့သမီးလေးနဲ့
တစ်ခြားအခန်းမှာဖြစ်ပြီး သူကတော့
ဟိုကောင်တွေနဲ့ စကားပြောပြီးတယ်ဆို
သားအခြေအနေကို လာကြည့်တာပင်။

လင်းရိပ်ကိုကတော့

သားဘေးနားကခုံလေးမှာထိုင်ပြီး

သားလက်ကိုကိုင်ကာ

သားရင်ဘက်လေးပေါ်မှောက်ပြီး

အိပ်ပျော်နေရှာသည်။တကယ်ကို

ပင်ပန်းသွားကြပြီကို။

သူမက်တပ်ရပ်နေရင်းက

သားနဖူးပေါ်ကဆံပင်တွေကိုဖယ်ကာ

သူခန္တာကိုယ်ကိုကိုင်းကာ သားရဲ့နဖူးလေးကို

နမ်းလိုက်သည်။သားကဘယ်အရွယ်ရောက်နေပါ

စေ သူ့အတွက်တော့ လွန်ခဲ့တဲ့ နှစ် 18

နှစ်လောက်သူရှုံးခန်းထဲ

အရုပ်လေးကိုင်ပြီးဝင်လာတဲ့အရွယ်လေးလို့ထင်နေ

မိတုန်းပါပဲ။

"ကိုကို ခဏလောက်နားပါဦးလား

တစ်နေ့ကုန်ဘာမှမစားရသေးဘူး

တစ်ခုခုစားမလား"

မနက်ကတည်းက သားတို့ကိုဆေးရုံပို့ပြီးတည်းက

မစားရသေးတဲ့ညီမလေးက

သူ့ကိုတစ်ခုခုစားဖို့ပြောတာကြောင့်......

"မင်းတို့နှစ်ယောက်လည်း

ဘာမှမစားရသေးဘူးမလား

ပြန်ကြတော့လေ......ဆေးရုံကလူတွေကို

စိတ်မပူနဲ့အဆင်ပြေတယ် ပြီးတော့

ဗိုက်ထဲမှာကလေးနဲ့ မဟုတ်လား!"

"ရတယ် ကိုကို

သားသတိမရမခြင်းဘယ်မှမသွားဘူး ကလေးက

ဗိုက်ထဲမှာ အပြင်မှာမဟုတ်ဘူး စိတ်ပူစရာမရှိဘူး"

အဖေအရင်းဖြစ်တဲ့သူထက်တောင်

မျက်စိပျက်မျက်နာပျက်ဖြစ်နေတဲ့

ညီမလေးကိုကြည့်ကာ

တူဖြစ်သူအပေါ်ဘယ်လောက်ချစ်လည်းဆိုတာသိ

သာသည်။ဒါပင်မဲ့

ကိုယ်ဘက်ကိုပဲဘယ်တွေးလို့ရမလဲ

မိုးတိမ်ရောင်ဘက်ကိုလည်း ဖြည့်တွေးရမှာမို့........

"မဟုတ်တာ မေလက်ရာ မနက်ကြမှပြန်လာခဲ့

ကလေးကလာနုနုလေးရှိသေးတာကို"

"နေမှာပဲ ဘာမှလာမပြောနဲ့ !!"

နေက

မိုးတိမ်ရောင်ဘက်ကိုနားလည်စွာဖြည့်တွေးပြီး

ကိုယ်ညီမကို အိမ်ပြန်ဖို့ပြောတော့လည်း

သူတောင်ဒင်းကပြန်အော်သေးသည်။

"အစ်ကိုရာ

အစ်ကိုညီမကသူတူကိုဘယ်လောက်ချစ်လဲသိသား

နဲ့ဗျာ.....ကျွန်တော်လည်း မမလိုပဲ သူ့သတိရမှ

စိတ်ချနိုင်မှာ"

သူတို့နှစ်ယောက်ပြောနေတဲ့ပုံကိုက
သားကျန်းမာရေးအတွက်ငှားထားတဲ့ နာစ့်တွေက
သူကို ဖအေအေရင်းဖြစ်ပြီး
စိတ်မပူတက်ဘူးထင်နေမလားမသိ။

"ပြီးရောက္ခာ အဲ့တာဆိုလည်းနှစ်ယောက်လုံး
စားစရာရှိတာ မှာစားကြဦး ပြီးတော့
လင်းရိပ်ကိုနိုးလာရင် စားဖို့အစားအစာပါ
မှာလိုက်.....အစ်ကိုက
မင်းညီဆေးအဖြေကိုသွားကြည့်ရမှာမို့"

"ရတယ် အစ်ကိုစိတ်ချခဲ့ပါ ကျွန်တော်နဲ့ မမက သေချာဂရုစိုက်ထားမှာပါ"

သူထက်ပင် အဖြစ်သဲနေတဲ့နှစ်ယောက်ကို ခေါင်းငြိမ့်ပြကာ သားရဲ့ဦးခေါင်းကိုရိုက်ထားတဲ့ ဓာတ်မှန်အဖြေကိုသွား ကြည့်ဖို့ထွက်လာလိုက်သည်။

"ဓာတ်မှန်အဖြေမှာကတော့ သိပ်ပြီးအတွင်းကိုထိသွားမရှိပါဘူး

ခေါင်းကတမံတလင်းနဲ့ ရိုက်မိသွားသလိုဖြစ်တော့ သတိလစ်နေတာပါ စိတ်ပူစရာတော့မရှိပါဘူး"

သားရဲ့ဦးခေါင်းကိုရိုက်ထားတဲ့ ဓာတ်မှန်ကိုကြည့်ကာပြောနေတဲ့ ဆရာဝန်စကားကို သူမှာရင်တထိတ်ထိတ်နဲ့နားထောင်နေရာက အခြေအနေကောင်းတယ်ဆိုမှ သူပေါင်ပေါ်တင်ထားတဲ့ သူလက်သီးကပြေကျသွားရသည်။ဆရာဝန်ဆီက နေ သားရဲ့အခြေအနေမကောင်းဘူးပြောမှာကို သိပ်ကြောက်နေခဲ့တာ။စီးပွားရေးရော တခြားလူမှုရေးကိစ္စတွေမှာမကြောက်တက်တဲ့သူ

က မိသားစုနဲ့ပက်သက်လာရင်တော့ ကြောက်တက်တဲ့သူစိတ်က သူ့အတွက်မိသားစုက အားနည်းချက်ပင်။

"သတိလစ်နေတာက မနက်ကတည်းကအခုထိရောက်နေတာကို သတိမရသေးတာ ဘာကြောင့်လဲ"

"စိတ်ပူစရာမရှိပါဘူး CEO ရှင့်.....သူက ခေါင်းကိုအောက်ကကြွေပြားနဲ့ရိုက်လိုက်တဲ့ အရှိန်ကပြင်းလို့ပါ တစ်ပတ်အတွင်းသတိရမှာပါ"

တစ်ပတ်အတွင်းသတိရအမယ်လို့

ဆရာဝန်ကပြောနေပင်မဲ့

သူကတော့ဖြစ်နိုင်ရင်အခုချက်ခြင်းကို

သတိရစေချင်တာပင်။အခုသူက ယောကျာ်းသားမို့

သားသတိရမဲ့အချိန်သိပြီးပြီမို့ စိတ်အေးနိုင်မဲ့ မ

ကတော့သူ့သားသတိမရမခြင်းတငိုငိုတရီရီဖြစ်နေ

မှာသေချာတာမို့.......

"အသက်အန္တရာယ်မရှိတာ

ဘယ်နှစ်ရာခိုင်နှုန်းလောက် သေချာလဲ"

" 90 ရာခိုင်နှုန်းလောက်သေချာပါတယ် ပြီးတော့ ဆေးရုပ်အုပ်ကြီးက ကလေးပျက်ကျထားတဲ့ကောင်မလေးက သိပ်ပေါ့လို့မရတာမို့ OG နဲ့အပတ်တိုင်းပြစေချင်တာ ပြီးတော့ ကလေးပျက်ကျတာက သားအိမ်ထဲ....."

ဒေါက်တာလည်းစကားကိုပြောနေရာက ကိုယ်ပြောနေမိတဲ့သူက

ကောင်မလေးရဲ့ယောက္ခမမို့မသင့်တော်တာကြောင့် စကားကိုရောက်တဲ့နေရာက ရပ်လိုက်ပင်မဲ့........

"ဆက်ပြောပါ အခုအချိန်မှာ မိသားစုမှာသန်မာတာ ကျွန်တော်ပဲရှိတာ.....သူမကချွေးမဆိုပင်မဲ့ ကျွန်တော်ချစ်ရတဲ့သားနဲ့ပက်သက်နေတော့ ကျွန်တော်သမီးပဲ"

နေလည်း နားထောင်သင့်တာတွေမဟုတ်မှန်းသိပင်မဲ့ အခုအချိန်မှာ မိသားစုမှာသူပဲသန်မာတာမို့

LayNge

တစ်ချို့စကားတွေကို

နားထောင်လိုက်သည်။ဆရာဝန်ကပြောတာကို

သူက ၀၉ ငှားလိုက်ပါ့မယ်ပြောတော့

ဆေးရုံပိုင်ရှင်က စီစဉ်ပေးမယ်

လို့ပြောတယ်ဆိုတဲ့အကြောင်း သူကိုပြောတော့

အဲ့တာကသူဆေးရုံပိုင်ရှင်

နဲ့ပြောလိုက်မယ်ပြောကာ

ဗိုက်ထဲကဆာနေတာသိပင်မဲ့ သမီးလေး နဲ့

မကိုကြည့်ရဦးမှာမို့

သူခန္ဓာကိုယ်ကမိသားစုနဲ့ယှဉ်လိုက်ရင်နောက်မှာဖြ

စ်တာကြောင့် ရောက်နေတဲ့နေရာကနေ

သမီးလေးရှိရာသို့......။

"မေမေ နို့ နို့"

မောင်စီစဉ်ပေးတဲ့ စားစရာတွေကိုသမီးလေးကို ကျွေးပြီးတော့

သူမကသေချာပြန်သိမ်းနေတုန်းရှိသေး သမီးက နို့သောက်ချင်တယ်ပြောလာတာကြောင့်

သူမချိုင့်လေးတွေကိုနေရာတကျထားရင်း သမီးကိုလှည့်ကြည့်မိသည်။

"သမီးက နို့သောက်ချင်လို့လား ခဏလေးနော် ဖေဖေလာရင်တည့်လားမေးပြီး သွားဝယ်ခိုင်းပေးမယ်"

"ဟင်အင်း နွားနို့ဟုတ်ဘူး မေမေနို့သောက်ချင်တာ"

သူမကဒီအတိုင်း နွားနို့သောက်ချင်တယ်ပြောတယ်ထင်တာ သမီးက မေမေနို့သောက်ချင်တယ်ဆိုတာကြောင့် ဆေးရုံ ကနာရီကိုကြည့်လိုက်တော့ ညနေ 6 နာရီပင်ရှိပြီ။ဒီအချိန် ဒီကလေးက

ဖအေနဲ့သူအရုပ်တွေထားတဲ့အခန်းထဲ
ဆော့နေကြပင်မဲ့ နေမကောင်းတော့
ကပ်ခွဲနေချင်တာကို နားလည်တာမို့
သူမစားဖို့ပြင်ထားတဲ့ ထမင်းနဲ့ ဟင်းကို
ချိုင့်ပြန်ဆင့်လိုက်သည်။

"မေမေရေ နို့ "

"လာပါပြီ သမီးရယ် မငိုရဘူးနော်
မေမေလီလီလေးက လိမ္မာတဲ့
ကလေးလေးမဟုတ်လား"

သဘာဝသမီးလေးဘေးမှာ တစောင်းဝင်လှဲရင်း

အင်္ကျီကိုလှန်မတင်ခင် သမီးစောင်အပါးလေးကို

အရင်လှွားရသည်။ပြီးမှ သမီးလေးကို

စောင်ထဲထည့်ကာ အင်္ကျီလေးလှန်တင်ပြီး

တိုက်ရသည်။သူမရင်ဘက်နားကို

သမီးလေးမျက်နှာအပ်လိုက်တယ်ဆို

သမီးလေးပါးစပ်လေးထဲကအပူငွေ့လေးခံစားလိုက်

ရတာကြောင့်

သဘာဝမျက်နှာပျက်သွားရသည်။သူမ

ကလေးလေးသိပ်ခံစားနေရရှာမှာ။သူမ

သမီးလေးအတွက်စိတ်မကောင်းနေရာက

အခန်းတံခါးဖွင့်သံကြားတာကြောင့်

ခဏလေးတင်ပြန်သွားတဲ့ မိုင် တို့ပြန်သွားတာ

ပြန်လာတာလားလို့ မျက်လုံးဝေ့ကြည့်လိုက်တော့

မောင် မို့

သူမအနားရောက်လာတဲ့အထိစောင့်လိုက်သည်။

နေ မတို့သားအမိရှိနေတဲ့အခန်းထဲလာတယ်ဆို

မကသားအမိနှစ်ယောက်လုံးအပေါ်စောင်ပါးလေး

ခြုံကာ ကုတင်ပေါ်လှဲနေတာကြောင့်

အနားလျှောက်သွားတော့ ခုံပေါ်ဝင်ထိုင်ရင်း.....

"သမီးလေး ကိုယ်ထပ်ပူနေလို့လား မ"

"ဟုတ်တယ် မောင်
ကိုယ်လေးနည်းနည်းပြန်ပူလာလို့
ဆေးတော့တိုက်ထားတယ် အခု ဂျီဂျနေတာ"

သူမပြောတယ်ဆို နို့စို့နေရာက
ဖအေအသံကြားတာနဲ့ သမီးကစောင်လေးထဲက
ခေါင်းလေးထွက်လာကာ မောင်ကိုကြည့်ပြီး....

"လီလီ ဂျီဂျပါဘူး ဖေ့"

မရဲ့ရင်ခွင်ထဲကထွက်လာတဲ့
သူတို့အိမ်ရဲ့အသည်းတုံးလေး သမီးက
မပြောတာကို သူဂျီမဂျဘူးပြောတာကြောင့်
သမီးပါးလေးကိုလက်နဲ့ဖွဖွလေးညစ်လိုက်တော့
သူကိုရီပြသည်။

"မောင် သားရေးဆရာဝန်က ဘာပြောလဲဟင်"

"သားက စိတ်ပူစရာမရှိပါဘူးတဲ့
တစ်ပတ်အတွင်းသတိရပါလိမ့်မယ်လို့ပြောတယ်

ခတ်မှန်အဖြေကကောင်းတယ်

အတွင်းပိုင်းထိခိုက်မှုမရှိဘူး ပြီးတော့

မောင်တို့ဂရုစိုက်ရမှာ

လင်းရိပ်ကိုပဲ.....ဆရာဝန်ပြောတာက

ကလေးပျက်ကျတယ်ဆိုပင်မဲ့

ကလေးကလရင့်နေပြီမို့ ကလေးမွေးထားသလို

သွေးနုသားနုအချိန်တဲ့ စိတ်ထိခိုက်ခံစားတာ

သိပ်မကျောင်းဘူးတဲ့"

"မောင်ရယ်

အရှေ့တင်ယောကျာ်းကသတိမရသေးတဲ့အပြင်

ကလေးနှစ်ယောက်ကိုဆုံးရှုံးထားရတာ

နင်စိတ်မဆင်းရဲနဲ့လို့ပြောလို့မရသလို
ဟန်ဆောင်တင်းထားဖို့ဆိုတာတောင်မလွယ်ပါဘူး"

သဘာဝအခုခံစားနေရတာထက်
လင်းရိပ်ကိုလေးက ပိုပြီးခံစားနေရမယ်ဆိုတာ
သိတာကြောင့်
လင်းရိပ်ကိုနေရာကတွေးပြီးပြောတော့......

"မောင် မင်းပြောတာကို သဘောပေါက်တယ်
မရဲ့....ဝမ်းနည်းတာကို တားလို့မရဘူးဆိုရင်တောင်

ပိုမခံစားရအောင်တော့ မောင်တို့က
ဘေးနားကနေဖေးမရမှာပဲ ဟုတ်လား"

"အင်းပါ ဒါနဲ့
သားတို့ကိုလုပ်တဲ့သူကဘယ်သူလဲဆိုတာ
သဘာဝသိချင်တယ်မောင်"

မိဘနှစ်ပါးစကားပြောနေတယ်ဆို လီလီလေးက
စောင်အောက်ပြန်ဝင်ကာ နို့ကိုသာစို့နေလိုက်ပြီး
မိဘနှစ်ပါးစကားပြောနေတာကိုမနှောက်ယှက်ပေ။
သဘာဝလည်း ရင်ခွင်ထဲပြန်ရောက်လာတဲ့

lay Nge

သမီးလေးကိုဖက်ထားလိုက်ပြီး

မောင်နဲ့စကားဆက်ရသည်။

"ဘယ်သူလဲဆိုတော့ တစ်ခြားသူတော့မဟုတ်ဘူး

လင်းရိပ်ကိုရဲ့ အဖေ နဲ့

မိထွေးသားအမိပေါ့.....အံ့ဩလို့မဆုံးဘူး

ကိုယ်သမီးအရင်းကို ဘာမဟုတ်တဲ့

မိန်းမနှစ်ယောက်အတွက်လုပ်ရပ်တာကို

အံ့ဩလို့မဆုံးဘူး"

"မောင် ဘာမှမလုပ်ဘူးလား ဟင်"

သူစကားအဆုံး မ

နှုတ်ဖြားကထွက်လာတဲ့စကားတစ်ခွန်းကြောင့်သူ

မှာပါးစပ်အဟောင်းသား။အရင်ကဆို

သူများကိုသူတိုက်ခိုက်တော့မယ်

သူလက်တုန့်ပြန်တော့မယ်ဆို အမြဲတားနေတဲ့ မ

ကဘာမှမလုပ်ဘူးလားမေးလာတာကြောင့်

မအံ့သြပဲမနေနိုင်။

"ဟုတ်တယ် မောင် ဒီတစ်ခါတော့ပြန်ပြီး

လက်တုန့်ပြန်ပါ.....သဘာဝတို့နှစ်နာထားတာ

သေးသေးလေးမဟုတ်ဘူး

တန်ရာတန်ကြေးပြန်ယူပေးပါ"

အစကတည်းက ဒီကိစ္စအတွက်လက်တုန့်ပြန်ဖို့ကို

မ တားရင်တောင်ဆက်လုပ်ဖို့ဆုံးဖြတ်ပြီးသားသူက

သူတားမယ်ထင်ထားတဲ့သူကိုယ်တိုင်

လက်တုန့်ပြန်ဖို့ တောင်းဆိုလာတာကြောင့်

သူဒေါသအရှိန်ကပိုမြင့်သွားရသည်ကို

သူကိုယ်တိုင်သာသိသည်။

"မောင်"

"မောင်က တန်ရာတန်ကြေးထက်မက ပြန်ယူပေးမှာမို့ မောင့်မိန်းမကလည်း မငိုရတော့ဘူးနော် သားကပြန်သတိရတာနဲ့ ပြီးသွားပါပြီ စိတ်ပူစရာမရှိတော့ဘူး!.....မရဲ့မျက်ရည်စက်တစ်စက်ခြင်းဆီရဲ့တန်ဖိုးကို ရအောင်ပြန်ယူမှာ"

သူမိသားစုကိုထိတဲ့သူတွေကို နေမင်းလက်ရာ ဘာလုပ်တက်လည်းဆိုတာကို သိအောင်တော့ နည်းနည်းလေးထုတ်ပြရသေးတာပေါ့။မိသားစုဆို

တာ ဘာမှန်းမသိတဲ့လူကို

မေတ္တာတရားဆိုဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ

သိတဲ့လူရဲ့တုန့်ပြန်ချက်ကို

ခံနိုင်ရည်ရှိဖို့တော့လိုတာပေါ့.........။

2 week Later ~~~

တစ်ပတ်အတွင်း ဆရာဝန်ပြောတဲ့အတိုင်း

သားကသတိရလာပင်မဲ့ သူသတိရလာတယ်ဆို

သိလိုက်ရတဲ့ အဖြစ်ဆိုးကြောင့် ဒီနေ့ဆေးရုံကနေ

အိမ်ပြန်ရောက်တဲ့အထိ ဘယ်သူနဲ့မှ စကားမပြောပဲ

သူဘာသာသီးသန့်တစ်ယောက်ထဲ

နေနေတာကြောင့် ကလေးပျက်ကျထားတဲ့

လင်းရိုပ်ကိုလေး နဲ့ သွေးလွန်တုတ်ကွေးဖြစ်တဲ့

သမီးလေးထက်ပင်

သားကိုလိုက်ကြည့်နေရသည့်အဖြစ်။

နေ အလုပ်သွားခါနီး မိန်းမ နဲ့

သမီးလေးကိုနှုတ်ဆက်အနမ်းပေးပြီးတယ်ဆို

အလုပ်သွားဖို့ခြံထဲဆင်းလာတော့ နေတစင်းက

ခြံထဲက

မြတ်တွေအပေါ်မှာစိတ်လွတ်ကိုယ်လွတ်ပစ်လဲနေ

ကာ

မျက်ဝန်းတွေကကောင်းကင်ကိုကြည့်နေတာကို

မြင်တဲ့ နေ ကသက်ပြင်းကိုချလိုက်ရင်း

လက်ထဲကိုင်လာတဲ့ ဖုန်းကို ကုတ်အတွင်းထဲက

အိတ်ထဲထည့်လိုက်ရင်း သား

ဆီကိုလျှောက်လာလိုက်သည်။

"သား "

သူကသားအနားရောက်တယ်ဆို ဒူးထောက်ချကာ

သားလို့ခေါ်လိုက်တော့ ကောင်းကင်ကိုကြည့်နေတဲ့

Lay Nge

သားမျက်ဝန်းတွေက သူကိုကြည့်လာတာ နာကျင်မှုတွေခံစားနေရတဲ့အကြည့်တွေနဲ့။

"မင်း ယောကျာ်းမဟုတ်ဘူးလား သား.....မင်းနာကျင်သလို ဖေဖေမနာကျင်ရပင်မဲ့ မင်းနာကျင်နေရတာမြင်တိုင်း လူ 3ယောက်အမြဲစိတ်ဆင်းရဲနေရတယ်.....အဲ့လူတွေ က မင်းမိဘတွေဖြစ်တဲ့ ဖေဖေ နဲ့ မေမေ ပြီးတော့ လင်းရိပ်ကို.....သားတောင်ဒီလောက်ခံစားနေရရင် ကိုယ်ဝမ်းနဲ့လွယ်ထားရတဲ့မိခင်တစ်ယောက်ရဲ့စိတ် ကိုသားကိုယ်ခြင်းစာကြည့်ပါလား အဲ့တာကို သားကဘယ်သူကိုမှစကားမပြော

နာကျင်နေဝမ်းနည်းနေရှာတဲ့
ကိုယ့်ဇနီးကိုဖေးမမှုမရှိပဲ သားနာကျင်နေတာကို
ရှေ့တန်းတင်နေတယ်"

".........."

"မနာကျင်နဲ့မပြောဘူး နာကျင်ပါ
ကိုယ်ကလေးဆုံးရှုံးသွားရတာကို ဒါပင်မဲ့
ဆုံးရှုံးသွားတဲ့ ကလေးတွေအတွက်နာကျင်နေရင်း
ကိုယ်တိုင်ရင်ကွဲမတက်နာကျင်နေတဲ့
မိန်းကလေးတစ်ယောက် နဲ့ လက်ရှိ

ကလေးတွေရဲ့ခံစားချက်ကိုလည်း သား

မေ့ထားလို့မရဘူး ကွ....ဖေဖေ နဲ့ မေမေ

မင်းဖြစ်နေတဲ့ပုံကိုမြင်တွေ့နေရတာ နာကျင်ရတယ်

ဒါပင်မဲ့ တွေးရတယ် လဲကျလို့မဖြစ်ဘူး

ငါတို့မရှိတော့ရင် မင်းညီမလေးလူမမယ်လေး

ဘဝကိုတွေးပြီး အားတင်ထားတာ....သားရာ

ယောကျာ်းပဲ ကိုယ့်ကိုမှီခိုနေတဲ့သူတွေကိုလည်း

သတိရမှပေါ့ "

တစ်ခါမှသူ့ကိုစကားအရှည်ကြီးမပြောဖူးတဲ့

ဖေဖေက

သူအနားလာကာပြောတဲ့စကားတော်ကြောင့်

ဒီရက်ထဲသီးသန့်တစ်ယောက်ထဲနေပြီး Light တို့ကိုပစ်ထားမိတာကို နောင်တရသွားရသည်။ဖေဖေပြောသွားတာတွေက အမှန်တွေမို့ သူလှဲနေရာကထကာ သူ့ဘေးနားကဖေဖေကို သိုင်းဖက်လိုက်ပြီး ငိုချပစ်လိုက်သည်။

"သားလေ သားကအရမ်းမျှော်လင့်ထားတာ ဖေဖေ.....သမီးလေးတွေလူလောကထဲရောက်တော့မဲ့နေ့အထိ သားစိတ်ကူးရင်ခဲ့ရတာနေ့တိုင်းလေ....အခုသား မျှော်လင့်ချက်တွေ ပျက်စီးသွားပြီဗျာ ဟီးးး"

သူ့ပုခုံးပေါ်ကို မျက်နှာတင်ပြီး

ငိုချလိုက်တဲ့သားကြောင့်

သားရဲ့ခံစားချက်ကိုနားလည်းကာ

သားကိုပြန်ဖက်ထားလိုက်ပြီး

ကျောလေးကိုပွတ်ပေးလိုက်သည်။ငိုပါစေ

ရင်ထဲကခံစားချက်တွေ

မျက်ရည်နဲ့အတူလျော့သွားပါစေ။

မောင်အလုပ်သွားတာ File တစ်ခုကျန်နေခဲ့လို့

အဲ့တာအနောက်ကလိုက်လာပြီး ပေးရာက ခြံထဲမှာ

မောင်စကားပြောတဲ့အချိန်ကတည်းကနေ
သားအဖနှစ်ယောက်ဖက်ထားတဲ့အထိသူမရပ်ကြ
ည့်နေမိသည်။

အရင်တုန်းက သူမနဲ့တွေ့ခါစက သူနေချင်သလိုနေ
ဖြစ်ချင်တဲ့အတိုင်းလွတ်လပ်စွာနေခဲ့တဲ့
မောင်ရဲ့ရင့်ကျက်သွားမှုကို
မျက်ရည်ဝဲသွားရသည်။မောင်ကလေ
လင်းရိပ်ကိုလေးခံစားနေရတာကို
ကိုယ်တိုင်ဥပမာပေးပြေသွားတာ
စကားလုံးတစ်လုံးတိုင်းတန်ဖိုးရှိလွန်းလို့
သူမပါမျက်ရည်ကျရသည်မှအဖြစ်ပင်။သူမချစ်ရ

တဲ့အမျိုးသားလေးက တော်တော်ကို
ရင့်ကျက်သွားတာပင်.........။

"ဟွန်း Group
တစ်ခုလုံးတောင်အုပ်ချုပ်နိုင်သေးတာ
ခင်များဘာမို့လို့လဲ"

နေလက်ရာစင်တာမှာဖြစ်သွားတဲ့
ကိစ္စနဲ့ပက်သက်ပြီးသူက ပြဿနာအရင်းအမြစ်ကို
သားဆေးရုံတက်နေတဲ့အချိန်ကတည်းကရှာထား
တာမို့ အဲ့စင်တာမှာ တစ်ခြားတစ်ယောက်ကို MD

ပြောင်းခန့်ပြီး နဂိုတစ်ယောက်ကိုတော့

သူကိုယ်တိုင်မသွားပဲ ရှေ့နေလွှတ်လိုက်တယ်ဆို

မကျေမနပ်ဖုန်းဆက်လာတာကြောင့်

သူကရီပြီးပြောလိုက်တော့

တစ်ဖက်ကအသံတိတ်သွားသည်။

"ကျုပ်သားက

ပြဿနာကိုအမြန်ပြီးပါစေတော့ဆိုတဲ့စိတ်ကလေးနဲ့

သာ ပိုက်ဆံကိုဒီအတိုင်းရှောလိုက်တာ

ကျုပ်ကတော့ သားလိုမဟုတ်ဘူးနော်"

"........."

"ခင်များလုပ်ထားတာတွေကို ကျူပ်ရှေ့နေဆီမှာ
သက်သေတင်ပြပြီးသားဆိုတော့
နောက်ဆက်လုပ်ရမှာတွေက ရှေ့နေနဲ့ပါ
ကျူပ်နဲ့မဟုတ်ဘူး နောက်ဘယ်တော့မှမဆက်နဲ့"

သူပြောချင်တာပြောကာ
ဖုန်းကိုချပစ်လိုက်သည်။အခုအချိန်မှာနေ့ရဲ့
ဦးတည်ချက်က
ဆွေးရိပ်ကမ္ဘာတို့မိသားစုပင်။အခုဆိုရင်

သူစိန်ခေါ်ထားတဲ့အလုပ်ကို

အကောင်အထည်ဖော်ဖို့အတွက်

ပိုက်ဆံအနည်းငယ်သုံးလိုက်ယုံပင်။သူဖုန်းကိုလက်

ကကိုင်ထားရင်း Messenge

ဝင်လာတာကိုကြည့်တော့ OK

ဆိုတဲ့အင်္ဂလိပ်စာလုံးနှစ်လုံးထဲပင်မဲ့

အဲ့တာရဲ့အဓိပ္ပာယ်ကတော့

သူကိုယ်တိုင်သာသိသည်။

"ခင်များတို့ ကျူပ်ရဲ့သင်ခန်းစာသေးသေးလေးကို

ခံစားကြည့်လိုက်ပါဦး......ဟွန်း နေမင်းလက်ရာရဲ့

စိန်ခေါ် ပွဲ စပြီ"

ဒီတစ်ခါတုန့်ပြန်ရမှာက

သူအရင်ကရန်ကိုပြန်တုန့်ပြန်တာတွေထက်ပိုပြီး

အားရှိတာက သူဇနီးလေးကိုယ်တိုင်က

တန်ပြန်လက်စားချေပေးဖို့တောင်းဆိုထားတာမ

လား။သူမိန်းမပျော်ရွှင်ဖို့ ဒင်းတို့မျက်ရည်တွေ

ကျပေးရအောင်ပေါ့...........။

~~~~~~~~~~~~~~~ဆက်ရန်။

🍭You are my life🍭
~~~~~~~~~~~~~~~

# Chapter _ 14

နေ သူမှာရှိနေတဲ့ဟိုအဖွားကြီးရဲ့ဓာတ်ပုံတွေကို လူသိများတဲ့ Page တစ်ခုကိုပိုက်ဆံပေးပြီး တင်ခိုင်းလိုက်ကာ ဘယ် campany နာမည်ဘယ်သူ ဘယ် Hotel မှာအိပ်တာကအစ အသေးစိတ်အချက်အလက်တွေကိုပါ တင်ခိုင်းလိုက်သည်။သူလုပ်ငန်းအပ်ပြီး 1 ရီလောက်ကြာတယ်ဆို OK ဆိုတာကြောင့် သူ Facebook ထဲဝင်ကြည့်ကာ ထို page

နာမည်ရိုက်ရှာတယ်ဆို page ထဲတောင်မဝင်ရသေး သူပို့ထားတာတွေကို သူပြောတဲ့အတိုင်းတင်ထားကာ 1 မိနစ်တောင် comment က 50 ကျော်နေတာကြောင့် သူပြုံးလိုက်သည်။သေချာပေါက် comment တွေက ကောင်းတာမဟုတ်တာ သိတာကို။

ပြီးတော့ သူ့စေရာ လည်းတိုက်ဆိုက်ဆိုင်ဆိုင် မြန်မာပြည်ကိုမိသားစုလိုက်ရောက်နေတာမို့ မနက်တစ်ပွဲ ညနေကြတစ်ပွဲတွေ့ရတော့မှာမို့ နေ့တိုင်းကို အပူနဲ့မကင်းအောင်လုပ်မှာ။ဘယ်သူတွေ

အငြိုးကြီးတယ်ပြောပြော

သူဂရုမစိုက်ပေ။အဲ့လိုပြောတဲ့သူတွေသာ

ဂရုစိုက်နေရင်ခုသူဒီအခြေအနေကိုရောက်လာမှာ

မဟုတ်။

ကျွို........

"ဖေဖေရေ"

Campany

ကိုအိမ်ကထွက်လာတဲ့အချိန်ရောရောက်တဲ့အချိန်ပါ

တွက်ကြည့်ရင်တောင် 2 နာရီတောင်မရှိသေး ဖေဖေရေဆိုတဲ့အသံနဲ့အတူ သူ့ရုံးခန်းတံခါးဖွင့်သံပါကြားရတာကြောင့် မော့မကြည့်လဲ ဘယ်သူဆိုတာသိတာမို့ မ ကိုသမီးဂျီဂျပြန်ပြီဆိုတာ သူသိလိုက်သည်။

"ဖေဖေနော် လီလီလာတာကို မော့တောင်မကြည့်ဘူး "

သမီးကသွေးလွန်တုတ်ကွေးဖြစ်ထားတာကြောင့် အခုအချိန်ထိပေါ့လို့မရသေးဒါမို့

အနွေးထည်ပါးပါးလေးနဲ့

ဂါဝန်အသားရောင်လေးကိုဝတ်ထားကာ

သမီးအနောက်ကချစ်ဇနီးကတော့

အပြာနုရောင်ဝမ်းဆက်လေးဝတ်ထားသည်။

"ဘယ်လိုဖြစ်ပြီး ဖေဖေ ဆီရောက်လာတာလဲ

သမီး"

သူကထိုင်နေရာက ထရပ်ပြီး

သူ့အရှေ့ကပေါက်စနလေးကိုကောက်ချီကာ

မေးတော့ အပြစ်လုပ်ထားလို့ ပြုံးနေကြအပြုံးနဲ့

သူကိုပြုံးပြတယ်ဆို

သမီးအမေကိုကြည့်လိုက်တော့......

"ဘာဖြစ်မှာလဲမောင်ရယ် သဘာဝက

မောင်အလုပ်ရှုပ်နေမှန်းသိလို့

သမီးဆေးပြန်ပြရမဲ့ရက်ကို

မပြောပဲထားတာ.....အခုဆေးပြဖို့သွားတာ

မောင်ဆီကိုဝင်ချင်တယ် အော်နေတာလေ "

တကယ်လည်း မောင်ပင်ပန်းနေတာသိလို့

ထပ်ပြီးမပင်ပန်းစေချင်တာကြောင့်

သူမတမင်သမီးလေးဆေးပြမဲ့
ရက်ကိုမပြောပဲထားတာကို သမီးတော်ကမရ။

"မ ကလည်းမောင်မပင်ပန်းပါဘူး
ကိုယ့်မိသားစုအတွက်ပဲ
သမီးလေးကသူဆေးပြတိုင်း
မိဘနှစ်ပါလုံးပါမှကျေနပ်တာကို သိရဲ့သားနဲ့"

"မဟုတ်ဘူးလေ
မောင်မှာလုပ်စရာတွေအများကြီးပဲလေ

layNge

အလုပ်တွေကိုပစ်ထားတာဘယ်နှစ်ရက်ရှိပြီလဲ

နှစ်ပတ်တောင်နော်"

မ

ပြောတာတွေကမှန်ပင်မဲ့လည်းသူအလုပ်ကိစ္စတွေ

ကတော့ ကိုအံ့ နဲ့

ဟိုကောင်တွေကသူအလုပ်မတက်ဖြစ်တဲ့အချိန်မှာ

အကုန်တာဝန်ယူပေးထားတာမို့

အလုပ်ပြန်တက်တော့

သိပ်ပြီးတော့လုပ်စရာမရှိပေ။

"မောင့်စီးပွားရေးကမလုပ်လည်း

ငတ်မသွားပါဘူးကွာ

မောင်လုပ်နေတယ်ဆိုတာကလည်း

ဒီပိစိလေးလက်ထဲထည့်တဲ့အခါ

အောင်အောင်မြင်မြင်နဲ့ပဲထည့်ပေးချင်တာ"

"အင်းပါ မောင်အဆင်ပြေရင်ပြီးတာပဲ

ဒါဆိုဆေးခန်းသွားပြမှာ မောင်လိုက်မှာလား"

သူမကမေးတော့ ခေါင်းငြိမ့်ပြသည်။သမီးကလည်း

အဖေဖြစ်သူကလိုက်မယ်ပြောတာနဲ့

အသည်းသန်ဖြစ်နေတာက မောင်ပါးနှစ်ဖက်လုံးကို ဖက်နမ်းနေတော့သည်။မောင်ကလည်း သူ့သမီးကနမ်းတယ်ဆို သဘောတွေကျနေပြီး ဖေ့သမီးငယ်လေးဆိုပြီး ပြောနေတာပါးစပ်ကမချ။

"ကဲပါ အပိုတွေအလိုတွေလုပ်နေတဲ့ မောင်တို့သားအဖ ဆေးခန်းသွားမှာလား ရှင်လေးတို့ချစ်နေကြတာကို ကျွန်မကထိုင်ကြည့်နေရမှာလားပြော"

"ခစ် ခစ် မေမေကချစ်ဖို့ကောင်းတယ်"

"ဒါပေါ့ သမီးမေမေကချစ်ဖို့အကောင်းဆုံးနဲ့ ဖေဖေအချစ်ဆုံးအသဲလေး"

ကြည့်သမီးက ကလေးမို့ အမေကိုချစ်တယ်ပြောတာကို သူကပါကြောငြာဝင်သွားတဲ့မောင်ကြောင့် သူမကမျက်စောင်းထိုးတော့ မျက်စိတစ်ဖက်မိတ်ပြသည်။ဒီလောက်ကိစ္စတွေအများကြီးဖြစ်နေတာတောင် သူကပြုံးနိုင်သေးတယ်။

"မောင် ! ဘယ်လိုဖြစ်နေတာလဲ"

သူတို့မိသားစုသုံးယောက်

တစ်ယောက်နဲ့တစ်ယောက်စနောက်နေခိုက်

ရုံးခန်းတံခါးကို သဘာဝတို့က Lock

မချထားခဲ့တော့

ဝန်ထမ်းကောင်မလေးတစ်ယောက်က

ဖွင့်ဝင်လာတာကြောင့် သူ့မိန်းမ နဲ့

သမီးကိုပြုံးပြနေတဲ့

နေမျက်နှာကတည်သွားရကာ.....

"CEO ရှင့်အစည်းအဝေးရှိပါတယ် ပြင်သစ်ကညော့်သည်ကမနက်မှချိန်းထားတယ်ဆိုပ င်မဲ့ ဒီနေ့ချက်ခြင်းလုပ်ချင်ပါတယ်တဲ့"

"မင်းနဲ့ဘာဆိုင်လည်း ! ရုံးခန်းထဲကို ဝင်ချင်တိုင်းဝင်ထွက်ချင်တိုင်းထွက်ခွင့် ဘယ်တုန်းကပေးထားမိတာလဲ!"

နေ သူတို့အနားရောက်လာတဲ့ ကောင်မလေးကိုကြည့်ကာ အသစ်လားအဟောင်းလားသူက

ဝန်ထမ်းတွေကိုတိုက်ရိုက်စကားပြောတာမရှိသလောက်မို့ ဘယ်ဝန်ထမ်းကိုမှမမှတ်မိ။

"မဟုတ်ပါဘူး အရေးကြီးတဲ့အစည်းအဝေးမို့....."

"တံခါးခေါက်ဖို့ လက်မပါဘူးလား ထားလိုက်တော့ အဲ့အစည်းအဝေးကိုဖျက်လိုက်"

"ဆုံးရှုံးနစ်နာမှုတန်ဖိုးကကြီးလောက်ပါတယ်"

နေ သူကိုဆရာပြန်လုပ်နေတာကြောင့် ဒေါ်သကထွက်ချင်လာရသည်။တစ်ခြားမှာရောက်နေတဲ့ဒေါ်သက ဒီမိန်းကလေးဆီကိုရောက်နေတာမို့ သူစိတ်ကိုသူထိန်းထားရသည်။

"အဲ့တာနင့်အကြောင်းပါလား !!!
နင်ဆိုးရွားတာမှမဟုတ်တာ !"

"ဘာမှအရေးမပါတဲ့ အကြောင်းနဲ့......"

"မင်းစကားပြောတာကိုဆင်ခြင်ပါ

တို့ကလေးကိုအရေးမပါဘူးလို့

မင်းမှာပြောခွင့်မရှိဘူး....ငါ့သမီးက

မင်းအတွက်အရေးမပါပင်မဲ့

ငါတို့မိသားစုအတွက်တော့

မင်းသမီးလေးပဲ...အလုပ်ကိစ္စပြောတာ

အလုပ်ကိစ္စပဲပြော"

ကျန်တဲ့နေရာမှာသာ သူမရဲ့သည်းခံစိတ်ကများပင်မဲ့

သား နဲ့ သမီး

ကိုပက်သက်လာရင်လုံးဝသည်းခံစိတ်မရှိတာမို့

ထိုကောင်မလေးကိုကြည့်ပြီးပြောလိုက်တော့.....

"ဖေဖေ ဒီမမကရေ လီလီကိုပြောတာလား အရေးပါဘူးလို့.....အလုပ်နဲ့ လီလီဘယ်သူကအရေးကြီးတာလဲ"

"သမီးထပ်အရေးကြီးတာ ကမ္ဘာမှာတစ်ယောက်ပဲရှိတယ် အဲ့တာကအလုပ်မဟုတ်တာသေချာတယ်.....မင်းက ငါ့အကြောင်းမသိသေးတော့ အရင်လေ့လာလိုက်ဦး အခုငါရုံးခန်းထဲကထွက်သွားလိုက်တော့"

သူကသမီးလေးက လေပြေအေးနဲ့ပြောပြီး

တစ်ဖက်ကောင်မလေးကြ

အသံခပ်မာမာနဲ့ပြောလိုက်တော့

ထိုကောင်မလေးကထွက်သွားသည်။ထိုကောင်မ

လေး မောင်

ကိုကြည့်နေတဲ့အကြည့်တွေတစ်စက်မှမကြိုက်

တာကြောင့်.......

"မောင် အဲ့ကောင်မလေးကို

တစ်ခြားလုပ်ငန်းတစ်ခုကိုရွှေ့လိုက်ပါလား"

"မ သဘောပဲ

မောင်မန်နေဂျာကိုလုပ်ခိုင်းလိုက်မယ်"

"ဘာလို့လဲ မမေးတော့ဘူးလား ဟင်"

သူမကပြောတယ်ဆိုသူက

တန်းပြီးဘာမေးခွန်းမှမထုတ်ပဲ

သဘောလို့ပြောတာကို မ

ကဘာခို့လဲမေးနေတာကြောင့် ချစ်လို့

လို့ဖြေလိုက်ရင် သမီးရှေ့ပြောရမလားဆိုပြီး

သူကိုထုဦးမည်။

LayNge

"ဘာလို့လဲဆိုတော့ မောင့်မိန်းမစိတ်ချမ်းသာဖို့က မောင့်အတွက်အရေးကြီးဆုံးမို့"

"မောင် အဲ့တာဆိုဆေးခန်းသွားရအောင် token ယူထားတာအလှည့်ကျော်သွားမယ် မောင်"

သူပြောလိုက်တယ်ဆို
ပြီးကာဆေးခန်းသွားရအောင်ဆိုလာတာကြောင့်
သူ့အလုပ်ခုံပေါ်က ဖုန်း နဲ့
သူရဲ့ကိုယ်ပေါ်အမြဲရှိတဲ့သူရဲ့ပိုက်ဆံအိပ်အနက်လေး

ကိုပါယူပြီး သူ့အင်္ကျီကုတ်ထဲထည့်လိုက်သည်။ပြီးမှ သမီးကိုလက်တစ်ဖက်ကချီလျက် တစ်ဖက်ကမိန်းမဖြစ်သူလက်ကိုဆွဲကာထွက်လာ လိုက်သည်........။

ကားမောင်းနေရင်းဖုန်းကိုထောင်ကာ video called နဲ့ စကားပြောကာ အလုပ်လုပ်နေတဲ့ မောင်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရသည်။မိသားစုအတွက်ဆို တလောကလုံးကသူကိုမုန်းရင်တောင်အမုန်းခံမဲ့လူမျိုး။

ပြင်သစ်ဘာသာစကားကို ကျွမ်းကျင်စွာပြောနေတာကိုကြည့်ကာ မောင်ပုံစံက တစ်ဖက်ကလုပ်ငန်းရှင်ကအသည်းသန်ဖြစ်နေသလောက် သူကအေးဆေးပုံစံမျိုး။

"See you"

တစ်ဖက်ကသူကိုနှုတ်ဆက်တဲ့စကားပြောတာထင်သည် မောင်က see you ပြောကာဖုန်းကိုချလိုက်သည်။သူမလည်း

ကိုယ့်ယောကျာ်းကို ဖုန်းပြောနေတာ ငေးကြည့်နေရာက.....

"မေမေ ! ကြည့်နဲ့လေ"

"ဘာကိုလဲ သမီး"

သမီးကလက်ထဲထည့်ပေးထားတဲ့မုန့်ကိုစားနေရင်းက သူမ မောင်ကိုကြည့်နေတာကို သိသွားပုံပေါ်ကာ ပြောတော့ မောင်ကမသိလိုက်တာမို့မေးတော့.....

Lay Nge

"လီလီ နိုးနော် ပြောရင် မေမေစိတ်ဆိုးမှာ!"

"ဟွန့်"

သားအမိနှစ်ယောက်ပြောနေတာတွေကို နားမလည်တဲ့ နေ ကနှသ်ယောက်လုံးကို ကြောက်ရတာမို့ ဘာမှဝင်မပြောပဲကိုယ့်ဘာသာခေါင်းရမ်းရင် ကြည့်နူးမိနေတော့သည်။တကယ်ကို သူမနိုင်တဲ့သားအမိနှစ်ယောက် သူသာဝင်ပြောကြည့်ပါလား *မောင်နော်* *ဖေဖေ

နော်*

ဆိုတာတွေကသေချာပေါက်ကြားရမှာပင်။ဒါကြော င့် သမီးလေးဆေးခန်းရှိရာကိုသာ ကားကိုအာရုံစိုက် မောင်းလိုက်သည်........။

"ဒီဓာတ်ပုံတွေက ဘာတွေလဲ သန္တာ"

နေမနက်က page

တစ်ခုကိုတင်ခိုင်းလိုက်တဲ့ပုံတွေကို တွေ့ကာ ဆွေးရိပ်ကမ္ဘာက တွေ့သွားကာ သူ့မိန်းမရော မယားပါသမီးရောအကုန်စုံနေတဲ့အချိန်မှာ

LayNge

ဖုန်းထဲကဓာတ်ပုံတွေပြပြီး မေးလိုက်ချိန်
ဒေါ်သန္တာမှာလန့်သွားရသည်။

သူမတစ်ခြားတစ်ယောက်နဲ့
အိပ်နေတဲ့ဓာတ်ပုံတွေကို ကို ကပြလာတာကြောင့်
ဘာပြောလို့ပြောရမှန်းမသိ။ပုံတွေက
လွန်ခဲ့တဲ့နှစ်နှစ်ကျော်လောက်ပုံတွေဖြစ်ပြီး
တကယ်ဖောက်ပြန်ခဲ့တာမို့ ပြောစရာစကားမရှိ။

"မင်းကိုမေးနေတယ်လေ သန္တာ ဘာကြောင့်လည်း ငါ့သမီးနဲ့မင်းတို့ယှဉ်လာရင်တောင် မင်းတို့ဘက်ကလေ"

"အဲ့ပုံတွေကိုတကယ်ပုံလို့ထင်နေတာလား ဒါသက်သက်ပုံကို edit ထားတာ အခုခေတ်မှာအဲ့လိုလုပ်လို့ရတယ်ဆိုတာ လူတိုင်းသိတယ်"

မေ ကအမေဖြစ်သူအကြောင်းသိတာကြောင့် ကိုယ်တွေပိုက်ဆံတွေမရမခြင်း

LayNge

ဒီအဖိုးကြီးစိတ်မပျက်စေချင်တာကြောင့်

တွေးမိတွေးရာကိုပြောလိုက်တော့

အဖိုးကြီးကငြိမ်ကြသွားတာကြောင့်......

"သေချာပေါက် Edit ထားတာ

အဲ့တာကိုမှမယုံဘူးဆိုလည်း

မေတို့သားအမိအိမ်ပေါ်ကဆင်းသွားပေးမယ်"

ပြောကာ ဟန်ဆောင်ပြီး

သားအမိနှစ်လက်တွဲကထိုင်ရာကနေ

ထကာထွက်သွားဖို့လုပ်တယ်ဆို......

"ကိုယ်သန္တာကိုယုံပါတယ် ဒါပင်မဲ့ မင်းသိက္ခာတွေကျလိမ့်မယ် ဒီပုံတွေက လိုင်းပေါ်မှာပြန့်နေပြီ"

"အဲ့ကိစ္စကရိုးရိုးသားမဖြစ်နိုင်ဘူး နေလက်ရာက နေမင်းလက်ရာ လက်ချက်ပဲနေမှာ ဟိုရက်တုန်းကလာပြောသွားတာမှတ်မိတယ်မဟုတ်လား"

သူတို့သားအမိပြစရာအကြောင်းမရှိတော့တယ်ဆို

တစ်ဖက်ကနေလက်ရာက

လူကလာကြိမ်းသွားတာကိုသတိရကာပြောတော့

အဖိုးကြီးက ယုံသွားပုံပေါ်မှ

သားအမိနှစ်ယောက်သက်ပြင်းချနိုင်သည်။

"ဒီကောင်ကတကယ်မလွယ်ဘူးပဲ

တကယ်ယုတ်မာတဲ့ကောင်

ပြောတော့နောက်ကွယ်ကနေဓားနဲ့မထိုးတက်ဘူး

လေး ဘာလေးနဲ့ အလကားကောင် အာချောင်တာ

တောက်စ့် မိန်းမလိုမိန်းမရနဲ့"

"အဲ့တာဆိုရင် မိန်းမလိုမိန်းမရမကျတဲ့နည်း
နဲ့ဖြေရှင်းရအောင်"

သူတို့စကားပြောနေတာကို
ဖျက်ပြောတာကြောင့်အသံလာရာကိုကြည့်လိုက်
တော့ အရပ်ခပ်မြင့်မြင့်နဲ့
ကောင်လေးတစ်ယောက်။ဆွေးရိပ်ကမ္ဘာထိုကောင်
လေးကိုမြင်ဘူးတယ်ဆိုမှ လွန်ခဲ့တဲ့
3နှစ်လောက်ကာ နေလက်ရာက
ကောင်လေးနဲ့တရားရင်ဆိုင်တုန်းက

ရှေ့နေမှန်းသတိထားမိသည်။သူတို့ကြည့်နေခိုက်
သူ့စေရာက
တစ်ယောက်ထိုင်ဆိုဖာမှာဝင်ထိုင်ပြီး.......

"ကျွန်တော်က ဦးနေမင်းလက်ရာရဲ့မိသားစုရှေ့နေပါ
အခုဒီကိုရောက်လာတာကလည်းရှင်းရှင်းလေးပါပဲ
ဒီအိမ်ပိုင်ဆိုင်မှုနဲ့ပက်သက်ပြီး စကားပြောဖို့ပါ"

"ဒီအိမ်ပိုင်ဆိုင်မှုကိုပြောရအောင်
သူကဘာကောင်မို့လည်း အောက်တန်းစား"

စကားပြောတာကအစ စီးပွားရေးလုပ်နေပြီး အသက်တွေကဖြင့်မငယ်တော့တာတောင် အဆင့်အတန်းမရှိ။သူလိုပါးစပ်စည်းကမ်းမရှိတဲ့သူက ကိုနေ ကိုပြောတာရီချင်စရာ။

"ကိုနေနဲ့မဆိုင်ဘူး ဆိုပင်မဲ့ လင်းရိပ်ကိုနဲ့တော့ဆိုင်တယ်မဟုတ်လား.....ဒီအိမ် ဒီခြံအပါအဝင် ခင်များလုပ်နေတဲ့ campany တောင် သူမကတစ်ဝက်ဆိုင်တယ် သားသမီးမို့ အဲ့ကိစ္စကိုတောင်ဟိုဘက်စိတ်ဝင်စားတာမဟုတ်ဘူး......တစ်ဖက်ကိုမစော်ကားခင် ကိုယ်ရှောဘာမှားနေလည်း မတွေးမိဘူးလား"

"အဲ့တာမင်းအကြောင်းမပါဘူး

ရှေ့နေကကိုယ်အလုပ်ကိုလုပ်"

"ရှေ့နေမို့လို့ ရှေ့နေအလုပ်လုပ်နေတာကို

ဒယ်ဒီတို့ကနားမလည်တာ မဟုတ်ဘူးလား!"

သူ့စေရာနဲ့အပြိုင်

စကားတစ်ယောက်တစ်ခွန်းများနေရာက

ရောက်ချလာတဲ့ လင်းရိပ်ကိုကြောင့်

အားလုံးအကြည့်တွေက

သူမဆီ။ကလေးပျက်ကျထားတဲ့
မီးတွင်းထဲကလူလို့မထင်ထားလောက်အောင်
ဝတ်ထားတဲ့အနီရောင်ဘောင်ဘီအရှည် နဲ့
အတွင်းဝတ်အင်္ကျီအဖြူပေါ်
အနီရောင်ကုတ်လေးကိုဝတ်ထားကာ
ကြယ်သီးတစ်လုံးတာတပ်ထားကာ
ဝတ်ထားသည်။

"ဟွန်း ဒယ်ဒီတို့က မတရားလည်းလုပ်သေး
တစ်ဖက်ကိုပြန်ပြောနေကြတာလေ တရားလား"

"နင်ဘာစကားပြောတာလည်း လင်းရိပ်ကို"

"ထားပါအရေးမပါတဲ့စကားတွေမပြောတော့ဘူးအ ချိန်ကုန်တယ်....ခဏက အစ်ကိုပြောသလိုပဲ ကို ပိုင်တာတွေအကုန်လိုချင်တယ် မာမီရဲ့ပိုင်ဆိုင်မှုတွေ"

လင်းရိပ်ကိုမျက်နှာထားကတင်းလွန်းလို့ ထိုင်နေတဲ့ သူမဒယ်ဒီတင်မက ဟိုသားအမိပါခပ်လန့်လန့်ပင်။လင်းရိပ်ကိုမျက်နှာ က

အိပ်ကနေထွက်သွားတုန်းကမျက်နှာထားနဲ့ဘာမှမဆိုင် အရင်ထက်ပိုတင်းမာနေသည်။

"မိဘတောင်မသေသေးဘူး အမွေတောင်းတာ နှင်မိုက်ရိုင်းလိုက်တာ လင်းရိပ်ကို"

"အဲ့တာရှင့်စေ ာက်ကြောင်းမပါဘူး ဒေါ်သန္တာ ကိုယ်ပါးစပ်ပေါက် ကိုပိတ်ထား"

သူ့စေရာတစ်ယောက်
ပွဲလုပ်တော့မယ်ဆိုတာသိတာကြောင့်

သူဘာမှဝင်မပြောပဲငြိမ်နေရာက

လင်းရိပ်ကိုပါးစပ်ကနေ

တစ်ဖက်ကမိန်းမကိုပြေလိုက်တဲ့စကားကြောင့်

မျက်လုံးပြူးသွားရသည်။သူ့ပူတူးကို

မိန်းကလေးမဆန်ဘူးမှတ်တယ်

အခုမှလူကြမ်းမနဲ့လာတွေ့နေရသည်။ယောက္ခမက

ခပ်ကြမ်းကြမ်းကို ချွေးမကလည်း

ကြမ်းကြမ်းတမ်းတမ်း မိုက်တော့မိုက်ပြီဟု

သူတွေးမိသည်။

"သန္တာကို အဲ့လိုပြောစရာမလိုဘူး သမီးမိုက်"

"မိုက်တယ်လေ ခပ်မိုက်မိုက်ပဲဒယ်ဒီ အဲ့မိန်းမကိုလေးစားနေရအောင် အဲ့ကောင်မက ကို နဲ့ဘာဆိုင်လို့လည်း"

"မိုက်ရိုင်းချင်တဲ့ ကောင်မ "

ကို ပြောတဲ့စကားကြောင့်အထိနာကာ ဆေွးရိပ်ကမ္ဘာက ထိုင်နေရာကထရပ်ကာ ကို အနားရောက်လာပြီး ကြမ်းတမ်းတဲ့စကားနဲ့အတူ လက်ရွယ်လိုက်တယ်ဆို........

"ထိရဲထိကြည့်စမ်း ! သူပါးပေါ်လက်ရောက်တာနဲ့ အဲ့တာခင်များတို့ဘဝအဆုံးအဖြတ်ဖြစ်သွားလိမ့်မယ်"

သူ့စေရာ သူကိုယ်တိုင်လည်းမတရားမှန်းသိတဲ့ပွဲမို့ ကောင်မလေးကို သူ့အဖေပါးရိုက်ဖို့ရွယ်တယ်ဆို ထတားလိုက်တော့ သူတို့ထဲကမဟုတ်တဲ့ တစ်ခြားတစ်နေရာက အသံကထွက်လာတာပင်။

"အဲ့ ရှုံစရာလက်နဲ့ ကျုပ်ချွေးမ ပါးနဲ့မတန်ဘူး ရွှယ်စရာဘာစေ ာက်ကြောင်းမှမရှိဘူး"

"ငါ့သမီးငါလုပ်ချင်ရာ လုပ်မယ်မင်းနဲ့ဆိုင်လား ဟမ် ! ငါ့အိမ်လာပြီး လူပါးလာမဝနဲ့....ငါမင်းအကြံကိုမသိဘူး မထင်နဲ့ ငါ့သမီးကနေတစ်ဆင့် ငါတို့မိသားစုပိုင်တာတွေ မတရားယူချင်နေတာ!"

ဆွေးရိပ်ကမ္ဘာဆိုတဲ့ လူကြီးစကား နေ

စိတ်မဆိုးတဲ့အပြင်ရီလိုက်မိကာ

လက်ခုပ်လည်းတဖြောင်းဖြောင်းတီးပြီးတော့........

"မတ်လောက်စရာကြီးဆိုတော့ ခင်မျှားပိုင်ဆိုင်မှုက

ကျုပ်ရဲ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလောက်ရှိတာကို

ကျုပ်ကယူချင်နေတာဆိုတော့

ရီချင်တယ်.....ခင်မျှားကလေတဏှာရှူးနဲ့အပြင်

ဦးနှောက်ထဲပါ အဲ့ပိုးကရောက်နေတော့

သားသမီးတောင်မသိတော့ဘူး"

"မင်းကရော ဘာအဆင့်အတန်းရှိလို့လည်း ငါ့မိန်းမပုံကိုယူပြီး မဟုတ်တာတွေနဲ့ Edit ထားတာရော"

ဆွေးရိပ်ကမ္ဘာရဲ့ဦးနှောက်ကို သူဘယ်လိုနားလည်ရမှန်းမသိတော့။ဓာတ်ပုံတွေက cctv File က ပုံတွေထောင်ပါတာကို edit ထားတာလို့ ဇွတ်ပြောနေတဲ့လူကို သူဖုန်းထုတ်ကာ ပုံကိုထောင်ပြလိုက်ရင်း........

"ဒီပုံက Edit ထားတာတဲ့လား ခင်များခေါင်းထဲမှာ ဦးနှောက်မပါတာတ်ပဲ သုတ်ပိုးပဲရှိတယ်ထင်တယ် !!"

"နေမင်းလက်ရာ !!! မင်းကများ ငါ့မိန်းမပုံကို ဖုန်းထဲသိမ်းပြီး"

ထိုလူစကားကြောင့် နေမျက်နှာကြီးပျက်ကြသွားက ထိုမိန်းမကိုမသတိတဲ့ မျက်လုံးနဲ့တစ်ချက်သာဝေ့ကြည့်လိုက်ရင် တံတွေးထွေးချကာ......

"ထို့ ကျူပ်ကိုအန်ချင်စရာစကားတွေမပြောနဲ့
ခင်များရဲ့အဖွားကြီးကို
ကျူပ်ကကြည့်စရာလား......ကျူပ်ယူထားတဲ့သူက
ခင်များရဲ့ HD ထွက်တဲ့မိန်းမထက်
အစပေါင်းများစွာသာတယ်
ကျန်တဲ့မိန်းမကောင်းမိန်းမမြတ်တွေတက်သင့်တဲ့အ
ရည်အချင်းတွေကို ကျူပ်မိန်းမကိုမမှီပင်မဲ့
လူတကာနဲ့အိပ်တက်တဲ့အကျင့်ကတော့
ဆရာကြီးနော်!!!"

"နေမင်းလက်ရာ မင်းမယုတ်မာနဲ့!!"

နေ သူကိုမယုတ်မာနဲ့ပြောတာကြောင့်
ပုခုံးနှစ်ဖက်တွန့်ပြရင်း
ပါးစပ်ကလည်းအသံထွက်အောင်ရီလိုက်ကာ.....

"လူယုတ်မာလို့ပြောရအောင်
ကျုပ်ကသူများမိန်းမကိုသွားနိူက်လား ပြီးတော့
မယားပါသမီးကိုရောနိူက်တာ ခင်များမြင်ဖူးလား!"

သူ့စေရာပွဲကြီးပွဲကောင်းဖြစ်နေတာမို့
ကြည့်နေရင်းက ထိုမိန်းမနှစ်ယောက်ထဲက

ဟိုတစ်ကောင်ထောင်ကျဖူးတဲ့ မိန်းမက
ပန်းအိုးကိုလှမ်းယူလိုက်တာမြင်တယ်ဆို......

"ကိုနေ !!"

သူ့စေရာထရပ်ကာ ကိုနေဆီလှမ်းပစ်လိုက်တဲ့
ပန်းအိုးကို ခြေထောက်နဲ့လွဲရိုက်ချလိုက်တာ
သူ့ခြေထောက်
ထိုမိန်းမမျက်နှာအနားကနေကျော်သွားတော့
အနောက်ကိုယိုင်သွားသည်။

"အဲ့တာဘာလုပ်တာလဲ လုပ်ကြံတယ်ပေါ့

ဟုတ်လား......ငါတို့ကနောက်ကွယ်ကနေမလုပ်ဘူး

ဒီလိုပဲလုပ်တာ"

ဆိုကာ လင်းရိပ်ကိုကသစ်သီးပန်းကန်ထဲက

ဓားကိုယူကာ ပြေးထိုးတာကြောင့် နေ နဲ့

သူ့စေရာက ဆွဲထားလိုက်ရသည်။

"လင်းရိပ်ကို စိတ်ထိန်းစမ်း !

ကိုယ်စိတ်ကိုဦးစားမပေးနဲ့"

"သူတို့အမှားက ကိုယ့်အမှားမဖြစ်စေနဲ့"

သူတို့ကြောင့်

သမီးလေးနှစ်ယောက်သေသွားရတာကို

သူမကဒေါသကအလိတ်လိုက်ထွက်လာတာ

အသေပြေးလုပ်တာကို အန်ကယ် နဲ့

ရှေ့နေအစ်ကိုကသူမကို အတင်းဆွဲထားသည်။

"ခင်များတို့က အေးဆေးမရပဲ

တရားရုံးကနေတစ်ဆင့် တောင်းရမယ်ဆိုလည်း

ဒီလက်တောက်လောက်ရှိတဲ့

ပိုင်ဆိုင်မှုလေးအတွက် မတန်မရာလူတွေမရအောင် ဘယ်လောက်ကုန်ကုန် ရအောင်လုပ်မှာ.....ခဏက photo ကို edit ထားတယ်ထင်တဲ့ ခင်မျိုးတို့ကို နောက်နေ့ကြ CD ချပ်ထုတ်ပြီးပို့လိုက်မယ်"

နေကသူပြောချင်ရာပြောက ထွက်သွားဖို့ပြင်ပြီးမှ လင်းရိပ်ကိုကိုတစ်ယောက်ထဲမထားခဲ့ချင်တာ ကြောင့် ပြန်လှည့်ပြီး......

"လင်းရိပ်ကို အန်ကယ်တို့ပြန်ကြမယ်"

နေက လင်းရိပ်ကိုကချွေးမမို့

သူကစည်းထားသည်။အခုလိုပြန်လှည့်ခေါ်တော့လ

ည်း လင်းရိပ်ကိုအသားတစ်စက်တောင်မထိ။သူ နဲ့

လင်းရိပ်ကိုက ချွေးမနဲ့ယောက္ခမဆက်ဆံရေးပင်မဲ့

တစ်ယောက်နဲ့တစ်ယောက်အများအမြင်မှာတင်မ

က အိမ်မှာပါ မျက်နှာချင်းဆိုင်တောင်မထိုင်။

ကိုနေ နဲ့ လင်းရိပ်ကို

ရှေ့ဆင့်နောက်ဆင့်ထွက်သွားတာကို

ထိုအိမ်ကလူတွေမကျေမနပ်ဖြစ်ကာ

ကျန်နေခဲ့တာကြောင့် သူကလည်းစိတ်ကို

ကလိကလိဖြစ်အောင်လုပ်ချင်တာမို့ CD

ချပ်ရရင်မျှဦး

ပြောကာထွက်လာလိုက်သည်။ကိုနေကတကယ်ကို ပြင်းပြင်းထန်ထန်လုပ်ဖို့ရည်ရွယ်ထားတာ စကားပြောပုံတွေနဲ့တင်သိသာသည်။ခံရတဲ့သူတွေ အတွက်ကတော့ ကိုယ်လုပ်လို့ကိုယ်ခံရတာကြောင့် နည်းနည်းလေးမှ မသနားပေ............။

~~~~~~~~~~~~~~~~~~~ဆက်ရန်။

🍭You are my life🍭

Chapter _ 15
~~~~~~~~~~~~~~~~~~~

"လီလီ သမီးလေး မေမေနဲ့အိပ်ကြမယ်နော်
ဖေဖေကအိမ်အပြန်နောက်ကျမယ်လို့
ဆေးခန်းပြပြီးပြန်လာတော့ ပြောထားတယ်ဟုတ်"

သမီးက သူမဘာပြောပြောလှည့်မကြည့်ပဲ
အိပ်ယာပေါ်မှာဆိုပင်မဲ့ သူအဖေအိပ်တဲ့ဘက်ကို
လှည့်ကာစကားမပြောပေ။အဲ့တာကလည်း
ညနေက မြေးလေးနှစ်ယောက်ကို သူမက
ရေချိုးအဝတ်အစားလဲပြီး
ဖြည့်စွက်စာကိုသမီးအတွက်ပါလုပ်ရင်း

အတူတူကျွေးလိုက်တာ

အဲ့တာကိုမကျေမနပ်ဖြစ်နေတာ။

"လီလီ မေမေ့သဲလေး အိပ်ရမယ်လေ

ဖေဖေကကြာဦးမှာ"

"ဖေ့ လာတဲ့အထိစောင့်မှာ ပြီးရင် ဖေ့ပဲချစ်တော့မှာ

"

လင်းရိပ်ကိုလေးက သွေးနုသားနုမို့

ဆပ်ပြာထိလို့မရလို့ သူမကလုပ်ပေးတာကို

Lay Nge

သူတစ်ယောက်ထဲပဲ ချစ်စေချင်တဲ့ လီလီက
စိတ်ကောက်နေတာ
အူတိုတာလည်းလွန်ပါလေရော။အချိန်တိုင်း
ဖအေကိုဆတနေတာမပြောနဲ့ မောင်က
သူ့သမီးမှသူ့သမီးကို။

"ကမ္ဘာပေါ်မှာ ငါ့ကိုချစ်တာ ဖေဖေပဲရှိတယ်ဆိုတာ
မှန်တယ် ဖေဖေပြောတာတကယ်ကိုမှန်တယ်"

"ဘာ ! သမီးကို ဖေဖေကအဲ့လိုပြောထားတာ
ဟုတ်လားလီလီ"

သူကိုဘယ်သူမှမချစ်ဘူးဆိုတဲ့ စကားအနောက်မှာ

သမီးက

မောင်ပြောတာလို့ထည့်ပြောလိုက်တာကြောင့်

သူမကမေးတော့

သူမပြောတာပင်မကြားတဲ့အတိုင်းပြန်မဖြေပေ။

"ဖေဖေ လီလီလေးက အိပ်သေးဘူးလား"

"မောင်ပြောတော့

နောက်ကျမှအိမ်ပြန်ရောက်မှာဆို"

သူမကအခန်းတံခါးဖွင့်သံကြားတာနဲ့ကြည့်လိုက်တယ်ဆို မောင်ကအခန်းထဲဝင်လာပြီး

အလုပ်ခုံပေါ်သူလက်ထဲက အိတ်ကိုတင်းရင်း

သူ့သမီးအနားလာကာမေးတော့ သမီးမပြောခင်

သူမက မောင်ကိုအရင်မေးလိုက်သည်။

"မ ပြောသလိုနောက်ကျဖို့ပဲ လုပ်ငန်းရှင်တွေနဲ့

ညစာစားရမှာလေ ဒါပင်မဲ့

မောင်ကနောက်ကျရင်သမီးလေးငိုနေမှာဆိုးလို့

မလာဖြစ်တော့တဲ့အကြောင်းပြောလိုက်တာ"

သမီးအနားရပ်နေရာက

ကုတင်ခြေရင်းလျှောက်သွားကာ

ဝတ်ထားတဲ့အဝတ်အစားတွေချွတ်ဖို့ပြင်နေတာ

ကြောင့် သူမကကုတင်ပေါ်ကနေဆင်း

သူ့အရှေ့သွားပြီး

အင်္ကျီကြယ်သီးတွေကူဖြုတ်ပေးသည်။မောင်အရင်

တုန်းကသာဖြစ်သလိုနေတာ

သူ့သမီးမွေးပြီးကတည်းက

အပြင်ကပြန်လာရင်ဘယ်တော့မှ

သမီးအနားတန်းမကပ်

အဝတ်အစားလဲပြီးမှသာကပ်သည်။ဘာကြောင့်လဲ

သွားမမေးနဲ့ သူ့သမီးကို

ရောဂါပိုးတွေကပ်မှာဆိုးလို့တဲ့။

"အဲ့တာတွေ မောင်ကမင်းမှမင်းဖြစ်နေရတာ မ

ရယ် အရမ်းချစ်တာပဲ"

နေ ကသူအင်္ကျီတွေကူလဲပေးနေတဲ့

သဘာဝရဲ့ပါးလေးကို နမ်းကာပြောတော့

သူမကတွန်းထုတ်ကာ

အနောက်ပြန်လှည့်ကြည့်လိုက်ချိန် သမီးက

တစ်ကိုယ်လုံးကိုစောင်ခြုံပစ်လိုက်တာကြောင့်......

"ဟိုမှာ မောင်သမီးစိတ်ဆိုးသွားပြီ တွေ့လား"

သူကို မ ကပြောတော့သူတို့အိပ်တဲ့
ကုတင်ပေါ်ကိုကြည့်လိုက်တော့ သမီးက
သူခြုံတဲ့စောင်ကို ကန်ချထားကာ
သူတို့စောင်ကိုခေါင်းလုံတဲ့အထိခြုံထားတာကြောင့်
ပြီးမှ ချော့မယ်တွေးကာ
သူ့ရှေ့ကမိန်းမလေးရဲ့ပါးနှစ်ဖက်ကို
ဖိနမ်းပစ်လိုက်သည်။

"မောင် !"

စောင်ထဲကလီလီလေးကတော့

နှစ်ယောက်ထဲကမ္ဘာတည်ဆောက်နေတဲ့မိဘနှစ်ပါး

ကြောင့် စိတ်ဆိုးသွားက

နှုတ်ခမ်းဆူနေတော့သည်။ဖေဖေလည်း

သူမကိုချစ်တယ်ထင်တာ အလကားပါပဲ

အဲ့ဖေဖေကတလောကလုံး သဘာဝပန်းဆိုတဲ့

မေမေကိုပဲချစ်တာသိလိုက်ပါပြီ။

"ဗျာ ! မောင့်မိန်းမ မောင်အဝတ်အစားသွားလဲပြီ"

ဆိုကာ အဝတ်အစားလဲခန်းထဲဝင်သွားတာကြောင့်

သူမကစိတ်ကောက်နေတဲ့သမီးကိုချော့ဖို့

အိပ်ရာပေါ်ပြန်တက်လာပြီး.....

"သမီးငယ် သမီးလေး"

သူမခေါ်တာကိုမထူးပဲငြိမ်နေတာကြောင့်

စောင်လေးကိုလှန်ကြည့်လိုက်တော့

နှုတ်ခမ်းလေးဆူကာ

အိပ်ပျော်နေတာလေးချစ်ရာလေးမို့

သမီးအိပ်နေတာကို နေရာတကျပြင်ပေးလိုက်ကာ ဖောင်းနေတဲ့ပါးလေးကို နမ်းလိုက်သည်။တကယ်အဆိုးလေး အဖေ နဲ့ အမေ ကသူရှေ့ဆိုဘယ်တော့မှတပူးပူးတတွဲတွဲမနေရဲဘူး ။

"ကိုနေ အခုအိမ်ပြန်ရောက်နေပြီလား"

"အင်း ဘာဖြစ်လို့ဖုန်းဆက်တာလဲ ကိုယ်အဝတ်အစားလဲနေတာ"

"ဟွန်း မိန်းမအနားကပ်နေတာမဟုတ်ဘူးလား"

နေသူ့ကို မိန်းမအနားကပ်နေတယ်ပြောတဲ့

သူ့စေရာကို

ချွန်ချင်တဲ့စိန်ကဘယ်ကရောက်လာတာလဲမသိ။ဒီ

ကောင်လည်းမိန်းမကို

ဘယ်လောက်ကြောက်ရလဲသိချင်တာမို့.....

"မင်းအနားမှာ မင်းမိန်းမရှိလား "

"အင်း ရှိတယ်ကိုနေ ဘာပြောစရာရှိလို့လား"

"အင်း ဖုန်းခဏပေးလိုက်ငါ့မိန်းမ မေးခိုင်းထားတာလေး ဆရာဝန်ဆိုတော့ မေးစရာရှိလို့"

တစ်ဖက်ကသူ့စေရာကတော့ သူပြောတာကို အတည်မှတ်ပြီး သူ့မိန်းမဆီဖုန်းကမ်းပေးတာကို သူကကြားတယ်ဆို လူယုတ်မာအပြုံးပြုံးရင်း......

"Hello ဆောင်းကိုမေးစရာရှိတယ်ဆိုလို့"

"အင်း မေးစရာတော့မဟုတ်ဘူး ပြောစရာရှိတာ နေ့လည်ကအစ်ကိုတို့အမှုအတွက်.......CD ချပ်ကိုဒင်းကကြည့်ဖို့တောင်းနေတာ"

"ဟာ ကိုနေ !!!"

နေက နေ့လည်ကအဖြစ်အပျက်ကိုပြောပြပြီး သူ CD ချပ်တောင်းတာကို ပြောလိုက်တယ်ဆို တစ်ဖက်က သူ့စေရာအသံကြီးက အလန့်တကြားထွက်လာတာကြားတယ်ဆို ဖုန်းချပစ်လိုက်သည်။အမြဲသူကပဲ

Ivy Nge

အချွန်နဲ့မခံနေရတာ ဒီတစ်ခါတော့ခံပေတော့

ရှေ့နေကြီးရေ.......။

နေ အဝတ်အစားလဲပြီး ထွက်လာတော့

ကုတင်ပေါ်မှာ မ ပသူ့နေရာမှသူလဲကအိပ်နေသလို

သမီးလေးကလည်းအိပ်ပျော်နေတာကြောင့် သူက

သမီးလေးဘေးက သူ့နေရာကိုဝင်လှဲကာ

သမီးလေးကိုဖက်အိပ်ဖို့လက်တင်လိုက်တယ်ဆို

သူလက်ကိုပုတ်ချလိုက်တဲ့ သမီးတော်ကြောင့်

ကြည့်လိုက်တော့ အစ်မက မအိပ်သေးပဲ

သူကိုနှုတ်ခမ်းဆူကာကြည့်နေသည်။

"သမီးလေးက မအိပ်သေးဘူးလား
ဖေဖေကအိပ်နေပြီမှတ်တာ"

"မခေါ် နဲ့ လီလီကသနားစရာကောင်းတယ်
အချစ်မခံရဘူး"

လီလီပန်းသွေးဆိုတာ
မိသားစုတစ်ခုလုံးရဲ့အချစ်ခံလေးကို
ဘယ်သူမှလည်းမချစ်ဘူးတစ်ခါမှလည်းမပြောဖူးပါ

Lay Nge

ပဲ သူကိုဘယ်သူမှမချစ်ပါဘူးပြောနေတဲ့

သမီးလေးကိုဖက်နမ်းတော့.....

"မနမ်းနဲ့ဆိုနေ ဖေဖေနော် စိတ်ဆိုးလာပြီ"

"သမီးကလည်းကွာ ဖေဖေချစ်တာသိသားနဲ့"

"သိတယ် အရမ်းကိုသိတယ် ဖေဖေချစ်တာ

မေမေကိုဆိုတာလေ.....မေမေကိုလေ

အိမ်ကထွက်လည်း နမ်း အလုပ်ကိုလာရင်လည်း

နမ်း ပြီးတော့ အိမ်ပြန်လာရင်လည်း နမ်း
အချိန်တိုင်းနမ်းနေတာပဲ ဟွန့်"

သမီးပြောတာကြောင့်
သူကိုယ်သူတောင်တော်တော်လွန်သွားလားတွေးမိ
သည်။သမီးပြောတာမှန်ပင်မဲ့
ကိုယ့်မိန်းမကိုနမ်းတာပဲ အပြစ်မှမဟုတ်တာ။

"ဟင် သမီးကအခုထိမအိပ်သေးဘူးလား
ခဏကအိပ်နေတာမဟုတ်ဘူးလား"

သဘာဝကအိပ်နေရာက

သူမဘေးနားစကားပြောသံတွေကြားတာကြောင့်

အိပ်နေရာကနေနိုးလာရသည်။သူမဘေးကိုကြည့်

လိုက်တော့ သားအဖနှစ်ယောက်လုံး

တစ်ယောက်ကဆူပုတ်နေကာ

တစ်ယောက်ကချော့နေတဟာက

မျက်နှာကြီးကပြုံးလို့။

"မအိပ်ပါဘူး အိပ်ချင်ယောင်ဆောင်နေတာ

မရဲ့သမီးလေးက မောင်ဖက်မှလာကိုပုတ်ချတာ"

Lay Nge

"သမီး လာ မေမေချော့သိပ်မယ်"

"ရပါတယ် မလိုပါဘူး
ခဏကလီလီတွေးနေတာလေ ဖိုးဖိုး နဲ့ ဖွားဖွားရှိတဲ့
တရားစခန်းသွားပြီး သီလရှင်ဝတ်မယ်"

တရားဘက်ကိုသွားတဲ့သူတောတော်များများက
လောကမှာကြုံနေရတဲ့လောကဓံရဲ့ရိုက်ခတ်မှုတွေကို
စိတ်ကုန်သွားတဲ့သူတွေရယ်
သက်ကြီးရွယ်အိုတွေရယ်သာ
သွားကြတာပါ။အခုသူ့သမီးလက်တောက်လောက်

လေးက သီလရှင် ဝတ်မယ်ပြောလာတော့ သူမှာပါးစပ်အဟောင်းသား။

"အော်
ဖေဖေသမီးလေးကဒုက္ခတွေသိပ်များနေတာကို
ဟား ဟား"

နေတစ်ယောက်သူ့သမီးပြောတာကို
သဘောကျကာ တဟားဟားထရီတာကြောင့်
သဘာဝလည်းထိုမြင်ကွင်းကို ကြည့်ပြီး
ပြုံးလိုက်သည်။တကယ်

Lay Nge

ဒီသားအဖကစိတ်တူကိုယ်တူမို့မလွယ်ကြောတွေ.....
...။

ဆေးရုံကပြန်ဆင်းကတည်းက တစ်ယောက်နဲ့တစ်ယောက်စကားမပြောပဲ အေးဆက်နေတဲ့သူတို့နှစ်ယောက် အိမ်ထောင်ရေး။သူက သတိရလာတယ်ဆိုကြားလိုက်ရတဲ့ သတင်းဆိုးက သူသေဖို့တောင်လုံလောက်တာကြောင့် ဘယ်သူကိုမှစကားမပြောပဲ တိတ်တစိတ်နေခဲ့မိတာ Light ကလည်း သူကိုဘာတစ်ခုမှအပြစ်မပြောပဲ သူမဘာသာနေသည်။အခုလည်းသူက

အိပ်ယာပေါ်လှဲနေသလို သူမကလည်း ကလေးတွေကိုသိပ်ကာ သစ်သားပုခတ်ထဲကိုထည့်နေသည်။သားကြီးက တော့ ကျောင်းတက်နေပြီမို့ သူ့ကျောင်းမှာပင်။

"Light"

ကလေးတွေကို ပုခတ်ထဲထည့်ပြီးတယ်ဆို ကုတင်ပေါ်တက်လာတဲ့ သူမကို သူကခေါ်လိုက်တော့ သူမကမျက်လွှာလေးပင့်ကြည့်လာသည်။ထိုမျက်ဝ

Lay Nge

န်းထဲမှာ အားငယ်မှုတွေ သူတွေ့နေရတာကြောင့်
စိတ်မကောင်းဖြစ်သွားရသည်။ဖေဖေမနက်က
သူကိုပြောခဲ့တဲ့စကားတွေကို ပြန်စဉ်းစားမိရင်
ကိုယ့်ကိုကိုယ်တော်တော်အသုံးမကျတဲ့ကောင်လို့
ထင်မိသည်။

"ကိုယ့်ဆီလာ"

ဆိုကာ သူမလက်လေးလှမ်းဆွဲကာ
ရင်ခွင်ထဲဆွဲထည့်လိုက်တော
သူမရှိုက်သံလေးထွက်လာတာကြောင့်

သူတင်းနေအောင်ဖက်ထားတော့

သူကျောပြင်ကိုပြန်လည်ဖက်တွယ်လာတဲ့

သူ့မလက်လေးတွေ။

"ဟင့် ဟင့် ဟင့်"

ဘယ်လောက်သန်မာတဲ့အမျိုးသမီးဖြစ်ပါစေ

ထိုသန်မာမှုဟာ အများအရှေ့မှာမြဲနိုင်မဲ့

သူတို့ရဲ့အမျိုးသားလေးတွေရှေ့ရောက်ရင်

သန်မာမှုကအားလျော့သွားတက်ကြသည်လေ။

"ကိုယ်တောင်းပန်ပါတယ်
မင်းကိုပစ်ထားမိတဲ့ရက်တွေအတွက်ရော
ကိုယ်ခံစားချက်ပဲကိုကြည့်မိတာတွေအတွက်တော
င်းပန်ပါတယ်"

"ဟင့် ကို ပါးကိုနားလည်ပါတယ် !
ဘယ်လိုခံစားနေရမယ်ဆိုတာသိလို့
ဘာမှမပြောခဲ့တာပါ"

သူ့ထက်ပင်ပိုပြီး ရင့်ကျက်နေတဲ့ Light ကြောင့်
သူမကိုပြစ်ထားမိတာကိုနောင်တရရသည်။ကိုယ်မြ

တ်နိုးလို့ ယူထားတဲ့မိန်းကလေးကိုပစ်ထားမိတာ

ဘယ်လောက်မိုက်မဲတဲ့

လုပ်ရပ်လဲ။ကိုယ်တွေကအဖေခံစားချက်ပဲ

ခံစားရတာ သူမတို့မှာက အဲ့ကလေးလေးအတွက်

စားချင်တာတွေလဲမစားရနဲ့

အဲ့ကလေးလေးရှင်သန်လာဖို့

ရင်းနှီးခဲ့ရတာတွေအတွက်

ကလေးမရှိတော့ဘူးဆိုတော့

သူတောင်ယောကျာ်းတန်မဲ့

စကားမပြောနိုင်လောက်အောင်ဖြစ်သွားတာ

သူမဆိုပိုဆိုးပေါ့။

"ကိုယ်လေ ဖေဖေသားတစ်ယောက်ဖြစ်ပြီး အသုံးမကျတဲ့ကောင် ကိုယ်ဘေးနားအမြဲရပ်နေတဲ့အမျိုးသမီးရဲ့ခံစားချက်မသိဘူး ဖေဖေကတော့ ကိုယ်လိုမဟုတ်ဘူး"

"ဘယ်သူတွေအတွက် ပါး ကဘယ်လိုလူဖြစ်ပါစေ ကို အတွက်တော့ ပါး ကမရှိမဖြစ်ပဲ အနားမှာအမြဲရှိပေးနော်"

သူမပြောတာကို သူခေါင်းငြိမ့်လိုက်ကာ နှစ်ယောက်အတူကုတင်ခေါင်းရင်းကိုမှီပြီးထိုင်နေ

ရာ အိပ်ယာထဲလှဲချလိုက်ကာ သူက သူမကိုရင်ခွင်ထဲထည့်ကာ ဖက်ထားလိုက်သည်။

"ကိုယ်ကျန်းမာရေးကို အရင်ဂရုစိုက်နော် အခုမှသွေးနုသားနုရှိသေးတာ လုပ်စရာရှိတာတွေနောက်မှလုပ်"

"ဒါပေမဲ့....."

"ဖေဖေ လက်တုန့်ပြန်ဖို့လုပ်နေတာ ကိုယ်သိတယ် အဲ့တာကဖေဖေအပိုင်း

ကိုယ်ကလည်းသူတို့နဲ့တန်တဲ့အပြစ်ပေးဦးမှာ
ဒါကြောင့် Light က
ဖြစ်လာမဲ့အကြောင်းတွေကိုပဲကြည့်နေပေး.....ကိုယ်
မှာ သူတို့ကြောင့်သမီးလေးကိုဆုံးရှုံးခဲ့ရပြီးပြီ
မင်းကိုတော့အဆုံးအရှုံးမခံပါရစေ"

တစ်ဖက်ကလုပ်တဲ့သူတွေကို
ဖေဖေဘယ်လိုလုပ်မလဲဆိုတာသူမသိပင်မဲ့
လက်တုန့်ပြန်မှာကိုတော့သူသိသည်။တကယ်လ
ည်း ဖေဖေလက်တုန့်ပြန်တာက
ဖေဖေအပိုင်းဖြစ်ပြီး သူလက်တုန့်ပြန်မှာက
သူ့သမီးလေးနှစ်ယောက်အတွက်။

"အင်း ပါးစကားနားထောင်ပါ့မယ်
ဘာပဲလုပ်လုပ်ဂရုစိုက်ပါနော် သူတို့ကိုမယုံဘူး"

သူမက
သူကိုထိခိုက်မှာဆိုးတာကြောင့်ပြောတယ်ဆို
သူကခေါင်းငြိမ့်က သူမပြောတာနားထောင်မယ်လို့
ကတိပေးလိုက်ရသည်။သေချာပေါက်
ကလေးတွေအတွက်
အပြစ်ကျေးပြန်ယူမှာမို့ကိုယ်အလှည့်ကြ
ပြုံးနိုင်အောင်ကြိုးစားထားကြပေါ့.........။

"လီလီ ဖေဖေကအလုပ်သွားတော့မှာ
အလုပ်မသွားခင်လေး
မနက်စာအတူတူစားကြမယ်လေ ထတော့နော်
မေမေအဝတ်အစားလဲမျက်နှာသစ်ပေးမယ်!"

သဘာဝ အိပ်ရာနိုးနေတာတစ်နာရီလောက်ရှိပင်မဲ့
အခုထိထမလာသေးတဲ့ သမီးလေးကြောင့်
မောင်ရေချိုးခန်းထဲဝင်နေတုန်း
အဝတ်အစားထုတ်ပေးထားကာ သမီးကို
အိပ်ယာကထဖို့ပြောရသည်။

"လီလီ စားချင်သေးဝူး

တီတီလေးကိုဖုန်းခေါ်ပေး....ဦးဦးမိုးတိမ်ရောင်ဆီ

သွားပြီး သမီးလေးလုပ်မယ်"

"လီလီ သမီးနော်အဲ့စကားကို ဖေဖေရှေ့မပြောရဘူး

ဘာသူမျသားသမီးသွားလုပ်မှာလဲ သမီးမှာ ဖေဖေ

နဲ့ မေမေ မရှိဘူးလား"

"သိဝူး ဦးဦးကိုဖုန်းခေါ်ပေး !"

ပြောရခက်သမီးက လိုချင်တာဆိုရင်မရရအောင်
ဂျစ်တိုက်တက်တာ မောင် အကျင့်တွေ။တကယ်
ရုပ်လေးကနုနုဖက်ဖက်လေးကို စိတ်ကတော့
အဖေစိတ်ဓာတ် နဲ့
ကြမ်းသလားမမေးနဲ့။သူမျက်စိရှေ့
ကြည့်မရတာတွေတွေ့ရင် ဒေါသထွက်တာလည်း
လွန်ပါရော။

"ဖေဖေ့ သမီးကမထသေးဘူးလားဗျ"

နေက ရေချိုးခန်းထဲကထွက်လာတယ်ဆို

သမီးကမျက်လုံးလေးဖွင့်ကာ

အိပ်ယာပေါ်လူးလွန့်နေတာကိုတွေ့တော့

သူကမေးတယ်ဆို

သမီးကတစ်ဖက်လှည့်သွားသည်။

"ကဲ မထချင်လည်းနေပါတော့ရှင် မနိုးတော့ဘူး

တော်တော်လေးကို ကောက်နိုင်တဲ့

မယ်ကောက်စိန်.....မောင်လည်း

အလုပ်သွားဖို့ပြင်တော့

အဝတ်အစားထုတ်ပေးထားတယ် သွားဝတ်"

သူမပြောနေတာတောင်

သူ့သမီးကိုချော့ဖို့ခြေလှမ်းနေတဲ့ မောင် ကြောင့်

သူရှေ့ပိတ်ရပ်လိုက်ကာ သူရဲ့မျက်နှာကို

မော့ကြည့်ပြီး......

"သူများတွေက အလုပ်အချိန်တွေကများလွန်းလို့

မိသားစုကိုအချိန်ပေးဖို့မနည်းကြိုးစားပြီး

အားလပ်ချိန်ထုတ်ကြတာ.....မောင်ကတော့

မိသားစုတွေကို အချိန်ပေးလို့ဝမှ

အလုပ်ကိုအချိန်ပေးတာ တော်တော်ကောင်းတဲ့
CEO ပဲ"

"ဟွန်း မောင်က CEO အဆင့်တင်မကပဲ Group
တစ်ခုလုံးကို အုပ်ချုပ်နေတဲ့
ဥက္ကဌတစ်ယောက်လေ မရဲ့ဘာပဲဖြစ်ဖြစ်ရတယ်"

မိသားစုကလွဲ အလုပ်ကိုသိပ်ပြီး
စိတ်ဝင်စားကြောင်းပြောနေတဲ့ မောင်
ကိုအမြင်ကတ်ကတ်နဲ့ရင်ဘက်ကိုထုတော့
သူမလက်လေးလေးကိုဖိကပ်နမ်းရင်း.....

" မ မောင်တို့လင်မယားအပြင်မှာ ဒိတ်ရအောင် ဘယ်လိုလည်း"

မောင်စကားကြောင့်သူမကမျက်လုံးပြူးကြည့်လိုက်တော့ မောင်က သမီးဆီကိုမျက်စပစ်ပြတယ်ဆိုသူမလည်း သဘောပေါက်ကာ.....

"အွန်း ကောင်းသားပဲမောင်ရဲ့ နှစ်ယောက်ထဲဆိုတော့က သမီးလည်းမပါတော့ ကြိုက်တဲ့နေရာသွားလို့ရတယ်လေ"

"ဟုတ်တယ် မောင့်မိန်းမပြောတာမှန်တယ်"

သူတို့စကားသာပြောနေတာ
ကုတင်ပေါ်ကသမီးလေးကို ကြည့်နေခိုက်
စောင်တွေကိုဖယ်ချကာ ကုတင်ပေါ်ကဆင်းလာတဲ့
သမီးလေးက သူတို့နှစ်ယောက်ကိုကြည့်ပြီး
နှာခေါင်းလေးကရဲလာရင်း
မျက်ရည်တွေဘူးသီးလုံးလောက်ကျလျက်.........

"ချစ်ကြ အဲ့မှာအရမချစ်ကြ လီလီလဲယောကျာ်းယူတော့မယ်"

"ဘာ!!"

သမီးကပြောချင်တာပြောပြီး အခန်းပြင်ထွက်သွားတယ်ဆို မောင်တစ်ယောက်ဂျေတွေတောင်ကာ ကျန်ခဲ့တော့သည်။တကယ် ဒီသားအဖနှစ်ယောက်နဲ့တော့ ကြာရင်သူမက ရူးတော့မယ်..........။

LayNge

"အီးးးးး နေနေ"

နေတစင်းလည်း အလုပ်သွားခါနီး ကလေးတွေကို
မြူနေခိုက် အခန်းတံခါးကစေ့ထားယုံဆိုတော့
တွန်းဖွင့်ကာဝင်လာတဲ့ လီလီက ငိုလာတာကြောင့်
နေတစင်းလည်း လန့်သွားရကာ
ကုတင်ပေါ်ကအတင်းဆင်းကာ
ငိုလည်တဲ့ညီမလေးကို ကောက်ချီလိုက်ရင်း.....

"လီလီ ဘာဖြစ်တာလဲ ကိုကို ကိုပြော....ထိခိုက်မိလို့လား ဘယ်နားနာသွားတာလဲ!"

နေတစင်းက သူလက်ပေါ်ကညီမလေးရဲ့ ခန္ဓာကိုယ်မှာထိခိုက်ဒဏ်ရာများရထားလားလိုက် ကြည့်နေရင်းက ကို ကလည်းရေချိုးခန်းထဲကနေ ပြန်ထွက်လာကာ သူ့အနားရောက်လာပြီး........

"ပါး ကလေးကဘာဖြစ်နေတာလဲ......သမီးလေး လီလီဘာဖြစ်တာလဲ"

"အီးးးးး နေနေ .....လီလီကို မေမေ နဲ့
ဖေဖေကပစ်ထားခဲ့ပြီး နှစ်ယောက်ထဲအပြင်ထွက်
တိတ်မလို့တဲ့"

ညီမလေးစကားကြောင့်
နေတစင်းစိတ်အချဉ်ပေါက်သွားရသည်။တကယ်
ဖေဖေ တို့ကတော့ ကလေးကိုတောင်
ဘယ်လိုငိုအောင်လုပ်လိုက်လဲဆိုတာ။

"သူတို့ဘာသာ ဒိတ်လည်းဒိတ်ပလေ့စေ

လီလီ......သူတို့လင်မယားကို ကိုကိုလည်းမနိုင်ဘူး

စိတ်လေတယ်"

သူကပြောတော့ ညီမလေးက ဘာမှမပြောတော့ပဲ

သူပုခုံးပေါ်ခေါင်းတင်ကပြီမ်ကြသွားသည်။လင်မ

ယားနှစ်ယောက်သာပြောရတာ မေမေကနည်းနည်း

ဖေဖေကကဲကဲ။

"လီလီ သမီးလေး"

သူတို့တွေက လီလီလေးကိုချော့နေတုန်းရှိသေး မေမေကရောက်လာတာကြောင့်....

"မေမေ ကြားလား ကလေးကဒီလောက်ငိုလာတာ မေမေတို့လင်မယားကမဟုတ်သေးဘူးနော်"

"အဲ့တော့မင်းကဘာလုပ်ချင်လို့လဲ ပါ့ူစပ်ပေါက်ပိတ်ထား"

ဆိုကာ နေ ပါအနောက်ကဝင်လာပြီး နေတစင်းပေါ်ကသူ့သမီးကို

ချီကာအခန်းပြင်ပြန်ထွက်သွားသည်။ဖေဖေတို့သား အဖထွက်သွားတယ်ဆို မေမေသာကျန်ခဲ့ပြီး......

"သမီး ရေကိုစိမ်မချိုးသေးနဲ့ဦး
ဆပ်ပြာလည်းမကိုင်နဲ့
လျှော်လို့ရတဲ့ကလေးအဝတ်တွေ နဲ့
သမီးအဝတ်တွေကို သားကိုလျှော်ခိုင်း"

"ဗျာ ! သားကအဝတ်လျှော်ရမယ်"

layNge

နေတစင်းမှာ အဝတ်အစားတွေကို

သူမလျှော်လို့မရဘူးဆို့ငှားလျှော်မယ်ထင်ကာမှ

သူကိုလျှော်ခိုင်းနေတဲ့ မေမေကြောင့်

သူကမေးတော့......

"အေးလေ မိန်းမအဝတ်လျှော်လို့ ဘုန်းနိမ့်တယ်လို့

မင်းကပြောဦးမလို့လား အေးအဲ့တာဆို

မင်းကလေးတွေမမွေးခိုင်းနဲ့.....ယောကျာ်းဆိုရင်

မင်းအတုယူစရာယောကျာ်းကဝေး

ေပြေးရှာစရာမလိုပါဘူး

မင်းအဖေရှိတာပဲ...မင်းညီမလေးငယ်ငယ်က

သူကိုင်တိုင် မေမေအဝတ်တွေကိုလျှော်တာ

အဲ့တာမေမေကသူဘုန်းနိမ့်မှာဆိုးလို့ပြောတော့

မင်းအဖေက

မိန်းကလေးတွေကမြင့်မြတ်တဲ့မိခင်လောင်းတွေတဲ့

သူများသားသမီးကို ကြင်နာပါမယ်

ယုယပါ့မယ်ပြောယူထားပြီး ခိုင်းတဲ့ကောင်က

သူ့မှာအမေဆိုတဲ့တာမရှိဘူးလားမေးကြည့်တဲ့"

မေမေတစ်ယောက်

သူယောကျ်ားလိုသူကိုပုံသွင်းနေတာကြောင့်

နေတစင်းခေါင်းတွေကိုသြာကုတ်ချင်ပင်မဲ့

အလုပ်သွားရတော့မှာမို့

ပုံလည်းမပျက်ချင်။နေမင်းလက်ရာ တစ်ယောက်
နေတစင်းကတစ်ယောက်တူမှမတူတာကို။

"မေမေ ယောကျ်ားသာအကောင်းဆုံး
ဦးနေမင်းလက်ရာသာအချစ်တက်ဆုံး....မေမေပြော
သလို နောက်နေ့ကစပြီး မေမေယောကျ်ားဆီကနေ
လက်ဆင့်ကမ်း မိန်းမကြောက်တာကို
သင်ယူပါ့မယ်နော် ဟုတ်ပြီလား"

မေမေစကားတွေကြောင့် မခံမရပ်နိုင်ဖြစ်သွားတဲ့
ပါးကိုကြည့်ကာ သူမကပြုံးသလို

သားလေးတွေကလည်း သူတို့အဖေကိုကြည့်ကာ သွားသေးသေးလေးတွေပေါ်တဲ့အထိရီနေတော့သည်.......။

နေလက်ရာ Hotel ရဲ့ကားပါကင်မှာ သူကားကိုရပ်လိုက်ပြီး ကားသော့ဖြုတ်ကာ သူဆင်းလာတာနဲ့ ဘေးနားကအရိပ်ကို သူတွေ့လိုက်တာကြောင့် သူရှောင်လိုက်ချိန် ဦးထုပ်ငိုက်စောင်းထားတဲ့ ကောင်က ခဏထိုးတဲ့ဓားကသူ့မထိတာကြောင့် ထပ်ထိုးဖို့လုပ်တယ်ဆို ထိုသူရဲ့

ရင်ဘက်ကိုကန်ချပစ်လိုက်တော့

ထိုကောင်ကယိုင်သွားသည်။

"မင်းကဘယ်သူလဲ !"

နေကမေးနေရင်နဲ့တောင်

နေကိုဓားနဲ့လှမ်းပေါက်တာကြောင့်

ရှောင်လိုက်တော့ ဓားကကားကိုသွားထိပြီး

တမံတလင်းပေါ်ကိုကျသွားသည်။အခုတစ်ဖက်က

သူကိုလုပ်ကြံတဲ့သူရဲ့လက်ထဲမှာ

လက်နက်မရှိတော့တာက

သူ့အတွက်အခွင့်အရေးမို့

တစ်ယောက်နဲ့တစ်ယောက်ဖိုက်ဖို့ပြင်တယ်ဆို

ဟိုဘက်ကမျက်နှာကိုကွယ်ထားတဲ့သူကလည်း

သူကိုတိုက်ခိုက်ဖို့ပြင်လာတယ်ဆို.......

ကျွီးးးးး ဒုန်း

နှစ်ယောက်သား ဖိုက်မယ်ပြင်ကာမှာ

နောက်ဆုံးပေါ်ကားတစ်စီးကဝင်လာပြီး

သူရဲ့တစ်ဖက်ကကောင်ကို

ကားနဲ့ပစ်ဝင်တိုက်လိုက်တာကြောင့် နေ
မျက်လုံးကျယ်သွားရသည်။

"အစ်ကို ဘာဖြစ်သွားလဲ sorry ကျွန်တော်က
အဲ့ကောင်ကို တမင်ဝင်တိုက်တာ"

သူ့ရှေ့ကကောင်ကို ကြည့်လိုက်တော့ အသက်က
သူ့ရှိ 23 နှစ်လောက်ပဲရှိသေးလောက်တဲ့
ကောင်လေးရဲ့အပြောကြောင့် သူမေးမဲ့စကားပါ
ပျောက်သွားရသည်။

"ကျွန်တော်က ဒီ Hotel မှာလာတည်းတာပါ

အစ်ကိုပုံစံကြည့်ရတာ လူကောင်းပုံပေါ်လို့

ကျွန်တော်ကားဝင်လာရင်း

ချောင်ခိုတိုက်ခိုက်တာမြင်လို့.......သောက်မြင်ကတ်

လို့ကိုတိုက်လိုက်တာ"

သူလည်း ထိုကောင်လေးပြောတာကိုလည်း

နားထောင်ပြီး

ကိုယ်ကြောင့်သူများအမှုပတ်မှာလည်းဆိုးကာ

ကားရှေ့ကာလဲနေတဲ့ကောင်ကို

ကြည့်ဖို့လုပ်ရသည်။

"ကြည့်မနေနဲ့အစ်ကို
ကျွန်တော်ကားအရှိန်ကအဲ့လောက်မပြင်းဘူး
ဖြစ်ရင်လည်းခြေကျိုးလက်ကျိုးယုံပဲ"

ပြောကာ သူကားပေါ်သူတက်ပြီး
မောင်းသွားတယ်ဆို သူကိုလုပ်ကြံဖို့လုပ်ထားတဲ့
ကောင်ကိုရဲ့မျက်နှာက Mask
ကိုခွာကြည့်လိုက်တော့ သူနဲ့မသိတာကြောင့်
ဒါဟာသေချာပေါက်

ဆေးရိပ်ကမှာတို့လက်ချက်ဆိုတာ

သူသိသည်..........။

"အားးးးး "

နေ သူ့ကိုလုပ်ကြံတဲ့ကောင်ကို သူ့အလုပ်ခန်းကို

ဘယ်သူမှမသိအောင်အနောက်ပေါက်နေ သူ့စေရာ

ကိုလှမ်းခေါ် ပြီး

ခေါ်လာကထိခိုက်မိထားတဲ့နေရာကို

ဆေးတစ်စက်တောင်မထည့်ပေးပဲ

သတိရလာတာနဲ့စစ်တော့

ထိုကောင်ကကိုယ်လက်တွေနာနေတော့

သူမေးတာကိုမဖြေနိုင် ဒါကို သူ့စေရာရော

သူရောကစိတ်မရှည်သူတွေမို့......

"အေး မင်းဝင်မခံသ၍တော့

ငါတို့ကဒီအတိုင်းထားဦးမှာပဲ

သေအောင်အော်နေလိုက်"

"ခက်တာက

ငါတို့ကတော်ယုံသနားတက်တဲ့ကောင်ထဲမပါဘူးကွ

Laynge

.....မင်းးအသားနာတာခံနိုင်သေးတယ်ဆို

မဖြေနဲ့ကွာ"

နှစ်ယောက်လုံးက တစ်ယောက်ကဆုံလည်ခုံပေါ်မှာ

တစ်ယောက်က ထိုင်ခုံပေါ်မှာ

ခြေချိတ်ထိုင်နေကြတာဖြစ်ပြီး ဒဏ်ရာတွေနဲ့

ကောင်ကတော့ တမံတလင်ပေါ်မှာပင်။

"အားးး ကျစ်!"

"ထားလိုက် ကိုနေ

သူ့အသက်သူမသိမျှော်လို့မပြောပဲနေတာ

ကျွန်တော်တို့က ကိုယ့်အသားနာတာမှမဟုတ်တာ

အေးဆေး"

"ဒါပေါ့ကွာ ငါ့ကဒီကောင် Bio

ကိုငါ့ဝန်ထမ်းကိုစုံစမ်းခိုင်းလိုက်ပြီ

မကြာခင်သူ့မိသားစုပါသိရတော့မှာ

ငါ့အသက်ရန်ရှာထားတော့ သူ့မိသားစုလည်း

အလွတ်ပေးစရာအကြောင်းမရှိဘူး"

နှစ်ယောက်သားစကားပြောနေတာတွေက

ပထမပြောတာတွေကထိတ်လန့်စရာမပါပင်မဲ့

နောက်ပိုင်းတွေပြောလာတာက

လူသတ်သမားတောင်

ဒူးတုန်စရာကောင်းတာတွေပြောလာတာမို့.......

"ကျွန်တော်ကို မေ ဆိုတဲ့မိန်းမခိုင်းတာပါ!"

~~~~~~~~~~~~~~~~~~ဆက်ရန်။

🍭You are my life🍭

Lay Nge
~~~~~~~~~~~~~~~~~~

Chapter _ 16

"ဟော့ကောင်
မင်းပဲမြန်မာပြည်လာလည်လို့ခေါ် ပြီး
အခုငါလာတော့အရေးကိုမလုပ်ပါလားကွာ
နေတစင်း"

နေတစင်း
သူဆေးရုံတက်နေတုန်းကလတ်မှတ်ထိုးရမှာတွေ
ကအခုတော့ စုပုံနေတာကြောင့်

LayNge

သူငယ်ချင်းဖြစ်သူကိုယ်နိုင်ငံကို

လာလည်တာတောင် သွားမကြိုနိုင်

ရောက်လာတော့လည်း အရေးမလုပ်မိတော့

ဟိုကောင်ကလည်းသူကိုပြောနေသည်။

"ကောင်းကင် ခဏလေးကွာ မင်းဘာဖြစ်နေတာလဲ"

"မင်းကို US

မှာတုန်းကငါကအိမ်ရှင်အနေနဲ့ညှော့ဝတ်ကျေတယ်

လေ မင်းအလှည့်ကြတော့"

"ကျစ် ! မင်းတော်တော်စကားများပါလား
တစ်နာရီလောက်လေးပါးစပ်ပိတ်ပြီး
ဖုန်းကြည့်နေပေး"

သူကလည်း
တာဝန်မကျေသေးတယ်လူကိုပြန်ဟောက်နေတဲ့
ကောင်ကြောင့် ဘာမှမပြောတော့ပဲ
သူပြောတဲ့အတိုင်းဖုန်းထုတ်ကာ ဆိုဖာပေါ်လှဲပြီး
ဖုန်းကြည့်နေလိုက်သည်။သူဖုန်းကြည့်နေရင်း
အိပ်ငိုက်လာတော့......

ဖြန်း::::

သူကတစောင်းလှဲပြီးဖုန်းကြည့်နေတာမို့

သူတင်ပါးက ရိုက်ခံလိုက်ရလို့ပူထူသွားကာ

ရိုက်တဲ့သူကိုကြည့်လိုက်တော့

ခဏာကအလုပ်မှအလုပ်ဖြစ်နေတဲ့ကောင်။

"ဘာလဲကွာ မင်းပဲဖုန်းကြည့်နေဆို "

"စတာပါကွာ မင်းကလဲစိတ်ကြီးပဲ!

မင်းဘယ်မှာတည်းမှာလဲ Hotel မှာနေမလား"

"Hotel မှာမနေချင်ပါဘူးကွာ
မင်းအိမ်လိုက်နေမှာပေါ့ ဒါနဲ့
မင်းခေါင်းကဘာဖြစ်တာလဲ"

သူခေါင်းကဒဏ်ရာကိုကပ်ထားတဲ့ဟာကိုတွေ့တယ်
ဆို
မေးလာတဲ့ကောင်ကြောင့်အဖြစ်အပျက်တွေပြောရ
ရင် ဒေါသကထွက်လာဦးမှာမို့
ဒီအတိုင်းထိမိတာလို့သာပြောလိုက်သည်။

Lay Nge

"ငါ့အိမ်လိုက်နေလည်းဘာမှမဖြစ်ဘူး

မင်းစတိုခန်းမှာထားမှာပေါ့"

"ဘာကွ !"

သူဒီကိုလာတာ လေဆိပ်ကိုလည်းလာမကြို

သူရှိတဲ့နေရာကိုလိုက်လာပြန်တော့လည်း

လူကိုအရေးမလုပ်ပဲ အခုအိမ်လိုက်အိပ်မှာ်ဆိုတော့

စတိုခန်းထဲထားမယ်တဲ့

သိပ်ကောင်းတဲ့သူငယ်ချင်းအကောင်းစားလေး။

"ရတယ်

မင်းထားသလိုနေရတာပေါ့....မင်းမှာညီမရှိတယ်ဆို

မိတ်ဆက်ပေးပါလား ငါ့အခုထိ single

ဘဝကမကျွတ်သေးဘူး"

နေတစင်းသူဆီကနေ

ညီမဖြစ်သူကိုတိုက်ရိုက်လာတောင်းနေဆဲ့ကောင်

ကို မျက်လုံးမေးစင်းကာ

ကြည့်လိုက်မိသည်။သူညီမကအခုမှ

ကလေးသေးသေးလေးရယ်။အဲ့ဒါကို

ညီမရှိတယ်ပြောတာနဲ့

ဘယ်အရွယ်ရှိမှန်းမသိလာတောင်နေတဲ့ကောင်

ဦးနေမင်းလက်ရာကို သွားပြောလို့ပြောလိုက်ရင် အဟုတ်ဖြစ်တော့မယ်။

"အေး မင်းတွေ့ချင်ရင် အိမ်ရောက်ရင်ပြမယ်"

"အေး ယောက်ဖ"

သူကိုယောက်ဖလို့ခေါ်တာထလုပ်ချင်မဲ့ ဟိုကသူ့သမီးအရွယ်လောက်လေးရှိတာ သိသွားရင် ဖြစ်ပျက်သွားမဲ့မျက်နာကြီးကို မြင်ချင်လွန်းလို့ တမင်မပြောပဲထားလိုက်သည်။

"ပြီးတော့ မင်းမိဘတွေလည်း ငါ့တွေ့ချင်သေးတယ် မင်းအဖေလိုနာမည်ကြီးကိုလည်းတွေ့ချင်လို့ကွာ"

"ဘယ်တုန်းက ငါ့အဖေကနာမည်ကြီးသွားတာလဲ ပုံမှန်ပါပဲ "

ဖေဖေကစီးပွားရေးလောကမှာ ဘုရင်တစ်ဆူလိုနာမည်ကြီးတဲ့သူဆိုတာ သိပင်မဲ့ သူထက်သာတာကို လက်မခံနိုင်ဖြစ်ရသည်။သူနဲ့အလုပ်တွဲလုပ်တဲ့သူ

တွေကလည်း ဦးနေမင်းလက်ရာသားဆိုတော့ ဖအေအရည်အချင်းတွေအမွေခံထားမှာ ယုံကြည်လို့လက်တွဲအလုပ်လုပ်မှာတဲ့။

"မင်းညီမလေးက ချောလား မင်းမှာဓာတ်ပုံရှိလား"

စကားပြောနေရင်းက ဒီလီလီဘူတာကိုပဲပြန်ဆိုက်နေတဲ့ကောင်ကြောင့် သူကပေစောင်စောင်နဲ့ပြန်ကြည့်လိုက်တော့ သွားအဖြီးသားနဲ့ရီပြသေးသည်။သေချာတယ်

ဒီကောင်တာ ညီမလေးကို

ဖေဖေဆီကသွားတောင်ရင် အသတ်ခံရမှာ.........။

ပန်းပွင့်ဖြူ US ကပြန်လာကတည်းက

နေတစင်းကိုရှာနေတာဖြစ်ပြီး

သူ့မျိုးရိုးနောက်ခံကနာမည်ကြီးတာကြောင့်

သိပ်ပြီးတော့စုံစမ်းဖို့မလိုတာကြောင့်

အခုသူရှိလောက်မဲ့ နေလက်ရာ Hotel

ရှေ့ရောက်တယ်ဆို ရင်ထဲစိတ်လှုပ်ရှားသလို

သူ့ကိုတွေ့ရတော့မှာပါလားဆိုတဲ့စိတ်ကြည်နူးမှုက

ဘာနဲ့မှမလဲနိုင်။

"နေတစင်း အရမ်းချစ်တာမို့ ကျွန်မအချစ်စစ်ရင် ချစ်ပြန်ချစ်မှာပါ"

ကိုယ်ဘက်ကစကြိုးစားရမယ်ဆိုတာ ထိုလူသားကိုတွေ့ကတည်းကသူမသိသည်။ကျောင်းမှာကတည်းက ကောင်မလေးတွေကြားရေပန်းစားခဲ့ပင်မဲ့ တစ်ယောက်ကိုမှအရေးလုပ်ခဲ့တာမဟုတ်။ယောကျ်ားလေးတွေတောင် သူငယ်ချင်းဆိုလို တစ်ယောက်ထဲထည်းတာမဟုတ်လား။ပန်း

သူ့အကြောင်းတွေးရင်း Hotel ထဲ ဝင်ဖို့အလုပ်

သူမကိုကျော်တက်ကာ အရှေ့နားမှရပ်လိုက်ပြီး

ကားပေါ်ကဆင်းလာတဲ့

နောက်ကျောပြင်ကိုတွေ့လိုက်တယ်ဆို

သူမရဲ့သိက္ခာတရားတွေကို ဘေးဖယ်ထားကာ

ပြေးသွားပြီး ဝင်တိုက်မိသလိုလုပ်လိုက်သည်။

ဘုတ်

"အမလေး !"

သူမကဝင်တိုက်ပြီး လဲကျမလိုဖြစ်သွားတာ

လက်နဲ့လှမ်းမဆွဲတာမို့ သူမကပဲ

သူအင်္ကျီစကိုပြန်ဆွဲကာ အားတင်းပြီး

ပါးကိုလှမ်းနမ်းလိုက်တော့

သူ့ဘက်ကအားနဲ့တွန်းချလိုက်တာကြောင့်

တမံတလင်းပေါ်ဖင်ထိုင်ရပ်လေးကျသွားရသည်။အဲ့

လောက်ချေမိုးလွန်းတဲ့

ချစ်ရသူကိုမော့ကြည့်လိုက်တော့

သူမျက်လုံးပြူးသွားရသည်။

"ပန်းရယ် နင်တော့သေတော့မှာပဲ"

သူမကကျောပြင်ကနေကြည့်လိုက်တာ
နေတစင်းဆိုပြီး လုပ်လိုက်တာက
ယောက္ခမကြီးဖြစ်နေတာကြောင့်
သူမကိုယ့်ကိုကိုယ်မလေ့လာပဲလုပ်လိုက်တာကို
အပြစ်တင်မိသည်။

နေ အိမ်ကိုပြန်ဖို့ Hotel ကနေထွက်လာပြီးမှ
အရေးကြီးတဲ့ စာရွက်စာတန်းတစ်ချို့နဲ့
သားအမိနှစ်ယောက်ကြိုက်တဲ့
ရေခဲမုန့်ကျန်ခဲ့တာကြောင့် ပြန်လာယူတာ

ကားပေါ်ကဆင်းတယ်ဆို သူကိုဝန်တိုက်တာ မိန်းကလေးမှန်းတာကြောင့် လဲတော့မလိုဖြစ်တာ လဲပါစေဆိုပြီး ထားကာမှ သူအင်္ကျီစလှမ်းဆွဲကာ နမ်းဖို့လုပ်တာဆို စောင့်တွန်းချပစ်လိုက်သည်။

"မင်းက ဘာမို့လို့လဲ!"

"လူမှားတာပါ sorry ပါနော်"

"မင်းလူမှတဲ့လူကိုကမှားနေတာ ကြိုက်တဲ့သူကိုသွားမှား

Lay Nge

ငါ့ကိုလာမမှားနဲ့.....အဲ့လိုမိန်းကလေးတွေဆို
စိတ်ကုန်လွန်းလို့"

လဲနေတာတောင် မထူပဲသူပြောချင်ရာပြောပြီး
Hotel ထဲဝင်သွားတဲ့
ယောက္ခမလောင်းလျာကြီးကိုကြည့်ကာ
သူမချစ်ရသူချေတာသူ့အဖေကို
တူလို့ဆိုတာသိလိုက်သည်။ဒါပင်မဲ့
အခုသူမပုံစံကြောင့် သူ့အဖေကစိတ်ပျက်သွားပြီ။

"ဘာပဲဖြစ်ဖြစ်ပါ သူ့အချစ်ရရင် သူ့မိဘလည်း ဂရုမစိုက်လည်းဖြစ်တယ်"

ဆိုရင်း ဖင်ထိုင်ရပ်လဲနေရာကထရပ်လိုက်ရင်း ကိုယ့်ကိုကိုယ်လည်း နောက်တစ်ခါဘာလုပ်လုပ် အနောက်ကနေကြည့်ပြီး ဇွတ်မလုပ်မိအောင် ပြုပြင်ဖို့ဆုံးဖြတ်ရသည်.........။

အရေးထဲမှ ကလေးပျက်ကျသွားတဲ့ကိစ္စနဲ့ စိတ်ဆင်းရဲနေရတဲ့ကြားထဲ သူမတို့မွေးစားထားတဲ့ သားရဲ့မိဘအရင်းတွေက သူမတို့အခုရှိနေတဲ့

နေလက်ရာကို ရောက်လာကာ

ပြန်တောင်းနေတာကြောင့်.....

"မပေးနိုင်ပါဘူး

ရှင်တို့ပစ်တုန်းကပစ်ထားခဲ့ပြီးတော့

အခုမှလာတောင်းနေတာ

ဘာလဲ....ကလေးကအရွယ်နည်းနည်းရောက်လာလို့

ခိုင်းစားမလို့လား"

သူမနဲ့ ပါးထက်ပင် ဆယ်စုနှစ်တစ်ခုလောက်ကြီးမဲ့

သူမရှေ့ကခုံမှာထိုင်နေတဲ့

လင်မယားကိုကြည့်ကာပြောလိုက်နော် မာန်
လေးရဲ့အမေက.....

"အဲ့လိုမလုပ်ပါနဲ့ အစ်မတို့ကမွေးထားတာ
အစ်မတို့ပိုင်တယ်"

"ပိုင်တယ်ဆိုတဲ့စကားကြီးမပြောနဲ့လေ
ရှင်တို့ကမွေးယုံမွေးတာလေ
ကျွန်မကလေးတွေကစောင့်ရှောက်ထားတာ"

သဘာဝလည်း

သူတို့မွေးထားတာသူတို့ပိုင်တယ်ဆိုပြီး

လင်းရိပ်ကိုလေးကိုပြောနေတာကြောင့်

မနေနိုင်စွာသူမကဝင်ပြောတော့

ထိုလင်မယားကသူမကိုကြည့်လာသည်။

"ကျွန်မတို့က သားကိုမွေးစားထားတဲ့သူတွေနဲ့ပဲ

စကားပြောနေတာ ရှင်ကမဆိုင်ရင်ဝင်မပါပါနဲ့"

"ကျုပ်အမေကိုထိုးထားတဲ့

အဲ့လက်ညှိုးအခုချက်ခြင်းပြန်ချစမ်း!!"

နေတစင်း အိမ်ထဲဝင်လာတယ်ဆို

ဘာတွေဖြစ်နေမှန်းမသိပင်မဲ့

မေမေကိုလက်ညှိုးထိုးတာကိုတွေ့တယ်ဆို

သူ့အနောက်က ကောင်းကင်ကိုလည်းမခေါ်နိုင်

သူ့အမေအနားလျှောက်လာလိုက်သည်။

"ဘာဖြစ်နေတာလဲ မေမေ သူတို့ကဘာမို့လို့

မေမေကိုလက်ညှိုးထိုးရဲတာလဲ"

Lay Nge

သဘာဝလည်း သားကိုဒေါ်သအရင်လျှော့ဖို့ပြောပြီး အခုအိမ်မှာဖြစ်ပျက်နေတဲ့အခြေအနေတွေကိုပြောပြလိုက်တော့ သားကသူမကိုထိပ်ဆုံးကနှစ်ယောက်ထိုင်ဆိုဖာမှာထိုင်စေပြီး သားကတော့ လင်းရိပ်ကိုဘေးဝင်ထိုင်သည်။

"ကလေးဒီအရွယ်ရောက်မှပြန်လာတောင်းတာ ခင်များတို့မရှက်တက်ကြဘူးလား"

"ညီ
အစ်ကိုတို့ကအစ်ကိုတို့ကလေးလာတောင်းနေတာ
မင်းမွေးထားတာကိုလာတောင်းတာမဟုတ်ဘူး!"

"အဟက် အစ်ကိုတို့ကလေးတဲ့လား !
နှစ်ယောက်သားပိုးထတုန်းကကြထပြီး
ကလေးမွေးတော့ စွန့်ပစ်တယ်
အဲ့နောက်အထိုန်အကြာကြီး ဘယ်မှာရှုပိုးထလို့ဝမှ
ငါတို့မွေးထားတဲ့ကလေးက
ခိုင်းစားလို့ရတဲ့အရွယ်ရောက်နေပြီလား တွေ့မိပြီး
လာခေါ်တာလား....လဲသေလိုက် သေတောင်သားကို
ပြန်မထည့်ပေးနိုင်ဘူး"

သားစကားတွေကရိုင်းနေပင်မဲ့

ကိုယ့်သားသမီးပြောနေတာက နည်းလမ်းကျတာမို့

သဘာဝဘာမှမပြောပဲ

ဒီအတိုင်းကြည့်နေလိုက်သည်။

"ဒါဆို

အစ်မတို့ဘက်ကအေးဆေးလာတောင်းနေတာကို

မပေးဘူးပေါ့"

Lay Nge

"မပေးတာမဟုတ်ဘူး ခင်များတို့လိုလူမျိုးနဲ့
ကလေးကတန်ကိုမတန်တာ!"

နေတစင်းက ကိုယ်မွေးထားတဲ့ကလေးတွေကို
စွန့်ပစ်တာကို အရမ်းကိုမုန်းတဲ့သူထဲပါတာမို့
ကိုယ့်ထက်အသက်အများကြီး
ကြီးမယ်ဆိုတာသိပင်မဲ့
ခင်များနဲ့သာတိုင်းပြောပစ်သည်။

နေတစင်းသူငယ်ချင်း
ကောင်းကင်မှာလည်းသူလိုက်လာတဲ့အချိန်မှာ

အိမ်မှာဖြစ်နေတဲ့ပွဲနဲ့ဒဲ့တိုးနေတာမို့ သူကမက်တပ်လေးရပ်လျက်သာကြည့်နေမိသည်။

"အဲ့တာဆိုလည်း အစ်မတို့ကလေးကို ခိုးမှုနဲ့ တရားစွဲမယ်"

"ကလေးခိုးမှုနဲ့တရားစွဲမယ်ဆိုတော့ ကျွန်မတို့ကကြောက်စရာလား တစ်စက်မှမကြောက်ဘူး....ကျွန်မတို့ကကလေးကို သိတက်တဲ့အရွှာကတည်းက မိဘမဲ့ကျောင်းကခေါ်လာတာ

သားကြီးကိုယ်တိုင်သိတယ်

အဲ့တော့ကြိုက်တာလုပ်"

"ငါ့မိသားစုကိုလာပြီး

ချိန်းခြောက်ရေးတွေလာလုပ်နေတာ

အဲ့တော့တစ်ခုလောက်မေးပါရစေဦး"

နေကလက်ထဲ ရေခဲ့မုန့် 4ဗူး

နဲ့သမီးလေးအတွက်စားစရာတစ်ချို့ကိုင်ကာ

ညှော့ခန်းထဲဝင်လာပြီး သဘာဝပေးနားဝင်ထိုင်ကာ

ခြေချိတ်ထိုင်လိုက်ရင်
ပြောလျက်စစကားကိုဆက်ပြောသည်။

"ကလေးကိုပြန်ခေါ်မယ်ဆိုတော့
အဲ့ကလေးငါတို့ထားသလိုထားနိုင်လား !
မင်းတို့အနောက်မှာ
ငါတို့မိသားစုလိုအင်အားရှိတာဆို
ကလေးကြိုက်တဲ့အချိန်လာခေါ်!!"

"ဒါ ခင်များတို့ဘက်က သက်သက်ညစ်တာပဲ"

"ထင်ချင်သလိုထင်

ဂရုမစိုက်ဘူး.....ကလေးမွေးတုန်းကသာ

မိဘစိတ်ရှိခဲ့ရင်

အခုမင်းတို့ကလေးလို့ပြောနေတဲ့ကောင်လေးက

ငါတို့မိသားစုဝင်ဖြစ်လာစရာအကြောင်းမရှိဘူး"

နေက သူ့မိသားစုနဲ့ပက်သက်လာရင်ဘယ်သူကို

ဘယ်လောက်ပဲရက်စက်ရရက်စက်ရ

နောင်တကင်းစွာ လုပ်မဲ့သူမျိုးပင်။အခုလည်း

နေတစင်း ပြောမထွက်တဲ့စကားတွေကို

သူကပြောထွက်တယ်ဆို

သူမိသားစုလောက်ဘာကိုမှအရေးပါတယ်မထင်လို့ပင်။

"မဟုတ်ဘူး မိသားစုတစ်ခုလုံးပိုင်ဆိုင်မှုဆိုမင်းတို့အတွက်တအားကြိုးစားနေရမှာဆိုးလို့မျှော်လင့်ချက်လေးရှိအောင် ငါ့ Hotel တန်ဖိုးလောက်ရှိတာနဲ့ ပြန်လာခဲ့"

နောက်ဆုံးတော့ထိုလင်မယားက ဖေဖေစကားတွေအောက်ပြောစရာစကားမရှိသည့်အတိုင်း

ထပြန်သွားကြတော့သည်။အဲ့တော့မှ ရပ်နေတဲ့ ကောင်းကင်ကိုသတိရသွားကာ.....

"ဟိုအကောင်ထိုင်လေ

မင်းနဲ့....ငါ့ပြောမှထိုင်မယ်တွေးထားတာလား"

သူရပ်နေတာက

သူနဲ့အတူတူအိမ်ထဲဝင်လာကတည်းကကို

အခုမှသတိရပြီး ပြောနေတဲ့

နေတစင်းဆိုတဲ့အကောင်ကို စိတ်ထဲကနေဆဲရင်း

ဆိုဖာမှာဝင်ထိုင်လိုက်သည်။

"ကောင်းကင် ဒါမင်းတွေချင်နေတဲ့ ငါ့ဖေဖေ နဲ့ မေမေ ပြီးတော့ ဒါငါ့မိန်းမ.....ဖေဖေ နဲ့ မေမေ ဒါသားသူငယ်ချင်းလေ US ကဆိုတည ဒီကိုလာလည်တာ"

"အင်း သား ပျော်သလောက်နေပေါ့.....မင်းမရောက်ဖူးတဲ့နေရာတွေ နေတစင်းကိုလိုက်ပို့ခိုင်း"

"ဟုတ်ကဲ့ပါ အန်တီ"

နေတစင်းရဲ့မိဘနှစ်ပါးမှာ

အန်တီကဖော်ရွေတဲ့ပုံပေါ်ပင်မဲ့ အန်ကယ်ကတော့

အနေတည်ပုံရကာ

သူကိုလက်ခံတဲ့အနေနဲ့ခေါင်းငြိမ့်ပြီး ပြုံးပြသည်။

"လီလီ သမီးလေးဖြေးဖြေးဆင်း!"

"ဖေဖေရေ"

လီလီတစ်ယောက်အပေါ်ကနေ

အဖေဖြစ်သူကားသံကြားတယ်ဆို ဆင်းဖို့လုပ်ပင်မဲ့

တီတီတို့က ထမင်းပြီးအောင်စားရမယ်ဆိုလို့

ထမင်းစားပြီးမှဆင်းလာခြင်း။လှေကားပေါ်ကဆင်း

ပြီး အောက်ရောက်တာ်ဆို ညှော့ခန်းထဲဝင်လာပြီး

နေ အပေါ်ကုတ်ဖက်တက်သည်။

ကောင်းကင် ဖေဖေလို့ခေါ်ကာ

အန်ကယ်အပေါ်တက်သွားတဲ့

ကလေးလေးကိုကြည့်ကာ နေတစင်းညီမက

ဒါလေးလားလို့တွေးမိတော့

ရင်ထဲဘယ်လိုဖြစ်သွားလဲမသိ။

"အဲ့တာငါ့ညီမလေ ကောင်းကင်

မင်းတွေချင်နေတာဆို

မင်းသမီးလေးအရွယ်လေးပဲရှိသေးတာနော်

အဟက်!"

ဒီကောင်နေတစင်း သူကယောက်ဖလို့ခေါ်တာ

သဝန်မတိုပါလားမှတ်တာ အခုတော့

သူညီမလေးက လက်တောက်လေးမို့ဆိုတာကို

သဘောပေါက်ကာမျက်နှာကြီးရဲလာရသည်။

နေတစင်း

ကောင်းကင်းဖြစ်သွားတဲ့မျက်နာကြီးကိုကြည့်ကာ

စိတ်ထဲကျေနပ်သွားရသည်။မှတ်ပလား

ငါ့ညီမကိုငမ်းချင်ဦး သကောင့်သား..........။

"မောင် ရေခဲ့မုန့်ဝယ်လာတာ

စားနေကြဆိုင်ကပဲမလား"

သူကစားဖို့ဝယ်လာတာတွေ သားအမိနှစ်ယောက်

အောက်မှာမစားပဲ သူနဲ့အပေါ်လိုက်လာက

အခန်းထဲကဆိုဖာပေါ်ထိုင်ကာ စားနေရင်း သူကိုမေးနေသည်။

"အွန်းလေ စားနေကြဆိုင်ကပဲလေ ပြီးတော့ မ တို့သားအမိစားဖို့ဝယ်ရင်း မောင်သောက်တဲ့ ကော်ဖီဝယ်ဖို့လုပ်တော့ ပိုက်ဆံကမလောက်"

"ဟုတ်မှလဲပြောနော် ယုံစရာကြီး"

"တကယ်ပြောနေတာ ဟိုနေကအိပ်ထဲကပိုက်ဆံတွေထုတ်သုံးထားတာကို

မောင် မေ့ပြီး မနက်ကအိမ်ကနေမထည့်သွားတာ Bank card ပါပင်မဲ့ အဲ့ဆိုင်က ငွေနဲ့ပဲရှင်းလို့ရတာ အဲ့တာကြောင့်"

သူမက သူပိုက်ဆံမရှိလို့မရှင်းနိုင်တာကိုပြောတာမှတ်လို့ မယုံးဘူးပြောတော့ သူကဘာလို့ဆိုတာကို အင်္ကျီချွတ်ရင်ပြောကာ ပြီးတယ်ဆို ရေချိုးခန်းထဲဝင်သွားသည်။

"လီလီ မုန့်ဘူးက 4ဘူးတောင် နှစ်ဘူးက
တူလေးတွေကို ကျွေးလိုက်"

"ကျွေးပါဘူး လီလီအတွက် ဖေဖေကဝယ်လာတာ
သူတို့စားချင် သူတို့အဖေဝယ်ကျွေးလိမ့်မယ်"

သိပ်ကိုအန်တီလေးကောင်းပီသတဲ့
သမီး။မောင်ကလည်း ဝယ်လာကတည်းကိုက
သူ့သမီးအတွက်ပဲမှတ်လာလားမသိ
ဟိုကလေးနှစ်ယောက်ကြ ရေခဲ့မုန့်နှစ်ဘူးပေးပြီး

သူ့သမီးလက်ထဲကြကျန်တာတွေအကုန်ထည့်ပေး

တာ။

"သမီးအကြီးလေ ဟိုကအငယ်တွေလေ

နည်းနည်းလောက်ညာမှပေါ့ ပြီးတော့

သူစိမ်းတွေမဟုတ်ဘူး.....နေနေဆိုတာ သူစိမ်းလား

သမီးအစ်ကိုအရင်းလေ....မေမေသမီးလေးက

စိတ်ထားလှတယ်လို့ပဲ မေမေကအပြောခံချင်တာ

စိတ်ပုတ်တယ်လို့ တော့မလိုချင်ဘူး"

Lay Nge

သူမက သမီးလေးကိုအရှေ့ကြနေတဲ့ဆံပင်လေးကို နားရွက်ကြားထဲညှပ်ပေးရင်းပြောတော့ သမီးလေးက ခဏလောက်စဉ်းစားသွားကာ......

"ဟုတ်တယ်နော် လီလီကမကုန်ပဲနဲ့ ယူထားရင် စိတ်ပုတ်တယ်အပြောခံရမှာနော်....အဲ့တာဆို လီလီ သွားပေးလိုက်မယ်နော်"

"ဟုတ်ပြီ အောက်ထပ်ကိုမဆင်းရဘူးနော် အချစ်ကလေး....မောင် လေးတွေက

ကိုကိုအခန်းထဲမှာရှိတယ် သွားနော် အဲ့မှာ

တီတီနှိုင်းယှဉ်တို့ပါရှိတယ်"

"ဟုတ် မေမေ "

သမီးကသေချာပြောရင်

နားလည်လွယ်တဲ့ကလေးမို့

သူမကပြောပြလိုက်တယ်ဆိုနားလည်သွားကာ

သွားပေးမယ်ဆိုပြီး

အခန်းထဲကထွက်သွားသည်။သူမကတော့

သူ့သမီးပဲသိတဲ့လူကို ဘက်လိုက်တာတွေအတွက်

ရေချိုးခန်းထဲကထွက်လာမှာစောင့်ရင်း........။

~~~~~~~~~~~~~~~~~~~ဆက်ရန်။

OBJ

🍭You are my life🍭

Chapter _ 17

နေရေချိုးပြီးတော့

ရေချိုးခန်းထဲကထွက်လာတယ်ဆို

LayNge
~~~~~~~~~~~~~~~~~~~

ဆိုဖာပေါ်ထိုင်နေတဲ့ မ ကသူ့ကို

မျက်နာတည်နဲ့ကြည့်နေတာကြောင့်

ခေါင်းလျှော်လာတာမို့ ခေါင်းကိုရေသုတ်ရင်း

သူမအနားသွားကာ.....

"ဘာဖြစ်နေတာလဲ မောင့်မိန်းမက ဒါနဲ့ သမီးရော"

"အခုအိမ်မှာ ကလေးကနင့်သမီးတစ်ယောက်ထဲ

မဟုတ်ဘူး မောင်.....ရေခဲ့မုန့် ဝယ်လာသလို

ကျန်တဲ့မုန့်တွေလည်း အတူတူဝယ်လာမှပေါ့"

လက်စသက်တော့

သူမြေးလေးတွေအတွက်မဝယ်လာတာကို

ကောက်တေးလုပ်နေတဲ့ မ ကြောင့်

သူစိတ်ထဲရှိတဲ့အတိုင်းပြောရမှာမို့.....

"မောင်ဘဝမှာဦးစားပေးက မောင့်မိန်းမ နဲ့

သားသမီးနှစ်ယောက်ပဲ

ကျန်တာကိုထည့်ပြောစရာမလိုဘူး!"

သဘာဝ

စကားကိုစိတ်ထဲရှိတဲ့အတိုင်းကိုပြောနေတဲ့

မောင်ကိုတစ်ခါမှမလုပ်စဖူး ထိုင်ရာကထရပ်ကာ သူ့အနားသွားပြီး ခါးစပ်ကိုဆွဲလိမ်ကာ မလွှတ်ပေ။

"အား နာတယ် မိန်းမ"

"နာပါလေ့စေ သားကအရေးကြီးတယ်ဆို ဟိုကလေးနှစ်ယောက်က နင့်သားအရင်းကမွေးထားတာလေ မောင်စုတ်ရဲ့"

သူ့ခါးနားကို ဘယ်တုန်းကလက်သည်းရှည်ထားလိုက်လည်းမသိ

အသားကိုလိမ်ထားတာ

အိစိမ့်နေရောပင်။မိသားစုတစ်ခုလုံးရော

နေလက်ရာနဲ့ပက်သက်တဲ့

လုပ်ငန်းပေါင်းများစွာကိုအုပ်ချုပ်နေရတဲ့ သူက

မိန်းမတော့အသေကြောက်ရတာ။

"မ ရာအဲ့ကလေးတွေအတွက် နဲ့

ကိုယ်ယောကျ်ားကို လုပ်ရက်တယ်နော်"

"လုပ်မှာပဲ နင်လုပ်ပုံကဟုတ်လို့လား.....အခုဆို

လီလီလေးကနင့်စိတ်ဓာတ်မှနင့်စိတ်ဓာတ်

သူစားနေတဲ့ဟာကို

ဘယ်သူ့ကိုမှမျှမပေးချင်တော့ဘူး"

"မောင့်ကလေးက

မောင်နဲ့မတူလို့ဘယ်သူနဲ့တူရမှာလဲ"

သူမက

သူနဲ့စိတ်ဓာတ်ကကိုယ်ဘက်ကိုယ်ရပ်တာတူတာ

ပြောတာကို သူကအထွန့်တက်နေသေးတာကြောင့်

ခါးကိုလိမ်ထားတာကို

နည်းနည်းအားပိုထည့်လိုက်တော့......

Lay Nge

"အ့ မ ! မောင်တကယ်နာနေပြီနော်
စိတ်တိုလာရင်သိတယ် မဟုတ်လား ရိုက်မှာနော်"

"ဟုတ်လား! အင့် ဟယ်"

သူကတော့ ပါးစပ်အပြောသာဖြစ်ပြီး
သူမကလက်တွေ့လုပ်လိုက်တာကြောင့်
သူမျက်နှာကြီး
မဲ့ကျသွားရသည်။ခါးကလည်းလိမ်ထားနေတယ်
သူရင်ဘက်ကိုလည်း ရိုက်ိလိုက်တာ ဖြန်းကနဲ့ပဲ။နေ

သည်းခံနေရာတာများပြီးမို့ သူခါးကလိမ်ထားတဲ့ သူမလက်ကိုဖြုတ်ပစ်လိုက်ကာ......

"သည်းခံနေတာ အကောင်းမှတ်နေတာ ကဲကွာ!"

ပါးစပ်ကသာ အဲ့လိုပြောပြောပင်မဲ့ သူနှာခေါင်းပတော့ သူမပါးတစ်ဖက်ထဲ နစ်ဝင်သွားရတဲ့အထိ နမ်းပစ်လိုက်သည်။လူကို နိုင်ချင်တိုင်းနိုင်နေတဲ့ မိန်းမ မှတ်ရော။

"ဟာ ! ဖေဖေတို့ရာ လန့်တာဗျာ"

နေတစ်ခင်းမှာ ညီမလေးကို အခန်းပြန်လာပို့ပါတယ်
ကြားလိုက်ရတဲ့ဖေဖေအသံကြောင့်
ရန်ဖြစ်နေတယ် မှတ်ကာ ဝင်ကြည့်လိုက်တော့
မေမေကို ခါးမှာတစ်ပတ်သာပတ်ထားပြီး
အပေါ်ပိုင်းဗလာဖြစ်နေတဲ့
ဖေဖေကနမ်းနေတာ။အပြော
နဲ့အလုပ်တကယ်ညီတဲ့ ဖေဖေ။

"တကယ် ဘယ်လိုတွေလည်း
သားတို့မောင်နှမကိုလည်း မျက်နှာထောက်ဦး

ဖေဖေတော်တော်ကဲတယ်......ပြီးတော့

မေမေကလည်း

သူယောကျ်ားဘာလုပ်လုပ်ငြိမ့်ခံနေတော့တာပဲ"

"အဲ့တာမင်းအပူပါလား ! "

သဘာဝလည်း သားဖြစ်သူစကားကြောင့်

မျက်နာပူသွားရသည်။တကယ်

သားကမောင်ပြောသလို ငယ်ငယ်က

မိဘတွေကြည်နူးတော့မယ်ဆိုတာ နဲ့

သူကဘယ်ကပေါ်လာမှန်းမသိ။

"နေနေပြောတာက မှန်တယ် ဖေဖေမှားတာ"

"အဲ့တာဆို နင့်အစ်ကိုနဲ့ပဲနေလိုက်တော့ ငါတို့လင်မယားဆီမလာနဲ့ Go !"

အခုလေးတင် သူ့ချစ်သမီးလေးအကြောင်းပြောနေရင်းက အစ်ကိုဖြစ်သူ့ဘက်က သမီးကဝင်ပြောတယ်ဆို မောင်က ကလေးတွေနဲ့အပြိုင်ပြောတဲ့ မောင်ကို ခဏကလို ခါူဆွဲလိမ်ချင်ပင်မဲ့

Lay Nge

သားသမီးတွေမောင်အပေါ်မလေးစားမှာဆိုးတာ ကြောင့် နှစ်ယောက်ထဲရှိချိန်ရောက်မှ လုပ်ဖို့တေးထားလိုက်သည်။

"ဖေဖေ့ အရှုပ်ထုပ်ကို ဖေဖေပဲချစ် သားဆီမပို့နဲ့ သားစိတ်ကုန်လွန်းလို့ "

"မင်း ! အဲ့တာမင်းညီမအရင်းနော် အမေတူ မဟုတ်ဘူး အဖေတူအမေကွဲမဟုတ်ဘူး"

စပြောတာကတော့

အမေတူအဖေကွဲမဟုတ်ဘူးပြောဖို့ပင်မှ

သူမကိုတစ်ခြားယောကျာ်းနဲ့ စကားနဲ့တောင်

အပြစ်မှားမခံနိုင်တာကြောင့်စကားလမ်းကြောင်း

ပြောင်းပြောလိုက်သည်။

"ဖေဖေကလည်း တကယ်ဖြစ်ပျက်နေတာနော်

မေမေအတွက်တွေးတောင်မတွေးရဲဘူး"

Lay Nge

"နေတစင်း ! မင်းဘယ်လိုဖြစ်နေတာလဲ

ကိုယ့်အဖေကို စစရာလား

ကိုယ့်ထက်အငယ်ရှေ့မှာ"

ဖေဖေကို ချစ်လို့စတာကို မေမေကသူ့ယောကျ်ားကို

စလို့ဆိုပြီးသူကိုဆူတာကြောင့်

နေတစင်းမျက်နာကြီးဆူပုတ်သွားရတော့

လီလီလေးက ဘာမှမသိပဲ

အစ်ကိုဖြစ်သူဆူခံရတာကို သဘောကျကာ

ရီနေတော့သည်။

"ခစ် ခစ် နေနေကရီရတယ်"

"ဘာရီရတာလဲ ငလည်မ!"

"ဘာရီတာလဲဆိုရင်
နေနေရုပ်ကအဲ့လို့ကြီးဖြစ်နေတာ
မျောက်ကြီးနဲ့တူလို့ ခစ် ခစ်"

နေတစင်းဖြစ်ပျက်သွားတဲ့မျက်နှာကို လုပ်ပြကာ
မျောက်ကြီးနဲ့တူတယ်ဆိုပြီး ဆက်ရီနေသေးတဲ့
လီလီပန်းသွေးကြောင့်

မိဘနှစ်ပါးကြည့်လိုက်တော့လည်း မေမေက

သူ့သမီးကိုအလည်လေးဆိုတဲ့မျက်ဝန်းနဲ့ကြည့်နေ

သလို ဖေဖေကတော့

သူ့သမီးပြောတာမှန်တယ်ဆိုပြီး

သဘောကျနေတာကြောင့်

စကားပြောမလို့ရှိသေး.......

"နှိုင်းယှဉ် လက်ထဲကဘာလဲ"

ဆိုကာ တံခါးအဝရပ်နေတဲ့

နှိုင်းယှဉ်ကိုသဘာဝကမေးလိုက်သလို နေ

ကလည်းသူဝတ်ထားတာကို

သူသိစွာအဝတ်အစားလဲခန်းထဲဝင်သွားသည်။

"သား ဒီအခန်းထဲဝင်သွားတာတွေလို့

လာပေးနေတာ နေ့လည်ကတည်းကရောက်နေတာ

ပေးဖို့မေ့နေတာ"

ဆိုကာ သူ့လက်ထဲထည့်ပေးလာတဲ့

စက္ကူနဲ့ပက်ထားတဲ့ ဘူးတစ်ဘူးကြောင့်

သူလက်ပေါ်ရောက်တယ်ဆို စိတ်ထဲလည်း

Lay Nge

တစ်ခုခုဖြစ်သွားရသည်။အန်တီနှိုင်းယှဉ်ပြန်ထွက်

သွားတာနဲ့......

"သား အဲ့တာကဘာဘူးလည်း

သားမှာထားတာလား"

"မဟုတ်ဘူး မေမေ"

ဆိုကာ သူလက်ထဲရောက်နေတဲ့

စက္ကူတွေအထပ်ထပ်ပတ်ထားတဲ့ဘူးကို

ဖွင့်ဖို့အရင်ဆုံးအပေါ်ကစက္ကူတွေခွာရသည်။စက္ကူ

တွေ့ခဲ့ပြီးတယ်ဆို ပေါ်လာတာက ဖုန်းဘူးမို့

သူကမျက်မှောင်ကျုံ့သွားသလို မေမေကလည်း......

"ဘာလဲဖွင့်ကြည့်စမ်း သား"

သူဖုန်းဘူးကိုဖွင့်လိုက်တယ်ဆို

အထဲကနေထွက်လာတာက နောက်ဆုံးပေါ်

iphone လေး ဖြစ်တဲ့အပြင်

သူလက်ရှိကိုင်နေတဲ့ဖုန်းနဲ့အတူတူပင်။သူဖုန်းကို

ဖွင့်ကြည့်လိုက်တယ်ဆို ဖုန်း screen

မှာမြင်လိုက်ရတာ သူပုံမို့ ဆက်ပြီး Vedio File ရော

Gallery ထဲကိုဝင်ကြည့်တော့ Albums nameတွေရော US မှာကျောင်းတက်တုန်းက ပုံပါတွေလိုက်ရတာကြောင့် သူလက်ထဲကဖုန်းပါ ပြုတ်ကျမတတ် တုန်လှုပ်သွားရသည်။

"ဒါဒါတွေက ဘာတွေလဲ သား"

သူတို့သားအမိနှစ်ယောက်က ဖုန်းထဲကပုံတွေ Vedio တွေကြည့်ပြီး အံ့သြနေပင်မဲ့ လီလီလေးကတော့ ကလေးမို့ လူကြီးတွေကိစ္စစိတ်မဝင်စားပဲ သူ့အဖေထိုင်နေကြ

မလုပ်ခဲ့ပေါ်တက်ထိုင်နေကာ ဘူးထဲက
လတ်မှတ်ထိုးတဲ့ ဘောပင်တွေရော
စာရွက်တွေပါယူဆောနေတော့သည်။

အဝတ်အစားလဲခန်းထဲကထွက်လာတဲ့
နေ။သူအဝတ်အစားလဲပြီးထွက်လာတာတောင်
သူတို့အခန်းထဲက ပြန်မထွက်သေးတဲ့
သားကိုတွေ့တယ်ဆို သူကနရင်းအုပ်ပြီး
စမလို့ရှိသေး သားလက်ထဲက ဖုန်းကိုကြည့်ကာ
မျက်နာမကောင်းဖြစ်နေတဲ့ သားအမိကြောင့် သူ
သားလက်ထဲကဖုန်းကိုဆွဲယူကာ ကြည့်လိုက်တော့
ချက်ခြင်းမျက်တာက တည်သွားသလို

ကိုယ်သားဖုန်းဘယ်လိုဆိုတာ သိတဲ့သူက

ဒီဖုန်းကသားဖုန်းမဟုတ်တာသိတာကြောင့်

မျက်နာက ခန့်မှန်းရခက်တဲ့

မျက်နာအသွင်ပြောင်းသွားကာ ဖုန်းထဲပါတာတွေကို

တစ်ခုခြင်းလိုက်ကြည့်ပြီး......

"ဒါတွေက ဘာတွေလဲ"

ကောင်မလေးတစ်ယောက်

မျက်နာကိုအသဲပုံလေးနဲ့ကွယ်ထားပြီး သားပုံနဲ့ Edit

Lay Nge

လုပ်ထားတာက နမ်းနေတဲ့ပုံစံမျိုး နေ

ကကြည့်ရင်းကမေးလိုက်တော့.....

"သားမသိဘူး ဒီပစ္စည်းက

နေ့လည်ကတစ်ယောက်ယောက်

လာပို့သွားတာတဲ့....ခဏက

အန်တီနှိုင်းယှဉ်လာပို့သွားတာ"

"မင်းဘာတွေရှုပ်ထားသေးလဲ သား!"

layNge

သဘာဝ ကိုယ်ခံစားရသလို
လင်းရိပ်ကိုလေးခံစားရမှာကြောက်သည်။ဘာလို့ဆို
လင်းရိပ်ကိုလေး ဘဝကပျော်ရွှင်မယ်ကြံတိုင်း
မကောင်းတာတွေနဲ့ပဲတွေ့ကြုံခဲ့ရတာလေ။အခုလ
ည်း ကလေးပျက်ကျထားတာ
တစ်လတောင်မရှိသေး အခုလိုအဖြစ်အပျက်က
ထဖြစ်တယ်ဆိုတော့ သူမက မိန်းမသားမို့ သားကို
မေးလိုက်တော့။

"မေမေက သားကိုမယုံဘူးလား"

"ယောကျ်ားဆိုတာ

အချိန်အခါမရွေးမှားတက်တာရှိတယ်

သား.....အခုပုံတွေက

အရင်တုန်းကပုံတွေဆိုရင်တောင်

အခုမှရောက်လာတာက သေချာပေါက်

သားအိမ်ထောင်ရေးကို

ထိခိုက်စေချင်လို့ပဲ.....ပြဿနာတွေမစခင်ကတည်း

က မေမေပြောမယ်

ဒီကိစ္စကြောင့်ပြဿနာတစ်စုံတစ်ရာဖြစ်လာခဲ့ရင်

လင်းရိပ်ကိုလေး ဘက်ကပဲရပ်တည်....အဲ့ကလေး

ဘယ်လောက်တောင် သနားဖို့ကောင်းလဲ

ငယ်ငယ်ရွယ်ရွယ်လေးနဲ့

အမေဖြစ်သူဆုံးရှုံးခဲ့ရတယ်...ဒီကြားထဲ အထိအခိုက်တွေသူမှာအများကြီးပဲ....အဲ့တာကြောင့် ဒီပြဿနာတွေဖြစ်လာခဲ့ရင် သားကို မေမေဘယ်တော့မှခွင့်လွှတ်မှာမဟုတ်ဘူးဆိုတာသိထားပါ"

နေတစင်းသူကိုမယုံဘူးလား မေးတယ်ဆို မေမေကဖြစ်တက်တွေရော ဖြစ်သင့်တာတွေကိုရောပြောကာ သူ့ကိုဆုံးမသွားတဲ့အပြင် တစ်စုံတစ်ခုပြဿနာတက်လာရင် Light ဘက်ကရပ်တည်မှာလို့ပြောတာ သူကကျေနပ်ပင်မဲ့

သွား

ကိုဘယ်တော့မှခွင့်လွှတ်မှာမဟုတ်ဘူးဆိုတာကြော င့် သူဘာမှမဟုတ်တာလုပ်တာမရှိပင်မဲ့ မျက်နှာတော့ပျက်သွားသည်။

"အကုန်လုံးကို ကြည့်ရတာကတော့ ဒီပစ္စည်းပို့တဲ့သူက သားကိုစွဲလမ်းတာတော်တော်ကြီးမားတယ်လို့ပြော လို့ရတယ်....ဘာဖြစ်လို့လဲဆို သားပုံတွေကို date နဲ့ကအစ ကျောင်းတက်တဲ့တစ်လျှောက်လုံးစုထားတာ တော်ယုံဖွဲ့တော့မဟုတ်ဘူး"

"အဲ့တော့ ဒီဖုန်းကိုဘာလုပ်ရမှာလဲ"

နေ အူကြောင်ကြောင်ဖြစ်နေတဲ့သားဖြစ်သူကို ကြည့်က အားမရ။ကိစ္စတစ်ခုခုဆို ဒီကောင်အမြဲတမ်းတွေဝေတက်တာ ဘယ်သူနဲ့တူတာလည်းမသိ။သားက သာကိုဘာလုပ်ရမလဲမေးတယ်ဆို သူလလက်ထဲက ဖုန်းကို.......

"ဘာလုပ်ရမှာလဲဆိုတော့ ဒီလိုလုပ်ပစ်လိုက်!"

ဆိုကာ ဖုန်းကိုရိုက်ခွဲပစ်လိုက်တာ

အစိတ်စိတ်အမွှာမွှာ။သူကတော့ ဘာကိစ္စမဆို

သွေးအေးအေးနဲ့ဖြေရှင်းတက်တဲ့ကောင်မဟုတ်ပင်

မဲ့ သူကဆုံးဖြတ်ပြီးသား ကိစ္စဆို ပြတ်သားသည်။

သဘာဝ မောင်လုပ်ရပ်ကြောင့်

သမီးလေးကိုသတိရသွားကာ ကြည့်လိုက်တော့

မောင်စားပွဲပေါ်က

စာရွက်စာတန်းတွေမွှေနေတာကြောင့်

အခုကိစ္စထက် သမီးတော်မွေ့နေတဲ့အရေးက
မျက်လုံးပြူးစရာမလို့.....

"မောင် ! နင်ဟာတွေ ကုန်ပြီလားမသိ"

"ဟာ !! သမီး"

နေ အလုပ်ကနေယူလာတဲ့
အရေးကြီးတဲ့စာရွက်စာတန်းတွေက
စားပွဲပေါ်ပွထနေကာ သမီးလက်ထဲ
သူဘောပင်အနက်ရောင်ကို ရွှေရောင်အပိတ်လေးနဲ့

Lay Nge

ဘောပင်ကို ကိုင်ထားတာကြောင့်
သူသမီးအနားချက်ခြင်းရောက်သွားရသည်။

"သွားပြီကွာ !"

မောင်ရဲ့ညည်းညူသံကြောင့် သူမမောင်လက်ထဲက
စာရွက်တွေကိုယူကြည့်လိုက်တော့
မညီမညာဘဲဥပုံတွေရော လျှောက်ခြစ်ထားတာ
နည်းနည်းနှောနှောမဟုတ်။ပြီးတော့
စာရွက်စာတန်းတွေကို ဖတ်ကြည့်မိမှ
ပြည်ပဝင်ငွေထွက်ငွေစာရွက်တွေမို့.......

"လီလီ !! ကိုယ်နဲ့မဆိုင်တာကို ဘာလို့လုပ်တာလဲ"

သူမကအသံနည်းနည်းမာမာပြောလိုက်တယ်ဆို အဖြူလုံးဘေးကငိုဖို့ပြင်နေတာကြောင့် သူမကတော့ မျက်နှာတင်းထားပင်မဲ့ မောင်ကတော့ ချက်ခြင်းကောက်ချီသည်။

"မောင် ! အလိုမလိုက်နဲ့ လီလီ မေမေကိုကြည့် အဲ့စာရွက်တွေက ကစားစရာတစ်ခုမှမပါဘူး"

"မေမေရာ အဲ့တာဘယ်လောက်မှအရေးပါတာ

မဟုတ်ပါဘူး

ကလေးကဘာမှသိသေးတာမဟုတ်ဘူး!"

နေတစင်းကလည်း

ကိုယ့်ညီမလုပ်လိုက်တာမကြီးကြီးဆိုတာသိပင်မဲ့

ကလေးလေးရှိသေးတာမို့

နားလည်ပေးလို့ရသည်။ကလေးရှိနေတာသိရဲ့သားနဲ့

အလွယ်တကူထားတဲ့လူကြီးအပြစ်။

LayNge

"ဟုတ်ပါတယ် မရာ

သမီးကဒီအတိုင်းရေးစရာလိုထင်နေတာနေမှာပါ

ကလေးရှိမှန်းသိရဲ့နဲ့အလွယ်တကူတင်ထားတဲ့

မောင့်အပြစ်"

အငယ်ဆုံးလေးကို

သူမကဖြင့်ဆူဖို့ကြံနေတုန်းရှိသေး

သားအဖနှစ်ယောက်မှာ ဆူမှာဆိုးလို့

ကာကွယ်ပေးလိုက်တာများ။သားကလည်း

သူညီမလေးကို ချစ်လို့သာစနေတာ

ညီမထိရင်မခံတဲ့အထဲပါသည်။

"မောင် နဲ့ သား
နှစ်ယောက်လုံးတစ်ယောက်မှအသံထပ်မထွက်လာ
နဲ့ သဘာဝသမီးကိုပြောစရာရှိတာပြောရမယ်"

"ပြောကြပါ တစ်ယောက်ထဲရှိတဲ့ ဒီသမီးလေးကိုပဲ
မေမေကနိုင်တာကို ဟီးးးးး!"

သူမကဟိုသားအဖကိုတိတ်ခိုင်းလိုက်တာနဲ့
သမီးလေးက
သူမအော်ရင်ဟိုနှစ်ယောက်တိတ်တယ်ဆိုတာသိ

LayNge

တော့ သူမှာအကူမရှိတော့တာကြောင့်

ထငိုတော့သည်။အဲ့တော့လည်း

ဆူမိတဲ့ကိုယ်ပဲစိတ်မကောင်းဖြစ်ရသည်။အဲ့လိုဖြစ်

မှ ကလေးကငယ်သေးပါလားတွေးရပြီး

ကိုယ်ကိုကိုယ်လည်း

မဆူမိအောင်သတိပေးရသည်။ထိုညက

မောင်ကတော့ သူ့အလုပ်တွေပြန်လုပ်လိုက်ရတာ

မနက် 3နာရီမှအိပ်ရသည်ပေါ့...........။

"မောင် သဘာဝပြောစရာရှိတယ်!"

နေ ညကအိပ်ရာဝင်လာနောက်ကျတာကြောင့်

မနက်နိုးတော့ ခေါင်းမကြည်လို့

အိပ်ရာပေါ်ငူငူကြီးထိုင်နေရာက

ဘယ်အချိန်ကတည်းကနိုးပြီးပြင်ဆင်ထားလည်းမ

သိတဲ့ မက အခန်းထဲကို သံပရာရည်ခွက်ကိုင်ကာ

သူဆီကမ်းပေးရင်းဆိုလာတာကြောင့်

ခေါင်းငြိမ့်ပြလိုက်သည်။

"သား ကိစ္စဘယ်လိုလုပ်မလည်း အခု

လင်းရိုပ်ကိုလေးက အိမ်မှာလာနေတာနော်

မနေ့ကပြဿနာသာဖြစ်လာခဲ့ရင်

သဘာဝတို့နှစ်ယောက်မှာ

သားကိုဆုံးမရမဲ့တာဝန်ရှိတယ်"

"မောင် ကတော့သားကိုယုံတယ်

အဲ့လိုဘယ်တော့မှလုပ်မှာမဟုတ်ဘူးဆိုတာ"

"မောင် ယုံပင်မဲ့

သဘာဝမယုံဘူးမောင်.....သားကအခုမှငယ်ငယ်

လေးရှိသေးတာ ဘဝကဘာလဲဆိုတာ

မဆုံးဖြတ်နိုင်သေးဘူး"

Lay Nge

တကယ်လည်း
သားအိမ်ထောင်ကျတဲ့အရွယ်ကငယ်လွန်းသေးသ
ည်။အိမ်ထောင်စကျတဲ့အရွယ်က 20 အခုမှ 23
တောင်ပြည့်သေးတာမဟုတ်ဘူး။အသက်ငယ်ငယ်နဲ့
တည်ဆောက်ထားတဲ့ အိမ်ထောင်ရေးက
အခက်အခဲနည်းနည်းကြုံလာတာနဲ့ယိုင်သွားမှာသူမ
စိုးရိမ်သည်။သားကယောကျာမ်းမို့
အကြောင်းမရှိပင်မဲ့
လင်းရိပ်ကိုလေးကအကြောင်းရှိသည်။

"မ က သားကိုဘာလို့မယုံတာလဲ"

"ဘာလို့မယုံတာလဲဆို သူ့အသက်အရွယ်က

စိတ်ပြောင်းမြန်တဲ့အရွယ်မို့ပဲ

မောင်....လူလောကကြီးမတရားဘူး မောင်

လူနှစ်ယောက်အိမ်ထောင်တစ်ခုတည်တောင်ပြီး

ကွဲကွာသွားတဲ့အခါ ယောကျာ်းတစ်ခုလပ်ဆိုပြီး

ဘယ်သူမှဘာမှမပြောကြဘူး

မောင်.....မိန်းကလေးတွေကိုကြ တစ်ခုလပ်

အိမ်ထောင်ကွဲ အိမ်ထောင်မှုမနိုင်လို့

စတဲ့အကြောင်းအမျိုးမျိုးနဲ့

ပုတ်ခတ်စော်ကားကြတယ်....အဲ့လိုအခြေအနေကို

လင်းရိပ်ကိုလေးကိုမခံစားစေချင်ဘူး....တကယ်လို

နော် မောင် အဲ့လိုတွေဖြစ်လာခဲ့ရင် သားကို......"

"မောင်ကိုယ်တိုင်ဆုံးမမယ်

ပြဿနာဖြစ်တဲ့အထိမစောင့်ဘူး

မဖြစ်ခင်ကြိုတားတာအကောင်းဆုံးပဲ....မနေ့ကိစ္စအ

တွက် သားကိုမောင်

အမြဲစောင့်ကြည့်တော့မှာ....ပြီးတော့

သူကိုမွေးထားတဲ့ မောင်တို့နှစ်ယောက်က

ဖောက်လွဲဖောက်ပြန်စိတ်တစ်ယောက်မှမရှိတဲ့အ

တွက် သားမှာလည်းမရှိဘူးဆိုတာ ယုံ....ဒါနဲ့

တစ်ခါထဲ သားကိုမယုံဘူး ဆိုတော့

မောင်ကိုရောယုံလား"

သူမက သားကိုမယုံဘူးပြောတာကြောင့် နေလည်း

သားဖြစ်သူအကြောင်းပြောနေရာက သူကိုရော

ချစ်ရတဲ့မိန်းမကယုံလားဆိုတာသိချင်တာကြောင့်

မေးလိုက်တော့ မဖြေပဲသူ့ကိုကြည့်နေတာမို့

ဖန်ခွက်ကို ခုံပေါ်လှမ်းတင်ကာ သူမကို

သူ့ပေါင်ပေါ်ဆွဲချလိုက်သည်။

"မောင် မေးတာဖြေလေ မောင်ကိုယုံလားလို့"

"အင်း မောင်ကိုယုံတယ်

ဘာလို့ဆိုအမြဲဒေါ်သထွက်လွယ်တဲ့ မောင်ကို

သဘာဝကလွဲဘယ်သူက သည်းခံနိုင်မှာမို့လို့လဲ"

"ဟောဗျာ....အဲ့ဒါဆိုလူကိုယုံတာမဟုတ်ပဲ

ဒေါသကိုယုံတာပေါ့ ခင်များလေး လာထား"

"မောင်နော်!"

လူကိုအတင်းကုတင်ပေါ်ဆွဲလှဲကာ

မျက်နှာတစ်ခုလုံး နမ်းချင်တိုင်းနမ်းနေတဲ့

မောင်ကြောင့် ပါးစပ်ကသာပြောပင်မဲ့

လူကတော့အနာနဲ့ဆေးတွေ့သလို

မောင့်အနမ်းတွေကိုကြည်ဖြူလျက်

ဘေးနားကအိပ်နေတဲ့

သမီးလေးမနိုးပါစေနဲ့ဆုတောင်းရင်း

သူ့အနမ်းဘ္ဘာထဲလွင့်မျောနေရသည့်အဖြစ်............။

~~~~~~~~~~~~~~~~ဆက်ရန်။

🍭You are my life🍭
~~~~~~~~~~~~~~~~

Chapter _ 18

"အဲ့ မိန်းမအခု ဘားတစ်ခုမှာရှိနေတယ် CEO"

နေ Hotel မှာအစည်းအဝေးထိုင်ပြီး ရုံးခန်းပြန်လာတယ်ဆို သူခိုင်းထားတဲ့သူဆီက ဖုန်းလာတာကြောင့် ကိုင်လိုက်တာနဲ့ တစ်ဖက်ကပြောလာတဲ့ စကားနားထောင်ပြီး လက်တုန့်ပြန်ချင်တဲ့ နည်းလမ်းပြောင်းသွားရသည်။

"အဲ့တာဆို တစ်ခုခုလုပ်ပေးဖို့ အဆင်ပြေလား"

"ပြေပါတယ် CEO

ကျွန်တော်ဘာလုပ်ရမယ်ဆိုတာကိုပဲပြောပါ"

ဆိုတာကြောင့်

နေမျက်နာကြီးသူလိုချင်တဲ့အဖြစ်ကိုရောက်အောင်

အမြန်နည်းနဲ့ရောက်တော့မှမို့

မဲ့ပြုံးကိုပိပိပြင်ပြင်ပြုံးရင်း......

"အဲ့မိန်းမသောက်မဲ့အထဲ

ဆေးခတ်လိုက်အပြင်စားနော်

လိုတာထက်ပိုပါစေ.....ပြီးရင် အဲ့ကိုငါ

လူနှစ်ယောက်လွှတ်လိုက်မယ် အဲ့လူတွေကို

အဲ့မိန်းမနဲ့ အခန်းတစ်ခန်းထဲထည့်ပေးလိုက်

ပြီးရင်မင်းတာဝန်ပြီးပြီ"

"ဟုတ်ကဲ့ပါ ကျွန်တော်တာဝန်ကျေရပါစေမယ်"

တစ်ဖက်က သူခိုင်းထားတဲ့သူက

သူခိုင်းထားသလိုလုပ်ဖို့အတွက် ဖုန်းချသွားတယ်ဆို

သူကလည်း သူအလုပ်စားပွဲပေါ် အပိုတင်ထားတဲ့ နောက်ဖုန်းတစ်လုပ်နဲ့ ကြေးစားလူမိုက်တွေဆီ နာမည်လွဲနဲ့ဖုန်းဆက်ကာ ပိုက်ဆံလည်းရမယ် ကောင်မလေးရောရမမယ်ဆိုတော့ တစ်စက်တောင်မငြင်းပဲ လက်ခံတာမို့ သူက သွားရမဲ့နေရာကို Location ပို့ပေးရင်း ပိုက်ဆံကိုပါ တစ်ခါထဲ သူဘဏ် acc မဟုတ်တဲ့ acc ကနေလွဲပေးလိုက်သည်။

"ယုတ်မာမယ်ဆိုတာ ကြိုပြောပြီးသား အချိန်ကလွဲလို့ပေါ့.....ခံနိုင်ရည်ရှိအောင်ကြိုးစားစမ်းပါ"

ပြောရင်း မနေ့ကမှဝယ်ထည့်ထားတဲ့

ဖုန်းကဒ်ကိုခုတ်ကာ ချိုးပစ်လိုက်ပြီး

မီးခြစ်ပါတစ်ခါထဲဆောင်ထားကာ

ကဒ်ကိုရှို့ပစ်လိုက်ပြီး

အမှိုက်ပုံးထဲပစ်ထည့်လိုက်သည်။

သူခိုင်းလိုက်တာက

ဘယ်လောက်တောင်ယုတ်မာတဲ့

လုပ်ရပ်လည်းဆိုတာသူသိပင်မဲ့

အဲ့ထက်ကိုပိုလုပ်မှာတွေရှိသေးတာမို့

ခံရမဲ့သူတွေအတွက်

ခံနိုင်ရည်ရှိဖို့တော့လိုမည်။သူက

မယုတ်မာရင်မယုတ်မာဘူး ယုတ်မာရင်လည်း

အဆုံးဆိုတာသိသွားတာပေါ့.........။

တစ်ဖက်က ဘားမှာတော့....

"ညီမအတွက် အစ်ကိုတစ်ယောက်မှာပေးသွားတာ

မြန်မာငွေ 7သိန်းတန်"

မေ သူမရှေ့ရောက်လာတဲ့

လက်မလောက်ပဲရှိတဲ့လေးကို သူမရှေ့ချပေးတဲ့

ဝိတ်တာကိုကြည့်လိုက်တယ်ဆို ပြောလာတဲ့

တစ်ခွက်တန်ဖိုးကြောင့်

လန့်သွားရသည်။တစ်ခွက်တန်ဖိုးက သူမတောင်

မကပ်နိုင်တာမို့ ဝယ်တိုက်တဲ့သူကို

ကျေးဇူးတင်ချင်တာကြောင့်.....

"ဝယ်တိုက်တဲ့သူက ဘယ်ရောက်သွားတာလဲ"

"အဲ့ အစ်ကိုကအခုလေးတင် သူကားနဲ့ပြန်သွားပါပြီ နောက်ရက်မှတွေ့ကြမယ်ဆိုပြီးပြောသွားတယ်!"

"မင်းသွားလို့ရပြီ"

သူမကို

ဒီလောက်ဈေးကြီးတာဝယ်တိုက်နိုင်တယ်ဆိုတော့ သူမကိုဝယ်တိုက်တဲ့သူဟာတော်ယုံလူမဟုတ်တာ သေချာသည်။နောက်ရက်တွေ့ကြမယ်ပြောထားခဲ့ တာဆိုတော့

သူမကိုကြိုက်နေတဲ့သူတစ်ယောက်ထင်သည်။အ

ခြေအနေကောင်းရင်တောင်တော့ ချစ်သူတော်ပြီး

လက်ထပ်ရတဲ့အထိစွဲဆောင်မည်။

"7 သိန်းတန်လေး သောက်ဖူးတယ်ရှိအောင်

သောက်ဦးမယ်"

ခုံပေါ်တင်ထားတဲ့ ဖန်ခွက်သေးသေးလေးကို

တစ်ချိုးကျထဲ မော့သောက်ဖြစ်လိုက်တာ

လည်ချောင်းထဲ ပူဆင်းသွားရပင်မဲ့

ကောင်းမွန်တဲ့ခံစားချက်မို့

တကယ်သဘောကျသည်။

"ဟွန်း ဒီအရက်ကတော်တော်ကောင်းတာပဲ

ချက်ခြင်းတကယ်လုံးလန်ဆန်းသွားတာပဲ"

ပြောပြီး ကနေကြတဲ့လုအုပ်ထဲဝင်ကာ သူမလည်း

ဝတ်ထားတဲ့ ခါတိုလေး နဲ့

စကပ်တိုလေးနဲ့လက်ဖက်ညီအောင်

ခန္ဓာကိုယ်လေးကို တအားမလှုပ်ပဲ

ဖြေးဖြေးရင်းကနေလိုက်သည်။

"ကျစ် ! မတန်မရာသောက်မိလို့လားမသိ

ခန္တာကိုယ်က ပူလိုက်တာ"

ကနေရင်းက

ခန္တာကိုယ်မှာရှိတဲ့သွေးကြောတွေကတစ်ဆင့်ပြီး

တစ်ဆင့် ပိုပိုပူလာတာနဲ့အတူတူ တစ်ခုခုကို

လိုချင်လာတဲ့စိတ်ကြောင့်

ဆေးခတ်ထားတာကိုမသိပဲ

သောက်ထားတဲ့အရက်ကြောင့်ထင်ကာ

ဘာမှမမူပဲဆက်ကနေလိုက်သည်။

"ဟိုမှာတွေ့လား ဂျင်းဝမ်းဆက်နဲ့တစ်ယောက်
အဲ့တာခင်များတို့ မှီဝဲဖို့အတွက်
ကျေနပ်မယ်ထင်ပါတယ်"

"အဲ့ဒါဆို ကျူပ်....."

"ဘယ်သူခိုင်းတာလဲ
လာမမေးနဲ့မဖြေဘူးနော်....ခင်များတို့သိထားရမှာ
က ခင်များတို့ဘာသာ
အခန်းမှားဝင်တာလို့ပဲ....ပိုက်ဆံလည်းရ
ဝမ်းလည်းဝတာကို ကျေးဇူးကန်းဖို့မကြံနဲ့"

အမှောင်ထဲမှာဦးထုတ်ကိုင်ဆောင်းထားတဲ့အတွက် သူကဘယ်သူဆိုတာကို

တစ်ဖက်ကကြမ်းတမ်းတဲ့မျက်နှာပိုင်ရှင်နှစ်ယောက်ကို ပြောစရာရှိတာပြောပြီး

ကိုယ့်ဘာသာဂွင်ဖန်မယ်ပြောတာကို

နေမင်းလက်ရာ လက်အောက်လူပီပီ

ကိုယ်တိုင်အခန်းထဲသွင်းပေးပြီးမှ ယုံမှာမို့.....

"သိပ်မလောနဲ့ခေ ခင်များစားဖို့ကိုငါးစာချပြီးနေပြီ

လက်ထဲကမလွှတ်ချင်နဲ့"



LAYNGE

ပြောရင်းထိုမိန်းမဆီကို လှမ်းကြည့်မိတော့ က
နေရာကနေသူတို့ဘက်ကိုလျှောက်လာတာကြောင့်
အခွင့်အရေးရတုန်း အကုန်လုံးအာရုံက
ကနေကြတဲ့ဆီကိုရောက်နေတာမို့
ထိုမိန်းမအနားရောက်လာတာနဲ့
လက်အိပ်စွပ်ထားတဲ့လက်နဲ့ ကိုင်လိုက်တာ်ဆို
သူ့အပေါ်ယိုင်ကြလာတာကြောင့်
သူလူနှစ်ယောက်လက်ထဲအပ်က
အခန်းထဲရောက်တဲ့အထိ လိုက်ကြည့်ပြီးမှ ထို
ဘားကနေပြန်ထွက်လာပြီး CEO ဆီကို OK ဆိုကာ
Message ပို့လိုက်သည်.......။

"ဆွေးရိပ်ကမ္ဘာ ရဲ့လုပ်ငန်းတွေနဲ့ပက်သက်တာတွေမှန်သမျှ သေးသေးကြီးကြီး အကုန်ငါတို့ Campany ကလက်ခံလိုက်"

နေတစင်း သူဘဝမှာစိတ်နာတယ်ဆိုတာ ဒါကပထမဆုံးမို့ သူကလေးတွေအတွက် ပြန်လက်တုန့်ပြန်ရမှကျေနပ်မှာမို့ ဖေဖေကတော့ ဘာတွေလုပ်နေမှန်း သူကိုမပြောသလို သူကလည်းမမေးတာမို့

ကိုယ်စီနည်းလမ်းတစ်ခုဆီနဲ့တိုက်ခိုက်မှာတော့အ
သေအချာ။

"ဟုတ်ကဲ့ပါ အစ်ကို အဲ့ဒါဆိုရင်
အင်ဂျင်နီယာတွေထက်ဌားရမယ် ကိစ္စကရော
ကျွန်တော်စီစဉ်လိုက်ရမလား"

"အင်း လုပ်လိုက် ပြီးတော့ နေလက်ရာကို
အစ်ကိုသူငယ်ချင်းရောက်နေတာ သွားခေါ်ပေး
သူနဲ့တိုင်ပင်စရာရှိလို့"

သူပြောတော့ သူလက်ထောက်ကောင်လေးက ခေါင်းငြိမ့်ကာ သူကိုလက်မှတ်ထိုးရမဲ့ File တွေပေးကာ ပြန်ထွက်သွားသည်။သူလည်း လက်ထောက်ကောင်လေးထွက်သွားတယ်ဆို သူလုပ်ရပ်သူပြန်တွေးမိသည်။

သူအခုလိုလုပ်တာ မမှားဘူးလို့ထင်သည်။သူဆုံးရှုံးနစ်နာထားတာက သက်မဲ့မဟုတ်ဘူး သက်ရှိတွေ။သူထိခိုကမဒဏ်ရာရတာထက် သူမျှော်လင့်ထားတဲ့ သမီးလေးတွေကို ဆုံးရှုံးထားရတဲ့

Lay Nge

စိတ်ဒဏ်ရာကမကျက်သေးတာအမှန်။ဒီဒဏ်ရာမကျက်သေးခင် လက်တုန့်ပြန်တာက စိတ်အခြေအနေနဲ့ ပိုပြီးကောင်းတာမို့ လက်တုန်ပြန်ကိုပြန်ရမည်။

"ပါး !"

သူလက်တုန့်ပြန်မဲ့အကြောင်းကိုတွေးနေခိုက် သူ့ရုံးခန်းထဲရောက်လာတဲ့ Light ကြေည်င့်အတွေးတွေကို ဖျောက်ပစ်ကာ ထိုင်ရာကထကာသူမဆီကိုသွားလိုက်သည်။

"ကိုယ့်ဆီလာတာလား ကလေးတွေရော"

"ကလေးတွေက မေမေ နဲ့ကျန်ခဲ့တယ် အခု ပါးကိုလာခေါ်တာ သားကျောင်းမှာရန်ဖြစ်လို့တဲ့"

Light နှုတ်ကနေ သားရန်ဖြစ်တယ်ဆိုတာကြောင့် သူမျက်ခုံးပင့်တက်သွားရကာ အံ့သြသွားရသည်။သားက ရန်ဖြစ်ဖို့နေနေသာသာ သူစာကလွဲကျန်တာ

ဘာမှစိတ်ဝင်စားတာမဟုတ်။အဲ့လိုကလေးကရန်ဖြစ်တယ်ဆိုတာကြောင့်အံ့သြသွားရသည်။

"ကိုယ်တို့သွားရမှာပေါ့ ဒါဆို ဘာဖြစ်တာတဲ့လဲ"

သူစကားပြောရင် အလုပ်ခုံပေါ်က ပိုက်ဆံအိတ်နဲ့ ဖုန်းကိုယူကာ သူမဆီပြန်လျှောက်လာတော့ သူမက....

"မသိဘူး ပါး ဆရာမကဖုန်းဆက်တာ လာကြည့်ဖို့ပဲ"

သူမပြောတာကို ခေါင်းငြိမ့်ကာ

သားရှိရာကျောင်းကိုအတူတူထွက်လာလိုက်သည်။

သားက တစ်ခါတစ်လေအေးတာမှန်ပင်မဲ့

အတွင်းစိတ်ကိုမသိတော့

ရန်ဖြစ်ရတဲ့အကြောင်းအရင်းသိမှပြောလို့ရတော့မ

ည်။သူတို့နှစ်ယောက် ကျောင်းရောက်တော့

ကျောင်းအုပ်ရုံးခန်းထဲကို မေးပြီး သွားရသည်။

ကျောင်းအုပ်ရုံးခန်းထဲရောက်တော့

သားကတစ်ဖက်က ခုံမှာထိုင်နေသလို

သားနဲ့ဆန့်ကျင်ဘက်နေရာမှာလဲ သားထက်ထွားတဲ့ ကောင်လေး နဲ့ သူအုပ်ထိန်းသူလို့ထင်ရတဲ့ မိန်းမကိုတွေ့ရသည်။

"မာန်လေး မိဘတွေရောက်လာပြီပဲ"

"သားကရန်ဖြစ်တာဆိုတော့ ဘာကြောင့်များလဲ"

သူက
သားမျက်နှာကဒဏ်ရာတစ်ချို့ကိုတွေ့တယ်ဆို ကျောင်းအုပ်ကိုမေးလိုက်တော့ Light ကလည်း

သားအနားသွားကာ သားမျက်နှာကို ကိုင်ကြည့်နေသည်။

"ဘာဖြစ်ရမှာလည်း မင်းသားက အသက်အရွယ်နဲ့မှမလိုက် ငါ့သားကိုထိုးထားတာ ဒါလား 5တန်းကျောင်းသားက....အခု သူ့အဖေသာပါလာရင် မင်းသားမလွဲဘူး!"

"ဒါကခင်များရန်စကားပြောတာပဲ သူ့အဖေပါလာတော့ရော ကျုပ်သားကိုလုပ်တာကို ဒီအတိုင်းကြည့်နေမဲ့ထဲ ကျုပ်မပါဘူးနော်"

"ဒီမှာအစ်မ ကျွန်မသား နဲ့ ရှင့်သားအရွယ်က
မနည်းဘူးကွာလောက်ပါတယ် အဲ့တာကို
ကျွန်မသားပဲ
လွှန်ကျူးထားသလိုလိုနဲ့မစွပ်စွဲနဲ့.....ဆရာမတို့ပြော
ပါ သားနဲ့ ဒီကောင်လေးက ဘယ်လိုဖြစ်တာလဲ"

လင်းရိုပ်ကို တစ်ဖက်ကကလေးအမေနဲ့ဆက်ပြီး
စကားပြောရင်
ရန်ပွဲတွေဖြစ်တော့မှာသေချာသိတာကြောင့်

အကြောင်းအရင်းကို

ဆရာမတွေဆီပဲတိုက်ရိုက်မေးလိုက်တော့....

"ဒီလိုပါ ညီမ မာန်လေးကတကယ်ကို

ကျောင်းရဲ့ထူးချွန်ကျောင်းသားပါ ဒါပင်မဲ့

အစ်မတို့ကျောင်းမှာက

သူများပစ္စည်းခိုးတဲ့သူတို့ဘာတို့ဆို

လက်ခံလို့မရဘူး.....ဒီစာအုပ်က

ဆယ်တန်းကကောင်လေးစာအုပ် အဲ့တာကိုမေ့ပြီး

5 တန်းအခန်းထဲက သူ့ညီမလေးဆီလာရင်း

ကျန်ခဲ့တာ အဲ့တာကိုယူထားပြီး

ဟိုကသူဟာတွေတော့
ပြန်တောင်းတာမပေးလို့ဖြစ်ကြတာ"

နေတစင်း ဆရာမက ကစားပွဲပေါ်တင်ထားတဲ့
စာအုပ်ကိုယူကာကိုင်ပြပြီး
သူ့သားကိုပြောနေတဲ့စကားတွေက
တအားစော်ကားလွန်းတာမို့ဒေါ်သကထွက်လာတာ
ကြောင့်
လက်သီးကိုစုပ်ထားမိသည်။ပြောချင်တာက
သူ့သားကအကျင့်စာရိတ္တမကောင်းလို့
ထူးချွန်ကျောင်းသားဖြစ်တာတောင်
မထားနိုင်ဘူးပေါ့။

"သား မေမေကိုပြော

အဲ့စာအုပ်ကိုသားယူထားလား"

"ခဏလေး မဖြေနဲ့ဦးသား"

သူဆရာမလက်ထဲက

စာအုပ်ကိုယူကာကြည့်လိုက်တော့

မြန်မာနိုင်ငံမှာတောင်အလွယ်တဝယ်လို့ရတာမျိုးမ

ဟုတ်။ပြီးတော့ စာအုပ်တံဆိပ် နဲ့

ထုတ်လုပ်တဲ့နိုင်ငံကိုကြည့်ပြီးတယ်ဆို.......

"အစ်မ ဒီစာအုပ်ဘယ်လောက်တန်လဲ"

" 25000 တန်တယ် ဟိုတလောကမှ ဝယ်ပေးထားတာ"

"မဟုတ်ဘူး ဖေဖေ အဲ့တာသားစာအုပ်....အဲ့တာသားကို အန်ကယ်က ပြင်သစ်ကိုအလုပ်ကိစ္စနဲ့သွားရင်း ဝယ်လာတာ တန်ဖိုးတော့ သားမသိဘူး.....သား သူများပစ္စည်းမခိုးပါဘူး"

Lay Nge

လင်းရိပ်ကို သားလေးက ပါးကိုကြည့်ပြီး သူ့ကိုယုံပါဆိုတဲ့အကြည့်နဲ့ မျက်ရည်ဝဲလျက် သူမခိုးဘူးဆိုတဲ့အကြောင်းပြောတော့ သူမစိတ်မကောင်းဖြစ်သွားရသည်။သူမ သားလိုကလေးလေးကို ဆရာမတွေရော ကျောင်းသားမိဘကပါပြောနေတာကြောင့်......

"ပါး သားကိုဒီကျောင်းမှာမထားနိုင်တော့ဘူး ပြီးတော့ အဖြစ်မှန်ကို ပါးစုံစမ်းပေးနော် ! သားလေးကိုထိရင် ဘယ်သူဖြစ်ဖြစ်မခံဘူး"

"ဖြစ်သမျှတွေကို တောင်းပန်လိုက်ပါ

ပြဿနာတွေကြီးအောင် မလုပ်ပါနဲ့

ကျောင်းမှာကအခု VIP ညှော်သည်ရောက်နေတော့

အဆင်မပြေဘူး"

နေတစင်းစိတ်ရှိလက်ရှိလုပ်လိုက်ရရင်

ပြဿနာတွေအကုန်ရှုပ်ကုန်တော့မှာမို့

ပြဿနာဖြေရှင်းဖို့အတွက်

စိတ်ကိုလျှော့လိုက်ရသည်........။

"CEO

ဒီကျောင်းမှာကထူးချွန်ကျောင်းသားတွေမွေးထုတ်နို

င်တာက CEO ရဲ့ဖေးမမှုပါပဲ"

နေက KTM English

ကျောင်းမှာရှယ်ယာထည့်ထားတာက

70%လောက်ရှိတာမို့ သူသာအဲ့ကျောင်းကိုလာရင်

ကျောင်းတည်ထောင်သူကအစ

ဆရာဆရာမတွေအဆုံး

အသည်းသန်ဖြစ်ပြနေတာက သူ့အတွက်

ေ့မထူးဆန်းပေ။သူက

ကျောင်းကိုလာတာကလည်း တစ်နှစ်နေမှ

တစ်ခါလောက်သာရောက်မို့

သူသာလာရင်ဘုရင်တစ်ဆူလို့ပင်။သူကျောင်းအထဲ

ကိုပတ်ကြည့်နေရင်းက တစ်နေရာအရောက်....

"ဒါက ဘာလဲ"

"ကျောင်းအုပ်ရုံးခန်းပါ CEO"

ကျောင်းအုပ်ရုံးခနဆိုတာကြောင့်

တံခါးဖွင့်ထားတာမို့ အထဲကိုလှမ်းကြည့်လိုက်တော့

သားတို့ကို တွေ့လိုက်တာကြောင့်

သူဘာမပြောညာမပြောနဲ့

ရုံးခန်းထဲဝင်လာလိုက်သည်။သူဝင်လာတာတွေ့တ

ယ်ဆို ဆရာမတွေရော

ကျောင်းအုပ်တွေပါထိုင်ရာကနေ

မက်တပ်ထရပ်ကြပြီး......

"CEO ကျောင်းလာကြည့်တာလားရှင့်"

ဆရာမတွေက သူနှုတ်ဆက်တယ်ဆို

သားကဘယ်သူလည်းဆိုတာလှည့်အကြည့်

သူကိုခေါ်မလို့ရှိသေး နေ

ကသားမျက်နှာကြည့်တာနဲ့

ပြဿနာတက်နေမှန်းသိတာမို့

စိတ်ဆာတ်တွေသိချင်တာကြောင့်

သားကိုမသိမသာခေါင်းရမ်းပြလိုက်သည်။

"ဝင်လာတဲ့အချိန်မှားသွားတယ်ထင်တယ်

ပြဿနာရှိနေတာမသိလိုက်ပါဘူး"

"သိပ်အကြီးအကျယ်ကြီးမဟုတ်ပါဘူး

5တန်းကောင်လေးက HK

LayNge

ကဆယ်တန်းကောင်လေးရဲ့စာအုပ်ကိုခိုးပြီး
ပြန်မပေးပဲထိုးကြိတ်တာတွေဖြစ်တာပါ"

ကျောင်းရဲ့ကျောင်းအုပ်က
မာန်လေးကိုသူခိုးလို့ပြောနေတာက
ဂုဏ်ယူဝင့်ကြွားစွာ။သူတို့လူများပြောနေတယ်ဆို
တာကို မရိပ်မိသေး။ထိုဆရာမက
စာအုပ်လို့ပြောတယ်ဆို သားကိုင်ထားတဲ့
စာအုပ်ဆီအကြည့်ရောက်သွားသည်။အဲ့စာအုပ်ကိစ္စ
ဆိုရင်တော့ တစ်ဖက်က မိသားစုရော
ကျောင်းပါနာပြီမှတ်လို့တွေးကာ
သားလက်ထဲကစာအုပ်ကိုယူလိုက်သည်။

"ပြဿနာက ဒီစာအုပ်လား !"

"ဟုတ်ပါတယ် အဲ့တာကျွန်မသားစာအုပ်ကို အဲ့မိမစစ်ဖမစစ်လေးက ခိုးသေးတယ် လက်လေးပါသေးတယ် လူပါးဝချက်က....အိမ်ကအမျိုးသားသာပါလာရင်မလွယ်ဘူး"

"အင်း HK ကဆိုတော့ ကိုခန့်နေနိုင် ထင်တယ် သူကဘယ်အားပါ့မလဲ နောက်မီးလင်းနေတာကို

အခုလည်း Hotel မှာရောက်နေတယ်ထင်တယ်

နေ့တိုင်းတွေ့နေရတာ"

နေ

စကားကြောင့်တစ်ဖက်ကမိန်းမမျက်နှာပျက်ကျ

သွားသည်။ဒီလောက်နဲ့ ကျေနပ်တဲ့အထဲ

နေမင်းလက်ရာဆိုတဲ့ကောင်မပါတာမို့........

"ဒီစာအုပ်ပိုင်ရှင်သာ ခင်များတို့ဆိုရင်

တန်ဖိုးကိုသိမှာပေါ့ ဘယ်လောက်လဲ သိမှာပေါ့"

"25000 တန်တယ်လို့တော့ သူပြောတာပဲ ဖေဖေ!"

နေတစင်းပါးစပ်ကနေ

နေကိုဖေဖေလို့ခေါ်လိုက်တယ်ဆို

ခဏကစော်ကားပြောဆိုနေတဲ့

ဆရာမတွေရဲ့မျက်နှာတွေအကုန်ငယ်ကုန်ကာ

နေဘေးနားရပ်နေတဲ့ ပိုင်ရှင်တောင်

ချွေးပျံလာရသည်။

"ဟွန်း

သူခိုးကလူပြန်ဟစ်တယ်ဆိုတာမျိုးကိုပြောတာနေ

မယ် ! အဲ့စာအုပ်တန်ဖိုးက $200

အတိတန်တယ်ဆိုတာသိလား....အဲ့စာအုပ်က

ကျူပ်ကိုတိုင် UK

သွားရင်းဝယ်လာခဲ့တာ...ခင်များတို့ပြောနေတဲ့

ဒိမိသားစုက ဒီကျောင်းရဲ့70

%ကိုပိုင်တယ်ပြောယုံမလား!......အပိုတွေမပြောချင်

ဘူး HK နဲ့ကတော့

ကိုယ့်ဘာသာအပြင်မှာရှင်းလိုက်လို့ရတယ်

ကျောင်းကိစ္စကတော့....ကျူပ်ကျေနပ်အောင်ဘယ်

လိုလုပ်ပေးမှာလဲ"

နေအရေးမပါတဲ့လူတွေကို

မေးပြီးသူ့အချိန်တွေကုန်မှာထက်

ကျောင်းရဲ့လက်ရှိပိုင်ရှင်ကိုမေးလိုက်တော့

ချွေးတွေပျံပြီး ပြောစရာစကားပင်သူမှာမပြောနိုင်။

"ကျူပ်ကျေနပ်လောက်အောင်

မလုပ်ပေးရင်ဒီကျောင်းမှာထည့်ထတဲ့

ရှယ်ယာတွေအကုန်ပြန်ထုတ်မှာ

စကားကိုနှစ်ခါပြန်မပြောတက်ဘူး!"

ပြောကာ စိတ်ဆိုးမာန်ဆိုးထွက်သွားတဲ့နေကို

ကြည့်ရင် ကျန်တဲ့သူတွေ နဲ့

ဒီကျောင်းရဲ့ဆက်ရှိနေမှုက

နေတစင်းအပေါ်ကိုရောက်လာတာမို့ အာရုံက

သူတို့မိသားစုဆီ.........။

~~~~~~~~~~~~~~~~ဆက်ရန်။

￼

🍭You are my life🍭

Chapter _ 19

LayNge
~~~~~~~~~~~~~~~~

မေ တစ်ယောက်မနက်နိုးလာတော့ အသက်ပင်ကောင်းကောင်းမရှုနိုင်တဲ့အထိဖြစ်သွားရကာ ကိုယ်ဘာဖြစ်ခဲ့တာလဲဆိုတာ ပြန်မတွေးနိုင်သေးပဲ သတိရှိနေတုန်း ဖုန်းခေါ်ကာ အမေဖြစ်သူကို လာခေါ် ခိုင်းပြီး ဆေးရုံတင်လိုက်ရသည်။

"လူနာက

အဓမ္မကျင့်ခံထားရတဲ့အနေအထားတွေတွေ့ရတယ်

LayNge

ပြီးတော့ အခြေအနေကအတော်ကိုဆိုးရွားလို့ ဆေးရုံမှာထားရလိမ့်မယ်"

ဆေးရုံကုတင်ပေါ်မှာ

မျက်နှာဖြူဖျော့ကာသတိလစ်နေတဲ့ မေ

ပုံစံကိုကြည့်ကာ ဆွေးရိပ်ကမ္ဘာရော

ဒေါ်သန္တာတို့လင်မယားမှာမျက်နှာတွေပျက်နေကာ

ဆရာဝန်ဆီကစကားကြောင့်ပိုဆိုးသွားရသည်။

"ဆရာ အမြဲမှကျင့်တဲ့လူတွေကို"

"အဲ့တာညကကျွန်တော်တို့အပိုင်းမဟုတ်ဘူး အန်တီ
တရားရေးရာနဲ့ပဲဆိုင်တာ ရဲကိုပဲတိုင်လိုက်ပါ"

ဆိုတာကြောင့်
ကိုယ့်သားသမီးဆေးရုံရောက်နေတော့
ပူထူကာပြောနေတဲ့ သန္တာကိုနားလည်ကာ
ဆွေးရိပ်ကမ္ဘာက ပုခုံးလေးကိုဖက်ထားပေးတော့.....

"သန္တာသမီးလေးက ဘာမှမဖြစ်ပါဘူးနော်"

"ဘာမှမဖြစ်ပါဘူး သန္တာရယ်
စိတ်ကိုလျှော့ထားနော်....မေ အသက်ရှင်ဖို့
ကိုယ်ပိုက်ဆံဘယ်လောက်ကုန်ကုန်ကုပါ့မယ်"

လို့ သူကပြောတော့ သန္တာက
မျက်ရည်တွေဝဲလျက်သူ့ကိုကြည့်နေတာကြောင့်
သူမကြည့်ရက်စွာ မျက်နှာလွှဲလိုက်မိသည်။သန္တာက
သူ့အတွက်ငယ်ချစ်ဦး ဖြစ်တဲ့အပြင်
ကျောင်းတက်စဉ်ကတည်းကချစ်သူတွေဖြစ်ခဲ့ကြ
တာမို့
ကျောင်းပြီးတာနဲ့လက်ထပ်ဖို့တွေးထားခဲ့ပေမဲ့
အကြောင်းအမျိုးမျိုးကြောင့် လက်မထပ်ဖြစ်ခဲ့။

ကျောင်းပြီးထဲကကွဲသွားတာ

သူလုပ်ငန်းတွေပြန်စလုပ်တဲ့အခါမှ

ပြန်တွေ့ကြတော့ ဇာတ်လမ်းဆက်ဖို့ လုပ်ပင်မဲ့

သူမာမီက

သမီးရဲ့အမေနဲ့လက်ထပ်ပေးခဲ့တာကြောင့်

ကွဲကွာခဲ့ရပြန်သည်။

သမီးရဲ့အမေမဆုံးခင် နှစ်နှစ်လောက်ကတည်းက

သူတို့ပြန်တွေ့ကြတော့ ကိုယ်ပိုင်ဘ၀ကိုယ်ဆီ

ရှိကြပင်မဲ့ သန္တာယောကျ်ားကမရှိတော့တာကြောင့်

ဇာတ်လမ်းဆက်ဖြစ်ခဲ့ကြသည်။သူတို့တွေဖောက်ပြ န်တာကို သမီးအမေကရိပ်မိတာကိုသိတယ်ဆို မေလင်း ကန့်လုံးရောဂါသည်မို့ သူမသောက်နေကြဆေးတွေနေရာမှာပုံစံတူတစ် ခြားဆေးတွေကိုပြောင်းထားခဲ့ကြသည်။အဲ့တာ ကြောင့်လည်း မေလင်း ဆုံးသွားခဲ့ရတာပါမှာပေါ့။

"ကို သန္တာသမီးလေး သတိရလာတဲ့အခါသူမဖြစ်သွားတာကို သတိရရင်အရမ်းခံစားရမှာနော်"

"အဲ့အခါကြ
သူနားလည်အောင်ကိုယ်တို့ကပြောပြရမှာပေါ့
သန္တာရာ"

ဆေွးရိပ်ကမ္ဘာတစ်ယောက်
သမီးအရင်းဆေးရုံတက်နေတုန်းကတောင်
ဟိုဘက်မိသားစုကသွေးပါလို့ဆိုပြီး
ဆေးရုံကိုတစ်ခေါက်တောင်မသွားခဲ့တာ အခုတော့
မျက်စိမျက်နာပျက်ကာနေတော့သည်......။

Lawnge

တစ်ဖက်ခြမ်းမှာ ကမ္ဘာပျက်နေပင်မဲ့

တစ်ဖက်မှာတော့ မနက်စောစောကြားလိုက်ရတဲ့

သတင်းကြောင့်ကျေနပ်နေကာ

မနက်စာစားနေရင်းတောင် ပြုံးနေမိတော့သည်။

"မောင် ဘာတွေကျေနပ်နေတာလဲ"

သဘာဝ မနက်စာစားနေရင်းက

မျက်နာကအရင်နေ့တွေလိုမဟုတ်ပဲ

ခဏခဏပြုံးသွားတာကို သတိထားမိတော့

သူမကမေးလိုက်တယ်ဆို......

"ဘာမှမဖြစ်ပါဘူး ဒီအတိုင်းပျော်စရာရှိလို့ပါ"

"မောင် မနေ့က
မာန်လေးတက်တဲ့ကျောင်းမှာပြဿနာတက်တယ်
ဆို"

သူက မေးတာကိုပြန်ဖြေပြီးတယ်ဆို
ဘေးနားကပေါက်စနလေးကို မုန့်ကျွေးရင်း
သူဆက်စားနေရာက မိန်းမဖြစ်သူကဆက်ပြီး
မေးခွန်းထုတ်လာတာကြောင့်......

"မောင် ဘယ်လိုလုပ်မှာလဲ"

"ဘယ်လိုလုပ်ရမှာလဲ
မောင်ကပြောပြီးသားစကားမပြင်ဘူး
မောင်ကျေနပ်လောက်အောင်မလုပ်ပေးနိုင်ရင်
အဲ့မှာထည့်ထားတဲ့ရှယ်ယာတွေပြန်ထုတ်မှာလို့ပြော
ပြီးသား တကယ်လုပ်မှာ!"

"ဘယ်သူကရော ဖေဖေ
တကယ်မလုပ်ဘူးပြောနေလို့လဲ"

နေစကားကိုနားထောင်ပြီး ထရီကာ ပြောတဲ့
နေတစင်း စကားကြောင့် မကျေနပ်သွားသူကတော့
တစ်ခြားသူတော့မဟုတ်
လီလီပန်းသွေးပင်။အစ်ကိုဖြစ်သူက
အဖေကိုပြေညတယ်ဆို နှုတ်ခမ်းသေးသေးလေးက
စူထွက်လာကာ......

"နေနေ !!!"

LayNge

လီလီလေးရဲ့ဒေါသတကြီး နေနေလို့ထအော်သံက ဘယ်လောက်တောင်ကျယ်လည်းဆိုရင်

ဘေးနားက နေမှ

နားထောင်ပိတ်လိုက်သည့်အထိပင်။အရွယ်လေးနဲ့မှ မလိုက် အသံအောင်သလားမမေးနဲ့။

"အော့ နားကိုအူသွားတာပဲ ပေါက်စိမရာ ဖြေးဖြေးပြောလည်း ကြားတယ် ငါနားမလေးဘူး"

"နေနေ နော် သတိထားနေ လီလီလက်စာမိမယ်"

အံ့မယ် သူလိုပေါက်စနမကများ

သူကိုလက်စာမိမယ်လေး ဘာလေးနဲ့။တကယ်

ဖေဖေတို့က သူ့သမီးကို

ဘယ်အဆင့်ထိအလိုလိုက်ထားလည်းဆိုတာ

အတူနေမှသိတော့။ပြီးတော့ ဟိုနေက

နိုင်ငံခြားဝင်ငွေစရင်းကိစ္စက

ဖေဖေမဆုံးရှုံးဘူးဆိုရင်တောင် သိန်း

50လောက်တော့ ပလုံသွားမှာသေချာသည်။

"နင်ကများ ငါ့ကိုလုပ်ချင်သေးတယ် ဟုတ်လား

ကိုင်ပေါက်ပစ်လိုက်လို့"

နေတစင်းကပါးစပ်ကသာ

ကိုင်ပေါက်ပစ်လိုက်လို့ပြောတာ

တကယ်တမ်းစိတ်ထဲကမပါပေ။သူ့ကစိတ်ထဲကမ

ပါပဲပြောလိုက်ပင်မဲ့ သူ့အဖေလိုလက်တွေ့သမား

လီလီက အဖေကခွံ့လိုက်တာကို

ပါးစပ်ထဲခဏဝါးပြီးတယ်ဆို

လက်ထဲပြန်ထွေးထုတ်ကာ

နေတစင်းကိုလှမ်းပေါက်တာ မျက်နှာတည့်တည့်.....

"သမီးငယ် !!"

သဘာဝက စိတ်ဆတ်တဲ့သမီးဖြစ်သူကို

ထအောင်ပင်မဲ့ နေ နဲ့ လင်းရိပ်ကိုကတော့

နေတစင်းခံသွားရတာကိုကြည့်ကာ

သဘောကျနေတော့သည်။စားပြီးသားကြီးနဲ့အပက်

ခံလိုက်ရတဲ့ နေတစင်းမှာတော့......

"အားးး ညစ်ပတ်ကုန်ပြီ

ခဏနေငါအလုပ်သွားရတော့မှာသိလား!"

"သိသားပဲရေ! တမင်ကိုရတ်တာ!!"

နေ ပြောသမျှကိုတစ်ခွန်းမခံ

ရဲရဲဝင့်ဝင့်ပြန်ပြောနေတဲ့ သမီးလေးကိုကြည့်ကာ

အတော်ပင် သဘောကျနေတော့သည်။သား နဲ့

သမီးမှာ အငယ်လေးရဲ့ပုံစံက သူလိုပင်။

"အေး အဲ့တာဆိုငါလည်း တမင်လုပ်ချင်သေးတာ"

ပြောရင်းထိုင်နေရာက ထကာ လီလီလေးကို

ကောက်ချီရင်း သူမျက်နှာလေးကို

သူမျက်နှာနဲ့ပွတ်တိုက်ပစ်ကာ

ပါးလေးကိုအကြမ်းပတမ်းနမ်းပစ်လိုက်တော့.....

"အီးးး နေနေ ရှုတ်တာနာသွားပြီ အီးးးး

လူဆိုးကောင်ကြီး ဖက်"

အသားနာသွားတာနဲ့

မျက်နှာတစ်ခုလုံးရဲလာတဲ့အထိဒေါသထွက်လာကာ

နေတစင်းရဲ့မျက်နှာကို

သူ့လက်သေးသေးလေးတွေနဲ့ရိုက်တော့သည်။

"သမီး နာနာလေးရိုက် ကိုကို ကို!"

လင်းရိပ်ကိုကလည်း ကလေးကိုတအားစနေတဲ့ ပါးကိုမှတ်သွားအောင် လီလီလေးကို လုပ်ဖို့ပြောတော့ လီလီလေးက ရိုက်နေတဲ့သူလက်တွေကို နေနေကချုပ်ထားတာကြောင့် ဉာဏ်ကောင်းတဲ့ ကလေးပီပီ နေနေ နှာခေါင်းကြီးကို ကိုက်ချပစ်လိုက်သည်။

"အားးးးး !!"

ဒီတစ်ခါ

နေတစင်းတကယ်နာသွားတာပင်။လီလီလေးသွား
က သေးသေးလေးတွေဆိုပင်မဲ့ ချွန်နေတာကြောင့်
တကယ်ကိုသူ့နှာခေါင်းနာသွားရတာပင်။

သဘာဝလည်း မွေးထားတာနှစ်ယောက်ထဲကို စနေ
နဲ့ ဗုဒ္ဓဟူး ဖြစ်နေတော့
လုံးဝကိုမတည့်ကြတာကြောင့် ထိုင်ရာကနေထကာ
မောင်နှမနှစ်ယောက်အနားသွားပြီး သားလက်ထဲက
သမီးလေးကိုချီလိုက်ရသည်။

"ကျစ် ! တကယ်နာတာ

မေမေသမီးကတကယ်လုပ်တာ"

"သမီး ! ကိုကိုသနားပါတယ် နာသွားပြီ

ဘယ်လိုလုပ်မလဲ ပြော"

သားကတကယ်နာသွားတာမို့

သူမကသမီးကိုပြောတော့

သမီးကတစ်ချက်ကြည့်ကာမျက်စောင်းထိုးပြီး

တစ်ဖက်ကိုပြန်လှည့်သွားသည်က
သူမကြည့်ချင်တော့ဘူးဆိုတဲ့ သဘော။

"ဟွန့် မောင့်သမီးတွေလား သူများသားကို
ကိုက်ပြီးတော့"

"သူက ကလေးနဲ့တူဖြစ်နေတာကို !
သူကအဖေကိုမလေးမစားလုပ်လို့
ဖေ့သမီးလေးကဆုံးမပေးတာ မဟုတ်လား"

"ဟုတ်တယ်ဖေဖေ နေနေကအတော်ကိုဆိုးတယ်

စိတ်တကယ်ညစ်တယ် !!"

မသိရင်သူတို့သားအဖပြောနေတဲ့ပုံက

သူမသားလေးကပဲ

အဖေကိုမလေးစားတဲ့လူမိုက်ကြီးပုံစံပြောနေတာ

ကြောင့် သမီးလေးကိုမြှောက်ပေးနေတဲ့

မောင်ကို.....

"နေမင်းလက်ရာ !! နင်....."

"မေမေနော် ဖေဖေကို

နေမင်းလက်ရာလို့ခေါ်တာလဲ အစကတော့ မောင်

ဆို....အဲ့ဒါဆို ဖေဖေက မေမေကို သဘာဝပန်း

လို့ခေါ်ရင်ကြိုက်လား"

သူမကကိုယ့်ယောကျ်ားကို ပြောနေတာကို

သူကဆရာကြီးဝင်လုပ်နေပြန်တာကြောင့် သဘာဝ

သမီးဖြစ်သူကို

သူ့အဖေလက်ထဲသွားထည့်ပေးလိုက်ကာ.....

"အဲ့တာဆို ကိုယ်အဖေကိုပဲချစ်တော့"

"ဂျစ်မှာ အားကြီးချစ် လီလီဖေဖေလူချောလေး"

သူမကပြောတယ်ဆို

သူ့အဖေကိုပဲချစ်မှာလို့ပြောတဲ့အပြင်

သူအဖေချောတယ်ဆိုတာပါကြောငြာဝင်သွားတဲ့

သမီးတော်လေး။မောင်အသည်းတွေကို

အဲ့လိုချွေနေလို့လဲ အဖေဖြစ်တဲ့မောင်က

သမီးမှသမီးဖြစ်နေတာ.....။

"ဆေးရုံတင်ရတာလေးနဲ့ ကျေနပ်တဲ့အထဲ

ငါမပါဘူး ဒါကြောင့် ငါခိုင်းသလိုလုပ်ပေးနိုင်မလား"

နေကအိမ်မှာ သူဖြစ်ချင်တာ

သူလုပ်ချင်တာတွေမကုန်ထုတ်ပြောရင် ဘယ်လိုပဲ

မ ကပြန်တုန့်ပြန်ဖို့ခွင့်ပြုထားသည်ဖြစ်ပါစေ

အကြင်နာတရားအပြည့်နဲ့ ချစ်ဇနီးက

အခုလိုလွန်လွန်ကြူးကြူးတွေလုပ်နေတာကို

အနည်းငယ်လောက်တော့

တားမြစ်မှာသေချာတာကြောင့်

သူအဲ့ကိစ္စနဲ့ပက်သက်ရင် campany မဟုတ်ရင်

Hotel ရောက်တော့မှ လုပ်ဖြစ်သည်။

"ဒါဆို မင်းပြောချင်တာက

ငါကမိန်းမနှစ်ယောက်ဖန်တီးပြီး မေ

ဆိုတဲ့မိန်းမနဲ့အိပ်သွားတဲ့အကောင်နှစ်ကောင်ရဲ့

မိန်းမအဖြစ်ပေါ့ ပြီးရင် ပွဲသွားကြမ်းရမယ်!"

"ဟွန်း မင်းတောင်ဉာဏ်ကောင်းလာပြီပဲ"

မင်းနေခ တစ်ယောက်ခင်လာတဲ့

သက်တမ်းတစ်လျှောက် ဒီကောင်က

ပထမဆုံးသူ့ဆီကို ဖုန်းဆက်ပြီး

အကူအညီတောင်းတာကြောင့်ရယ် သူကျေးဇူးက
ကိုယ့်အပေါ်မနည်းတာကြောင့်မို့
ကူညီဖို့ဆုံးဖြတ်လိုက်သည်။ပြီးတော့
နေဆီကစကားတစ်ချို့ကြားရတာက
သူတို့မိသားစုမှာတကယ်ကို
ကြီးကြီးမားမားဆုံးရှုံးသွားတာမို့
နေလုပ်တာတကယ်ကိုမလွန်ပါ။

"ငါစီစဉ်ပေးမယ် ဘယ်တော့လောက်လဲ"

LayNge

"အဲ့မိန်းမဆေးရုံကဆင်းတဲ့အချိန်ကြမှ ဒါမီမဟုတ် ဒီကြားထဲ လုပ်သင့်တဲ့အချိန်ကြ ငါ Messenge ပို့လိုက်မယ်"

"အင်း အဲ့ဒါဆိုလည်း ပြီးရော မင်းသဘောပဲ"

ဆိုကာဖုန်းချသွားတဲ့ မင်းနေခဆိုတဲ့ကောင်။အဲ့ကောင်နဲ့က သိတာဆို မနဲ့မတွေ့ခင်ကတည်းက ဆေးစွဲနေတဲ့ကောင်ကို သူဆုံးမလိုက်လို့ နေရာမှန်ပြန်ရောက်သွားတာ အခုထိမမေ့။ဆုံးမတယ်ဆိုတာကလည်း

အဲ့အချိန်က အဲ့ကောင် ဆေးသမားဖြစ်တဲ့အပြင်

သူတို့ကလည်း ခပ်တိုးဆိုးကောင်တွေ

သွားတွေတော့ မှတ်လောက်သားလောက်အောင်

သူထိုးလိုက်တာ

ဆေးရုံတောင်တက်ရတဲ့အထိပင်။အဲ့ကတည်းက

အဲ့ကောင်ဆေးပြတ်သွားတာ အခုထိပင်။

"မောင် "

"ဟာ မောင့်မိန်းမ ဘာလာလုပ်တာလည်း "

"နေ့လည်စာလာကျွေးတာလေ"

မကာသူကိုပြောရင် ဆွဲလာတဲ့ခြင်းရော

လက်တစ်ဖက်ကချီလာတဲ့

ကလေးကိုမြင်လိုက်တော့ သမီး မဟုတ်ပဲ

နေအရိပ်လေးဖြစ်နေတာကြောင့်

သူထိုင်နေရာကထကာ

မလက်ထဲကဆွဲခြင်းကိုဆွဲကူလိုက်သည်။သူကဆွဲခြင်းကို စားပွဲတင်ကာ ဆိုဖာမှာထိုင်လိုက်တယ်ဆို မကလည်းသူ့ဘေးနားဝင်ထိုင်ပြီး ပေါင်ပေါ်ကို

နေအရိပ်လေးကိုတင်လိုက်တော့....

"မေ့ မေမေ နို့တောက်မယ်"

နေ နေအရိပ်လေးစကားပြောတာကိုနားထောင်ရင်း
အဲ့ကောင်စုတ်လေးက ပါးစပ်ကလည်းပြောသလို
လက်သေးသေးလေးကလည်း
မရဲ့ရင်ဘက်ကိုရောက်လာတာကြောင့်.....

"ဟိတ်ကောင် ! မင်းနော်
အဲ့တာမင်းအမေမဟုတ်ဘူး ငါ့မိန်းမ !"

မောင်က သူ့ရင်ဘက်တွေကို

ကလေးကလက်နဲ့ထိလာတယ်ဆို

သူလက်နဲ့ဆွဲခွာပစ်ကာ အော်တာကြောင့်

နဂိုကတည်းအကြီးလေးကဝမ်းနည်းလွယ်တာမို့

မျက်ရည်လေးတွေချက်ခြင်းဝိုင်းလာသည်။

"မောင် ! ဘယ်လိုဖြစ်နေတာလဲ ကလေးကို

နင်နော်ဘယ်လိုဖြစ်နေတာလဲ"

သဘာဝက မောင်ကိုပြောရင်း

ကလေးကငိုတော့မှာမို့

အင်္ကျီခပ်ပွပွလေးဝတ်လာမိတာနဲ့အတူ
အင်္ကျီလှန်ဖို့လုပ်တာနဲ့.....

" မ အဲ့လိုမရဘူးနော် အဲ့တာက မောင့်သမီး နဲ့
မောင့်ရဲ့....."

"နေမင်းလက်ရာ !!"

မောင့်စကားတွေက အရှက်မရှိတာတွေပါ
ပါလာတော့မှာကိုသိတာကြောင့်
သူမကအော်လိုက်တော့



Lay Nge

ငြိမ်ကြသွားတော့ဘာသူမလည်း သူမကြိုက်တာကို မလုပ်ချင်တာမို့ ခြင်းထဲကို လိုလိုပိုပိုထည့်လာတဲ့ သမီးကြိုက်တဲ့ နို့ချောင်းလေးတစ်ခုကို လက်ထဲထည့်ပေးလိုက်တော့ အဲ့ထည့်ပေးတာလေးကိုပဲ ပါးစပ်ထဲထည့်ကာငြိမ်သွာရင်းမျက်လုံးဝိုင်းဝိုင်း လေးနဲ့ နေ ကိုကြည့်နေတော့.....

"လိမ္မာတယ် အဲ့လိုဆိုရင် ချစ်တယ်"

ကလေးကို လိုတစ်မျိုးမလိုတစ်မျိုးလုပ်ကာ သူမလက်ထဲကနေချီယူသွားတဲ့ မောင်ကို မကြည်ကြည့်နဲ့ကြည့်ပြီး သူနေ့လည်စာစားဖို့ပြင်ပေးရသည်။

"အာ ဒါနဲ့ နေအရိပ်ကိုခေါ်လာတယ်ဆိုတော့ သမီးလေးကရော အိပ်နေလို့မခေါ်လာတာလား သူနိုးလို့မတွေ့ရင် စိတ်ကောက်နေမယ်"

"မဟုတ်ဘူး မောင် အခုကလေးပျက်ကျပြီးကတည်းက သား နဲ့

လင်းရိပ်ကိုလေးမှာ သမီးမိန်းကလေးလိုချင်တာက စိတ်ဒဏ်ရာတစ်ခုလိုဖြစ်နေတယ်မောင်.....အခုလ ည်း အပြင်သွားတာ သမီးလေးကပါလိုက်ချင်တယ်ဆိုလို့ထည့်ပေးလိုက် တာ အမွှာအငယ်လေးနဲ့အတူတူ အကြီးလေးကအဲ့ဒါကြောင့် သဘာဝနဲ့ပါလာတာ မောင်"

"အပြင်သွားတယ်ဆိုတော့ ဘယ်ကိုလဲ"

နေ သူစိတ်ထဲသမီးလေးကြောင့်

ရင်ထဲတစ်ခုခုခံစားနေရတာကြောင့်

ဘယ်သွားတာလဲသိချင်တာမို့ နေက

မေးလိုက်တော့ မ က လင်းရိပ်ကို တို့အိမ်တဲ့

ပစ္စည်းတစ်ချို့သွားယူတာဆိုတာကြောင့်

သူရင်မောသွားရသည်။ပြဿနာတွေနဲ့

ဘာမှမဆိုင်တဲ့ သူ့သမီးလေးကို

ဒုက္ခပေးလိုက်မှာကိုပင် ဒါပင်မဲ့

တစ်ဖက်ကတွေးရင်လည်း

သမီးလေးကိုခေါ်သွားတဲ့သူက

အစ်ကိုအရင်းလို့သူမှာဖြည့်တွေးရသည်..........။

လီလီက အခုရောက်နေတဲ့အိမ်က

အနေစိမ်းတဲ့နေရာမို့ အဖေဖြစ်သူလို

တစ်ခုခုဆိုသိချင်တာရှိရင်

ချက်ခြင်းသိချင်တာကြောင့်

နေတစင်းတို့လိုချင်တဲ့ပစ္စည်း ယူနေခိုက်

အပေါ်ထပ်ကနေ တစ်ယောက်ထဲပြန်ဆင်းလာကာ

အောက်ကိုဆင်းလာတော့ ဘာမှန်းမသိတဲ့

အနောက်ဘက်ကအခန်းထဲဝင်လာတော့

သူမတို့အိမ်လို

ထမင်းစားခန်းဖြစ်တာကြောင့်ဝင်လာသည်။

"ဟင် ကြက်သား စားမယ်"

ကလေးက ထမင်းစားပွဲပေါ်
ပြင်ထားတဲ့ကြက်ကျော်ကိုတွေးတယ်ဆို
အနားသွားကာ ထိုင်ပြီး စကားပြောနေကြတဲ့
ဆွေးရိပ်ကမ္ဘာတို့လင်မယားကြား
လျှောက်သွားရင်း.....

"မီးမီး ကြက်သား စားချင်တယ်"

ဆွေးရိပ်ကမ္ဘာတို့နှစ်ယောက်
ရုတ်တရက်အိမ်ကိုရောက်လာက

ပစ္စည်းတွေလာယူနေတဲ့အကြောင်းကို

ပြောနေရာက သူမတို့အနားရောက်လာပြီး

သမီးဆီသွားရင် ယူသွားဖို့ပြင်ထားတဲ့

ကြက်သားကိုစားဖို့တောင်းနေတာကြောင့်

ကလေးလေးက

နေလက်ရာရဲ့မျိုးဆက်လေးဆိုတာသိတာမို့....

"မကျွေးနိုင်ဘူး ေ သာက်ကလေး အခုထွက်သွား!"

Lay Nge

"မဟုတ်ဘူး သန္တာ မင်းမှတ်မိလား
နေမင်းလက်ရာပြောသွားတာ
လက်ဦးတဲ့သူလုပ်ကြေးဆိုတာ"

ဒေါ်သန္တာ
ဆွေးရိပ်ကမ္ဘာအပြောကိုနားမလည်စွာကြည့်မိတော့
ဆွေးရိပ်ကမ္ဘာက သူသောက်လက်စရေနွေးခွက်ကို
ယူကာ လူယုတ်မာအပြုံးနဲ့ သန္တာကိုပြုံးပြလိုက်ရင်း
ထိုကလေး လက်ပေါ်ကို လောင်းချပစ်လိုက်သည်။

လူမဆန်စွာကလေးလေးကို

ရေနွေးပူနဲ့လောင်းချလိုက်တာကြောင့်

လီလီလေးခင်မျာ ရန်သူမှန်းမသိတာကြောင့်

သွားမိရာက လက်ပေါ်ရောက်လာတဲ့

ရေနွေးပူတွေကြောင့် အသံလေးပြာတက်သွားကာ

လူလေးမလည်း လ်ကပူတာကြောင့်

တွန့်လိမ်နေတော့သည်။

"အီးးး နာရယ် အီးးးးး ရေနွေးရေ အီးးးး နေနေရေ

နာနာ"

သူတို့ရှေ့မှာ

ကလေးငယ်တစ်ယောက်နာကျင်စွာငိုကြွေးနေတာ

ကို ထိုလူနှစ်ယောက်ကတော့

ဟာသဖျော်ဖြေနေတဲ့အတိုင်း

ကြည့်နေနိုင်သည်..........။

~~~~~~~~~~~~~~ဆက်ရန်။

❤ပွဲကြီးပွဲကောင်းဆက်ရန်နော်

နေတိုင်းတင်ပေးနေတဲ့ ယူတို့အာသာကို comment

ကနေ ရေးထားတာလေးကို ဝေဖန်ပးကြပါဦး❤

lay Nge
~~~~~~~~~~~~~~

🍭You are my life🍭

## Chapter _ 20

နေတစင်း ဟိုမိန်းမဆေးရုံတက်နေတုန်း
အကုသိုလ်မတက်အောင် သူတို့မရှိချိန်မှာ ကျန်ခဲ့တဲ့
စာရွက်စာတန်းတစ်ချို့နဲ့
သူတို့ကိုဒုက္ခပေးဖို့အဓိကကျတဲ့ ပစ္စည်းကို
လာယူချင်ပင်။သူတို့လင်မယားက
သူတို့လိုချင်တဲ့ပစ္စည်းကို ရှာနေခိုက်

LayNge

ကလေးနှစ်ယောက်ကိုတော့ သူတို့အိပ်ခဲ့တဲ့ အိပ်ယာပေါ်ခဏထားထားရာမှ လီလီ လေးရဲ့ အော်သံကိုကြားလို့ အနောက်လှည့်ကြည့်မိရာ မရှိတာကြောင့်......

"ပါး လီလီလေးငိုသံကြားတယ် ဘယ်ရောက်သွားတာလည်း"

"ဒီကောင်မလေးတော့ ထားတဲ့နေရာမှာမနေဘူး အောက်ထပ်ဆင်းတယ်ထင်တယ်"

LayNge

သူဘာသာပြောရင်က

လေ့ကားအတက်အဆင်းကိုသတိရသွားကာ

ပြုတ်များကျသလားတွေးမိပြီး သူလက်ထဲက

ပစ္စည်းတွေကို ကုတင်ပေါ်ပစ်ချကာ

အခန်းထဲကပြေးထွက်လာလိုက်သည်။

သူအခန်းထဲကထွက်လာတော့

လီလီငိုသံလေးကစူးစူးဝါးဝါးမို့

အောက်ထပ်ကအသံဖြစ်တာကြောင့်

အောက်ထပ်ကိုပြေးဆင်းလာတော့

လေ့ကားခြေရင်းမှာမဟုတ်တာကြောင့်

လေ့ကားကပြုတ်ကျမှာကိုစိုးရိမ်တဲ့



Lay Nge

စိတ်တော့လျှော့ကာ ငိုသံကြားရာကို

နားထောင်လိုက်တော့ နောက်ဖေးဘက်ကမို့

အနောက်ကိုပြေးသွားလိုက်သည်။

"ရှင် ရှင်တို့ယုတ်မာလိုက်တာ !

ကလေးလေးကဘာသိသေးလို့လဲ ရှင်"

ဒေါ်မိုး အိမ်ကြီးရှင်တွေကခိုင်းတာကို

လုပ်ပေးနေရင်း ဟင်းချက်ပြီး

ထမင်းစားခန်းထဲဝင်လာတယ်ဆို

ကလေးလေးအပေါ်ကို

ရေနွေးပူတွေလောင်းချလိုက်တာတွေ့တယ်ဆို

ကလေးလေးအနားသွားကာ

လက်ပေါ်ကရေနွေးစက်တွေကို

ပုတ်ချပေးရင်းပြောရသည်။ကလေးကလည်း

ငယ်ငယ်လေးဆိုတော့

ရေနွေးကအိုးကချခါစလောက်ပူတာမဟုတ်ပင်မဲ့

ဝတ်ထားတဲ့ဂါဝန်လေးက လက်ပြတ်လေးမို့

လက်မောင်းသားဝင်းဝင်းလေးတွေမှာ

အပူလောင်တာကြောင့် ရဲပလောင်းခတ်နေသလို

ကလေးကလည်းတအားငိုနေသည်။ငိုမှာပေါ့

ကလေးကနာတာကိုသိပင်မဲ့

သေမယ်ရှင်မယ်ဆိုတာတောင်မသိသေးတဲ့အရွယ်

လေးကို။

"ဆွေးရိပ်ကမ္ဘာ ခင်မျှားကြီး !!!"

နေတစင်း မြင်လိုက်ရတဲ့ မြင်ကွင်းအပြင်

အန်တီပြောတာကိုကြည့်ပြီး သဘောပေါက်က

သူညီမသေးသေးငိုနေတာကို မကြည့်ရက်စွာ

ဆွေးရိပ်ကမ္ဘာကို

ယောက္ခမတွေဘာတွေမမြင်တော့ပဲ ထိုင်နေတဲ့လူရဲ့

အင်္ကျီကော်လံစစောင့်ဆွဲကာ မျက်နှာကို ထိုးချပစ်လိုက်သည်။

ခွပ်

"အမလေး ! နေတစင်း မင်းမိုက်ရိုင်း "

ဖြန်း

Lay Nge

ဒေါ်သန္တာစကားတောင်မဆုံးပေ

နေတစင်းကလက်ပြန်ရိုက်ချလိုက်တာကြောင့်

ထမင်းစားပွဲနဲ့ နဖူးနဲ့စောင့်သွားရကာ

ထိုင်ခုံခြေရင်းခွေခွေလေးကျသွားသည်။

လင်းရိပ်ကိုမှာလည်း ပါး နောက်ကနေ ကလေးနဲ့

ရှာထားတဲ့ပစ္စည်းတွေယူကာ လိုက်လာရကာ

ထမင်းစားခန်းထဲ မြင်လိုက်ရတာတွေကြောင့်

စိတ်ကိုမနည်းထိန်းလိုက်ရသည်။ထမင်းစားခန်းထဲ

မှာ သူသန္တာကခွေခွေလေးလဲ နေသလို

ပါးကလည်းမျက်နာကြီးရဲကာ

ဒယ်ဒီအကျီစစောင့်ဆွဲထားတာရယ် တအားငိုနေတဲ့လီလီလေးရယ်ကြောင့်ပင်။

"ဘာဖြစ်ကြတာလဲ မေမိုးပြောတော့
သူတို့ကဆေးရုံမှာဆို အိမ်မှာမရှိဘူးဆို"

တကယ်တော့
သူမတို့ဒီအိမ်ကိုလာချင်လို့လာတာမဟုတ်။ဒေါ်သန္တာတို့သားအမိကို ဒုက္ခပေးဖို့အဓိက
သက်သေတစ်ခုကျန်နေခဲ့လို့သာ
လာယူခြင်း။ပြီးတော့

Lay Nge

မေဆိုတဲ့မိန်းမဆေးရုံတက်နေရလို့

ဒယ်ဒီတို့လင်မယားမရှိဘူးလို့ မေမိုးကပြောလိုသာ

လာတာ။အခုက ပါး ကတော့အကြောင်းမရှိပဲ

အဲ့လိုမိုက်ရိုင်းတဲ့လုပ်ရပ်လုပ်မှာ မဟုတ်။

"အီးးးးး လီလီနာတယျ တီတီ အီးး"

သူမကိုတွေ့တယ်ဆို လက်မောင်းလေးကို

ကိုင်ကာတိုင်နေတဲ့ လီလီလေးကြောင့်

ကလေးလေးပြုတဲ့နေရာကိုကြည့်လိုက်တော့

အပူလောင်ထားတဲ့

အနီကွက်ကြီးကိုတွေ့လိုက်တယ်ဆို

သူမမယုံကြည်နိုင်စွာ

ဒယ်ဒီတို့လင်မယားကိုကြည့်လိုက်သည်။

လီလီလေး လက်ကဒဏ်ရာက

ပြဿနာသေးသေးလေးမဟုတ်။အန်ကယ်က

သူ့သမီးကိုဆိုးသိပ်ချစ်တာ ပြီးတော့

မင်းသမီးလေးတစ်ပါးလိုအလိုလိုက်အကြိုက်ဆော

င်ထားတာ။ပြီးတော့ တစ်ခြားသူတွေ

သူ့သမီးကိုထိဖို့နေနေသာသာ သူကိုယ်တိုင်တောင်

အသံမြင့်မြင့်နဲ့ ကလေးကိုမပြောပေ။ပါးကလည်း

သူ့ညီမလေးကို စတာတာရှိတာ

အရမ်းချစ်တာ။မချစ်ပဲလည်းနေမလား

လီလီလေးကအရမ်းကိုစကားတက်ပြီး

ချစ်စရာလည်းကောင်းသလို ပါးနဲ့မှ

မောင်နှမနှစ်ယောက်ထဲရှိတာရယ်။အန်ကယ်သာ

ဒီကိစ္စသိလို့ကတော့ တကယ်ကိုမလွယ်ပေ။

"ခင်များတို့မှာ

လူစိတ်မရှိဘူးလား.....ကျုပ်ညီမလေးက

လူမမယ်လေး ကလေးလေးဗျ လုပ်ရက်တာဗျာ!!

ခင်များတို့က ကိုယ်ချင်းစာစိတ်ရော

လူစိတ်ပါမရှိတော့ပါလား ! ကျုပ်ကိုလုပ်တာ

သည်းခံနိုင်တယ်...ကလေးလေးကိုဗျာ

Lay Nge

ကျူပ်ညီမလေးက

ဘာမှတောင်လူလောကအကြောင်းမသိသေးပါဘူး

!!"

"ဒယ်ဒီတို့ လုပ်ရပ်တွေက

အောက်တန်းကျတာထက်ပိုတယ် ! အခု

ကိုယ့်အရှေ့မှာ ယောကျာ်းက အဖေကို

လက်သီးနဲ့ချိန်ရွယ်နေတာကို မပြောပဲနေရတဲ့ ကို

ဘဝကိုတွေးကြည့်ဦး !"

လင်းရိပ်ကို သူမရင်ဘက်ကိုထုကာ ငိုပြီးပြောတော့ နေတစင်းကစိတ်မကောင်းဖြစ်သွားကာ ဆွေးရနပ်ကမ္ဘာအကျႌစကိုဆွဲထားရာက လွှတ်ပေးလိုက်သည်။သူလွှတ်ပေးလိုက်တာနဲ့ သူကိုပြန်ထိုးဖို့ကြံတယ်ဆို စောင့်တွန်းပစ်လိုက်သည်။

"အီးးးး နေနေရေ နာနာ အီးးး ဖေဖေဆီပြန်မယ် ဟီးးးး"

နေတစင်း နာကျင်စွာအော်နေရှာတဲ့

လီလီဘေးနားဒူးထောက်ထိုင်လိုက်ကာ

ဘယ်ဘက်ပါးပေါ်လဲ

မျက်ရည်ကြောင်းကစီးကျသွားရသည်။အိမ်မှာဆို

ဘုရင်မလေးလိုနေရတဲ့ သူညီမလေးကို

လုပ်ရပ်လိုက်ကြတာ။လူကြီးတွေဖြစ်တဲ့ကိစ္စမှာ

သူညီမလေးကဘာမှမဆိုင်ပဲခံလိုက်ရတာ။

"အီးးးးးးး နာ နာ"

"သမီး !"

"သမီးငယ်"

နေတို့လင်မယားမှာ

သမီးလေးလင်းရိပ်ကိုဆို့အိမ်ပါသွားတာကို

နေ့လည်စာထိုင်စားနေရင်းကစိတ်ထဲသိပ်ပြီး

နေရတာ အဆင်မပြေတာကြောင့်

သမီးလေးကိုလိုက်ခေါ်တယ်ဆို

အိမ်ရှေ့ကားရပ်ပြီးဆင်းလာတာနဲ့

ငိုသံလေးကြားလိုက်ရတာကြောင့်

ပြေးဝင်လာရကာ ရင်နင့်နေဖို့လုံလောက်တဲ့ မြင်ကွင်းမြင်လိုက်ရသည်။

"နေတစင်း ! ညီမလေးဘာဖြစ်တာလဲ"

"ဟင့် အီးးးးး မေမေရေ လီလီနာတယ် အရမ်းနာရယ် ဟီးး"

လီလီက သဘာဝကိုတွေ့တာနဲ့ အမေဖြစ်သူအနားကပ်ကာ နာတယ်ဆိုပြီး သူလက်မောင်းလေးကို ဖိပြတယ်ဆို

Lay Nge

တွေ့ရာလိုက်ရတဲ့အနာကွက်ကြောင့် သဘာဝလည်း ဒေါသတွေက ဘယ်ကရောက်လာမှန်းမသိ သားကို.......

"နေတစင်း ! ကလေးကဘယ်လိုဖြစ်ရတာလဲ အိမ်ကခေါ်သွားတာ အကောင်း ကိုယ့်ညီမလေးကို ဘယ်လိုလုပ်တာလဲ!!"

"သားပြောပြပါ့မယ် မေမေ သားစောက်သုံးမကျတာ......"

layNge

နေတစင်း

ခဏာကဖြစ်ပျက်သွားတဲ့အခြေအနေတွေကို

ဘယ်လိုလုပ်ဒီကိုလိုက်လာမှန်းမသိတဲ့ မေမေတို့ကို

တစ်ခုမကျန်ပြောပြလိုက်တော့

ဖေဖေကဒေါသတအားထွက်သွားတာမှန်ပင်မဲ့

မထင်ထားတဲ့သူကအရင်........

"ရှင်တို့ လူတွေမဟုတ်ဘူးလား!

လူကြီးတွေကြားက အမုန်းတရားတွေကို

ဘာမှမသိသေးတဲ့ ကျွန်မသမီးလေးကို

လုပ်တာတရားရဲ့လား......ကျွန်မ ဘဝမှာ

ဘယ်သူကိုမှနာကျင်အောင်မလုပ်ဖူးဘူး ဒါပင်မဲ့ ရှင်တို့မပါဘူး"

ဆိုကာ သဘာဝထမင်းစားပွဲခုံပေါ်က ရေနွေးဓာတ်ဗူးကို ယူကာ ခွက်ထဲတောင်လောင်းမထည့်ပဲအဖုံးဖွင့်ပြီးတာနဲ့.....

"ကျွန်မသမီးလေး နာကျင်သလို ရှင်တို့ခံစားကြည့်"

အငွေ့တထောင်းထောင်း ထနေတဲ့ ရေနွေးတွေနဲ့ လင်မယားနှစ်ယောက်လုံးပက်ခံလိုက်ရတယ်ဆို

Lay Nge

နှစ်ယောက်လုံးထအော်ကြ ကာ နာကျင်မှုကြောင့် မျက်နာတွေမှာမငိုယုံတမယ်။

"ရှင်တို့ကြ နာတက်တယ်လား !
ကိုယ်ချင်းစာကြည့်လေ
ရှင်တို့ကအသားမာတက်နေတဲ့အသားတွေတောင်
နာတာ ကျွန်မကလေးလေးက နုနုလေး
အသက်တောင် 3နှစ်ကျော်လေးရှိသေးတာ !"

သဘာဝက ရေနွေးပူနဲ့ပက်တယ်ဆိုပင်မဲ့
နေကတော့ စိတ်ကိုထိန်းနေတဲ့ကြားက မ

ရဲ့စကားတွေကြောင့်သွေးတွေဆူပွက်လာကာ

စားပွဲပေါ်က သစ်သီးလှီးတဲ့ဓားကိုင်ပြီး.....

"သမီးကိုရေနွေးနဲ့ပက်တာ

ခင်များတို့နှစ်ယောက်ထဲက ဘယ်သူလဲ"

အကုန်လုံးသတိမထားမိတဲ့သူဆီက

အသံထွက်လာတော့

ဆွေးရိပ်ကမ္ဘာတို့လင်မယားရောနာကျင်နေတဲ့ကြား

က နေ ဆီအကြည့်ရောက်တော့

လက်ထဲဓားကိုင်ထားတာတွေ့တော့......

"မပြောဘူးဆိုရင် နှစ်ယောက်လုံးကိုသတ်မှာနော်
ကျုပ်မလုပ်ရဲဘူးမထင်နဲ့ !
ခင်များတို့ထိလိုက်တဲ့သူမှားသွားတာ ကျုပ်က
သမီးအတွက်ဆို လူသတ်ရဲသလို
ထောင်ပါအကျခံနိုင်တယ်!......ပြော !!!"

အကုန်လုံးမှာ ဒေါသတအားထွက်နေပုံပေါ်တဲ့ နေကို
ဘယ်သူမှမတားရဲသလို
ကိုယ့်သားသမီးထိခိုက်ထားတာ

တစ်ယောက်ထိခိုက်ထားတာမကြာသေး
နောက်တစ်ယောက်ဆိုတာကြီးက များလွန်းသည်။

နေတစ်ယောက်တစ်ခါသာမေးပြီး
ထပ်မမေးတော့ပဲ သူမေးတာကိုမဖြေတာမို့
ဒေါသကထိန်းမရသိမ်းမရဖြစ်လာကာဘလက်ထဲက
ဓားနဲ့ ဆွေးရိပ်ကမ္ဘာကို လှမ်းပေါက်တော့
လက်မောင်းသွားစိုက်တာကြောင့် သဘာဝမှာ
ငိုနေတဲ့သမီးလေးရော
သမီးလေးဘေးထိုင်ရပ်လေးထားတဲ့
နေအရိပ်လေးကိုပါ ဖက်ထားလိုက်သည်။

အား::::::

"ဖေဖေ မလုပ်!"

နေတစင်း တားနေတုန်းရှိသေး ဖေဖေကလက်ထဲက ဓားနဲ့ပေါက်လိုက်တာကြောင့် သူကတော့သွားပြီဆိုတဲ့အသိနဲ့ မျက်လုံးမိတ်ချလိုက်သည်။ဒီလောက် လူတစ်ယောက်သတ်ဖို့တောင် မစဉ်းစားပဲလုပ်တာကိုက

ဖေဖေဒေါ်သဘယ်လောက်ထိတောင်လည်းဆိုတာ

သိသည်။

"အားးးး မင်း နေမင်းလက်ရာ မင်းကိုထောင်ချမယ်"

"သောက်ဂရုမစိုက်ဘူးလို့ပြောနေတာ

မင်းနားကန်းနေလား!"

လက်မောင်းမှာ

ဓားတန်းလန်းနဲ့တောင်သူ့ကိုရန်ပြန်ရှာနေတဲ့

ကောင်ကို နေ ပြန်ပြောလိုက်တော့ မ

ကရေနွေးပူနဲ့ပက်လိုက်တဲ့အရှိန်ရော သူပစ်လိုက်တဲ့ ဓားဒဏ်ရာကြောင့်
အတော်အိစိမ့်နေမှာသေချာသည်။

"ခင်များကိုပြောပြီးသား ကျူပ် သား နဲ့ သမီးကိုမထိပါနဲ့လို့ ထိမိရင်တော့ ရလဒ်ကမကောင်းဘူးနော် ပြီးတော့ ခင်များရဲ့မယားပခသမီးတောင် ဆေးရုံကမဆင်းရသေးဘူး ခင်များတို့က ရေခဲတိုက်ထဲရောက်ချင်နေပြီဆို ဆက်လုပ်!"

နေတစင်းမှာ ဆွေးရိပ်ကမ္ဘာလက်ကကျနေတဲ့

သွေးတွေကို မြင်ပြီး သွေးနုသားနုနဲ့ Light

သွေးလန့်သွမှာဆိုတာကြောင့် မျက်နှာလေးကို

သူရင်ခွင်ထဲထည့်ထားလိုက်တော့

ရှိုက်ကြီးတငင်ငိုတာကြောင့်

သူ့ရင်ထဲဘယ်လိုမှမကောင်း။

ကိုယ်တောင်ကိုယ့်အဖေထိရင်

အသက်ပဲပေးရပေးရ

ပြန်လက်တုန့်ပြန်ချင်တဲ့စိတ်ရှိတာ သူမလည်း

ရှေ့မှာတင် ယောက္ခမ နဲ့ မိဘ

သွေးထွက်သံယိုတွေဖြစ်နေတာ

ဘယ်လက်ခံနိုင်ပါ့မလဲ။သူမဘက်ကမပြောသာလို့သာမပြောတာ အရမ်းခံစားနေရမှာပေါ့။

"ခင်မျှားက ရဲတိုင်မယ်ပေါ့ ဟုတ်လား တိုင်လိုက် အဲ့တာတွေကိုရင်ဆိုင်မယ်ဆိုလည်း ကိုယ့်ကလေးတွေအတွက်ပဲတန်တယ်......ခင်မျှလို ဖခင်စိတ်မရှိတဲ့အကောင် မဟုတ်ဘူး ဆွေးရိပ်ကမ္ဘာ.....အခုကိစ္စမပြီးသေးဘူးနော် ဆက်ရန်ရှိသေးတယ်"

ပြောကာ သူ့သမီးလေးကို ကောက်ချီကာ သဘာဝလက်ကိုဆွဲပြီး ပြန်ထွက်သွားတဲ့နေ။အနောက်မှာ ဘာပဲဖြစ်ဖြစ် သူဂရုမစိုက်။သူအခုသိတာက သမီးလေးကို ဆေးခန်းပြဖို့ပင်။

"အဟင့် ကို ဘဝကိုဒီလောက်နိပ်စက်နေရတာ မကျေနပ်သေးဘူးလား! အခု ဒယ်ဒီလုပ်ရပ်ကြောင့် နေလက်ရာ မှာ သမီးဘယ်လိုမျက်နာနဲ့နေရမယ်ဆိုတာ စိတ်မဝင်စားဘူးလား! မာမီကိုမချစ်ရင်တောင် သမီးကဒယ်ဒီ သမီး မဟုတ်ဘူးလား"

နေလက်ရာက မိသားစုပြန်သွားတယ်ဆို

ဒယ်ဒီလက်မောင်းက ဓားကိုဆွဲထုတ်ကာ

ဒေါ်သန္တာက ဆေးထည့်ပေးနေတော့

သူမကရင်နာရပင်မဲ့

စိတ်ကိုတင်းကာပြောတော့.......

"သမီးမိုက် ! နင့်ယောက္ခမက

အဖေကိုလုပ်သွားတာမတွေ့ဘူးလား"

LayNge

"တွေ့တယ် ဒယ်ဒီဘက်ကနေနာချင်တာပေါ့ ဒါပင်မဲ့ ဒယ်ဒီလုပ်ရပ်မှန်လား.....လီလီလေးက ကလေးလေး ဘယ်လောက်တောင်ခံစားလိုက်မလဲ ဒယ်ဒီတို့ကို ဟိုကလက်တွေ့ပြန်လုပ်သွားတာ ခံစားရတာကိုသိရောပေါ့....ပါး‌ရဲ့ မိဘတွေက ဒယ်ဒီလိုမဟုတ်ဘူး သားရောသမီးရောကို ချစ်တယ် ! ဒယ်ဒီကတော့ မယားငယ်နှစ်ယောက်ကိုပဲအသက်ရှိတာ မဟုတ်လား !"

လင်းရိပ်ကိုလည်း ဒေါသထွက်ထွက်နဲ့ပြောပင်မဲ့ ကိုယ့်မိဘပဲမို့အခုလိုထိခိုက်ဒဏ်ရာ ရတော့

စိတ်ထဲမကောင်းပေ။တစ်ဖက်ကပြန်ကြည့်ရင်လ
ည်း
ကိုယ့်ကလေးနှစ်ယောက်ကိုသတ်ထားပါလားဆိုပြီး
စိတ်တိုရသည်။

"ဒယ်ဒီက ကို ဒယ်ဒီမို့ဘာမှမလုပ်ပင်မဲ့
ဒယ်ဒီမိန်းမနှစ်ယောက်ကိုတော့
ကြည့်နေခိုင်းလိုက်"

ပြောရင်း အကြီးလေးက မေမေတို့နဲ့ပါသွားတာမို့
အငယ်လေးကို မေမိုးဆီကနေ ပါး ကပြောင်းချီကာ

ဒယ်ဒီကိုတစ်ချက်ကြည့်ပြီး ပြန်ထွက်လာလိုက်သည်..........။

နေတစင်း ကားမောင်းလာရင်းက သူ့စိတ်က ညီမလေးဆီကိုပဲရောက်နေသည်။ဖေဖေတို့ဆေးခန်းဝင်ပြတဲ့အခါ ဆေးထိုးရမှာကြောက်တဲ့ကလေးလေးငိုနေမလား။လက်ကအပူလောင်တာကရောသက်သာပါ့မလား သူစိုးရိမ်နေရသည်။

"ပါး ကိုတောင်းပန်ပါတယ် လီလီလေးအဲ့လိုဖြစ်တာကိုကြောင့်ပါ"

"ဘာမှမဆိုင်တာ Light ရာ အပြစ်လုပ်တဲ့သူက မင်းမဟုတ်ဘူး ကိုယ်မိဘတွေက Light အဖေလုပ်ရပ်ကြောင့် Light အပေါ်သဘောထားတွေပြောင်းသွားမယ်ထင်နေတာလား မဟုတ်ဘူး.....ဖေဖေတို့တင်မဟုတ်ဘူး ကိုယ်လည်း မင်းကို ချစ်မြဲချစ်နေမှာပဲ"

သူက ကားမောင်းရင်းသူမလေးပြောလာတာကို နားထောင်ပြီး ဘယ်လိုခံစားနေရလဲ နားလည်တာကြောင့် သူရင်ထဲရော

မိဘတွေရဲ့စိတ်ကိုသိစွာပြောလိုက်တော့ ဟုတ်ပါ့မလားဆိုတဲ့အကြည့်နဲ့ ကြည့်နေတာကြောင့်......

"ကိုယ့်တို့မိသားစုမှာ Light ကတစ်ဦးတည်းသောချွေးမပါ ဖေဖေကထုတ်ပြတက်တဲ့သူမဟုတ်တော့ မသိပင်မဲ့ မေမေကတော့ Light ကို သူ့သမီးအရင်းလေးလိုချစ်တာ.....ကိုယ်ကတော့ အားကြီးချစ်တာ မင်းကို"

သူစိတ်ထဲ ညီမလေးကိုစိတ်ပူနေပင်မဲ့

အန္တရာယ်ကင်းမယ်ဆိုတာ သိတာမို့

သူ့ဘေးနားကအမျိုးသမီးလေး ခံစားနေရတာကို

ဖြေသိမ့်ပေးရသည်။ကိုယ်ညီမကို ချစ်တဲ့စိတ်နဲ့

သူရှေ့မကြည့်နောက်မကြည့်လုပ်ချလိုက်တာကို

တော့ နည်းနည်းလေးမှနောင်တမရပေ..........။

"ကလေးလက်က ဂျယ်လေးလိမ်းပေးရင်

သက်သာမှာပါ တော်သေးတာက

အပူကသိပ်မရှိတော့တာ ကံကောင်းတာ"

ဆရာဝန်ပြောတာကို နားထောင်ရင်း နေ
သူလုပ်ရပ်သူ ကိုယ်သမီးလေးအတွက်
ဓားနဲ့ပစ်လိုက်မိတာ တန်တာမို့
ဟိုဘက်ကတိုင်ရင်တောင် သူရဲရဲခံရဲသည်။

"ဖေဖေ လီလီကိုချီပါ"

အခွဲတုန်းလေးက ခဏလိုမငိုတော့ပဲ
ဆရာဝန်ကဂျယ်လေးလိမ်းပေးလိုက်တယ်ဆို
အေးသွားတာကြောင့်ထင်သည်။သမီးက

လက်လေးကမ်းက သူ့ကိုခေါ် ခိုင်းတာကြောင့်
သူကောက်ချီလိုက်သည်။

"အဲ့တာဆို ငါတို့သွားတော့မယ် ပိုက်ဆံကတော့
မပါလာလို့ နောက်မှယူတော့"

ဆရာဝန်ခင်မျာ
မောင့်စကားကြောင့်စွံ့အနေတာကြောင့်
သူမကအားနာစွာ ကလေးတစ်ဖက်ချီထားရာက
အိတ်ထဲကပိုက်ဆံထုတ်ပေးဖို့လုပ်တော့......

"ရတယ်ဗျ ဒီကောင်ကြီးက ရိုးနေပြီ"

ဆိုကာ အရင်အပြင်ကိုထွက်သွားတဲ့ မောင်ကိုကြည့်ကာပြောတော့ သူမကဆရာဝန်ကိုပြုံးပြကာ မောင်နောက်လိုက်လာလိုက်သည်။Group တစ်ခုကို အုပ်ချုပ်နိုင်တာလည်းမပြောနဲ့ ဒင်းကဆေးကုတာတောင် အကြွေးနဲ့။

"မောင် ဒေါ်သကအဲ့လောက်ကြီးရလား ဓားနဲ့ပစ်ပေါက်တာ ဘယ်လောက်အန္တရာယ်ရှိလဲ

လက်မောင်းသွားမှန်လို့တော်သေးတာပေါ့

မဟုတ်ရင် မောင်အမှုပတ်မှာ"

"အဲ့တော့လည်း အချုပ်ထဲမရောက်တာကြာတော့

သွားထိုင်ကြည့်တာပေါ့

မောင့်ကလေးတွေအတွက်ပဲ တန်ပါတယ်"

သူမက သူ့အတွက်ပြောနေတာကို သူက

ထောင်ထဲတောင်သွားနေချင်သေးတယ်ဆိုတာ

ကြောင့် ကလေးတွေပါလို့ ဘာမှမပြောတော့ပင်မဲ့

မကြည်ကြည့်ကြည့်တော့......

"မောင်ကတော့ ဟိုနှစ်ယောက်ကို ရေနွေးနဲ့ပင်လိုက်တာကို အရမ်းသဘောကျတာပဲ Video မရိုက်လိုက်ရတာ ရင်နာတယ်....တဖြည်းဖြည်း မောင့်မိန်းမက မောင်န ဲ့တူလာပြီ"

"မတူပါဘူး ကိုယ့်ကလေးထိလို့ဆိုတာရော သမီးလေးက အခုမှငယ်ငယ်လေးကို လုပ်ရပ်လို့ဒေါသထွက်သွားတာ"

Lay Nge

"ဖေဖေ သူတို့ကလီလီကို ပူပူတွေနဲ့လောင်းတာ အရမ်းပူတာပဲ ဖေဖေပြန်ချပေး"

သူက မ နဲ့စကားပြောနေရင်း သူရင်ခွင်ထဲက သမီးလေးက သူကို ဟိုအိမ်ကသူတွေဘယ်လိုလုပ်လဲဆိုတာပြောတဲ့အပြင် ပြန်ချဖို့ပြောလာတာကြောင့်.....

"ဖေဖေ ကတိပေးတယ် ဖေ့သမီးလေးလက်ကိုပူတာထက် သူတို့အဆပေါင်းများစွာ ပိုလောင်စေရမယ်"



layNge

သူ့ကသမီးကို

ကျေနပ်ပါစေဆိုတဲ့ကတိပေးတာမျိုးမဟုတ်ပဲ

တကယ်ကို သူပြောသလို အစပေါင်းများစွာ

ပူလောင်အောင်သူလုပ်မှာ အခုအချိန်ကစပြီး

သူတို့အတွက် ပူလောင်မှုတွေစတော့မှာ............။

~~~~~~~~~~~~~~~~~ဆက်ရန်။

OBJ

🍭You are my life🍭

Lay Nge
~~~~~~~~~~~~~~~~~

# Chapter _ 21

"သမီး ပူသေးလား"

ညအိပ်ခါနီး သမီးလက်မောင်းလေးကို ဂျယ်လေးလိမ်းပေးရင် သူမက မေးလိုက်တော့သမီးလေးက ပြုံးပြသည်။သမီးလေးက ငိုတက်ရစ်တက်တာမှန်ပင်မဲ့ အချိန်တော်တော်များများကပြုံးပျော်နေတက်တဲ့က လေး။သားကိုထိခိုက်အောင်လုပ်တုန်းကလည်း

ဒေါသထွက်ပင်မဲ့

ရန်စရှိလို့ဖြစ်တာလို့တွေးလို့ရပင်မဲ့

သမီးလေးကြတော့ လူကြီးတွေကြား ဘာမှမသိတဲ့

ကလေးလေးမို့ သူမအတော်ပင်စိတ်ဆိုးသည်။

"မေမေ လီလီဂါဝန်လှလှလေးလိုချင်တယ်"

"ဂါဝန်လား သမီးမှာအများကြီးပဲကို

ဖေဖေကပဲရစ်ရောက်တိုင်း

ဝယ်လာနေကြ....မဝတ်ရသေးတာတွေတောင်ရှိတ

ယ် ဟုတ်"

သူမကို ဂါဝန်လေးတွေဝယ်ပေးဖို့ပူစာနေတဲ့

သမီးလေးကို နားလည်အောင်ပြောပြလိုက်ပင်မဲ့

ကလေးလေးက သူ့ကိုမဝယ်ပေးချင်ဘူး

ထင်သွားကာ နှုတ်ခမ်းဆူတော့သည်။

"လီလီက အိမ်ကဟာလေးတွေကိုမကြိုက်ဘူးရေ

အသစ်လေးတွေပဲကြိုက်တာ"

"ဖေဖေမှာ ပိုက်ဆံမရှိတော့ဘူး

သမီးကိုအဝတ်ဝယ်ပေးဖို့"

သမီးက သူမပြောတာကို သေချာစဉ်းစားနေပုံရကာ ငြိမ်ကျသွားသည်။ခဏနေနော့ ကလေးတစ်ယောက်ဆီကထွက်လာတဲ့ စကားတဲ့......

"ဖေဖေ့ အိတ်ထဲမှာကဒ်တွေအများကြီးပဲ အဲ့ထဲမှာပိုက်ဆံတွေရှိတယ်ရေ.....ဟို နိုင်ငံခြား သွားတုန်းက အဲ့ကဒ်ပေးပြီး ဝယ်တာလေ"

"အမလေး ! လူလည်မလေးနော်"

အလည်မလေးရဲ့စကားကြောင့်

သူမသဘောကျသွားက ပါးလေးကို

ဖွဖွလေးကိုက်လိုက်တော့

သမီးလေးကရီနေတာကြောင့်

တကယ်ကိုချစ်မဝလေးပင်။

"ဘာတွေ သဘောကျနေကြတာလဲ"

မောင်ကအလုပ်ကိစ္စက ဖုန်းဆက်လာတာကြောင့်

သမီးလေးက အော်တက်တာမို့ အပြင်ကဝရံတာမှာ

Lay Nge

ဖုန်းသွားပြောပြီး ပြန်ဝင်လာတယ်ဆို

သူမတို့နှစ်ယောက် ရှိနေကြတာတာကို

တွေ့တယ်ဆို အနားလျှောက်လာရင်း မေးတော့.....

"မောင့်

သမီးကဂါဝန်လှလှလေးတွေလိုချင်တယ်ဆိုပြီး

ပူစာနေတာလေ"

မ စကားကိုနားထောင်ပြီး သူပြုံးကာ

သမီးလေးဘေးကို ဝင်လှဲလိုက်ရင်း

သမီးပါးလေးငံနမ်းပြီး......

"မောင့်သမီးလေးလိုချင်တာ ဝယ်ပေးရမှာပေါ့ မ ရဲ့"

"ဟုတ်တယ် ဖေဖေပြောတာမှန်တယ်"

"ဘာမှမမှန်ဘူး
သမီးမှာမဝတ်ရသေးတာတွေအများကြီးကို
မောင့်သမီးကတစ်ခါဝတ်ပြီးထပ်မဝတ်ချင်တော့တာ
ဘာလဲမသိဘူး"

အဲ့တာတော့အမှန် တစ်နှစ်ကျော်လေးကတည်းက

သူကိုဝတ်ပေးတာဆို နောက်တစ်ခါထပ်ဝတ်ပေးရင်

အရမ်းဂျီဂျတဲ့

ကလေးလေး။ပြန်ဝတ်လေ့ရှိတာဆိုရင်

သူအကြိုက်ဖြစ်တဲ့ အင်္ကျီလေးတွေသာ

ပြန်ဝတ်တာ။ဒေါ်လီလီလုပ်ပုံ နဲ့က

အဖေကလုပ်ငန်းရှင်ဖြစ်နေလို့ပေါ့

မဟုတ်လို့ကတော့ တကယ်ကိုမလွယ်တာ။

"မေမေနော် ဖေဖေကဝယ်ခိုင်းတာကို

ဖေဖေ့ပိုက်ဆံနဲ့ ဝယ်ခိုင်းတာလေ"

"ပြောပုံကကြည့် အထက်စီးကနေပြောတာ
ထုချင်စရာ"

နဖူးလေးကို ထုဖို့ရွယ်လိုက်တယ်ဆို
သူ့အဖေရင်ခွင်ထဲကို တန်းရောက်သွားတာကြောင့်
မောင်ကတော့သူ့သမီးကိုဖက်ထားကာ
အတော်ကိုသဘောကျသည်။

"မောင် သားက

သမီးလေးအခုလိုဖြစ်သွားတာအတော်ကို

စိတ်မကောင်းဖြစ်နေတာ လင်းရိပ်ကိုလေးရောပဲ"

နေ သူရင်ခွင်ထဲရောက်နေတဲ့

သမီးလေးကျောပြင်လေးကို

ဖွဖွလေးပုတ်ပေးနေရင်းက မ ကသူ့ကိုပြောလာတဲ့

စကားကြောင့်......

"ဒီကိစ္စကို သားကစိတ်မကောင်းဖြစ်တာက

သူပါသွားရဲ့သားနဲ့ ညီမလေးအခုလိုဖြစ်တယ်ဆိုပြီး

Laynge

နေမှာပေါ့....တကယ်တော့ သူတို့နှစ်ယောက်လုံးက ဖြစ်ပါစေဆိုပြီး ခေါ်သွားတာမှမဟုတ်တာ မောင်ကတော့စိတ်ထဲ ဘာမှမရှိဘူး မောင့်သမီးကိုနာအောင်လုပ်တဲ့သူတွေကလွဲလို့ပေါ့"

"မောင်တကယ်ပြောနေတာလား သားတို့အပေါ် စိတ်ကွက်တာမရှိဘူးဆိုတာ"

"ဟာ မရာဘယ်လိုတောင်ပြောလိုက်တာလဲ သမီးကမောင့်သမီးဖြစ်သလို သားကလည်း

LayNge

သားအရင်းပဲလေ ဘာလို့ခွဲခြားရမှာလည်း

အတူတူပဲချစ်တာ"

တကယ်

သူစိတ်ထဲဘာမှကိုမရှိတာပင်။သားကလည်း

သူညီမလေးကို ခေါ်သွားတာ

ဒီလိုဖြစ်ပါစေဆိုပြီးတော့

ခေါ်သွားတာမဟုတ်တဲ့အပြင် သားကလည်း

သူတို့သားပဲမို့ စိတ်ကွက်ဖို့နေနေသာသာ

လင်းရိပ်ကို အပေါ်မှာတောင်အပြစ်မရှိတဲ့အတွက်

အပြစ်ရှိတယ်လို့ကိုမထင်တာ။

"မောင့်သားက သားဆိုတော့နာလည်တယ်ဆို

လင်းရိပ်ကိုလေးကရော"

"တစ်ခုပဲသိထား မောင်ကမောင်

လင်းရိပ်ကိုအဖေလိုလူမျိုးမဟုတ်ဘူး

သားနဲ့ပက်သက်မှတော်ရပင်မဲ့

ကိုယ်တို့မိသားစုဝင်ပဲ"

"ဖေဖေ သိလား နေနေကလေ

လီလီကိုပူအောင်လုပ်တဲ့လူဆိုးကြီး နှစ်ယောက်ကို

လက်သီးနဲ့ထိုးတယ် ပြီးတော့ ပါးလည်းရိုက်တယ်"

သူမတို့နှစ်ယောက် စကားဝိုင်းထဲကို

ဝင်ပြောတဲ့သမီးလေးကို မောင်ကငုံကြည့်တော့

သမီးလေးစကားကြောင့်

သားကသူ့ယောက္ခမကိုထိုးတာဆိုတာမို့.......

"ကိုကိုက အဲ့လူတွေကို ထိုးတာဟုတ်လား"

"အင်း လီလီကိုလုပ်လို့ဆိုပြီး နေနေကလုပ်တာ"

သမီးက ထိုးတယ်ဆိုတာကိုပြောရင်း

လက်သီးစုပ်လေးပါထောင်ပြတာကြောင့်

မောင်ကတော့ သမီးစကားကို

ကောင်းကောင်းကြားပုံမပေါ်ပဲ

သူ့သမီးလေးကိုသာ

ကလိနေတော့သည်။သူမကတော့ ဒီလောက်ဆိုရင်

အဲ့အိမ်နဲ့ နေလက်ရာ အကြားရန်စွဲတွေ

ပွားကြားဦးမယ်ဆိုတာ အသေအချာသိသည်.........။

မေတစ်ယောက် ဆေးရုံကနေပြန်မဆင်းရသေးခင် ပြဿနာတစ်ခုပေါ်လာလေပြီ။မေမေ နဲ့ ယောကျ်ားတစ်ယောက်အတူနေထားတဲ့ vedio ဟာ Social Media တစ်ခုလုံးပွထနေကာ ဦးဆွေးရိပ်မမြင်အောင် မနည်းလုပ်ထားရသည်။

"ဘယ်လိုလုပ်ကြမလည်း ပြောပါဦး သမီးရေ"

"မေမေဘယ်လိုတောင်ဖြစ်ထားရတာလဲ အခု vedio က Edit ထားတာမဟုတ်ဘူးဆိုတာ

အရှင်းကြီး လူတွေပါးစပ်ဖျားမှာပြောနေကြပြီ မကြာခင် ဦးဆွေးရိပ် သိမှာပဲ"

သူမတို့သားအမိမှာ ဟိုမိသားစုကိုဒုက္ခပေးဖို့တိုင်ပင်မယ် ရှိသေး သမီးသက်သာလာတာနဲ့ပြဿနာကတန်းဝင်လာတာကြောင့် အခုသူများ ဒုက္ခမပေးခင် ကိုယ့်ဒုက္ခကို အရင်ရှင်းရမည်။

"အခုဦးဆွေးရိပ်က အလုပ်သွားတာဆိုတော့ အခုအချိန်လောက်ဆို မြင်ပြီးလောက်ပြီဆိုတာ

သေချာတယ်.....ဘယ်လိုဖြေရှင်းချက်ပေးရမလည်း ဆိုတာပဲတွေးရမယ်"

သားအမိနှစ်ယောက် ကိုယ်ပြုထားတဲ့အမှုမပေါ်အောင်လုပ်လို့မရတော့မှ တော့ တစ်ခြားနည်းကိုပြောင်းဖို့တွေးကြသည်။

"မေမေတို့ Edit ဆိုပြီးပြောမလား"

"ဒီ vedio က Edit မဟုတ်တာလူတိုင်းသိတယ် မေမေ ဒါပင်မဲ့ မေ ဘာလုပ်ရမလဲဆိုတာတော့သိပြီ

အဖိုးကြီး နားလည်နိုင်ပါစေတော့

ဆုတောင်းရမှာပေါ့"

မေတို့မလုပ်သင့်တဲ့ကိစ္စတွေဘာတွေမစဉ်းစားတော့

ပဲ ကိုယ်ကောင်းစားဖို့အတွက်ဆို ဘယ်သူ့ကိုပဲ

ချနင်းရပါစေလုပ်ရဲတာမို့ စိတ်ကူးထဲ

ကိုယ်လည်းကောင်းစားမဲ့အပြင်

ကိုယ်ရန်သူတော်လည်း

ထိခိုက်မဲ့နည်းလမ်းမို့ပြုံးလိုက်သည်..........။

"မင်းကွာ ပိုက်ဆံကိုပေးပါလို့
မင်းဆီငါတောင်းနေလို့လား နေ ရ"

ဒေါက်တာသူရိန်ဘုန်းထက်မှာ သူငယ်ချင်းဖြစ်သူက မနေ့က သူ့သမီးလက်အပူလောင်သွားတာ ပိုက်ဆံမပါလို့နောက်ကြုံမှပေးမယ်ပြောသွားပြီးမှ ဒီနေ့နေ့လည်ရောက်ချလာတာကြောင့်ပြောခြင်းပင်။သူလည်း ဆေးရုံမှာက သေဆုံးလူနာစရင်းတွေကို ဆေးရုံအုပ်က တစ်နေရာကိုထားခိုင်းတာမို့ လွန်ခဲ့တဲ့ 10 နှစ်လောက်က ဟာတွေကိုပြန်စစ်နေရာက ဒီကောင်ရောက်လာခြင်း။

"မဟုတ်ပါဘူး ငါကအကြွေးတင်မခံနိုင်လို့"

"မင်းမိန်းမပြောလို့ မဟုတ်လား မယကဂခ ရာ"

သူကို မယားကြောက်ဂိုဏ်းချုပ်လို့ပြောတာကို အမှန်တရားမို့ ဘာမှအထွန့်မတက်ပဲ ငြိမ်နေလိုက်သည်။တကယ်တော့ ကြောက်တာမဟုတ် ချစ်တာကိုတော့ ဒီလူပိျုကြီးပြောလည်းနားလည်မှာတဲ့လား။

"မင်းဘာတွေကြည့်နေတာလဲ"

သူ့ကိုစကားပြောတာတောင်
အောက်ကစာရွက်ကိုပဲသေချာကြည့်ကာ
မျက်မှန်တောင်ပွင့်ထွက်မတက်ဖြစ်နေတဲ့ကောင်ကို
မေးလိုက်တော့.....

"ငါအခုကြည့်နေတာက လွန်ခဲ့တဲ့ 7နှစ်လောက်က
သေဆုံးမှုကွ တကယ်ကိုနားမလည်နိုင်ဖြစ်ရတယ်
ငါ့လူနာတော့မဟုတ်ပါဘူးကွာ"

ဒီကောင်ပြောတာကို

သူနားထောင်ချင်စိတ်ဖြစ်နေတာ

ဘာကြောင့်လဲတော့မသိပင်မဲ့ သူရိန်ပြောနေတာ

သူဆက်နားထောင်နေလိုက်သည်။

"သူမိသားစုက ချမ်းသာရဲ့သားနဲ့ကွာ လူနာက

သောက်နေကြဆေးမဟုတ်ပဲ

တစ်ခြားဆေးသောက်မိလို့သေရတာ အဲ့တာကို

ငါကတော့အခုထိရိုးရိုးကို မထင်သေးတာ ပြီးတော့

အသက်ကငယ်သေးတယ် အခုအသက်ရှင်မယ်ဆို

မင်းလောက်ပဲရှိလောက်သေးတယ်ကွာ သေတော့

30 ကျော်လောက်ပဲရှိသေးတာ"

"ဟုတ်လား ဆေးများသောက်တာရောမဖြစ်နိုင်ဘူးလား....ဘယ်မိသားစုကလည်း ငါသိလောက်လားလို့"

"နာမည်က မေလင်း တဲ့.....Gold Campany & Light Campany လေ အဲ့မိသားစုကပေါ့ သနားပါတယ်သမီးလေးတစ်ယောက်ထဲကျန်ခဲ့တာတဲ့ အခုတော့ အပျိုအရွယ်လောက်ရှိပြီ"

သူရိန်ဆီက campany နာမည်နဲ့အတူ

လူနာနာမည်ကိုကြားလိုက်ရတဲ့အချိန် လင်းရိပ်ကို

အတွက်

အတော်ကိုစိတ်မကောင်းဖြစ်သွားရသည်။အဲပလိုစိ

တ်မကောင်းဖြစ်ရတာနဲ့အတူ

ဒီပြဿနာဟာမရိုးတော့ဘူးဆိုတာ

သူသိလိုက်သည်။

"အဲ့ File ငါ့ကိုပေါလား အဲ့ကိစ္စနဲ့ပက်သက်ပြီး

အမှုငါပြန်ဖန်တီးမယ်"

ကိုယ်နဲ့မဆိုင်ရင်လှည့်တောင်မကြည့်တက်တဲ့

နေမင်းလက်ရာဆိုတဲ့ကောင်က အခု

သူပြောတဲ့အမှုကို ပြန်လိုက်မယ်ဆိုကတည်းက

သူနဲ့တစ်ခုခုပက်သက်လို့ဆိုတာ သူထင်တာမို့.....

"မင်းနဲ့ဘာဆိုင်လို့လည်း နေ"

"ဆိုင်လားမဆိုင်ဘူးလားဆိုရင် ခဏကမင်းပြောတဲ့

သမီးလေးတစ်ယောက်ကျန်ခဲ့တယ်ဆိုတာလေ

အဲ့ဒါတစ်ခြားသူမဟုတ်ဘူး

ငါ့သားနေတစင်းရဲ့မိန်းမ"

တိုက်ဆိုက်ဆိုင်ဆိုင် ထိုမိသားစုကို

ဒုက္ခပေးဖို့ကြံထားတာ

သူတောင်ရှာဖွေစရာမလိုပဲတန်းရောက်လာတာ

ကြောင့်

ဒါကအမှန်တရားကိုပြန်ရှာဖွေပေးတာဖြစ်ပင်မဲ့

သူအတွက်တော့ လက်စားချေခြင်းပါပါဝင်မှာမို့

တိုက်သင့်တဲ့အပြစ်ထက်ပိုစေရမှာ အသေအချာ။

"မင်းကို ဒီ File ငါပေးလိုက်မယ် ငါတို့ယူထားလည်း

သေသူစရင်းပဲအရေးမပါတော့ဘူး.....ပြီးတော့

အဲ့ကဆေးစစ်ချက်စာရွက်တွေလိုအပ်ရင်ပြော ငါရှာပေးမယ်"

"စိတ်ထားကောင်းတဲ့ လူပျိုကြီး မိန်းမမြန်မြန်ရပါစေ ဗျာ "

ကိုယ်ကအကောင်းလည်းပြောရသေး ဒင်းကကိုယ့်ကိုတောင်လှောင်ပြီး File ကိုဆွဲယူကာ ကျေးဇူးတင်ပါတယ် တစ်ခွန်းမပြောပဲထွက်သွားသည်။နေမင်းလက်ရာ ဆိုတဲ့ ကောင်က အဲလိုကောင်ပါပဲ.........။

Lay Nge

နေ Hotel ကသူ့ရုံးခန်းထဲရောက်တယ်ဆို

မနက်ကတော့ vedio ကို တင်ပြီးပြီမို့

အပူကိုတစ်ပူပြီးပူဆင့်အောင်လုပ်မှာမို့

ဒီအမှုအတွက် စတင်ဖို့

စုံထောက်တစ်ယောက်သူ့ရှာရတော့မည်။စုံထောက်

ဆိုရင် အထက်တန်းရှိပင်မဲ့

သူ့ကကိုယ်တွေအရွယ်ဖြစ်တဲ့အပြင်

ကိုယ်လောက်မချောတော့

ရမှာမဟုတ်။သူလိုချင်တဲ့ စုံထောက်က ချောဖို့ရယ်

နဲ့ သွက်လက်မှုတွေရှိဖို့လိုတယ်။

"ဟွန်း သူ့စေရာ ဒီကိစ္စလည်းမင်းကိုရှာခိုင်းရမှာပဲ ကလေး 4 ကောင်နဲ့ နည်းနည်းတော့ ပင်ပန်းနေမှန်းသိပင်မဲ့ စုံထောက်တစ်ယောင်တော့ ရှာပေးဦး ငါ့ကောင်ရေ"

သူစိတ်ထဲကနေ သူ့စေရာနဲ့စကားပြောကြည့်ဖို့ ပြောရင်း သူ့ရဲ့အမှာ 4ကောင်နဲ့တောင်မအားတဲ့အပြင် သူကပါအမှုတစ်ခုအပ်ထားတာကို ထပ်ပြီး ဒုက္ခပေးရမှာ အားနာမိပင်မဲ့လည်း စီးပွားရေးသာ ဘုရင်တစ်ဆူပင်မဲ့ ဥပဒေလောကကိုတော့ သူမသိပေ။

"မေလင်း မင်းနဲ့ငါမသိပင်မဲ့

မင်းအတွက်ငါတရားမျှတမှုပြန်ရှာပေးမယ်

မင်းသမီးလေးဖြစ်တဲ့ လင်းရိပ်ကို

အတွက်ရောပေါ့"

"ဖေဖေ "

သူအတွေးလွန်နေရာက စိတ်ထဲကနေ

မေလင်းဆိုတဲ့

သူမသိဆဲ့အမျိုးသမီးတစ်ယောက်ကို

ကတိပေးနေရာက ဖေဖေလို့ခေါ်သံကြောင့်
ကြည့်လိုက်တော့ ဒီတစ်ခါ
သူ့ရုံးခန်းကိုလိုက်လာတာ သမီးလေးမဟုတ်တော့ပဲ
သားဖြစ်နေတာကြောင့် သူထိုင်ရာကထကာ.....

"သား ဘာလို့လဲ ဖေဖေဆီလိုက်လာတာ
ထူးဆန်းသား"

ဆိုကာ သူကဆိုဖာမှာဝင်ထိုင်တော့ သား ကလည်း
သူ့ဘေးဝင်ထိုင်ပြီး သူကိုကြည့်နေတဲ့အကြည့်ကို
သူပြန်ကြည့်လိုက်တော့ သားစိတ်ထဲ

ထိန်းချုပ်ထားတာတွေရှိနေတာတွေကို
သူခံစားရသည်။

"သား ဘာဖြစ်နေတာလဲ မင်းတစ်ခုခုဖြစ်နေတယ်
မဟုတ်လား"

နေတစင်း ဖေဖေကသူခံစားနေရတာတွေကို
သိတဲ့အတိုင်း မေးလာတာကြောင့်
သူရင်ထဲကခံစားချက်တွေထိန်းမရတော့ပဲ
မျက်ဝန်းထဲကမျက်ရည်တွေကျလာသည်။

"ဟင့် သားလေ ဖေဖေ သား "

နေတစင်းစကားဆက်ပြောဖို့ကို

တော်တော်အားယူနေရသည်။သူနာကျင်နေရတာ

တွေ သူရင်ထဲအကုန်လုံး စုပုံနေတာကို

သူမနဲ့တင်းခံထားရတာ အခုသူ့ခံစားချက်ကို

ပြောချင်တဲ့သူရှေ့ရောက်တော်ဆို

စိတ်လွှတ်ကိုယ်လွှတ် လွှတ်ချလိုက်တာပင်။

"သားအရမ်းနာကျင်နေရတယ် ဖေဖေ....မနေ့က

လီလီလေးငိုတော့

သားကလေးလေးတွေဆုံးရှုံးသွားသလို

ညီမလေးကို ဆုံးရှုံးသွားရမှာ

သားသိပ်ကြောက်တယ်

သားကြောင့်နဲ့လေ......သားကြောင့်နဲ့...."

"မဟုတ်ဘူး ! လုံးဝသားကြောင့်မဟုတ်ဘူး

နေတစင်း ဖေဖေပြောတာကြားလား"

သူဘယ်လိုပြောပြော သားကဘယ်လိုမှပြောမရပဲ

သူကိုသာ ညီမလေးအဲ့လိုဖြစ်တာ

သားရဲ့ပေါ့ဆမှုကြောင့်ပါဆိုပြီး

တောင်းပန်နေတာကြောင့် သူသက်ပြင်းချရင်း မနဲ့စိတ်နေစိတ်ထားတအားတူလွန်းတဲ့ သားကို......

"သားကြောင့် မဟုတ်ဘူးလို့ ဖေဖေပြောနေတယ်နော် ! ကိုယ်စိတ်ထဲတင်းနေတာတွေမှန်သမျှလျှော့ချပစ်လိုက်"

"မဟုတ်ဘူး သား လေ ကိုယ်ကြောင့် ညီမလေးကို တစ်ခါလေတောင်ဒဏ်ရာမရစေချင်တာ"

"သိတယ် ဖေဖေတို့သိတာမို့
သားစိတ်တွေလျော့လိုက်
အရမ်းပင်ပန်းတယ်ကွာ....ဖေဖေရော
မင်းမေမေရော သမီးကိုချစ်သလို
သားကိုလည်းချစ်တာပဲ ဒါကြောင့်
ဖေဖေတို့ကိုစိတ်ချမ်းသာစေချင်တယ်ဆို
ဖြစ်ပိုက်ခဲ့သမျှအကုန်မေ့ပစ် သားဖြစ်ပျက်ခဲ့တာ
ပြန်စလို့မရတော့တဲ့ ဘဝမဟုတ်ဘူးကြားလား"

နေက သားရဲ့ပုခုံးကိုကိုင်လှုပ်ပြီးပြောလိုက်တော့
သားက သမီးလေးအတိုင်း
သူရင်ခွင်ထဲဝင်လာတာကြောင့် သူမှာပြုံးချင်ပင်မဲ့

ဘယ်လိုအရွယ်ရောက်ပါစေ မိဘရှေ့ရောက်ရင် ပြန်ငယ်သွားတက်တာကို သိတာကြောင့် သူ သားကိုပြန်ဖက်ထားလိုက်သည်။

အတန်ကြာတော့ နေတစင်း

အခြေအနေပြန်တည်ငြိမ်သွားတယ်ဆို နေက သူ့အလုပ်ခုံပေါ်က File ကို သွားယူကာ နေတစင်းလက်ထဲထည့်ပေးလိုက်ပြီး.......

"File ကို ဖွင့်ကြည့်လိုက် သား"

နေတစင်း သူ့လက်ထဲကိုဖေဖေကထည့်ပေးလာတဲ့

File ကိုဖွင့်ကြည့်ပြီး စာတွေကို

ဖတ်ကြည့်လိုက်ရင်း

မျက်ဝန်းတွေပြူးကျယ်သွားရကာ......

"ဖေဖေ ဒါက"

"လင်းရိပ်ကို အမေရဲ့သေဆုံးမှုမှတ်တမ်း"

နေတစင်းစာတွေဖတ်ပြီး Light အမေရဲ့

သေဆုံးမှုက သာမာန်မဟုတ်တာကြောင့်

သူစိတ်ဝင်စားသွားရသလို ဒီကိစ္စတွေကို Light မသိလောက်သေးဘူးဆိုတာလဲသူသိသည်။

"ဖေဖေ ဒါကိုတစ်ခုခုစီစဉ်ထားတယ် မလား.....အဲ့တာဆို လိုအပ်တာတွေသားကိုပဲပြောပါ Light က သွေးနုသားနုနဲ့မို့ လန့်သွားမှာဆိုးလို့ပါ'

သူမိန်းမကိုပြောမှာဆိုးလို့ အလန့်တကြားတာနေတဲ့သားကိုကြည့်ကာ သူပြုံးလိုက်သည်။သူကအခုကိစ္စကို သားကိုပြောသင့်တယ်ထင်လို့သာ ပြောလိုက်ပါ

တစ်ခြားကိစ္စတွေကိုတော့ သူ့ဘာသာလုပ်မှာဖြစ်ပြီး သားကိုဝင်ပါခိုင်းမှာမဟုတ်။

ကိုယ့်ဘဝအတွက်ကို တွေးထားတော့......။

~~~~~~~~~~~~~~~~~~~~ဆက်ရန်။

စုံထောက်လေးနာမည်က ~ ကိုင်းနှောင်ကြိုး

တဲ့ ဘယ်လိုတွေတွေ့ကြမလဲ ဆက်ရန်ပေါ့။

🍭You are my life🍭
~~~~~~~~~~~~~~~~~~~~

# Chapter _ 22

"ဒါဆို မောင် လင်းရိပ်ကိုလေးရဲ့အမေက လုပ်ကြံခံရလို့ သေတယ်ဆိုတဲ့ သဘောလား"

သူမက မောင်အလုပ်ကပြန်လာလို့ သူ့အတွက်ပြင်ဆင်နေရင်းက စားပွဲပေါ်က File ကိုတွေ့တယ်ဆို ဘာလဲမေးလာတာနဲ့ မောင်ကသူမကို အကုန်ထုတ်ပြောလာသည်။

"ဟုတ်တယ် မောင်ထင်နေတာလဲ

အဲ့အတိုင်းပဲ....မောင်ကတော့

အပြစ်မရှိတဲ့အမျိုးသမီးတစ်ယောက်ကို

ကိုယ်နောက်ထပ်ပွေရှုပ်ချင်တာနဲ့ သတ်ဖို့လုပ်တဲ့

ရက်စရာလုပ်ရပ်ကို

ဘယ်တော့မှလက်မခံဘူး....ဒီကိစ္စတရားခံက

ဆွေးရိပ်ကမ္ဘာဆိုတာသေချာတယ်"

"မောင် အဲ့လူကိုဒုက္ခပြန်ပေးချင်တယ်ဆို

သက်သေရှိမှရမှာပေါ့"

ဘယ်လောက်တော်လိုက်တဲ့

မိန်းမလေးလဲ။သူလည်း

သူ့အဝတ်အစားတွေသေချာသူ့နေရာနဲ့သူပြန်ထား

နေပြီး သူနဲ့လိုက်မဲ့အဝတ်အစားကိုလည်း

သေချာရွေးထုတ်ပေးနေတဲ့ မိန်းမဖြစ်သူနားရပ်က

လှုပ်ရှားမှုတိုင်းကိုလိုက်ကာကြည့်နေမိသည်။မက

အရင်ကထက်စာရင်

ခဏကိုယ်လေးနဲနဲပြည်လာတော့

သူ့အတွက်ကပိုတောင်ကောင်းသေးသည်။

"မောင် ! ဘာတွေငိုင်နေတာလဲ

သဘာဝမေးတာကြားလား!"

"ဘာမေးလိုက်တာလဲ

ကိုယ့်မိန်းမအလှထဲနစ်မျောသွားလို့

ဘာမှမသိလိုက်ဘူး"

"အဲ့လိုစုံစမ်းဖို့က ဘယ်လိုလုပ်မှာလဲ"

သူမကအဲ့အိမ်နဲ့ပက်သက်ပြီး

ကလေးတွေထိခိုက်ထားတာကိုသိထားတော့

သူကိုဟ်တိုင်လုပ်မယ်ထင်ကာ မေးလာတဲ့

ချစ်ဇနီးလေးကြောင့် ခါးလေးကိုကိုင်လိုက်ရင်း.....

lay Nge

"မောင်ကိုယ်တိုင်လုပ်ရအောင်အထိ ဒင်းတို့ကတန်ဖိုးမရှိသေးပါဘူး ပြီးတော့ အဲ့လိုစုံစမ်းတာကလည်း နည်းလမ်းအမျိုးမျိုးရှိတယ်လေ အဲ့တာကြောင့် မောင်အကောင်းဆုံးနည်းလမ်းတွေးထားတာတော့ ရှိတယ် အဆင်သင့်ဖြစ်တာနဲ့ ပြောပြမယ်"

"အဝတ်လဲခန်းထဲကထွက်လာတော့ဘူးလား ! လီလီစိတ်တိုလာပြီ ဗိုက်ဆာနေပါပြီဆို"

သူတို့နှစ်ယောက်စကားပြောနေတုန်း အပြင်က သမီးရဲ့စိတ်တိုနေတဲ့အသံလေးကထွက်လာတာကြောင့် သူတို့နှစ်ယောက်လုံး ပိတ်ထားတဲ့ အဝတ်လဲခန်းတံခါးကို အတူတူကြည့်မိသည်။

"အသံလေးကကျွာ ဘယ်သူနဲ့တူမှန်းကိုမသိဘူး"

မောင်က

သူ့သမီးအသံကိုသူ့ဘာသာသဘောကျနေကာ သူမလက်ထဲက သူအတွက်ထုတ်ထားတဲ့ အဝတ်အစားတွေကို ယူဝတ်သည်။သူမကတော့

မောင်အဝတ်အစားလဲနေတုန်း အရှေ့ကို ပြန်ထွက်လာလိုက်သည်။

"မေမေ ! ဖေဖေက ကလေးမဟုတ်တော့ဘူးလေ သူ့ဘာသာအဝတ်အစားထုတ်ဝတ်မှာပေါ့ ဘာလို့ မေမေကနေ့တိုင်းလုပ်ပေးနေတာလဲ"

သူမအဝတ်လဲခန်းထဲကထွက်လာတယ်ဆို ခါးလေးထောက်ကာ သူမကို ရန်ရှာနေတဲ့သမီးတော်လေးကြောင့်ပြုံးရင်း သမီးလေးရှေ့ထိုင်ချကာ.......

Lay Nge

"မေမေက ကလေးလေးက စိတ်တိုနေတာလား"

"စိတ်တိုတယ်လေ မေမေက ဖေဖေကိုပဲချစ်တာကို

ဖေဖေကမီးမီးဖေဖေလေ မီးမီးပဲချစ်မယ်လေ"

လက်စသက်တော့

သူမကသူ့အဖေကိုချစ်တာကိုသဝန်တိုတာမဟုတ်ပဲ

သူ့အဖေကိုသူမချစ်ရလို့ သဝန်ကြောင်နေတဲ့

သမီးကို....

Lay Nge

"မေမေကိုမချစ်ဖူးလား သမီးက"

"ချစ်တယ်လေ အရမ်းချစ်တာ
မေမေကလီလီအတွက် ချစ်သောလေး
မေမေကလီလီကိုပဲချစ် ဖေဖေကိုမချစ်နဲ့"

"ရမလား ဖေဖေ့မိန်းမက
ဖေဖေ့ကိုချစ်လို့ယူထားတာလေ"

မောင်က အဝတ်လဲခန်းထဲကထွက်လာရင်း
သူမတို့သားအမိပြောတာတွေကြားပြီး

ဝင်ပြောတော့ သမီးလေးက မောင်ကိုတွေ့တယ်ဆို ပြေးသွားပြီး ချီခိုင်းတော့သည်။

"အာ ဖေဖေလီလီလေးက အရမ်းချစ်ဖို့ကောင်းတာပဲ"

"လီလီကလည်း ဖေဖေကို အရမ်းချစ် ပြီးတော့ မေမေကိုရောပဲ လပ်ယူ"

ဒီကလေးအရွယ်လေးနဲ့မလိုက် တစ်အိမ်လုံးရဲ့အချစ်တွေသိမ်းယူနေတာမို့ မောင် နဲ့

သူမအတူတူ သမီးလေးရဲ့ပါးတစ်ဖက်ဆီကို

နမ်းလိုက်တော့ သမီးလေးရဲ့ရီသံက

အခန်းလေးထဲပျံ့နှံ့သွားတော့သည်.........။

သူမတို့အောက်ထပ်ကို ညစာစားဖို့ရောက်တော့

ထမင်းစားပွဲမှာ

သားတစ်ယောက်ထဲထိုင်နေတာကြောင့် မောင် နဲ့

သူမတစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကာ

ထမင်းစားပွဲဝင်ထိုင်လိုက်ရင်း......

"သားတစ်ယောက်ထဲလား ကလေးတွေ နဲ့

သမီးရော"

"Light က နေမကောင်းဖြစ်ချင်နေလို့

သားအောက်ကိုမဆင်းခိုင်းတော့တာ မေမေ

အခုသားထမင်းစားပြီးလို့အပေါ်တက်ရင် Light

အတွက် နွားနို့ နဲ့ မုန့်ယူသွားလိုက်မယ်"

နေတစင်းအပြောကို မေမေကခေါင်းငြိမ့်ပြီး

အဆင်သင့်ပြင်ထားတဲ့ ထမင်းဝိုင်းက

ထမင်းအုပ်ကိုယူကာ မေမေက

သူ့ယောကျ်ားအတွက်အရင်ထည့်ပေးသည်။ပြီးမှ သူအတွက်ထည့်ပေးသည်။လီလီအတွက်ကတော့ မေမေကြိုတင်ပြင်ဆင်ပေးထားတဲ့ ဖြည့်စွက်စာလေးပင်။

"ဘဝဆိုတာကတော့ အမြဲလောကခံဆိုတာရင်ဆိုင်ရစမြဲပဲ သား....သားအခုဘာတွေခံစားနေရတယ်ဆိုတာ ဖေဖေသိတယ် နေ့လည်ကပြောတာတွေကမကုန်သေးဘူး ဟုတ်တယ်မလား"

နေက

သမီးလေးကိုဖြည့်စွက်စာသာကိုယ်တိုင်ခွဲ့ရင်းသား

ဖြစ်သူကိုလည်း ပြောရသည်။သားရော

သမီးရောက သူ့အတွက်ချစ်ရဲ့သွေးသားတွေကြီးမို့

ဘယ်သူကိုမှထိခိုက်တာ သူမလိုချင်။

"သားက ဘာတွေဖြစ်နေလို့လဲ

ပြဿနာကိုစိတ်ထဲအများကြီးထည့်ထားရတာလဲ

မေမေတို့ကိုပြော"

"သား ကမိဘမဲ့မဟုတ်ဘူး မိဘရှိတယ်

မိသားစုရှိတယ် ပြီးတော့

အသိုင်းအဝိုင်းရှိတယ်.....မင်းအိမ်ထောင်ကျသွားပင်

မဲ့ ဖေဖေတို့အတွက်က ဟိုတုန်းကလို

3နှစ်သားလေးလိုမြင်နေတုန်းပဲ"

နေတစင်း သူကိုအမြဲတမ်းနားလည်ပေးတဲ့

မိဘနှစ်ပါးကြောင့် သူမှာအမြဲတမ်းကျေနပ်ရသည်။

ဖေဖေ နဲ့ မေမေက သူ့ဆိုရင် ငယ်ငယ်ကတည်းက

ဆုံးမသင့်တာကို လက်မပါပဲဆုံးမသလို

သူလိုချင်တာဆိုလည်း ဖေဖေ

Lay Nge

ကိုတစ်ခွန်းထက်ပိုမပြောရ

လိုတရလိုမျိုးထားခဲ့တာ။

"သား စိတ်ထဲမကြချင်တစ်ခုခုဖြစ်တော့မယ်လို့

ခံစားနေရတယ် မေမေ....အထူးသဖြင့်

သားတို့အိမ်ထောင်ရေး"

သားဖြစ်သူစကားကြောင့်

သဘာဝရင်ထဲထိတ်ကနဲ့ဖြစ်သွားရသည်။အိမ်ထော

င်ရေးလို့ပြောတာကြောင့် ဟိုရက်က

သားဆီပို့လိုက်တဲ့ ဖုန်းကိစ္စကို သတိရသွားကာ.....

"အိမ်ထောင်ရေး ကိစ္စဆိုရင်တော့ မပေါ့နဲ့နော်
မေမေကျန်တဲ့ကိစ္စခွင့်လွှတ်တယ်
ဖောက်ပြန်တာတော့ မလုပ်နဲ့"

"ဖောက်ပြန်တာ ကိုသားလည်းသဘောမကျပါဘူး
မေမေ သားစိတ်ထဲကထင့်နေတာကိုပြောပြတာ"

"ဘာပဲဖြစ်ဖြစ်ပါ ဘာပြဿနာပဲရှိရှိ မိဘတွေမသိပဲ
ဘာမှမဆုံးဖြတ်နဲ့ ဆုံးဖြတ်မိရင်လည်း
မင်းအနောက်မှာ ဖေဖေရှိတယ်"

နေ သူ့တုန်းကဒယ်ဒီက

သားကိုသူလိုလုပ်ချင်ရာလုပ်ခွင့်ပေးထားတယ်ဆိုပ

င်မဲ့

မင်းနောက်ကငါလိုက်ရှင်းမယ်ဆိုတာမျိုးမရှိခဲ့။ဒါပ

င်မဲ့လည်း

သူဒုက္ခရောက်တဲ့အချိန်အမြဲရောက်လာသူက

ဒယ်ဒီတစ်ယောက်ထဲပင်။သူ့အတွက်တော့

သားစိတ်ထဲသူရှိရင်အကုန်လုံးဖြစ်နိုင်တယ်ဆိုတာ

မျိုးအထိကိုဖြစ်စေချင်တာ။

"ဟုတ်ကဲ့ပါ ဖေဖေ"

"လီလီရန်ဖြစ်ရင်လည်း
ဖေဖေကလိုက်ရှင်းပေးနော်"

"ဘာ ! သမီးကရန်ဖြစ်ချင်သေးတာလား"

သဘာဝက သားကိုပြောနေတဲ့ကြား
သူရန်ဖြစ်ရင်ပါ လိုက်ရှင်းပေးဖို့
မောင်ကိုပြောနေတဲ့ သမီးကို

Lay Nge

သူမကမေးလိုက်တော့ သမီးက

မောင်ခွံ့တာကိုစားနေရင်း.....

"အွန်း လီလီကကျောင်းတက်ရင် တုတ်ယူသွားမှာ

အကုန်လုံးကိုရိုက်မှာ"

"မောင် ! နင်တော့ပိုက်ဆံပိုရှာလိုက်တော့"

ကလေးသေးသေးလေး

ပါးစပ်ကထွက်လာတဲ့စကားတွေက

3နှစ်ဆိုတဲ့အရွယ်လေးနဲ့မှမလိုက်။သမီးရဲ့

Lay Nge

ရန်ဖြစ်မယ်ဆိုတဲ့စကားအနောက်မှာ

သဘာဝပြောလာတဲ့စကားကြောင့်လသူတို့သားအ

ဖမှာသဘောတွေကျပြီး

စကားတက်ကလေးကတော့ အဖေခွံ့တာစားပြီး

တပြုံးပြုံး..........။

"ဘာ !"

သူ့စေရာဆီကနေ တရားရုံးကပို့တဲ့စာကြောင့်

ကိုယ်ကအရင်တရားစွဲတာ စာပို့ရင်းပို့

တစမဖက်ကိုပို့ရမှာကို  သူကိုပို့လာတာမို့

Lay Nge

နားမလည်လို့ သူ့စေရာကို မေးလိုက်တယ်ဆို

ပြောလာတဲ့စကားက

သူတို့ကအရင်တရားစွဲသည်တဲ့။

"ဟုတ်တယ် ကိုနေ

ပြီးတော့ဘာကြောင့်လဲဆိုတာကို မပြောခင်

ကိုနေစိတ်ကိုထိန်းထားပါ....ကိုနေမဟုတ်တဲ့

ကျွန်တော်တောင်အဲ့စကားကြားပြီး

ဒေါသတွေအတောင်လိုက်ထွက်လာလို့ပါ"

LayNge

သူ့စေရာလိုကောင်ရဲ့စိတ်က သူစိတ်နဲ့မခြားမနားမို့ မဟုတ်မခံစိတ်ရှိတာသူသိသည်။ဒါပေမဲ့ သူကိုစိတ်ထိန်းဖို့ပြောကတည်းက ကိစ္စကသာမာန်မဟုတ်တာ သေချာသည်။

"အင်း စိတ်ကိုထိန်းထားတယ်ပြောတော့"

"ကိုနေဖြန့်လိုက်တဲ့ Vedio မှာလေ အဲ့ထဲမှာပါတဲ့လူက ကိုနေပါဆိုပြီး ပြောထားတယ်"

"ဘာ !"

နေ

သူ့စေရာပါးစပ်ကထွက်မဲ့စကားပးကသေးသေး

လေးမဟုတ်ဘူးဆိုတာသိပင်မဲ့ ဒီလောက်ထိတော့

သူမတွေးထား။သူဒေါသကမျက်နှာအနေအထားကြ

ည့်တာနဲ့ သူ့စေရာသိပင်မဲ့ မပြောမဖြစ်မျို့

ဆက်ပြောရသည်။

"အဲ့မိန်းမက အဲ့နေက ကိုနေတို့ နေလက်ရာ Hotel

မှာညစာစားပွဲရှိလို့ လာတာတဲ့

အဲ့မှာသူငယ်ချင်းတွေနဲ့ မိတ်ဆုံစားပွဲရှိလို့အပြန်

အခန်းတစ်ခုထဲဆွဲသွင်းခံလိုက်ရတယ်တဲ့ ပြီးတော့

အဲ့ဆွဲသွင်းတဲ့သူက ကိုနေတဲ့....အခုတိုင်ထားတာက

သူမကိုအတာမွလည်းကျင့်သေးတယ် vedio file

ပါဖြန့်တယ်ဆိုတဲ့ အချက်နဲ့"

"တောက့်စ် ဒီမိန်းမ !! ထွီ"

နေ သူ့စေရာစကားနဲ့တင်

ထိုမိန်းမနဲ့အတူအိပ်တာကို

စကားနဲ့ပြောတာတင်ရွံ့လွန်းလို့

တံထွေးပါထွေးပစ်လိုက်မိသည့်အထိပင်။ဘယ်လောက်တောင် ယုတ်မာလိုက်တဲ့မိန်းမလဲ။

"ကိုနေ မလုပ်ဘူးဆိုတာ ကျွန်တော်ယုံတယ်ဒါကြောင့် ကျွန်တော်ဒေါသထွက်လာတာ အခုလည်း အစ်ကိုအိမ်ကိုသွားပြီး အစ်ကို့မိန်းမကိုပြောမယ်ဆိုလားပဲ"

သူ့စေရာထပ်ပြောလာတဲ့စကားကြောင့် နေမှာထိုင်နေရာက
ထရပ်မိသည့်အထိပင်။ဘာကြောင့်လည်းဆိုရင်

ပန်းရိပ်လွှာကိုစွမှာ မ ကသူပြောတဲ့စကားထက်
ပန်းရိပ်လွှာကိုယုံခဲ့လိုသူတို့တွေပြဿနာတွေတက်
ခဲ့တာ မဟုတ်လား။အခုလည်း
ဒေါ်သန္တာစကားတွေယုံသွားရင်
သူရင်ကွဲမှာအသေအချာမို့ သူ့စေရာကိုလည်း
ဘယ်လိုကျန်ခဲ့လည်းမသိနိုင် သူအိမ်ကို
ပြန်ဖို့ကိုသာ စိတ်ဖြစ်နေတာမို့ ရုံးခန်းထဲက
ကားသော့ယူကာ ထွက်လာလိုက်သည်။ကျေးဇူးပြီး
ကျွန်တော်ကိုပဲယုံပေးပါ မ ရယ်.........။

LayNge

"ကျွန်မ အခုလိုအိမ်ထဲထိအဝင်ခံတယ်ဆိုတာ ကျွန်မကလေးတွေအပေါ်လုပ်ထားကို မမှတ်လို့မဟုတ်ဘူးနော် ကျွန်မကမရိုင်းတက်လို့"

ဒေါ်သန္တာ နဲ့ မေဆိုတဲ့မိန်းမနှစ်ယောက် တစ်ခါတောင်မရောက်ဖူးသေးတဲ့ နေလက်ရာ အိမ်ရဲ့ည့်ခန်းအပြင်အဆင်ကို ကြည့်က မှင်သက်ရတဲ့အထိပင်။ဒီမိသားစု ဒီလောက်တောင်ချမ်းသာတာလား။သူတို့ဘဝမှာ မမြင်ဖူးခဲ့တာတွေ ဒီအိမ်မှာအခုပေါင်းမရေတွက်နိုင်ရှိနေသည်။

"အခုပြောမဲ့စကားက ရှင့်ယောကျ်ားက ကျွန်မတို့အပေါ်အရင်ကျူးလွန်လို့ပြောရတာ....မဟုတ်ရင် သူများအိမ်ထောင်ရေးပျက်ရအောင် ပြောစရာမရှိဘူး"

"ဘာဖြစ်လို့လဲ ကျွန်မအမျိုးသားက ဘယ်သူကို ဘာလုပ်လို့လဲ"

Lay Nge

"ဘာလုပ်ရမှာလဲ ရှင့်ယောကျ်ားက ကျွန်မအမေကို လွှန်ခဲ့တဲ့ 3နှစ်လောက်က Hotel မှာမတော်မတရားကြံခဲ့တာလေ"

သူမအရှေ့က သားကိုလုပ်ကြံတဲ့ မိန်းကလေးဆီက စကားကိုကြားလိုက်တော့ သဘာဝရင်ဘက်လေးကို လက်နဲ့ဖိမိကာ မျက်လုံးထဲလည်း ဝေဝါးသွားရသည်။အဲ့ဒါက......

"ကျွန်မအမေ မိတ်ဆွေတွေနဲ့တွေ့ပြီး အပြန်မှာ ရှင့်ယောကျ်ားက သူ Hotel မှာဆိုပြီး

အခန်းထဲခေါ်သွားပြီး မဒိမ်းကျင့်တာ

အဲ့တာကိုကျွန်မတို့ကမပြောတာ

ရှင်တို့အိမ်ထောင်ရေးထိခိုက်မှာဆိုးလို့....ဒါပင်မဲ့

ရှင့်ယောကျာ်းက ကျွန်မအမေကိုသူအနိုင်ကျင့်ခဲ့

video ကို ဖြန့်ပြီး အရှက်ခွဲလို့ လာပြောရတာ"

မေဆိုတဲ့ မိန်းမစကားအဆုံးမှာ

သဘာဝထိုင်နေရာက ထရပ်လိုက်ရင်း......

"မင်းတို့ပြောလို့ပြီးပြီလား ! အဲ့ဒါဆိုငါပြောမယ်

ငါ့ယောကျာ်းလိုအဆင့်အတန်း နဲ့

လူတကာမှတ်လောက်တဲ့ ရုပ်ရည်နဲ့လူက

မင်းအမေလိုအဘွားကြီးကို မဒိမ်းကျင့်တယ်ပေါ့

ဘာဖီလင် ရမှာမို့လို့လဲ!!"

မေတို့သားအမိသူမတို့ပြောတာနားထောင်ပြီး

သဘာဝပန်းဆိုတဲ့ မိန်းမလောင်မယ်မှတ်ကာမှ

သူမတို့မထင်မှတ်ထားတဲ့စကားနဲ့တုန့်ပြန်လာတာ

ကြောင့် ဒီအတိုင်းကြည့်နေမိသည်။

"နေမင်းလက်ရာက ကျွန်မနဲ့လက်မထပ်ခင်ကရော

လက်ထပ်ပြီးတဲ့အချိန်ကစပြီးရော ဘယ်တော့မှ

အိမ်ကို ညနေ

6နာရီထက်နောက်မကျပဲပြန်လာနေကြ.....ရှင့်ကို

မဒီမ်းကျင့်ရလောက်အောင်

ကျွန်မယောကျာ်းကတဏှာမရှူးဘူး!......ကျွန်မကရှင့်

ထက်အများကြီးငယ်တယ် အသက် 40

ကျော်မှတောင်

သူကလေးကိုမွေးပေးထားနိုင်တဲ့သူ....ရှင့်ခန္တာကိုယ်

နဲ့ ကျွန်မခန္တာကိုယ်

ဘယ်သူကသာလဲအသိအသာကြီးပါ"

"ဒီမှာ......"

"ယောကျ်ားတွေမှာ

တဏှာစိတ်ရှိတယ်ဆိုတာမှန်တယ်

တခြားယောကျ်ားလေးတွေအကြောင်းကတော့

ကျွန်မမသိဘူး ကျွန်မနဲ့အတူအိပ်နေတဲ့

ကျွန်မအမျိုးသားက ကျွန်မမဟုတ်တဲ့ ဘယ်မိန်းမမှ

သူရင်ခွင်ထဲမထည့်ဘူး.......ကျွန်မသာလျှင်

သူ့အတွက်အရာရာ...သူ့အတွက်လိုအပ်တာလည်း

ကျွန်မပဲ ရှင်းလား! မောင်မပြောနဲ့

ကျွန်မမြေးမေးရင်တောင် ရှင့်ကို

ဖီလင်လာမှာမဟုတ်ဘူး!!"

သဘာ၀ ဒီတစ်ခါတော့ သူမယောကျ်ားရဲ့သိက္ခာကို လာထိတော့ ပြောချင်တာမှန်သမျှကို ရိုင်းတာတွေဘာတွေမသိအကုန်ပြောချပစ်လိုက်သည်။

"ရှင့် video ကိုလည်းကျွန်မသိသားပဲ မျက်နှာအနေအထားကြည့်ရတာ မဒိမ်းကျင့်ခံနေရတဲ့မျက်နှာထားမျိုး တစ်စက်မှမရှိဘူး.....ကိုယ့်ဘာသာ ကဲတိုင်း ကျွန်မပိုင်တဲ့မောင်ကိုလာမထိနဲ့.....သူကိုထိတာက ကျွန်မရဲ့စိတ်တွေအစွန်းဆုံးရောက်သွားလိမ့်မယ်.... ကျွန်မအမျိုးသားက

ကျွန်မတစ်ယောက်ထဲပိုင်တာ....ရှင်တို့သားအမိတာ
တစ်လင်ထဲပေါင်းနေတာ သတိထားပေါ့"

နေ မှာညှော့ခန်းဝရောက်ကတည်းက
သူ့မိန်းမပြောတဲ့စကားတွေနားထောင်ပြီး
ကျေနပ်နေကာ ကိုယ်ချစ်ရတဲ့အမျိုးသမီးက
ကိုယ့်အပေါ်ယုံကြည်ပြီး
ကိုယ်ကသူ့အပိုင်ပါဆိုပြီးပြောနေတာ
ကိုယ်မှာမျက်ရည်ပါဝဲရသည်။နောက်ဆုံးတော့ မ
ကသူအပေါ်ယုံကြည်ခြင်းပါတစ်ဆင့်ပိုလာတာမို့
ကျေနပ်နေရတော့သည်။

ချစ်ရတဲ့အမျိုးသမီးလေး သူ့ဘဝရဲ့တန်ဖိုးထားရတဲ့
သူရဲ့ကြင်သူ။သူမပြောသလိုပဲ တကယ်ကို သူမက
သူ့ဘဝရဲ့မရှိမဖြစ်
အရာရာပင်။မောင့်မိန်းမစကားတွေက
မောင့်ကိုကျေနပ်စေတယ်
မောင့်အပိုင်အမျိုးသမီးလေး။

"ခင်များဆို့စကားလောက်နဲ့ ကျုပ်တို့လင်မယားကို
သွေးထိုးနိုင်မယ်ထင်နေတယ်ပေါ့!"

"မောင်"

သူညည့်ခန်းထဲကိုဝင်လာကာ
ဗေဒါရောင်ပါတိတ်ဝမ်းဆက်လေးနဲ့
သနပ်ခါးလေးလိမ်းထားပြီး
အသက်အရွယ်နဲ့မှမလိုက် ချစ်ဖို့ကောင်းလွန်းတဲ့
မိန်းမအနားသွားကာ ခါးလေးကို
ဖက်လိုက်ရင်းပြောတော့.......

"ခင်များလို
ယောကျာ်းတကာနဲ့ကိုယ်အသက်အရွယ်မှအားမနာ



LayNge

ဖြစ်ချင်တိုင်ဖြစ်နေတဲ့ ခင်မျှားနဲ့အိပ်ရအောင်

နေမင်းလက်ရာက အသန့်ကြိုက်တာ

ကျုပ်ယူထားတာကိုကြည့်

အသန့်လေးပဲ.....ကျုပ်ကပြည်တန်ဆာကို

ဘဝအကျိုးပေးမကောင်းလို့ဆိုပြီးနာလည်နိုင်တယ်

.....ခင်မျှားတို့သားအမိကြ ရှုနေတာ!!"

"နေမင်းလက်ရာဆိုတာ ကျွန်မအပိုင် !"

လင်မယားနှစ်ယောက်ပေါင်းပြီး

မိုက်နေကြတဲ့နှစ်ယောက်။နှစ်ယောက်လုံးမျက်နှာ

ထားတွေက

ငါ့အပိုင်ကိုယူရဲယူကြည့်ဆိုတဲ့မျက်နာထားနဲ့မို့

ထိုသားအမိလည်း လုပ်စရာရှိတာလုပ်မယ်ဆိုတဲ့

မျက်နာထားမျိုးနဲ့ပြန်ထွက်သွားသည်။

"မောင်မှာ ကိုယ့်မိန်းမမယုံမှာကို ကမ္ဘာပျက်နေတာ"

"သဘာဝ ဘာမဟုတ်တဲ့လူတွေစကားယုံပြီး

ချစ်ရသူကို နာကျင်အောင်မလုပ်ချင်တော့ ဘူး

မောင်"

Jay Nge

သူမပြောတာကိုနားထောင်ပြီး မောင်က

သူမကိုရင်ခွင်ထဲဖက်ထားကာ

နဖူးလေးကိုညင်သာစွာနမ်းတော့ ချစ်ရသူနဲ့သာ

ဘယ်လိုပြဿနာမဆိုဖြေရှင်းဖို့

အားရှိတယ်ဆိုတာအမှန်ပင်...........။

~~~~~~~~~~~~~~ဆက်ရန်။

🍭You are my life🍭

Chapter _ 23
~~~~~~~~~~~~~~

"ကိုနေ ဒီကိစ္စကိုဘယ်လိုလုပ်မှာလဲ"

ဘယ်လိုပဲ
ကိုယ်ယောကျ်ားရဲ့သိက္ခာကိုယ်ကျင့်တရားကို
ယုံကြည်တယ်ပြောပါဆို အများအမြင်မှာ
ဆိုးနေမှာကိုတော့ သဘာဝမလိုချင်။မောင်က
တစ်ခြားနိုင်ငံတွေမှာတောင် နာမည်ရနေတဲ့
လုပ်ငန်းရှင်တစ်ယောက်မို့ သူတို့လိုလူမျိုးတွေ နဲ့
မောင် ကိုယ်ကျင့်တရားကိုမလဲနိုင်ပေ။

"ဟုတ်တယ် မောင်

ဘယ်လိုပဲမောင်မလုပ်ခဲ့ဘူးဆိုရင်တောင်

တရားရုံးရောက်ရင် သက်သေပြရမှာ"

သူ့စေရာ နဲ့ သဘာဝကသာသူ့အတွက်ရင်းလေးပြီး

ပြောနေကြပင်မဲ့

တကယ်လက်တွေ့ရင်ဆိုင်ရမဲ့သူကတော့

ပွဲလှုပြီဆိုတဲ့ သဘောနဲ့ပြုံးနေသည်။

"အဲ့ကိစ္စက

တရားရင်ဆိုင်မယ်နေ့ကြမှပြောမယ်.....အခုမင်းကို

ငါပြောစရာရှိတာက အသက် 25နှစ်အောက်

ကောင်လေးတစ်ယောက်လောက်ရှာပေးစမ်းပါ"

"ကိုနေ

အမူကိစ္စတွေများပြီးခေါင်းမှခေါင်းသေးရဲ့လား

ကျွန်တော်ကပဲရစ်မှာအမြဲနေတာလေ

မြန်မာပြည်ကိုတစ်နှစ်နေတာတောင်

တစ်ခါရောက်တာမဟုတ်ဘူးလေ

ကျွန်တော်ကိုလူလာရှာခိုင်းနေတာလား!

ကိုနေမှာက ပေါက်စကွေးက တစ်ယောက်ထဲ

ကျွန်တော်က 4ယောက်တောင်"

Lawnge

သူ့စေရာရဲ့စကားကြောင့် နေမှာ
ကိုယ်ကကိုယ်ချင်းမစာနာတက်တဲ့သူဖြစ်နေတာရ
ယ် သူ့စေရာပြောတာတွေက မှန်တာကြောင့်
ကိုယ့်ဘာသာရှာဖို့ပဲ ေတွးလိုက်သည်။

"ကိုနေ့ သမီးလေးရောမတွေ့ပါလား"

အမှုနဲ့ပက်သက်ကြီး
တအားကိုအေးဆေးလွန်းနေတဲ့
ကိုနေ။သူကိုကြည့်တာနဲ့ ဒီအမှုနဲ့ပက်သက်ပြီး

သူမှာသေချာတာတစ်ခုခုကိုရှိနေတာကို
သူရိပ်မိတာကြောင့်ဆက်မမေးတော့ ပဲ
စကားလမ်းကြောင်းလွဲလိုက်တော့။

"သမီးက နေ့လည်ဘက်ဆိုအိပ်တယ်လေ
သူစားချင်တာလေးကျွေးပြီး အခန်းထဲမှာသိပ်တာ"

ကိုနေမိန်းမအပြောကို
သူခေါင်းငြိမ့်လိုက်ပြီးကိုနေကို
ပြောချင်တဲ့စကားတစ်ခွန်းကို ကိုနေငြင်းမယ်ဆိုတာ
သိရဲ့သားနဲ့ သူပြောချင်လာတာကြောင့် .......

Layinge

"ကိုနေ သမီးလေးကြီးလာ

ရင်ကျွန်တော်ချွေးမတော်မယ်နော်"

"သေတောင်မရဘူး ငါ့သမီးကိုစက်ကိုင်းတောင်ကို

ပို့ပြီး သီလရှင်ဝတ်ခိုင်းမှာ အသက်ပြည့်တာနဲ့"

သူ့သမီးကို အူတိုနေတက်တဲ့ ယောက္ခမနဲ့

သူ့သားဖြစ်သူအကြောင်းတွေးမိကာ

ဘယ်လိုတွေဖြစ်လာကြဦးမယ်ဆိုတာ

တွေးတောင်မတွေးရဲပင်။သူ့သားသာ ကိုနေလို

ဇွတ်သမားဆိုလိုကတော့

သူအပြိုင်ကိုယ်အပြိုင်တွေတွေ့ကြရဦးမည်။

"မောင်ရာ ဘယ်လိုတွေတောင်လဲ မောင့်သမီးက

3နှစ်ပဲရှိသေးတာ

ဘာတွေစိတ်လောနေတာလဲတကယ်ပါပဲ......သူများ

သားသမီးကြယူပြီး သူ့သမီးကြပေးရမှာ

အတော်ကိုအူတိုနေတာ မင်းအစ်ကိုက

ပြောကိုမပြောချင်ဘူး"

အစက ဟိုမိန်းမနှစ်ယောက်ရှိတုန်းကကြ မ နဲ့ မောင် series

ရိုက်နေကြတဲ့နှစ်ယောက်ကအခုတော့ ကိုနေ တစ်ယောက်သူမိန်းမပြောသမျှကို ခေါင်းတငြိမ့်ငြိမ့် နဲ့အပြုံးမပျက် သူမိန်းမမျက်နှာကိုသာ ကြည့်နေသည်။တော်သေး ကိုယ်က FA မဟုတ်လို့ မဟုတ်ရင် သူတို့ခွေးစာကျွေးနေတာကို ကြည့်ပြီး လောင်နေရမှာ။

"ပြောရင်းနဲ့တောင် ပူတူးကို သတိရလာပြီ"

ဆိုကာ သူတွေးလိုက်မိတော့ ကိုနေက
သူ့ဘက်လှည့်ကြည့်လာတဲ့မျက်နှာထားကိုက
မင်းအိမ်သူကို လွမ်းနေတာလားဆိုတဲ့ မျက်နှာနဲ့မို့
တော်တော်ကို ကြည့်ရတာ
အမြင်ကတ်ဖို့ကောင်းလှသည်............။

"CEO လူလိုနေတယ်ဆို
ကျွန်တော်သိတဲ့ကောင်လေးတစ်ယောက်ရှိတယ်
အသက်ကတော့ 17 နှစ်ပဲရှိသေးတာ
အမေကံမကောင်းတော့ သူ့အဖေ နဲ့ သူပဲရှိတာ"

နေ အိမ်ကနေ Hotel ကိုပြန်လာပြီး သူ့ရုံးခန်းထဲမှာ အလုပ်လုပ်နေရာက သူကိုပြောလာတဲ့အတွင်းရေးမှူးစကားကြောင့် သူမော့ကြည့်လိုက်တော့ ဆက်ပြီးပြောသည်။

"သူကဆင်းရဲတဲ့သူမဟုတ်ပင်မဲ့ ချမ်းသာတဲ့အသိုင်းအဝိုင်းထဲမှာ ပိုက်ဆံ နဲ့ သူ့အဖေပဲ သူမှာရှိတာ သူ့အမေကလင်ငယ်နဲ့ဖောက်ပြန်တာကို သူကိုယ်တိုင်တွေ့ပြီး နာကြီးနေတဲ့ကောင်လေး......သူကစူးစမ်းရတာကိုဝါ

သနားပါတယ် သူများမသိတဲ့ကိစ္စကို
သိအောင်ဖော်နိုင်တဲ့အရည်အချင်းရှိတယ်"

သူလိုချင်တဲ့အချက်တွေကို တွေ့ပင်မဲ့ အသက်က
17 နှစ်ဆိုတော့ အရမ်းငယ်နေတဲ့အပြင်
အဲ့အိမ်ကမိန်းမတွေအနားကပ်ဖို့ကြ
ကလေးသာသာလေးဆိုတော့မဖြစ်နိုင်။

"အသက်က 17 နှစ်ဆိုပင်မဲ့ 20
လောက်တော့ထင်ရပါတယ် CEO "

သူစိတ်ထဲဘာတွေးနေလည်းဆိုတာ
သူအတွင်းရေးမှူးက သိနေတာကြောင့်
သူကျေနပ်သွားရသည်။သူအလုပ်စဝင်ခါစကတည်း
က အခုအချိန်အထိ
အမြဲတလွဲလုပ်တက်တဲ့ကောင်က အခုမှသာ
လိုရင်းတန်းရောက်တော့သည်။ဘာပဲဖြစ်ဖြစ်
ဒီကောင်က အလုပ်ရှင်အပေါ်သစ္စာရှိတယ်သူမို့
ဒီခေတ်မှာရှာရခက်တာကြောင့်
မှားတာကိုပြင်ပေးရင်းသူ့အနားမှာပဲထားသည်။

"အင်း ဒါဆိုငါနဲ့တွေ့ပေးဖို့ မင်းစီစဉ်ပေး ဒီတစ်ခါလိုရင်းတန်းရောက်တဲ့မင်းကို ဒီတစ်ပတ် စနေ နဲ့ တနင်္ဂနွေ အားလပ်ရပ်ပေးမယ်"

"ဗျာ တကယ်ကြီးလား ! ဝမ်းသာလိုက်တာ အာ ကျွန်တော် CEO ကအကောင်းဆုံးပဲ"

Hotel မှာကနေ့စဉ်ဝင်ငွေစရင်းရော ဧည့်သည်တွေပါများပြားလွန်းလို့ တစ်ရက်တောင်အိမ်မပြန်ရပေ ဒါကြောင့် CEO

ပေးတဲ့ ခွင့်နှစ်ရက်က

သူ့အတွက်အဖိုးတန်လွန်းလှသည်။

"ပြီးတော့ မင်းကိုလစာ 3သိန်းထက်တိုးပေးမယ်"

သူ Hotel ကိုအလုပ်စဝင်စက

2သိန်းကျော်သာရတဲ့အောက်ခြေအလုပ်ဖြစ်ပြီး

နောက်ပိုင်း နေလက်ရာကလုပ်ငန်းတွေကို CEO

အကုန်လွှဲပြောင်းယူလိုက်တဲ့အချိန်မှာတော့

သူကအတွင်းရေးမှူးအဆင့်ထိရောက်လာပြီး

အခုဆို လစာက 8သိန်းအထိရနေရာက

3သိန်းတိုးပေးမယ်ဆိုတာကြောင့် ပေးတဲ့ CEO အတွက်က ဘာမှမဟုတ်ရင်တောင် သူတို့တွေအတွက်က မနည်းပေ။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် CEO....မနက်ဖြန် ကိုင်း နဲ့တွေ့ဖို့အလုပ်အချိန်နဲ့ကိုက်ပြီး စီစဉ်ပေးပါ့မယ်"

"ရတယ် မင်းအဆင်ပြေသလိုလုပ် အခုတော့ မင်းလုပ်စရာရှိတာ သွားလုပ်တော့"

ပြောလိုက်တော့ ခေါင်းငြိမ့်ကာထွက်သွားတဲ့
သူ့အတွင်းရေးမှူးကိုကြည့်ကာ
သက်ပြင်းချလိုက်သည်။ပိုက်ဆံ 3သိန်းက
သူတို့လိုသူဌေးတွေအတွက်ဆို
ရေမွှေးတစ်ပုလင်းစာလောက်တောင်မရှိနပင်မဲ့
ပိုက်ဆံမရှိတဲ့သူတွေအတွက်ဆိုအတော်ကို
အသုံးဝင်သည်.........။

"သူများမယားငယ်ခံပြီး
အသက်အရွယ်လေးနဲ့မှမလိုက် မိန်းမပျက်"

ဒေါ်သန္တာတို့ သားအမိနှစ်ယောက်
နေလက်ရာကိုသွားပြသနာရှာပြီး ပြန်လာတော့
အိမ်ရှေ့ရောက် ခန္တာကိုယ်ခပ်တောင်တောင် နဲ့
အသားမဖြူမညိုမိန်းမနှစ်ယောက်
စကားကြောင့်.....

"ရှင်ဘယ်သူကိုပြောနေတာလဲ"

"မင်းကိုလေ အရှက်မရှိ သူများလင်တွေနဲ့
ခိုးစားရတာတော်တော်ဝါသနာပါနေတာလား"

မေ သူမကိုလက်ညှိုးထိုးပြောလာတဲ့ မိန်းမတွေကြောင့် ဘာမှနားမလည်နိုင်ဖြစ်သွားရသည်။သူမက ဘယ်သူလင်နဲ့ရှုပ်မိလို့လည်း။

"ညည်း နဲ့ Club မှာကဲခဲ့ကြတဲ့ ယောကျာ်းနှစ်ယောက်က ငါတို့ယောကျာ်းတွေ ညည်းတောင်ဆေးရုံတင်လိုက်ရသေးတယ် မဟုတ်လား"

LaNge

ဆေးရုံမတက်ခင်ညက

အကြောင်းကိုပြောနေတာကြောင့် မေ

ပျက်နာပျက်သွားရရင်း ကိုယ်တိုင်အဲ့ညက

ဘယ်သူနဲ့ ဖြစ်ခဲ့မှန်းတောင် မှတ်မိတာမဟုတ်။

"ရှင်တို့ မဟုတ်တဲ့စကားတွေလာမပြောနဲ့

ကျွန်မတို့က ရှင်တို့လိုလမ်းဘေးက

အောက်တန်းစားတွေမဟုတ်ဘူး....ကိုယ်ဂုဏ်သိ

က္ခာနဲ့ ကိုနေတာ"

LayNge

"ဟွန်း မင်းလိုသူများလင်နဲ့ဖြစ်ချင်တိုင်းဖြစ်နေတဲ့ ကောင်မက ငါ့တို့ကို အောက်တန်းစားတဲ့လား ရီရတယ်နော်.....မင်း မယားငယ်လုပ်မဲ့အစား နင်ကိုအမ်းနိုင်မဲ့ မုဆိုးဖိုတွေရှာပါလား"

"မင်းတို့နှစ်ယောက် ငါ့သမီးကိုပြောဆိုနေတာတွေရပ်တန်းကရပ်နော်!"

ဒေါ်သန္တာ သူများသားသမီးကိုယ်သာ လုပ်ချင်ရာလုပ်တာ သူ့သမီးထိလာတော့

သူတို့ဘက်ကမှားနေတာတောင်
လက်မခံတဲ့သူမျိုးတွေပင်။

"မရပ်နိုင်ပါဘူး ! ရှင်တို့ဂုဏ်သိက္ခာဆိုတာကို နေတဲ့
တိုက်နဲ့တိုင်းတာနေကြတာ တကယ်တမ်းကြ
သိက္ခာတင်မက ကိုယ်ကျင့်တရားပါ မကောင်းဘူး"

"ဘာဖြစ်နေကြတာလဲ!"

သူမတို့စကားပြောနေကြတုန်း
ဆွေးရိပ်ကမ္ဘာကအိမ်ထဲကနေထွက်လာတာကြောင့်

သားအမိနှစ်ယောက်မှာ မျက်စိမျက်နှာ
ပျက်ကုန်ကြသည်။ထိုအခြေအနေကို
မရိပ်မိသေးတဲ့ ဆွေးရိပ်ကမ္ဘာက.......

"မင်းတို့ကဘယ်သူတွေလဲ ဘာတွေလိုချင်လို့လဲ"

"ဘာလိုချင်ရမှာလည်း ကိုရယ်
ပိုက်ဆံလာတောင်းနေတာပဲ နေမှာပေါ့"

သူတို့အပြစ်တွေပေါ်လာမှာဆိုးတာကြောင့်
ထိုမိန်းမနှစ်ယောက်ကို စကားပြောခွင့်မပေးပဲ

ဒေါ်သန္တာက ကပြောသည်။ဒါကိုလည်း
ဦးဆွေးရိပ်က သူ့မိန်းမပြောတာကို
သံသယမဝင်တဲ့အပြင်......

"ဒါဆိုလည်း ပိုက်ဆံပေးပြီး
အိမ်ရှေ့ကမောင်းထုတ်လိုက်လေ
ကျက်သရေယုတ်တယ်"

ဆွေးရိပ်ကမ္ဘာစကားကြောင့်
အမျိုးသမီးနှစ်ယောက်လုံးဒေါသထွက်သွားရကာ

လူပုံစံအနေအထားတွေနဲ့မှမလိုက်

အဆင့်အတန်းမရှိပုံကိုကြည့်ပြီး.....

"တကယ်တော့

ကျွန်မတို့ကအဆင့်မတူတဲ့သူကိုပြင်မလားဆိုပြီး

လာပြောနေမိတာပဲ ဖထွေး နဲ့

မယားပါသမီးခွေးဇာတ်ခင်းကြတာ ကျန်တဲ့ကိစ္စဆို

အပေါ့ပဲနေမှာပေါ့"

LayNge

"ဟုတ်တယ် ခိုင်ရဲ့
ကိုယ်တွေလာပြောနေမိတာကအမှား
ဖထွေးနဲ့တောင်ခွေးဇာတ်ခင်းတဲ့မိန်းမ"

ထိုမိန်းမတွေက
သူတို့အိမ်တွင်းအဖြစ်အပျက်တွေပါပြောလာတာ
ကြောင့် မေ နဲ့ ဒေါ်သန္တာအပါအဝင်
ဆွေးရိပ်ကမ္ဘာကပါ
မျက်နာပျက်သွားရသည်။ဒီကိစ္စက
အိမ်တွင်းကလူမပြောရင်
အပြင်ကလူသိစရာအကြောင်းမရှိ။

LayNge

"ကျွန်မတို့က တစ်လင်တစ်မယားစနစ်နဲ့နေကြ
တဲ့မိန်းမတွေ ရှင်တို့လိုပိုက်ဆံသာချမ်းသာပြီး
ကျန်တာတွေကတော့
အောက်တန်းစားအဆင့်တွေ!"

ဒီစကားတွေကို ပြောဖို့သင်ပေးလိုက်တဲ့သူက
တစ်ခြားသူတော့ မဟုတ်
နေမင်းလက်ရာပင်။ဒီအမျိုးသမီးတွေက
သူ့သူငယ်ချင်းရဲ့မိတ်ဆွေတွေဖြစ်ပြီး
နှုတ်တိုက်ပြောရမဲ့စကားတွေက

သူသင်ပေးလိုက်ဆိုတော့ ထိုမိန်းမနှစ်ယောက်ထဲက တစ်ယောက်ရဲ့အင်္ကျီကြယ်သီးမှာတပ်ထားတဲ့ camera အသေးစားကနေတစ်ဆင့်မြင်နေရတဲ့ နေက လက်မှတ်ထိုးရမဲ့ File တွေကို လက်မှတ်ထိုးရင်း....

"ဟွန်း မျက်နာကြီးတွေကြီးရတာ ဆတော်တော်ခံရခတ်သွားတဲ့ပုံပဲ အရသာရှိလိုက်တာ"

Law Nge

"မျက်နှာတော်ကပြုံးတော်မူနေပါလား

အစ်ကိုတော်"

သူကကိုယ်အကြောင်းနဲ့ကို

တစ်ဖက်ကခံရခတ်သွားတဲ့မျက်နှာတွေကိုကြည့်ပြီး

သဘောကျနေရာက

သူ့ရုံးခန်းတံခါးမခေါက်ပဲဝင်လာကာ

အသံပါထွက်လာတယ်ဆို ဘယ်သူလဲသိတာမို့

မော့ကြည့်လိုက်သည်။သူထင်တာက

ကျော်သူရတစ်ယောက်ထဲထင်တာ

အုပ်လိုက်ကိုလာတာကြောင့်......

"ဘယ်လိုတောင်လဲ အကုန်လုံးပါလား"

သူကြည့်နေတာကို ပတ်လိုက်ပြီး
ကိုယ်အိမ်ကိုယ်ရာလို ဆိုဖာပေါ်ဝင်ထိုင်ကြတဲ့
4ယောက်ကို သူကမေးလိုက်တော့........

"ငါတို့လာတာ ဘာဖြစ်လို့လဲ !"

"ဘာမှမဖြစ်ပါဘူး အံ့သြလွန်းလို့ပါ ဒီလိုလူစုပြီး
ငါဆီကိုလာတယ်ဆိုတော့"

နေကထိုင်ရာကနေ မထပဲသူငယ်ချင်းတွေကို မေးရင်း သူတို့တွေဝတ်စားထားတာကိုကြည့်ကာ ပုံမှန်မဟုတ်တာကြောင့် မျက်ခုံးကပင့်တက်သွားရသည်။

"နေ ငါတို့အုပ်စုလိုက် Club သွားရအောင် တစ်နေ့တစ်နေ့စီးပွားရေးပဲ လုံးပန်းနေရာတာ ပျော်ရွှင်မှုလေးရှာရအောင်"

"အသက်ကြီးမှကွာ အာရုံနှောက်စရာ"

သူတို့အုပ်စုထဲအငယ်ဆုံးဖြစ်တဲ့ကောင်က အသက်ကြီးမှဆိုတာကြောင့် သူတို့တွေက ထိုင်သေရမဲ့အရွယ်ရောက်သလိုလိုနဲ့။နေမင်းလက်ရာ စကားကြောင့် အဖွဲ့ထဲအကြီးဆုံးဖြစ်တဲ့အံ့က......

"မောင်မင်းကြီးသား တစ်ခါတစ်လေးအပန်းဖြေတာကွာ ကောင်မလေးတွေနဲ့ရှုပ်တာမဟုတ်ဘူး"

အမြဲသူတို့ဗရုတ်ကြရင်

ထိန်းနေကြကိုအံ့ကပြောလာတာကြောင့်

သူမှာမယုံနိုင်။သူတို့ပြောသလို ကိုယ်က

မလုပ်ပေးရင်း သူငယ်ချင်းတွေအပေါ်

မသိတက်တဲ့ကောင်ဖြစ်မှာမို့.....

"Club တော့မရဘူး ကျွန်တော် Hotel

တစ်ခန်းကိုစီစဉ်ပေးမယ် လိုအပ်တာမရှိစေရဘူး

ကောင်မလေးတွေကလွဲလို့"

"xီး ဒီမယကတစ်ကောင်နဲ့ စိတ်လေတယ်"

"နေမင်းလက်ရာ မဟုတ်တော့ဘူး ဒင်းနာမည်က မိန်းမကြောကမလို့ ပေးထားရမှာ"

သူတို့တွေဘယ်လိုပြောပြော
နေကဂရုမစိုက်ပေ။သူမျက်နာထားက
သူပြောသလိုလုပ်ရင်လုပ်မလုပ်ရင်
ကိုယ့်ဘာသာသွားဆိုတဲ့ သဘောကြောင့်.......

"အေး မင်းပါမှဖြစ်မှာဆိုတော့လည်း သဘောပဲ"

သဘောတူညီမှုရသွားတယ်ဆို သူ Hotel ကစိတ်ချရတဲ့သူတစ်ယောက်ကို ပြင်ဆင်ဖို့ညွှန်ကြားလိုက်ရသည်။တကယ် သူအလုပ်မအားပါဘူးဆိုတာ အလုပ်လာရှုပ်ကြတာ..........။

နေစီစဉ်ပေးမှုနဲ့ Hotel ကအခန်းတစ်ခုမှ သီချင်းသံတွေကဆူညံနေပြီး အရက်ပုလင်းဝိုင်ပုလင်းဆိုတာကလည်း တစ်ခန်းလုံးမှ ရစရာမရှိအောင်ပွထနေသည်။အဲ့တာတောင်တစ် ယောက်မှ မူးတဲ့ပုံစံမပြသေး။

Law Nge

"နေ မင်းသောက်တာနည်းတယ်နော်

ငါတို့တွေပုလင်းတွေဘယ်လောက်နှောင်လဲမသိ

ကုန်သွားပြီး

မင်းတစ်ပုလင်တောင်မကုန်သေးဘူးလား"

တကယ်တော့ သူတို့ပြောတာထက်တောင်

သူ့အခြေအနေကဆိုးပါသေးသည်။ဘာဖြစ်လို့လဲဆို

ရင် သူတို့ကထည့်ပေးတဲ့ ခွက်တိုင်းကို

သူကဘေးဆုံးထိုင်နေတာကြောင့်

အမှိုက်ပုံးနဲ့နီးတော့ အမှိုက်ပုံးထဲသွန်သွန်ချတာပင်။

"ဘယ်ကတစ်ပုလင်းကတော့မှာလဲ အဲ့ကောင်
ငါတို့ထည့်ပေးတာ ဆယ်ခွက်ကတော့လို့လား!"

"ဟုတ်တယ် မင်းပြောတာမှန်တယ်
ဒီလောက်သောက်ထားတာတောင်
ဒီကောင်ဘယ်လိုမှမနေသေးတာ အံ့သြပ့"

သောက်တာအများဆုံးဖြစ်နေတဲ့ သူတို့အထဲက
လူပို့ျုကြီးနှစ်ယောက်အပြောကြောင့်
ကိုယ်ထက်ငယ်တဲ့သူတွေကိုထိန်းဖို့အတွက်

ထိန်းထိန်းသိမ်းသိမ်းသောက်နေတဲ့ အံ့က

နေကိုတစ်ချက်လှမ်းကြည့်တော့

အမှိုက်ပုံးထဲသွန်ချလိုက်တာ မြင်တယ်ဆို

မိန်းမကိုဒီလောက်ကြောက်တဲ့ကောင်ကို

ပညာပေးချင်တာမို့.........

"နေ ရော့ ဒါလေးသောက်ပါဦးကွာ"

နေ

ကိုအံ့ကမ်းပေးတဲ့အနီရောင်အရည်တွေထည့်ထား

တဲ့ခွက်ကိုယူလိုက်တယ်ဆို

Lay Nge

သူကိုမျက်တောင်မခတ်ကြည့်နေတဲ့ ကိုအံ့ကြောင့်

ပထမမသောက်ထားတာတွေပေါ်သွားမှာဆိုးကာ

တစ်ခွက်လောက်နဲ့ ဘာမှမဖြစ်မို့

တစ်ခွက်လုံးမော့ချပစ်ပစ်လိုက်တော့

လည်ပင်းထဲစီးဝင်သွားတဲ့ ပြင်းရှရှအရသာ။

"ဟွန်း နေမင်းလက်ရာ မင်းတော့နားပူပြီသာမှတ်"

အံ့နေကို တိုက်လိုက်တဲ့ခွက်က

သူတို့တွေသောက်နေတဲ့ထဲအပြင်းဆိုမို့ ခဏနေရင်

ထိုခွက်ရဲ့အစွမ်းတွေပေါ်တော့မှာကို သိတာမို့ သူစိတ်ထဲကနေပြောလိုက်သည်...........။

နေတစင်း ကလေးတွေ နဲ့ Light အိပ်တယ်ဆို သူပြန်ရောက်အထိအပြင် ညစာစားပြီးတဲ့အထိ ပြန်မရောက်သေးတာကြောင့် ပြန်ရောက်ပြီလားသိချင်တာကြောင့် အောက်ဆင်းလာတော့ မေမေက အိမ်ဝလေးမှာရပ်နေတာကြောင့်......

"မေမေ ဖေဖေပြန်မလာသေးဘူးလား"

"မလာသေးဘူး သား အရင်ဆို
7နာရီတောင်မထိုးသေးဘူး ပြန်ရောက်တာ အခု
9နာရီခွဲနေပြီပြန်မရောက်သေးတော့ စိတ်ပူတယ်"

မေမေတစ်ယောက် သူကိုသာစကားပြောနေတာ
ခြံထဲကိုရောက်နေတဲ့
မျက်ဝနကတစ်ချက်မခွာ။တကယ် ဖေဖေ နဲ့
မေမေတစ်ယောက်နဲ့တစ်ယောက်တော်တော်ကို
ချစ်နိုင်ကြတာ။

"မေမေဖုန်းဆက်တာလည်း ကြာပြီ မကိုင်ဘူး"

သူမေမေလက်ထဲက ဖုန်းကိုယူကာ

ဖေဖေကိုထပ်ခေါ် ဖို့ကြည့်လိုက်တော့

မေမေခေါ်ထားတဲ့အရေအတွက်ကိုကြည်ကာ

မျက်လုံးတောင်ပြူးသွားရသည်။

"58 Called တောင်လား မေမေ"

ဒီလောက်ခေါ်ထားတာတောင် ဖေဖေကမကိုင်တော့

မေမေစိတ်ပူနေမှာပေါ့။ဖေဖေကလည်း

LayNoe

သူမိန်းမဖုန်းခေါ်ရင် တစ်ခါထဲပိုမခေါ်ရအမြဲတန်း
တန်းကိုင်သည်။

"သား ဖေဖေနောက်လိုက်သွားပါလား
မေမေစိတ်ပူလာပြီ ဟင့် "

"အင်းပါ သား Hotel ကိုလိုက်သွားလိုက်မယ်နော်
မေမေက
လီလီအနားသွားနေလိုက်...ဖေဖေကအရေးကြီးတဲ့
အစည်းအဝေးထိုင်နေတာနေမှာပါ"

LayNge

"ဟင်းအင်း ရတယ် မေမေပါလိုက်မယ်နော်

သားညီမလေးက

နှိုင်းယှဉ်တို့ကိုကြည့်ခိုင်းထားတယ်"

သူ့ယောကျာ်းကို စိတ်ပူနေတာမလိုက်နဲ့ပြောလည်း

အိမ်မှာမျက်ရည်ဝဲကျန်နေခဲ့မှာမို့

အိမ်စောင့်မဲ့သူတွေကို သေချာမှာကာ

မေမေကိုပါခေါ် ပြီး Hotel ကို

မောင်းလာလိုက်သည်။

"မေမေ စိတ်မပူပါနဲ့

မေမေယောကျာ်းကလူလည်ပါ"

သူကားကိုလည်းသေချာမောင်းရင်း

ဘေးနားကတိတ်စိတ်ပြီး လိုက်လာတဲ့

မေမေကိုလည်း စိတ်မပူရအောင်

သူမှာသေချာပြောရသည်။

တီ တီ

အရှေ့ကပိတ်နေတဲ့ကားတွေကတစ်မျိုး သူလည်း မေမေသာပြောနေတာ အချိန်တန်လို့ အိမ်ပြန်မရောက်လာတဲ့ ဖေဖေကို စိတ်ပူနေတာအမှန်။ဘာလို့ဆို ကိုယ်အဖေက ဘယ်တုန်းကအိမ်ပြန်နောက်ကျဖူးလို့လဲ။

"မရောက်သေးဖူးလား သား.....ကား မောင်းတာနှေးလိုက်တာ"

"မနှေးပါဘူး မေမေရာ အရှေ့မှာရောက်ပါပြီ"

Lay Nge

နေတစင်း Hotel ရှေ့ရောက်တာနဲ့ ကားကိုရပ်လိုက်တော့ မေမေက သူဆင်းတာတောင်မစောင့်ပဲဆင်းသွားတာကြောင့် သူလည်းကားသော့ပင်မဖြုတ်နိုင်ပဲ ကားပေါ်ကဆင်းလိုက်ရသည်။

"မောင် ! မင်းတို့ CEO Hotel ကနေမပြန်သေးဘူး မဟုတ်လား"

သူမက Hotel ထဲရောက်တာနဲ့တွေ့တဲ့ဝန်ထမ်းကို မောင် မပြန်သေးဘူးလားမေးတော့

ဝန်ထမ်းကောင်လေးက

မပြန်သေးဘူးပြောတယ်ဆို........

"အဲ့တာဆို

ဖေဖေကအစည်းအဝေးထိုင်နေတာလား"

"မဟုတ်ပါဘူး နေ့လည်ကတည်းက CEO

သူငယ်ချင်းတွေရောက်လာပြီး 674 အခန်းမှာ

စကားပြောနေကြပါတယ်"

နေတစင်း ဝန်ထမ်းကောင်လေးကို ခေါင်းငြိမ့်ပြကာ

မေမေလက်ကိုဆွဲရင်း

ခဏာကဝန်ထမ်းကောင်လေးပြောတဲ့

အခန်းသော့ကိုပါတောင်းက

လျှောက်လာလိုက်သည်။

ကျွီ.....

သူတို့ 674 အခန်းတံခါးကိုဖွင့်ပြီး

အခန်းထဲဝင်လိုက်တယ်ဆို မြင်လိုက်ရတာ

အန်ကယ်တို့တွေက သောက်နေတဲ့သူက

သောက်နေသလို ဖေဖေကတော့

ဆိုဖာနောက်ကိုမှီပြီး မျက်လုံးမိတ်ထားပုံဆို

တော်တော်မှုးနေတယ်ထင်သည်။

"အဟင့် မောင် ! "

နေ ကိုအံ့တိုက်လိုက်တဲ့ခွက်က တဖြည်းဖြည်း

ရီဝေလာတာကြောင့် သူအနောက်ကိုမှီပြီး

မျက်လုံးမိတ်ထားရာက အိမ်ကိုဖုန်းဆက်ဖို့

ဖုန်းရှာတော့လည်း မတွေ့တော့ စိတ်ညစ်နေရာက

သူကိုတစ်ယောက်ယောက်ကဖက်လိုက်တာကိုခံ

စားရသလို ကိုယ်သင်းရနံ့လေးက သူရင်းနှီးပြီးသားဖြစ်တာကြောင့် ပြန်ဖက်ကာ ခေါင်းထောင်ကြည့်လိုက်တော့ သူမိန်းမရဲ့ မျက်နှာလေးကငိုမဲ့မဲ့နဲ့။

"Sorry သဘာဝ အစ်ကိုဒင်းကမသောက်တာကို အတင်းတိုက်လိုက်တာ"

"ဟင့် ရတယ်ဘာမှမဖြစ်ပါဘူး သူအန္တရာယ်ကင်းဖို့ပဲအရေးကြီးတာ.....မောင့်ကိုသဘာဝစိတ်ပူနေတာ သိလား"

LayNge

သားရောသမီးပါအတိုက်အခိုက်ခံထားရတော့

မောင်ကိုပါ

ပြဿနာထက်မရှာနိုင်ဘူးလို့မပြောနိုင်တာကြောင့်

သူ့မစိတ်ပူခြင်းပင်။သူသာတစ်ခုခုဖြစ်ရင်

သူ့မရင်ကွဲမှာ။

နေ့တစင်း တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့်

ဖေဖေတို့တော့ပြဿနာတက်ပြ

ေိထင်ထားခဲ့ပင်မဲ့ မေမေက

သူယောကျ်ားအန္တရာယ်ကင်းတာတွေ့တော့ပြေးဖ

Lay Nge

က်ထားတာ များ

အားကျစရာကောင်းသည်။သိပ်ချစ်တက်တဲ့

မိဘနှစ်ပါးဆီကနေမွေးဖွားလာခွင့်ရခဲ့တာ သူနဲ့

လီလီအတွက် ကံကောင်းခြင်းပါပဲ..........။

~~~~~~~~~~ဆက်ရန်။

OBJ

🍭You are my life🍭

Chapter _ 24

Lay Nge
~~~~~~~~~~

ကြီး::::::........

နေတစင်း

အိမ်ပေါ်တီအောက်ကားကိုရောက်တယ်ဆိုကားကို

ရပ်လိုက်ရင်း လက်ကနာရီကြည့်လိုက်တော့ ည 10

နာရီထိုးနေပြီ။အနောက်ခန်းကိုကြည့်တော့

ဖေဖေက မေမေပုခုံးပေါ် မှီကာ

မျက်လုံးမိတ်ထားတာကြောင့်.......

"မေမေ ခဏလေးသာလာကူတွဲမယ်"

သူကားသော့ကိုဖြုတ်ကာ

သူဝတ်ထားတဲ့ဘောင်းဘီအတိုရဲ့အိတ်ကပ်ထဲကို

သော့ထည့်လိုက်ပြီးမှ

ကားပေါ်ကနေဆင်းလာလိုက်သည်။သူ့အနောက်ခ

န်းတံခါးဖေဖေဘက်ကနေဖွင့်ကာ......

"ဖေဖေ ! လမ်းလျှောက်လို့ရသေးတယ်

မညာတ်လား"

"ကျစ် ! ရတယ် ဘာမှမဖြစ်ဘူး"

ပြောကာ ကားပေါ်ကနေ

သူ့ဘာသာဆင်းလာတဲ့ဖေဖေက

အောက်ရောက်တာနဲ့ ယိုင်သွားတာကြောင့်

သူဖမ်းထိန်းထားလိုက်ရသည်။မေမေက လည်း

တံခါးဖွင့်ထားတဲ့ဘက်ကနေပဲဆင်းကာ

သူနဲ့အတူတူ ဖေဖေကိုတစ်ဖက်ကနေတွဲကူသည်။

"မောင် ဖြေးဖြေးလျှောက်

အရှေ့မှာလှေကားထစ်ရှိတယ်"

အိမ်ကိုအဝင်မှာ လေ့ကားထစ်သုံးခုရှိတာကြောင့်

သေချာပြောကာ

အိမ်ထဲခေါ်လာရသည်။အိမ်ထဲရောက်တယ်ဆို

အပေါ်ထပ်ကို မေမေနဲ့တစ်ဖက်ဆီတွဲခေါ်လာတော့

ဖေဖေတစ်ယောက်မူးသာမူးနေတာ

ခေါင်းတင်ထားတာက သူ့မိန်းမပုခုံးပေါ်။ကိုယ်က

နိမ့်တဲ့ပုခုံးထက်သူဆိုပိုအဆင်ပြေမှာမို့

သူပုခုံးပေါ်ပြောင်းတင်ပေးတော့လည်း

သူ့မိန်းမပုခုံးပေါ် ပဲခေါင်းပြန်တင်သည်။

အခန်းတံခါးကိုသူကလက်တစ်ဖက်နဲ့တွန်းဖွင့်လိုက်

တယ်ဆို ဆိုဖာပေါ်မှာ အန်တီနှင်းယှဉ်တို့က

လီလီကိုစောင့်ရင်းအိပ်ပျော်နေရာက သူတို့ဝင်လာတာနဲ့နိုးလာသည်။

"ဟင် ပြန်လာပြီ အစ်ကိုလေးကဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး အန်တီ....ဖေဖေကို သူ့သူငယ်ချင်းတွေကတိုက်လိုက်တာ အဲ့တာကြောင့်မို့"

"နိုင်းယှဉ်တို့နှစ်ယောက်လုံးသွားနားလိုက်တော့နော် ရပြီ....ပြီးတော့ သားက ဖေဖေသောက်ဖို့ သံပရာရည်သွားဖျော်ခဲ့"

သူမ အခန်းထဲကတော သားရောနိုင်းယှဉ်တို့ရော ထွက်သွားတာနဲ့ သူကို အဝတ်အစားလဲပေးဖို့အတွက် ကုတင်ပေါ်ကန့်လန့်ထားတဲ့အတိုင်းအိပ်နေတဲ့ မောင်ကို......

"မောင် ! ခဏထဦး အဝတ်အစားလဲရအောင်"

"အငျး:::::::"

ဆိုကာ ပက်လက်နေရာကစောင်းလိုက်တော့
သမီးလေးခြေဖဝါးသေးသေးလေးတွေ နဲ့
သူမျက်နှာနဲ့က တည့်တည့်ဖြစ်နေတာကြောင့်....

"မောင် ! ထဆိုနေ ကလေးနိုးတော့မယ်"

"ခဏလေး ! အိပ်ချင်လို့"

"ပြီးမှအိပ်ဆို ခဏလေးထ
အဝတ်အစားလဲရအောင်"

တကယ် ဘယ်ယောကျာ်းကိုမှ
အရက်သောက်လိုက်ရင်
ကိုယ်အနားကပ်ရင်တောင် အနံ့မခံနိုင်လို့
ဝေးဝေးရှောင်တဲ့သူမက အခုမူးနေတဲ့သူဟာ
မောင်မို့လို့ တစ်ခြားလူသာဆို
လဲရင်လဲမလဲရင်နေဆိုပြီး ထားလိုက်မှာ။

"မောင်နော် ထဆိုနေ အခုမထဘူးဆို

ငါတကယ်စိတ်ဆိုးတော့မှာ

နင်နဲ့စကားမပြောတော့ဘူးနော်"

ပါးစပ်ကလည်းပြောသာပြောနေရတာ

သမီးလေးနိုးသွားမှာလည်းဆိုးသေးသည်။ဒါတောင်

သဘာဝက

အရက်သမားကိုယောကျ်ားတော်ထားတာမဟုတ်။

Lay Nge

"မောင် ! နင်ကိုစောင့်နေတာ

ငါဘာမှမစားရသေးဘူး

အဲ့တာကိုအိပ်နေနိုင်သေးတယ်"

သူမတကယ်လည်း

ညစာကိုသူပြန်လာမှစားမယ်ဆိုပြီး

ကျန်တဲ့သူတွေကိုသာစားခိုင်းကာ ကာ

သူကိုစိတ်ပူနေတာနဲ့

အခုအချိန်ထိဗိုက်ကမဆာနိုင်။သူမပြောလိုက်တယ်

ဆို ချက်ခြင်းကောက်ထိုင်လာတဲ့ မောင်ကြောင့်

သမီးလေးက လန့်သွားကာ

LayNge

သမီးလေးကခန္တာကိုယ်လေ တုန်သွားရင်

မျက်လုံးလေးပွင့်လာသည်။

"မောင် သိလား ! နင်ကြောင့် ကလေးနိုးသွားပြီ"

ပြောရင်းသူကို ခဏထားကာ

သမီးလေးဆီသွားမယ်ရှိသေး

သူမလက်ကိုဆွဲလိုက်တဲ့ မောင်ကြောင့် သူမက

မောင်ကိုကြည့်လိုက်တော့...... .

"ဗိုက်ဆာနေပြီလား Sorry မောင်ကို

ကိုအံ့အတင်းတိုက်လိုက်တာ!

ထမင်းသွားစားကြမယ်"

"ဟွန်း ဖေဖေတို့ကအခုမှ

အမူးပြေသွားတာလား....မေမေထမင်းမစားနဲ့တော့

နို့နဲ့ cake သားတစ်ခါထဲယူခဲ့တယ်"

သူမကို

နေကမျက်လုံးတောင်ကောင်းကောင်းမဖွင့်နိုင်သေး

ပဲ စကားပြောနေရာက

သားအသံကြားလိုက်တာကြောင့်
မျက်လုံးကိုအတင်းလက်နှစ်ဖက်နဲ့ပွတ်ပြီး
ကြည့်လိုက်တော့ လက်ထဲဗန်းတစ်ခုကိုင်ထားက
သူတို့ကိုကြည့်နေသည်။

"မောင် ရော့သံပရာရည်သောက်လိုက်ဦး"

သူမ သားကိုင်ထားတဲ့ဗန်းထဲက သံပရာရည်ခွက်ကို
ယူကာ မောင်ကိုသောက်ဖို့ပေးလိုက်တော့
မောင်ကခေါင်းငြိမ့်ကာယူပြီး
မော့သောက်တယ်ဆို......

Lay Nge

ထွီ......

နေ ပါးစပ်ထဲဝင်လာတဲ့သံပရာရည်က ချဉ်တာက ရေတောင်ရောလာရဲ့လားမသိ။အဲ့တာတင်မက ငံလိုက်တာလည်း လွန်ရော လူတောင်မူးနေရာက ချက်ခြင်းပြေသွားရတဲ့အထိ။

"သံပရာရည် ဘယ်သူဖျော်တာလဲ"

"သားလေ ကောင်းတယ်မဟုတ်လား

သံပရာသီးနှစ်လုံးရယ် ဆားရယ်

ရေတစ်ဝက်ရယ်ရောလာတာ

သကြားကမထည့်လာဘူး ချဉ်ချဉ်လေးက

ပိုကောင်းမယ်ထင်လို့"

သဘာဝ

သားပြောတာကိုနားထောင်တာနဲ့တင်မောင်သောက်

နေတဲ့ သံပုရာရည်ရဲ့အရသာကို ခံစားမိကာ

သွားတောင်ကျိမ်းသွားရသည်။သောက်လိုက်တယ်

မောင်ဆို မျက်နှာပါ ရှုံ့တွသွားရတဲ့အထိ။

Lay Nge

"မင်းဖျော်လာတာ အရသာရောမြည်းခဲ့ရဲ့လား ဟမ်! ငါ့ကိုသတ်နေတာကြနေရော ချဉ်တာတင်မက ငံကင်ငံသေး"

"မောင်ကလည်း သားကလုပ်တက်တဲ့ကလေးမှမဟုတ်တာ ဒီလောက်တော့ရှိမှာပေါ့ မောင်ကလဲ.....သား သွားနားတော့ မုန့်ဗန်းကို အလုပ်စားပွဲပေါ်တင်ထားခဲ့"

ပြောတော့ စေတနာနဲ့လည်းဖျော်လာရသေး

အဖေက ဆူတာကြောင့် သားက

ဆူပုတ်ကာပြန်ထွက်သွားတာမို့

သူမကရီလိုက်မိသည်။သားကအိမ်ထောင်သည်တာ

ပြောတာ အခုအချိန်အထိ

မိဘနှစ်ပါးအပေါ်ဆိုးလို့ကောင်းတုန်း။

"ဆူညံနေတာပဲ အိပ်နေတာ အိပ်ရေးပျက်ပြီ"

သူမကအခန်းထဲကထွက်သွားတဲ့

သားကိုသဘောကျနေတာတောင်မဆုံးသေး

အသေးဆုံးဘေးကာ အိပ်ရာကနိုးခါစဆိုတော့

မျက်နာကမကြည်လင်သေးပဲ

ဆံပင်လေးတွေကလည်းပွထလို့မောင်က

သူ့သမီးအသံကြားတယ်ဆို

အနောက်လှည့်ကြည့်သည်။

"ဟော ဖေဖေကြောင့်

သမီးလေးနိုးသွားတာလားဗျာ"

"ဟွန့် နံတယ်အရက်တွေ သောက်ရင်ချစ်ဘူးနော်"

ယူထားတဲ့မိန်းမထက်ပင်

သူမအပေါ်အာဏာပြနေတဲ့ သမီးတော်ကြောင့်

သူကလက်သေးသေးလေးတွေကို

လှမ်းကိုင်လိုက်တော့

သူလက်လေးကိုအကိုင်မခံပေ။

"ကလေးကကောက်တော့မယ် အိပ်ရေးမဝလို့

အဲ့တာမောင်ကြောင့်!"

သမီးလေးက မောင့်ကိုကြည့်ပြီး

ပါးဖောင်းဖောင်းလေးတွေလှုပ်လာကာ

နှာခေါင်းလေးတွေနီရဲလာပြီး ငိုဖို့ပြင်နေတာကြောင့် သူမကပြောတော့.......

"ဖေဖေကိုဆူနဲ့လေ လီလီငိုဘူး"

သူမကတော့ ငိုတော့မဲ့မျက်နှာလေးကြောင့် မောင်ကို
စကားသံနည်းနည်းလေးမြင့်ပြီးပြောလိုက်တာနဲ့ မောင့် သမီးကချက်ခြင်းသူ့အဖေကို မဆူပါနဲ့ပြောရင်း

ငိုမဲ့မျက်နှာထားကိုပြောင်းလိုက်တာ အကျင့်ကိုက မောင်အတိုင်းပင်။

"မငိုရင်လည်းပြီးပါရော ဒေါ်လီလီ....ကဲ မောင်လည်း အမူးပြေရင်အဝတ်သွားလဲတော့ ကလေးကတောင်ပြောနေတယ် နံ့တယ်လို့'

သူကတော့ သူမစကားအထွန့်မတက်ပဲ ခေါင်းတစ်ချက်ငြိမ့်ပြီး ထိုင်ရာကနေထကာ အဝတ်လဲခန်းထဲဝင်သွားသည်။သားသံပရာရည် ဘယ်လောက်ချဉ်လည်းမသိ

မောင်ကခေါင်းတောင်ကောင်းကောင်းမထောင်နိုင်

ရာကနေ သူ့ဘာသာထရပ်ကာ

အဝတ်အစားလဲခန်းထဲဝင်သွားတဲ့ မောင်။

"မေမေ လီလီအိပ်ချင်တော့ဘူး"

အဲ့တာတွေကြောင့် ညဘက်သမီးလေးအိပ်တဲ့အခါ

အချိန်မတော်ကြီးပြန်နိုးမှာကြောက်ရတဲ့အကြောင်း

အရင်း။အခုတောင်

သူမကိုမအိပ်ချင်တော့ဘူးပြောနေတာ

နောက်တာမဟုတ် တကယ်အတည်။

"မရဘူး လီလီလေးကလိမ္မာတယ်မဟုတ်လား မေမေချော့သိပ်မယ်လေ"

"လီလီအိပ်ပြီးသွားပြီလေ အိပ်ချင်တော့ဘူး"

မောင်တစ်ယောက်မွှေလိုက်တာနဲ့ အခုတော့ သူ့သမီးတော်လေးမွှေတာပါဆက်ပြီး ခံရဦးမှာမို့ ကြည့်နေ
မောင်ကိုပဲထိန်းခိုင်းပစ်လိုက်မယ်.............။

2 weeks Later......

ဒီနေ့ရုံးချိန်းက နေကိုတရားစွဲထားတာကို ကြားနာမှု

ဒုတိယအကြိမ်ဖြစ်ပြီး

ပထမအကြိမ်ကြားနာမှုမှာက

နှစ်ဖက်လုံးသက်သေပြနိုင်တာမရှိတဲ့အတွက်

နောက်တစ်ကြိမ်အမှုကြားနာခြင်းပင်။ပထမအကြိမ်

အမှုအတွက်ပြောတော့ နေ

ကဟုတ်သည်လည်းမပြောသလို

မဟုတ်ဘူးဆိုတဲ့အကြောင်းလဲမပြောတာမို့

သူ့စေရာ နဲ့

အိမ်ကသူတွေကတောင်သူကိုအားမရဖြစ်ကြသည်
။

ဒါပင်မဲ့ သူလုပ်နေတာကို သူသိသည်။ဒီအမှုဖြစ်တာ
သူသိက္ခာကိုအနည်းငယ်ထိပင်မဲ့
သူပြန်လုပ်မှာကနည်းနည်းလေးမဟုတ်။အခုဆို
လူတော်တော်များများက
ဒီအမှုကိုစိတ်ဝင်စားနေပြီဖြစ်တာကြောင့်
သူ့အတွက်တော့ ကောင်းတဲ့အချိန်ကာလပင်။

Laynge

"တရားသူကြီးမင်းခင်မျာ

ကျွန်တော်အမှုသည်အတွက် ဒီထက်သာတဲ့ video

ဒါမှမဟုတ် ဓာတ်ပုံကိုပြမယ်ဆို

သိက္ခာတွေကျဆင်းစေနိုင်ပါတယ် ပြီးတော့ ဒီ

vedio ကိုဖြန့်တဲ့သူကလည်း တရားခံဘက်ကပါပဲ"

တစ်ဖက်က ရှေ့နေစကားကိုနားထောင်ပြီးတယ်ဆို

သူ့စေရာကချက်ခြင်းထရပ်လိုက်ကာ

တရားသူကြီးကို စေ့စေ့ကြည့်လျက်.......

"တရားသူကြီးမင်းခင်မျာ

တရားလိုရှေ့နေပြောသလို ကျွန်တော်ပြန်ပြောရရင်

သက်သေမသိကျပဲနဲ့

ကျွန်တော်ရဲ့အမှုသည်ကိုစွပ်စွဲတာက

သူတို့တောင်ဂုဏ်သိက္ခာကျဆင်းတယ်ဆို

ကျွန်တော်အမှုသည်ဆိုရင်

ကိုယ်မလုပ်ပါပဲစွပ်စွဲခံရတာဆိုရင်

နိုင်ငံတကာလုပ်ငန်းရှင်တစ်ယောက်အနေနဲ့

ဘယ်လောက်တောင်

ဂုဏ်သိက္ခာထိခိုက်မယ်ဆိုတာ

ပြောစရာလိုမယ်မထင်ပါဘူး....သက်သေအတည်

အကျမရှိပဲ အဲ့

ယောကျ်ားတစ်ယောက်ရဲ့ကျောပြင်မြင်တာနဲ့
ကျွန်တော်အမှုသည်ပါလို့တပ်အပ်စွပ်စွဲနေတာ
မသင့်တော်ဘူးလို့ထင်ပါတယ်"

တစ်ဖက်ကရှေ့နေက
ဒီမှာဝါရင့်အထက်တန်းရှေ့နေဆိုရင်
သူလည်းထက်မြတ်တဲ့နာမည်ကြီးရှေ့နေတစ်ယော
က်မို့ စကားအသွားအလာကိုကြည့်ပြီး
ပြန်ပြောတက်သည်။

"တရားခဲရှေ့နေပြောတဲ့ စကားက နည်းလမ်းကျတာမို့ တရားလိုရှေ့နေသက်သေတည်ကျစွာပြောပြီး သူဟုတ်ကြောင်းပြောပါ"

တရားသူကြီးက တရားလိုရှေ့နေကိုပြောနေခိုက်ကောင်လေးတစ်ယောက်က ရောက်လာပြီး သူ့စေရာကို CD ချပ်တစ်ခုနဲ့ File တစ်ခုကမ်းပေးတာကြောင့် ယူလိုက်ရင် ကိုနေကို လှမ်းကြည့်လိုက်တော့ ခေါင်းငြိမ့်ပြသည်။

Lay Nge

သဘာဝအမှုအခြေအနေကိုကြည့်လိုက်
မောင်ကိုကြည့်လိုက်
ဖြစ်နေရသည်။ဒါပင်မဲ့စိတ်ထဲမှာလေးနေတာမျိုးမ
ရှိပဲ
မောင်အပေါ်ယုံကြည်မှုအားကောင်းတာကြောင့်
လားမသိ မောင်အမှုနိုင်မယ်ဆိုတာ ယုံနေမိသည်။

"မောင့်မိန်းမက မောင့်ကိုမယုံဘူးလား"

သူမအတွေးကို သူမြင်တာကြနေတာပဲ

မေးလာတဲ့မေးခွန်းက အမြင်ကတ်စရာကြီးမို့

သူကိုမျက်စောင်းထိုးရင်း သူကိုင်ထားတဲ့

သူမလက်ကို ရုန်းထွက်တော့ သူကလက်မခံပဲ

ဆွဲယူကာ နမ်းတာမို့.......

"မောင် ပန်းခြံရောက်နေတာမဟုတ်ဘူး

တရားရုံးထဲနော်"

သူမက အံကြိတ်ပြီးပြောတော့ နေ

မှာရီချင်စိတ်ရော ဖက်နမ်းချင်စိတ်ကိုပါ

Lay Nge

သူမပြောသလိုပန်းခြံမဟုတ်တဲ့အတွက်
မနည်းထိန်းထားရသည်။အိမ်ရောက်မှ
တဝကြီးဖက်နမ်းပစ်ဦးမည်။

"တရားလိုရှေ့နေပြောပြီးရင်
ကျွန်တော်ကိုပြောခွင့်ပြုပါ တရားသူကြီး
မင်းခင်ဗျ"

သူ့စေရာ
သက်သေကလက်ထဲကိုရောက်နေပြီမို့အချိန်ဆွဲတာ

တွေဘာတွေသူမလုပ်ချင်တာကြောင့် သူပြောတော့ တရားသူကြီးကပြောခွင့်ပေးတယ်ဆို......

"ကျွန်တော်အမှုသည်ဘက်ကအပြစ်မရှိဘူးဆိုတာကို သက်သေတင်ပြခွင့်ပြုပါ"

ဆိုတာ CD ချပ်နဲ့အတူတူ အဲ့ Hotel ကိုဝင်သွားတဲ့ မှတ်တမ်းတွေကိုပါ တရားသူကြီးဆီတင်ပြပြီးတဲ့နောက်မှာ သက်သေကမပြီးသေးတာကြောင့်......

"တရားသူကြီးမင်း ခင်မျာ ကျွန်တော်တို့မှာ လူသက်သေလည်းရှိတာမို့ တင်ပြခွင့်ပြုပါ"

"တင်ပြပါ"

သူ့စေရာပြောလိုက်တယ်ဆို ထိုင်နေတဲ့လူတွေထဲကနေ နောက်ဆုံးခုံမှထိုင်နေတဲ့ အသက် 45 နှစ်လောက်ရှိမဲ့ လူတစ်ရောက်ထလာပြီး စစ်ဆေးရမဲ့နေရာကို လျှောက်လာသည်။ထိုသူစစ်ဆေးမဲ့နေရာမှမက်တပ်ရပ်လိုက်တာနဲ့ ဒေါ်သန္တာမျက်လုံးတွေ

LayNge

အံ့သြနေတဲ့မျက်ဝန်းတွေပါသလို
တစ်စုံတြစ်ခုကြောင့် ကြောက်ရွံ့နေတာလဲပါသည်။

"နာမည်က"

"ဦးလွင်ကိုထက်ပါ"

"အမှုနဲ့ပက်သက်တဲ့နေရာမှာ
ခင်များကအမိကနေရောမို့ ခင်များနဲ့ ခွေ Hotel မှာ
ဒေါ်သန္တာ အတူနေခဲ့ကြတယ်ဆိုတာမှန်ပါသလား
အချိန်အားဖြင့် လွန်ခဲ့တဲ့ 3နှစ်က"

သူ့စေရာမေးတယ်ဆို

ထိုသူကတစ်ခုမကျန်ဒေါ်သန္တာနဲ့ပက်သက်ခဲ့တာတွေ

ကို အကုန်ပြောပြတာကြောင့် တရားရုံးထဲ

အမှုမပြီးသေးခင် ဒေါ်သန္တာမေ့လဲသွားတော့သည်။

"သက်သေထင်ရှားစွာပြသနိုင်သည့်အတွက်

တရားခံဘက်ကနစ်နာကြေး တောင်းခံနိုင်ပြီး

ဒါမှမဟုတ် ထိခိုက်နစ်နာမှုအတွက်

ပြန်လည်တရားစွဲဆိုနိုင်သည်"

တရားသူကြီးကနေ အမိန့်ချလိုက်တယ်ဆို

တစ်ဖက်က ဦးဆွေးရိပ်ကမ္ဘာတို့က

ဘဝပျက်မလိုဖြစ်ပျက်နေတာကိုကြည့်ကာ နေ

မဲ့ပြုံးပြုံလိုက်ရင် သူလုပ်ခိုင်းထားတဲ့

နောက်ထပ်အစီစဉ်တစ်ခုကို 5

မိနစ်နေရင်အကောင်အထည်ဖော်ပို့ Messenge

ပို့ပြီးတယ်ဆို အမူကပြီးပြီမို့

တရားရုံးကပြန်ထွက်တော့ သတိလစ်နေတဲ့

ဒေါ်သန္တာကို သံပရာသီးတွေနဲ့ ပွတ်ပေးနေတဲ့

ဆွေးရိပ်ကမ္ဘာတို့ကိုတွေ့တယ်ဆို......

"တန်ရာတန်ကြေးပြန်ပေးရမယ်လို့ပြောခဲ့တယ်နော်
ပြီးတော့ တရားသူကြီးအမိန့်ချလိုက်တဲ့
နစ်နာကြေးဆိုတာ......"

"ကျွန်မအမျိုးသားက တန်ဖိုးရှိတဲ့အတွက်
ရှင်တို့ပေးတဲ့ နစ်နာကြေးက
ကျွန်မတို့ကျေနပ်လောက်မှဖြစ်မှာ....မောင်နစ်နာ
သွားတာတွေအတွက်
လင်းရိပ်ကိုလေးပိုင်တဲ့အိမ်ပေါ်ကရှင်တို့ဆင်းသွား
ပေး အဲ့တာကျွန်မတို့တောင်းတဲ့ရော်ကြေး"

သူဖြစ်ချင်တာကို သူပြောရမဲ့စကားတွေကအစ သူဘာသာဝင်ပြောသွားတဲ့ သူမိန်းမကို သူပြန်ကြည့်မိသည်။သူချစ်ရတဲ့အမျိုးသမီးလေး သမီးလေးမွေးပြီး နောက်ပိုင်းမှာ အရမ်းစွာလာတာပင်။သူတို့ပြောစရာစကားကိုပြော ပြီးတဲ့နောက် တစ်ယောက်လက်တစ်ယောက်တွဲကာ ထွက်လာလိုက်သည်။

Ting

ကားအနားကိုလျှောက်လာရင်း နေ

ဖုန်းကနေထမြည်လာတဲ့အသံကြောင့်

သူရဲ့နောက်ထပ်အသစ်ရထားတဲ့

ဒေါ်သန္တာနဲ့သူလင်ငယ်တို့ Hotel

မှာဖြစ်ချင်တိုင်းဖြစ်နေတဲ့ Video ကို

တရားရုံးလာတဲ့သူတွေရဲ့

ဖုန်းထဲဖြန့်ခိုင်းတာတာလုပ်ပြီးကြောင်းပြောလာတာ

သေချာသည်။

"ကိုယ်ကစပြီး မယုတ်မာတက်ပင်မဲ့

ကိုယ့်အပေါ်ယုတ်မာလာရင်တော့

နှစ်ဆပြန်လုပ်တက်တာက အကျင့်ပါနေပြီးသားမို့ ခင်များတို့ခံလိုက်ပေတော့"

လို့သူစိတ်ထဲကပြောရင်း

သူလက်ကိုတင့်နေအောင်တွဲထားတဲ့ မိန်းမလေးရဲ့ နဖူးလေးကိုငုံနမ်းရင်း ကားအနားရောက်ခါနီး

တိုက်တိုက်ဆိုင်ဆိုင်

မျက်နှာချင်းဆိုင်လာတွေ့တဲ့သူတွေ.....

"သမီး နေမင်းလက်ရာ"

နေ မတွေ့ချင်တဲ့သူတွေကိုတွေ့လိုက်ရတော့

မျက်နှာထားက အရင်လောက်ခက်ထန်တာမရှိပင်မဲ့

ကျေနပ်နေတဲ့

မျက်နှာထားမျိုးတော့မဟုတ်။သူရာဇဝင်မှာ

ရန်သူကိုပြန်ပြီး

မိတ်ဆွေဖြစ်တက်တာတစ်ယောက်တောင်ထား

လေ့မရှိတာမို့ သူတို့ကိုလဲ..........။

~~~~~~~~~~~~~~~~ဆက်ရန်။

LayNge
~~~~~~~~~~~~~~~~

❤️ဒီအပိုင်းကိုတော့ Group တွေမှာ share

မလုပ်တော့ဘူးနော် လူက

နေမကောင်းတာအရှင်းမပျောက်သေးတော့

ပြန်ပြန်ဖြစ်နေလို့....ကိုယ့်ကလေးတွေက

ကိုယ်ကိုချစ်တယ်ဆို

ဝေဖန်အကြံပြုပေးကြပါဦးနော်❤️

OBJ

🍭You are my life🍭

Chapter _ 25

Lay Nge

ကိုယ်ရှေ့တည့်တည့်ကိုမှာ လာတိုးနေတဲ့

နှစ်ယောက်ကြောင့် နေ မျက်နှာကခြက်ခြင်း

အောင်နိုင်သူပမာပြုံးပြီးတရားရုံးထဲကထွက်လာတဲ့

မျက်နှာထားနဲ့ အခုပြောင်းသွားတဲ့မျက်နှာထားက

ဘာမှမဆိုင်။

" သမီး နေမင်းလက်ရာ"

တစ်ဖက်ကအသံထွက်လာတာနဲ့

သဘာဝကအရင်ဆုံးမောင်ကိုလှည့်ကြည့်မိတော့

တစ်ခြုံးတစ်ဖက်ကို မျက်နှာလွဲသွားသည်။ဒါ

Lay Nge

မောင်ဘက်ကအကောင်းဆုံး

သည်းခံမှုဆနေတာလည်း သူမသဘောပေါက်သည်။

"အချိန်တွေလည်းကြာခဲ့ပြီ

ရန်ပြိုးတွေအခုထိထားနေတုန်းလား

ဘာလိုပဲဖြစ်ဖြစ်ရန်ငြိုးက ပူလောင်ပါတယ်"

ဒီစကားကြားတော့ ခနဲ့တဲ့တဲ့ပြုံးလိုက်တာက

တစ်ခြားသူမဟုတ်ပဲ သဘာဝသာ။သဘာဝ

အခုအချိန်မှာပြောချင်တဲ့စကားကို

ရင်ထဲရှိတဲ့အတိုင်းပြောလိုက်မိသည်။

"မဟုတ်ပါဘူး မောင်ကရန်ငြိုးတွေမမေ့တာ

မဟုတ်ပါဘူး

အန်ကယ်......ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေက

ပြုလုပ်တဲ့သူတွေအတွက် မေ့လွယ်ပင်မဲ့

ခံခဲ့ရတဲ့သူတွေကတော့ ပြန်ပြန်တွေးမိတာပ

လူ့သဘာဝပဲလေ ပြီးတော့

မောင်ကဦးထက်မြတ်ကို ဘယ်တုန်းကမုန်းခဲ့တာ

မဟုတ်ပါဘူး"

သဘာဝ စကားနားထောင်ပြီး နေမင်းလင်ရာက ဖေဖေကိုမမုန်းဘူးဆိုတော့ သူကို မုန်းတယ်လို့တော့ သွယ်ဝိုက်ပြီး ဆိုလိုလိုက်တာ ရှိုင်းထက်မြတ်သိသည်။အခု သဘာဝကိုယ်တိုင်က စကားပြောတာတောင် သူ့ဘက်ကိုတစ်ချက်မှမကြည့် ဖေဖေကိုသာ ကြည့်ပြီးပြောနေခြင်းပင်။

"ဒါပင်မဲ့ ဖေဖေကို အခွင့်အရေးမပေးချင်ဘူးလား ကိုယ်သမီးကို သမီးလို့ခေါ်ခွင့် ပြီးတော့"

"အန်ကယ်ဆက်ပြောမဲ့စကားကို
သဘာဝသိပါတယ် သားကိုစ္စကိုပြောမယ်ဆို
မောင်က အန်ကယ်တို့နဲ့တွေချင်တာကို
ပိတ်ပင်ထားတာမျိုးလုံးဝမရှိပါဘူး....သားကိုယ်တို
င်ကိုက မတွေ့ချင်တာကို
ငါ့ကမိဘပဲဆိုတဲ့အကြောင်းပြချက်နဲ့တော့
ကလေးတွေမလုပ်ချင်တာကို
အတင်းမတိုက်တွန်းဘူး"

သူတို့စကားပြောနေတာကိုကြားပင်မဲ့
နေကမျက်နာကိုတစ်ဖက်လှဲထားပင်မဲ့

သူမိန်းမလက်ကိုဆွဲထားတာမလွှတ်ပကိုင်ထားမြဲကို
င်ထားကာ စကားတော့တစ်လုံးမျှဝင်မပြော။

"အငယ်လေးက မိန်းကလေးဆို"

"ဟုတ်ပါတယ် သမီးကငယ်ငယ်လေးရှိတော့
တော်ယုံဆိုအပြင်ခေါ်မထုတ်ဘူး
နေမကောင်းတာမျိုးတွေရှိမှ
ဆေးခန်းပြဖို့အပြင်ခေါ်တာ ပြီးတော့ သမီးက
သူ့အဖေတစ်လက်ကိုင်

သူ့အဖေရှိရင်ဘယ်သူမှခေါ်မရဘူး

သဘာဝကအစပဲ"

သူမစကားက ဘယ်အဓိပ္ပာယ်လည်းဆိုတာ

သိတာကြောင့်

ရှိုင်းထက်မြတ်ဝမ်းနည်းရိပ်စွန်းနေတဲ့

မချိပြုံးလေးပြုံးလိုက်မိသည်။သူတို့ဘက်က

အကြီးလေးကဖြစ်ပျက်ခဲ့တဲ့

ကိစ္စတွေသိတာကြောင့် ခေါ်မရဘူးဆိုရင်

အငယ်လေးက ဘာမှမသိတော့

ခေါ်မယ်လို့ပြောမှာကို ကြိုသိနေတဲ့အတိုင်း

အငယ်ဆုံးလေးက နေမင်းလက်ရာ

မှလွဲဘယ်သာခေါ်တာမှမရဘူးဆိုတော့
သူတို့တွေးနေတာကို
မေ့လိုက်တော့လို့ဆိုလိုက်တာပါပဲ။

"မောင်ရော
သဘာဝရောအန်ကယ်တို့အပေါ်ဘာရန်ငြိုးမှမရှိ
တော့ပါဘူး မောင်အနေနဲ့
မိတ်ဆွေတစ်ယောက်လိုဆက်ဆံဖို့က
ဘယ်လွယ်ပါ့မလဲ.......အန်ကယ်တို့က
မောင်ရဲခံစားချက်ကိုနားလည်မယ်ထင်ပါတယ်...သ
ဘာဝကို မောင်ကအရမ်းချစ်ပြီး

တန်ဖိုးထားတဲ့အတွက် အမြဲပျော်ရွှင်နေရတာမို့ စိတ်ချပါ"

"ကောင်းပါပြီ တစ်နေ့နေ့ ဖေဖေကိုတွေ့ချင်တဲ့နေ့ရှိလာမှာကို မျှော်နေပါ့မယ်"

သူမရှေ့ကလူက ကိုယ်အဖေဆိုတာသိပင်မဲ့ လက်ခံနိုင်ဖို့ဆိုတာက သူမအတွက်တစ်ခါမှမတွေးမိတာအမှန်ပင်။သူမဘဝမှာမွေးကတည်းက ဖခင်ဆိုတာကို ကြီးလာတဲ့အထိ

ဘာမှန်းတောင်သိခဲ့တာမဟုတ်။ပြောရမယ်ဆို
သူမဘာဝအတွက် ပထမဆုံးသော ယောကျာ်းဟာ
မောင်ပင်။သူမဘာဝကို ပျော်ရွှင်မှု နွေးထွေးမှုနဲ့
ကြင်နာမှုတွေနဲ့ ပြည့်စုံစေခဲ့တဲ့ ခင်ပွန်းကောင်း
ဖြစ်တဲ့အပြင် သား နဲ့သမီးအတွက်လည်း မောင်က
ဖခင်ကောင်းတစ်ယောက်ပင်။သူမ
ဦးထက်မြတ်အပြောကို
ခေါင်းတစ်ချက်ငြိမ့်ပြရင်း......

"မောင် သဘာဝတို့အိမ်ပြန်ရအောင်"

သူမကပြန်မယ်ပြောတယ်ဆို တစ်ဖက်လှည့်နေတဲ့

မောင်ကသူမကိုပြုံးပြရင်း

လက်လေးကိုကိုင်ထားတာကိုလွှတ်ပြီး

ပုခုံးလေးကနေဖက်ကာ

ကားရှိရာကိုခေါ်လာသည်။အနောက်မှာဘယ်လိုတွေ

ကျန်ခဲ့မယ်ဆိုတာမသိသလို

သိလည်းမသိချင်။သူမအတွက် ဒီဘဝမှာတော့

မောင် နဲ့ ကလေးတွေကအရေးအကြီးဆုံးမို့

သူတို့နဲ့ပက်သက်လာရင်

အကုန်စွန့်လွှတ်ဖို့အသင့်ဖြစ်နေခဲ့ပြီ။မောင်က

သူမဘဝအတွက်အရေးအကြီးဆုံးမို့

သိပ်ချစ်ရပါတယ် မောင်.............။

"သားတို့ ဟိုအိမ်ကို အိမ်ကိစ္စသွားပြောရင် သူ့စေရာပါ လာလိမ့်မယ်.....သူတို့ဘက်ကလည်း အရင်လောက်ငြင်းမှာမဟုတ်တော့ဘူး"

နေ့လည်က တရားရုံးကပြန်လာတော့ စကားမပြောဖြစ်သေးပဲ ညစာစားမှ ဖေဖေကပြောလာတာက တရားရုံးကကိစ္စမဟုတ်ပဲ Light ရဲ့ပိုင်ဆိုင်မှုကိစ္စဖြစ်နေတာကြောင့်.......

"ဖေဖေ အမှုကရောဘယ်လိုနေလဲ"

"အမှုကိစ္စကအဆင်ပြေပါတယ်
သူတို့အမှုရှုံးသွားတယ်လေ
ဖေဖေလုပ်တာမှမဟုတ်ပဲ"

ထင်တော့ထင်သား။ဖေထေလိုလူမျိုးက
သူသာအများလုပ်မိရင်တောင်းပန်ဖို့ဝင်လေးတဲ့သူမ
ဟုတ်သလို
သူမှန်နေရင်လည်းဘယ်သူကိုမှအလွယ်တကူခွင့်လွ
တ်တက်တဲ့လူမဟုတ်ပဲ
အငြိုးကြီးတဲ့သူအထဲပါ။ဒီကိစ္စလောက်နဲ့

ဆွေးရိပ်ကမ္ဘာတို့အပေါ်လုပ်တဲ့လုပ်ရပ်

မရပ်သွားမှာ မဟုတ်သေးတာ

သူသိသည်။ဖေဖေကတော်ယုံဒေါ်သမထွက်ပင်မဲ့

သူဒေါ်သထွက်ပြီဆိုလည်း

တကယ်မလွယ်တော့ပေ။

"မောင် ဒါနဲ့

နောက်လထဲပြင်သစ်ထက်သွားရမယ်ဆို

ဟုတ်လား"

"အွန်း ပြင်သစ်ကိုအလုပ်ကိစ္စနဲ့သွားရမှာ ပြီးတော့ အဲ့ကနေတစ်ဆင့် US ကိုသွားရဦးမှာ"

သူမ မနေ့ညကမောင်ရေချိုးခန်းဝင်နေတုန်း သူလက်ထောက်က ဖုန်းဆက်လို့ မောင်ပြင်သစ်သွားရမယ်ဆိုတာပြောသွားတာ အမှုကိစ္စရှိလို့ မမေးတာအခုမှ သတိရလို့မေးရသည်။

"တကယ်နောက်လတော့
မောင်တကယ်ပင်ပန်းတော့မှာ
နောက်လတောင်မရောက်ချင်သေးဘူး"

"ဖေဖေ သားသွားပေးရမလား"

"ရတယ် မင်းသွားတော့
လင်းရိုပ်ကိုကလုပ်စရာတွေသူတစ်ယောက်ထဲ
ကလေးနှစ်ယောက်နဲ့ ဘယ်လိုလုပ်မှာလဲ!"

စေတနာနဲ့လည်း

သူပင်ပန်းမှာဆိုးလို့ပြောရသေးတယ်

လူကိုပြောသွားတာများ ဖေဖေတို့က

သူမိန်းမကလွဲကျန်တဲ့သူဆို

စကားကောင်းကောင်းကိုမပြောတက်တာ။

"စေတနာ နဲ့လည်းပြောရသေးတယ် ဖေဖေတို့က"

"ခဏလေး စေတနာနဲ့ဆိုမှ

မင်းကိုငါမေးစရာရှိသေးတယ်...... မင်း US က

Campany ပိုင်ရှင်သမီးနဲ့ ပြဿနာတက်ဖူးတယ်ဆို

ဟိုက ငါနဲ့အလုပ်တွဲလုပ်ဖို့ပြောရင်း

မင်းအကြောင်းပြောရာက

သူ့သမီးနဲ့ပြဿနာတက်တဲ့ကောင်လေးလို့ပြောတာ

"

နေတစင်း

ဖေဖေပြောလို့သေချာပြန်တွေးကြည့်တော့

တကယ်ကို သူနောက်ကိုလိုက်လာတဲ့

မိန်းကလေးတစ်ယောက်ကို

ဆောင့်တွန်းဖူးတဲ့အဖြစ်တော့ရှိသည်။ဒါကလည်း

သူမိန်းကလေးမှန်းမသိလို့ လုပ်ခဲ့မိတာပင်။

"အွန်း သားမှတ်မိပြီ သားနောက်လိုက်လာလို့ဆိုပြီး စောင့်တွန်းပစ်လိုက်တာ ပြောမယ်ဆို ညဘက်ကြီး ကျောင်းကမသိအောင် ကားပြိုင်မောင်းကြတာ ကျောင်းကသိသွားမှာဆိုးလို့"

"အေး အဲ့တာဟိုက
ဆေးရုံပါတက်လိုက်ရတဲ့အထိပဲတဲ့
ကိုမာဝင်သွားတာ နှစ်နှစ်ပဲရှိသေးတယ် သတိရတာ
သူတို့ကဘာမှမပြောဘူးဆိုတာ
သူတို့သမီးဆိုးတာကိုသိလို့တဲ့.....အဲ့အဆင့်ထိဖြစ်

သွားရတာ ခေါင်းနဲ့ တမံတလင်ဆောင့်တာ

တအားပြင်းသွားလို့

မင်းဘယ်လိုတောင်လုပ်လိုက်လို့လဲ"

တကယ်တော့

သူပြင်သစ်ကိုသွားတာအလုပ်ကိစ္စဖြစ်ပြီး US

ကိုသွားရမှာအဲ့ကိစ္စပင်။ဟိုဘက်က

သားကိုအပြစ်မယူဘူးဆိုရင်တောင်

တာဝန်မဲ့ထားလို့တော့မရ။ဒီကိစ္စသူသိတာ

တစ်ပတ်တောင်မပြည့်သေးပင်မဲ့

တာဝန်ယူသင့်သလောက်တော့ သူယူပေးရမှာလေ။

"သားက ကိုယ်ကိစ္စကိုလာရှုပ်တာမကြိုက်ဘူး ဖေဖေ အဲ့တာကြောင့်တွန်းလိုက်တာ ပြီးတော့ အဲ့လောက်ဖြစ်ပါစေလို့တကယ်မရည်ရွယ်ဘူး"

သူနဲ့မတူဘူးဆိုတာတောင်
အေးတဲ့သူကမထင်ရင်မထင်သလို
ထထလုပ်တာက
တကယ်ကြောက်ဖို့ကောင်းသည်။တော်သေးဟိုက
သေတဲ့မှုအဆင့်ထိဖြစ်သွားရင်
ဒီကောင်မလွယ်ဘူး။

"နေနေက
ကိုယ်ကိုလာရှုပ်နေတာတွန်းရမှာမဟုတ်ဘူး
ကိုင်ပေါက်ပစ်ရမှာလေ....လီလီဆို တုတ်နဲ့ရိုက်မှာ"

"ဟွန်း
သမီးအလှည့်ကြမှတန်းစီရောရတော့မယ်ထင်ပါတ
ယ်"

သားက
ကိုမာဝင်သွားလောက်တဲ့အထိလုပ်ခဲ့တာတောင်

လီလီလေးကကျေနပ်ပုံမရပဲထပြောတဲ့စကား ကြောင့် နေ ကမကြာခင်ကြုံတွေ့ရမဲ့အခြေအနေကို ပြောလိုက်နာကြောင့်
တစ်မိသားစုလုံးပြုံးကြသွားရသည်.........။

"မောင် ! နေ့လည်က အန်ကယ်တို့ကိုပြန်ပြီး စကားပြောတာ စိတ်မဆိုးဘူးမဟုတ်လား"

မောင်က သူ့သမီးကိုသိပ်ပြီးတာနဲ့ campany ကပါလာတဲ့အလုပ်တွေကို လုပ်နေရင်း သူမကို သူပေါင်ပေါ်ထိုင်ခိုင်းထားတဲ့ မောင်ခကြောင့်



layNge

သူမတွေးမိရာကို မေးလိုက်တော့ Laptop ကိုနှိပ်နေတဲ့ မောင်လက်တွေခဏရပ်သွားရကာ.......

"စိတ်မဆိုးပါဘူး တကယ်လို့ မ ကအဆက်အသွယ်လုပ်ချင်တယ်ဆို ဦးထက်မြတ်တို့ကို အဲ့လိုတောင်ပြောခဲ့ပါ့မလား"

သူနေ့လည်က ရှိုင်းထက်မြတ်မျက်နှာကိုမမြင်ချင်လို့သာ မျက်နှာလွဲထားပင်မဲ့ သူမပြောတဲ့စကားတွေက သူကိုစိတ်ကျေနပ်မှုအပြည့်ရစေတာအမှန်။

"မောင် နေ့လည်က သဘာဝပြောခဲ့တာတွေက စိတ်ထဲရှိနေတဲ့အတိုင်းပြောလိုက်တာ....အခုအချိန်မှာ မောင် နဲ့ ကလေးတွေက အရေးအကြီးဆုံးပဲ"

"သိပြီးသား ! မောင့်မိန်းမကတဖြေးဖြေး မောင်နဲ့တူလာပြီ အဲ့တာတွေ သဘောကျနေရတာ"

"အဲ့လိုပြောင်းလဲလာတာ သဘာဝကိုအမြဲသန်မာစေချင်တဲ့ မောင်ကြောင့်ပေါ့"

သူကိုအရမ်းကပ်နေတဲ့ မ ကြောင့်
သူခရီးထွက်မှာကို
ပြောချင်နေမှန်းသိသည်။သူခရီးထွက်ရင်
သူမတို့သားအမိကကျန်ခဲ့တော့ သူဆီဖုန်းဆက်ပြီး
စကားပြောရတာ
အတူတူရှိနေတာနဲ့မတူတာကြောင့် အမြဲတားသည်။

"မောင် ပြောတဲ့နောက်လဆိုတာဘယ်နှစ်ရက်နေ့လဲ
ဘယ်လောက်ကြာမှာလဲ"

သူထင်တဲ့အတိုင်း

ချစ်ရသူဇနီးကမေးခွန်းထုတ်လာပြီမို့

သူဖြေရတော့မည်။သူမမေးတာက

ဘယ်နှစ်ရက်နေ့သွားရမှာလဲဆိုတာရယ်

ဘယ်လောက်ကြာမှာလဲကိုသာမေးပင်မဲ့......

"အခုကလကုန်ဖို့က

တစ်ပတ်လောက်ပဲလိုတော့တာဆိုရင်

မောင်ကနောက်လ 7ရက်နေ့သွားရမှာဆိုတော့

သွားမဲ့ရက်နဲ့ဆို နှစ်ပတ်ပဲလိုတော့တာပေါ့

ကြာမဲ့ရက်ကတော့ မောင့်မိန်းမကို

အကြာကြီးမလွမ်းနိုင်တာ

အတက်နိုင်ဆုံးမြန်မြန်ပြီးအောင်လုပ်ပြီး ပြန်လာမှာ....US သွားမှာက ညစာစားတုန်းက သားကိုပြောတဲ့အကြောင်းအတွက်လေ ကိုယ်သားသမီးလုပ်ထားတာ တာဝန်မပေါ့သင့်လို့ ခဏသွားကြည့်မို့ အခြေအနေကို"

သူမမေးတာကို သိချင်တာထက်သူလုပ်မှာတွေကိုတန်းပြီးပြောသွားတဲ့ မောင်ကြောင့် ပြုံးပြကာ သူ့ရင်ခွင်ထဲမှီထားလိုက်သည်။မောင်ကတကယ်ကို ချစ်ဖို့ကောင်းတာ။

Lay Nge

"မောင် ခရီးသွားတဲ့အခါ အစစအရာရာဂရုစိုက်နော် ပြီးတော့ မောင် Luggage ကို သဘာဝကိုယ်တိုင်ပြင်ဆင်ပေးမယ်"

"မောင်ကလည်း မောင့်အဝတ်အစားတွေကို ဘယ်တုန်းက သူစိမ်းကိုအထိခံလို့လဲ မောင်ရဲ့ဇနီးလေးကလွဲလို့"

မောင်တစ်ယောက်အလုပ်ကိုဆက်မလုပ်တော့ပဲ သူမနဲ့ပဲစကားပြောနေတာသိပင်မဲ့ နောက်ရက်ဆို

မောင်နဲ့ ခဏခွဲရဦးမှာမို့

သူ့အနားပဲကပ်နေမိသည်...............။

London , United Kingdom.....။

နေ လန်ဒန်ကိုမနေ့က မနက်ကရောက်တာဖြစ်ပြီး

ခရီးပန်းတာကြောင့် မနေ့ကညနေဘက် မ

တို့နဲ့တစ်ခါဖုန်းပြောပြီး အိပ်လိုက်တာ

ဒီနေ့မနက်ကြ လုပ်ငန်းရှင်တွေနဲ့

ချိန်းထားတဲ့နေရာကို ရောက်တော့ ဆိုင်ထဲမဝင်ခင်

အချိန်ကိုကြည့်လိုက်တော့ မနက် 9 နာရီမို့

မြန်မာပြည်မှာက မနက်
3နာရီလောက်သာရှိသေးတာကြောင့်
လုပ်ငန်းရှင်တွေနဲ့စကားပြောပြီးမှ
ဖုန်းဆက်ဖို့ဆုံးဖြတ်ရင်း ဆိုင်ထဲဝင်လာလိုက်သည်။

"စီးပွားရေးလောကမှာ နာမည်ကြီးနေတာ
ကိုယ်တို့လို ခန္ဓာကိုယ်အချိုးအစားနဲ့လုထင်နေတာ
ရုပ်ရည်ကပါချောမောခန့်ညားနေတာပြည့်စုံတယ်
ဗျာ"

သူနဲ့သီးသန့်အခန်းကစားပွဲဝိုင်းမှာထိုင်ကာ

စီးပွားရေးအကြောင်းပြောနေတဲ့လူတွေထဲ

ပြင်သစ်လူမျိုးတွေပါသလို

တရုတ်လူမျိုးတွေလည်းပါတာမို့

မြန်မာပြည်ဖွားကတော့သူတစ်ယောက်ထဲပင်။အခု

လည်း

ပြင်သစ်လူမျိုးတစ်ယောက်ဖြစ်တဲ့လူကပြောလာ

တာကြောင့်.......

"အဲ့လောက်ထိမဟုတ်ပင်မဲ့ ကိုယ်ချေတာတော့

ကိုယ်သိတယ် ကိုယ်လူ"

ထိုလူမေးတာကို

ပြန်ဖြေရင်းပိုင်တစ်ငုံသောက်ထားတဲ့

သူနှုတ်ခမ်းကအနီရောင်သမ်းနေကာ

အင်္ဂလိပ်ဘာသာစကားကိုပြောတာပင်

တိတိကျကျ။ပါးစပ်ထဲကို

ခရင်းနဲ့အသားလွှာတစ်ခုကို ယူထည့်တဲ့ပုံစံကအစ

တစ်ခြားလုပ်ငန်းရှင်တွေဘေးပါလာတဲ့

မိန်းကလေးတွေကအစငေးနေရတဲ့အထိပင်။

"အခုပူတွဲလုပ်မဲ့အထဲ ကျွန်တော်တို့ဆီကုန်ကြမ်းထည့်တွင်းအသုံးပြုမှာလား"

"မလုပ်ပါဘူး ခင်များတို့က တစ်ခြားသူဆီကသာ ပစ္စည်းအစစ်အမှန်လိုချင်တာပါ ခင်များတို့ဆီကဆို ပစ္စည်းအတုတွေပဲပို့တာ"

နေတို့စီးပွားရေးအကြောင်းပြောနေရာက တရုတ်လူမျိုးဖြစ်တဲ့ ထိပ်ပြောင်နေတဲ့လူက ကုန်ကြမ်းပို့မယ်ပြောတော့ သူမျက်နှာမဲ့လိုက်ရင်း

စိတ်ထဲရှိတဲ့အတိုင်းပြောချလိုက်သည်။တကယ်
တရုတ်တွေက သူများတွေဆီကသာ
အစစ်လိုချင်တာ သူတို့ဆီကဆို အတုပဲပို့တာ။

"James ကပွင့်လင်းသားပဲ ခင်များလိုလုပ်ငန်းရှင်နဲ့
လက်တွဲရမှာ ကျုပ်တို့က သဘောကျတယ်"

"ဟုတ်တယ် အမြဲတမ်းလက်တွဲသွားကြရအောင်"

နေက လုပ်ငန်းရှင်တွေနဲ့သာ စကားပြောနေပင်မဲ့
ထိုလူတွေဘေးကမိန်းကလေးတွေရဲ့အကြည့်ကို

သဘောမကျတာကြောင့် မျက်နှာကိုတည်ထားရင်
စကားပြောတဲ့အကြောင်းအရင်းနဲ့မဆိုင်ပင်မဲ့......

"အောင်မြင်တဲ့ယောကျာ်းတစ်ယောက်ရဲ့အနောက်မှ
ထက်မြတ်တဲ့မိန်းမရှိတယ်ဆိုတာ
ကျွန်တော်ပဲ....မိန်းမကအရမ်းထက်မြတ်တော့
ပိုအောင်မြင်လာတာပေါ့"

"နောက်တစ်ခါတွေ့ဖြစ်ကြရင်
မိန်းမကိုပါခေါ်လာခဲ့နော်"

နေ သူမိမ်းမကိုပါးစပ်ကပြောလိုက်တာတောင်

အနားမှာမရှိတာကို

သတိရကာအရမ်းကိုလွမ်းလာမိသည်။မောင့်မိန်းမ

ကို အရမ်းသတိရတာပဲကွာ.......။

နေတစင်းတို့ ဖေဖေကခရီးသွားတယ်ဆို

မေမေကိုစောင့်ကြည့်နေရာက

လီလီလေးနိုးနေတဲ့အချိန်ဆို လီလီလေးကို

ထိန်းနေတက်ပြီး လီလီလေးအိပ်နေတဲ့အချိန်ဆို

အခန်းထဲမှာ သူ့ယောကျာ်းပုံကိုထိုင်ကြည့်ရင်ကြည့်

မကြည့်ရင်

ဝရံတာမှာမက်တပ်ရပ်နေတက်သည်။အခုတော့

မေမေကခြံထဲမှာလမ်းဆင်းလျှောက်နေပြီး
လက်ထဲကလည်းဖုန်းလေးကို ကိုင်ထားကာ
ဖေဖေဖုန်းဆက်တာကိုစောင့်နေပုံရသည်။

"ပါး မေမေပြုံးသွားပြီ
အန်ကယ်ဖုန်းဆက်ပြီထင်တယ်"

"မေမေတစ်ယောက်ကတော့ တကယ်ပါပဲ"

ဖုန်းကိုကြည့်ကာမျက်နာလေးပြုံးသွားတာကို သူတို့
အိမ်အဝကနေကြည့်ရင်း

သဘောကျနေမိသည်။မေမေတောင်

ဖေဖေကိုဒီလောက်လွမ်းနေရင် တစ်ဖက်က

ဖေဖေဆိုဘယ်လောက်တောင်အဖြစ်သည်းနေလိမ့်

မလဲ။

"ဟုတ် မောင်"

သူမမျှော်နေတဲ့သူဆီက

ဖုန်းလာတယ်ဆိုမျက်နှာလေးပြုံးသွားရတာ

ချက်ခြင်းကိုင်လိုက်ရင်းသူမဘက်ကအရင်အသံ

ပေးလိုက်တော့.........

Lay Nge

"အရမ်းလွမ်းနေပြီ အလုပ်ကိစ္စကြောင့်သာ မောင်ထွက်လာရာ တကယ်ကို သတိရနေပြီ"

"အဲ့မှာမျက်နာဖြူမတွေကြည့်ပြီး သာယာနေတာမဟုတ်ဘူးလား"

သူမကမောင်ကိုစလိုက်တယ်ဆို မောင်ကတစ်ဖက်ကနေ ဆောင့်အောင့်နေတဲ့အသံထွက်လာတည်ကြောင့် သူမရီလိုက်တော့.......

Lay Nge

"ခင်များလေးနော် အနားမှာရှိလို့ကတော့

ဖက်နမ်းပစ်မှာ"

"မောင် ! အရမ်းသတိရနေပြီမို့

မြန်မန်ပြန်ခဲ့တော့နော်....ကိုယ်အိမ်မှာကိုနေခဲ့ရတ

ယ်ဆိုပင်မဲ့ မောင်မရှိတော့

စိတ်မလုံခြုံသလိုခံစားရတယ် ပြီးတော့

သမီးလေးကလည်း သတိရနေပြီ!"

သူမှာအလုပ်ကြောင့်လာရာတာကို တစ်ဖက်က

ဇနီးလေးရဲလွမ်းနေပြီဆိုတဲ့စကားနဲ့တင်မြန်မာပြည်

ကိုပြန်ပြေးချင်စိတ်တောင်

ပေါက်လာရသည်။မောင်ကပိုလွမ်းနေရတာပါ

မောင့်ဇနီးရယ်............။

~~~~~~~~~~~~~~~ဆက်ရန်။

🍭You are my life🍭

Chapter _ 26
~~~~~~~~~~~~~~~

"မောင်က ပြင်သစ်ကအလုပ်ကတော့ပြီးပြီ
မနက်ဖြန် US ကိုသွားရမှာ
မောင်ပြောထားတဲ့သားကိစ္စပေါ့ အဲ့တာပြီးရင်တော့
ပြန်လာလို့ရပြီ"

သူရှိနေတဲ့ လန်ဒန်မှာကအခုက ည 10
ကျော်ဆိုတော့က မြန်မာပြည်မှာဆို ညနေ
4နာရီကျော်လောက်သာရှိပါဦးမည်။မနက်ဖြန်ခရီး
ထွက်ရမှာပင် အိပ်ခါနီး မိန်းမမျက်နှာမမြင်ရရင်
သူမှာဟာတာတာနဲ့။

"ဖေဖေ မြန်မြန်ပြန်လာတော့
လီလီအရမ်းလွမ်းနေပြီ "

မ နဲ့စကားပြောနေရာက ဖုန်း screen
မှာပေါ်လာတဲ့သူချစ်ရတဲ့
သမီးလေးရဲ့မျက်နှာသေးသေးလေးကြောင့်
ခေါင်းငြိမ့်ပြတော့.......

"ဖေဖေ လီလီအတွက်
ဘာဘီလေးတွေဝယ်ခဲ့ဦးနော်"

"အွန်း

ဖေဖေအသစ်ထွက်တာတွေအကုန်ဝယ်ခဲ့မယ်နော်

ပြီးတော့ သမီးလေးအတွက် အင်္ကျီတွေရော"

လို့ သူကပြောလိုက်တော့

သမီးလေးကလက်သေးသေးလေးဖြင့်

ပါးစပ်လေးကိုအုပ်ကာတခစ်ခစ်ရီနေတဲ့ပုံလေးက

တကယ်ကို သူ့ရင်ထဲက

စိတ်ရှုပ်စရာတွေတောင်အကုန်လွင့်စင်သွားသလိုပါ

ပဲ။

"ခစ် ဖေဖေပြီးတော့လေ လီလီအတွက်
အလီပြင်ဖို့ပစ္စည်းတွေဝယ်လာခဲ့နော် ချစ်တယ်"

"အမလေး ! ငါ့ယောကျာ်းကိုသတိရတာမဟုတ်ပဲ
သူလိုချင်တာမှာဖို့အတွက်ပဲ ကို"

သမီးကလိုချင်တာလေးတွေကို သူကိုမှာနေရာက မ
ကသမီးပါးလေးကိုလက်လေးနဲ့ဖွဖွလေးကိုင်ကာ
ပြောတော့.......

"မေမေကြတော့ ဖေဖေကို မောင် လို့ခေါ် ပြီးတော့

မောင်ရေလွမ်းနေပြီ

မောင့်ကိုသတရနေတာပြောပြီးတော့!"

သူမပြောတဲ့ပုံစံအတိုင်းလိုက်ပြောနေတဲ့

သမီးငယ်လေးကြောင့် တစ်ဖက်က

မောင်ကသဘောတွေ့ပင်မဲ့ သူမကတော့

မျက်နှာတစ်ခုလုံးရေနွေးပက်ခံရသလို

ပူပြီးရဲသွားရသည်။

LaWe

"တကယ်အလည်တုံးလေးနဲ့ကွ

ဖေဖေတော့ချစ်ရလွန်းလို့ အူတိုနေရတော့မှာပဲ"

"မောင်သမီးကတော့ စကားတက်တိုင်းခြွေနေတာပဲ

မောင့်ရဲ့အဲ့တာထက် ပြင်သစ်မှာကအေးတယ်နော်

ဘာလို့လက်တိုလေးပဲဝတ်ထားတာလဲ

အနွေးထည်ဝတ်ထားလေ.....တိုင်းတစ်ပါးမှာနေမ

ကောင်းဖြစ်ရင် ဘယ်သူမှအနားမှာရှိတာ

မဟုတ်ဘူး....ပြီးတော့ မောင်

သောက်နေကြအာရုံကြောအားကောင်းတဲ့ဆေးပါ

ထည့်ပေးထားတယ် သောက်နော်"

မြန်မာပြည်ကနေ သူကိုစိတ်ပူပြီး
နေသင့်ထိုင်သင့်တဲ့ပုံစံရော ဆေးသောက်ဖို့ရော
စိတ်ပူနေတဲ့မျက်နှာထားလေးနဲ့ပြောနေတဲ့
မိန်းမလေးကြောင့် ဖုန်းကိုထောင်ထားလိုက်ပြီး
ဘေးမှာအိပ်မှာဝတ်ဖို့ချထားတဲ့ အနွေးထည်ကို
ကောက်ဝတ်လိုက်ရင်း.......

"မောင်အိပ်မှဝတ်ဖို့ဘေးမှာထားပြီးသား မရဲ့
ပြီးတော့ ဆေးကသောက်ပြီးပြီ ဒီမှာနေရတာ

ကျန်တာအဆင်ပြေပြင်မဲ့ စားရသောက်ရတာရယ် အိပ်ရာတာရယ် တကယ်ကိုအဆင်မပြေဘူး"

တစ်ဖက်က မောင်ကစားရသောက်ရတာရော အိပ်ရတာရောအဆင်မပြေဘူးဆိုတာကြောင့် သူမမှာ သူရောက်နေတဲ့နိုင်ငံပါ မေ့သွားရကာ စိတ်ပူသွားရပြီး.......

"ဘာတွေအဆင်မပြေလို့လဲ မောင်......အဲ့လိုမှန်းသိရင် စားဖို့သောက်ဖို့ပါ အိမ်ကပြင်ဆင်ပြီးထည့်ပေးလိုက်ပါတယ်

မောင်ရယ်.....အိပ်ရတာကရောဘာလို့အဆင်မပြေ
တာလဲ"

"အိပ်ရတာက ဘာလို့အဆင်မပြေလည်းဆို
ရှင်းရှင်းလေးပါပဲ မောင့်မိန်းမမှမရှိတာ"

"မောင်နော်
အကောင်းပြောနေတာမှတ်လို့နားထောင်နေတာ
စကားကိုမဆင်မခြင်မပြောနဲ့
မောင့်သမီးကအနားမှရှိနေတာ
လူလည်မလေးကအကုန်လိုက်မှတ်ထားတာ"

Lay Nge

သဘာဝစကားကြောင့်

သမီးကနှုတ်ခမ်းဆူသွားသလို

မောင်ကတော့ရမောင့်မိန်းမပြောတာမှန်တယ်ဆိုပြီး

သူမတို့ကိုနှုတ်ဆက်ပြီးဖုန်းချသွားတာမို့

လီလီလေးက ပိုစိတ်ဆိုးသွားကာ.........

"လီလီကို မိဘတွေကမချစ်ကြဘူး ဟင့်"

"မေမေကချစ်လို့စတာလေ သမီးလေးကို ပြီးရင်

မေမေအပြင်သွားမှာလိုက်မယ် မဟုတ်လား"

သူမကအပြင်သွားမယ်ပြောလိုက်တာနဲ့လသမီး
လေးက ငိုမဲ့မဲ့ဖြစ်နေတဲ့မျက်နှာလေးက
အပြင်ထွက်ချင်စိတ်များတဲ့သူလေးမို့
ချစ်ဖို့ကောင်းအောင် သူမကိုပြုံးပြလာသည်။

"ဟုတ် အပြင်သွားမယ် မုန့်စားမယ်နော်"

ကုတင်ပေါ်ထိုင်နေရာကထရပ်ရင်း
ခဏနေအပြင်သွားမှာမို့
သူမသွားရင်အပြင်လိုက်ချင်တဲ့သမီးလေးအတွက်

သွေးလွန်တုတ်ကွေးဖြစ်ထားတာကြောင့်
ပေါ့လို့မရတဲ့အတွက်
အနွေးထည်လေးထပ်ဝတ်ပေးလိုက်သည်။သမီး
လေးကိုအနွေးထည်ဝတ်ပေးပြီးတယ်ဆို
သူမပိုက်ဆံအိတ်ထဲ ပိုက်ဆံရယ်
သမီးလေးနဲ့ပက်သက်တဲ့ပစ္စည်းတစ်ချို့ရယ်ထည့်
လိုက်သည်။

သူမသမီးကိုချီပြီး အောက်ထပ်ကိုဆင်းလာတော့
အောက်ထပ်မှာ
လင်းရိပ်ကိုလေးနဲ့အတူနှိုင်းယှဉ်တို့က
ကလေးနှစ်ယောက်ကိုထိန်းနေကြသည်။သူမတို့ဆ

င်းလာတာကို တွေ့တယ်ဆို

လင်းရိပ်ကိုကလည်း.......

"မေမေ တို့ဘယ်သွားမလို့လဲ"

"မေမေအပြင် ခဏသွားစရာရှိလို့

တစ်နာရီလောက်ပဲကြာမှာပါ

ကလေးတွေအတွက်ဘာလိုသေးလဲ

မေမေတစ်ခါထဲဝယ်ခဲ့မယ်"

Lay Nge

ကိုယ်ဝန်ပျက်ကျပြီးကတည်းက
စိတ်ကျရောဂါဖြစ်ချင်နေတဲ့
လင်းရိပ်ကိုအခြေအနေကို သူမကသိတာကြောင့်
သားကိုပြောဖို့တွေးထားပင်မဲ့
အခုထိပြောဖို့အခွင့်မသာသေးတာကြောင့်
မပြောရသေး။ဒါကြောင့်လည်း နှိုင်းယှဥ်တို့ကို
လင်းရိပ်ကိုလေးအနားကနေမခွာခိုင်းတာ။

"သားလေးတို့အတွက်က သူတို့အဖေက
ဟိုနေကဝယ်လာတာတွေအများပြီးရှိသေးတယ်
မေမေ ဝယ်စရာတော့မရှိသေးဘူး"



Lay Nge

"အွန်း

ဒါဆိုလည်းမေမေအပြင်သွားပြီ....သားပြန်လာလို့

မေးရင်လည်း

အပြင်ခဏသွားတယ်ပြောလိုက်နော်"

လင်းရိပ်ကိုလေးကို စကားပြောရင်း ဘေးနားက

နှိုင်းယှဉ်တို့ကို မျက်လုံးနဲ့တစ်ချက်ကြည့်လိုက်တော့

ခေါင်းငြိမ့်ပြကြတာမို့ သူမစိတ်ချလက်ချထားခဲ့ရင်း

အိမ်ထဲကထွက်လာလိုက်သည်။

"မမလေး အပြင်သွားမလို့လား"

"ဟုတ်တယ် ဦးလေး ခဏအပြင်သွားချင်လို့"

ကားမောင်းဖို့မောင်ငှားပေးထားတဲ့

ဦးလေးကပြောတယ်ဆို ခေါင်းငြိမ့်တော့

ဘယ်ကားနဲ့သွားမှာလဲမေးတယ်ဆို

တန်းစီရပ်ထားတဲ့ကား 4စီးထဲက

မောင်ကသူ့ကားကတစ်ခြားသူမောင်းတာမကြိုက်

တာကြောင့် မောင်ကားနဲ့အမျိုးအစားတူနဲ့

အဖြူရောင်ကားကိုပဲရွေးချယ်လိုက်ရသည်.........။

သူမတို့သားအမိထွက်လာတာက
သွားစရာနေရာနှစ်ခုအတွက်ဖြစ်ပြီး တစ်ခုက
မောင့်ဆီကသဘောတူညီချက်ရပြီးသားဖြစ်တဲ့
ဒေါ်လေးတို့ကို ကူညီဖို့အတွက်ရယ်
လင်းရိုပ်ကိုဘေးဖြစ်နေတဲ့ရောဂါအတွက်
ဆရာဝန်နဲ့စကားပြောဖို့အတွက်ပင်။ဆရာဝန်ဆီမှာ
က အချိန်နည်းနည်းကြာမှာဆိုတော့
အရင်ဆုံးထွက်လာမိသည်က
သူမငယ်ဘဝတစ်လျှောက်လုံးနေခဲ့ရတဲ့နေရာဆီကို
ပင်။

"ဦးလေး အရှေ့ကစတိုးမှာ ခဏာရပ်ထားပေးပါနော် လီလီအတွက်ရယ် ဟိုမှာကလေးတွေရှိရင် မုန့်ဝယ်ချင်လို့"

သူမနဲ့အသက်အရွယ်ငယ်တဲ့သူရယ် မတိမ်းမယိမ်းဆိုစိတ်မချတဲ့ မောင်က သူကိုယ်တိုင်သေချာလေ့လာပြီး ဒီဦးလေးကိုငှားထားတာဖြစ်သည်။ငှားတုန်းကနောင်ပြောတဲ့စကား လစာကိုလိုအပ်တဲ့အချိန်တောင်းလို့ရတယ် သူ့မိန်းမ နဲ့ သူ့သမီးကိုတော့မထိနဲ့ဆိုပြီးပြောတော့ ထိုဦးလေးကလည်းခေါင်းငြိမ့်ရှာသည်။စတိုးဆိုင်

ရှေ့ကားရပ်ပေးတာနဲ့

သားအမိနှစ်ယောက်အတူတူဆင်းလာပြီး

စတိုးဆိုင်ထဲဝင်လာလိုက်သည်။

"မေမေ လီလီဟိုမုန့်စားချင်တယ်"

သူမ သမီးလေးပြောတဲ့မုန့်ဘူးကို

ယူကြည့်လိုက်တော့ ဈေးက

သောင်းကျော်တာဆိုပင်မဲ့ ကျန်းမာရေးနဲ့ညီညွှတ်မို့

သမီးစိတ်တိုင်းကြိုက်

ခြင်းလေးထဲထည့်လိုက်သည်။

LayNge

"မေမေ မုန့်တွေကအားကြီးပဲ လီလီအတွက်လား"

သမီးလေးက

ဈေးဝယ်တဲ့ခြင်းလေးထဲသူမထည့်ထားတာတွေကြ

ည့်ကာ မေးလာတာကြောင့်

သူမကမဟုတ်ဘူးဆိုပြီး ခေါင်းရမ်းလိုက်ရင်း.......

"သမီးအတွက်က စားနေကြ

နို့ချောင်းလေးတွေရယ် Cake နဲ့

ခဏကသမီးလေးလက်ညှိုးထိုးတာလေးရယ်"

laylge

"ကျန်တာတွေကရော"

သူမက

ဝယ်ထားတဲ့ပစ္စည်းတွေနဲ့အတူသမီးလက်ကိုဆွဲကာ

ပိုက်ဆံရှင်းရန်ကောင်တာကိုအလာ

သမီးအမေးကြောင့် အောက်ကိုငုံပြီးအဖြေ

တစ်စုံတစ်ရောက်က ဝင်တိုက်တာကြောင့်

လဲမလိုဖြစ်သွားပင်မဲ့

သမီးလေးကအတင်းဆွဲထားတာကြောင့်ထိန်းလိုက်

နိုင်သည်။

"ရှင် လူလာတာကိုမမြင်ဘူးလား ကန်းနေတာလား"

သဘာဝ ကိုယ်ကအရင်တိုက်မိတာမဟုတ်ပင်မဲ့ ယဉ်ကျေးတဲ့သူမို့ ကိုယ်ကပဲတောင်းပန်ဖို့ပြင်လိုက်ပင်မဲ့ တစ်ဖက်က ပြောလာတဲ့စကားကြောင့် ကြည့်လိုက်တော့ သားတို့အရွယ်လောက်သာရှိသေးတဲ့ မိန်းကလေး စကားပြောတာက အရမ်းရင့်သည်။

"ရှင် ! ကျွန်မပြောတာ နားကန်းနေတာလား"

"မင်းကယဉ်ကျေးမှုမရှိဘူးလား

ကိုယ်ထက်အကြီးကို

မင်းကလည်းဝင်တိုက်သေးတယ်

မင်းကပဲပြောသေးတယ်ဆိုတော့"

"တောက်စ် ! ဒီမိန်းမ"

လီလီလေးက အဖေတူသမီးမို့ ကိုယ်အရှေ့မှာ

မေမေကိုပြောနေတာကို ကလေးဆိုပင်မဲ့

သည်းမခံနိုင်တာကြောင့်

သဘာဝလက်ကိုင်ထားတာကိုရှုရန်းထွက်ကာ

အနီးအနားက မုန့်ထုတ်တွေဆွဲယူကာ

ထိုမိန်းကလေးကို

ဒေါသတကြီးပစ်ပေါက်တာကြောင့်.....

"ဟဲ့ စောက်ကလေး ! ငါ့ပစ္စည်းကို မဖျက်စီးနဲ့"

သူမနဲ့စကားများနေဆဲမိန်းကလေးကို သမီးလေးက

ဒေါသတွေဘယ်လောက်ထွက်နေလဲမသိ

မျက်နာကြီးရဲကာ တွေ့ရာနဲ့ပစ်ပေါက်တယ်ဆို

ဆိုင်ရှင်ထင်ရတဲ့မိန်းမကပြောလာတာကြောင့်

သူမကဆိုင်းအတွင်းငေ့ကြည့်တော့ ဒီဆိုင်က မောင်တို့ Campany နဲ့ မျက်စောင်းထိုးနေရာမှာဖြစ်တာကြောင့်.....

"ဒီကဆိုင်ပိုသ်ရှင်ထင်တယ် ကျွန်မသမီးကို အဲ့စကားပြောစရာမလိုဘူး အခုဝယ်တဲ့ပစ္စည်းရော သမီးဖျက်စီးလိုက်တဲ့ပစ္စည်းတန်ဖိုးတင်မက တစ်ဆိုင်လုံးတန်ကြေး ကိုရှင်းနိုင်တယ် ဘယ်လောက်လဲပြော"

ပြောရင်းပိုက်ဆံအိတ်ထဲက

ဘဏ်ကဒ်ထုတ်ဖို့ပြင်လိုက်ပင်မဲ့

ပညာနည်းနည်းတော့ပြချင်တာကြောင့်

ဘဏ်စာအုပ်ကိုထုတ်ကာ ဘဏ် Acc

နာမည်ကိုရေးပြီး ပိုက်ဆံပမဏာပြောဖို့

သူမကပြောတော့ ဆိုင်ပင်ရှင်က သူမရေးထားတဲ့

နာမည်ကိုတွေ့တယ်ဆို......

"သူဌေးကတော် ကျွန်မတောင်းပန်ပါတယ်"

Lay Nge

သူမတို့နေလက်ရာက CEO ရဲ့ဇနီးကအမြဲပွဲတက်ရင်ဂါဝန်အရှည်နဲ့အနောက်တိုင်းပုံစံလေးမို့ အခုလိုမြန်မာဆန်ဆန်ပုံစံမြင်လိုက်ရတာ မမှတ်မိဘူးဖြစ်သွားတာပင်။အခု CEO ကတော်ကအတော်စိတ်ဆိုးပုံရကာ ဆိုင်ရဲ့တန်ဖိုးကိုပြောခိုင်းတာကြောင့် တောင်းပန်ရတော့သည်။CEO ကတော်စိတ်ဆိုးရင်လည်းဆိုးစရာပင်သူမက ကလေးကိုသွားပြောမိတာကရိုင်းသွားတာကို။

"မင်းတို့ပမဏာကိုမပြောနိုင်ဘူးဆိုလည်း

လိုချင်တဲ့ပမာဏကို နေလက်ရာကိုပို့လိုက်

ငါကအားနေတဲ့သူမဟုတ်တဲ့အတွက်

မင်းတို့ပြောတဲ့အချိန်ထိမစောင့်နိုင်တာကိုတော့

sorry ပဲ.....ငါ့သမီးကိုပြောတဲ့ကိစ္စကတော့

နေမင်းလက်ရာ နဲ့ပဲဆက်ရှင်းပေါ့"

ပန်းပွင့်ဖြူ သူမဝင်တိုက်မိတဲ့သူက နေလက်ရာက

နေမင်းလက်ရာရဲ့ဇနီးဆိုတော့ နေတစင်းရဲ့အမေမို့

သူမစကားတွေကိုပြန်တွေးပြီး

ကျစ်သတမလိုက်မိသည်။တစ်ဖက်က

ဆိုင်ရှင်ကိုပြောပြီးတာ

နဲ့သူမဘက်ကိုလှည့်လာတယ်ဆို

ခဏကပြသနာမရှိခဲ့တဲ့အတိုင်းရှောင်ထွက်လာလို

က်သည်..........။

ဒေါ်ညိုစိမ့်

သူမတို့အိမ်ရှေ့ကားအဖြူရောင်တစ်စီးထိုးရပ်တာ

တွေ့တာမို့ အိမ်ထဲကနေထွက်ကြည့်တယ်ဆို

ကားပေါ်ကနေ

အနီရောင်ပါတိတ်ဝမ်းဆက်လေးနဲ့ဆင်းလာတဲ့

သဘာဝက

လက်တစ်ဖက်မှာမုန့်ထုတ်တွေကိုင်ထားပြီး

တစ်ဖက်က သမီးလေးကိုဆွဲထားကာ
ခြံထဲဝင်လာလိုက်သည်။

"သမီး သဘာဝ ဒေါ်လေးဆီလာတယ်"

သူမတို့ကို အိမ်ရှေ့ထွက်ကြည့်နေတဲ့
ဒေါ်လေးကိုမြင်လိုက်ရတယ်ဆို အခြေအနေတွေက
တော်တော်ဆိုးရွားနေပုံရကာ
ဝတ်ထားတဲ့အဝတ်အစားကအစ
အပေါက်အပြဲတွေကို ဖာထားတာတွေကြီးပင်။

"ဒေါ်လေးတို့ဆီခဏလာလည်တာ
အိမ်ထဲဝင်လို့ရတယ်မဟုတ်လား"

"ရတာပေါ့ ဝင်လေသမီး......မြတ်နိုးရေ
နင့်အစ်မလာတယ်
အိမ်အလုပ်တွေထားလိုက်ဦးလခဏထွက်ခဲ့"

သူမအိမ်ထဲဝင်လာတာနဲ့
ဒေါ်လေးကဖျာတွေအတင်းခင်းပေးသလို
အိမ်နောက်ဖေးမှအလုပ်လုပ်နေတယ်ထင်ရတဲ့
မြတ်နိုးကိုလည်းထွက်လာဖို့

တစ်ခါထဲပြောသည်။သူမတို့ထိုင်တာနဲ့

အိမ်ထဲကထွက်လာတာ

ကလေးကသမီးအရွယ်လေး နှစ်ယောက် နဲ့

၆နှစ်လောက်အရွယ်လေးတစ်ယောက်။ကိုယ့်က

လေးတွေက မပူပင်ရတဲ့ဘဝမှာ

နေရတာကိုတွေးမိတော့

ပျောင်းနွမ်းနေတဲ့အဝတ်အစားလေးတွေနဲ့

မြင်တွေ့နေရတော့ စိတ်မကောင်း။

"မြတ်နိုးတို့ဆီလာလည်တာလား"

"အွန်း အဆင်မပြေကြဘူး ကြားတယ်"

"ဟုတ်တယ်
ကိုယ့်အပေါ်ကောင်းခဲ့တဲ့ကျေးဇူးရှင်ကို
စော်ကားထားတဲ့အကျိုးကျေးဇူးတွေပေါ့"

မြတ်နိုးက
သူမအသားနဲ့မထိအောင်ဝေးဝေးကရှောင်ထိုင်နေ
တာက သူမဝတ်ထားတာတွေကို
ရှိန်နေလို့ထင်သည်။သူမဝတ်စားထားတာက
အကောင်းဆုံးကြီးတွေမဟုတ်ပင်မဲ့

ပေါင်းနှမ်းနေတဲ့ သူတို့အဝတ်အစားကြောင့်
သိမ်ငယ်သွားပုံရသည်။

"ဘဝမှာ ဒုက္ခဆိုတာတော့ကြုံရစမြဲပဲ
ဘယ်တော့မှလက်မလျှော့နဲ့နော် ရှော့
ဒါကလေးတွေအတွက် မုန့်ဝယ်လာတာ"

သူမနဲ့ခပ်ခွာခွာထိုင်နေတဲ့
မြတ်နိုးရဲ့လက်လေးကိုကိုင်ကာ
ဝယ်လာတဲ့မုန့်တွေကို

လက်ထဲထည့်ပေးလိုက်တော့ လီလီလေးက နှုတ်ခမ်းဆူသွားတာကိုတော့ သဘာဝမတွေ့လိုက်။

"ကလေးလေးက "

သဘာဝ

မြတ်နိုးကသူမဘေးကထိုင်နေတဲ့သမီးလေးကို မေးတယ်ဆို သူမကတစ်ချက်ကြည့်လိုက်တော့ နှုတ်ခမ်းလေးကဆူနေတာကြောင့် ကိုယ့်သမီးအထာကိုယမ သဘောပေါက်တာကြောင့် ပြုံးရင်း.......

Lay Nge

"သမီးအငယ်လေးပါ.....သားနဲ့အသက်တော်တော်ကွာတယ်လေ"

"ချစ်စရာလေးနော်"

"မြတ်နိုး ! ဟေ့ ငါကိုလာတွဲစမ်း !! ငါခေါ်နေတာမကြားဘူးလား"

သဘာဝတို့စကားပြောနေရာက အိမ်ရှေ့ကနေ အရက်သမားအသံနဲ့မြတ်နိုးကို ခေါ်လိုက်တယ်ဆို

မြတ်နိုးတစ်ယောက်

ခန္တာကိုယ်တုန်သွားတာတွေ့လိုက်သလို

ကလေးတွေကလည်း ပုံးဖို့နေရာရှာနေတာကြောင့်

ရင်ထဲနင့်သွားရသည်။

"မြတ်နိုး !!!"

"လာပြီလို့ ဘယ်လိုဖြစ်နေတာ.....အ့"

ဖြန်း

Lay Nge

သဘာဝ အိမ်ပေါ်မှာထိုင်နေရာက

ယောကျ်ားကနောက်တစ်ခွန်းခေါ်တယ်ဆို

ချက်ခြင်းထသွားတဲ့ မြတ်နိုးကို

ပါးကိုလက်ပြန်ပိတ်ရိုက်လိုက်တာများ

ဖိနပ်တွေချွတ်ထားတဲ့အနား

ခွေခွေလေးလဲသွားသည်။

"တောက်စ့် လူးပါးဝတဲ့အကောင် !"

"ခင်များကဘယ်သူလဲ

ကျုပ်ကိုတောက်စ့်ခေါက်ရအောင်"

မြတ်နိုး အရိုက်ခံရလို့ခွေခွေလေးလဲနေရာက
သူမတို့ဆီလျှောက်လာတဲ့ မမ ကို
သူမယောကျ်ားအမူးသမက
ရန်ရှာဖို့လုပ်နေတာကြောင့် သူခြေထောက်တွေကို
မသွားနိုင်အောင်ဆွဲထားရသည်။

"မင်းမင်း ကိုယ့်ဘာသာမူးလာရင်အိမ်ထဲဝင်တော့
အခုမှလာလည်တဲ့
ငါ့တူမလေးကိုပြဿနာမရှာပါနဲ့.....သူထိရင်ငါမင်း
သတ်မှာနော်"

"ခင်များကြီး !....."

သဘာဝ သေရည်သောက်လာပြီး
မိန်းမကိုရိုက်နက်တက်တဲ့ယောကျာ်းကို ရှံ့တာမို့
မျက်နှာထားတည်တည်နဲ့ လျှောက်သွားရင်
ဖိနပ်ချွတ်ထားတဲ့နေရာက သူမဖိနပ်ကို
ကောက်ယူရာ ဘယ်ဘက်ပါးကို
ရိုက်ပစ်လိုက်သည်။

ဖက်

"မိန်းကလေးတွေက

နင်တို့ရိုက်နက်ဖို့လူဖြစ်လာတာမဟုတ်ဘူး......ကမ္ဘာ

ပေါ်မှာ ငါ့အမျိုးသားလိုလအမျိုးသမီးလေးတွေကို

တန်ဖိုးထားတက်တဲ့သူတွေရှိသလို

နေလိုကောင်မျိုးတွေရှိနေတာ တကယ်ကို

ဆန်ကုန်မြေလေးတွေ......မြတ်နိုး

ဒီလောက်နိပ်စက်နေတဲ့ကောင်ကို

ပေါင်းစရာမလိုဘူး

အမျိုးသမီးရေးရာကိုဆက်သွယ်ပြီးလုပ်

နင်ဆက်ပြီးသည်းခံမယ်ဆို

ကလေးတွေအတွက်ကိုတွေး....သဘာဝအခုလာ

တာ ဒေါ်လေးတို့ကိုပိုက်ဆံလာထောက်ကူတာ

နောက်ရက်မှပေးတော့မယ်

ဒီကောင်ရှိနေရင်ပိုက်ဆံမပိုမှာဆိုးလို့"

သဘာဝလည်း ကိုယ်လုပ်ချင်ရာလုပ်ပြီးပြီမို့

အရမ်းကျေနပ်သည်။သူမ သမီးလေးကို

လက်ဆွဲပြီး ချထားတဲ့ပိုက်ဆံအိတ်ကိုပါယူပြီး

ပြန်ထွက်လာသည်။ကျေးဇူးပါ မောင်

သဘာဝအနောက်မှာ မောင်ရှိတယ်ဆိုတဲ့ အတွေးနဲ့

ဘာမဆိုလုပ်ရဲနေပြီ မောင်..........။

"မေမေက 4 နာရီလောက်ကတည်းကထွက်သွားတာ အခုထိပြန်မလာသေးဘူး.....ဘယ်သွားမယ်ဆိုတာမ ပြောသွားဘူး ပါး"

နေတစင်း ဖေဖေမရှိတဲ့အချိန် မေမေသာတစ်ခုခု ဒုက္ခရာရသွားရင် ဖေဖေပြန်လာရင်မလွယ်တာမို့ စိတ်ညစ်ညစ်နဲ့ အိမ်ပေါက်ဝကနေစောင့်နေရသည်။

"မေမေက တကယ်စိတ်ပူအောင်လုပ်တယ် Light ရာ"

"အရေးကြီးလို့သွားတာပါ အိမ်က
ဦးလေးနဲ့သွားတာပဲ ဘာမှမဖြစ်ပါဘူး"

Light ကရိုးရိုးတွေးပြီးပြောလိုက်တာပင်မဲ့
ဆေးရိပ်ကမ္ဘာဆိုတဲ့လူကြီးက မေမေတို့ကို
ဒုက္ခပေးမှာဆိုးလို့ သူစိတ်ပူနေတာပင်။မေမေက
အနေအေးတော့ ဖေဖေလို
ပြဿနာကိုရင်ဆိုင်ရဲမှာမဟုတ်။သူနဲ့ Light
အတူတူစောင့်နေရာက ခြံထဲကားဝင်လာတာတွေ့မှ
သက်ပြင်းချနိုင်တော့သည်။

"နေနေ ဟင့် ဟီး"

ကားပေါ်က မေမေနဲ့အတူတူဆင်းလာပြီး
သူ့ရှေ့ရောက်တယ်ဆို ငိုတာကြောင့်
သူကောက်ချီလိုက်ကာ.....

"မေမေ ကလေးကဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမှာလဲ မေမေသွားတဲ့နေရာမှ
ကလေးတွေရှိလို့ ဝယ်လာတဲ့မုန့်တွေပေးလိုက်တာ

ပေးရမလားဆိုပြီး

ကောက်လာတာလေ...အခုသူ့အတွက်လည်း

ကျန်သေးတာကို မကျေနပ်နေတာ"

"နဂိုကတည်းက သူလိုချင်တာရနေတော့

သူပစ္စည်းဆိုသူမျှမပေးချင်တာ လီလီအကျင့်ပဲလေ

မေမေရာ ကလေးကဘာသိဦးမှာလဲ"

သူမ

သမီးလေးကိုအဲ့လိုစိတ်အမြဲတည်သွားမှာမလိုချင်။

ကိုယ်မှာရှိတဲ့ပစ္စည်းကိုတန်ဖိုးထားတာတော့

အဲ့စိတ်လေးကိုသဘောကျပင်မဲ့

ကိုယ်မှာပေါ်များရင်နေရင်တစ်ခြားသူကိုမျှဝေတက်

အောင်တော့

သင်ပေးရဦးမည်။အခုအချိန်ပြောလည်း

သားပြောသလိုပဲ သမီးလေးက

ငယ်ငယ်လေးရှိသေးတော့ အခုပြောလည်း

ဘာမှနားလည်ဦးမှာမဟုတ်...........။

သမီး နဲ့

သူမအဲ့နေ့ကသွားတဲ့အကြောင်းကိုနောက်ရက်ကြ

မောင် US ရောက်တော့

ဖုန်းပြောရင်းပြောနေမိသည်။မောင်ကတော့

Laynge

ဆိုးသည်ကောင်းသည်မပြောသေးပဲ
သူမပြောတာနားထောင်သည်။

"မောင် သဘာဝလည်းစိတ်တိုတိုနဲ့
ဖိနပ်နဲ့ရိုက်ပစ်လိုက်တာ မောင်မဆူဘူးမဟုတ်လား"

"မောင့်မိန်းမလုပ်တာကအမှန်တရားပဲလေ
မောင်ကဆူစရာလား ပြီးတော့ ကိုယ်ထက်ကြီးတဲ့
မမ ကိုဆူတော့ငရဲကြီးမှာပေါ့"

သူမကအကြောင်းပြောနေတာကို

သူကမချိုမချဉ်မျက်နှာပြောနေတာကြောင့်

မျက်စောင်းထိုးတော့

သူကတဟားဟားရီနေသေးသည်။

"မောင့်သမီးကလည်း စိတ်ပုတ်နော်"

"မ ကလည်းကွာ မောင့်သမီးကမောင်နဲ့တူတာ

ကလေးဆိုတော့လည်း သူ့အတွက်မှတ်ပြီး

လိုချင်တာပေါ့"

"အဲ့တာထားပါ ဒါနဲ့ မောင်ရော US ကိုရောက်နေပြီဆိုတော့ သတင်းမေးပြီးပြီလား"

နေအခု US ကသားနဲ့ပြဿနာဖြစ်ထားတဲ့ကောင်မလေးတွေအိမ်ရောက်နေတာဖြစ်ပြီး ကိုယ်တောင်ဘာမှမပြောရသေး သူတို့ဘက်ကအမှားဆိုတဲ့အကြောင်း ကောင်မလေးကပါတောင်းပန်နေတာပင်။

"မောင်တွေ့ပြီးပြီ မရဲ့

ကောင်မလေးကအတော်အခြေအနေကောင်းနေပြီ

အိပ်ရာပေါ်လှဲနေတာကြာတော့

လမ်းလျှောက်ဖို့အခက်အခဲရှိနေတာပေါ့.....ပြီးတော့

သားကိုလည်း အပြစ်မမြင်သလို

မောင်တို့ကိုတောင် သူတို့ကတောင်းပန်နေတာ"

"ဒါဆို မောင်ပြန်လာတော့မှာလား

ကိစ္စတွေပြီးပြီဆိုတော့လေ"

Lay Nge

သူ့ကိုပြန်လာတော့မလားဆိုကာ

မေးနေတဲ့မျက်ဝန်းလေးတွေက

သူ့ကိုတကယ်လွမ်းနေကြောင့် သက်သေပြနေသလို

သူကလည်း

ပြန်ချင်နေတာဘယ်လောက်တောင်လဲဆို မနက်ဖြန်

ပြန်ဖို့လေယာဥ်လက်မှတ်ကအစမှာထားပြီးသားပင်

။

"မောင် မနက်ဖြန် US ကနေပြန်လာတော့မှာ

မောင့်ကိုမျှော်နေနော် မောင့်လည်းသတိရနေတာ

ပြန်လာပြီ"

မောင်ပြန်လာတော့မယ်ဆိုတာကြောင့်

စိတ်ထဲဘယ်လိုပျော်သွားမှန်းမသိ။ဒါတောင်အကြာ

ကြီးခွဲထားရတာ မဟုတ်။သမီးလေးက

သွေးလွန်တုတ်ကွေးဖြစ်ထားလို့သာ

မောင်ကသားအမိနှစ်ယောက်လုံးကို မခေါ်တာ

မဟုတ်ရင်တော့

သူဘယ်သွားသွားလိုက်ခဲ့ဆိုတာကြီးပင်...........။

~~~~~~~~~~~~~~~~~~~~ဆက်ရန်။
~~~~~~~~~~~~~~~~~~~~

❤ပန်းပွင့်ဖြူ တော့ ယောက္ခထီး နဲ့ ယောက္ခမကို
တွေ့တာ တလွဲကြီးပဲ
နောက်တော့ပွဲလေးလှတာပေါ့❤

￼

🍭You are my life🍭

Chapter _ 27

"ဖေဖေရေ လီလီဒီမှာ !"

Lay Nge

ရန်ကုန်လေဆိပ်မှာ မောင်ပြန်လာတာကို

မက်တပ်ရပ်ရင်းစောင့်နေရာက

မောင်ကအိပ်ကိုလက်တစ်ဖက်ကဆွဲက

ထွက်လာတာကိုမြင်တာနဲ့ သမီးလေးက

သူ့မလက်ကိုတွဲထားရာကဖြုတ်ပြီး

သူ့အဖေဆီကိုပြေးသွားတာကြောင့်......

"လီလီ သမီးလေးဖြေးဖြေး"

အဖေ နဲ့ မုန့်အဲ့နှစ်ခုဆိုရင်

ဘာကိုမှဂရုမစိုက်တက်တဲ့သမီးကြောင့် သူ့မမှာ

ပြေးသွားတဲ့သမီးလေးအနောက်လိုက်ရင်း သတိပေးရသည်။မောင်ကလည်း သူမတို့အနားရောက်တာနဲ့ နှစ်နဲ့ချီပြီးခွဲနေရတဲ့အတိုင်း အတင်းပြေးဖက်သည်။

"မောင် ! လွှတ်ပါဦး အိမ်ရောက်ရင် ပြန်တွေ့ရမဲ့ ကိစ္စ"

"ခဏနေဦး မောင်တကယ်လွမ်းနေလို့ပါကွာ"

ဆိုကာ ပြေးလာတဲ့သမီးရော

မိန်းမဖြစ်သူကိုရောဖက်ထားတာ

လေယာဥ်ကွင်းတစ်ခုလုံးမှာ

အလွမ်းအသည်ဆုံးကိုပြောပါဆိုရင်

ခွဲရတဲ့အချိန်တစ်ပတ်တောင်မကြာတဲ့

မောင်အဆိုးဆုံးပင်။

"မောင်ရယ် အိမ်ရောက်မှာဖက်စမ်းပါ

အခုအိမ်ပြန်ရအောင်"

"ဖေဖေ ချီပါ"

သူက မိန်းမဖြစ်သူပြောတာနားထောင်လိုက်ကာ ဖက်ထားတာကိုလွှတ်လိုက်တယ်ဆို သမီးကသူကိုချီဖို့ပြောတာကြောင့် သူကကောက်ချီလိုက်သည်။

"ဖေဖေ လီလီမှာတာလေးတွေပါလား"

"ပါတာပေါ့ ဖေဖေသမီးအတွက်ရော အိမ်ကအမွှာလေးနှစ်ယောက်အတွက်ပါ အရုပ်တွေဝယ်လာတယ်"

သူ့အတွက်ပါတယ်ပြောတုန်းကကျေနပ်နေတဲ့ရုပ်ကလေးက အမွှာလေးတွေအတွက်ပါဝယ်လာတယ်လည်းဆိုရော နှုတ်ခမ်းဆူသွားတာကြောင့်........

"မောင့်မယုံရင်အဲ့မှာသက်သေပဲ အမွှာလေးတွေအတွက်ပါတယ်ဆိုတာနဲ့ နှုတ်ခမ်းကဆူနေပြီ"

"ဟွန်း"

သူကလက်ပေါ်ကသမီးလေးကိုငုံကြည့်လိုက်တော့ တကယ်နှုတ်ခမ်းကဆူနေတာကြောင့် နေ ရီလိုက်မိတာကို သမီးက သူကိုရီရမလားဆိုပြီး သူကိုရစ်သေးတာကြောင့်.......

"အမွှာလေးတွေအတွက်က ဖေဖေက တစ်ခုထဲဝယ်လာတာပါ သမီးအတွက်ကအများကြီးပဲ"

"ဂယ်လား"

Lay Nge

"တကယ် အိမ်ရောက်တာနဲ့ ဖေဖေပေးမယ်နော် ဟုတ်ပြီးလား"

နေ သမီးဖြစ်သူကိုချီရင် မ ကသူ့ Luggage အိတ်ကိုဆွဲပေးမယ်ပြောပင်မဲ့ သူပဲဆွဲကာ သူမကိုတော့ သူဘေးကနေအတူတူတွဲလျှောက်ခိုင်းသည်။သူတို့မိသားစု သုံးယောက်အတူတူ လေယာဉ်ကွင်းထဲကထွက်လာတွဲဆို အိမ်ကကားနဲ့လာတာမို့

LayNge

သူတို့ကအနောက်ခန်းထဲဝင်ထိုင်လိုက်ဆို

ကားကိုလေဆိပ်ထဲကနေ

မောင်းထွက်လာသည်.......။

ကျွီးးးး.....ဒုန်း

"အမလေး !"

မေ

စင်တာကိုသွားဖို့အိမ်ကထွက်လာတဲ့တစ်လျှောက်

လုံးအကောင်းကို စင်တာနားရောက်ခါနီးမှ

သူမကားနောက်ဘက်ခြမ်းအနောက်ကနေဝင်တိုက်ခံလိုက်ရတာကြောင့်

အိမ်ကနေမကြည်လာတဲ့စိတ်ကြောင့်

ကားကိုထိုးရပ်လိုက်ရင်း ကားပေါ်ကဆင်းရင်း

အနောက်ကတိုက်တဲ့ကားပေါ်ကလူကိုပြဿနာရှာမယ်အလုပ်.......

"Sorry ပါဗျ ကျွန်တော်အလျင်လိုပြီး

ဝင်တိုက်မိသွားတာပါ"

Lay Nge

ကားပေါ်ကဆင်းလာတဲ့ ကောင်လေးက
လူရည်သန့်လေးဖြစ်ပြီး နားတစ်ဖက်မှာကာ
စိန်နားကပ်သေးသေးလေးကိုဝတ်ထားတဲ့ကောင်
လေးက သူမထက်ပင်
5နှစ်လောက်တော့ငယ်လိမ့်မယ်ထင်သည်။မျက်နှာ
ကိုကြည့်တာနဲ့တင်
ပြဿနာရှာချင်စိတ်ပါပျောက်သွားရအောင်ပင်။ဝ
တ်စားတဲ့ပုံစံနဲ့မှမလိုက်
ကောင်လေးကယဉ်ကျေးလွန်းသည်။

"အစ်မ ကျွန်တော်တောင်းပန်ပါတယ် ကားက အနောက်တစ်ခြမ်းလုံးတော်တော်ထိသွားတာမို့ ကျွန်တော်ပြင်ပေးပါမယ်"

"အဲ့တာကရပါတယ် ဒါပင်မဲ့ အစ်မကစင်တာကိုသွားမှာမို့ အဲ့တာလိုက်ပို့ပေးပါလား ကားကတော့မင်းပဲကြိုက်တဲ့ပြင်ဆိုင်ပို့ပြီးမှဆက်သွယ်လိုက်"

ကိုင်း သူရှေ့ကအမျိုးသမီးရဲ့အနားကိုကပ်ဖို့ ဒီလောက်ထိ ဒီမိန်းမအပေါ်စားဆန်မယ်ဆိုတာ သူမသိခဲ့။ကိုယ်တိုင်ဒီအလုပ်ကိုလက်ခံကတည်းက ပိုက်ဆံလိုချင်လို့မဟုတ်သလို အိမ်မှာ အမေဆိုတဲ့အမျိုးသမီးကိုထိုင်မုန်းနေရာတာ ပျင်းလို့လက်ခံလိုက်တာပင်။အသက်ကမပြည့်သေးဘူးဆိုပင်မဲ့ သူအရပ်က 6 အတိမို့ဘယ်သူမှာရှိရင်းအသက်ကို မယုံကြပေ။

"အင်း အဲ့တာဆို ကားကိုဒီမှာထားခဲ့လိုက်လေ ကားသော့ပဲယူလာခဲ့ အစ်မကိုစင်တာပို့ပြီးပြန်ရင် ကားပြင်ဆိုင်ဝင်လိုက်မယ်"

သူပြောတာကို တစ်ခွန်းတောင်မငြင်းပဲ
သူကားပေါ်တက်လိုက်လာတဲ့
မိန်းမကိုတစ်ချက်သာကြည့်လိုက်ပြီး
လွယ်လွန်းတာကြောင့်တစ်ဖြည်းဖြည်းရင်း
သူတို့လုပ်ဇာတ်တွေသူရအောင်ဖော်မှာ။

"အစ်မ ဒီစင်တာလားရောက်ပြီ"

သူကစင်တာရှေ့ကားရပ်ပေးလိုက်တယ်ဆို
ကားပေါ်ကနေ ကျေးဇူးတစ်ခွန်းပြောကာ

ဆင်းသွားတဲ့အမျိုးသမီးက ထိုင်တဲ့နေရာမှာ ဖုန်းကိုချန်ထားခဲ့တာ သူနဲ့နောက်ထပ်တွေ့ချင်လို့ ဂွင်ဖန်တဲ့သဘော။

မေစင်တာထဲသာ ဝင်လာခဲ့တာ ကားပေါ်မှာကျန်ခဲ့တဲ့ကောင်လေးမျက်နှာကို အခုထိမျက်လုံးထဲကမထွက်သေး။အရမ်းမိုက်တာပဲ။စိန်နားကပ်တောင်ဝတ်နိုင်မှတော့ တော်ယုံအခြေအနေတော့မဟုတ်ပေ။ရုပ်ချောတဲ့အပြင် ပိုက်ဆံလည်းရှိတော့ သူမရှာနေတဲ့ပြီးပြည့်စုံတဲ့သူပင်။

Lawlge

"ညီမ ဒါလေးကဘယ်လောက်"

"ဝယ်နိုင်လို့လားရှင့် မဝယ်နိုင်ရင်ပစ္စည်းကိုမထိပါနဲ့"

မေ

စင်တာကိုလာတာပိုက်ဆံအိတ်အသစ်လဲဖို့ပင်။အိမ်ကနေစိတ်ညစ်လာတယ်ဆိုတာကလဲ လင်းရိပ်ကိုကို အိမ်ပေးရတော့မဲ့အခြေအနေမို့ သူမတို့တစ်ခြားနေရာပြောင်းဖို့ရှာနေရတာကြောင့်ပင်။အလိုစစ်မကြည်နေရကြားထဲ

သူမကလည်သာအိတ်လေးကိုကိုင်လိုက်တာနဲ့

အသံထွက်လာတဲ့ ဆိုင်ဝန်ထမ်းကြောင့်.........

"အဲ့အိတ်ကဝယ်နိုင်တယ်ဆိုရင်တောင်

ရှင်မို့လို့မရောင်းဘူး"

"မင်းတို့ရှိင်းလိုက်တာ ငါကဝယ်မဲ့သူလေ"

"မင်းအခုရပ်နေတဲ့နေရာက

ဘယ်သူပိုင်တာလဲဆိုတာ သိလား"

ဆိုင်အတွင်းခန်းဘက်ကနေထွက်လာတဲ့ ကိုယ်ဝန်သည်မိန်းမရဲ့စကားကြောင့် သူမ စင်တာနာမည်ကို ကြည့်လိုက်တော့ S တစ်လုံးထဲမို့ နားမလည်သေး။

"ငါ့တူတွေ ငါ့တူမတွေကိုထိခိုက်အောင်လုပ်ထားတာကို ဒီစင်တာထဲခြေချခွင့်ပေးတာနဲ့တင်ကျေးဇူးတင်"

"ဒီစင်တာက......"

"ဟုတ်တယ် မင်းထင်တဲ့အတိုင်းပဲ ငါ့အစ်ကိုပိုင်တာ နေလက်ရာရဲ့လုပ်ငန်းတွေထဲက တစ်ခုပေါ့"

မေလက်ရာ ကိုယ်တူကိုလုပ်တာကရွယ်တူခြင်းမို့ နားလည်လို့ရပင်မဲ့ လီလီလေးအပေါ်လုပ်တာကို ကိုကိုတို့ဆီကကြားရတော့ အဲ့ဟာတွေကိုပြေးလုပ်ချင်စိတ်ပါပေါက်တာအမှန်။ အခု သူမလည်းစင်တာကို ဝယ်စရာပစ္စည်းရှိလို့ဝင်လာရင်း အိတ်ဆိုင်ထဲဝင်ကြည့်မိရာက ဒီမိန်းမနဲ့လာတိုးနေတာကြောင့် တွေ့တုန်းလေးပြောရမည်။

" မမ စိတ်လျှော့ပြီးပြော"

"မောင် အနောက်ဆုတ်နေတော်ကြာ
ဖထွေးတောင်လင်တော်ဖို့ဝင်မလေးတဲ့မိန်းမက
မောင်ကို အရှက်မရှိပစ်မှားနေမှာဆိုးလို့"

ယောကျာ်းဖြစ်သူကို
စကားပြောရင်အနောက်ကိုပို့လိုက်တဲ့
မေလက်ရာကြောင့် လူမြင်ကွင်းမှာပြောခံရတဲ့ မေ
မျက်နှာမှာရှက်သွားရရင်း မေလက်ရာကို

ပါးရိုက်ဖို့အလုပ် နဂိုကတည်းက

ကိုယ်ထိရင်မခံတဲ့စိတ်ကိုရှိပြီးသားမို့

ကိုယ်ပါးပေါ်သူလက်မရောက်ခင်

ကိုယ်လက်ကသူပါးပေါ်ရောက်ပြီးသားပင်။

"ဖြောင်း သူ့ဘာသာအေးဆေးနေတဲ့ ငါ့မိသားစုကို

ဒုက္ခပေးချင်တဲ့မိန်းမ !"

"မင်းအခုချက်ခြင်းစင်တာထဲကထွက်သွားပါ

မဟုတ်ရင် ငါလုံခြုံရေးခေါ်မှာ"



lay Nge

ပြဿနာကတစ်စထက်တစ်စကြီးလာတာမို့
မိုးတိမ်ရောင်က ကြားထဲကနေဝင်ပြောလိုက်တော့
ထိုမိန်းမကအိတ်ဆိုင်ထဲကနေ ပြန်ထွက်သည်။

"ငါ့တူမလေး နာကျင်တဲ့နေကတည်းက
လက်တုန့်ပြန်ချင်နေတာ အခုမှကျေနပ်တော့တယ်"

မိုးတိမ်ရောင် တက္ကသိုလ်ဆရာမလုပ်နေပြီး
အခုအချိန်ထိ ကလေးဆန်နေတဲ့
မိန်းမဖြစ်သူကိုကြည့်ကာ
သူမမြင်အောင်ပြုံးလိုက်မိသည်။တကယ်တော့

မမလုပ်တာလည်းအလွန်တော့မဟုတ်
ကလေးကအရမ်းကိုငယ်သေးတာကို.........။

ဖြူ သူမရှာနေတဲ့သူကို
ရှာနေတာမြန်မာပြည်ရောက်ကတည်းကဆိုပင်မဲ့
အခုမှလက်တွေ့တွေ့လိုက်တာက Coffee bar
တစ်ခုမှ လုပ်ငန်းရှင်တွေနဲ့
စကားပြောနေတာကိုပင်။ချောလိုက်တာ
စမြင်ကာစကတည်းကသဘောကျခဲ့ရတဲ့
ဒီမျက်နှာလေးက မတွေ့တာကြာလို့လားမသိ
ပိုတောင်ချောလာသရောင်။သူမကြည့်နေရာက
လုပ်ငန်းရှင်တွေနဲ့စကားပြောနေရာက

ထလာတဲ့သူကိုတွေ့တယ်ဆို

သူမလည်းထိုင်ခုံမှာထိုင်နေရာက

သူမအနားသူရောက်လာတယ်ဆို......

"နေတစင်း"

နေတစင်း ဖေဖေကသူ့မိတ်ဆွေတစ်ဦးရဲ့

ဆောက်လုပ်ရေးနဲ့ပက်သက်တာကို

အကူအညီတောင်းနဲ့ကိစ္စ ဖေဖေက သူ့ campany

ကိုလွဲပေးလိုက်တာကြောင့်

သူဆောက်လုပ်မဲ့အဆောက်အဦးနဲ့ပက်သက်ပြီး

Lay Nge

ဆွေးနွေးနေရာက သန့်စင်ခန်းသွားချင်တာကြောင့်

ထလာရင်း တစ်နေရာအရောက်

မိန်းကလေးတစ်ယောက်ကသူ့အရှေ့ပိတ်ရပ်ကာ

နေတစင်း လို့ခေါ်တာကြောင့်........

"မင်းကဘယ်သူလဲ ငါမင်းကိုမသိဘူး"

"ပန်းပွင့်ဖြူလေ US

မှာကျောင်းအတူတူတက်ခဲ့တာလေ"

"မင်းဘက်ကငါ့ကိုသိပင်မဲ့

ငါ့ဘက်ကမင်းကိုမသိဘူး sorry"

နေတစင်းက ထိုသို့ပြောကာထွက်သွားမယ်

ပြင်တော့ သူမက

သူ့လက်မောင်းကိုလှမ်းဆွဲလိုက်တယ်ဆို

နေတစင်းက ပြန်လှည့်ကြည့်လိုက်ရင်း

လက်ကိုပုတ်ချပစ်လိုက်သည်။

"မင်းကိုငါမသိဘူးလို့ပြောပြီးပြီ"

" Sun မသိပင်မဲ့ တို့သိတယ် ပြီးတော့ ဟိုရက်က

မင်းဆီဖုန်းပို့လိုက်တာ ငါပဲ

မင်းကျောင်းတက်တဲ့တစ်လျှောက်လုံး

ငါ့စောင့်ကြည့်နေခဲ့တာ ဓာတ်ပုံတွေကို တွေ့မှာပါ"

သူ့ဆီကိုပို့လိုက်တဲ့ဖုန်းဆိုမှ

သန့်စင်ခန်းသွားမဲ့အရေးကိုသတိမရနိုင်တော့ပဲ

ဖေဖေရိုက်ခဲ့လိုက်တဲ့

ဖုန်းကိုမျက်လုံးထဲပြန်မြင်လာကာ.....

"အဲ့ဖုန်းပို့လိုက်တာမင်းပေါ့ ဟုတ်လား"

"ဟုတ်တယ် ဖြူပို့လိုက်တာ"

"မင်းဘာသာ ဖြူဖြူမဲမဲငါစိတ်မဝင်စားဘူး
အဲ့ဖုနမ်းပို့လိုက်တဲ့သူက
မင်းဆိုရင်နောက်တစ်ခေါက်လာမနှောက်ယှက်နဲ့
ပြီးတော့ ငါ့မှာ......"

"အိမ်ထောင်ရှိတယ်လို့ပြောမလို့လား သိသားပဲ"

သူပြောတာထက် အိမ်ထောင်သည်မှန်းသိရက်နဲ့ ရှေ့တိုးချင်တဲ့မိန်းကလေး။သူကိုပေါ်တင်ပြောလိုက်တာက ရှက်ရမယ်ဆိုတာမှန်းမသိဘူးလား။

"ကျစ် !"

နေတစင်း

ပါးစပ်ကပြောချင်နေပင်မဲ့ကိုယ်မှာနှမရှိတာကြောင့် ပြောချင်တဲ့စကားတွေကိုမြိုချလိုက်ရင်း ထိုမိန်းကလေးရှေ့ကနေလှည့်ထွက်လာတာက သန့်စင်ခန်းမဟုတ်ပဲ

လုပ်ငန်းရှင်တွေရှိရာသို့သာ။ဒီမိန်းကလေးပြဿနာရှာတော့မှာကို သူသိတာမို့ ပြဿနာတွေမဖြစ်ရအောင် သူဆင်ခြင်နေမှဖြစ်မှာ အသေအချာပင်..........။

"မောင် ဒါ ဒါတွေက"

သဘာဝ မောင် Luggage အိတ်ကိုဖွင့်လိုက်တာနဲ့ သူယူသွားတဲ့အဝတ်အစားတွေတောင် 5စုံတောင်ပြန်မလာပဲ ကျန်တာတွေက လက်ဆောင်ပစ္စည်းတွေကြီးပင်။ပြီးတော့

သူ့သမီးအတွက်ဝယ်လာတဲ့ ဘာဘီအရုပ်တွေ
တစ်ရုပ်ကို $70 လောက်ပေးရတာကို 5
ခုတောင်ပြီးတော့
မိတ်ကပ်တွေကိုမှာတဲ့အတိုင်းဝယ်ချလာတာက
မြန်မာငွေတောင်
သိန်းဂဏန်းရှိတာတွေပင်။သူမအတွက်ကြ
သုံးနေကြရေမွှေးဘူး ဝယ်လာတာဖြစ်ပြီး
အမွှာလေးတွေအတွက် စက်ရုပ်နှစ်ရုပ်။

"အဲ့အထဲမှာ မ အတွက် LV ကအသစ်ထုတ်တဲ့
အိတ်လေး မောင်ဝယ်လာတယ် "

LayNge

ပြောတော့အလုပ်သွားလုပ်သူကြီး။အလုပ်ကဘာယ
မလောက်အမြတ်အစွန်းရမယ်မသိ သူဝယ်လာတဲ့
ပစ္စည်းဖိုးကြီးပဲ သိန်း 200
ဖိုးလောက်ရှိသည်။ဘယ်လောက်ပဲရင့်ကျက်သွားပါ
စေ ပိုက်ဆံသုံးတာက
အခုထိဖွာတုန်းပင်။သူပြောတဲ့ သူ့မအတွက်ဆိုတဲ့
ပါကင်ပိတ်ထားတဲ့ အိတ်ဘူးကိုယူကာ
ဘေးကိုချထားပြီး........

LayNge

"မောင် နင့်ကိုငါထည့်ပေးလိုက်တဲ့အဝတ်တွေရော ဒါလေးတော့မဟုတ်ဘူးနော်"

"အင်း မောင်ဝယ်ထားတဲ့ပစ္စည်းနဲ့ ပါလာတဲ့ပစ္စည်းကမဆန့်လို့ အဝတ်အစားတွေထားခဲ့တာ"

သူကအဝတ်အိတ်ဖွင့်နေတဲ့ မ ဘေးထိုင်နေတော့ သူကအဝတ်စားတွေထားခဲ့တယ်ပြောတယ်ဆို ကြည့်လာတဲ့အကြည့်တွေကြောင့်......

Lay Nge

"မောင် "

"မောင် ဝတ်တဲ့အင်္ကျီတစ်ထည်တန်ဖိုး
သောင်းနဲ့ချီနေတာကို မောင်က ထားခဲ့ရအောင်
သဘာဝပြေင်ဆင်ပေးလိုက်တာကို
တန်ဖိုးမထားတာလား"

သူမှာ မေ့ပြီးကျန်ခဲ့တယ်ပြောရင်
လိမ်ရာကြမှဆိုးလို့ အမှန်အတိုင်းပြောမိကာမှ
မဘက်ကတုန့်ပြန်လာတဲ့အခြေအနေကြောင့်
သူမှာချက်ခြင်းကြီးမို့ တုန့်ပြန်စရာစကားမရှိ။

"သမျှောစရာကြီး ဖေဖေကလဲ ဟွန့်"

သူပေါင်ပေါ်ထိုင်နေတဲ့
သမီးကပါသူကိုအချွန်မလာတာကြောင့်
သူမှာသမီးကိုငုံကြည့်လိုက်မိတော့ မ က
သူ့လက်မောင်းကိုပိတ်ရိုက်ကာ....

"မောင် ကလေးကိုမကြည့်နဲ့ သမီးပြောတာက
မှားလို့လား"

"မမှားပါဘူး မတို့သားအမိနှစ်ယောက်မှန်တယ် မောင် မှားတာ"

"ကိုယ်အကြောင်းကိုသိ"

သူမှာ
အိမ်ထောင်တစ်ခုကိုဦးစီးနိုင်တဲ့အရွယ်ရောက်တော့ မိဘတွေရဲ့လက်အောက်ကလွတ်ပြီမှတ်ထားခဲ့ပင်မဲ့ မိန်းမရတော့လည်း မိန်းမကဆူ ဒီကြားထဲလက်ကပါသေး။အဲ့ဒါကိုပဲ သဘောကျနေတဲ့ ကောင်ဆိုတော့ ခံပေဦးပေါ့။

"လီလီ ဒါလေးတွေ
ဟိုနှစ်ယောက်ကိုသွားပေးဦးမယ်"

လီလီက မိဘနှစ်ပါးပြေလည်သွားပြီဆိုတာ
သိတယ်ဆို ဖေဖေက
သူအချွန်နဲ့မထားတာကိုပြောမှာသိတာကြောင့်
စက်ရုပ်နှစ်ခုကို ကောက်ယူကာ
အမှာလေးနှစ်ယောက်ကိုသွားပေးမယ်ပြောလာသ
ည်။

"အွန်း အောက်ကိုမဆင်းနဲ့နော် လီလီ"

"ဟုတ်"

အသက်လေးနဲ့မှမလိုက် ဉာဏ်ကကောင်းပြီး လူကလည်း 3နှစ်အရွယ်ကလေးတစ်ယောက်ထွားသင့်တာထက် ပိုထွားက အရုပ်လေးနှစ်ကိုကိုင်လျက် အပြင်ထွက်သွားတာလေးက ချစ်စရာလေးပင်။

"ရှတ် လွမ်းနေတာ ရှတမ အများကြီးလွမ်းနေတာ"

သမီးအပြင်ထွက်သွားတာနဲ့ မောင်က

သူမကိုအနောက်နေဖက်ကာ

ပါးကိုတရှုတ်ရှုတ်နမ်းနေတာကြောင့်

သူမကလှည့်ပြီးထုမလို့ကို

သူကခန္ဓာကိုယ်ကိုထိန်းထားတာကြောင့်

ဘယ်လိုမှရုန်းလို့မရ။

"မောင် ! ဘယ်လိုဖြစ်နေတာလဲ

နင်ကိုငါမကျေနပ်သေးဘူးနော်"

"မိန်းမကလည်း မောင်အမှန်အတိုင်းပြောတာပဲ မ
အပေါ်ဘာမှသားမှမသုံးဘူး
အဲ့အချက်လေးနဲ့တင်ခွင့်လွှတ်သင့်နေပြီမဟုတ်ဘူး
လား"

တော်တော်လည်းတက်တဲ့ မောင်။သူမက
အဝတ်အစားတွေထားခဲ့တာကို စိတ်ဆိုးနေတဲ့ဟာ
သူကအမှန်တိုင်းပြောတဲ့အချက်နဲ့
စိတ်ဆိုးပြေပေးတဲ့။

LaNge

"မသိဘူး မောင့်ကိုစိတ်ဆိုးတာပဲသိတယ် မောင်က သဘာဝရှေ့တင်တာ ဟုတ်ကဲ့ ကွယ်ရာကြတစ်မျိုးလုပ်တာ"

"ဒီတစ်ခါထဲပါ မိန်းမရာ"

သဘာဝက

သူဘာပြောပြောထက်ပြီးမပြောတော့တာမို့ အဲ့ Hotel ကိုဖုန်းဆက်ပြီး လေယာဉ်နဲ့ အဝတ်အစားတွေထည့်ပေးလိုက်ပါပြောရမလိုလို... .........။

Lay Nge

ဒုန်း ဒုန်း

ကို အခုရက်တွေမှာစိတ်ဓာတ်ကျနေတာ

နေ့တိုင်းလိုလိုမို့ ကိုယ်တိုင်ဘာဖြစ်နေလဲ

နားမလည်နိုင်ဖြစ်နေရတာမို့ ထိုင်ဆော့နေတဲ့

သားလေးနှစ်ယောက်ကို ကြည့်ရင်းက

တံခါးကိုထုတဲ့အသံနှစ်ချက်ထွက်လာတာကြောင့်

ကြည့် ထိုင်နေရာက

တံခါးဖွင့်ကြည့်လိုက်တော့..........

Lay Me

"သမီး ဘာလာလုပ်တာလဲ

မောင်လေးတွေနဲ့လာဆော့တာလား"

"ဟုတ်ဘူး

ဖေဖေကဟိုးအဝေးကြီးကနေပြန်လာတာ ကိုကို နဲ့

ညီညီအတွက် အရုပ်လေးတွေဝယ်လာတော့

လာပေးတာ"

လက်သေးသေးလေးတွေနဲ့

စက်ရုပ်လေးနှစ်ရုပ်ကိုကိုင်ကာ

သူမတို့အခန်းထဲဝင်လာတယ်ဆို

အခန်းတံခါးပြန်ပိတ်ရင်

သားလေးတွေအနားသွားပြီး

အရုပ်လေးလေးတွေပေးနေတဲ့

လီလီလေးကိုကြည့်ရင်း

မျက်ရည်တွေဝေ့လာရသည်။သူမ

သမီးလေးတွေပျက်မကျသွားခဲ့ရင်

နောက်တစ်လနှစ်လဆို လူလောကရောက်ပြီ။

ညတိုင်းဆုံးရှုံးသွားရတဲ့ကလေးတွေကို

သူမအိမ်မက်မတ်တယ်။အိမ်မတ်တိုင်းမှာလည်း

သူမသမီးလေးတွေက ဂါဝန်ဆင်တူလေးတွေနဲ့ကို

ညတိုင်းမတ်နေရတော့

ရင်တွေနာရသည်။ကိုယ်ဒီလိုခံစားနေရတာ

သူများကိုလည်းပြောပြဖို့မရှိ။နေလက်ရာ

မှာလည်းမိသားစုတွေ

သူမကြောင့်နဲ့အတော်ကိုပင်ပန်းနေပြီမဟုတ်လား....

........။

"ကားပြင်ခကို ငါလွှဲပေးလိုက်မယ် ပြီးတော့

ကားဘရိတ်ကြိုးကို

တစ်ဝက်လောက်ကတ်ကြေးနဲ့ညှပ်ပစ်လိုက်"

Lay Nge

ကိုင်းဆီကဖုန်းလာတော့ နေက ဝရံတာမှ

ကော်ဖီထွက်သောက်နေတဲ့အချိန်မို့

ဘယ်သူမှာမရှိတာကြောင့်

အေးဆေးဖုန်းပြောနေခြင်းပင်။သူ UK

မှာကတည်းက

သူ့လက်ထောက်ရဲ့အဆက်အသွယ်နဲ့

လုပ်ရမှာတွေကိုမြန်မြန်အကောင်အထည်ဖော်လို

က်ခြင်းပင်။

"အွန်း ကျွန်တော်သိတယ် ပြီးတော့ဘာလုပ်မှာလဲ

မြန်မြန်တော့ပြော

ကျူပ်ဖထွေးကိုသွားဆုံးမရဦးမယ်"

ဒီကောင်လေးအသက်ကဖြစ်မပြည့်သေးဘူး

လူကအကြောတင်းချက်က

သူတောင်လက်မြှောက်ရမလိုလို။ဒါပင်မဲ့

အဲလိုမိုက်နေတဲ့သူရင်ထဲမှာလဲ နာကျင်စရာတွေက

အများကြီးကို။

"စိတ်မလောနဲ့စိတ်လောရင် တလွဲဖြစ်တက်တယ်

မင်းကိုအခုပြောတဲ့အထိပဲရယ်

အရင်ကပြောထားသလောက်ရယ်"

Lay Nge

"အင်း ဘိုင့် ဘဲရီး!"

ကြည့်ဦး ကိုယ်သားထက်ငယ်တဲ့ကောင်က
ကိုယ်ကိုများ
ဘဲရီးလို့ခေါ် ပြီးဖုန်းချသွားတာကြောင့်
သူမှာအင်တင်တင်နဲ့ကျန်ခဲ့ရသည်။သူကိုသူလူဆိုး
လူမိုက်လို့သတ်မှတ်ထားတာ
ကိုယ်ထက်မိုက်တဲ့သူတောင်ရှိသေး။

"မောင်"

သူဖုန်းကိုကိုင်ရင်း ကောင်းကင်နှောင်ကြိုး အကြောင်းတွေးနေရာက မ ခေါ်သံလေးကြောင့် အနောက်လှည့်ကြည့်မိတော့ မ ကသူ့အနားလျှောက်လာသည်။ဘယ်အချိန်ကြည့်ကြည့် သူ့အတွက်တော့ တစ်ယောက်ထဲသောမိန်းကလေးမို့ မြတ်နိုးရသည်ကအတိုင်းထက်အလွန်ပင်။

"မောင် လင်းရိပ်ကိုလေးက စိတ်ကျရောဂါဖြစ်နေတယ်"

"ဘယ်လို !
လင်းရိပ်ကိုကိုကြည့်ရတာတော့ပုံမှန်ပါပဲ မရဲ့"

နေ
ကိုယ်မိန်းမဆီကမထင်မှတ်တဲ့စကားကြားလိုက်ရ
သလို သူပြန်ရောက်တော့ လင်းရိပ်ကို
ပုံစံကမှုပြောင်းနေသလိုမဖြစ်နေပဲ ပုံမှန်မို့
မကိုပြောတော့ မက......

"ကလေးပျက်ကျသွားတာနဲ့ပက်သက်ပြီး
ဖြစ်သွားတာ မောင် မနေ့က

သဘာဝဆရာဝန်နဲ့တွေ့ပြီးပြီ.....စိတ်ခတ်ကျရော
ဂါဖြစ်နေတော်ဆိုပင်မဲ့ လင်းရိပ်ကိုက
ဖြစ်ကာစပဲရှိသေးတာ"

"အဲ့တာဆို မောင်တို့ဆရာဝန် အိမ်ခေါ်ကုမလား"

"မဟုတ်ဘူး မောင် စိတ်ရောဂါဆိုတာက
ဆရာဝန်နဲ့ကုတိုင်းမပျောက်ဘူး သူစိတ်နဲ့ပဲဆိုင်တာ
သူစိတ်ထဲကဒဏ်ရာကိုဖျောက်နိုင်ရင်ရပြီ"

နေ

လင်းရိပ်ကိုရဲ့စိတ်ဒဏ်ရာကဘာလဲတွေးကြည့်မိ

တော့

သူ့အသက်တောင်မပြည့်သေးပဲမိခင်ကဆုံးပါတယ်၊

မိခင်ဆုံးတာတင်မကြာသေး အဖေဖြစ်သူက

မိထွေး နဲ့

မယားပါသမီးအိမ်ပေါ်ခေါ်တင်တာတွေ။ဒီနှစ်အတွ

င်းထဲမှာဆို ကလေးပျက်ကျတာ

အဲ့တာကအဆိုးဝါးဆုံးပင်။ဒီကြားထဲ

သူတို့မသိတဲ့စိတ်ဒဏ်ရာတွေဘယ်လောက်တောင်

ရှိသေးလဲမသိ။မ ပြောသလို

သူစိတ်ထဲကဒဏ်ရာက

ဘာကြောင့်ရေရေရာရာမသိတာ ဘယ်လိုလုပ်မလဲ။

"မောင့်မိန်းမပြောတာက သဘာဝကျပါတယ်

ဒါပင်မဲ့ အဲ့လိုလုပ်ဖို့အမိကလူက မောင်မဟုတ်ဘူး

နေတစင်းပဲ.....သူကအနားမှာနေတဲ့လူဖြစ်တဲ့အပြင်

လင်းရိပ်ကိုရဲ့အရင်းအနှီးဆုံးလူ"

"ဟုတ်တယ်မောင် ဒီကိစ္စရဲ့ Main က သားပဲ"

"သားကိုအိမ်မှာ ဒီကိစ္စပြောလို့မရရင် မောင် Hotel ကိုခဏလာခိုင်းပြီး မနက်ကြရင်ပြောလိုက်မယ်"

သားကခဏကမှ

အလုပ်ကနေအိမ်ကိုပြန်ရောက်တာမို့

ဒီညနေပြောဖို့ရာက လင်းရိပ်ကိုလေးနဲ့က

ပြောလို့မရတာကြောင့် မောင်ပြောသလို

မနက်မှပေါ့...........။

"ကိုယ်ပြောတာနားထောင်

မဟုတ်ဘူးလို့ပြောနေတယ်လေ"

ကို အလုပ်ကပြန်လာတယ်ဆို

သူ့အင်္ကျီလက်မောင်းမှာ

နှုတ်ခမ်းနီရာကိုတွေ့တယ်ဆို သူမကပြောတော့ ပါး

ကမဟုတ်ဘူးသာပြောတာ

ဘယ်ကပေလာတာလဲပြောတော့လည်း

မပြောတော့ သူဟုတ်နေလို့မပြောနိုင်တာပေါ့။

"မယုံဘူး တကယ်မဟုတ်ဘူးဆို

ပါးဘက်ကသက်သေနဲ့ပြော မဟုတ်ရင်တော့ ကို

ကဖောက်ပြန်နေတယ် လို့သတ်မှတ်မှာပဲ"

"လင်းရိပ်ကို !!!"

နေတစင်း သူဖောက်ပြန်တာကိုလက်တွေ့မပြောနဲ့
စိတ်ကူးနဲ့တောင်မရှိခဲ့ဖူးတာမို့
သူမဆီကဖောက်ပြန်တယ်ဆိုတာနဲ့
သူစိတ်တွေတိုလာရသည်။

"ကို ကိုလာမအော်နဲ့နော် ဖောက်ပြန်တာကရှင်
ကျွန်မမဟုတ်ဘူး ဟင့်
ဘာလို့အဲ့လောက်ရက်စက်ရတာလဲ"

"တောက်စ်!

ငါမင်းကိုမဟုတ်ဘူးပြောနေတာဘယ်နှစ်ခါရှိနေပြီ

လဲ ဘာလို့ဘာမဟုတ်တဲ့ နှုတ်ခမ်းနီအရာလေးနဲ့

လာစွပ်စွဲနေတာလဲ!!!"

ကို အခုရက်တွေထဲခံစားနေရတာတွေက

ရှုးမတက်ပင်။ကလေးပျက်ကျထားတာမကြာ

ယောကျာ်းလုပ်သူက

ဖောက်ပြန်တဲ့အပြုအမူတွေလုပ်လာတာကြောင့်

သူမရင်တွေကွဲတော့မှာပင်။

"ဘာလဲ ကို က
ရှင့်ကလေးတွေပျက်ကျထားလို့လား
ရှင့်အိမ်မက်တွေကိုဖျက်စီးလို့လား ပြောစမ်းပါ !
ရှင့်ရက်စက်တယ်"

"ဖောက်ပြန်တက်တာကငါတို့မျိုးရိုးမှာမရှိ
မင်းတို့အမျိုးမှာပဲရှိတာ!!!!"

နေတစင်း စကားပြောနေတာပဝတ်ဝန်းကျင်ကို
သတိမထားမိပဲ ကလေးတွေကပါ

သူတို့လင်မယားကိုကြည့်ပြီး မဲ့တဲ့တဲ့ဖြစ်နေတဲ့ ကလေးတွေကိုတောင် သတိမထားမိ........။

ဝရံတာကနေ အိမ်ထဲကိုပြန်ဝင်လာတဲ့ နေတို့လင်မယား အိမ်ထဲဝင်လာယုံရှိသေး.....

"အစ်ကိုလေး လုပ်ပါဦး"

နေ နဲ့ သဘာဝ သူတို့ရှေ့ကိုမျက်စိမျက်နှာပျက်နာပျက်နဲ့ရောက်လာ

Lay Nge

တဲ့ နှိုင်းယှဉ်ကြောင့် နေ နဲ့
သဘာဝထိတ်လန့်သွားရာကာ.......

"ဘာဖြစ်တာလဲ"

"သား နဲ့ လင်းရိပ်ကိုလေး ရန်ဖြစ်နေကြတယ် တစ်ယောက် နဲ့တစ်ယောက်အောင်နေကြတာ အပြင်ကအော်ခေါ်တာတောင်မကြားဘူး"

နေ နဲ့ သဘာဝ နှိုင်းယှဉ်ပြောသောစကားကြောင့် လန့်သွားရကာ နှစ်ယောက်လုံး သားတို့အခန်းရှေ့ကို

ပြေးလာလိုက်သည်။အခန်းရှေ့ရောက်တော့
အထဲကအသံတွေကြားနေရတာမို့ သဘာဝ
ကိုယ့်သားကိုဒေါသထွက်ကာ.........

ဒုန်း ဒုန်း ဒုန်း

"နေတစင်း တံခါးဖွင့်စမ်း!"

အပြင်ကသဘာဝဒီလောက်
တံခါးကိုလက်နဲ့ထုနေတာတာတောင်
တံခါးဖွင့်မလာတာမို့ နေ

Lay Nge

မလက်ကိုဖယ်ချလိုက်တာင

လက်နာသွားမှာဆိုးတာကြောင့်ပင်။နေ နှိုင်းယှဉ်ကို

အခန်းသော့အပို သွားယူခိုင်းပြီး ဖွင့်လိုက်တော့.....

"နေတစင်း !!!"

သဘာဝ လင်းရိပ်ကိုလေးကို

လက်ရှယ်ထားတဲ့မြင်ကွင်းမြင်လိုက်တော့

အနားကိုအပြေးလေးသွားကာ

ဘယ်လောက်အကြောတင်းတဲ့မိန်းမငယ်လေးဖြစ်

ပါစေ ကိုယ်ချစ်တဲ့သူလက်ရွယ်တာ
ဘယ်လောက်ခံစားရမယ်ဆိုတာ သဘာဝသိသည်။

"သမီး မကြောက်နဲ့ မေမေရှိတယ်.....မောင်
မောင့်သား မောင်ဆုံးမ"

သဘာဝ သားဖြစ်သူကိုမျက်ထောက်နီနဲ့ကြည့်ရင်း
မောင်ကိုပြောလိုက်တော့ မောင်လည်းသူမလို
စိတ်ဆိုးနေတဲ့အနေအထားနဲ့
အခန်းတံခါးဆွဲပိတ်ကာ.....

"နေတစင်း ! မင်းလူကမွေးပြီး

ကိုယ်ထက်အားနည်းတဲ့မိန်းကလေးကို

လက်ရွယ်တယ်ပေါ့

မင်းကိုအဲ့အတိုင်းငါဆုံးမထားလား !!"

တစ်ခါမှ သားဖြစ်သူကိုနာအောင်မလုပ်ဖူးတဲ့ နေက

သားရဲ့ပုခုံးကိုစောင့်တွန်းကာမေးတော့ နေတစင်း

ဘာမှမပြောပဲငြိမ်နေတာကြောင့်.....

"မင်းကငါ့စိန်ခေါ်နေတာလား နေတစင်း!"

~~~~~~~~~~~~~~~~~~ဆက်ရန်။

💜အရှည်ကြီးရေးပေးထားပါတယ်နော်

ဒါတောင်ဆက်ရေးချင်သေးတာ Fb

ကကန့်သတ်ထားလို့ပါရှင့်

အချစ်လေးတွေအများကြီးတွေ့ချင်ပါတယ်💜

OBJ

🍭You are my life🍭

Chapter _💜 28 💜

LayNge
~~~~~~~~~~~~~~~~~~

နေတစင်းသူကို

ဖေဖေကပုခုံးကိုစောင့်တွန်းလိုက်တာကြောင့်ယိုင်

သွားရကာ

ခန္တာကိုယမကိုအမြန်ထိန်းလိုက်ရသည်။မေမေက

လည်း သူကိုကြည့်နေတဲ့အကြည့်က

မျက်ထောက်နီနဲ့မို့........

"မင်းကဘာအချိုးချိုးတာလည်း"

"မဟုတ်ဘူး ဖေဖေသားပြောပြမယ်"

နေတစင်းပြောမယ်ပြောတော့

သဘာဝကလက်နဲ့တိတ်ဆိုတဲ့ပုံစံလုပ်ပြကာတာ

ကြောင့်

နေတစင်းငြိမ်ကျသွားသည်။သူဒေါသထွက်သွားရ

တာက ဖောက်ပြန်တယ်ပြောခံရတာကြောင့်ပင်။

"သမီးပြော သူဘာပြောလို့

ဘယ်ကစဖြစ်ကြတာလဲ"

ကိုယ့်သားသမီးက သူအိမ်မှာနေတုန်းက

လင်းရိပ်ကိုလေးက ရှင်ဘုရင်လိုထားခဲ့တာကို

ကိုယ်အိမ်ရောက်မှ ဒီလိုလုပ်တဲ့ သားအပြုအမူကို မှားမှားမှန်မှန်စိတ်ဆိုးသည်။ဒါကြောင့် သားဆီကစကားထက် လင်းရိပ်ကိုလေးပြောတာကို အရင်နားထောင်ချင်တာမို့ မေးလိုက်တော့ လင်းရိပ်ကိုက ဘာစကားမှမပြောပဲ ပစ်ပေါက်ထားပုံရတဲ့ အပေါ်ကဝတ်တဲ့ကုတ်ကို လက်ညှိုးထိုးပြတာကြောင့် နေ က အင်္ကျီကိုကောက်ကြည့်လိုက်တော့ skyblue ရောင်ကုတ်ရဲ့ဘယ်ဘက်လက်မောင်းနေရာ နှုတ်ခမ်းနီရာကအကွင်းလိုက်။

"ဘာလဲ မင်းကဖောက်ပြန်နေတာလား!"

နေက သားမျက်နှာကိုဒဲ့ကြည့်ကာ မေးလိုက်တော့ သားကသူ့ကိုကြည့်လာတဲ့ပုံစံက ဖေဖေလည်းမယုံပြန်ဘူးလားဆိုတဲ့ မျက်ဝန်းတွေနဲ့။

"သားအဲ့လိုကောင်မဟုတ်ဘူးနော် ဖေဖေ"

"အဲ့တာဆို ဒီနှုတ်ခမ်းနီကဘယ်သူ့ဟာလဲ"

နေက ကိစ္စတစ်ခုခုဆိုဒေါသနဲ့ဖြေရှင်းတက်ပင်မဲ့ သူမှန်တယ်ထင်ရင်

ဘယ်ကိစ္စမဆိုရင်ဆိုင်တက်တဲ့အကျင့်ရှိသည်။သားပုံစံကကြတော့ ကိစ္စတစ်ခုကို ရင်ဆိုင်တာက သူအားမရပေ။

နေတစင်း

နှုတ်ခမ်းနီဘယ်ကပေလာတယ်ဆိုတာကိုပြန်တွေးရာ နေ့လည်က coffee bar မှာ တွေ့ခဲ့တဲ့မိန်းကလေးကို သတိရပြီး ထိုမိန်းမလက်ချက်ဆိုတာ သူတွေးမိပင်မဲ့ မသေချာပဲသူများကိုမပြောချင်တာကြောင့်......

"သားမသိဘူးဖေဖေ"

"မသိဦးကွာ !"

ဖြန်း:::

လက်သီးနဲ့ထိုးရင် သူလက်ချက်သူသိတာကြောင့် သားဖြစ်သူပါးကို
လက်ပြန်ပိတ်ရိုက်ချလိုက်သည်။သူရိုက်လိုက်တော့ လင်းရိပ်ကိုလေးခင်မျာ တုန်လှုပ်သွားကာ မ
ရင်ခွင်ထဲကနေ သားအနားရောက်လာပြီး

Lay Nge

သားရဲ့ပါးကိုကြည့်နေသည်။နေ
သားပုံစံကိုကြည့်တာနဲ့ ပြဿနာဘယ်လိုဖြစ်လဲ
သဘောပေါက်က.....

"ဘာလဲ ! ငါကတစ်ခါမှ လက်မပါပဲမဆုံးမဘူးတော့
မင်းကမလေးစားတာလား
!....ရတယ်ငါ့ကိုမလေးစားလည်းအပြစ်မပြောဘူး
ဒါပင်မဲ့
မင်းနှမခြင်းကိုယ်ချင်းစာကြည့်စမ်း....မင်းနှမကို
တစ်ခြားအကောင်က အဲ့လိုလက်နဲ့ရှယ်တာ
မင်းမြင်ရရင်ဘယ်လိုနေမလဲ"

သဘာဝ သားကိုမောင်ရိုက်လိုက်တာတွေပင်မဲ့

အဲ့တာမောင်ဘက်ကအများကြီးလျော့ထားတယ်ဆို

တာ သူမသိသည်။သားက

မိဘနှစ်ပါးလုံးအစုံရှိပင်မဲ့ လင်းရိပ်ကိုလေးမှာက

အားကိုးစရာ သားပဲရှိတာကို အဲ့တာကို ဒီကောင်က

မိုက်ရိုင်းတာ။မိန်းမသားပီပီ

ကိုယ်ကိုနာကျင်အောင်လုပ်ဖို့

လက်နဲ့ရွယ်တဲ့ယောကျာ်းကို

မောင်ကရိုက်လိုက်တော့

စိုးရနမ်တကြီးအနားသွားကာ ကြည့်ရှာသည်။

"အေး ! မင်းပြောသလို ဖောက်ပြန်တာမဟုတ်ဆို အေးဆေးရှင်းပြပါလား အခုချက်ခြင်းကြီး သူမဘက်ကအရှင်းပြမခံလည်း စိတ်ပြေတဲ့အထိစောင့်ပါလား ဒါကိုမင်းက လက်နဲ့တောင်ရိုက်ဖို့ရွယ်တယ်ပေါ့ ဟမ်! ဘာလဲ မင်းကမိဘအစုံရှိပြီး လင်းရိပ်ကိုလေးနောက်မှာ ဘယ်သူမှမရှိလို့ မင်းကနိုင်ကြောင်းပြချင်နေတာလား !.....ကိုယ်သားသမီးကသူများသားသမီးကိုနိုင်ချင်တို င်းနိုင်နေတာကို လက်ခံမဲ့မိဘတွေထဲ ငါတို့မပါဘူး နေတစင်း"

သဘာဝကလည်း

သားဖြစ်သူမျက်နှာကိုလက်ညှိုးထိုးပြောတော့

သားက မောင်ကိုရောသူမရောပြောနေတာကို

တစ်ခွန်းမှပြန်မပြောပဲ ခေါင်းငုံနားထောင်နေသည်။

"လင်းရိပ်ကိုက

မင်းကိုဖေဖေတို့ပေးစားထားတာမဟုတ်ဘူး

မင်းပဲချစ်ပါတယ် ကြိုက်ပါတယ်ဆိုလို့

ငါတို့ကိုတောင်မတိုင်ပဲ

မင်းယူတာမဟုတ်ဘူးလား......ချစ်တယ်ဆိုတဲ့စကား

ကို ပါးစပ်ကပဲမပြောရဘူးကွ !

ပါးစပ်ကပြောတာတော့

လူတိုင်းပြောတက်တာပဲ.....ကိုယ်ယူထားတဲ့မိန်းမ

ကို လက်တွေ့ချစ်ပြမှ

ချစ်တယ်လို့သတ်မှတ်လို့ရမှာ! အခုမင်းလုပ်ရပ်က

ကိုယ်ကလည်းမှားနေတယ်

မင်းကပဲလက်ရွယ်ရတယ်ရှိသေး......တစ်ခုတော့

ပြောလိုက်မယ်

မင်းဖောက်ပြန်ရဲဖောက်ပြန်ကြည့်တွေ့တဲ့နေရာမှာ

ငါတစ်ခုခုလုပ်ပစ်မှာ !!"

ပြောရင်းစိတ်ဆိုးက အခန်းထဲကထွက်သွားတဲ့

မောင်ကြောင့်ပင့်သက်ရှိုက်လိုက်မိရင်း သူတို့ကို

အေးဆေးစကားပြောရအောင်

ရန်ထက်မဖြစ်ဖို့ပြောကာ ကလေးတွေကိုတော့

သူမက နှိုင်းယှဉ်တို့ကို ခေါ်ထိန်းခိုင်းလိုက်ပြီးမှ

မောင်ရှိမဲ့နေရာကို သူမလိုက်လာတော့

သူတို့အခန်းထဲက

အလုပ်ခုံပေါ်မှာထိုင်နေတာကိုတွေ့တော့........

"မောင် "

သူသားသူဘာသာရိုက်လိုက်ပြီး

သူလက်သူပြန်ကြည့်ကာ စိတ်မကောင်းဖြစ်နေတဲ့

Lay Nge

မောင်ကြောင့် သူမကနားလည်စွာသူလက်ကို ကိုင်လိုက်ရင်း......

"မောင်က သားကိုကောင်းစေချင်လို့ဆုံးမတာလေ ဘယ်တုန်းလုပ်ဖူးလို့လည်း စိတ်မကောင်းမဖြစ်နဲ့တော့နော်"

"ဘာအကြောင်းနဲ့မှ သူတို့အိမ်ထောင်ရေးအပျက်အစီးခံလို့မရဘူး ဒီနေ့ကစ သားအနောက်ကိုတစ်ယောက်ယောက်ကိုလွှတ်

ထားရတော့မယ်.....သားက

ဖောက်ပြန်မဲ့လူမျိုးတော့မဟုတ်ဘူးဆိုတာ ယုံပင်မဲ့

တစ်ယောက်ယောက်ယုတ်မာတာမျိုးလည်း

ဖြစ်နိုင်တယ်"

မောင်ပြောတာနားထောင်ကြည့်တော့

ဖြစ်နိုင်သည်။သားကဖောက်ပြန်တာမဟုတ်ရင်

ဒီနှုတ်ခမ်းနီက

တစ်ယောက်ယောက်လက်ချက်ဆိုတာ

သေချာသလောက်ပင်။

"မောင် အဲ့မိန်းကလေးက ဟိုတလောကဖုန်းပို့လိုက်တဲ့သူဖြစ်နိုင်လား"

နေ တစ်ခုခုကိုတွေးနေရာက မ ပြောလာတဲ့စကားကြောင့် မ မျက်နှာလေးကို မော့ကြည့်လိုက်မိသည်။အဲ့ဖုန်းကိစ္စကို သူတို့မေ့နေခဲ့တာပဲကို။သားကလည်း နှုတ်ခမ်းနီရာဘယ်သူလက်ချက်လည်းဆိုတာ မသိဘူးဆိုတော့ 80 % လောက်သေချာသည်။

"ဟုတ်တယ် မ ပြောမှမောင်သတိရတယ်

သားကိုဒီအတိုင်းထားလို့မဖြစ်တော့ဘူး

တစ်ခြားသူမစောင့်ကြည့်ခိုင်းဘူး

မောင်ကိုယ်တိုင်သူကိုစောင့်ကြည့်မယ်"

တစ်ခြားသူကိုသာ

စောင့်ကြည့်ခိုင်းရင်တလွဲဖြစ်မှာဆိုးလို့

သူကိုယ်တိုင်သားကိုစောင့်ကြ်ှမှာပင်။ဘာပဲဖြစ်ဖြ

စ် သားနဲ့အနီးကပ်ရှိတော့

ထိုမိန်းကလေးနဲ့ပြဿနာဖြစ်ရင်တောင်

သူဖြေရှင်းပေးလို့ရတယ်။

"မောင်
အိမ်မှာပြဿနာတွေတစ်ခုပြီးတစ်ခုဖြစ်နေတာ
တကယ်တစ်ခုနဲ့တစ်ခု ရက်ပိုင်း
လပိုင်းပဲခြားဖြစ်နေတာ"

"ဖြစ်တဲ့ပြဿနာတိုင်းက
မောင်တို့ဘက်ကအရင်စတာ ဘာတစ်ခုမှမရှိဘူး
သူတို့ဘက်ကအရင်စလို့ဖြစ်တာပဲရှိတာ.....မောင်
US မှာရှိနေတုန်းက မေလက်ရာ နဲ့တောင်

စင်တာမှာပြဿနာတက်သေးတယ်တဲ့ ဟို
မေဆိုတဲ့မိန်းမနဲ့"

"လူဘဝလေးကတိုတောင်းရကြတဲ
ရန်ပြိုးရန်စတွေကို သူတို့မို့လို့မတ်မောနေတာ
ပစ္စည်းဥစ္စာဆိုတာကလည်း
တည်မြဲတာမှမဟုတ်တာ"

သားကတော့
အချစ်ဆိုတာဘယ်လိုသတ်မှတ်ထားလဲမသိပင်မဲ့
သူအတွက်ကတော့အချစ်ဆိုတာ သဘာဝပန်း မို့

အများကြီးအဓိပ္ပာယ်ဖွင့်စရာမလိုပဲ

သူမစိတ်ချမ်းသာဖို့သာအရေးကြီးသည်။သူမသာ

ပျော်မယ်ဆို

သူလက်ရှိပိုင်ဆိုင်မှုတွေထားခဲ့ဆိုလည်း

သူတွေဝေနေမှာမဟုတ်

အကုန်ထားခဲ့မှာ။လူဆိုတာအရည်အချင်းရှိရင်

ပိုက်ဆံဆိုတာအချိန်မရွေးပြန်ရှာလို့ရပါတာမို့

သဘာဝပန်းစိတ်ချမ်းသာဖို့ပဲလိုသည်.........။

ပြသာတွေဖြစ်ပြီးနောက်ရက်ရောက်တော့

နေတစင်းကအရင်ထွက်သွားတာကို နေက

ခပ်လှမ်းလှမ်းကနေ

ကားနဲ့လိုက်ကြည့်လိုက်သည်။သူ

သားကားနဲ့ကြားက

နှစ်ကားလောက်ခြားပြီးလိုက်နေရာက

သူကားဘေးကနေ

တိုက်တော့မဲ့အတိုင်းဖြတ်မောင်းသွားတာကြောင့်

အရင်တုန်းကစိတ်နဲ့ဆို ပြိုင်မောင်းမိမှာအမှန်

အခုတော့ သားကအရေးကြီးတာမို့

သားကားကိုလှမ်းကြည့်တော့ ခဏကကားက

သားကားဘေးယှဉ်မောင်းနေတာကြောင့်

ကားကိုနည်းနည်းအရှေ့ရောက်အောင်မောင်းလိုက်

ရင်း ကားနံပါတ်ကို မှတ်လိုက်သည်။

"ဘာလုပ်တာလဲ !"

မီးပွင့်မှာမီးနီနေတာကြောင့်

ကားတွေတန်းစီရပ်သွားတော့ သူမျက်လုံးက

အဲ့ကားနှစ်စီးကိုသာကြည့်နေမိသည်။ကားနှစ်စီးလုံး

က ကားမှန်တွေချလိုက်တာမြင်တယ်ဆို

သူမျက်နာကပိုတည်သွားရကာ

အဲ့ကားတွေကိုမျက်ခြေမပျက်အောင်ကြည့်နေရ

တာ ဖုန်းလာနေတာတောင်မကိုင်နိုင်။

"လာပြန်ပြီ ဒုတိယရှိင်းထက်မြတ်တူမ"

ကားထဲငနေခေါင်းထွက်လာပြီး

သားကားဘက်ကိုကြည့်ကာ မွ

ဆိုပြီးလုပ်နေတာကြောင့်

အိမ်ထောင်သည်မှန်းမသိတာမဖြစ်နိုင်ပေ။ဘာလို့

ဆို သားလက်ထပ်တဲ့ကိစ္စကို

လူတော်တော်များသိတာမို့ပင်။

"တောက်စ် ! ဒီဖုန်းတွေကတစ်မျိုး"

LayNge

ကားနံပါတ်ကိုမှတ်ပြီးပြီမို့

သူစုံစမ်းလို့ရပြီဖြစ်တာကြောင့်

သူတို့အနောက်ကိုဆက်မလိုက်တော့ပဲ

မီးစိမ်းသွားတာနဲ့ နောက်တစ်လမ်းကနေကွေ့ပြီး

သူအလုပ်လုပ်ရမဲ့နေရာကို ပြန်လှည့်ရင်း

ဖုန်းကိုင်လိုက်ပြီး.......

"ဘာလို့ဖုန်းတွေခေါ်နေတာလဲ"

"CEO Company မှာအစည်းအဝေးခေါ်ထားတာ

နောက်ကျနေပြီမို့ ဖုန်းဆက်ရတာပါ"

တစ်ဖက်ကသူ့အတွင်းရေးမှူးပြောတဲ့စကားကအမှန်ပင်။သူ US ကပြန်ရောက်တာနဲ့
အစည်းအဝေးခေါ်ထားတာကို
သားကိစ္စနဲ့မေ့သွားတာကြောင့်
တလွဲတွေဖြစ်ကုန်ပြီမို့......

"နောက်ဆယ်မိနစ်အတွင်းရောက်မယ်
မင်းငါပြောခိုင်းထားတာတစ်ချို့ပြောထားလိုက်"

"ဟုတ်ကဲ့ CEO"

သူကတစ်ဖက်ကပြောပြီးတာနဲ့ဖုန်းချကာ

ကားကိုအနည်းငယ်အရှိန်မြင့်ပြီး company

ကိုသူပြောတဲ့အချိန်မကွက်တိရောက်အောင်

အာရုံစိုက်မောင်းလိုက်ရသည်။သူလည်း

သားကြောင့်စုံထောက်ကြီး လုံးလုံးကိုဖြစ်လို့။သူ

campany ကိုရောက်တော့

ဌာနလေးကိုတောင်လိုက်မစစ်နိုင်

အစည်းအဝေးခန်းထဲတန်းလစ်ရသည်။သူအစည်း

အဝေးခန်းထဲရောက်တာနဲ့

ထိပ်ဆုံးကခုံကိုဝင်ထိုင်ကာ........

"Campany ကအရင်လကနှုန်းထားထက် 10 % လောက်ကျဆင်းသွားရတာလေး ပြောကြပါဦး"

နေကသူတည်ထောင်တဲ့ campany ကလူတွေဆိုပြီး ယုံကြည်ထားသလောက် အခုသေချာပြန်စစ်မှာ သောက်တလွဲတွေလုပ်ထားကြတာမို့ စိတ်တိုရသည်။ပြီးတော့ ခရီးသွားလုပ်ငန်းရဲ့ offical page Review မှာအဆိုးတွေကိုတွေ့ရတာ ဝန်ထမ်းတွေရဲ့အသုံးမကျမှုပေါ့။

"ငါယုံကြည်မှုကိုဖျက်စီးကြတာ.....ဆုံးရှုံးရတဲ့ငွေတန်ဖိုးထက်

ယုံကြည်မှုဖျက်စီးတာကိုပိုနာတာ.....ငါအမြဲ Hotel နဲ့ တစ်ခြားနေလက်ရာ

နဲ့ပက်သက်တဲ့နေရာတွေထက် Natural flower

ကငါ့အတွက်အဓိကကျသလို

ငါ့စိတ်ကြိုက်ခံတဲ့ဝန်ထမ်းတွေမို့

အမြဲယုံကြည်ခဲ့တာ.....တစ်လပြီးတစ်လရာခိုင်းနှုန်း

တက်လာရင် ရာထူးအလိုက်လစာတိုးပေးနေတာ"

စိတ်ကတိုနေပင်အမဲ့

အပြစ်ရှိတာကအကုန်လုံးမဟုတ်တဲ့အတွက်

သူဒေါသကိုထိန်းကပြောနေရသည်။Natural flower ဆိုတာ သူ့ဘဝရဲ့အစ သူချစ်ရတဲ့မိန်းကလေးနဲ့ပက်သက်စဖန်တီးခဲ့တဲ့လုပ်ငန်းမို့ နေလက်ရာက လုပ်ငန်းတွေထက်ပိုပြီး အလေးထားတာကြောင်ပင့်ပင်။သူတန်ဖိုးထားတာ ကိုသိလို့လဲ ဟိုကောင်တွေဆို ရှယ်ယာတွေပါတာတောင် အမြဲရုံးခွဲတွေဆိုပင်မဲ့ perfect ။အခုက သူဦးစီးနေတဲ့ ရန်ကုန်ရုံးချုပ်ကဖြစ်တာဆိုတော့ တကယ်သူကိုယ်သူလည်း ပေါ့မိတာကိုအပြစ်တင်မိသည်။

"အခုတစ်ခါတော့

အပြစ်လုပ်တဲ့သူကိုသိပင်မဲ့မပြောတော့ဘူး

ဘာလို့ဆိုပြန်ပြင်မာ်လို့မျှော်လင့်တယ်.....ချမ်းသာချ

င်ရင် အလွယ်လမ်းကိုမလိုက်နဲ့

လမ်းမှားတက်တယ်

ပုံမှန်ပဲသွားရိုးသားတဲ့အကြိုးရလဒ်က

ခံစားရမှာ.....မင်းလည်းနောက်တစ်ခါ

ဒီမှာဘာပဲဖြစ်ဖြစ်ပြော ဖုန်းဆက်လို့မကိုင်ရင်

Messenge ပို့ပေးထားပေါ့....အွန်းမေ့တော့မလို့

Natural flower page Review

မှာဆိုးဆိုးဝါးဝါးရေးထားတဲ့ acc နှစ်ခုရှိတယ်

စုံစမ်းလိုက်"

သူလည်းဝန်ထမ်းတွေကို လိုသလောက်ပြောရင်း ဟိုရက်က Page ကိုဝင်ကြည့်မိတော့တွေ့တဲ့ Review နှစ်ခုကို သတိရကာ acc ပိုင်ရှင်တွေကို စုံစမ်းဖို့ပြောရင်း အစည်းအဝေးပြီးကြောင်းပြောလိုက်သည်။အကုန်လုံးထွက်သွားမှထိုင်ခုံမှမှီချရင်းသက်ပြင်းချလိုက်မိသည်။

"ဖေဖေ"

နေထိုင်ခုံကိုမှီပြီး တွေးနေရာက သူကို

ဖေဖေလို့ခေါ်သံက သားအသံမို့

သူကခေါင်းထောင်ကြည့်လိုက်တော့

သားကသူထိုင်နေတဲ့ ထိုင်ခုံရဲ့

ဘက်ဘယ်ထောင့်မှာဝင်ထိုင်သည်။

"ဖေဖေ သားကိုပြောစရာရှိလို့ဆို

မေမေဖုန်းဆက်တာ ဖေဖေဆီသွားလိုက်ဦးဆိုလို့

ဒီမနက်က campany မှာတွေ့ရမဲ့လူမရှိလို့"

LayNge

နေ သားပါးကိုကြည့်လိုက်မိတော့

ညကသူလက်ပြန်ရိုက်လာတာ

ပြင်းသွားတယ်ထင်သည်

ဘာမှာနည်းနည်းညိုနေတာမြင်တော့

သူ့ရင်ထဲပူဆင်းသွားရသည်။သူ့သားကို

ထိုးရင်နာမှာဆိုးလို့တောင်

အားမထည့်ပဲရိုက်လိုက်တာပါ

ဒီလောက်ထိဖြစ်သွားမယ်မမျှော်လင့်ခဲ့။

"နာနေသေးလား "

နေတစင်းထိုင်ရပ်ကနေ
သူ့ပါးကိုလှမ်းကိုင်ကာမေးတဲ့ဖေဖေကြောင့်
ခေါင်းရမ်းပြလိုက်သည်။ဖေဖေသူကိုလုပ်တာ
စိတ်မကောင်းဖြစ်နေမှန်းသိသည်။ဖေဖေကလည်း
သူနာပါစေဆိုပြီးလုပ်တာမဟုတ်မှန်းသိသလို
ညကသူလုပ်ရပ်က တော်တော်ကိုဆိုးရွားသည်။

"လင်းရိပ်ကိုက စိတ်ကျရောဂါခံစားနေရတာ
သားသိလား"

"ဗျာ !"

ဖေဖေဆီကစကားက

သူကိုတကယ်ရှော့ရစေတဲ့စကားပေဖို့

ဖေဖေမျက်နှာကိုအလန့်တကြား

ြ့ကြည့်လိုက်မိသည်။Light အဲ့လိုဖြစ်နေတာ

သူတကယ်မသိတာပါ။

"ကိုယ်မိန်းမဘာဖြစ်နေမှန်းတောင်

သားမသိဘူးလား"

"သားကအသုံးမကျတဲ့ကောင်ပါ ဖေဖေ Light မှာသာအဲ့ရောဂါဖြစ်နေတာ သေချာရင် သားညကလုပ်ရပ်ကြောင့် သူတော်တော်လန့်သွားရှာမှာ"

ပြဿနာကဖြစ်ပြီးသွားမှပြန်ပြောတော့ နောင်တရတာအပြင်ဘာမှရမှာမဟုတ်တာ။သူက တော့ရှင်းရှင်းလေး သူလုပ်ခဲ့တာတွေအတွက် သူစိတ်နဲ့သူလုပ်ခဲ့တာမို့ တစ်ခါမှပြန်မတွေးပေ။

"ဖြစ်ပြီးသားကိုပြန်တွေးလို့ကတော့

နောင်တတွေတန်းစီပေါ်လာမှာပဲသား အဲ့ဒီတော့

အကောင်းဆုံးတွေးရမှာက

နောက်တစ်ခါဒီလိုနည်းတူမဖြစ်ဖို့ပဲ

သူမကစိတ်ကျရောဂါရနေရင်

သာရဲ့နူညံ့မှုတွေနဲ့ပြန်ကုရင်ပျောက်ပါတယ်....သူခင်

မျာ

အရွယ်နဲ့မလိုက်အောင်လောကခံရဲ့ရိုက်ခတ်မှုတွေခံ

ခဲ့ရတာ....မင်းမှာမိဘတွေရှိတယ် သား

သူမလေးဘက်ကိုကြည့် မိခင်ပဲဆုံးပါးတယ်ဆိုပင်မဲ့

မိဘမဲ့တစ်ယောက်လိုပဲ

သူ့အဖေကဘယ်နေရာစောက်သုံးကျလို့လဲ"

"..........."

"လူတိုင်းကိုအားနာတတ်စရာမလိုဘူး
လူတိုင်းကိုယ်သာ
ကိုယ့်ကြောင့်နစ်နာသွားမှာဆိုးလို့ဆိုပြီးတွေးနေရင်
သူတို့က ကိုယ့်ကိုနင်းသွားမှာ.....ဖေဖေကတော့
ကိုယ်မှန်တယ်ထင်တာကိုလုပ်တယ်
ပြီးရင်နောက်ပန်မတွေးဘူး
ဖြစ်လာတဲ့ပြဿနာရင်ဆိုင်ဖြေရှင်းတယ်"

သား နဲ့အဖေလိုမထင်ရလောက်အောင်
ဘယ်ပွဲတက်တက်အတူတူသွားတက်တဲ့အခါ
တစ်ခါက ထိုင်းက
လုပ်ငန်းပါတနာတစ်ယောက်ရဲ့ပွဲသွားတက်တာ
ညီအစ်ကိုလားလို့မေးခံခဲ့ရတဲ့အထိ ဖေဖေဟာ
တကယ်ကိုစိတ်ရောလူရော perfect ပင်။

"ပြဿနာတိုင်းကိုသာ ခေါင်းထဲထည့်ထားရင်
တစ်နေ့မှစိတ်ချမ်းသာစရာမရှိဘူး ဒါကြောင့်
ကဖြစ်လာတဲ့ ပြဿနာကို
ရင်ဆိုင်လိုက်အနာဂတ်ကို ခေါ်မသွားနဲ့"

သူတို့သားအဖနှစ်ယောက်ကမ

စကားပြောနေလိုက်တာ

တစ်နာရီလောက်ကြာသွားတဲ့အချိန် Natural

flower ရဲ့မန်နေဂျာက အခန်းထဲဝင်လာပြီး.......

"CEO လူတစ်ယောက်လာပေးသွားတာပါ"

မန်နေဂျာက

သူ့လက်ထဲစာအိတ်တစ်ခုလာထည့်ပေးကြောင့်

ပေးပို့သူကိုကြည့်လိုက်တော့

Lay Nge

မြင်လိုက်ရတာကြောင့်

အထက်တန်းလက်ကိုအပ်ထားတာ

တစ်နာရီကျော်လေးနဲ့သူသိချင်တာ လုပ်ပေးနိုင်တဲ့

ဒီကောင်တကယ်တော်သည်။အစည်းအဝေးထိုင်ဖို့

ကားမောင်းလာရင်း ကားနံပါတ်ကို

ပို့ပြီးစုံစမ်းခိုင်းလာတာ တကယ်မြန်သည်။

"ဖေဖေ အဲ့တာဆိုသားပြန်ဦးမယ်

ကျန်တာတွေတော့ အိမ်ကြမှဆက်ပြောကြမယ်"

"အင်း ကားကိုဂရုစိုက်မောင်းသွား"

သားအခန်းထဲကပြန်ထွက်သွားတာနဲ့

သူစာအိပ်ကိုဖွင့်ကြည့်တော့ ကားပိုင်ရှင်နဲ့

သူလိပ်စာကအစပြီးတော့

မောင်းတဲ့ကောင်မလေးရဲ့ပုံပါ ပါလာတာကြောင့်

သူတို့မစခင်ကိုယ့်ဘက်က အရင်ဦးရမှာမို့ မ

ဆီဖုန်းဆက်ကာ.........

"မ မောင်တို့မနက်ဖြန်သွားရမဲ့နေရာရှိတယ်"

ပန်းရိပ်လွှာတုန်းကလိုတော့

သူတို့မိသားစုပူလောင်တာတွေမခံစားရအောင်

သူဘက်ကစပြီး လူကြီးလူကောင်းပုံစံအတိုင်း

လုပ်မှာမို့ အဲ့တာမှလက်အခံရင်တော့

နောက်တစ်နည်းပေါ့............။

~~~~~~~~~~~~~~~ဆက်ရန်။

🍭You are my life🍭

Chapter _💜 29 💜
~~~~~~~~~~~~~~~

"ဟွန်း ပန်းပွင့်ဖြူတဲ့ ငါ့မိန်းမကလွဲ တွေ့သမျှပန်း ခွေးသေးပန်းကြီးပဲ"

ပန်းရိပ်လွှာ နဲ့ပုံစံတူဖြစ်လာလောက်တဲ့ မိန်းကလေးနာမည်က ပန်းပွင့်ဖြူတဲ့။မျိုးရိုးနောက်ခံကြည့်တော့လည်း အမေဘက်ကကောင်းပင်မဲ့ အဖေဘက်ကသူများမယားနိုက်တဲ့သူတွေရော။

နေစာအိတ်ထဲကထွက်လာတဲ့

အထက်တန်းပို့လိုက်တာတွေကိုကြည့်ရင်း

သူ့လူကိုနည်းနည်းနောက်ကြောင်းကိုလေ့လာခိုင်း

လိုက်တာ

အထင်ကြီးစရာကိုမရှိ။အရင်ဆုံးကိုယ့်ဘက်ကအ

လွန်မဖြစ်မရအောင် သူ့မိဘတွေဆီ မ

နဲ့အတူသွားတွေ့ဖို့ဆုံးဖြတ်ထားသည်။အထက်တန်း

ပို့တဲ့ပုံက အခုအရွယ်ပုံနဲ့မတူတဲ့

အထက်တန်းတုန်းကပုံမို့

သူနေရာကိုပေးပြီးစုံစမ်းခိုင်းလို့သိရတာပင်။

"CEO!"

"ဟမ် ! မင်းဘယ်တုန်းက ငါ့အနားရောက်နေတာလဲမသံမပေးဘာမပေးနဲ့ မင်းကွာ"

နေ တကယ်ကိုသူပုခုံးကိုပုတ်ကာခေါ်လိုက်တဲ့ သူရဲ့ Hotel ကလူယုံကြောင့် သူမှာလန့်သွားတာမဟုတ်ပင်မဲ့ အတွေးပျက်သွားတာကြောင့် လူကတန်းဟောက်မိတော့........

"CEO ကစိတ်ကြီးပဲ

အဲ့တာကြောင့်ဝန်ထမ်းတွေကပြောတာ

လူဆိုးကြီးသူစိတ်ကြီးပဲတဲ့"

"ဘယ်ကောင်ငါ့ကိုအတင်းပြောရဲတာလဲ"

ဒီစကားကို ဝန်ထမ်းတွေလားပြောရဲမှာ

ဒင်းတစ်ယောက်ပဲသူကိုပမာမခန့်လုပ်နေတာကြော

င့် သူကမေးလိုက်တော့ သွားအဖြီးသားနဲ့မို့

ခေါင်းရမ်းလိုက်ရင်းက......

"ဘာလည်းငါသိချင်တာကို လာပြောတာလား"

" နေလင်းစက် နဲ့
နှင်းဆီဆိုတဲ့လင်မယားရဲ့တစ်ဦးတည်းသော သမီးပါ
Phyu လုပ်ငန်းပိုင်ရှင်တွေပါ"

"ပြီးတော့ရော ဆက်ပြော"

သူသိလာတာက
ဒီလောက်ပဲမို့စကားရပ်လိုက်တာကို CEO

Lay Nge

ကဆက်ပြောဆိုတာကြောင့် သူကကြောင်ပြီး ကြည့်လိုက်တော့.....

"မင်းသိလာတာဒီလောက်ပဲလို့တော့ ငါ့ကိုလာမပြောနဲ့"

"တကယ်လည်းအဲ့လောက်ပါပဲ ပြီးတော့ ဒီည ညစာစားပွဲတက်စရာရှိပါတယ် ဖိတ်စာကမနေ့ကနည်းကရောက်နေတာ မေ့သွားလို့အခုမှပြောရတာ"

Lay Nge

"မတက်ဘူး ငါလုပ်စရာရှိသေးလို့ မင်းပဲတက်လိုက်
သူတို့ပြောချင်တဲ့စကားတွေနားထောင်ခဲ့"

သူညနေကြ အိမ်ကိုစောစောပြန်ပြီး မ နဲ့
သားအကြောင်းပြောချင်တာကြောင့်ပင်။အခုအချိန်
မှာ သူလုပ်ငန်းတွေက
ရှယ်ယာရှင်ကိုမျှော်ကိုးစရာအနေအထားမဟုတ်တဲ့
အတွက် မိသားစုအရေးကိုသာ
အဓိကထားတာကြောင့်ပင်။

Lay Nge

"CEO နော် လုပ်ငန်းကိစ္စကိုလည်းတစ်ခါတစ်လေ နံပါတ် 1မှာထားပါဦး CEO ကအချိန်ပြည့်မိသားစုကိုပဲ အချိန်ပေးနေတော့တာ"

"မင်းတောင်ငါ့လိုအချိန်ပေး မိသားစုရှိလို့လား ကိုယ်ကြည့်တော့တစ်သက်လုံးစွံ့မဲ့ပုံမပေါ်ဘူး"

သူကိုပြောရင် လူကိုများများပြန်ဖွဲ့ပုံများ သူတို့ CEO မှန်းသိလိုက်တာဆိုတာ။သူလည်း အဖွဲ့ခံနေကြဆိုတော့လည်း ဘာမှပြန်မပြောတော့ပဲ

သူပြောတာတစ်ချို့နဲ့ လုပ်ခိုင်းတာတစ်ချို့ကို နားထောင်က ပြန်ထွက်လာလိုက်သည်..........။

သဘာဝ သမီးနဲ့အတူနေ့လည်ဘက်အတူတူ အခန်းထဲအိပ်ပျော်နေရာက နိုးလာတော့ သမီးလေးကအနားမှာမရှိတော့တာကြောင့် လန့်သွားကာ အခန်းထဲကထွက်လာပြီး လိုက်ရှာတော့ သားတို့အခန်းထဲက သမီးအသံလေးကြားနေရတာကြောင့် တံခါးလေးကို ဟကြည့်လိုက်တော့.........

"ခဏလေးနော်

သနပ်ခါးလေးခြောက်သွားအောင်မှုတ်ပေးမယ်"

သမီးလေးကို ရေချိုးပြီးပြင်ဆင်ပေးနေတဲ့

လင်းရိပ်ကိုလေးကိုကြည့်က

စိတ်ကျရောဂါဖြစ်ရတဲ့အကြောင်းအရင်းက

ကလေးပျက်ကျသွားတာကြောင့်ဆိုတာသူမသိလို

က်သည်။ပြီးတော့ ကလေးက

ဘာလေးတွေလဲဆိုတာ သိပြီးမှဖြစ်တာဆိုတော့

သမီးမိန်းကလေးလိုချင်ရှာတဲ့အတွက်

အခုလောက်ဖြစ်တာပေါ့။

"အကိ်ုလေးက တီဗီဝယ်ပေးတာလား"

"အွန်း သဘောကျလား
နောက်နေ့ကြအများကြီးဝယ်ပေးဦးမယ်"

"ဟင်အင်းလိုချင်တော့ဝူး
လီလီမှာအများကြီးရှိတယ်
မဝတ်ရသေးတဲ့အသစ်လေးတွေရောပဲ....ဝယ်ပေးချင်ရင် အရုပ်လေးတွေဝယ်ပေး"

အင်္ကျီမဝယ်ပေးနဲ့ပြောတော့
ငါ့သမီးလေးသိတက်တယ်လို့တွေးနေပင်မဆုံးသေး
သူမှာအရုပ်ကတအားမရှိရှာဘူးဆိုတော့
အရုပ်ဝယ်ပေးဖို့ ပူဆာနေတဲ့သမီးကိုကြည့်ကာ
ပြောစရာစကားပင်မရှိ။သူကိုတစ်အိမ်လုံးက
သည်းသည်းလှုပ်နေတာလည်းမပြောနဲ့
လည်လိုက်တာလည်း ဂျင်လိုကိုလည်တာ။

"သမီးလေးနဲ့ကုရင်ရော"

သမီးလေးတွေနဲ့ပက်သက်ပြီး စိတ်ဒဏ်ရာရနေတဲ့ လင်းရိပ်ကိုလေးကို စိတ်ဒဏ်ရာတွေသက်သာဖို့နဲ့ စိတ်ကျရောဂါအတွက်အဓိကဆေးက လီလီလေးပင်။သမီးကသာ လင်းရိပ်ကိုလေးအနားအနီးကပ်နေပြီး တီတီတာတာပြောနေမယ်ဆို သူ့ရောဂါမပျောက်ဘူးဆိုတာမဖြစ်နိုင်ဘူးလို့ သူမယုံကြည်သည်။

"မမ"

သဘာဝ

အခန်းထဲကိုတံခါးလေးဟကကြည့်နေရာက

အနောက်ကခေါ်တာကြောင့်

တံခါးကိုဖြည်းဖြည်းလေးပြန်ပိတ်လိုက်ရင်း

အနောက်ကိုလှည့်ကြည့်လိုက်မိသည်။

"ဒီမှာ သားနာမည်နဲ့ စာတစ်စောင်လာပို့သွားတယ်"

နှိုင်းယှဉ်လက်ထဲက စာရွက်ကိုသူမက

ကမ်းယူလိုက်ရင်း ဘာလဲဆိုတာရိပ်မိသလိုရှိတာမို့

စာအိတ်ကို မဖွင့်ကြည့်သေးပဲ......

"နောက် အိမ်ကိုနေတစင်းနာမည်နဲ့ ဘာပစ္စည်းရောက်လာရောက်လာ မောင် နဲ့ မမ နှစ်ယောက်ထဲကတွေ့တဲ့သူကိုပေး သားမသိစေနဲ့ ပြီးတော့ အခုကိစ္စရောပဲ"

"ဟုတ်ကဲ့ပါ မမ ပြီးတော့ သမီးကသက်သာပြီလား"

"လင်းရိပ်ကိုလေးအတွက်ကတော့ မမ မောင်နဲ့တိုင်ပင်နေတုန်းပါ အကောင်းဆုံးနည်းလမ်းကိုရှာရမှာပေါ့.....နှိုင်းယှဉ်

Lay Nge

တို့ကလည်း သူစားမဲ့အစားအစာကအစ
ဂရုစိုက်ပေးနော်"

သူမက စာကဒီအခန်းရှေ့ဖွင့်ဖတ်လိုက်ရင်
မတော်တဆ လင်းရိပ်ကိုလေးမြင်သွားရင်
ရောဂါကပိုဆိုးသွားမှာကြောင့် နှိုင်းယှဉ်တို့ကို
လိုအပ်တာပြောကာ အခန်းကိုညပြန်ရောက်တော့မှ
စာအိတ်ကိုဖြဲပြီး
ဖွင့်ဖတ်ရသည်။အပေါ်စာအိတ်ကအစ
အလှအပလေးဆိုမှတော့ အထဲကစာက
ဟိုမိန်းကလေးပို့တာအသေအချာမို့
စာခေါက်ကိုဖွင့်ဖတ်လိုက်တော့........

~နေတစင်းကို ချစ်တယ်~

ဆိုတဲ့စာလေးတစ်ကြောင်းနဲ့
နှုတ်ခမ်းနီအရာလေးတစ်ခုသာပါတဲ့
စာတစ်စောင်ဆိုပင်မဲ့ သူမစာဖတ်ပြီး
ဖြဲပစ်ချင်နေတာကြောင့်
စာရွက်ကိုအမြန်ပြန်ခေါက်လိုက်ရသည်။သူမကြော
င့်မဖြဲပစ်တာလည်းဆိုရင် မောင်ကို
ပြန်ပြရဦးမှာမို့.........။

Loving

နေတစင်းဖေဖေဆီကနေထွက်လာတာနဲ့

Campany လည်းမသွားချင်

သူလုပ်ရပ်သူပြန်တွေးရင် Light

အပေါ်ပြုမူခဲ့တဲ့အပြုအမူကိုတွေးလေ

သူကိုယ်သူခွင့်မလွှတ်နိုင်တာရယ် ဟိုမိန်းမကလည်း

မနက်ကကားမီးပွင့်မိနေတုန်း Kiss

လုပ်ပြသွားတာကိုမြင်ရင်းစိတ်တွေတအားရှုပ်လာ

တာကြောင့် ဘားတစ်ခုမှာ

မနက်ကတည်းကလာသောက်နေတာ

ညနေစောင်းတော့မည်။

"ကိုယ်တောင်းပန်ပါတယ်ရ Light ရယ်
ကိုယ်မရည်ရွယ်ပါဘူးကွာ"

ပါးစပ်ကသူမကိုတောင်းပန်ရင်း
လက်ထဲကအရက်ခွက်ကိုလည်း
တစ်ခါထဲသောက်ချပစ်လိုက်တာ
လည်ပင်းတစ်လျှောက်လုံး ပူဆင်းသွားရသည်က
ရေရော ရေခဲရောတစ်ခုမှရောမသောက်လို့ပင်။

"ကိုယ် အေ့ တကယ်အသုံးမကျဘူး"

နေတစင်း

နည်းနည်းရင်းသောက်ရာကနေတဖြည်းဖြည်းများ

လာတာနဲ့ လူကမူးဝေလာကာ

စိတ်ထဲခံစားနေရတာတွေပျောက်ချင်လို့အရက်

သောက်ပါတယ်ဆိုမှ ပိုတောင်ခံစားရသေးသည်။

"ကိုအံ့ ဟိုမှာ နေတစင်းမဟုတ်လား"

ကျော်သူရ နဲ့ အံ့တို့နှစ်ယောက်သား

လုပ်ငန်းလုပ်ရာကနေသိတဲ့

မိတ်ဆွေတစ်ယောက်က

လိုက်တိုက်ပါဆိုတာကြောင့် အရက်ဘားတစ်ခုကို
လိုက်လာရက အရက်ပုလင်းတွေက
5ပုလင်းလောက်နဲ့
ခေါင်းတောင်မထူနိုင်လောက်အောင်ဖြစ်နေတဲ့ နေ
သားကိုတွေ့လိုက်တာကြောင့်
သူကပြလိုက်တော့.......

"ဟာ
ဟုတ်တယ်ဒီကောင်ဘာတွေအရူးထနေတာလဲမသိ
ဘူး ကွာ"

Lay Nge

နှစ်ယောက်သား

ညှော်သည်ကိုဖုန်းဆက်ပြီးအရေးကြီးကိစ္စပေါ်လာဖို့

မနက်ကြမှတွေ့ဖို့ဖုန်းဆက်လိုက်တော့

တစ်ဖက်ကညှော်သည်ကလည်း

မအားတာတိုးနေတာ တော်သေးသည်။

"နေတစင်း သား ဘာဖြစ်နေတာလဲ"

နေတစင်းရဲ့တစ်ဖက်ဆီမှာဝင်ထိုင်လိုက်ကာ အဲ့က

လက်မောင်းကိုလှုပ်ပြီး မေးတော့

ခေါင်းထောင်လာကာဘညာဘက်ကအံ့ကိုကြည့်ပြီး.

.....

"ဦးအံ့ ဒီကိုဘာလာလုပ်တာလဲ အေ့"

"ငါတို့ဘာလာလုပ်တာထက်

မင်းဘာလာလုပ်တာလည်း အရင်ဖြေရမှာ

သောက်ထားတာဘယ်လောက်တောင်လဲ

သေတော့မှာပဲကွာ"

အံ့ ကိုယ့်မွေးထားတဲ့ကလေးမဟုတ်ပင်မဲ့

ကိုယမလက်ပေါ်တင်ကြီးသွားတဲ့

ကိုယ်ညီအရင်းလိုချစ်ရတဲ့ကောင်ရဲ့ကလေးမို့

သူတို့သားလိုပင်သတ်မှတ်ထားတာကြောင့်

မြင်နေရတဲ့ပုံစံကစိတ်ချမ်းသာစရာမရှိ။

"ကိုအံ့ ဒီကောင်ကိုဒီအတိုင်းထားလို့မရဘူး

ပြန်ပို့မှရမယ်"

"အင်း ထ နေတစင်း

အန်ကယ်မင်းကိုအိမ်ပြန်လိုက်ပို့မယ်"

သူတို့ဆွဲထူလိုက်တော့လည်း

တစ်ယောက်တစ်ဖက်ဆီမလိုက်တာကြောင့်

သူထိုင်နေရာကနေ

မက်တပ်ထရပ်သလိုဖြစ်သွားတော့

အံ့ကခဏထိန်းထားပြီး ကျော်သူရက နေတစင်းရဲ့

ပိုက်ဆံအိတ် နဲ့ ဖုန်းကိုယူရင်သိမ်းရင်း

ဆိုင်ကိုလည်းကျသင့်ငွေကို သူတို့ဘာသာရှင်းကာ

နေတစင်းကို ဘားအပြင်တွဲခေါ်လာလိုက်သည်။

"ကျစ် ! နေ သိရင်သောက်ပြသာနာတက်ဦးမယ်"

နေတစင်းကားကိုထခဲ့ကာ

သူတို့ကားနဲ့သာခေါ်လာပြီးအနောက်ခန်းမှာမှူးပြီးအိ

ပ်နေတဲ့ နေတစင်းကို လှည့်ကြည့်ရင်းက

ကျော်သူရက ကားမောင်းနေတဲ့

အံ့ကိုပြောတော့........

"အဲ့တော့ အိမပြန်မပို့ပဲ

ငါတို့ကိစ္စရှိလို့ညအိပ်ခေါ်ထားတယ်လို့ ပြောမလား"

"ဟုတ်တယ် ကိုအံ့ပြောတာမဆိုးဘူး ဒီကောင်ကို ကျွန်တော်အိမ်ခေါ်သွားလိုက်မယ် သမီးကလည်း သူဒီဇိုင်နာလုပ်နေတာနဲ့ အိမ်ကိုပြန်မလာဘူး"

အံ့

ကျော်သူရပြောတာကိုလက်ခံလိုက်သည်။ကိုယ်သမီး နဲ့ကပြဿနာတွေတက်ခဲ့ဖူးတာမို့ နေတစ်င်းက ကိုယ်တွေကိုပဲစကားပြောတာ သမီးလေးကို စကားပြောတာမဟုတ်ပေ။သူတို့ နောက်ဆုံးဆုံးဖြတ်လိုက်သည့်အတိုင်း နေ ဆီကိုညာတာပါတေး လှမ်းပြောပြီး ကျော်သူရအိမ်ခေါ်ထားဖို့ပင်..........။

"မောင် "

နေ အိမ်ပေါ်တီအောက် ကားရပ်လိုက်တာနဲ့ အိမ်ထဲကနေ သူကိုထွက်ကြိုတဲ့ တမူးဝမ်းဆက်လေးပန်းနုရောင်လေးကိုဝတ်ထားတဲ့ သူရဲ့မူပိုင်အမျိုးသမီးလေးကြောင့် အမောပြေသွားရသည်။

"မောင့်မိန်းမက မောင်ကိုထွက်ကြိုတော့ အမောကိုပြေသွားတာပဲ"

ကိုလူပိုကြီးက သူမကိုကားပေါ်ကနေဆင်းတာနဲ့ သူမပါးလေးကိုနမ်းရင်ပြောတော့ ခြံထဲမှာက အလုပ်လုပ်တဲ့သူတွေရှိတာကြောင့် သူ့ရင်ဘက်ကိုထုပစ်လိုက်ရင်း.....

"မောင့်ကို ပြောစရာရှိလို့ စောင့်နေတာ အခန်းထဲသွားမယ်"

"အဲ့လောက်အလျင်လိုနေရလား မရဲ့ မောင်အခန်းထဲလိုက်မှာပါကွာ"

သူမက

ရိုးရိုးလေးသူကိုပြောစရာရှိလို့အခန်းထဲကိုခေါ်တာ

ကို တဏှာရူးနေတဲ့သူကြောင့် အံကြိတ်ပြလိုက်ရင်း

သူလက်မောင်းကနေဆွဲကာ

အခန်းထဲပါလာတဲ့အထိခေါ်လာလိုက်သည်။အခန်း

ထဲရောက်မှသူလက်ကိုလွှတ်ကာ

အခန်းတံခါးပိတ်ပြီးတော့.......

"နင်တော်တော်ဖြစ်နေသလား !"

သူကစလိုက်တာကို ဖြစ်နေတဲ့ပုံလေးကိုကြည့်ကာ

သူမှာပြုံးနေတာက

မျက်နာပေါ်မှာဘယ်လောက်စိတ်ချမ်းသာနေလည်း

ဆိုတာပေါ်လွင်နေသည်။

"မောင် သားအတွက်ဆိုပြီး

နေ့လည်ကစာတစ်စောင်ရောက်လာတယ်"

သူမကစကားပြောတာနဲ့အတူ

သူ့အလုပ်စားပွဲပေါ်တင်ထားတဲ့ စာကိုယူကာ

သူကိုပေးတော့

သူယူကြည့်လိုက်မိသည်။သူ့ရှိရောက်လာတဲ့
စာခေါက်ကိုဖွင့်ကြည့်တော့
တွေ့လိုက်ရတဲ့စာကြောင့်.......

"တကယ်အဲ့မိန်းကလေးက ဘယ်သူလဲသိချင်တယ်
ကိုယ်
ေ့ကောင့်သူများအိမ်ထောင်ရေးပျက်စီးသွားမှာ
မကြောက်ဖူးလား'

"ဟွန်း
ပန်းရိပ်လွှာလိုမိန်းမမျိုးပေါ့....မနက်ကြရင်တော့

မောင်တို့ကလူကြီးလူကောင်းဖြစ်တဲ့အတွက်
သူမိဘကိုသွားပြောမယ် မရရင်တော့
တစ်ခြားနည်းပေါ့"

သူကပြောတော့
မကသူပြောတာကိုစိတ်ဝင်တစားနားထောင်ရင်း
သူကိုမေးခွန်းမေးချင်နေတာအရိပ်အယောင်ကိုတွေ့
တာနဲ့
သူ့စကားကိုရောက်တဲ့နေရာမှာရပ်ပေးလိုက်သည်။

LayNge

"မောင်ကအဲ့မိန်းကလေးဘယ်သူလည်းသိသွားပြီပေါ့ ဟုတ်လား"

"အွန်း မောင်သားနောက်လိုက်ရင်းကစသိတာ"

သူမနက်က

သားနောက်လိုက်ရင်ကားနံပါတ်မှတ်တာကအစ

သူတွေ့ခဲ့တာတွေအကုန်ကို ပြောပြပြီး

သူနောက်လုပ်မဲ့အစီစဉ်တွေကို

တစ်ခွန်းမကျန်ပြောပြလိုက်သည်။

"မောင် အဲ့တာဆို မနက်ဖြန်သွားကြမယ်နော်
ပြဿနာတစ်ခုကိုမြန်မြန်ဖြေရှင်းလိုက်ရင်ပြီးရော"

"အွန်း မောင့်မိန်းမသဘော ဒါနဲ့ သမီးရော"

သူမိန်းမနဲ့စကားပြောပြီးတယ်ဆို
သူရဲ့အသံစာစာလေးကိုမတွေ့ရသေးတာကြောင့်
မကိုမေးကြည့်လိုက်တော့ သူကိုပြောပြလာတဲ့
လင်းရိပ်ကိုအကြောင်းကြောင့် ဒီကိစ္စကို
သမီးလေးကို သေချာပြောရင်နားလည်မှာပါ။

"ညကြရင်သိပ်တဲ့အခါ မောင် နဲ့ သဘာဝအတူတူသမီးလေးနားလည်အောင်ပြောပြကြမယ်နော်"

"ဟုတ်ပါပြီ ဗျ....အင်း"

သူက မိန်းမကိုစကားဆက်မလို့ရှိသေး သူ့ဖုန်းကနေ ဖုန်းကောဝင်လာတာကြောင့် ကြည့်လိုက်တော့ ကျော်သူရဆီကမို့.....

"Hello ပြော ဘာကိစ္စလဲ"

သူကဖုန်းကိုင်လိုက်တယ်ဆို

ကျော်သူရကအကြောင်းပြချက်တစ်ခုနဲ့

သားကိုညအိပ်ခေါ်ထားတာကိုပြောတာကြောင့်

သူမယုံချင်ပင်မဲ့ ဒီကောင်က

ကိုအံ့ကိုပါမေးကြည့်ဆိုတာမို့

သားကိုထိခိုက်အောင်မလုပ်တဲ့သူတွေ မို့

သူလက်ခံလိုက်ရသည်။

"ဘယ်သူလဲ မောင် ဘာဖြစ်လို့လဲ"

"သားကဒီညအိမ်ကိုပြန်လာမှမဟုတ်ဘူးတဲ့ ကျော်သူရတို့ကအလုပ်ကိစ္စတစ်ခုကြောင့် ခေါ်ထားတယ်တဲ့"

"အဲ့တာကို သားကဘာလို့ဖုန်းမဆက်တာလဲ!"

သူလိုပဲ မကာမယုံတာမို့ လင်းရိပ်ကိုကိုသာချော့မော့ပြောပေးဖို့သူကပြောလိုက်ရင်း နောက်နေ့မှ သားကိုဘာလုပ်တယ်ဆိုတာမေးမယ်လို့ပြောလိုက်တော့မှ မကာကျေနပ်သွားသည်။မ

ကလင်းရိပ်ကိုဆီသွားပြီး

သားပြန်မလာတဲ့အကြောင်းသွားပြောနေခိုက်သူက

ကိုအံ့ဆီစာပို့ကာအမှန်အတိုင်းပြောဖို့ပြောတော့

နောက်ဆုံး

ကိုအံ့အဖြစ်မှန်တွေပြောပြလာသည်။သူလည်း

သားအကြောင်းကြားပြီး

စိတ်ရှုပ်ထွေးနေမဲ့သားကိုယ်စားနားလည်ကာ

နောက်ရက်သေချာထပ်ပြီးပြောပြဖို့တွေထားမိသ

ည်............။

နောက်နေ့မနက်ကြတော့

သူတို့လင်မယားစီစဉ်ထားတဲ့အတိုင်း ပန်းပွင့်ဖြူ

တို့အိမ်ကို

စုံစမ်းထားတဲ့လိပ်စာအတိုင်းထွက်လာလိုက်သည်။

သူတို့လိပ်စာအတိုင်းထိုအိမ်ရှေ့ရောက်တော့

ခြံရှေ့ရောက်တယ်ဆို

ကားပေါ်ကမဆင်းပဲဟွန်းတီးလိုက်တော့

ခြံတံခါးပွင့်လာက ခြံစောင့်ထင်ရတဲ့

လူတစ်ယောက်သူတို့ကားနားရောက်တော့

သူ့ဘက်ခြမ်းက ကားမှန်ကိုဖွင့်ပေးလိုက်တော့......

"ဘယ်သူနဲ့တွေ့ချင်လို့လည်း"

"ကိုနေလင်းစက် နဲ့တွေ့ချင်တာ

အရေးတကြီးပြောစရာရှိလို့"

"ဟုတ်ကဲ့ဝင်ပါ"

သူခြံထဲကို

ကားမောင်းဝင်လိုက်ရင်းအိမ်ပေါ်တီအောက်သူ့ကား

ရပ်လိုက်ပြီး သူအရင်ဆင်းကာ ပြီးမှ

မဘက်ကကားတံခါးကိုဖွင့်ပေးရင်း

သူမနဲ့ကိုလက်ပေးကာ တွဲခေါ်လိုက်သည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"

သူတို့ကားပေါ်ကဆင်းတယ်ဆို
အိမ်ထဲကထွက်လာတဲ့အမျိုးသမီးတစ်ယောက်။အ
သက်ကတော့ သူတို့နဲ့ရွယ်တူလောက်ဖြစ်ကာ
မျက်နှာအသွင်အပြင်ကြည့်ရတာတော့
ရိုးတဲ့အထဲပါမဲ့ပုံပေါ်သည်။

"မိန်းမဘယ်သူ.....နေလက်ရာ CEO ကဘာကြောင့်"

နေလင်းစက်က

မိန်းမဖြစ်သူအိမ်ရှေ့ထွက်သွားတာမြင်တာနဲ့

ဘယ်သူလဲလိုက်မေးတော့

အရှေ့မှာရပ်နေတဲ့စုံတွဲဆီအကြည့်အရောက်

နေလက်ရာ CEO ကိုတွေ့တာကြောင့်.......

"ကျွန်တော်တို့ စကားပြောစရာရှိလို့လာတာ"

နေလင်းစက် သမီးဖြစ်သူရဲ့အရည်အချင်းကို

ချီးကျူးမိသည်။ရက်အနည်းငယ်လေးနဲ့ နေလက်ရာ

CEO ကိုယ်တိုင်အိမ်ရောက်ချလာပြီး

သမီးကိုတောင်းရမ်းဖို့လာပြောပုံရသည်။တော်လိုက်တဲ့ သမီး။

နေသူတို့ကိုအိမ်ထဲခေါ်တာကြောင့်
ဧည့်ခန်းထဲရောက်တယ်ဆို သူနဲ့
မကအတူတူတွဲထိုင်ရင်းသူတို့လာပြောတဲ့စကားက
ကောင်းတက်ထင်နေပုံရတဲ့ ကိုနေလင်းစက်ကို
ကြည့်ကာ.......

"အခုစကားကို
ယောကျာ်းလေးဘက်ကပြောရတာတော့

အားနာပါတယ် ပန်းပွင့်ဖြူကို

အနေအထိုင်ဆင်ခြင်ဖို့ပြောပေးပါ"

နေကစကားဟာဖို့ပဲရှိသေး နေဘေးထိုင်နေတဲ့

သဘာဝက

ဘာကိုမှမတွေးပဲထပြောတဲ့စကားကြောင့်

သူမျှော်လင့်သလိုမဖြစ်တာမို့

နေလင်းစက်မျက်နှာပျက်သွားရပင်မဲ့

သူဇနီးကတော့.......

"ဟို ဖြူလေးကဘာများလုပ်လို့လဲရှင့်"

"ကျွန်မသားက အိမ်ထောင်သည်ပါ

အဲ့တာကိုသိရဲ့သားနဲ့ နှောက်ယှက်နေတာ

သက်သေတွေလည်းရှိပါတယ်

သူတစ်ယောက်ထဲအတွက်နဲ့တော့ သာယာနေတဲ့

ကျွန်မသားအိမ်ထောင်ရေးကို

အထိအခိုက်မခံနိုင်ဘူး"

သဘာဝဆီကစကားကြောင့်

တစ်ဖက်ကအမျိုးသမီးမှာရင်ဘက်လေးကိုဖိကာ

သူ့အမျိုးသားကိုပြန်ကြည့်နေသည်။

"ပိုင်ရှင်ရှိတာ မရှိတာကျွန်မစိတ်မဝင်စားဘူး ကျွန်မကြိုးစာလို့ရလာရင် ကျွန်မအပိုင်ပဲ"

အသံကသူတို့ထိုင်နေတဲ့သူအထဲကမဟုတ်တာ ကြောင့်အသံလာရာကိုကြည့်လိုက်တော့ နေ နဲ့ သဘာဝမျက်နှာက လိုအပ်တာထက်ပိုတည်တင်းသွားရသည်။

နေ

ထိုမိန်းကလေးကိုအခုမျက်နှာကိုတွေ့မှာမှတ်မိသ

ည်။Hotel ကားပါကင်မှာ
သူပါးကိုနမ်းဖို့လုပ်တဲ့မိန်းကလေး။အဲ့ဒါဆို
အဲ့နေ့ကအဲမိန်းကလေးက သား နဲ့
သူကိုမှားသွားပုံပေါ်သည်။

သဘာဝ မျက်နှာတည်သွားရတာက
စင်တာမှာသူမကို ရိုင်းပြစွာပြောခဲ့တဲ့
မိန်းကလေးက
သားကိုနှောက်ယှက်တဲ့မိန်းကလေးတူနေတာကြော
င့်ပင်။အဲ့လိုမိန်းကလေးကိုတော့
သားကအခုအချိန်မှာ လူပျိုဆိုရင်တောင်
သဘောတူမှာမဟုတ်။

"သမီးဘယ်လိုပြောလိုက်တာလဲ"

"ကြားတဲ့အတိုင်းပဲမေမေ
တစ်လင်တစ်မယားစနစ်ဆိုတာ အရေးမပါတာ"

"အေးပေါ့
မင်းလိုမိန်းမရိုင်းတစ်ယောက်အတွက်တော့
တစ်လင်တစ်မယားစနစ်ဆိုတဲ့တန်ဖိုးကိုဘယ်နားလ
ည်ပါ့မလဲ....ငါတို့က
တစ်လင်တစ်မယားစနစ်ပဲသဘောကျတယ်...အိမ်

ထောင်ပြုပြီးဆိုကတည်းက ကိုယ့်ဘဝတစ်ခုလုံး

ကိုယ်နဲ့လက်ထပ်တဲ့

ခင်ပွန်းတစ်ယောက်ထဲအပေါ်အပ်နှံထားတာ...တက

ယ်လို့ပေါ့

ငါ့သားကအခုအချိန်မှာလူပျိုဆိုရင်တောင်

မင်းကိုတမ်းတမ်းစွဲဖြစ်နေခဲ့လို့

သူကိုမှမရရင်သားသေပါ့မယ်ပြောခဲ့တာတောင်

ငါ့သားကိုငါအသေခံလိုက်မှာ...မင်းလိုတစ်လင်တစ်

မယားစနစ်လည်းမသိ

အိမ်ထောင်သည်ယောကျာ်းတောင်မရှောင်တဲ့

မိန်းမနဲ့ တန်သလား!"

သဘာဝစကားကြောင့်

နှင်းဆီဆိုတဲ့အမျိုးသမီးလေးမျက်နာပျက်သွားရ

ကာ သူမကတော့ သားအတွက်မို့

သားဘဝနဲ့ဆိုင်တဲ့အကြောင်းဖြစ်တာကြောင့်

အလျော့မပေးနိုင်ပါ။

"ခင်များစကားတွေက လွန်နေပြီ

ကိုယ်သားသမီးကိုနိုင်အောင်မထိန်းပဲ....."

"ကျွန်မတို့က ရှင်လိုလူမျိုးထင်နေလား

!ကျွန်မသားကျွန်မနိုင်တယ် အခုက

ပိုက်ကွန်ကပြေးနေတာကို ယုန်ကလိုက်တိုးနေလို့လာပြောနေရတာ....ကျွန်မတို့ သားက ရှင့်သမီးကို အခုထိဘယ်လိုအဆင့်အတန်းကလာတယ်ဆိုတာ တောင်သိသေးတာမဟုတ်ဘူး ပြီးတော့ လာပြောရတာက နှင်းဆီက အဆင့်အတန်းရှိတဲ့မျိုးရိုးကဆင်းလာသိပင်မဲ့ ရှင်တို့အမျိုးက သူများမယား သူများလင်နိုက်တက်တာတွေသိထားလို့လေ!!"

"ရှင် ! ရိုင်မိုက်ရိုင်း"

"အခုက

လာသတိပေးတာ....သတိပေးထားရဲ့သာနဲ့ရှေ့ဆက်

တိုးမယ်ဆို အဆိုးမဆိုနဲ့...ပြီးတော့

မင်းလိုသူများလင်မှန်း ကလေးအဖေမှန်းသိရဲ့သားနဲ့

နှိုက်ချင်တဲ့မိန်းမက ငါ့မိန်းမကို

လက်ညှိုးထိုးစရာမလိုဘူး မသတိလို့.....မ

မောင်တို့ပြန်ကြမယ်"

သူမိန်းမပြောနေလို့ သူဘာမှဝင်မပြောပင်မဲ့

သူမိန်းမိရင်ငြိမ်ခံမဲ့အထဲ

နေမင်းလက်ရာမပါ။ဒီတစ်ယောက်ထဲရှိတာမို့

ထိရဲတဲ့သူထိကြည့်ပေါ့...........။

~~~~~~~~~~~~~~~ဆက်ရန်။

❤Share ပေးကြဦးနော်❤

OBJ

🍭You are my life🍭

Chapter _💜 30 💜

LayNge
~~~~~~~~~~~~~~~

ဟိုအိမ်ကပြန်ထွက်လာတယ်ဆို

အိမ်ကိုတန်းမပြန်သေးပဲ ညကပြန်မလာတဲ့

သားဖြစ်သူရှိရာ

ကျော်သူရတို့အိမ်ကိုဝင်ရသည်။သူတို့အိမ်ကို

သူတို့လင်မယား

မနက်မိုးလင်းတာနဲ့ရောက်လာတယ်ဆို......

"မင်း...မင်းကဘယ်လိုလုပ်"

LayNge

"နေတစင်း မင်းအိမ်မှာဆို

ညကတည်းကမင်းတို့မဟုတ်တာတွေပြောနေမှန်းငါ

သိတယ် ငါ့ကိုလာပြီး လိမ်မနေနဲ့ ဟိတ်ကောင်"

နေတစင်းအကြောင်းကိုသူတို့ကသိမှာဆိုးလို့ဒါတော

င် ဖုန်းဆက်ပြီးညာပြောတာတောင်

ဒီကောင်ကသိဖြစ်အောင်သိသွားသေးသည်။သူတို့

ဒီလောက်ကိုအံ့နဲ့တောင် ပေါင်းပြီးလိမ်ထားတာကို။

"ကျော်သူရ မင်းတူဒီမှာရှိတယ်ဆိုတာငါတို့သိတယ်

အပိုတွေမပြောနဲ့ အဲ့ကောင်ကို

ဘာမှမလုပ်ဘူးပြောစရာရှိတာပြောပြီး
ပြန်ခေါ်သွားမယ်.....ဘားမှာကျန်နေခဲ့တဲ့
သူကားတောင် အိမ်ကလူကိုယူခိုင်းလိုက်ပြီးပြီ"

သူကုန်ကုန်ပြောလိုက်မှာ ဒင်းကလက်ခံကာ
အိမ်ထဲအတူတူဝင်လာပြီး
သားရှိတဲ့အခန်းကိုလက်ညှိုးထိုးပြတော့ သူက
ကျော်သူရနဲ့စကားပြောဖို့ကျန်ခဲ့ကာ မ
ကိုသွားနိုးခိုင်းလိုက်သည်။

"သား"

နေတစင်းကုတင်ပေါ်မှာ

ညကသောက်ထားအရှိန်ကြောင့်

ခေါင်းမကြည်မတာကြောင့် ငူငူကြီးထိုင်နေရာက

အခန်းတံခါးဖွင့်ကာ မေမေဝင်လာတာကြောင့်

သူထရပ်လိုက်သည်။

"မေမေ"

"သားကိုမေမေဆူဖို့လာတာမဟုတ်ဘူး လာခေါ်တာ

ဒါပင့်မဲ့

Lay Nge

စိတ်ညစ်တယ်ဆိုတိုင်းအရက်သောက်ရတယ်လို့
မင်းကိုဘယ်သူပြောလဲ.....သားက ယောကျ်ားလေး
မိသားစုရှေ့မှာမားမားရပ်ပေးနေရမှာ.....တစ်ခြားသူနဲ့
ယှဉ်ပြောရင်ဝေးနေဦးမယ် အခုနီးနီးလေးက
မင်းဖေဖေကိုကြည့် စိတ်ညစ်ပါတယ်
မိသားစုရှေ့သူပြောလား မပြောဖူး
အပြုအမူနဲ့လည်းထုတ်မပြဘူး.....သူကအောင်မြင်
နေတဲ့စီးပွားရေးလုပ်ငန်းရှင်ပဲ
စိတ်ညစ်စရာမရှိလောက်ဘူးမထင်နဲ့
သူလည်းရှိတာပဲ ဒါပင်မဲ့
ဖြစ်တဲ့ပြဿနာကိုရင်ဆိုင်တယ်
စိတ်ထဲလိုက်ပြီးခံစားမနေဘူး"

သူမကပြောတော့ သားကခေါင်းကိုငြိမ့်ပြရင်း

ခေါင်းငုံ့သွားတာကြောင့်

သူမကသားခေါင်းကိုပြန်မော့စေကာ......

"မေမေလေ သားကိုမေမေနဲ့မတူစေချင်ဘူး

သားဖေဖေနဲ့တူစေချင်တာ ဘာလို့ဆိုပျော့ညံ့တာ

နဲ့တွေဝေတာက

လူကိုဒုက္ခရောက်စေတယ်သား.....သားဖေဖေကသူ

လုပ်ချင်တာကိုဆုံးဖြတ်ပြီးရင်မပြင်တော့ဘူး

ဆက်လုပ်တာ

ဘယ်သူဘာပြောပြောသေတောင်မပြောင်းဘူးဆို

တဲ့သူမျိုး အဲ့လိုလူမျိုးကနေ

ပေါက်ဖွားလာတဲ့သားက

အရာရာစိတ်ခံစားချက်ကိုဦးစားပေးပြီး

ပျော့ညံ့နေမယ်ဆို မိသားစုကို

ဘယ်လိုကာကွယ်မလဲ....ဖေဖေ နဲ့

မေမေမရှိတော့ရင် ညီမလေးလည်း

သားလက်ထဲပဲထားခဲ့ရမှာ

သားကဒီပုံစံဆိုမေမေတို့ဘယ်လိုစိတ်ချမလဲ"

နေတစင်း မေမေပြောတဲ့စကားတွေကို

သေချာစိတ်ထဲမှတ်ရင်း

ဖေဖေပြောဖူးတဲ့စကားကြားလာရသည်။လူတိုင်း မှာအားနည်းချက်ရှိကြတယ် ဘယ်တော့မှထုတ်မပြမိစေနဲ့ဆိုတာ။

"သား နားလည်ပါပြီ မေမေ ဒီနေ့ကစပြီး မေမေတို့ဖြစ်စေချင်တဲ့အတိုင်း သားကြိုးစားပါ့မယ် Light ကိုလည်းသားနွေးထွေးမှုပြန်ပေးပြီး နဂိုအတိုင်း ပြန်ဖြစ်အောင်လုပ်မယ်"

"ဒါပေါ့ မေမေလိုချင်တာအဲ့တာ ယောကျာ်းဆိုတာ ယုံကြည်ချက်ရှိရတယ် သား"

မေမေကသူလက်လေးကိုင်ကာ သေချာပြောတာကြောင့် မေမေကိုကတိပေးလိုက်ရင်း သူကြောင့် မေမေတို့ မျက်နှာပျက်ရတာမျိုးမဖြစ်အောင်နေဖို့ဆုံးဖြတ်လိုက်တာ အသေအချာပင်..............။

"ဒါဆို မေမေတို့ပြောချင်တာက Light က ကလေးတွေနဲ့ပက်သက်ပြီး စိတ်ဒဏ်ရာရနေတယ်လို့ပြောချင်တာလား"

အိမ်ကိုပြန်လာတဲ့ လမ်းမှာ မေမေ နဲ့သူက
ကားနောက်ခန်းမှာဖြစ်ပြီး ဖေဖေကတော့
အရှေ့မှာကားမောင်းနေတာဖြစ်ကာ
သူတို့သားအမိက စကားပြောနေတာဖြစ်သည်။

"အင်း အခုဆို လင်းရိပ်ကိုလေးက
လီလီလေးကိုအနားမှာခေါ်ထားရင်
စိတ်သက်သာရာရတဲ့ပုံရှိလို့
သမီးငယ်လေးကိုတောင် မင်းဖေဖေ နဲ့
မေမေပြောထားတာ နားလည်လို့တော်သေး"

သူတောငိ ကလေးတွေမရှိတော့တာကို

သေမတက်နာကျင်ခဲ့ရတာ

သူမဒီလောက်ထိဖြစ်တာမထူးဆန်းပင်မဲ့

ဖြစ်နေတာကိုမသိတဲ့

သူကိုယ်သူသာအပြစ်တင်မိသည်။တစ်ခန်းထဲအတူ

တူနေတာကို သူဘာကြောင့်မရိပ်မိရတာလဲ။

"သားအသုံးမကျတာ Light

ဖြစ်နေတာကိုသားဘာတစ်ခုမှမသိခဲ့ဘူး"

"မသိတာကလည်း အပြစ်တော့မဟုတ်ဘူးသား ဘာလို့ဆိုလင်းရိပ်ကိုလေးဖြစ်နေတာက အပြင်းအထန်အဆင့်ထိမရောက်သေးပဲ စဖြစ်ခါစလေးပဲရှိသေးတာ...မေမေတောင် ဆရာဝန်နဲ့တွေ့ပြီး ဆရာဝန်ပေးလိုက်တဲ့ဈေးကို သူသောက်တဲ့ ကော်ဖီခွက်ထဲထည့်တိုက်တာ သူမ ရိပ်မိမှာဆိုးလို့"

သူကိုယ်သူအပြစ်တင်နေတဲ့သားကို ချော့မော့ပြောနေတဲ့ မ ကိုကြည့်ကာ အရှေ့ကာ ကားမောင်းနေတဲ့သူရဲ့မျက်နှာကြီးကတည်နေတော့ သည်။သူ့သားကိုဝင်ခေါ်တာကို

လာတုန်းကလိုယောကျာ်း နဲ့

အရှေ့အတူတူလာထိုင်ပေါ့ အဲ့တာကို

သားတွေ့တယ်ဆို သားမှသားဖြစ်သွားတာကို

သူသဝန်တိုတာ။

"မောင် Coffee ဝယ်ဦးမယ်ဆို"

"မဝယ်ဘူး မသောက်တော့ဘူး မကြိုက်တော့ဘူး"

သူမက အိမ်ကထွက်လာတော့အိမ်ပြန်လမ်းကြ

Coffee ဝယ်သောက်ဦးမယ်ပြောတာကို သတိရလို့

ကားမောင်းနေတဲ့သူကို မေးခိုက်တယ်ဆို ဘူး

တွေတန်းစီကပြင်းချက်ထုတ်လာတဲ့ မောင်

ကြောင့်နားမလည်ဖြစ်သွားရတာက ခဏပင်။ပြီးမှ

သူဘေးမထိုင်ပဲ သားနဲ့အတူတူ

အနောက်မှာဝင်ထိုင်နေလို့

မကျေနပ်မှန်းသိသည်။သူမ

သားနဲ့အတူဝင်ထိုင်တာကလည်း

မတရားကြီးထိုင်ချင်လွန်းလို့မဟုတ်

ပြောစရာစကားတွေရှိလို့သာ။အဲ့ဒါကို

သူလည်းမသိတာကြ။

"ဖေဖေကအကြိုက်ပြောင်းသွားတာလား"

"အကြိုက်ပြောင်းတာ အကုန်ပြောင်းတာလေ
အရင်ကကြိုက်တာတွေ
ဘာတစ်ခုမှမကြိုက်တော့ဘူး"

"မေမေကိုရောလား"

"ထင်ချင်သလိုထင်"

နေတစင်း မေမေကသူနဲ့အနောက်ကို
ဝင်ထိုင်ကတည်းက မျက်နှာထားတည်သွားတဲ့

Lay Nge

ဖေဖေအကြောင်းသိတာကြောင့် သူကစလိုက်တော့ ဘုဘောက်ပြန်ပြောလာတာမို့ သူတဟားဟားနဲ့ရီမိတော့သည်။

"ရီထား မင်းအိမ်ရောက်ရင် ငါ့လက်စာမိမယ်"

"ဟွန်း ကြောက်ပါတယ်ဗျာ အဖေဆိုတဲ့ဝါကကြီးနေတာကို"

သူမကတော့ စိတ်ကောက်နေတဲ့ မောင်ကို သားက စနေတာကို

LayNge

ကြည့်ရင်းပြုံးလိုက်သည်။အဖေဖြစ်သူက
တကယ်မလုပ်တော့ ဒင်းလေးက
စချင်တိုင်းကိုစနေတာ။စတယ်ဆိုတာကလည်း
စသင့်သလောက်စနေတာမို့သူမလည်းကြည့်နေတာ
အတိုင်းအတာကျော်ရင်တော့ လက်မခံပေ............။

"Light "

သူတို့အိမ်ပြန်ရောက်တော့ ဖေဖေ နဲ့
မေမေကသူတို့အခန်းသူတို့ပြန်သွားရင်
သူတို့အေးဆေးစကားပြောရအောင်

Lay Nge

လီလီကိုပါပြန်ခေါ်သွားသည်။သူလည်း

စကားများတဲ့နေ့က မပြောလိုက်ရတာတွေကို

အခုသူပြန်ရှင်းပြဖို့ပင်။သူကခေါ်တော့ သူမက

သားတွေကိုအဝတ်လဲပေးနေရင်းက

တစ်ချက်သာလှည့်ကြည့်တာကြောင့်

သူသက်ပြင်းချရင်း သူမအနားလျှောက်သွားကာ

အနောက်ကနေ ခါးလေးကိုဖက်လိုက်မိတော့

သူမက......

"ဖယ်စမ်းပါ ဘယ်လိုဖြစ်နေတာလဲ ကလေးတွေကို

လုပ်ပေးနေတယ်"

ကို တကယ်သူမစိတ်မကောင်းဖြစ်မိတာပင်။ကို

စိတ်ထဲအရမ်းပြင်ထန်နေလို့

သူကိုဖောက်ပြန်တယ်ပြောမိတာလေးနဲ့

သူမပါးကိုရိုက်ဖို့လုပ်တာကို

စိတ်နာသည်။ဘဝတစ်လျှောက်လုံး ဒယ်ဒီရဲ့

လက်နဲ့ရွယ်ပြီး ရိုက်တာကို ခံခဲ့ရလို့

အိမ်ထောင်ကျတော့ ကံကောင်းတယ်မှတ်တာ

လက်နဲ့အရွယ်ခံရတာပါ။ယောကျာ်းတွေက

သူတို့မာနလောက်

မိန်းကလေးတွေအပေါ်မချစ်ကြဘူးဆိုတာ

သူမသိလိုက်သည်။

LAYNGE

"မဟုတ်သေးဘူး Light ရာ

ကိုယ်တို့အေးဆေးပြဿနာကို ဖြေရှင်းကြမယ်

အဲ့နေ့ညက လုပ်ရပ်မှာ

ကိုဘက်ကလွန်သွားတယ်ဆိုတာ ဝန်ခံသလို

တောင်းလည်းတောင်းပန်ပါတယ်"

"တောင်းပန်တာလေးနဲ့ ကျေနပ်ရအောင် ကို

ခံစားရတာ သေးသေးလေးမဟုတ်ဘူး"

"ကိုယ်သိပါတယ် အဲ့အတွက် Light

ဘာပဲလုပ်လုပ်ကိုယ်ခံဖို့ဆုံးဖြတ်ထားပြီးသားပါ

တစ်ခုပါပဲ ကိုယ်ပြောတဲ့စကားလေးကို

ယုံကြည်ပေးဖို့ပါပဲ"

သူမလက်ထဲက သားလေးတွေရဲ့အင်္ကျီတွေကို

ပစ်ချကာ အတင်းလက်ကိုဆွဲရင်း

မျက်နာငယ်နဲ့တောင်းပန်နေတဲ့ ပါး ကြောင့်

စိတ်ကကေးပျော့ချင်ပင်မဲ့

သူမကိုလက်နဲ့ရှယ်တဲ့မြင်ကွင်းရော

မနေ့ညကပြန်မပေးအိပ်တဲ့အတွက်

မကျေနပ်နေတာဖို့
အလွယ်တကူတော့ခွင့်လွှတ်မှာမဟုတ်။

"ဟင်အင်း အခုချိန်မှာ ဘာမှလာမပြောနဲ့
ရှင့်နဲ့ပြန်ပြေလည်ဖို့ တွေးဦးမှာ"

"ဟုတ်ပြီ ကိုယ်ကိုခွင့်လွှတ်ဖို့အချိန်လိုတယ်ဆို
မင်းကြိုက်သလောက်ယူပါပြီးရင်တော့
ခွင့်လွှတ်တဲ့စကားကိုပဲကြားချင်တယ်"

အလွယ်တကူတောင်းပန်တိုင်း

ခွင့်လွှတ်တက်တဲ့အထဲ သူမမပါတာကြောင့်

သူမခံစားရသလိုတော့ ခံစားပါစေဦး။အဲ့တာမှ

ပါးလလည်း သူမခံစားရတဲ့ ခံစားချက်ကို

နားလည်မှာ........။

"ကဲ လီလီ ဖေဖေကိုပြန်ပေးလိုက်"

မောင်ကသားကိစ္စကိုသွားလုပ်ပြီး ပြန်လာတာနဲ့

အလုပ်သွားဖို့ပြင်ဆင်နေတုန်း သမီးက

LayNge

မောင့်ဖုန်းကို ဖွင့်ထားတာကြောင့်

အလုပ်သွားခါနီးမို့ ပြောတော့.....

"အသစ်ဝယ်လိုက်"

"လီလီပန်းသွေး ! မေမေပြောနေတယ်လေ"

သူမပြောတော့လည်း

မောင့်ကိုဘာတွေစိတ်ကောက်နေလည်းမသိ

ဖုန်းရှိတဲ့နေရာကိုမပြောပဲ ပေရပ်နေသည်က

ရိုက်ပစ်ချင်စရာလေး။

LayNge

မောင်က သူ့သမီးမပြောဖူးဆိုတာ သိတာကြောင့်

မုန့်တင်ခုံအံ့ဆွဲထဲက ဖုန်းကိုယူရင်း သူ့ဖုန်းကို

ခေါ်လိုက်တယ်ဆို

ကုတင်အောက်ကနေအသံထွက်လာတာကြောင့်

သူဘာသာဖုန်းကိုယူရသည့်အဖြစ်။

"ကဲ ဖေဖေ့သမီးက

ဖေဖေ့ကိုစိတ်ကောက်နေတာလား!"

နေကာ

ကိုယ့်ကလေးအကြောင်းသိပြီးသားဖြစ်တာကြောင့်

ဖုန်းကိုယူပြီးတယ်ဆို

သမီးလေးကိုကြည့်ကာမေးလိုက်တော့......

"ညကပြောတော့ တီတီနဲ့သွားအိပ်ရင်

နိုးလာတဲ့အခါ ဖေဖေဘေးရောက်နေမယ်ဆိုပြီး

ညာတာ နိုးလာတော့ တီတီပဲမျက်နှာသစ်ပေး

သနပ်ခါးလိမ်းပေးတာ.....ဖေဖေတို့အခန်းထဲလာ

တော့လည်း တစ်ယောက်မှမရှိဘူး နှစ်ယောက်လုံး"

LayNge

သမီးလေးဘာဖြစ်နေလည်းဆိုတာကို

သိတော့တစ်ယောက်မျက်နှာတစ်ယောက်ယောက်

ကြည့်မိသည်။လီလီလေးက

အိပ်တဲ့အချိန်ထက်နိုးတဲ့အချိန်

မိဘတွေကိုမြင်ချင်တာ။ကလေးကိုပြောပြီး

တစ်ခြားနေရာမှသွားအိပ်ခိုင်းသေးနိုးလာတော့

သူဖြစ်ချင်သလိုမဖြစ်တာမို့ စိတ်ဆိုးတော့တာပေါ့။

နေသူ့ရဲ့ချစ်လှစွာသောလေးစိတ်ကောက်နေတယ်

ဆို ချော့ဖို့အတွက်

တစ်ခြားသူရှေ့မှာဒူးထောက်ဖို့ခဲရင်းတဲ့သူက

သမီးလေးရှေ့ဒူးတစ်ဖက်ထောက်ချလိုက်ရင်း......

layNge

"ဖေဖေ မင်းသမီးလေးစိတ်ကောက်သွားတာ ဖေဖေက ဘာပြန်လုပ်ပေးရမှာလဲ"

"ဟွန့်"

မောင်ကဒူးထောက်ဖို့နေနေသာသာ မာနကို ထိပ်ဆုံးကထားတဲ့သူ။အဲ့လိုလူက အခုသူ့သမီးရှေ့ဒူးထောက်ကာချော့နေတာကို သမီးက နှုတ်ခမ်းဆူကာ မျက်နှာလွဲသွားသည်။

Lay Nge

"ဖေဖေ သမီးလေး"

"စိတ်ဆိုးပြေစေချင်ရင် ဖေဖေအလုပ်ကိုခေါ်

မဟုတ်ရင်တော့ တီတီဆီလည်းမသွားတော့ဘူး"

ကလေးလေးဖြစ်ပြီး

သူမတို့လင်မယားကိုအကြပ်ကိုင်နေတာများ

အရွယ်လေးနဲ့မှမလိုက်။တကယ်

သားကသူမနဲ့သူတယ်ဆိုရင်

အဲ့လိုအကြပ်ကိုင်တဲ့သမီးကတော့

သေချာပေါက်ကို မောင် နဲ့တူတာပင်။

"မဟုတ်ရင် ဖေဖေခေါ်တယ်သမီးရဲ့

အစည်းအဝေးရှိလို့"

"ဖေဖေပြောချင်တာက လီလီက

အဲ့အလုပ်လောက်အရေးမပါဘူးပေါ့"

နေတစ်ယောက် သမီးဖြစ်သူရဲ့စကားအောက်မှာ

နှလုံးသားတစ်ခုလုံးအရည်ပျော်သွားရကာ

သမီးလေးကိုလဲ စိတ်မညစ်စေချင်တာကြောင့်........

"ဟုတ်ပြီ လိုက်ခဲ့နော် ဖေဖေရဲ့အနာဂတ် CEO ပေါက်စလေး"

"ရက်စ့် အဲ့တာကြောင့်ချစ်နေရတာ ဖေဖေကို"

"မောင်ဖြစ်ပါ့မလား"

အလုပ်သွားလုပ်မှာကို ဇွတ်လိုက်ချင်နေတဲ့သမီးကို မောင်ကလည်းသူ့သမီးမျက်နာတစ်ချက်အမဲ့မခံ တာနဲ့တော့

အဆင်ကိုပြေနေရောပင်။မောင်ကခေါ်သွားမယ်ဆို

တာကို သူမမေးတော့
ခေါင်းငြိမ့်ပြီးအတည်ပြုတာကြောင့်
သမီးအတွက်ပါပြင်ဆင်ပေးရတော့သည်။

"မောင် ကလေးကိုမောင့်အနားပဲထားနော်
သူများတွေနဲ့လွှတ်မထားနဲ့ တစ်ခုခုဖြစ်မှာဆိုးလို့"

သမီးအတွက် အောက်ထပ်ကထမင်းစားပွဲပေါ်တွင်း
ခြင်းထဲပစ္စည်းလေးတွေထည့်ရင်း
မောင့်ကိုပြောလိုက်မိသည်။ကိုယ့်ကလေးလေးက
စကားတက်တော့

Lay Nge

ဝန်ထမ်းတွေကိုတစ်ခုခုပြောမိရင်

လုပ်လိုက်မှာဆိုးတာပင်။ကိုယ်သမီးလေးက

စကားလေးတက်တာရယ်

လူလေးကထွားတာရယ်မို့သာ အသက်ကလေးက

4နှစ်တောင်ပြည့်သေးတာမဟုတ်။

"အွန်းပါ သမီးကမောင့်အသဲတုန်းလေ

မောင့်နေရာဆက်ခံမဲ့သူလေး"

"အင်း စိတ်ချမယ်"

Lay Nge

သမီး နဲ့ မောင်ကိုအိမ်ရှေ့အထိလိုက်ပို့လိုက်ပြီး ကားပေါ်ကိုသားအဖနှစ်ယောက်လုံးတက်ကာ ကားခြံထဲကနေမောင်းထွက်သွားတဲ့အထိသူမကြည့်ပြီးမှ
အိမ်ထဲပြန်ဝင်လာလိုက်သည်။သူမအိမ်ထဲပြန်ဝင် လာတော့ သားက အပေါ်ကနေဆင်းလာသည်။

"ဖေဖေ အလုပ်သွားတာလား မေမေ"

"အွန်း လီလီကိုပါခေါ်သွားရတယ်
သူ့သမီးကိုမျက်နှာတစ်ချက်အငြိုးမခံဘူး
မင်းဖေဖေက"

ကလေးကငယ်သေးတော့
ဖေဖေကအလိုလိုက်တာမဟုတ်ပဲ့ သူကအစ
အစစအရာရာ သူ့သားသမီးတွေကို
လိုအပ်တာမရှိရအောင်ဖြည့်ဆည်းပေးတဲ့
ဖေဖေပင်။

"ဒါနဲ့ သားရောအလုပ်မသွားဘူးလား"

သဘာဝ အိပ်နေရင်းပုံစံနဲ့ ဆင်းလာတဲ့သားက အလုပ်သွားဖို့အဝတ်အစားလဲထားမတွေ့တာကြောင့် သူမကမေးတော့ သားကခေါင်းငြိမ့်ပြတာကြောင့် သူ့မိန်းမကိုချော့ဖို့ဆိုတာသေချာသည်။

"ဟွန်း မေမေချွေးမကစိတ်ဆိုးမပြေသေးဘူးရယ်

ချော့ရဦးမယ် နောက်နေ့ကစပြီး

မိန်းမစိတ်ဆိုးရင်ဘယ်လိုချော့ရလဲဆိုတာ

ဖေဖေဆီကို သင်တန်းတက်ဦးမယ်"

"အယ် ! မင်းတော့ နေတစင်း"

သူမကိုလာပြီး

မောင်ဆီကိုသင်တန်းတက်ဦးမယ်ပြောနေတဲ့

သားလက်မောင်းလေးကို ရိုက်လိုက်တော့

သူမပါးတစ်ချက်နမ်းတဲ့သားကြောင့်

ခေါင်းလေးကိုသာပုတ်လိုက်မိသည်..........။

မေတစ်ယောက် ကောင်းကင်နှောင်ကြိုးက

ကားရပြီဆိုလို့ သွားယူတာ

သူကိုများတွေ့ရမယ်မှတ်တယ် သူမရောက်ခါနီးမှ

အရေးကြီးကိစ္စကြောင့် ထွက်သွားတာကြောင့်

ပြန်လာတဲ့လမ်းမှာတော့

အသွားတုန်းကလိုစိတ်မကြည်တာကြောင့်

ကားကိုအရှိန်တင်ပြီး မောင်းနေမိသည်။

"ကျစ် ! ကောင်းကင် နဲ့တွေ့ခါနီးမှ"

ဒီတစ်ခါတော့ အိမ်ကနေထွက်ခါနီးအမြဲတမ်း

အချိန်ဆွဲတက်တဲ့

ကိုယ်ကိုငိုယ်စိတ်မရှည်ဖြစ်ရသည်။သူမသာ

အလှသာအချိန်ပေးမပြင်ခဲ့ရင်သူကိုတွေ့ရမှာ။သူမ

ကျန်ခဲ့တဲ့ ဖုန်းတောင်သူက ကားနဲ့အတူထားခဲ့တော့ ဘယ်လိုဆက်သွယ်ရမယ်ဆိုတာမသိတော့။

"တောက်စ် ! စိတ်ညစ်တယ်"

ပြောရင်း ကားကိုအရှိန်ပိုတင်မိရကာ ကားဘရိတ်ကြိုးက နည်းနည်းလေးသာချန်ထားတာမို့ သူမကားအချိန်နဲ့မောင်းပြီး အရှေ့က ကားတစ်စီးဝင်လာတာနဲ့ ဘရိတ်နင်းလိုက်တယ်ဆို

ဘရိတ်ကြိုးပြတ်သွားတာကြောင့်

ကားဘရိတ်မမိတော့တာမို့.......

"အား::::::"

ကိုယ့်ကားရှေ့တည့်တည့်ဝင်လာတဲ့ ကားကြောင့်

ကားကိုလမ်းဘေးထိုးဆင်းလိုက်တဲ့အခါ..........။

နေလက်ရာ Hotel

အစည်းအဝေးခန်းအတွင်းမှာတော့

အဖေဖြစ်သူကဝန်ထမ်းတွေ

LayNge

နဲ့အစည်းအဝေးလုပ်နေတာကို

အဖေပေါင်ပေါ်ထိုင်နေတဲ့ လီလီလေးက

အသံသေးသေးလေးတောင်မထွက်ပဲငြိမ်နားထောင်

နေရင်း လက်ထဲမှာတော့

နို့ချောင်းလေးကိုင်ထားသည်။

"Hotel ရဲ့ဒီလဝင်ငွေကဒီတစ်နှစ်လုံးမှာ

ဝင်ငွေအကောင်းဆုံး စံချိန်ချိုးတဲ့အတွက်

လစာတိုးပေးမှာဖြစ်ပြီး ဝန်ထမ်းတွေဘက်ကလည်း

နောက်လတွေလည်း ဒီလိုကြိုးစားကြပေါ့"

"ဟုတ်ကဲ့ပါ CEO "

"အလုပ်ကိုကောင်းကောင်းလုပ်နော်
အဲ့ကြဆုချမယ် ကြားရား"

ဒီစကားကတော့ နေ ဆီကထွက်လာတာမဟုတ်ပဲ
အဖေဖြစ်သူပေါ်က
ခုံကိုလက်ဝါးနဲ့တစ်ချက်ရိုက်လိုက်ရင်
အဖေဖြစ်သူလေသံကိုလုပ်ကာပြောလာတဲ့
လီလီကြောင့် ဝန်ထမ်းတွေမှာ သဘောကျပြီး
ဘာမှမပြောနိုင်။လီလီလေးကလည်း

အဖေဖြစ်သူပြောတုန်းကကြ ဟုတ်ကဲ့

ဆိုပြီးထွက်လာပင်မဲ့

သူမလေးအလှည့်ကြထွက်မလာတယ်ဆို.......

"အာ ကြားရားလို့ ပြောနေရာကို"

"ဟုတ်ကဲ့"

"စီအီးးအို လို့ပြောလေ"

lay Nge

နေမှာ သမီးဖြစ်သူကြောင့်ရီချင်နေတာကို မျက်နှာကြီးကိုမနည်းတည်ထားရသည်။သူလိုမျိုးဝန်ထမ်းတွေကို လိုက်ပြောပြီး ဝန်ထမ်းတွေကိုလည်း သူကိုပြောသလိုလိုက်ပြောခိုင်းနေတာ ဘယ်လောက်တောင်ချစ်စရာကောင်းပြီး ရီချင်စရာကောင်းလဲ။ဝန်ထမ်းတွေရှေ့မို့သာ မျက်နှာကိုတင်းထားရတာ။

"ဟုတ်ကဲ့ပါ CEO "

"ဒါမှပေါ့ အစည်းဝေးပီးပီ နားရော့"

Lay Nge

သူတောင်အစည်းအဝေးသိမ်းပြီမပြောရသေး သမီးကသိမ်းလိုက်တာကြောင့် ကလေးစကားမို့ အတည်မယူလည်း ဘာမှမဖြစ်ပင်မဲ့ သမီးလေးစကားတစ်ခွန်းကို ဗရမ်းပတာမဖြစ်စေချင်တာကြောင့် သူအစည်းအဝေးသိမ်းပေးလိုက်သည်။

"ဖေဖေ အဆိုးလေး ခင်များလေးနော် CEO လုပ်ချင်တာလား "

"ဟုတ် ဟုတ် ဒီဟာကြကို မီးမီးပိုင်တာ
စီအီးးအိုလုပ်မှာ"

အစည်းအဝေးခန်းထဲ
သားအဖနှစ်ယောက်ထဲကျန်ခဲ့ကာ
သမီးကလက်ညှိုးလေးထိုးရင်
သူမပိုင်တာပါလို့ပြောနေတော့
သူကလည်းထောက်ခံကာ
ခေါင်းငြိမ့်ပြတဲ့အပြင်.......

"သေချာတာပေါ့ ဖေဖေ့ လီလီလေးပိုင်တာ"

"ဖေ့နဲ့အတူလုပ်မယ်"

ရွတ်

တကယ်တော့ သမီးလေးက သူ့အတွက်တော့

ထူးအိမ်သင်း သီချင်းထဲကလို.......

~မနက်ခင်းပွင့်တဲ့ ပန်းလေးထက်ကိုပိုမွှေးတာ

ချစ်သမီးလေးရဲ့ ပါးနုနုလေးတွေပါ

Lay Nge

~ငှက်ကလေးများရဲ့

တေးချင်းထက်ပိုချိုမြတာ

ချစ်သမီးလေးရဲ့

စကားလေးများကြားစဉ်အခါ

သမီးလေးကတင်မက သားကပါသူ့ဘဝအတွက်

အနှိုင်းမဲ့လေးတွေပင်။သူ့အတွက် မ

ကအသက်ဆိုရင် သား နဲ့ သမီးက

သူ့ဘဝရဲ့အရေးကြီးတဲ့အစိတ်အပိုင်း။မ နဲ့အတူ

မိသားစုဘဝလေးတည်ဆောက်ပြီးကတည်းက

ကိုယ်အတွက်ဆိုတာထက် မိန်းမနဲ့ ကလေးတွေသာ သူ့အတွက်ဦးစားပေးပင်............။

~~~~~~~~~~~~~~~~~~~~ဆက်ရန်။

💜CEO ပေါက်စလေး လီလီပန်းသွေးပါ💜

￼

🍭You are my life🍭

Chapter _💜 31 💜

LayNge
~~~~~~~~~~~~~~~~~~~~

နေမင်းလက်ရာ လက်ချက်ကြောင့်တစ်ဖက်က
ဒေါ်သန္တာတို့မှာ ဦးဆွေးရိပ်က အဖြစ်မှန်တွေသိပြီး
သူမတို့ကို ရွဲ့ကာ အပြင်မှာရှုပ်ချင်တိုင်းရှုပ်နေလို့
စိတ်ညစ်နေရကြားထဲ သမီးဖြစ်သူက
ဆေးရုံကဆင်းတာမကြာသေး
အခုကားတိုက်မှုဖြစ်လို့ ဆေးရုံတက်နေရပြန်သည်။

ဒဏ်ရာအနေအထားက နဖူးပေါက်သွားတဲ့အပြင်
အောက်ပိုင်းသေသွားတဲ့အဆင့်ထိဖြစ်သွားတာ
ကြောင့်

သူမမှာအပူမီးတွေတောက်နေရသည်။အခုလည်း သမီးကသတိရလာရင် သူခြေထောက်တွေအသုံးမဝင်တော့တာသိတယ်ဆို ဘယ်လိုလုပ်မလဲ။

"ခြေထောက်က အောက်ပိုင်းသေသွားတာမို့ မျှော်လင့်ချက် မရှိတော့ပါဘူး"

ဆိုတဲ့ ဆရာဝန်စကားက ရင်ထဲကိုအပူမီးကြီးတိုးဝင်လာတာပါပဲ။ပိုက်ဆံရှိလို့

နိုင်ငံခြားသွားကုရင်တောင်
အောက်ပိုင်းသေတာကပြန်မကောင်းနိုင်ဘူးတဲ့လေ။

"ဖြစ်နိုင်ရင်တော့ ကိုယ်အိမ်မှာကို ဆရာဝန်ခေါ် ပြီး
လေ့ကျင့်ခန်းလုပ်ကြည့်ပေါ့"

အိမ်ကိုသမီးအတွက် ဆရာဝန်ခေါ်ရမှာ
ပြဿနာမရှိပင်မဲ့ သတိရလာတဲ့အခါ
ခြေထောက်တွေက သုံးလို့မရတော့ဘူးဆိုတာ
သိသွားခဲ့ရင် ဒုက္ခပင်လယ်ဝေတော့မဲ့

သမီးလေးဘ၀ကိုမတွေ့စရက်ပေ။ကံတရားကြီးက ရက်စက်လိုက်တာ။

ထိုအခန်းထဲကနေထွက်လာတဲ့ ဆရာ၀န်တစ်ယောက်။လူနာကို ဒီလိုမပြောသင့်မှန်းသိပင်မဲ့အောက်ပိုင်းသေသလိုဖြစ်သွားတာက တကယ်ပင်။ဒါပင်မဲ့ပေါ့ ကုလို့မရနိုင်ဘူးဆိုတဲ့အခြေအနေမျိုးတော့မဟုတ်။ သူဒီလိုလုပ်ရတာကလဲ ဆေးရုံကုတင်ပေါ်မေ့မြောနေတဲ့ လူနာရဲ့ ကားနဲ့တိုက်လိုက်တဲ့အရှိန်ကြောင့် အခု သူညီမလေးခြေထောက်တစ်ဖက်ဖြတ်လိုက်ရတဲ့အ

ခြေအနေ။ကိုယ်အိမ်ရဲ့မင်းသမီးလေးဖြစ်တဲ့
ညီမလေးအတွက် သူဒီလောက်တော့
ပြန်လုပ်ရမှာပေါ့။ညီမလေးက
သူ့ညီမအရင်းမဟုတ်ပင်မဲ့
မွေးစားထားတာကလွဲကျန်တာကအကုန်အမှန်ပါ။

ကလေးက ခြံထဲကနေအပြင်ကိုမုန့်ထွက်ဝယ်တာ
ထိုကားကလမ်းဘေးရပ်နေတဲ့
ကလေးကိုဝင်တိုက်သွားတာ။သူဒီလောက်ကုပေး
တာတောင် တော်ယုံမကြပေ။

"သား"

"မာမီ"

သူအတွေးလွန်ရင်း
ညီမလေးရှိတဲ့ဘက်ကိုလျှောက်လာရမှ
ခန္တာကိုယ်ပိန်ပိန်ပါးပါးအမျိုးသမီးတစ်ယောက်က
သူအနားလျှောက်လာကာ......

"သား ညီမလေးခြေထောက်လေ
ခဏကဆာတ်မှန်ရိုက်တာ

အရိုးကြေသွားတယ်ဆိုတာမဟုတ်ဘူး သားရဲ့
အတ်သွားတာလေးပဲ....ကျောက်ပတ်တီးကိုင်လိုက်
ပြီး ပြန်ဖြည်တဲ့အချိန်ကြ ပြန်ကောင်းမှာတဲ့"

"ဗျာ"

သူကတစ်ဖက်က ကားတိုက်တဲ့သူကို
လွန်လွန်ကျူးကျူးတွေပြောခဲ့တဲ့အပြင်
ခြေထောက်ကိုပါ လှုပ်မရအောင်
ဆေးထိုးထားခဲ့တာ အခုတော့။ဘာပဲဖြစ်ဖြစ်ပါ
ကိုယ်ညီမကိုထိလို့လုပ်တာမို့ ဒီကိစ္စကို

ဒီအတိုင်းပဲထားဖို့ဆုံးဖြတ်လိုက်ရင်း ညီမလေးခြေထောက်မဖြတ်ရဘူးဆိုတဲ့အသိနဲ့ပျော်သွားရကာ ညီမလေးရှိရာသို့..........။

"ဖေဖေ ဒါကဘာလဲ"

သမီးကသူ့အလုပ်ခုံပေါ်မှာ သူနဲ့အတူတူထိုင်ရင်းက ဝန်ထမ်းတွေလက်မှတ်ထိုးဖို့လာပေးသွားတဲ့ File တွေကို လက်ညှိုးထိုးကာ မေးလာတာကြောင့်.........

"အဲ့တာ ဖေဖေစစ်ရမဲ့ဝင်ငွေစရင်းတွေနဲ့
လတ်မှတ်ထိုးရမှာတွေလေ

"ဖေဖေအလုပ်အရမ်းများနေတာ
လီလီလုပ်ပေးမယ်လေ"

သူ့အလုပ် File
တစ်ခုကိုလှမ်းဆွဲဖို့ပြင်နေတဲ့သမီးလေးကြောင့်
သမီးကိုသူ့စားပွဲပေါ်တင်ကာ ဘောပင်တစ်ချောင်း
နဲ့ သူ့အလုပ်အတွက်အသုံးမလိုတဲ့
စာရွက်တစ်ရွက်ကိုပေးလိုက်သည်။

"ဖေဖေ လီလီကိုအထင်စမောတာရား
စာရွက်ကြီးကပြောင်ကြီး ဘာထိုးရမှာလဲ"

လုပ်ငန်းသုံးစာရွက် နဲ့ A4 စာရွက်ကိုခွဲခြားသိနေတဲ့
ကလေးလေးကြောင့်
နေမှာပြောစရာစကားပင်ပျောက်ရှ။တကယ်
တက်လည်းတက်နိုင်လွန်းတဲ့သမီး။

"သမီးကသေးသေးလေးရှိသေးတာ
ဝလုံးကိုအရင်ရေးတက်အောင်ရေး ပြီးမှ

လက်မှတ်ထိုးရမယ်

သဘောတူလား....ဖေဖေပြမယ်ကြည့်"

နေကသမီးလေးဘောပင်ကိုင်ထားတဲ့အပေါ်ကနေ

လက်ကိုထပ်ကိုင်လိုက်ရင်း

ဝလုံးကိုရေးပြလိုက်တော့

သမီးကသဘောကျသွားက သူ့အလုပ်File

တွေဆီရောက်နေတဲ့အာရုံကနေ

ဝလုံးဘက်လှည့်သွားသည်။

သမီးလေးက သူ့ရှေ့မှာပဲမို့

သူစာရွက်နဲ့သူရေးချင်ရာရေးပါစေဆိုပြီး

သူအလုပ်ဆက်လုပ်လိုက်တာ

နာရီဝက်လောက်ကြာကျသွားတော့မှ

လက်မှတ်ထိုးတာပြီးသွားသည်။ပြီးတော့

သမီးလေးကိုကြည့်လိုက်တော့ သူ့စားပွဲပေါ်က File

လေးပေါ်ပါးလေးကပ်ပြီး အိပ်ပျော်နေတာ

သွားရေလေးတွေပါကျလို့။သူအိပ်ပျော်နေတဲ့

သမီးလေးကိုဆိုဖာပေါ်ချသိပ်ဖို့ ပွေ့လိုက်တော့

လက်ထဲစာရွက်လေးပါလာချိန်ကြည့်မိတော့

သမီးလေးရေးထားတာက ဝလုံးဆိုပင်မဲ့

ကလေးဆိုတော့တွန့်လိမ့်နေတာအမှန်ပင်။

"ကျွတ် ကျွတ် ဖေဖေရှိတယ်"

သူလက်ပေါ်ကနေ ဆိုဖာပေါ်ချလိုက်တယ်ဆို

သမီးလေးက လန့်သွားတာကြောင့်သူက

လက်လေးနဲ့ ခေါင်းလေးကို

ပွတ်ရင်းချော့မြူလိုက်တော့

သမီးလေးကပြန်ငြိမ်သွားသည်။ပြီးတယ်ဆို

လက်ထဲကသမီးလေးရဲ့စာရွက်လေးကို

သူအင်္ကျီကုတ်ထဲထားလိုက်သည်။ဘာလို့ဆို

သမီးလေးပထမဆုံးရေးထားတာလေးကို

ကြီးလာရင်ပြန်ပြရအောင်

မှန်ဘောင်လေးနဲ့ထည့်သိမ်းထားမှာမို့ပင်။

ကျွိ

"မောင် ကလေးကအိပ်နေတာလား"

သဘာဝ မောင်နဲ့ကလေးကပါသွားတာကြောင့်

သားအဖနှစ်ယောက်လုံး နေ့လည်စာစားဖို့အတွက်

မောင့် Hotel ကိုလိုက်လာရင်း

မောင့်ရုံးခန်းထဲဝင်လာတယ်ဆို

ကလေးကဆိုဖာပေါ်မှာ အိပ်နေတာတွေ့တာကြောင့် မေးတော့ မောင်က

သူအလုပ်ခုံနားဘာလုပ်နေတာလဲမသိ

သူမကိုလှည့်ကြည့်ပြီး ခေါင်းငြိမ့်ပြသည်။

"အဲကွန်းအခန်းထဲမှာ

ကလေးကိုဒီအတိုင်းထားရလား"

"မဟုတ်ပါဘူး မရာ အခုမှအိပ်သွားတာ သမီးကို မောင်ကုတ်ချွတ်ပြီး ခြုံပေးမလို့လုပ်နေတာ မ က ရောက်လာတာ"

သူမကိုစကားပြောနေရင်းကို
အပေါ်ကုတ်ကိုချွတ်ကာ
သမီးလေးပေါ်ကိုခြုံပေးသည်။တကယ်ကို
ဖအေချစ်လေး။အဖေဖြစ်သူ
အင်္ကျီလေးခြုံပေးတာတောင်
မျက်နာလေးကအိပ်နေရင်းပြုံးသွားသေးသည်။

သမီးကဆိုဖာပေါ်အိပ်နေတာကြောင့်
မောင်နေ့လည်စာစားဖို့ကို
သူ့အလုပ်စားပွဲမှာပြင်ပေးရသည်။ဆိုဖာရှေ့က

စားပွဲမှာကြတော့ ကလေးကအိပ်နေတာ

ထမင်းဝိုင်းနဲ့က အဆင်မပြေတာမို့ပင်။

"မောင်

ကြိုက်တဲ့ဟင်းလေးတွေပဲချက်လာတယ်နော်"

မောင်ကထမင်းစားရင်

အရည်ဟင်းမပါရင်မစားတက်တာကြောင့်

အရည်ဟင်းတစ်ခွက်

သူကကြက်သားသာမစားတာ

ကြက်ကလီစာတော့ကြိုက်တာမို့

အဲ့တာကတစ်ခွက်အပြင် ပြည့်ကြီးငါလည်း သူ့အကြိုက်လေး သုပ်လာပေးတာပင်။ပြီးတော့ coffee အအေးရော။

နေ့အခုမှ မနက်ကစိတ်ဆိုးနေတဲ့အကြောင်းသတိပြန်ရသွားရသည်။မနက်က ကားပေါ်မှာ သားအမိနှစ်ယောက်အနောက်ခန်းမှာထိုင်တာကိုသတိရတယ်ဆို သူမပြောနေတာကိုြ ဘာမှမပြောတော့ပဲ သူ့အရှေ့ချပေးထားတဲ့အတိုင်းဇွန်းနဲ့ခရင်းကိုင်ကာစားနေလိုက်သည်။

"ကောင်းလား မောင် "

သူမမေးနေတာကို
စားနေရင်းကကြားနေတာသိတာမို့
ကြားရဲ့သားနဲ့မဖြေပဲ ဆက်စားနေဆာကြောင့်
သူမက ထပ်မေးလိုက်တော့ မျက်လုံးတစ်ချက်သာ
လှန်ကြည့်ပြီး......

"အိမ်မှာလဲ အဲ့လိုပဲမေးလာခဲ့တာမဟုတ်လား
ဒီကလူကြိုက်တာမကြိုက်တာ ပးအရေးပါလို့လား"

ဟော ချက်ခြင်းဘာကိစ္စနဲ့

ကောက်တာလဲမသိ။စနေသားဖြစ်ပြီး

ကောက်လိုက်တာလဲနေ့နာမ်နဲ့မှမလိုက်။ပြီးတော့

စိတ်ကောက်ရင်လည်း

ဘယ်တော့မှဘာကြောင့်ဆိုတာ ထုတ်မပြောပဲ

သူ့ဘာသာကောက်နေတာ။မောင်က စနေ နဲ့

တနင်္ဂနွေ အလည်တည့်တည့်မှာမွေးပြီး

ကောက်တာက တနင်္ဂနွေအဖျားခတ်တာထင်သည်။

"ဘာတွေအလိုမကျဖြစ်နေတာလဲ မောင်"

သူမကမေးတော့ မသိချင်ယောင်ဆောင်ရင်း
ဟင်းချိုကို ကောက်သောက်တာ
လျှာကျက်သွားတာကြောင့်
သူမှာအိစိမ့်သွားရသည်။

သူမတားတဲ့အချိန်တောင်မမှီလိုက်သူက
ဟင်းရည်ကိုကောက်သောက်လိုက်တော့
မျက်နာက ပူသွားမှန်းသိသာတာကြောင့် coffee
အအေးဘူးကိုဖောက်ကာ ကမ်းပေးလိုက်တော့.....

"မသောက်ဘူး

အကြိုက်တွေပြောင်းသွားပြီဆိုနေမှ"

"မောင် နင်သောက်ဆိုသောက်လိုက်

ငါစိတ်တိုလာပြီ အဲ့လိုဆို နောက်ရက်ကြ

နေ့လည်စာလာမပို့တော့ဘူး"

မိန်းမကနောက်မလာတော့ဘူးဆိုတာနဲ့ ချက်ခြင်း

ကော်ဖီဘူးကို ယူသောက်ပြီး

စားစရာရှိတာဆက်စားနေရာက သူဘေးရပ်နေတဲ့

မိန်းမဖြစ်သူလက်ကိုလှမ်းဆွဲကာ သူပေါင်ပေါ်ထိုင်စေလိုက်သည်။

"မောင်ကသာ ဘယ်သူတွေနဲ့ပဲရွေးချယ်ရပါစေ မ ကိုပဲရွေးချယ်တာ ဘယ်အချိန်မေးမေး မ က ပထမပဲ"

"မောင် ပြောသလိုပဲသဘာဝပြန်ပြောရမယ်ဆိုရင် အဲ့တာဆို သဘာဝနှစ်ယောက်ပဲ နေကြမလား....သမီးကိုလည်း သားနဲ့ထည့်ပေးလိုက်လေ"

"အဲ့လိုတော့မရဘူးလေ
မိဘကအနောက်ကမလုပ်ပေးရင်
ဒုက္ခရောက်ကုန်မှာပေါ့"

ပါးစပ်ကသာပြောချင်ရာပြောနေတာ ပြီးရင်သူပဲ
ပစ်မထားနိုင်တာ။ကိုယ်နဲ့အချိန်တော်တော်ကြာတဲ့
အထိအတူတူရှိခဲ့ကြာတော့ သူအကြောင်းကိုတော့
သူမအသိဆုံးပင်။မောင်က ပါးစပ်ကသာ
သူ့သားနဲ့မတည့်တာ

တကယ်တမ်းသားတစ်ခုခုပြဿနာတက်ပြီဆိုတာ

နဲ့သူကအရှေ့ဆုံးကပင်။

"မောင် ပြီးတော့အခုချက်လာတဲ့ ဟင်းတွေထဲ

အိမ်မှာက ငါး နဲ့ ဟင်းချိုပဲချက်တာ ကျန်တာက

မောင့်အတွက် သဘာဝသက်သက်ပြင်လာတာ

မောင်တစ်ယောက်ထဲအတွက်ပဲ"

သူမနဲ့ပက်သက်ရင်

သူကိုပဲအချစ်ဆုံးဖြစ်စေချင်တယ် မောင်ကို

သူမပြောစရာမလိုပဲ အချစ်ဆုံးဆိုတာ

သိစေချင်ပါသည်။သူမလို အညတရ မိန်းကလေးတစ်ယောက်ကို သူဘဝတစ်ခုလုံးနဲ့ ရင်းပြီး ချစ်ရမယ်ဆိုရင်တောင်ချစ်မဲ့ ဒီလူသားကို သူမလည်း အရမ်းကို ချစ်ရသည်။

"မောင်တရားလွန်နေပြီလား သားနဲ့တောင်သဝန်တိုနေတာ"

"အင်း တရားတော့လွန်တယ် ဒါပင်မဲ့ သဘာဝကို ချစ်လို့ပဲဟာ"

သူရင်ခွင်ထဲက

ချစ်ဖို့ကောင်းအောင်ပြောနေတာကြောင့်

ပါးလေးကိုဖိနမ်းလိုက်ရင်း

သူစားလက်စပန်းကန်းထဲက

တစ်ဇွန်းခတ်ကကျွေးတော့

သူမကလည်းသူခွံ့ကျွေးတာကို စားသည်။

"မရှိဘူးလား"

"မောင်မို့လို့"

မောင်မို့လို့ ဆိုတဲ့စကားနဲ့အတူ မက

ပန်းရောင်နှုတ်ခမ်းပါးလေးနဲ့

သူပါးကိုနမ်းလိုက်တာကြောင့်

သူဒီနေ့တစ်နေ့လုံးတော့ အလုပ်လုပ်ဖို့

အားရှိသွားလေပြီ.............။

နေတစင်း သားလေးတွေအိပ်နေတဲ့အချိန် Light

ကလည်း အောက်ထပ်သွားတာကြောင့် ဒီနေ့က

သူတို့နှစ်ယောက်ရဲ့ 3 years Anniversary မို့

သူအခန်းထဲပါ ပြင်ဆင်နေရာက အောက်ထပ်ကနေ

Light အော်သံကို ကြားလိုက်ရတာမို့........

"ဘာဖြစ်တာလဲ"

သူပြင်ဆင်နေတာတွေကို ရပ်ထားလိုက်ရာရင်း အခန်းထဲကနေ အပြင်ကိုပြေးထွက်လာပြီး အောက်ထပ်ကို ပြေးဆင်းလာလိုက်သည်။စိတ်ကျရောဂါရနေတဲ့ ကြားက ဘာမှမဖြစ်ပါစေနဲ့။သူအောက်ထပ်ရောက်တော့ အန်တီနှင်းယုဉ်တို့က ဧည့်ခန်းထဲကိုကြည့်နေတာကြောင့်

သူကဝင်လိုက်တော့ Light နဲ့ မိန်ကလေးတစ်ယောက်စကားပြောနေတာ မက်တပ်ရပ်လျက်တွေဖြစ်ပြီး မျက်နာတွေတင်းနေကြတာနှစ်ယောက်လုံးပင်။

"ရှင်မရှက်ဘူးလား ! ရှင်လာတောင်းနေတာ သက်ရှိနော် သက်ရှိတောင်မှ ကျွန်မလင်"

"နင်ကမြန်မာပြည်ပြန်မှတွေ့တာ နောက်လူ ငါက သူနဲ့ US မှာကတည်းကသိတာ"

နေတစင်း ရုပ်နားထောင်နေရာက

ထိုမိန်းကလေးစကားနားထောင်ပြီးတော့

သူ့အကြောင်းတစ်ခုစီတိုင်းကို ပြန်တွေးကြည့်ရင်း

သူတို့အိမ်ထောင်ရေးရဲ့ကြားလူက

ဒီမိန်းမပင်။သူတွေ့ဖူးတာက coffee bar

မှာပထမဆုံးဖြစ်ပြီး ဒီမိန်းမပြောနေတာက

သူနဲ့အနှစ်နှစ်အလလတွေဆုံခဲ့ဖူးတဲ့သူလိုပြောနေ

တာကြောင့်.......

"မင်းသိပင်မဲ့ ငါမှမသိတာ...မင်းမှာမိန်းမဖြစ်ပြီး

သူများအိမ်ထောင်ရေးကြားဝင်ပါနေတာ

စောက်ရှက်မရှိဘူးလား!"

"နေတစင်း !"

"ကြားတဲ့အတိုင်းပဲ
မင်းကိုဖေဖေတို့မင်းအိမ်လာပြောထားတာတောင်
မျက်နာပြောင်တိုက်တာ ပြည့်တန်ဆာတောင်
မင်းထက်ပိုပြီးတန်ဖိုးရှိတယ်....ငါဘယ်မိန်းကလေး
ကိုမှ မိခင် နဲ့ ညီမရှိလို့မရိုင်းစိုင်းခဲ့ဘူး
အဲ့လိုအဆင့်ထဲမင်းကထည့်မရတော့ ရိုင်းမှာပဲ"

သူပြောတာကို ဘေးက Light ကိုမကြည်ကြည့်နဲ့ ကြည့်နေတာကြောင့်

သူအနောက်ကိုသူမလက်ကိုဆွဲပြီး ပို့လိုက်သည်။

"မင်းကသာငါ့ကိုသိသာ မင်းကိုတော့ငါ့အိမ်မှာ

အိမ်သာတက်တဲ့အချိန်တောင်တွေးမရဘူး

အခုမျက်နာကိုမြင်တော့ ပိုရွံ့သွားတယ်

မင်းအိမ်ကထွက်တာနဲ့ ငါ့အိမ်ကို နို့နဲ့ဆေးပစ်ရမှာ

မိန်းမယုတ်ရဲ့အညစ်အကြေးတွေမကျန်ခဲ့အောင်"

"နေတစင်း
နင့်ကိုငါဘယ်လောက်တောင်ရှူးသွပ်ခဲ့လည်း
နင်သိလား.....နင်ကိုအဲ့ကောင်မချစ်တာထက်
ငါမင်းကို ပိုချစ်တာ သေလောက်အောင်ချစ်တာ
ငါ့ဘဝတစ်ခုလုံးထက်ချစ်တာ!!!"

"ချစ်တာကချစ်လို့ရတယ် ဒါပင်မဲ့အခြေအနေနဲ့
အချိန်အခါဆိုတာရှိတယ် အခုငါ့မှာအိမ်ထောင်နဲ့
မင်းငါ့ကိုပြောသလို ငါလည်း
ငါ့မိန်းမကိုစောက်ရမ်းချစ်လို့
ယူထားတာ......မင်းလိုအဆင့်နဲ့မိန်းမအတွက်နဲ့
ချန်ထားခဲ့မယ်လို့တွေးထားရင်လဲသေလိုက်"

ကိုယ့်ဘဝမှာ ပထမဦးဆုံးချစ်ရတဲ့သူဆီက

ကြားလိုက်ရတဲ့စကားတွေက

ရင်ကိုဆောင့်ကန်လိုက်သလိုပါပဲ။ကိုယ်မှာ

မလုပ်သင့်ဘူးဆိုတဲ့အသိရှိတာတောင် သူ့ကိုချစ်လို့

ဆက်လုပ်နေမိတာကို

သူနည်းနည်းလောက်တောင်အသိအမှတ်မပြုတာ

ကြောင့် မျက်ရည်ဝဲလာရသည်။

LayNge

"ငါ့နှင်ဆီကလိုချင်တာ မေတ္တာတရားတစ်ခုထဲ နှင့်မိန်းမကိုမခွဲနိုင်လို့ ငါနဲ့မပက်သက်ချင်တာဆို နှင့်မယားငယ်လုပ်ရလည်းအဆင်ပြေတယ်"

ဖြန်း:::::.....

သူမရှေ့မှာတင်
ပေါ်တင်ကြောင်တောင်နှိုက်ချင်တယ်ဆိုတဲ့အကြောင်းပြောနေတာကို သည်းခံမဲ့မိန်းမထဲမှာတော့ သူမမပါ။ကိုယ်ချစ်တဲ့သူနဲ့ပက်သက်လာရင် သူမအသက်ကိုပါ စွန့်လွှတ်ဖို့အဆင်သင့်။

Lay Nge

"နင်လင်တော်တော်ရှားနေလား......အိမ်ထောင်သည်
ကလေးအဖေကိုမှလိုချင်နေတာ
နင့်မှာမိန်းကလေးခြင်း
ကိုယ်ခြင်းစာစိတ်မရှိဘူးလား ဟမ် !!!"

နေတစင်း Light ရဲ့ဒေါသတကြီးဖြစ်နေတာကို
ကြောင်ကြည့်နေရာက စိတ်ကျရောဂါနဲ့ပက်ပက်ပြီး
မေမေပြောထားကို မျက်လုံးထဲပြန်မြင်လာကာ
Light ကိုစိတ်လျော့ဖို့ပြောရသည်။

"စိတ်လျော့ Light စိတ်လျော့ပါကွာနော် ဒီပြဿနာ ကိုယ်ဖြေရှင်းပါ့မယ်"

"စိတ်လျော့ခိုင်းနေတာ ရှင့်မယားငယ်ကိုထိမှာဆိုးလို့လား"

"မဟုတ်ပါကွာ မင်းအတွက်ပြောနေတာ သွေးနုသားနုနဲ့ စိတ်ကိုလျော့ မင်းဒီမိန်းမကိုရိုက်ချင်တာလား မင်းမရိုက်နဲ့ ကိုယ်ရိုက်ပေးမယ်"

ပြောလည်းပြောလက်ကိုလည်း မြှောက်လိုက်ရင်း ထိုမိန်းမမျက်နှာကို သူလက်နဲ့ အားပါးပါးရိုက်ချလိုက်တဲ့အချိန် သူလက်ကိုတစ်စုံတစ်ယောက်ကဆွဲထားလိုက်သည်။

"သား မိန်းကလေးတစ်ယောက်ကိုလက်မပါနဲ့ !"

ဖြန်း ဖြန်း ဖြန်း

နေတစင်းကိုဝင်တားတာက သဘာဝဖြစ်ပြီး

ထိုမိန်းကလေးမျက်နှာကို စေ့စေ့ကြည့်ကာ

ပါးရိုက်လိုက်တဲ့ သူကလည်း

သဘာဝပင်။ကိုယ်စိတ်ကြိုက် ပါးကိုရိုက်လိုက်တာ

3ချက်ဆင့်မို့

နာသွားပါစေဆိုပြီးရိုက်လိုက်တာကြောင့်

နှောင်တလုံးဝမရ။

"ငါ့သားမင်းကိုရိုက်တာကို တားတာက

မင်းလိုမိန်းကလေးတစ်ယောက်ကို ရိုက်လိုက်လို့

လင်းလက်နေတဲ့ငါ့သား ဘဝမိန်သွားမှာ

ငါမလိုလားလို့ပဲ"

"အတန်တန်တားထားတဲ့ကြားက မင်းကအိမ်ပေါ်ရောက်တဲ့အထိငါ့မိသားစုကိုလာထိပါးမှတော့ မနက်ဖြန်ကစမင်းလုပ်တာတဲ့အပြစ်အတွက်ဆပ်ဖို့ပြင်ထား"

ပြဿနာကတစ်ခုက ရင်ဆိုင်ဖြေရှင်းတာအကောင်းဆုံးလို့ ပြောဖူးတဲ့ ဖေဖေစကားကို အခုအချိန်မှာတော့ နေတစင်း သဘောပေါက်ခဲ့ပါပြီ.........။

~~~~~~~~~~~~~~~~ဆက်ရန်။

💭တစ်ယောက်ခြင်းဆီရဲ့ comment လေးတွေဖတ်ချင်ပါတယ် ဒီအပိုင်းကိုဖတ်ပြီး အမြင်လေးပြောသွားပေးကြပါဦး💭

￼

🍭You are my life🍭

Chapter _💜 32 💜

LayNge
~~~~~~~~~~~~~~~~

နေက သဘာဝအနောက်ကနေ

သမီးလေးကိုလက်ဆွဲကာ

ဝင်လာရင်းပြောလိုက်တဲ့စကားကြောင့်

ညှော်ခန်းထဲမှာရှိတဲ့လူတွေရဲ့

အာရုံကနေဆီမှာဖြစ်သွားရသည်။

"မင်းကိုငါတို့က

ကောင်းကောင်းမွန်မွန်လာပြောတာကို

ငါအိမ်ရိပ်နင်းပြီး မင်းဘယ်လောက်လွယ်လဲဆိုတာ

ငါ့သားကိုလာပြောနေတာလား"

"ရှင်နဲ့ဘာဆိုင်လို့ ရှင်ကဝင်ပြောနေတာလဲ"

"မင်းလိုအဆင့်က ငါ့ယောကျာ်းကို ရှင်ဆိုပြီး လက်ညှိုးထိုးပြောစရာမလိုဘူး"

သဘာဝကလည်း
သားဖြစ်သူနဲ့ပက်သက်လာတဲ့ကိစ္စက
လူငယ်ချင်းရန်ဖြစ်လို့
ကိုယ့်သားခံလာရတယ်ဆိုရင်တောင်
ညံ့လို့ခံလာရတာဆိုပြီး ငြိမ်နေမဲ့သူမျိုးဆိုပင်မဲ့
အခုကိစ္စကငြိမ်လို့မရတဲ့ကိစ္စမို့ပြောရခြင်းသာ။

"မင်းမှာ မိန်းကလေးခြင်းကိုယ်ခြင်းစာစိတ်လေး တစ်မိနစ်လောက်ထားကြည့်ပါလား ငါ့သမီးနေရာမှ မင်းဆိုရင်ရော....မင်းယောကျ်ားကိုသူ့ရှေ့တင်လာ တောင်းနေတာလက်ခံမှာလား.....မင်းတောင်ဒီလော က်ချစ်နေရင် ငါ့သမီးလေးကရော သူ့ယောကျ်ားဘယ်လောက်ချစ်မလဲတွေးကြည့်စမ်း ပါ ! မင်းလည်း ခေတ်ပညာတက်တစ်ယောက် ဒီလောက်ဉာဏ်မနည်းပါဘူး"

"မသိဘူး

ကျွန်မမှာသူနဲ့ပက်သက်လာရင်ဘယ်သူကိုမှ

ကိုယ်ချင်းစာစိတ်မထားနိုင်ဘူး နေတစင်းကို

ဘယ်သူမှခွဲမပေးနိုင်ဘူး"

လင်းရိပ်ကိုမှာ

နေတစင်းကအတင်းဖက်ထားလို့ငြိမ်နေရာက

သဘာဝကငါ့သမီးလို့ပြောလိုက်တယ်ဆို

စိတ်ထဲမရတာကြာပြီဖြစ်တဲ့

မခင်မေတ္တာလေးပြန်ရသလို နွေးထွေးသွားတာမို့

ပြုံးလိုက်မိသည်က

ဘာအမုန်းအငြိုးဒေသတွေမှမပါနဲ့

အပြစ်ကင်းစင်တဲ့ မျက်နှာလေး။

"မ"

ကဒီလောက်နားလည်အောင်ပြောပြနေတာတောင်

စောက်အထွန့်တက်လာတဲ့စကားကြောင့်

သည်းခံနေတဲ့စိတ်က ကုန်သွားတော့မှာမို့

အသက်ရှုကိုပြင်းပြင်းရှူသွင်းပြီး

ပြန်ထုတ်နေရသည်။

"အေး ခွဲမပေးနိုင်ရလောက်အောင် နင်ကငါ့သားရဲ့ မယားငယ်အဆင့်တောင်ရှိလို့လား!"

နေဆီက ခပ်ရိုင်းရိုင်းပြောလိုက်တဲ့စကား။ဒါတောင် သမီးလေးကို လက်တွဲထားလို့ မဟုတ်ရင် ဒီထက်ရိုင်းတဲ့စကားတောင် သူပြောထွက်မှာပင်။အပျိုစင်တစ်ယောက်အနေနဲ့ ကိုယ်ချစ်တဲ့သူဆိုင်သူရှိသွားရင် ကိုယ့်အပေါ်ချစ်မဲ့သူအချစ်သစ်ရှာရင်တောင် ဘဝအတွက်အများကြီးကောင်းမှာကို မပိုင်နိုင်တာကိုဖက်တွယ်နေမှတော့ အရှက်ကွဲတာအပြင် ဘာမှရမှာမဟုတ်။



LayNge

"နှိုင်းယှဉ် ကလေးကိုတစ်နေရာခေါ်သွား"

နေ လူကြီးပြောမဲ့စကားတစ်ချို့ကာ သမီးငယ်လေးမကြားသင့်တဲ့စကားတွေပါတာ ကြောင့် ညှော့ခန်းအဝကနှိုင်းယှဉ်တို့ကို သမီးကို ညှော့ခန်းထဲက ခေါ်သွားခိုင်းပြီးမှ စကားဆက်သည်။

"ရှင့်လို နာမည်ကြီးလုပ်ငန်းရှင်တစ်ယောက်က အဆင့်မရှိမိန်းကလေးတစ်ယောက်ကို ဒီလိုပြောစရာလား!!"

"အဟက် ! ရီရတယ်

မင်းကငါ့ကိုအဆင့်အတန်းမရှိဘူးပြောတယ်

ငါ့မိသားစုကိုလာထိနေတာကို

အေးဆေးပြောနေရအောင်

အသက်မရှိတဲ့ကောင်မဟုတ်ဘူး.....မင်းလိုသူများ

လင်ကိုပေါ်တင်တောင်းနေတဲ့ မိန်းမက

ငါ့ကိုအဆင့်အတန်းမရှိဘူးပြောတာ

တော်တော်ကိုရီချင်တာ"

သူမအရှေ့ကလူက

သူမကိုခန့်တဲ့အပြုံးနဲ့ရီလိုက်တာတောင်

သူရဲ့ချောမောမှုကမျက်နာကနေပျောက်မသွားပဲ

ပြောရမယ်ဆို ဦးနေမင်းလက်ရာ ချောတာက

နေတစင်းထက်တောင်ပိုသေးသည်။သားထက်

အဖေကပိုချောတယ်ဆိုတာ

ဒါမျိုးကိုပြောတာထင်ရလောက်အောင်

အသက်နဲ့မလိုက်အောင် နုတာအမှန်။

"မင်းလုပ်ရပ်တွေကို ဒီနေရာမှာရပ်မလား

မရပ်ဘူးလား မရပ်ရင်တော့ငါ့အဆိုးမဆိုနဲ့"

"ရှင်ကဘာကောင် ! အဲ့"

နေတစင်း
စကားကိုပြောနေတာငြိမ်နည်းထောင်နေရာက
ဖေဖေကို ဘာကောင်ဆိုပြီး
ပြောလိုက်တာကြားတာနဲ့ မိန်းမတွေယောကျာ်းတွေ
သူမျက်လုံးထဲမမြင်နိုင် ဆောင့်တွန်းချလာတာ
ခုံစောင်းနဲ့ ကျောပြင်ဆောင့်သွားတာမြင်ပင်မဲ့.......

"ငါ့မိဘကို ငါတောင်လေသံမာမာနဲ့မပြောဖူး

မင်းကဘာကောင်မို့လို့လဲ!!"

"သားငြိမ်ငြိမ်နေ မေမေတို့ပြောနေတယ်

မင်းဝင်မပါနဲ့"

ထိုမိန်းကလေးကို

စောင့်တွန်းလိုက်တဲ့သားဖြစ်သူကို တားလိုက်ပင်မဲ့

ခုံစောင်းနဲ့ကျောပြင်ဆောင့်မိပြီး

တော်တော်နဲ့ပြန်မထနိုင်တဲ့ မိန်းကလေးကိုတော့

သူမမထူမိ။ကိုယ့်သားကို
ပြဿနာတစ်ခုခုရှာမှာကို မလိုချင်။

"နင်ငါ့အသားကို နာအောင်လုပ်လို့
ငါအပြစ်မမြင်ဘူး ဒါပင်မဲ့ ဒီမိန်းမနဲ့အတူရှိနေမှာ
ငါမလိုလားဘူး နေတစင်း ဒါကြောင့်
ငါကျောကအနာကိုပြပြီး နင်ကိုရဲတိုင်မယ်"

ထိုင်ခုံရှေ့ထိုင်ရပ်ကျနေရာကထပြီး နေတစင်းကို
လက်ညှိုးထိုးကာ စိတ်ဆိုးမာန်ဆိုးထထွက်သွားတဲ့
ပန်းပွင့်ဖြူ က ညော့်ခန်းထဲပြေးဝင်လာတဲ့

လီလီလေးရဲ့ခြေထောက်ကို

တက်နင်းမိသွားတော့....

"အားးးး နာတယ်"

လီလီလေးက

ခြေထောက်သေးသေးနာသွားတာကြောင့်

တစ်ချက်သာအော်ရင်း ကိုယ်ကိုလုပ်ရင်မခံနဲ့ဆိုတဲ့

သူဖေဖေစကားကို မှတ်သားထားတဲ့ ကလေးက

အပြင်ပြေးလိုက်သွားကာ အော်ခေါ်လိုက်ရင်း

ထိုမိန်းမကြီး ပြန်လှည့်ကြည့်တဲ့အချိန်

တွေ့တဲ့အုတ်ခဲနဲ့ ထုလိုက်တာကြောင့်
အုတ်ခဲကာသူလက်တစ်ဖဝါးထက်နည်းနည်းကြီးနေ
တာတောင် ပန်းပွင့်ဖြူ နဖူးဒဲ့ကိုမှန်သွားသည်။

"လူဆိုးမကြီး ! လီလီနာသွားတာ မတောင်းပန်ဦး
သေတော့ !!"

လီလီပန်းသွေးလေးက
အော်ရင်းအရှေ့ပြေးထွက်သွားတော့
အနောက်ကနေလိုက်လာတဲ့ သဘာဝတို့မှာ
သမီးလေးလုပ်လိုက်တာကို မြင်တော့

Lay Nge

မယုံနိုင်စရာ။သူမကလေးလေးက

နုနုဖက်ဖက်လေးရယ်

ဒီလောက်ထိလုပ်တယ်ဆိုကတည်းက

စိတ်ဘယ်လောက်ဆိုးသွားလဲမသိ။

လီလီကမိနကလေးဆိုပင်မဲ့ စိတ်ဆိုးတဲ့အပြင်

ဒေါသထွက်လွယ်တာက

သူ့အဖေနဲ့တူသည်။အခုလည်း

ခြေထောက်လေးနာသွားတာတောင် အော်မငိုနိုင်

ပြန်ပြေးလုပ်တာများလဟိုမိန်းကလေးနဖူးလေးမှာ

ပွန်းရာကြီးထင်သွားတာကိုတွေ့လိုက်သည်။ထိုမိန်း

ကလေးက သမီးလေးကိုတစ်ချက်သာကြည့်ပြီး
ပြန်ထွက်သွားလို့တော်သေး။

"သမီး ဖေဖေကိုပြ ခြေထောက်"

နေက သူ့သမီးအရှေ့ဒူးတစ်ဖက်ထောက်ချရင်း
ခြေထောက်ဖွေးဖွေးလေးကို ကြည့်မိချိန်
နည်းနည်းလေးပွန်းပြီး
ရဲနေတာလေးပဲဖြစ်တာကြောင့်
ပေါက်မသွားတာတော်သေးသည်။သမီးလေးသာ

သွေးထွက်ပြီးငိုရင် သူရော မရော ရင်တွေနာလွန်းလို့။

"ဟီးး ဘာမှမဖြစ်ဘူး အဲ့လိုပြန်လုပ်လိုက်ရတာ ကျေနပ်တယ်"

"သဘောကျမနေနဲ့လီလီ နောက်တစ်ခါအဲ့လိုအန္တရာယ်များတာကို မလုပ်နဲ့ကြားလား"

"ယုတ်မာပဲ လုပ်မာပဲ

လီလီကိုသူများကနာအောင်လုပ်ရင် မခံနဲ့ရို့

ဖေဖေပြောထားတယ်နော် ဂွတ်"

သမီးက

စကားတောင်ပီတာကပီမပီတာကမပီသေးတာကို

မောင်ကမြှောက်ပေးထားတာကြောင့်

သူမကတစ်ချက်သူကိုကြည့်လိုက်တော့ မောင်က

မျက်နှာလွဲသွားသည်။

နေမှာလည်း အမေဖြစ်သူကမလုပ်ဖို့ပြောတာကို လုပ်မာဆိုပြီးပြောရင်း သူကိုတောင် good လုပ်နေတဲ့သမီးကြောင့် မိန်းမက မကြည်ကြည့်နဲ့မို့ မျက်နာလွှဲလိုက်ရသည်.........။

"မောင် ခဏကသူပြောသွားတာ သားကိုရဲတိုင်မယ်ဆိုတော့ ဘယ်လိုလုပ်မလဲ"

မိသားစုတွေ ခဏကဖြစ်ပျက်သွားတာတွေနဲ့ပက်သက်ပြီး စကားပြောနေကြတာပင်။အခု သဘာဝက

LayNge

ထိုမိန်းကလေးပြောတဲ့စကားကိုသိတိရကာ

သမီးကို ပေါင်ပေါ်တင်ထားတာတဲ့

မောင်ကိုပြောတော့..........

"ဘာပဲဖြစ်ဖြစ် မောင်တို့ရင်ဆိုင်ရမှာပေါ့ ဒါပင်မဲ့

အဲ့ကိုသူကအတည်တိုင်မယ်ဆို မောင်ကလည်း

သားကိုလုပ်တာနဲ့နည်းတူ

အတည်လုပ်လိုက်မှာပေါ့"

"သားကိုအဲ့တာကြောင့်

မေမေကလက်မပါဖို့တားတာ

တစ်ဖက်ကယောကျာ်းလေးဟုတ်ရင်တော်သေး

အခုကသူကမိန်းကလေးဆိုတော့ "

သဘာဝမှာ ယောကျာ်းလည်းတိုင်ပင်ရ

သားကိုလည်းပြောရဖြစ်နေပင်မဲ့

သားအဖနှစ်ယောက်လုံးမျက်နှာထားက

ကြံ့လာသမျှရင်ဆိုင်မယ်ပုံမို့

မောင်ကသိပ်မဟုတ်ပင်မဲ့ သားကိုတော့

စိတ်ပူသည်။

Lay Nge

"ဘာမှစိတ်မပူပါနဲ့ မေမေ သူကိုတွန်းလိုက်လို့ ထောင်ကျလည်း တစ်ပတ်ပေါ့.....သူကိုဒေါသထွက်တာတစ်ခုခုမလုပ်လိုက်ရရင် အမြဲနောင်တရနေမှာ"

"ကိုယ်လုပ်လို့ကိုယ်ခံရတာထက် မင်းကတစ်ယောက်ထဲသမားမဟုတ်ဘူးလေ သားရဲ့"

"သားမရှိလည်း မေမေတို့ရှိတာပဲ"

LayNge

"မင်းတော်တော်ခတ်တယ် သားရယ်!"

သဘာဝလည်း

ခေါင်းမာတဲ့သားကိုဆက်မပြောတော့ပဲ

မောင်ပြောသလို

ဖြစ်သမျှအကြောင်းအကောင်းမှတ်ကာ

ရင်ဆိုင်ဖို့ဆုံးဖြတ်လိုက်သည်။ဘာတွေပဲဖြစ်လာပါ

စေသူမတို့မိသားစုမှာ မောင်ရှိနေတာမို့

ရင်ဆိုင်ရဲသည်..........။

LayNge

တစ်ပတ်ကြာပြီးနောက်မှာတော့ သားကတော့ သူမပြောတဲ့အတိုင်းပင် အချုပ်ထဲတစ်ပတ်နေလိုက်ရသည်။နေရတာလည်း မပြောနဲ့ထိုမိန်းကလေးက သူရတဲ့ဒဏ်ရာကိုပါ ရဲတွေသက်သေနဲ့ပြတာ။တစ်ပတ်ဆိုတာကလည်း မောင့်အနောက်ကလိုက်လို့သာ အဲ့လောက်ပဲနေရတာ မဟုတ်ရင် ၆လလောက်ကျမှာ။ဒီနေ့က သားအိမ်ကိုပြန်ရောက်တယ်ဆို သတင်းတစ်ခုကလည်း TV မှာပါလာသည်က လုပ်ငန်းရှင်တစ်ယောက်ရဲ့campany မှာ ဘိန်းဖြူတွေတွေ့တယ်ဆိုတဲ့သတင်းပင်။

"မောင် အဲ့လူက ဟိုမိန်းကလေးရဲ့
အဖေမဟုတ်လား"

သူမတို့အခန်းထဲက TV
မှာလာနေတဲ့သတင်းထဲကလူကို လက်ညှိုးထိုးပြီး
မေးတော့ မောင်က
သူ့သမီးနဲ့ကုတင်မှာဆော့နေတာ
လှည့်တောင်မကြည့်ပဲ......

LaNge

"အွန်း မောင်သိတယ် အနည်းဆုံးတော့

တစ်နှစ်လောက်တော့ကျမှာ.......မောင့်သားခံစားရ

တာထက်ပိုခံစားအောင့်လုပ်ရမှာကျေနပ်တာ"

သူမမေးမှာကိုကြိုသိတဲ့အတိုင်း

သူလက်ချက်ဆိုတာကိုပါထည့်ပြောတဲ့မောင်ကြော

င့် သူမ TV ကိုပိတ်ကာ

မောင်တို့သားအဖနားဝင်ထိုင်လိုက်ရင်း.......

"မောင် သားနောက်ကိုလွှတ်ထားဦးနော် မဟုတ်ရင်

ရန်သူကအထင်သေးလို့မရဘူး"

"အွန်းပါ မောင်သိပါတယ်"

"မေမေ ကလည်းဖေဖေလုပ်တာကို ဝေဖန်ပါနဲ့"

ကိုယ်တွေလင်မယားမှာစကားအကောင်းပြောနေ
တုန်းရှိသေး သူ့အဖေလက်ကိုဆော့နေတဲ့
သမီးတော်က သူမကို
သူ့အဖေလုပ်တာမဝေဖန်ပါနဲ့ပြောတာကြောင့်........

"မောင် ကငါ့ယောကျ်ားလေ နင်နဲ့ဘာဆိုင်လဲ"

"ဖေဖေက လီလီအပိုင် မေမေက နေနေအပိုင်"

သူ့အပိုင်ကိုယ်အပိုင်လာခဲ့နေတဲ့ သမီးလေးကို သဘာဝ စချင်လာတာကြောင့် သူခေါင်းဦးလေးပေါ် ပတ်လက်လေးလှန်နေတဲ့ သမီးလေးကို မ ကာ ကုတင်အစွန်းမှာထားလိုက်ရင်း သူမက မောင်ဘေးဝင်လဲကာ ရင်ခွင်ထဲဝင်နေလိုက်ပြီး ဖက်ထားလိုက်သည်။

"သဘာဝကို ချစ်လားမောင်"

"ချစ်တယ် မောင့်မိန်းမကို......"

နေတစ်ယောက် မိန်းမအမေးကိုပြန်ဖြေမလို့ရှိသေး " မ " ရဲ့နောက်ကျောဘက်နေ သမီးကနှုတ်ခမ်းဆူပြနေတာကြောင့် သူမှာစကားကိုရပ်တန်းကရပ်လိုက်ရသည့်အဖြစ်။

"မောင် ! မဖြေဘူးလား"

"ချစ်တာပေါ့ !"

"ဖေဖေ !! လီလီစိတ်ဆိုးသွားပြီနော်

မေမေကိုချစ်တာအခုထိမဝသေးဘူးလား"

သဘာဝမောင်ရင်ခွင်ထဲတိုးဝင်နေရာက

ချက်ခြင်းသမီးဘက်ကိုလှည့်ကာ

ကြည့်လိုက်မိသည်။အဖေကိုပြောလိုက်တာများ

အခုထိချစ်လို့အးမဝသေးဘူးလားတဲ့။

Lavlge

"အင်း မဝသေးဘူး အဲ့တော့သမီးက ညကြရင် ကိုကိုတို့နဲ့သွားအိပ်ပေးနော် ဖေဖေနဲ့မေမေ အေးအေးဆေးဆေးနေရအောင်"

"အူးးးးး ဟင့် ဟင့် ဟင့် တူလိုသွားခိုင်းယို့ သွားအိပ်ပေးတာကို ကျေးဇူးရဲ့တင်ဝူး ပြောနေရာပဲ"

မ ကစလိုက်တယ်ဆိုစိတ်တိုသွားကာ မျက်လုံးဝိုင်းဝိုင်းလေးထဲက မျက်ရည်စက်တွေကျလာတဲ့ သမီးလေးက

အော်လည်းအော်တာကြောင့် မတစ်ယောက်သူပဲ
သူပြီးပြန်ချော့ရတော့သည်။

"မငိုနဲ့နော် မေမေကစတာ ဟုတ်တယ်
ဖေဖေကသမီးအပိုင် သမီးတစ်ယောက်ထဲပိုင်တာ"

ပြောလည်းပြော
မကရင်ခွင်ထဲသမီးလေးကိုထည့်ပွေ့ကာ
ချော့နေတော့သူက သူခေါင်းဦးမှာလှဲချလိုက်ရင်း
ကောင်းကင်နှောင်ကြိုးဆီက သတင်းတစ်ချို့ကို
နားထောင်ပြီး

Lay Nge

တစ်ခုခုလုပ်ဖို့တွေးထားမိသည်။တကယ်လို့ ကိုင်းသာ မေလင်းသောက်တဲ့ဆေးတွေကိုတွေ့ရင် တရားခံရှာလို့ရပြီ။

"ဖေဖေ လို့"

နေအတွေးတွေလွန်နေရာက သူရင်ဘတ်ပေါ်က ဘယ်အချိန်ကတည်းက မကတင်ပေးလိုက်လည်းမသိ သူပါးကို ကိုင်ကာခေါ်လာတာကြောင့်........

"ဖေဖေ လီလီကြီးလာရင် ကိုကို ကိုယူမယ်နော်"

"ဘာ !"

မောင်ကသူ့သမီးစကားကြောင့် ထထိုင်လိုက်တာမို့ သူမတောင်လန့်သွားရသည်။ကလေးကဒီအတိုင်း လေးပြောလိုက်တာကို မောင်တစ်ယောက် သဝန်တိုပြန်ပြီထင်သည်။

"ဘယ် ကိုကိုလည်း ဘယ်သကောင့်သားမှ မယူရဘူး"

"ကိုကိုလေ နေနေသားလေ"

"ဘာကွ !!"

တစ်ကိုယ်လုံးမှာရှိတဲ့သွေးတွေ ပြောင်းပြန်စီးသွားသလိုတောင်ခံစားလိုက်ရသည်။ သမီးလေးဆီက ဒီစကားကြားလိုက်တာ သူ့ရင်ဘက်ကိုဆောင့်ကန်လိုက်သလိုခံစားရသည်။

"ဖေဖေနော် ကိုကိုက လီလီအပိုင်!"

"လီလီ မပြောနဲ့ဖေဖေမကြိုက်ဘူး"

"ဖေဖေမကြိုက်ပင်မဲ့ လီလီကအရမ်းကြိုက်တာ ဖေဖေ"

သမီးစကားအဆုံး မောင်ကသူ့သမီးကိုမဆူရက်တဲ့သူဆိုတော့ ဆက်မပြောတော့ပဲ သမီးကို သူမလက်ထဲကိုထဲက မျက်နှာကြီးနီရဲ ပြီးရေချိုးခန်းထဲဝင်သွားသည်။

"သမီး နောက်တစ်ခါအဲ့လိုမပြောရဘူး

ဖေဖေစိတ်မကောင်းဖြစ်သွားပြီ"

"မီးမီးက ချစ်တာလေ မေမေ"

"မချစ်ရဘူး မောင်နှမတွေ ဟုတ်ပြီလား

အခုသမီးဆော့ချင်ရင် နေနေတို့အခန်းကိုသွား"

သမီးလေးက

မောင်ဖြစ်ပျက်သွားတာကိုနားမလည်ပဲ

သူမကတစ်ဖက်ခန်းကိုသွားကစားခိုင်းလိုက်တော့

LayNge

သမီးလေးကအခန်းထဲကထွက်သွားသည်။သူမလ
ည်း သမီးထွက်သွားတယ်ဆို
ရေချိုးခန်းနားလျှောက်သွားကာ
တံခါးခေါက်မို့ရှိသေး တံခါးကဟနေတာကြောင့်
သူမဖွင့်ဝင်လိုက်တော့......

"ဟင်"

သူမမြင်နေရတဲ့ မြင်ကွင်းကိုမယုံနိုင်။မောင်က
ဘေးကနံရံကိုမှီက ပါးနှစ်မှာလည်း
မျက်ရည်စီးကြောင်းတွေက စီးကျနေတာကြောင့်

မောင် အဲ့လောက်ထိဖြစ်သွားမှန်း

သူမမမျှော်လင့်ထားပေ။

"မောင် ငိုနေတာလား"

သူမကသူ့အနားသွားကာငိုနေတာလား

မေးလိုက်တယ်ဆို မောင်ကဒူးထောက်ချလိုက်ရင်း

သူမဗိုက်နားမျက်နှာအပ်ထားရင်း

ခအားကိုလည်းဖတ်ထားသည်။

"မောင်လေ မောင့်သမီးလေးကိုအရမ်းချစ်တာ ဘယ်သူကိုမှမပေးနိုင်ဘူး ဟင့်"

သူမကိုဖက်ကာ သူ့သမီးကိုမပေးနိုင်ဘူးပြောပြီး အသက်ထွက်တဲ့အထိငိုနေတဲ့မောင်ကြောင့် သူမပါ မျက်ရည်ဝဲသွားရသည်။ဘာကြောင့်လဲဆို သူမဘဝ ဖခင်မေတ္တာဆိုတာမသိခဲ့ပင်မဲ့ သူမကလေးလေးတွေကတော့ သိပ်ချစ်တက်တဲ့ သူတို့အဖေကြောင့် သူမမှာဝမ်းသာကြည်နူးလွန်းလို့ပင်.........။

"ကိုယ်ကိုခွင့်လွှတ်ပေးပါ Light ရယ်နော်"

သူမကြောင့်နဲ့

အချုပ်ထဲတစ်ပတ်သွားနေခဲ့ရတဲ့သူကို

သနားတာက သူကိုချစ်နေတာကြောင့်မို့

ခွင့်လွှတ်ပြီး သားဖြစ်ပင်မဲ့

ခဏတော့ဟန်ဆောင်ချင်နေတာကြောင့်

ကလေးတွေကစားနေတဲ့ ဘေးမှာထိုင်နေတာကို

သူကအတင်းပွေ့ချီကာ ကုတင်ပေါ်တင်ပေးပြီး

သူမအပေါ်အုပ်မိုးကာ နှုတ်ခမ်းကိုနမ်းမယ်

အလုပ်.......

"ဟာ နေနေ အနိုင်မကျင့်တဲ့ တီတီကို ဖယ်ပေး"

သူတို့အခန်းထဲကို မျှောက်မတစ်ကောင်ဝင်လာပြီး Light ကိုနမ်းဖို့လုပ်နေတဲ့ သူကိုတွန်းချလိုက်တာကြောင့် ကုတင်ပေါ်က ပြုတ်ကျသွားရသည်။

ဘုန်းးး

"အားးး မျောက်မ ငရှုပ်မ ! အားငါ့ခါးလေး နာလိုက်တာ မျိုးတော့တုံးပါပြီ"

လီလီတွန်းလိုက်တာက တအားမပြင်းပင်မဲ့ သူက လီလီကိုမြင်တာနဲ့ လန့်ပြီးဆင်းတာနဲ့တိုးသွားတော့ အရှိန်ပါသွားတာပင်။တကယ်ကို မျောက်မ။

"ပါး ကလေးကိုဘာလို့နာမည်ဖျက်နေတာလဲ"

"အဲ့ လီလီပန်းသွေးတဲ့

ပေးထားတဲ့နာမည်ကအဖြူထည်လေး

တကယ်တော့ မျောက်မပန်းသွေးလို့ပေးရမှာ"

နေတစင်းပြောတဲ့ စကားကြောင့်

လီလီပန်းသွေးတို့ဒေါသထွက်ကာ

ကုတင်ပေါ်ကဆင်းလာပြီး သူ့အနားလာကာ......

"နေနေကြတော့ ဖေဖေနာမည်ခိုးထားပြီး လူကကြ

အခြောက်ကြီးကြနေရော သတ္တိမရှိဘူး"

laynge

"ဘာ !"

"အခြောက် နေနေ !"

သူကပြောတော့
လီလီပန်းသွေးကတစ်ခွန်းမခံပြောတော့
နေတစင်းမှာ
သူကပြန်ပြောစရာစကားမရှာချင်တော့ပဲ
ပေစောင်စောင်ကြည့်လိုက်တော့
ဒင်းလေးကသူကိုတောင်မျက်စောင်းထိုးသေးသည့်
.............။

LayNge

~~~~~~~~~~~~~~~ဆက်ရန်။

💜ဖေဖေနော် သူ့အလှည့်ကြတော့💜

￼

🍭You are my life🍭

Chapter _💜 33 💜

Lay Nge
~~~~~~~~~~~~~~~

"အခုတော့ ဘယ်လိုနေလဲ
ပန်းပွင့်ဖြူ....နင်ကျေနပ်ပြီလား ငါ့ယောကျာ်း
နင့်ကြောင့်!"

နှင်းဆီမှာ မထိသင့်တဲ့သူကိုသွားထိတဲ့အပြင်
တစ်ဖက်က ကောင်လေးကို
ထောင်ထဲသွားထည့်တာ ဟိုကတစ်ပတ်ကြာလို့
ပြန်ထွက်လာတယ်ဆို သူမယောကျာ်းက နှစ်နဲ့ချီပြီး
ထောင်ကျရတာ
ဘယ်သူလက်ချက်လည်းဆိုတာတွေးစရာမလို။

နေမင်းလက်ရာဆိုတဲ့လူက

ဘယ်နေရာထိပေါက်ရောက်တဲ့

လူစားမျိုးလည်းဆိုတာ

သိတာကြောင့်အစကတည်းက

ကောင်လေးအိမ်ခေါင်ရှိတယ်ဆိုကတည်းက

သူမတားတာကို သမီးကရှေ့ဆက်တာ။

"မဟုတ်ပါဘူး သမီးမရည်ရွယ်ပါဘူး မေမေရယ်"

"တော်ပြီ နင် အမေရိကားကိုပြန်တော့

အဲ့မှာစိတ်ကိုတည်ငြိမ်အောင်လုပ်ပြီးမှ

မြန်မာပြည်ပြန်ခဲ့"

"ဟင်အင်း နေတစင်း "

အဖေတစ်ယောက်လုံးထောင်ထဲရောက်သွားတာ

တောင် အခုထိ နေတစင်းလုပ်နေနိုင်တဲ့ သမီးကို

ကိုနေလင်းစက်မဆုံးမခဲ့လို့ အဲ့လိုဖြစ်နေပင်မဲ့

သူမကတော့

Lay Nge

သူများအိမ်ထောင်ရေးအဖျက်အစီးမခံနိုင်တာကြော င့်.......

"ဖြန်း.....နင်မြန်မာမိန်းကလေးနော်

နင့်အဖေဘက်ကလူတွေလိုမျိုးလာမချိုးနဲ့.....နင်

နေမင်းလက်ရာဆိုတဲ့ကောင်ကို

ဘာကောင်ထင်နေလဲ

နင့်အဖေထောင်ကျတဲ့နှစ်အရည်အတွက်တိုးချင်နေ

တာလား ပြီးတော့ သူများအိမ်ထောင်ရေးဆိုတာ

ဖျက်စီးကောင်းတာမဟုတ်ဘူး

သမီး....ကိုယ်လုပ်လို့သူတို့ခံစားရတာထက်

ကိုယ့်အလှည့်ကြ

သူများအပေါ် ပြုခဲ့မိတာထက်ပိုခံစားရတယ် သမီး"

"ဒါပင်မဲ့ မေမေ"

"ချစ်တာမဟုတ်လား သမီးချစ်လို့ရတာပေါ့

ကိုယ်ချစ်တဲ့သူပျော်ရွှင်နေတာကိုကြည့်ပြီး

ပိုင်ဆိုင်ခြင်းမဟုတ်တဲ့ ချစ်ခြင်းမျိုးနဲ့

ချစ်ပေးလို့ရတာပေါ့"

အခုအချိန်နောက်ပြန်လှည့်မယ်ဆိုရင်

ကိစ္စတွေကသိပ်ကြီးကြီးကျယ်ကျယ်မဖြစ်သေးတာ

မို့

သမီးကိုနားလည်အောင်ပြောပေးရသည်။သူများအိ

မ်ထောင်ရေးဖျက်စီးတယ်ဆိုတာ

သမီးတစ်ဘဝလုံးအမှောင်ဖုံးသွားမှာ။

"သမီးရဲ့စိတ်လေးကိုသေချာစဉ်းစားကြည့်

တစ်ဖက်ကမိသားစုမှာ

ကလေးလေးနှစ်ယောက်လည်းရှိတယ်

တကယ်လို့သမီးကြောင့်နဲ့

အိမ်ထောင်ရေးပြိုကွဲသွားရင်

ကလေးလေးနှစ်ယောက်အတွက်တွေးကြည့်ပါဦး"

တစ်ခြားပြောတဲ့စကားတွေမှာ

သူမအသိမဝင်ပင်မဲ့

ကလေးနှစ်ယောက်အတွက်တွေးကြည့်စမ်းပါဆိုတဲ့

စကားက

သူမရင်ထဲရောက်လာတဲ့စကားတစ်ခွန်း။ကိုယ်တိုင်

ကလည်း ငယ်ငယ်က မိဘမဲ့ဂေဟာမှာနေခဲ့ရတာ

ဘယ်လောက်တောင်စိတ်ပင်ပန်းခဲ့ရလဲ ဆိုတာ

သူမနားလည်တာကြောင့်.......

"သမီးနောက်ဆုတ်ပေးပါ့မယ် မေမေ

ကလေးတွေအတွက် ကိုယ်လိုခံစားရမှာဆိုးလို့"

ပြောရင်း မျက်ရည်ကျလျက်သူ့အခန်းထဲဝင်သွားတဲ့

သမီးကိုကြည့်ကာ

တကယ်နောင်တရပါစေဆုတောင်းရင်း

ယောကျာ်းဖြစ်သူအတွက်လည်း

လိုအပ်တာတွေစီစဉ်ရပေဦးမည်။ထောင်တစ်နှစ်ကျ

တာကိုတောင် သူတို့စစ်ဆေးတာ

အစ်ကိုကမသုံးတာလို့

မဟုတ်ရင်ထောင်ကျမဲ့နှစ်အရေအတွက်ကတွေး

တောင်မတွေးရဲပေ။အဲ့မိသားစုကိုသွားထိကတည်း

က တစ်ခုခုဖြစ်တော့မယ်ဆိုတာ

သူမသိတာပေါ့.........။

ဒီနေ့ ဟိုကောင်စုတ်လေးက December

ကျောင်းပိတ်ရပ်ဆိုပြီး ပြန်ရောက်တော့မှာမို့

နေမင်းလက်ရာတို့ အလုပ်သွားရမဲ့ရက်ဆို

သမီးကိုခေါ်သွားလို့ရပင်မဲ့

အခုကပိတ်ရက်နဲ့လာတိုးနေတာကြောင့်

သူ့သမီးကိုဘယ်မှာဖွက်ထားရမလည်းတွေးနေမိ

တာပင်။

သဘာဝလည်းအရင်ပိတ်ရပ်တွေကဆို
အလုပ်လုပ်လိုက် သူ့သမီးနဲ့ဆော့လိုက်လုပ်နေတဲ့
မောင်က ဒီနေ့မှအခန်းထဲဟိုဘက်လျှောက်လိုက်
ဒီဘက်လျှောက်လိုက်လုပ်နေတာကြောင့်.........

"မောင် ဘာဖြစ်နေတာလဲ"

"သမီးကို
ဒီနေ့ကစပြီးအခန်းထဲကအခန်းပြင်မထွက်ခိုင်းနဲ့"

"ဘာ!"

မောင်ပါးစပ်ကထွက်လာတဲ့စကား ညကတော်တော်နဲ့မအိပ်ပဲအခု 10 နာရီထိုးခါနီးတောင်မနိုးသေးတဲ့ သမီးလေးကိုကြည့်ကာ ပြောလာသည်က အခန်းပြင်မထွက်ခိုင်းရဘူးဆိုတာကြောင့် သူမမှာခဏကြောင်သွားရပြီးမှ ဒီနေ့ နေမင်းမာန်ဟုန်လေးပြန်လာမှ သတိရသွားတော့ မောင်ဘာဖြစ်နေမှန်းသိကာ ရီမိသည်။

"မောင် အဟွန်း သဝန်တိုနေတာ သူ့သမီးကို"

"ဟုတ်တယ် တိုတယ်!"

"ဟွန်း မငြင်းဘူးနော်"

သူကိုလာပြီး လျှောင်နေတဲ့ မိန်းမကြောင့်
လူကလောင်နေရကြားထဲ
ဟိုကောင်စုတ်ကလေးက ကိုယ့်သမီးလေးရဲ့
လျာထားခြင်းခံရသူမို့ အရင်ကကြည့်လို့ရပင်မဲ့
အခုတော့ကြည့်မရပေ။

"စိတ်တိုလာပြီကွာ"

သူ့သမီးပိစိကွေးလေးကို
တိုနေတဲ့မောင်ကိုကြည့်က
သူမမှာရှိချင်စိတ်ကိုထိန်းမရ။မသိရင်ပဲ
သူ့သမီးကဒီနေ့နဲ့မနက်ဖြန်
ယောကျ်ားနောက်လိုက်တော့မဲ့အရွယ်ရောက်နေ
တာကြ။

"မောင် ကလေးကအခုထိ မိဘတွေနဲ့တောင်ခွဲအိပ်ရတဲ့အရွယ်တောင်မရောက်သေးဘူး ပါလို့တစ်ယောက်ထဲလောင်နေရတာလဲ"

"နေမင်းမာန်ဟုန် တဲ့ နာမည်ကိုကအထက်စီးဆန်သလားမမေးနဲ့ ဒေါသကထွက်လာပြီ"

10

နှစ်တောင်မပြည့်သေးတဲ့ကလေးတစ်ယောက်ကို ပြောနေတာကြည့်ပါဦး

LayNge

နာမည်ကအထက်စီးဆန်သလေးဘာလေးနဲ့။သူနာမည်ကြရော အထက်စီးမဆန်လို့လား။

"မောင် အပြုအမူတွေဆင်ခြင်နော်
အဲ့ကလေးမိဘကသူစိမ်းမဟုတ်ဘူး မောင့်သားနော်
သတိလည်းကပ်ဦး"

ဘေးကသဘာဝစကားကို နားထောင်ပြီး
ထက်မြတ်တဲ့ဦးနှောက်ပိုင်ရှင်က
ချက်ခြင်းဘာလုပ်ရမယ်ဆိုတာကို သတိရသွားကာ

မျက်နှာကြီးပြုံးလာတာက ဇာတ်ကားတွေထဲက
လူယုတ်မာအပြုံးနဲ့။

"ဟုတ်တယ် မ ပြောတာမှန်တယ်
နေမင်းမာန်ဟုန်က သားရဲ့ကလေးဆိုတော့
သမီးနဲ့ဆို တူရီးတော်တယ် အဲဒါကြောင့်
ဒီနေ့ကစပြီး သမီးကအဒေါ် သူကတူပဲ"

ချက်ခြင်းသမီးနဲ့ နေမင်းမာန်ဟုန်လေး
တူရီးဇာတ်တိုက်ပစ်လိုက်တဲ့ မောင်ကြောင့်
သူမမှာမျက်လုံးလေးအပြူးသားနဲ့

သူကိုပြောစရာစကားပင်ပြောစရာမရှိ။ဘယ်လော
က်တောင် မောင်တစ်ယောက်
မဟုတ်တာတွေတွေးတက်ပါ့။

"ဟွန်း နေမင်းမာန်ဟုန် ငါကမင်းထက်လည်လို့
အရင်လူလုပ်လာတာ! "

နေကတော့ စိတ်ထဲသူအကြံကိုသူသဘောကျကာ
ကိုယ့်သားကိုအားနာပင်မဲ့ သမီးကိုမှမပေးနိုင်တာ
Sorry ပဲ...........။

ကောင်းကင်နှောင်ကြိုး မေဆိုတဲ့အမျိုးသမီးက

ကားတိုက်ပြီး အောက်ပိုင်းသေမလိုဖြစ်တာကြောင့်

ဒီရက်အတွင်းရင်းနှီးမှုယူထားတာကြောင့်

အခုအိမ်ရွှေ့ရမယ်ဆိုတော့

သူလိုချင်တာရှာဖို့ကွက်တိမို့

သဘောတူလိုက်တာပင်။

သူအခုအပေါ်ထပ်ကို

ခဏတက်ကြည့်ချင်တယ်ပြောကာ တက်လာရင်း

အခန်း 5ခန်းရှိရာက အဲ့အထဲက

အပြင်ကသော့ပိတ်ထားတဲ့အခန်းကိုတွေ့တာကြော

င့် သူစိတ်ကလည်း စူးစမ်းချင်တာမို့

ထိုအခန်းနားသွားကာ

သူ့အပေါ်ထပ်ဝတ်ထားတဲ့လည်သာအနက်ထဲက

အချွန်လေးတစ်ခုယူပြီး

သော့ကိုအသံမထွက်အောင်ဖွင့်ကြည့်လိုက်တော့

ကံကောင်းစွာပွင့်သွားတာမို့

အခန်းထဲဝင်ကြည့်လိုက်တယ်ဆို

ခန္ဓာကိုယ်တစ်လုံးကြက်သီးထသွားရတာဘာကြောင့်မှန်းမသိ။

သူအခန်းတံခါးကိုပြန်စေ့ကာ

အခန်းတစ်ခုလုံးဝေ့ကြည့်လိုက်တော့

အခန်းကသန့်ရှင်းနေပေမဲ့ ဓာတ်ပုံတွေကိုတော့

မှောက်ထားတာကြောင့် စားပွဲပေါ်ကမှောက်ထားတဲ့ ဓာတ်ပုံတစ်ခုကို ယူကြည့်မိတော့.......

"အတော်လှတဲ့ အမျိုးသမီး သေသွားတာနှမြောလိုက်တာ"

သူဓာတ်ပုံလေးကိုကြည့်ပြီး ရေရွတ်လိုက်ရင်း သူနေရာသူပြန်ထားလိုက်သည်။သူဓာတ်ပုံထားပြီး တစ်ဖက်ကိုအလှည့် ခဏကသူဝင်လာတုန်းက သတိထားမိတာ မှန်တင်ခုံအံဆွဲကမပွင့်တာမို့ အခုက ပွင့်နေတာကြောင့်

ကျန်တာသာမကြောက်တာ သရဲကတော့

သေအောင်ကြောက်တာမို့

ဒူးတောင်တုန်ချင်လာရသည်။ဒါပင်မဲ့ဆိုတဲ့အနော

က်မှာ အမှန်တရားတစ်ခုပေါ်ဖို့အတွက်

သတ္တိမွေးကာ အဲ့အနားသွားတော့

အံဆွဲထဲမှာစာရွက်တစ်ရွက်ရယ် File တွေရော

ဆေးဘူးတွေပါတွေ့တာကြောင့်

သူဂျာကင်အိတ်ထဲအတင်းထိုးထည့်လိုက်သည်။ပြီး

တော့ ပြန်မယ်ဆိုပြီး တံခါးပေါက်နားအသွား

သူလက်ကိုတစ်ယောက်ယောက်က

ကိုင်လိုက်သလိုအေးတိအေးစက်ခံစားလိုက်ရတော့

သူတံတွေးမြိုချကာက အခန်းထဲက

တံခါးတောင်ပြန်မပိတ်နိုင်ပဲထွက်လာတော့

အခန်းရှေ့ရောက်တယ်ဆို

လူကြီးတစ်ယောက်နဲ့တန်းတိုးသည်။

"မင်းကဘယ်သူလဲ ဒီအခန်းထဲဘာဝင်လုပ်တာလဲ"

"ဟို ဟို ကျွန်တော်က မမေရဲ့မိတ်ဆွေပါ

သူ့ပစ္စည်းယူခိုင်းလို့"

"အေး ယူခိုင်းတာပဲယူနောက်တစ်ခါ ဒီအခန်းကို

မင်းဖွင့်စရာကိုမလိုဘူး!!!"

ထိုလူမျက်နှာက သူ့အခန်းတံခါးဖွင့်လိုက်တာနဲ့

မျက်နှာကြီးပျက်နေတာသိသာနေတဲ့အပြင် သူ့ကို

ဒေါသသံနဲ့ပြောနေတာကြောင့်

ခေါင်းတစ်ချက်ငြိမ့်ကာ

ပြန်လှည့်ထွက်လာလိုက်သည်။သူ့အောက်ထပ်ပြန်

ရောက်တယ်ဆို မမေ နဲ့တွေ့တာကြောင့်

စကားပြောမယ်ရှိသေး.........

"အား::: ဘုတ်"

အပေါ်ထပ်ကနေပြုတ်ကျလာတဲ့လူတစ်ယောက်။

အဲ့လူက ခဏကလေးတင် သူနဲ့စကားပြောနေတဲ့

လူမို့ ချက်ခြင်းကြီး ဘာဖြစ်တာလည်း

နားမလည်နိုင် ထိုလူက

အပေါ်အထပ်အမြင့်ကနေအရှိန်နဲ့ပြုတ်ကျတော့

အောက်ကကြမ်းပြင်နဲ့ ရိုက်မိတာ

သွေးတွေဖြာထွက်လာတာ

အသက်တောင်ရှိသေးရဲ့လမသိ။

"အစ်ကို !!"

"အမလေး"

ချက်ခြင်းဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်ကြောင့်
မေ ဆိုရင်ဝိုးခဲ့ပေါ်ထိုင်နေရာက
အသံပင်မထွက်နိုင်သလို ကျန်တဲ့
အလုပ်သမားတွေနဲ့ ဒေါ်သန္တာမှာလည်း
ဆွေးရိပ်ကမ္ဘာရဲ့အဖြစ်အပျက်ကို
မယုံနိုင်ဖြစ်နေရသည်။

"အမလေး ဟီးးးး ! အစ်ကိုရေ"

LaYNge

ဒေါ်သန္တာလည်းကြောင်ကြည့်နေရာမှ

ဦးဆွေးရိပ်အနားသွားကြည့်တော့

ခေါင်းကရောသွေးတွေထွက်နေကာ

ခေါ်လို့ပင်မရတော့တာကြောင့် အူလိုက်သည်းလိုက်

ငိုကြွေးနေရာက.........

"နင်တို့ ငါ့သမီးလေးကို နိပ်စက်ထားတာ

တစ်ကောင်တော့သေပြီ နောက်အလှည့်ကြ

နင်တို့အလှည့်ဆိုတာ မှတ်ထား"

အသက်မရှိတော့တဲ့

ဆေးရိပ်ကမှာကရင်ခွင်ထဒထည့်ဖက်ထားရာက

အသံကြီးထွက်လာတာကြောင့် ကြည့်လိုက်တော့

မျက်လုံးကြီးပြူးကာကြည့်နေတာကြောင့်

ကြမ်းပြင်ပေါ်လွှတ်ချလိုက်မိတော့ အဲ့ကြတော့

ဆေးရိပ်ကမှာက

အသက်မရှိတော့တဲ့သူအတိုင်းဖြစ်သွားသည်။

"ဟီး::: အမေဘာတွေဖြစ်နေတာလဲ !"

ချက်ခြင်းဖြစ်ပျက်နေတာ

ကိုယ်မျက်စိရှေ့တင်မို့လို့သာ ယုံနိုင်တာ

ခေတ်လူငယ်မို့တစ်ခြားသွားပြောရင်

အခုအဖြစ်ပျက်တွေကို

ဘယ်သူမှယုံမှာမဟုတ်ပင်မဲ့ အခုလက်ရှိ

သူ့ရှေ့တင်ဖြစ်သွားတာလေ..........။

တစ်ဖက်ကနေလက်ရာမှာ နေမင်းမာန်ဟုန်ရော

မေလက်ရာတို့လင်မယားပါရောက်နေတာကြောင့်

မိသားစုစုံနေကာ စကားပြောနေကြတာဖြစ်ပြီး နေ

ကတော့ သူ့သမီးကို သူပေါင်ပေါ်ကမချတာကို

သိတဲ့သဘာဝက မျက်စောင်းတထိုးထိုးပင်။

Lay Nge

"နင်ကဘယ်တော့ မွေးမှာလဲ ပြောထား

ငါကအလုပ်တွေနဲ့ ရက်တိုက်နေမှာဆိုးလို့"

အစ်ကိုဖြစ်သူကမေးလာတာကို

မေလက်ရာကလည်း နှုတ်ခမ်းတစ်စုံကိုမဲ့ပြသည်က

သူတို့မောင်နှမလည်း

နေတစင်းတို့မောင်နှမအတိုင်းပင်။

" 1 လပိုင်းပထမအပတ်ထဲမှာမွေးမှာအစ်ကို

အဲ့ထက်လည်း အချိန်စောနိုင်တယ်"

"အင်း

အဲ့တာဆိုနောက်လထဲအလုပ်ကိုတစ်လလုံးရှင်း

ထားရမှာပေါ့ ဒါနဲ့ ကလေးကရောဘာလဲသိပြီလား"

"နှစ်ယောက်လုံးလိုချင်တာကတော့ သမီးလေးပဲ

အစ်ကို မွေးလာတဲ့ကလေးက

ဘာလေးလည်းအဲ့အခါမှသိချင်လို့

ကြိုမရိုက်ထားဘူး.....သမီးမဟုတ်လည်း

သားဖြစ်တော့လဲ ကိုယ့်ကလေးပဲလေ ချစ်တာပဲ"

ကိုယ့်ညီထက်အများကြီးငယ်ပင်မဲ့

ဒီကောင်ကညီမလေးထက်ပိုရင့်ကျက်လို့

သူစိတ်ချလက်ချထားလို့ရတာပင်။ပါးစပ်ကသာ

မေလက်ရာနဲ့မတည့်ပင်မဲ့ ညီမလေးကို

တစ်ခြားယောကျာ်းတစ်ယောက်ကနိုင်နေမှာတော့

သူမလိုချင်။

နေတစင်း ဖေဖေတို့စကားပြောနေတာကို

နားထောင်နေရင်းက

သူ့အရှေ့ကစားပွဲပေါ်တင်ထားတဲ့

ဖုန်းကအသံမြည်လာတာကြောင့်

ယူကြည့်လိုက်တော့ တစ်ဖက်ကအိမ်ကဖုန်းမို့......

"Light မင်းအိပ်ကဖုန်းဆက်တယ်"

"ကိုင်မနေနဲ့ အိမ်ပေါ်ကဆင်းခါနီး
ဘာတွေပြောဦးမယ်မသိ"

နေတစင်းလည်း Light ကမကိုင်နဲ့ပြောတာကြောင့်
ဖုန်းထပ်ခေါ်မှာဆိုးတာမို့ အဲ့ဖုန်းကိုပါ Block ပစ်ပြီး
ဖုန်းကိုခုံပေါ် ပြန်တင်ထားလိုက်တော့
အကုန်လုံးရဲ့အကြည့်တွေက သူဆီမှာပင်။

Jay Nge

"သား ဘယ်သူဆက်လို့ ဖုန်းကိုမကိုင်တာလဲ"

"ဟိုအိမ်ကပါ မေမေ
အိမ်ပေါ်ကထွက်သွားခါနီးမျက်ရည်ချူမလို့
ဖုန်းဆက်နေတာနေမှာပေါ့"

သားဖြစ်သူစကားကြောင့်
သဘာဝကခေါင်းတစ်ချက်သာငြိမ့်ပြလိုက်သည်။သူ
တို့သာ မိသားစုကို မိသားစုလိုဆက်ဆံခဲ့ရင်
ဒီလိုတွေဖြစ်မှာမဟုတ်ဘူးလို့လဲ
ကောက်ချက်ချမိသည်။

Ring~~Ring~~Ring

နေတစင်း ဖုန်းချသွားတာ ခဏတောင်မကြာသေး နေဖုန်းကပါ ဖုန်း Called ဝင်လာတာကြောင့် ကြည့်လိုက်တော့ ကောင်းကင်နှောင်ကြိုးဆီကမို့ ဖုန်းကိုင်လိုက်သည်။

"Hello.......ဘာ!"

နေဘက်က Hello

ပြောတာတောင်မဆုံးသေးတစ်ဖက်က

ကောင်းကင်နှောင်ကြိုးပြောလိုက်တဲ့စကားကြောင့်

နေဆီကထွက်လာတဲ့ ဘာ ဆိုတဲ့အသံက

သူပေါင်ပေါ်မှာရှိတဲ့

လီလီလေးတောင်လန့်သွားရသည်။ကောင်းကင်

နှောင်ကြိုးပြောလိုက်တာက

ဆွေးရိပ်ကမ္ဘာသေပြီတဲ့လေ။

"အင်း အဲ့ကိုအခုလွှတ်လိုက်မယ်"

ပြောရင်းဖုန်းချလိုက်သည်။သူ ဒီကိစ္စကိုလင်းရိပ်ကို ကိုပြောဖို့တွေဝေနေမိသည်။ဘာလို့ဆို လင်းရိပ်ကို စိတ်ကျရောဂါကသက်သာယုံရှိသေးတာ ဒီသတင်းကြားရင်ရှော့ရသွားမှာ။ဖြစ်နေတာက မပြောလို့မရတဲ့သတင်း။

သဘာဝ တစ်ဖက်ကဘာပြောလိုက်လဲမသိ မျက်နာပျက်သွားတဲ့ မောင်ကြောင့် တော်ယုံဆို ဖြုံတောင်မဖြုံတဲ့ မောင်တောင်မျက်နာပျင်တယ်ဆို တစ်ဖက်ကပြောတာက သေးသေးလေးမဟုတ်တာသေချာသည်။

"မောင် ဘာဖြစ်လို့လဲ"

"ကျစ် !"

သူပါးစပ်ကပြောမထွက်ဖြစ်နေတာ။သူဆွေးရိပ်က မှာသေတာကို ပျော်လည်းမပျော်သလို့ ဝမ်းလည်းမနည်းပေ။ဒါပင်မဲ့ လင်းရိပ်ကိုကြ သမီးဆိုတော့ နာကျင်ရတာတွေထက် အနည်းနဲ့အများခံစားရဦးမှာ။

"ဆွေးရိပ်ကမ္ဘာ အိမ်အပေါ်ထပ်ကနေပြုတ်ကျတာ ဆုံးသွားပြီတဲ့"

သူဒီစကားကိုပြောလိုက်တာက မျက်လုံးကိုစုံမိတ်ပြီးပြောလိုက်တာပင်။ကိုယ်လည်း သမီးမွေးထားတာမို့ လင်းရိပ်ကို ခံစားချက်ကိုနားလည်သည်။

"ဟင် "

"Light !!"

နေပြောလိုက်တဲ့စကားက လင်းရိပ်ကိုအတွက် ထိတ်လန့်စရာမဟုတ်ပင်မဲ့ မထင်မှတ်ထားတဲ့ သတင်းမို့ ထိုင်ရာကထရပ်မိတော့ အနောက်ပြန်ပြုတ်ကျတာကြောင့် နေတစင်း ထိန်းထားလိုက်ရသည်။

"မောင် သေချာလို့လား"

"အင်း မောင့်သူငယ်ချင်း ရဲဖုန်းဆက်တာ"

နေရဲ့အတည်ပြုချက်အဆုံးမှာ

ဘာမှမသိတဲ့ကလေးတွေကလွဲ

အကုန်လုံးမျက်နာလုံးဝမကောင်းတော့ပေ။ဘယ်

လောက်ပဲဆိုးတဲ့ ဖခင်ဖြစ်ပါစေ

သမီးမိန်းကလေးအတွက်တော့

သူရဲကောင်းပါပဲ။လင်းရိပ်ကိုဘဝမှာက

သူမထက်တောင်ဆိုးနေသေးတာကြောင့်

သဘာဝမှာပြောစရာနှစ်သိမ့်စကားတောင်ပြောဖို့ရာ

မတက်နိုင်။

"Light စိတ်ကိုလျော့နော် စိတ်ကိုလျော့ထား

ဖြစ်ချိန်တန်လို့ဖြစ်သွားတာ....ဒီစကားပြောတာဟာ

ကိုယ်နဲ့မပက်သက်လို့မဟုတ်ဘူးနော်

မင်းခံစားနေရမှာ ကိုယ်မကြည့်ရက်လို့"

သူမတွေးနေမိတာ

အပေါ်ထပ်ကနေပြုတ်ကျတယ်ဆိုတော့

ဘယ်သူလက်ချက်လဲဆိုတာရယ် ဒယ်ဒီနာရေးကို

သွားကြည့်ဖို့ သူမသတ္တိမရှိသေးပါဘူး။

"Light ကိုယ်ပြောတာနားထောင်ကွာနော် မင်းမှာ

ကိုယ်နဲ့ ကလေးတွေရှိသေးတယ်လေ"

သူမကငိုလည်းမငိုပဲ ငူငူကြီးထိုင်နေတာမို့

နေတစင်းကပါးလေးတွေကိုင်ကာ

လှုပ်ပြီးပြောလည်း

နည်းနည်းတောင်သာမာန်ပုံစံပြန်မဖြစ်လာတာ

ကြောင့် သူကိုယ်တိုင်လန့်သွားရကာ........

"ဟင်အင်း ဟင် အဲ့လိုမလုပ် ! Light"

နေတို့ကြည့်နေရာက

သားကပါအလန့်တကြားထဖြစ်တာကြောင့်

ခေါင်းမွှေးပါထောင်ချင်သွားရကာ

ဘာလုပ်လို့ဘာကိုင်ရမှန်းမသိတော့......

"အမလေး !

ကိုယ်ကျိုးတော့နဲကုန်တော့မှာပဲ.....သား သား

သားလေး ! နေတစင်း တီတီကိုကြည့်စမ်း !!!"

ကိုယ်တိုင်ကမမော့မပါးကို

နဂိုကတည်းကတူဖြစ်သူအပေါ်သိပ်ချစ်တာမို့

ကလေးတောင် မိန်းကလေးလိုချင်တာ

ဘာဖြစ်လို့လဲဆို သားကိုအချစ်ပိုချင်လို့။အခု

သူမရှေ့မှာကလေးက

အထိတ်တလန့်အခြေအနေမို့

တူဖြစ်သူအနားချက်ခြင်းရောက်သွားကာ

အတင်းခွာကိုယ်ကိုလှုပ်လိုက်သည်။

"မောင် လုပ်ပါဦး ! သားတို့ကို"

သူမမှာဖြစ်ပျက်နေတာကိုကြောင်ကြည့်ပြီး

လက်ဖျားလေးဆွေ့ အေးစက်နေကာ

ဘာလုပ်ရမယ်မှန်းမသိဖြစ်နေရာက သတိဝင်ကာ

မောင်ကိုပြောတော့ အဲ့တော့မှ

မောင်လည်းထိုင်နေရာက ထရပ်သည်။

"နေတစင်း !!!!"

နေရဲ့အသံကြောင့် နေတစင်းတင်မဟုတ်ပဲ

လင်းရိပ်ကို ခန္တာကိုယ်ပါတုန်သွားက

အသိပြန်ဝင်လာသည်။နေက အသံကုန်နဲ့

သားဖြစ်သူပုခုံးကိုဆောင့်လှုပ်လိုက်တာမို့ပင်။

LayNge

"ဘာလဲ ဟိုအိမ်မှာနာရေးဖြစ်နေတာတင်မကလို့

မင်းကမိဘတွေကိုပါ သေစေချင်နေတာလား !

နားထောင်နှစ်ယောက်လုံး

မင်းတို့နောက်မှာငါတို့ရှိသေးတယ်"

"ကို အတွေးလွန်နေတာပါ ဘာမှမဖြစ်ပါဘူး

သေရတဲ့အကြောင်းအရင်းမှန်ကိုသိချင်တာ အဲ့တာ

ဟိုမိန်းမနှစ်ယောက်........."

ဒီကိစ္စက

ဟိုမိန်းမနှစ်ယောက်နဲ့တကယ်ကိုမပတ်သတ်ဘူးဆို

တဲ့ နေ ကသူစုံစမ်းနေတာတွေကို မိသားစုတွေကိုအမှန်အတိုင်းပြောလိုက်ရသည်။သူ ပြောတဲ့အထဲ မေလင်း အကြောင်းပါလာတော့......

"ဒါ ဒါဆို ကိုမာမီက သူတို့သတ်လို့သေရတာပေါ့"

"အဲ့လိုတော့လတပ်အပ်ပြောလို့မရသေးဘူး အဲ့ကိစ္စနဲ့ပက်သက်တာတွေစုံစမ်းခိုင်းထားတုန်း အဖြေထွက်လာမှ ဒီကိစ္စဆက်ပြောမယ်......သား နဲ့ လင်းရိပ်ကိုက ဟိုအိမ်ကိုသွား နာရေးလုပ်ဖို့အတွက်

ကလေးတွေကငယ်သေးတော့
မမြင်သင့်တာမြင်မှာဆိုးလို့ထားခဲ့"

နောက်ဆုံးတော့ လင်းရိပ်ကိုတို့စုံတွဲက
နာရေးအတွက် ဟိုဘက်အိမ်ကိုသွားရသလို
နေလက်ရာမှာလည်း ကလေးက လီလီအပါအဝင်
လေးယောက်မို့ မိုးတိမ်ရောင်တို့လင်မယားပါ
အိမ်မပြန်ရတဲ့အခြေအနေဖြစ်သွားသည်.............။

ညနေရောက်တော့စုံစမ်းရေးလွှတ်လိုက်တဲ့

ကောင်းကင်နှောင်ကြိုးကရောက်လာတော့

ညှော့ခန်းထဲ စကားအတူတူပြောနေရင်း သူက....

"ဒီမှာ ကျူပ်တွေ့ခဲ့တဲ့ ပစ္စည်းတွေပဲ

သက်သေဖြစ်မယ်ထင်တာပဲ

ကျန်တာတော့ကိုယ့်ဘာသာသွားရှာတော့

သရဲရှိတယ်!"

"ဘာ ! မင်းလိုလူမိုက်ကောင်က

သရဲကြောက်တက်တယ်"

"ခင်များရောမကြောက်ဖူးလား"

"မကြောက်ပါဘူး သရဲကသရဲ လူကလူ
စည်းဆိုတာရှိပြီးသား"

စကားပြောနေရင်း
ပစ္စည်းတွေကိုတစ်ခုခြင်းကြည့်နေရက
ခေါက်ထားတဲ့
စာရွက်ကိုတစ်ရွက်ကိုတွေ့တာကြောင့်
သူဆွဲထုတ်လိုက်ရင်း......

"ဒါက'

"မသိဘူး
ကျူပ်ကသူများကိစ္စတွေစိတ်မဝင်စားဘူး"

တကယ်တော့ စာရွက်ကိုစိတ်မဝင်စားတာမှန်ပင်မဲ့ သရဲကြောက်လို့ထွက်ပြေးလာတာဆို ပိုမှန်မှာပင်။အခုထိကြုံခဲ့ရတဲ့အဖြစ်အပျက်တွေကို ပြန်တွေးမိရင် ခြေတောင်မခိုင်ချင်ပေ။

"ဖေဖေရေ အရမ်းချစ်ပါတယ်"

သူတို့စကားပြောနေခိုက် အနားရောက်လာတဲ့ အရိပ်လေးကြောင့်မျက်လွှာပင့်ကြည့်မိတော့ ကလေးလေးဆိုပင်မဲ့ တကယ်ချစ်စရာလေးမို့ မျက်စိမလွဲချင်လောက်အောင်ကြည့်နေမိသည်။

"ဖေဖေ ! လီလီလေ ကိုကို ကိုယူချင်တယ်!"

နေမျက်လုံးပြူးသွားရသည်က သမီးက ကိုကို ကိုယူချင်တယ်ဆိုပြီး လက်ညှိုးထိုးလိုက်သည်က

ကောင်းကင်နှောင်ကြိုးမို့ မရှိမဲ့ရှိမဲ့အရက်ကိုတော့ သမီးကလုပ်ချလိုက်ပြီ။

ကလေးလေးက

သူကိုလက်ညှိုးထိုးကာယူချင်တယ်ပြောတာကြော င့် အသက်အရွယ်ကွာဟပင်မဲ့ သူရင်ဘက်ဘယ်ဘက်တစ်ခြမ်းက စောင့်ခုန်သွားတဲ့နှလုံးခုန်နှုန်းက ဒီကလေးလေးက သူ့သတို့သမီးလေးဆိုတာပါပဲ.........။

~~~~~~~~~~~~~~ဆက်ရန်။
~~~~~~~~~~~~~~

💜 Story မှာကြိုတင်တာ ကိုယ်အချစ်လေးတွေကို ဘယ်သူသေလည်းဆိုတာ အမှန်သိတဲ့လူသိချင်လို့ သိတဲ့လူလည်းရှိသလို သေစေချင်တဲ့သူတွေက တန်းစီနေရောပဲ စိတ်တိုင်းကျရဲ့လား comment လေးတွေ အများကြီး တွေ့ချင်ပါတယ်💜

￼

🍭You are my life🍭

Chapter _💜 34 💜

ဆွေးရိပ်သေရခြင်းဖြစ်စဉ်.......။

မေရဲ့ညှော့်သည်ကောင်လေး
သူဟောက်လိုက်လို့ပြန်ဆင်းသွားတယ်ဆို
သူကဖွင့်ထားတဲ့အခန်းတံခါးကိုပြန်ပိတ်မယ်အလုပ်
.....

"နင်တို့ကျေနပ်လား !
ငါ့ကိုဒီအခန်းထဲပိတ်လောင်ထားပြီးတော့
ငါ့သမီးလေးကိုနိုင်ချင်တိုင်းနိုင်နေတာ.....သူရွေးချယ်မှုနဲ့သူ ဘဝကောင်းလေးရနေတော့လည်း

Lay Nge

နေတို့ကမနေနိုင်ပဲလိုက်နှောက်ယှက်နေတာ

နင်ကိုနင်အဖေလို့သုံးနှုန်းနေတာမရှက်ဘူးလား"

အခန်းတံခါးပြန်ပိတ်မယ်ဆိုတာနဲ့

ထွက်ပေါ်လာတဲ့အသံကြောင့်

ကိုယ်လုပ်ထားတဲ့အပြစ်နဲ့

ကိုလန့်နေရသည်။ဒါပင်မဲ့ ဒီအခန်းထဲမှာ

သူမကျွတ်မလွတ်ဖြစ်နေသေးတာ

တကယ်ကိုသူမသိတာ။

"နင်ဟာမတွေက

ငါ့ကိုဒီအခန်းထဲကထွက်မရအောင်

ဘိုးတော်လိုလိုအကောင်တွေနဲ့

ငါ့ကိုလုပ်ထားလို့ထွက်မရတာ......နင်တို့ပေါင်းရဖို့

ငါ့ကိုသတ်တာတင်အားမရပဲ

ငါ့ကိုဒီဘဝနဲ့နေရအောင်လုပ်ထားတာ......အခုနင်တို့

အချုပ်အနှောင်ကနေငါလွတ်ပြီ

ငါ့သမီးကိုဒုက္ခပေးထားတဲ့ဘယ်သူကိုမှ

ခွင့်မလွှတ်ဘူး နင်ကအစပဲ!"

အသံသာကြားနေရပင်မဲ့ လူကိုမမြင်ရတာမို့

ဆွေးရိပ်လည်း

ယောကျ်ားတန်မဲ့နဖူးကချွေးတွေစို့လာကာ

အောက်ထပ်ကိုဆင်းဖို့အလှည့်........

"ငါ့သမီးကို နိပ်စက်တာနင်ကရှေ့ကလုပ်ပြလို့

နင်မယားနှစ်ယောက်က နိုင်တာ နင်အရင်သွား!"

ဆိုကာ အပေါ်ထပ်ကနေတွန်းချပစ်လိုက်တာ

ပြုတ်ကျသွားပြီး မရှုမလှဖြစ်နေတဲ့အထိကို

အားရပါးရကြည့်နေခဲ့မိတာ။အခု အိမ်ရဲ့ကြမ်းပြင်နဲ့

ခေါင်းမိတ်ဆက်ကာ

တစ်ခါထဲအသက်ထွက်သွားတဲ့လူက

သူမအရမ်းချစ်ခဲ့ရတဲ့သူ ဒါပင်မဲ့ အဲ့အချစ်တွေက

ကိုယ်ကိုသတ်တဲ့အချိန်ထိတောင်ရှိခဲ့ပင်မဲ့

ချစ်ရတဲ့တစ်ဦးတည်းသောသမီးလေးကို

နိုင်နေတာတွေမြင်ခဲ့ရတာ

သတ်ချင်လောက်တဲ့အထိစိတ်နာခဲ့မိသည်..............။

နေတစင်း နဲ့ လင်းရိပ်ကိုတို့ရောက်လာတော့

အိမ်မှာကအကုန်ပြင်ဆင်ပြီးနေပြီဖြစ်ကာ

အလောင်းကတော့

ဆေးရုံရောက်သွားပြီဖြစ်သည်။အလောင်းက

သင်္ဂြိုလ်မဲ့နေ့မှ ရင်ခွင်ရုံကနေသွားထုတ်ရမှာပဲ။

"ဒယ်ဒီကဘယ်လိုတောင်ဖြစ်ရတာလဲ"

"အန်တီတို့နဲ့မဆိုင်ဘူး
သူ့ဘာသာအပေါ်ထပ်ကနေပြုတ်ကျတာ"

ဒေါ်သန္တာစကားကြားတယ်ဆို လင်းရိပ်ကိုက
ဟားတိုက်ရီလိုက်ရင်း
သူတို့သားအမိမျက်နှာကိုကြီးပြီး.......

"ကျွန်မမာမီဆီကလုတုန်းကကြအသည်းသန်နဲ့အခု
တော့
ကိုယ်တိုင်လုပ်ကြံပစ်လိုက်တာလားပြောစမ်းပါ !
ရှင်တို့မှာ လူစိတ်ဓာတ်မရှိဘူးလား သူ့သမီး နဲ့
သူ့ကိုချစ်တဲ့မိန်းမကိုတောင်သတ်ပြီး
ရှင်တို့ကိုရွေးတာ အဲ့တာကိုသတ်တာ"

နာရေးကိုလာတဲ့လူတွေကြားထဲ
လက်ညှိုးထိုးပြောနေတဲ့ လင်းရိပ်ကို ကို
ဒေါ်သန္တာတို့မှာ ငြင်းချက်ထုတ်ချိန်မရပဲ
ဟိုကလက်ကရိုက်ဖို့ရွယ်နေတာ အနောက်က
နေတစင်းကဆွဲထားလို့ပင်။

"ပြီးတော့ ဒယ်ဒီလည်းအရမ်းရက်စက်တာ သူ့ဘာသာနှလုံးရောဂါခံရှိတဲ့ မာမီကို စိတ်ဒုက္ခပေးရတာမကျေနပ်လို့ ဆေးပါပြောင်းပြီး ဒုက္ခပေးတာ အဲ့ကိစ္စကတော့ ဒယ်ဒီကမရှိတော့ဘူးဆိုတော့ ရှင်တို့တာဝန်ယူဖို့ပြင်ထား မာမီသေဆုံးမှုအတွက် ထိုက်တန်တဲ့အပြစ်ခံစားစေရမယ်လို့ မာမီနဲ့ ကျိန်ဆိုတယ်!!"

"မဟုတ်ဘူး ! လင်းရိပ်ကို မင်းထင်နေတာတွေ"

Lay Nge

"မဟုတ်ဘူးဆိုရင် အခုတော့ငြင်းထားဦးပေါ့ ကျုပ်တို့ဆီမှာ သက်သေတွေရှိတယ် ဦးဆွေးရိပ်နာရေးပြီးသွားတာနဲ့ ခင်များတို့ရင်ဆိုင်ဖို့အသင့်ပြင်ထား"

နာရေးကိုလာတဲ့ အမြဲသန်မာနေတဲ့ Light ကိုတစ်ချို့သူတွေက သနားနေကြသလို တစ်ချို့ရဲ့မျက်နာတွေကို ကြည့်ရင်း သဘောပေါက်ကာ နေတစင်းသူပဲ လူဆိုးအဖြစ်ခံပြီး ဝင်ပြောလိုက်သည်။

"Light ကိုယ်တို့ကအခုအချိန်မှာ နာရေးအတွက်ပဲ ဦးစားပေးရအောင် ပြီးမှ ဖြစ်သင့်တာတွေကို လုပ်ကြတာပေါ့ မင်းဘေးမှာကိုယ်အမြဲရှိတယ်နော် ဟုတ်ပြီလား......ပြီးတော့ မင်းမိဘမဲ့သွားတာမဟုတ်ဘူးနော် ကိုယ်မိဘတွေလည်း Light ရဲ့မိဘတွေပဲလေနော်"

သူမပုခုံးလေးကိုင်ကာ အားပေးလာတဲ့ ပါးစကားတွေကြောင့် မျက်လုံးအိမ်ထဲအားတင်းနေရင်းတောင်

မျက်ရည်ဝဲလာရသည်။ဟုတ်တယ်
သူမမှာမိသားစုရှိသေးတယ်ဆိုဆဲ့စိတ်နဲ့
ထိန်းနိုင်ရမည်။

နေတစင်း အားနည်းနေတဲ့သူမလေးကို
လူတွေထိုင်နေတဲ့ အနားခေါ်သွားကာ
သူကဘေးနားကဝင်ထိုင်ပေးရင်း
သူမပုခုံးလေးကိုဖက်ထားရသည်။နာကျင်မှာပေါ့
ဘယ်လောက်ကိုယ်အပေါ်နည်းကျင်ပောင်လုပ်လုပ်
မိဘကမိဘပဲလေ။

"နေမင်းလက်ရာ တောင်မတွေ့တာကြာပြီ

ဒီကောင်ပွဲတွေမတက်တော့ဘူးလား"

"ဟုတ်တယ် အန်ကယ် ဖေဖေကသူ့ပွဲတွေတက်ရင်

မိသားစုကိုအချိန်မပေးနိုင်မှာဆိုးလို့လေ

ချဲ့ထွင်းမဲ့လုပ်ငန်းတွေတောင်

သူမလုပ်တော့ဘူးပြောနေတာ"

သူဝင်ထိုင်တယ်ဆို ဖေဖေမိတ်ဆွေထင်ရတဲ့

အန်ကယ်တစ်ယောက်က သူ့ကို

ဖေဖေအကြောင်းမေးလာတော့

မဖြေလို့မကောင်းတာမို့

သူကပြန်ပြောလိုက်တော့......

"အော် ကိုဆွေးရိပ်သမတ်က နေလက်ရာ CEO ရဲ့

သားလား"

ကိုဆွေးရိပ်ကမှာက သူတို့နဲ့တွေ့တိုင်း

သမီးယူတဲ့ကောင်က ဘာကောင်မှမဟုတ်

အောက်ခြေလူတန်းစားမို့လို့ မင်းတို့ကို

မင်္ဂလာပွဲမဖိတ်တာလို့ပြောခဲ့ဖူးတာမို့

သူကမမြင်ဖူးတော့ မေးလိုက်တာပင်။

ပါး ဘေးနားထိုင်နေရာက

ဒယ်ဒီမိတ်ဆွေတစ်ယောက်က ပါးကိုကြည့်ပြီး

မယုံနိုင်စွာပြောနေတာကြောင့်

သေချာသိလိုက်တာကတော့ ဒယ်ဒီက ပါး

အကြောင်းကို

မကောင်းတာပြောထားတယ်ဆိုတာ။သေချာတွေး

ကြည့်ရင် ဖခင်ပဲရှိတဲ့သူမရဲ့မင်္ဂလာပွဲကို

ဒယ်ဒီတင်ခဲ့တာမှမဟုတ်တာ။

"ဟုတ်တယ်လေ ကိုမင်းကမသိဘူးလား သူ့မင်္ဂလာပွဲက ဒီလောက်ခမ်းနားပြီး သတင်းစာထဲတောင်ပါတာကို"

နေလက်ရာ မိသားစုဝင်မင်္ဂလာဆောင်တာဘာသတင်းစာထဲပါတဲ့ ကိစ္စကတကယ်တမ်းဆိုအထူးအဆန်းတော့မဟုတ်။ အမြဲ သတင်းသမားတွေက နေလက်ရာ Group နဲ့ပက်သက်လာရင် သူအပြိုင်ကိုယ်အပြိုင်ပဲလေ။

"ဟုတ်ကဲ့ ထိုင်ကြပါဦး"

အန်တီမိုးက
အိမ်ထဲကိုလူခေါ်နေတဲ့အသံကြားတာကြောင့်
အိမ်ရှင်တွေကပါခေါ်သင့်တာကြောင့်
ခေါ် ဖို့နေတစင်းလှည့်ကြည့်လိုက်တယ်ဆို
မြင်ကွင်းထဲ ပေါ်လာတဲ့မျက်နှာတွေကြောင့်
ချက်ခြင်းတည်သွားသည်။

"ဟာ ကိုရှိုင်းထက်မြတ်တို့ပါလား
လာဒီမှာလာထိုင်ကြ"

သူတို့ကိုထိုင်ဖို့ခေါ်တဲ့ဝိုင်းမှာ ထိုင်နေတဲ့
မြေးဖြစ်သူကိုမြင်ကိုမြင်တယ်ဆို
အမြဲတမ်းမြင်ချင်နေတာမို့
မြေးဖြစ်သူဘေးမှာဝင်ထိုင်လိုက်တော့ နေတစင်းက
တစ်ဖက်ကိုတိုးသွားသည်။

"ကျစ် ! အရှုပ်တွေ
အကုသိုလ်တွေကအပြိုင်ရောက်လာတာပဲ"

နေတစင်းမှာ ဒေါသထွက်လွန်းလို့
စိတ်ကိုမနည်းထိန်းနေရသည်။ကိုယ်ရန်သူက

Lay Nge

ကိုယ့်အနားရောက်တာတောင်

ဘာမှမလုပ်နိုင်တဲ့အဖြစ်။

"မြေး"

သူ့ကို မြေး လို့ခေါ်လာတာကြောင့် နေတစင်း

ပေစောင်စောင်ပြန်ကြည့်လိုက်မိတော့

တစ်ဖက်ကဦးလေးဆိုသူက သူ့ကိုကြည့်လာတယ်

ခပ်ချဉ်ချဉ်ပြန်ကြည့်လိုက်မိသည်။ဖေဖေတို့ကို

ဒုက္ခပေးခဲ့တာမို့ ပိုမုန်းသည်။

"ဦးထက်မြတ် တို့က သိကြတာလား"

"နေတစင်း အမေကကိုယ်သမီးလေ သူကမြေးပေါ့"

"ဟုတ်တယ် ကျွန်တော်တူ"

"ဘာ !"

နေတစင်းဦးထက်မြတ်ပြောတုန်းကတော့
အဲ့လောက်ထိဒေါသမပေါ်လာပင်မဲ့

ရှိုင်းထက်မြတ်လည်းပြောရော
ထိုင်နေရာကနေထရပ်ပြီးသားပင်။

"ခင်များနဲ့ ကျွန်တော် ဘာတော်လို့လဲ
မဟုတ်တာတွေလာမပြောနဲ့"

"အမှန်တရားကိုလက်ခံလိုက်ပါ သား"

သူကိုလာပြီး သား
ဆိုကာဖြစ်ခဲ့သမျှကိုမေ့ခိုင်းနေတဲ့
ရှိုင်းထက်မြတ်ဆိုတဲ့ လူကြီးကို ထိုးချင်လွန်းလို့

Lay Nge

လက်သီးကိုကျစ်အောင်စုပ်ထားပြီး
စိတ်ကိုမနည်းထိန်းနေရသည့်အဖြစ်။

"သား လို့ခေါ်ရအောင် ကျုပ်ကခင်များ
သားမဟုတ်ဘူး"

ဒီအခြေအနေမှာတော့ လူတွေအမြင်မှာ
သူဟာအရိုင်းအစိုင်းကောင်တစ်ယောက်ဖြစ်ရင်ဖြစ်
နေမယ် သူတို့မိသားစုခံခဲ့ရတာတွေပြန်တွေးရင်
သူလုပ်နေတာဆွေမများဘူးဆိုတာသေချာသည်။

Lay Nge

"ပါး ! စိတ်ကိုထိန်းနော် သူတို့ကညော့်သည်တွေ ကိုယ်ကအိမ်ရှင်"

သူမပြောမှ သူနေရာသူပြန်ထိုင်လိုက်သည်။သူက ဖေဖေလိုမပြတ်သားရင်တောင် အဲ့တာကကျန်တဲ့သူဆွေအတွက်ဖြစ်ပြီး ရှိုင်းထက်မြတ်ဆိုတဲ့ ကောင်အတွက်တော့မဟုတ်.............။

"မောင် ညနေဘက်ကြီးသွားမလို့လား"

မောင်က နာရေးအိမ်ကိုသွားမယ်ဆိုပြီး
ပြောနေတာကြောင့် သူမက
ဆောနေတဲ့ကလေးတွေနားထိုင်ကြည့်နေရင်းက
ပြောတော့.....

"မောင် မသွားလို့မှမကောင်းတာ မရဲ့
အခုညနေလည်း မဟုတ်သေးဘူး
တစ်နာရီလောက်ရှိသေးတာ ပြီးတော့ ဟိုကောင်
ကျော်သူရတို့တောင်မဆိုင်ပဲနဲ့ အဲ့ကိုရောက်နေပြီ"

တကယ်လည်း

ဟိုကောင်နေကရောက်နေတာဖြစ်ပြီး

သူမသွားလို့လည်းမကောင်း။မဟုတ်ရင်လူတွေက

နှစ်ဖက်မိသားစုမတည့်တာကိုသိသွားမဲ့အပြင်

သူတို့မိသားစုအပေါ်

အထင်အမြင်သေးမှာမလိုချင်။တစ်နာရီနှစ်နာရီ

လောက်သွားပြီး မျက်နာပြလိုက်ရင်ပြီးပြီ။

"အဲ့တာဆိုလဲသွား ကလေးတွေနဲ့နော်

ညမှောင်တဲ့အထိ အဲ့မှာမနေနဲ့ မောင်"

"အွန်းပါ မောင်သိပါတယ် ကွာ"

"မသွားနဲ့ဆိုတာကို ဖေဖေနော်"

မိန်းမကတောင်သူကို သွားလို့ပြောနေတာ

သူ့ကိုမသွားနဲ့တားလာသူကတော့

အမွှာလေးတွေရယ်

ဟိုကောင်စုတ်လေးနဲ့အတူတူဆော့နေတဲ့

သမီးထံကပင်။

"မသွားလို့မရဘူး အဲ့မှာ

ကိုကိုရှိတယ်လေသမီး....ဖေဖေ

ခဏလေးသွားမှာပြန်လာခဲ့မယ်"

"အဲ့ဆို လီလီလည်းလိုက်မယ်"

သူသွားမဲ့နေရာက

တစ်ခြားနေရာဆိုရင်တော်သူခေါ်ရင်သွားဦးမှာ။အ

ခုက

နာရေးအိမ်သွားမှာဆိုတော့သမီးလေးကိုလုံးဝခေါ်

သွားလို့မရပေ။နေတစ်ယောက် သူလိုက်ချင်တာ

Lay Nge

မလိုက်ရရင်ကောက်တေးလုပ်မဲ့ သမီးကို

ဘယ်လိုပြောရမလဲနည်းလမ်းရှာနေခိုက်

ကုတင်ဘေးကခုံလေးပေါ်တင်ထားတဲ့ သူ့ဖုန်းက

phone called ဝင်လာတယ်ဆို

သူကခြေလှမ်းတုန်းရှိသေး........

"ဖေဖေ ငြိမ်ငြိမ်နေ !"

ပြောကာ လူတက်ကလေးလုပ်ပြီး

သူ့ဖုန်းကိုသွားယူကာ ဖုန်းကိုင်လိုက်ရင်း

ဖုန်းကိုအဖေဖြစ်သူသင်ပေးထားတဲ့အတိုင်း ဘယ်ဘက်နားကို ကပ်ကာ.....

"ဟယ်ရို ဘူနဲ့ပြောချင်တာလဲ"

"ကလေးလေး အန်တီက CEO နဲ့....."

တစ်ဖက်ကဘယ်သူလဲတော့မသိ သမီးက သူ့ကိုလှည့်ကြည့်လာပြီး မျက်လုံးတစ်စုံကိုနေးစင်းကာကြည့်လာတာကြောင့် မ နဲ့လင်မယားနှစ်ယောက်

Lay Nge

တစ်ယောက်ကိုတစ်ယောက်ကြည့်မိသည့်အထိပင်

။

"  ရှိတယ်ပြော ဘာပြောချင်လို့လဲ "

"ဟိုလေ CEO ကိုဖုန်းပေး........"

"ဘာရယ် ဖေဖေကိုကြိုက်နေတာရား ဟမ်

ပါးချမှာနော် ! သတ္တိရှိရင် ရာခဲ့ လီလီတဲ့ဘာမှတ်!!"

Lay Nge

သဘာဝမှာတော့

မောင်ကလုပ်ငန်းကြီးတည်ခုကိုဦးဆောင်ဆောင်နေ

ရသူမို့ သူအလုပ်လုပ်တဲ့အထဲ

ယောကျာ်းရောပါသလို မိန်းမရောပါမှာမို့

တစ်ဖက်ကသမီးပြောနေတဲ့သူက

မိန်းကလေးဆိုတာသေချာတာကြောင့်

မောင့်လုပ်ငန်းပါတနာဆို

ဘယ်လောက်အားနာဖို့ကောင်းလိမ့်မလဲ။

"မဟုတ်ဘူးသမီးရဲ့မမက"

"တိတ်စမ်း !!! လီလီစိတ်တိုလာရင် လူသတ်မှာနော် ဘာလက်နက်ကြိုက်လဲ တစ်ခါထဲရွေးနော်......ဖေဖေမှာ ချစ်ချစ်ရှိတယ် အဲ့တာလီလီ မေမေ ကြားလား!"

လီလီကတစ်ဖက်ကနေပြောချင်ရာပြောနေသလို ဝန်ထမ်းကောင်မလေးမှာလား အကူအညီတောင်းစရာရှိလို့ ဖုန်းဆက်တာ CEO ဆီဆက်မှ  တကယ့် CEO ရဲ့အချစ်တော်နဲ့မှလာတွေ့နေတာကြောင့်.....

"ဟို တောင်းပန်တယ်နော် မမဖုန်းချတော့မယ်"

"ဟွန်း ! ဖေဖေထိချင်ရင် လီလီရှိ!!"

တစ်ဖက်က နေအတွင်းရေးမှူးရဲ့ကောင်မလေးက
သူလူကြီးကိုဆက်သွယ်လို့မရလို့ နေ
ဆီဖုန်းဆက်မေးရာက
တကယ်လူနဲ့တန်းတိုးတာပင်။

"ဖေဖေ !! ကောင်မလေးကဘယ်သူလဲ"

"ဘယ်ကောင်မလေးလည်း သမီး"

"ဖုန်းနဲ့ဆက်တာလေ

အဲ့တာဘယ်သူလဲသိချင်တယ်အခုပြောနော် !"

မောင်တစ်ယောက် နာရေးသွားမယ်ဆိုပြီး

သူ့သမီးရစ်တာကိုခံနေရတာ

သူမတောင်သနားလာရသည်။သူမယောကျ်ားလေး

ကို နိုင်စားလိုက်တာဆိုတာကို။

"ဖေဖေလည်းမသိဘူးလေ သမီးရဲ့"

"ဖေဖေနော် အပြင်ကမိန်းမတွေကိုမချစ်နဲ့
မေမေကိုပဲချစ် မေမေကချစ်စရာလေးလေ"

"ကဲ ဖေဖေဆီဖုန်းဆက်တာဆို
ဘယ်လောက်အားနာဖို့ကောင်းမလဲပြော"

သဘာဝက
မောင်သွားရမှာကိုအချိန်တအားလွန်သွားမှာဆိုးလို့
ပြောတော့ သမီးကလည်း အလည်တုံးလေးမို့

အဖေကို မေးခွန်းထုတ်နေရာက
သူမဘက်ကိုလှည့်လာသည်။

"အဲ့ဒါဆို မေမေက
ဖေဖေအပြင်မှာကောင်မလေးတွေနဲ့
မချစ်ဘူးဆိုတာ ယုံလား"

"ယုံတာပေါ့
ငါ့ယောကျာ်းကအပြင်သွားတာအလုပ်သွားလုပ်တာ
လေ ငါ့ကဘာလို့မယုံရမှာလဲ"

"ယုံပေါ့ ဟွန့် ပြောတော့ဘူး
မချစ်ကြတော့ရင်သူများကိုလာမပြောနဲ့....ဟွန့် ရော့
ဖေဖေဖုန်း"

သူတို့လင်မယားနှစ်ယောက်လုံးကို
မျက်စောင်းလေးဝင့်လျက် မောင်လက်ထဲ
ဖုန်းကိုထည့်ပေးကာ
သူတူတွေနဲ့အတူတူသွားဆော့နေတာကို မောင်က
သဘောကျလျက်......

LayNge

"မောင် ပြန်လာမှသမီးလေးကို ချော့တော့မယ်နော် မောင်သွားတော့မယ်"

"အင်း

သမီးပြောသလိုအပြင်မှာသာရှုပ်ရဲရှုပ်ကြည့်နော် မောင် မလွယ်ဘူးမှတ်....ဒီတစ်ခါ သဘာဝတစ်ယောက်ထဲမဟုတ်ဘူး သမီးပါရှိတယ်"

"မောင့်ဇနီးရယ် ဒီတစ်ခါလိုပြောရအောင် မောင်ကအရင်တစ်ခါဆိုတာရှိခဲ့ဘူးလို့လားဗျာ

ပြောပါဦး......အရမ်းချစ်တာ ဒီတစ်ယောက်ထဲလေ မသိဘူးလား"

မေမေကိုအနမ်းပေးကာထွက်သွားတဲ့ ဖေဖေကိုကြည့်ကာ လီလီနှုတ်ခမ်းလေးဆူသွားရသည်။တကယ် သူတို့လင်မယားချစ်နေကြရင် သူမကအပစ်ပယ်ခံထားရတာ အဲ့တာကြောင့် ကိုကို ကိုချစ်မယ်ဆိုတော့လည်း ဖေဖေကလက်မခံ တော်တော်ခတ်တယ်.........။

LayNge

လင်းရိပ်ကိုတို့လမ်းထဲရောက်တော့

ဟိုကောင်တွေကသူမလာသေးဘူးထင်လို့

ဖုန်းတွေဆက်တိုက်ခေါ်နေတာကြောင့်

နားငြီးလာတာကြောင့်

ကားမောင်းရင်းကိုင်လိုက်တော့.....

"ဟိတ်ကောင်တွေဘယ်လိုဖြစ်နေတာလဲ

ငါလာနေပြီ"

"မဟုတ်ဘူး....."

ဟိုဘက်ကကျော်သူရစကားတောင်မဆုံးလိုက်

သူကဖုန်းကိုချပစ်ကာရောက်ခါနီးပြီမို့

ထပ်ပြီးခေါ်လာတဲ့ဖုန်းကိုမကိုင်တော့ပဲ

လင်းရိပ်ကိုတို့အိမ်ရှေ့ရောက်တာနဲ့ နာရေးအိမ်မို့

လူတွေများကာ

ခြံတံခါးဖွင့်ထတာကြောင့်တန်းဝင်လာလိုက်သည်။

ကျွိ......

သူကားကိုရပ်လို့ရတဲ့နေရာမှာရပ်လိုက်ရင်း

ကားပေါ်ကဆင်းတယ်ဆို အိမ်ထဲကနေ

သူ့သူငယ်ချင်းတွေကအိမ်ထဲကနေထွက်လာကာ သူ့အနားရောပ်လာသည်။

"နေ မင်းငါ့တို့စကားကိုဆုံးအောင်မင်းနားမထောင်ပဲ ဖုန်းချတယ်နော်
ပြောစရာရှိတာကိုဆုံးအောင်နားမထောင်ဘူး"

"ငါအခုရောက်လာတာပဲ လေ
မင်းတို့ကိုပြန်ပြောနေတော့ရော
ဒီစကားပဲပြောင်းသွားတာမှမဟုတ်တာ"

သူတို့ကိုစကားပြောရင်း

အိမ်ထဲဝင်ဖို့လုပ်နေတဲ့ကောင်ကြောင့်

ကျော်သူရတို့မှာ အခုထိမပြန်သေးတဲ့

ရှိုင်းထက်မြတ်ကြောင့်

အိမ်ထဲဝင်သွားမှာဆိုးရင်နေတာအပြင် အထဲမှာ

နေတစင်းတစ်ယောက်ထဲတောင်

တစမယောက်တစ်ခွန်းများနေကြတာ

ထသတ်တော့မဲ့အတိုင်း။

"နေရာ ငါတို့ပြော......"

ကျော်သူရစကားပင်မဆုံးသေး

အိမ်ထဲကနေဒေါသတကြီးထွက်လာတဲ့

နေတစင်းကြောင့် နေလည်းမြင်သွားသလို သိနေတဲ့

ကျော်သူရတို့မှာ ဘုရားပါတမိတဲ့အထိ။

"ဖေဖေ !"

နေတစင်း အထဲကနေ

ရှိုင်းထက်မြတ်ကသားလို့ခေါ်နေတာတဲ့အပြင်

မေမေနဲ့ကမောင်နှမအရင်းတွေဖြစ်ကြောင်း

ကြွားလုံးထုတ်ပြနေတာကြောင့် ဆွဲမထိုးယုံလေး

Lay Nge

ကော်လံစစောင့်ဆဲ့မိပြီးမှ ကိုယ်ဒေါသကိုထိန်းကာ အပြင်ထွက်လာတယ်ဆို ဖေဖေနဲ့ တွေ့ခြင်း။

"ဘာဖြစ်လာတာလဲ လင်းရိပ်ကိုနဲ့တော့ မဟုတ်ဘူးမလား"

"ကျစ် ! အထဲမှာ ဖေဖေရန်သူတော်ကြီးရောက်နေတာ သားနဲ့စကားများလာတာ...သူကိုသူများ မေမေနဲ့မောင်နှမလေးဘာလေးနဲ့ သားကိုလည်း

ငါ့တူလေး ငါ့သားလေးလုပ်နေတာ ဒေါ်သထွက်တယ်"

"ဘာ! အဲ့ခွေးသတောင်းစားက အဲ့လိုပြောတာလား"

ကျော်သူရတို့မှာ နေတစ်ယောက်ပါးစပ်ကအဆဲအဆိုနဲ့ထွက်လာပြီမို့ ဒီကောင်က ရန်ဖြစ်ဖို့ဆိုနေရာဒေသမရွေးတဲ့ကောင်ဖြစ်တာ ကြောင့် နှစ်ယောက်က ဘေးကနေတားသလို

ကျော်သူရကလည်း ဒင်းမသိအောင် သဘာ၀ပန်းဆီဖုန်းဆက်လိုက်ရသည်။

"ဟုတ်ကဲ့ ပြောပါရှင့် မောင်ကနာရေးသွားတယ်"

"ဟုတ်ပါတယ် နေကနာရေးကိုရောက်နေပါပြီ ဒါပင်မဲ့ နေကအခုရန်ပွဲဖြစ်တော့မှာမို့ သဘာ၀ပန်းတားပေးပါဦး"

ဖြစ်သမျှအကြောင်းကို ကျော်သူရက သဘာ၀ဆီကိုအကုန်ပြောပြလိုက်သည်။ဒီကမ္ဘာမှာ

ဒီကောင်ရန်ဖြစ်တာကိုတားနိုင်တာ

သဘာဝပန်းပဲရှိတာလေ။

"သားအဖနှစ်ယောက်ရှိတာ

တစ်ယောက်ကိုထိတစ်ယောက်လုပ်မှာမို့

စိတ်မပူပါဘူး...အခုကိစ္စကလည်း သူတို့ဘက်က

မောင်မကြိုက်တာလုပ်တာ ဖြစ်ပါစေ"

"ဟာ"

သူကိုဖုန်းဆက်တာ

တားမလားမှတ်တယ်သူကပါအားပေးအားမြှောက်

လုပ်နေတာကြောင့်

ကျော်သူရမှာပြောစရာကားပင်ထွက်ချင်တာတောင်

ပြန်မြိုချလိုက်ရသည်။ဒီအတိုင်းဆိုဟိုကောင်က

မိန်းမမြှောက်ပေးတဲ့အတိုင်း

ကွေးနေအောင်ကတော့မှာအသေအချာမို့ရင်မောသွားရသည်.............။

~~~~~~~~~~~~~~ဆက်ရန်။
~~~~~~~~~~~~~~

💜အခုမှ မေမေကိုဆေးခန်းပြပြီး

ပြန်လာတယ်ဆိုတင်ပေးတာပါ💜

🍭You are my life🍭

Chapter _💜 35 💜

Lay Nge

နေ

သူငယ်ချင်းတွေကပြဿနာတက်မယ်ထင်ထားခဲ့

သောလည်း သူတို့ထင်ထားသလိုမဟုတ်ပဲ

ရှိုင်းထက်မြတ်နဲ့သွားပြီး
အေးဆေးစကားပြောနေတဲ့ နေကို
နေတစင်းနဲ့သူတို့ကအနောက်ကကြည့်နေမိသည်။

"ငါမင်းအပေါ် ရန်ငြိုးတွေမထားတော့ဘူးဆိုပင်မဲ့
ငါ့ကလေးတွေနဲ့ပက်သက်ခွင့်မပေးထားဘူးနော်"

"ဒါပင်မဲ့ နေတစင်းကငါ့တူလေ"

"အဲ့နေ့ကသာ
မင်းကငါ့မိန်းမကိုတစ်ခုခုလုပ်လိုက်ရင်

LayNge

ငါ့သားကမင်းသားဖြစ်ချင်ဖြစ်နေမှာလေ.....ကိုယ်လုပ်ခဲ့တာတော့ ကိုယ်မမေ့နဲ့ပေါ့ကွာ

အခုငါအတက်နိုင်ဆုံးတောင်မဟုတ်ဘူး

ငါ့စိတ်ကိုဟိုအောက်ဆုံးထိချထားတာ....မင်းအတွက်မဟုတ်ပဲ ငါ့သားအတွက်

ငါ့သာစိတ်ရှိတဲ့အတိုင်းပြုမူလိုက်ရင်

ဘဝသက်တမ်းတွေအများကြီးကျန်သေးတဲ့

ငါ့သားပါပါလာမှာသိလို့"

အနောက်ကကြည့်နေတဲ့သူတွေကသာ

အေးဆေးပြောနေတယ်ထင်ကြပင်မဲ့

စကားပြောနေကြတဲ့နှစ်ယောက်ကတော့

နေရဲ့အသံမှာရန်လိုမှုတွေပါတာကိုသိပင်မဲ့

ရှိုင်းထက်မြတ်အဖို့

ကဖစ်ပျက်ခဲ့တာတွေသူ့အမှားတွေကြီးပဲမို့

နေမင်းလက်ရာပြောသမျှကို ခေါင်းငုံခံရမှာပင်။

"မင်းပြောတာ သဘာဝကြပါတယ်ကွာ

အန်ကယ်လည်း

မသေခင်လေးမြေးလေးတွေနဲ့တွေ့ချင်လို့ပါကွာ

အကြီးလေးကအတွေ့မခံဘူးဆိုလဲ......"

"သမီးဆိုရင်တော့ပိုဆိုးတယ် ဟိုတစ်ခါ

ကျွန်တော်မိန်းမပြောဖူးသလိုပဲ

သမီးကသူစိမ်းတွေနဲ့ နေရတာ သဘောမကျသလို

စိတ်ကကြီးတော့

ဘယ်သူနဲ့မှအဆင်မပြေဘူး.....ဘာပဲဖြစ်ဖြစ်ပါတွေ့

ချင်တယ်ဆို အိမ်ကိုလာခဲ့ပါ အန်ကယ်ကိုတော့

ကျွန်တော်ခွင့်ပြုပါတယ်"

ဒီစကားတွေက နေမင်းလက်ရာအတွက်

အကောင်းဆုံးသက်ညှာပေးမှုတွေမို့

သူ့အတွက်မပါပင်မဲ့

ဖေဖေကိုတွေ့ခွင့်ပေးမယ်ဆိုတာနဲ့တင်

သူဆုတောင်းပြည့်ပါပြီ။ဖေဖေဟာအသက်အရွယ်ကြီးရင့်နေပြီမို့တွေ့ချင်မှာပဲလေ......

"အဖေကိုတွေ့ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် နေမင်းလက်ရာ"

"ကိုယ့်မိဘအရွယ်လူတစ်ယောက်ကိုတော့ အပြစ်မရှိအပြစ်ရှာနေတဲ့ ကောင်မှမဟုတ်တာ"

ပြောပြီး

သားတို့ကိုတစ်ချက်သာကြည့်ရင်းတစ်နေရာကိုထွ

က်လာလိုက်သည္။သူကသာစိတ်ကိုဦးစားပေးလိုက်
ရင် သူလိုကောင်အတွက်ကထောင်ဆိုတာ
အိမ်လိုဖြစ်ခဲ့တာမို့အကြောင်းမရှိပင်မဲ့
သားကိုတော့အဲ့လိုအဖြစ်မခံနိုင်............။

နာရေးအိမ်မှာက
သားတိုကဘာမှမလုပ်တက်မကိုင်တက်တွေမို့
သူကဦးဆောင်က လုပ်သင့်တာတွေ
လုပ်ရမှာတွေကိုပြောပြီး
သူ့အသိတွေလာတာကြောင့်
စကားတွေပြောရင်းက အိမ်ပြန်လာတော့ ည
၆နာရီထိုးနေပြီ။သူအိမ်ရှေ့ကားထိုးရပ်တာနဲ့

သမီးလေးကပြေးထွက်လာတာကြောင့်

ဘယ်တုန်းကမှ သရဲဆိုတာမယုံခဲ့တဲ့ကောင်ကာ

ကားပေါ်ကမဆင်းခင်

စက်ကိုင်းတောင်သွားတုန်းကပါလာတဲ့

ပဉ္စာန်းရေအနည်းအငယ်ကို သောက်လိုက်ရင်း

သူ့ကားထဲလည်း အနည်းငယ်ပတ်လိုက်ပြီးမှ

ကားပေါ်ကနေဆင်းလိုက်သည်။

"ဖေဖေကို လီလီကမျှော်နေတာ အကြာကြီးပဲ

အခုမှ ဖေဖေကပြန်လာတယ်

နေတောင်မရှိတော့ဘူး"

နေ သမီးလေးကိုကောက်ချီရင်း

သူပါးကိုနမ်းရင်းပြောလာတဲ့ သမီးလေးကြောင့်

သူကိုယ်တိုင်လည်း

သမီးလေးကိုပြန်နမ်းရင်းက........

"ဖေဖေက အလုပ်သွားဝိုင်းလုပ်နေတာလေ

ဒကြောင့်နောက်ကျသွားတာ"

"မသိပါဘူး သဘာဝက မောင်တစ်ယောက်ကို

ထောင်ထဲလိုက်တွေ့ရမယ်ထင်နေတာ"

သူနဲ့သမီး အချစ်ပိုနေတာကို

မျက်နှာလေးပြုံးကာအနားရောက်လာရင်းပြောတဲ့

မ စကားက ဘာကိုရည်ရွယ်တာလည်း

တန်းသိတဲ့နေက ဘယ်လိုသိတာလဲဆိုတဲ့

မျက်နှာအနေအထားနဲ့ကြည့်တော့......

"မောင့်သူငယ်ချင်းဖုန်းဆက်တာလေ

မောင့်ရန်ဖြစ်တော့မယ် တားပေးပါဦးဆိုပြီး"

"ဖေဖေ ရန်ဖြစ်တာလားဘယ်သူနဲ့လဲ လီလီကိုပြော
သူကိုလီလီသွားပြီး ဒုတ်နဲ့ရိုက်မယ်"

"မောင် ရန်မဖြစ်ခဲ့ပါဘူး
ပြောသင့်တဲ့စကားလောက်ပဲပြောတာ
မောင်သာရန်ဖြစ်ရင် သားကိုပါထည့်တွေးမိတော့
စကားများမှာကိုလျော့ပစ်လိုက်တာ'

သမီးလေးကို ဘယ်ဘက်ကချီရင်းတစ်ဖက်က
သူမိန်းမပုခုံးဖက်ကာအိမ်ထဲဝင်လာရင်းက
ဟိုမှာဖြစ်ပျက်ခဲ့တာတွေကို ပြန်ပြောပြလိုက်သည်။

"ဦးထက်မြတ် မနက်ဖြန်

သမီးလေးကိုလာတွေ့လိမ့်မယ်

မ.....သားမရှိတုန်းလာတွေ့မှ အဆင်ပြေမှာ"

"မောင်တကယ်ပြောနေတာလား"

"အွန်း

တကယ်တမ်းဆိုဦးထက်မြတ်ကအပြစ်မှမရှိတာ

မောင့်မိန်းမကိုပစ်ထားခဲ့တာကလွဲလို့ပေါ့.....အဲ့ကိစ္စ

တွေးမိရင်တော့ မကျေနပ်ဘူးပေါ့"

သူမကို ကျေကျေနပ်နပ်ပြောနေမိရာက
ကိုယ်မိန်းမကို မစောင့်ရှောက်ပဲ
အဖေတာဝန်မကျေခဲ့တာကိုသတိရပြီး
စိတ်ထဲမကျေမနပ်တောင်ဖြစ်လာရသည်။တကယ်
လာတွေ့ခွင့်ပေးတုန်းကသာ
အဲ့ကိစ္စသတိရကြည့်သေတောင်ခွင့်ပြုမှာမဟုတ်
ဘူး။

"မောင်ရယ်"

သူစိတ်ကိုအများကြီးလျော့ပေးသွားတဲ့

မောင်ကြောင့် သူမမှာနှုတ်ကနေ

မောင်ရယ်ဆိုတာကလွဲပြောစရာတောင်မရှိတော့ပါ

။သူမအတွက်ဆိုရင် ဒီလူသားကအရမ်းကို

ကျေနပ်ဖွယ်ရာတွေပဲ ပေးကမ်းခဲ့တာ။သူမဆီကနေ

ရယူချင်တစ်စုံတစ်ရာတောင်မမျှော်ကိုးပဲ

သူမမျက်နှာလေးပြုံးနေတာကို

အလိုရှိတဲ့သူဆိုလည်း သူတစ်ယောက်ထဲပါပဲ။

"ဦးထက်မြတ် ဆိုတာဘူလဲ"

LayNge

သဘာဝက သူ့ကိုအချစ်တွေပြည့်ဝနေတဲ့

မျက်ဝန်းတစ်စုံနဲ့ကြည့်နေတာကို သူကလည်း

အချစ်တွေနဲ့ပြန်ကြည့်နေရင်း

တစ်ယောက်နဲ့တစ်ယောက်ဘယ်လောက်ချစ်ကြော

င်းမျက်ဝန်းတွေနဲ့စကားပြောနေရမှ

မေးခွန်းထမေးလာတဲ့ သမီးလေးကြောင့်........

"ဖေဖေရဲ့မိတ်ဆွေလေ

သမီးဖေဖေကကြွားထားတာ

သူ့သမီးလေးကဘယ်လောက်ချောကြောင်းလေ

အဲ့တာကို အဲ့အဘိုးကသမီးကိုတွေ့ချင်လို့တဲ့"

ကလေးပီပီပြောက်ပေးလိုက်တာနဲ့

မျက်ဝန်းလေးကလက်ကနဲ့ဖြစ်သွားကာ

သူ့အဖေကချောတယ်ပြောတာကို

သဘောကျနေတယ်အထင် သူမပြောပြီးတာနဲ့

သူ့အဖကို အာဘွားတွေပေးနေတာက ဆက်တိုက်။

"ဟီး လီလီအရမ်းချောတာ

ဖေဖေနဲ့တူတာ....ဖေဖေကလည်းအချောဆုံး

လီလီကလည်းအချောဆုံး ပါဖက်"

perfect ကိုမပြောတက်ပြောတက်နဲ့ပြောကာ confidence level so high ဖြစ်နေတဲ့သမီးကို မောင်က သဘောတွေကြနေကာ အဲ့သမီးကသူ့ကိုဆုံးမလည်း ကျေနပ်နေမဲ့အထဲ မောင်ပါကထိပ်ဆုံးကပင်။တကယ် မောင်တို့သားအဖကို အလုပ်များတွဲလုပ်တဲ့အခါကြ ကျန်တဲ့သူတွေအတွက်မတွေးရဲစရာ...........။

ဒေါက် ဒေါက် ဒေါက်

ကို

အိပ်နေရာကအခန်းတံခါးခေါက်သံကြားတာကြော င့် ဘေးနားက ပါးကိုကြည့်လိုက်တော့ ညက 10 နာရီမှအိပ်ရတာကြောင့် အိပ်ရေးပျက်နေဆာတာမို့ မနိုးရက်ပဲ အချိန်ကိုကြည့်မိတော့ မနက် 2 နာရီအတိမို့ အောက်ထပ်မှာ နာရေးနဲ့ပက်သက် အဆင်မပြေလို့လာခေါ်တယ်ထင်ပြီး ကုတင်ပေါ်ကဆင်းရင်း အခန်းတံခါးဖွင့်လိုက်တယ်ဆိုမြင်လိုက်ရတာကြော င့် လူကိုယိုင်ထွက်သွားရရင်း.......

"မာ.....မာမီ! "

"မေမေသမီးလေး

ကောင်းကောင်းကြီးပျင်းလာတာပဲ"

ကို အခုဖြစ်နေတာကို

အိမ်မက်ဆိုရင်တောင်ပြန်မနိုးထချင်တဲ့

အိမ်မတ်ဖြစ်ပြီး သူမတွေ့ချင်နေတဲ့

မာမီနဲ့စကားပြောလို့ရနေတာကို

မယုံနိုင်ဖြစ်နေရင်းက......

"မေမေ နဲ့စကားလေးခဏပြောရအောင်
မေမေနဲ့သမီး
ဘဝမတူတော့ဘူးဆိုတာသိပါတယ်.....သမီးက
ကြောက်လို့လား"

"ဟင့် ဟီး ကို မကြောက်ပါဘူး မာမီရဲ့.....ကို
တစ်ယောက်ထဲဘာလို့ထားခဲ့တာလည်း
အရမ်းလွမ်းတယ် ပြီးတော့ ဒယ်ဒီတို့က
သမီးကိုအနိုင်ကျင့်ကြတယ် ဟင့်....သမီးရဲ့
ကလေးလေးတွေကိုလည်းသတ်တယ်"

အရမ်းလှပတဲ့အမျိုးသမီးလေးရဲ့မျက်နှာမှာ
ကိုယ့်သမီးလေးနာကျင်စွာပြောပြနေတာကို
ထိတွေ့ပိုင်ခွင့်မရှိတဲ့ ဘဝတွေမို့
ကိုယ့်ကိုကိုယ်မုန်းမိသည်။သူမသာ
ကိုဆွေးရိပ်ကိုလက်မထပ်ရင်
သမီးလေးဆိုတာဖြစ်မလာရင်တောင်
ဒီလောက်နာကျင်မှုတွေခံစားရမှာမဟုတ်။အခုတော့
သူမရဲ့သနားစရာသမီးလေးအရမ်းကိုခံစားနေရတာ
။

LayNge

"အဲ့တာကြောင့် အဲ့ဆွေးရိပ်ကမ္ဘာဆိုတဲ့

ကောင်ကိုသတ်တာ သူ့ကြောင့်

မေမေသမီးလေးခံစားခဲ့ရတာ'

ကို မာမီဆီကစကားကြောင့်

ပါးစပ်လေးအဟောင်းသားဖြစ်နေရသည်။သူမထင်

ခဲ့တာက ဒယ်ဒီကို သတ်တာက

ဟိုမိန်းနှစ်ယောက်လို့ထင်ခဲ့တာ အခုတော့

မာမီတဲ့လား။

"ပြီးတော့
သမီးအပေါ်နာကျင်အောင်လုပ်ထားတဲ့သူမှန်သမျှ
ကို ဆက်ဒုက္ခပေးမှာ"

မာမီဆီကထိုစကားကြားတော့ ကို
ခေါင်းကိုရမ်းလိုက်မိသည်။အခု ဒီဘဝရောက်နေတဲ့
မာမီကိုသူမအပူတွေထပ်ပေးပြီး ပူလောင်မှာထက်
ဒီထက်ကောင်းမွန်တဲ့
ဘဝမှာဆက်ပြီးရှင်သန်စေချင်တာပါ။

"အဲ့ အဲ့လိုမလုပ်ပါနဲ့မာမီ

သူတို့လုပ်ထားတာတွေအတွက် အပြစ်ပေးဖို့

သမီးဆက်လုပ်ပါ့မယ်"

"သမီးကခွင့်လွှတ်ခိုင်းနေတာလား၊

သမီးတွေးကြည့်ပါ မေမေဒီဘဝရောက်နေရတာ

ဘယ်သူကြောင့်ထင်လဲ

အဲ့ဒေါ်သန္တာဆိုတဲ့မိန်းမနဲ့သူ့သမီးကြောင့်ပဲ....မေမေ

ဆုံးတော့ သူတို့က ဆရာတွေနဲ့

မေမေကိုချုပ်ထားတာ ဒါတောင် မေမေကံရှိလာလို့

လွတ်လာရတာ"

လင်းရိပ်ကို သူမမသိသေးတဲ့ကိစ္စတွေကိုပါ မာမီကပြောလာတာကြောင့် သူမမှာ ယုတ်မာလွန်းတဲ့ သားအမိတွေကို ဘယ်လိုတောင်အပြစ်ဖို့ရမလဲမသိတော့။

"မာမီ မလုပ်ပါနဲ့ သူတို့လုပ်ခဲ့တာတွေက ဘာတစ်ခုပြင်မရတော့ဘူး သူတို့အလှည့်ဆိုတာ တစ်နေ့ရှိလာမှာပါ မာမီသာ ဒီဘဝထက်အဆပေါင်းများစ သာတဲ့ဘဝကိုသွားလိုက်ပါ"

"သမီးကိုလုပ်ခဲ့တာတွေ

မေမေကကျေနပ်မယ်ထင်လား"

"မာမီအတွက်ရော

သမီးအတွက်ပါထိုက်တန်တဲ့အပြစ်ကို

ရအောင်ပေးမှာမို့

မာမီသမီးကိုစိတ်ချလက်ချသွားပါ....အခုသမီးကအအ

ရင်လိုတစ်ယောက်ထဲမဟုတ်တော့ဘူး

မိသားစုရှိနေပြီ

အခုမိသားစုလိုမဟုတ်ပဲတစ်ယောက်နဲ့တစ်ယောက်
အရမ်းနွေးထွေးတဲ့မိသားစုပေါ့"

ကိုယ့်မိဘကို အပူတွေနဲ့တော့
ဒီလိုဘဝကြီးမှာသူမဆက်ပြီးဆွဲခေါ်ထားဖို့က
ကိုယ်အနားရှိနေမှာသိပင်မဲ့
ဒီလိုဘဝကြီးကပဟကောင်းတာဘာမှမရှိတာကြောင့်
သူမ မာမီကို ကတိတွေပေးရင်းပြောမိတော့.......

"အဲ့ဒါဆို မေမေ သမီးနဲ့အတူလာနေချင်တယ်"

LayNge

"ရှင် !"

သူမနဲ့အတူတူလာနေချင်တယ်ဆိုတာက
သူမဘဝထဲကိုပြန်လာခွင့်တောင်းနေတာ သူမရဲ့
ရင်သွေးအနေနဲ့ဆိုတာ
သူမဗိုက်ကိုကြည့်ပြီးပြောနေတာကို
ကြည့်တာနဲ့သိသည်။သူမခေါင်းငြိမ့်မိလား
ခေါင်းခါမိလားဆိုတာမသိ..........။

လင်းရိပ်ကိုနိုးလာတော့ အနားမှာ
ပါးကစိုးရိမ်နေတဲ့မျက်နှာထနဲ့ကြည့်နေတာကြောင့်

ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့

အိမ်ကကုတင်ပေါ်မှာပဲမို့ ထထိုင်ဖို့လုပ်တော့

ပါးကသူမကိုတွဲကူသည်။

"Light အဆင်ပြေရဲ့လား ကိုယ်လန့်သွားတာပဲကွာ"

"ဘာဖြစ်လို့လဲ"

နေတစင်း အိပ်ရာကနိုးတယ်ဆို

အခန်းဝမှာသတိလစ်နေတဲ့ သူမကိုတွေ့တယ်ဆို

စိတ်ပူပြီး ဆရာဝန်တွေပင့်ကာ ဆေးထိုးခိုင်းရင်း

Lay Nge

လန့်စရာတစ်ခုခုတွေလို့

သတိလစ်သွားတယ်ဆိုတာကြောင့်

သူမဘာကိုတွေ့လို့သတိလစ်သွားတာလည်းတွေး

နေရာက သူမသတိရလာတာကြောင့်

ထဖို့အတွက်ကူပေးလိုက်သည်။

"Light ဘာဖြစ်တာလဲ

ဘာလို့အခန်းရှေ့သတိလစ်နေရတာလဲ"

ပါး မေးတဲ့စကားထဲ

သူမအခန်းဝမှာသတိလစ်နေတယ်ဆိုတာကြောင့်

ညကသူမ
မာမီကိုတွေ့လိုက်တာတကယ်ပေါ့။သူမဆီကို
မာမီလာနေချင်တယ်ပြောတာ တကယ်ပေါ့။

"ပါး ညကလေ ကို ဆီကိုမာမီလာတယ်"

သူမကသူမေးတာကိုမဖြေပဲပြောလာတဲ့စကား
ကြောင့် သူမျက်လုံးတွေပြူးကျယ်သွားရကာ
သူမစိတ်ကျရောဂါက
ဒါတွေကိုပါထင်ရောင်ထင်မှား မြင်နေရတာလားလို့
သူစိတ်ထဲတွေးမိသည်။

"မာမီကလေ ကို နဲ့အတူတူနေချင်တယ်တဲ့"

"ဘာ !! မဟုတ်တာတွေ"

သူမကအားနဲ့
မာမီကသူမနဲ့အတူတူလာနေချင်တယ်ပြောတာကို
သူကိုပြောပြနေပင်မဲ့
သူကအလန့်တကြားထအော်တဲ့ ပါးကြောင့်
စိတ်ထဲဝမ်းနည်းသွားရသည်။ပါးက သူမရဲ့
မာမီလာနေချင်တာကို ခွင့်မပြုတာလား။

"Light ဘာတွေပြောနေတယ်ဆိုတာရော သိရဲ့လား

Light အမေကသေပြီလေ ဘယ်လိုလုပ်

ကိုယ်တို့နဲ့အတူလာနေမှာလဲ

မဟုတ်တာတွေမပြောနဲ့နော် အိမ်မှာက

ကလေးငယ်ငယ်လေးတွေနဲ့"

"ပါးကဘာဖြစ်နေတာလဲ ကို

ပြောတာမယုံဘူးလား"

Lay Nge

"မယုံတာမဟုတ်ဘူး

မင်းပြောနေတာတွေကဖြစ်ကိုမဖြစ်နိုင်တာလေ

ပြီးတော့ အိမ်မတ်နေတာလား !"

သူမကတော့ ရင်ထဲခံစားနေရသမျှကို

သူနားလည်မယ်ထင်လို့ပြောပင်မဲ့ သူဘက်ကမယုံပဲ

ခါးခါးသီးသီးဖြစ်နေတာကြောင့်

သူမစိတ်ထဲနည်းနည်းတော့ခံရခက်သွားသည်။သူမ

ကရော ပါး အမေလောက်ကံကောင်းတဲ့

ယောကျ်ားကကိုယ်ပြောတာကိုနားထောင်ပြီး

အလေးပေးခံရတဲ့

မိန်းကလေးတစ်ယောက်ဖြစ်ခွင့်မရှိတာလဲ။

"ပါး !! ပါးကလေ အန်ကယ်သားလို့သာပြောတာ အန်ကယ်လိုနားလည်မှုမရှိဘူး ! ကိုယ်ဇနီးပြောချင်တာကို နားလည်အောင်မလုပ်ဘူး !! ကို လိုအပ်နေတဲ့အချိန်ဆို အမြဲပစ်ပယ်တာ !!! ဟင့် အဲ့လို ကိုယ်အပေါ်ယုံကြည်မှုမရှိတဲ့ လူမျိုးနဲ့ ရေရှည်လက်တွဲလည်း အလကားပဲ!!"

"ဘာ! ကိုယ်ပြောနေတာကဘာလဲရောမင်းမသိလို့လား မင်းအတွက်ပြောနေတာ

မင်းကျန်းမာရေးအတွက်ပြောနေတာကို နားမလည်ပဲ
လမ်းခွဲဖို့ပြောနေတာက ဘာလဲ!!"

"ကြားတဲ့အတိုင်းပဲလေ!!"

တစ်ယောက်တစ်ခွန်းစကားများနေရင်းက
နေတစင်းက
ကိုယ်ကသူမကျန်းမာရေးအတွက်ပြောတာကို
နားမလည်ပဲ လက်ခွဲမယ်ပြောနေတာကြောင့်
ဒေါသထွက်ကာ တောက်စ်ထေါက်မိတော့
သူမကလည်း

Lay Nge

သူချစ်တဲ့အချစ်တွေမမြင်ပဲစော်ကားပြောဆိုနေတာ ကြောင့် ဒေါသထွက်ပင်မဲ့ စိတ်ကိုလျှော့နေရသည်။

"Light ! ကိုယ်မင်းကိုချစ်တာ လမ်းခွဲပေးဖို့မဟုတ်ဘူး"

"အဲ့တာဆို စိတ်လုံခြုံမှုပေးလေ နာလည်ပေး ကြင်နာယုယပေး!!!

ကိုယ်ဇနီးဘာဖြစ်ချင်နေလည်းဆိုတာ နားလည်အောင်ကြည့်ရတယ် အဲ့လိုစိတ်ဓာတ်မျိုး

ကို တွေ့ဖူးတာ

အန်ကယ်နေမင်းလက်ရာတစ်ယောက်ပဲရှိတယ်"

"ဖေဖေက နေမင်းလက်ရာ ကိုယ်ကနေတစင်း

တူမှမတူပဲ Light ရာ ကိုယ်အခုပြောနေတာ

ကိုယ်မိန်းမဖြစ်တဲ့

မင်းကိုစိတ်ပူလို့.....အခုလိုပုံစံအတိုင်းဆို မင်းကို

နေလက်ရာကို ပြန်ပို့မှဖြစ်မယ်"

စိတ်ကျရောဂါဖြစ်နေတဲ့

ကြားကမဟုတ်တာတွေထဖြစ်တာကြောင့် သူမှာ

Light ကိုကြည့်ပြီး ရှုးချင်လာရသည်။ကြာရင် Light ဆီကစိတ်ရောဂါက သူ့ဆီကူးတော့မှာ အသေအချာ................။

~~~~~~~~~~~~~~~~~~~~ဆက်ရန်။

💜အနည်းငယ်တိုသွားပါတယ် ပြီးတော့ အခုတင်တာကလည်း စောင့်နေမဲ့သူလေးတွေအတွက်ပါ စိတ်ကတအားရှုပ်နေလို့ သူများက M ဖြစ်နေတုန်းစိတ်ရှုပ်တာ ကိုယ်က ပြီးမှ💜
~~~~~~~~~~~~~~~~~~~~

🍭You are my life🍭

Chapter _💜 36 💜

"မောင့် သားတစ်ယောက်တော့ တကယ်ပြောရတာ ဒီဘက်နားကနားထောင်ပြီး ဟိုဘက်နားကပြန်ထွက်တာလားမသိဘူး"

နာရေးအတွက် ဟိုဘက်အိမ်ရောက်နေတဲ့ သားတို့လင်မယားစကားများတာ လင်းရိုပ်ကိုက မ

ကိုတိုင်တယ်ဆို

အဲ့အိမ်လိုက်သွားဖို့ကိုပြင်နေရင်းက

သူအလုပ်သွားဖို့လည်း လက်ကလုပ်ပေးနေပြီး

သားကိုလည်းပြောနေတာ ရပ်ကိုမရပ်။

"အဲ့ကောင်လေး

မိဘကငယ်သေးတယ်နောက်နှစ်လောက်နေမှ

ယူဆိုတော့လည်း သူ့ကမိန်းမမရရင်

သေတော့မလိုလို နန့်နန့်လူးပြီး ယူတာလည်းသူ

အခုသူဘက်ကလည်း သည်းခံစိတ်မထားဘူး

ဘယ်ဘက်ကခွေးစိတ်တွေပါလာတာလဲမသိ"

Law Nge

အဲ့စိတ်ကတော့ မောင်တို့ဘက်တူတာမဟုတ်ပဲ
သူမဘက်ကဟာတွေကိုတူတာသေချာသည်။ကိုယ်
ချစ်လို့ယူထားတဲ့မိန်းကလေးက
ဘယ်လိုအခြေအနေတွေနဲ့
ရင်ဆိုင်နေရတယ်ဆိုတာ မသိဘူးလား။

"မောင့်ဆီကမဟုတ်တာတော့ သေချာတယ်နော်"

"မောင်ဆီက များများပါရင်ကောင်းသား
တကယ်ပြောရင်းနဲ့ သားကို

Lay Nge

တကယ်ဒေါသထွက်တယ် ကိုယ့်သားမို့လို့ သားမက်သာဆိုတကယ်မလွယ်ဘူး"

သားကိုဒေါသတွေထွက်နေတဲ့ ချစ်ဇနီးလေးကို သူမဘယ်လိုပုံလေဖြစ်နေပါစေ သဘောကျနေတဲ့သူ့အတွက် ငယ်ချစ်ဦးဖြစမသလို အချစ်ဆုံးကလည်းတစ်ယောက်ထဲမို့ ဟိုးရှေ့ဘဝကဆုတောင်းပြည့်ပုံရသည်။အဲ့ဒါကြော င့်လဲ အခုဘဝမှာ ဘယ်ဘုရားရောက်ရောက် နိဗ္ဗာန်ကိုရောက်ပါစေဆိုတဲ့ဆုဆောင်းကို သတိမရပဲ ဒီအမျိုးသမီးလေးနဲ့သာ

ဘယ်လိုအခက်အခဲကြုံကြုံ ရင်ဆိုင်နိုင်ပြီး

ပေါင်းဖက်ခွင့်သာ ပေးပါလို့ ဆုတောင်းတာပင်။

သူ့အတွက်တော့

မေတ္တာတရားဆိုတာအများကြီးမရှိပါဘူး။လူတွေ

ပြောတာကြားဖူးတာဆိုရင် နှလုံးသားက 4

ကန့်ရှိတယ်ဆို

တစ်ခြားတစ်ယောက်ကိုနေရာပေးဖို့နေနေသာသာ

သဘာဝပန်းတစ်ယောက်နဲ့တင်ပြည့်နေလို့

ကလေးတွေအတွက်တောင်

မနည်းနေရာချန်ပေးထားရသည့်အထိ

ဒီအမျိုးသမီးလေးကို ချစ်တာ။

"ဟွန်း သူကအသက်ငယ်သေးတော့
အိမ်ထောင်ရေးဆိုတာ
ဘယ်လိုထိန်းရမလဲမသိသေးလို့ပါ"

"အဲ့တော့ မောင့်သားကမှန်တယ်ပေါ့
သဘာဝပြောနေတာက အများတွေပေါ့ဟုတ်လား
မောင်!"

သူကအဖေဖြစ်တဲ့အပြင်
ယောကျာ်းလေးတစ်ယောက်ဖြစ်တာကြောင့်

သားဘက်ကနေဖြည့်တွေးပြီးပြောလိုက်တယ်ဆို

သူပြောတာမှားတယ်ပြောတာလားဆိုကာ

သူကိုသားအစားရစ်လာတာကြောင့်.......

"မဟုတ်ပါဘူး

မောင်ကသားနေရာတွေးပြီးပြောတာပါ

မောင့်မိန်းမပြောတာမှန်တာပေါ့ အဲ့ကောင်က

ကိုယ်မိန်းမပြောချင်တာကို နားမလည်တာ"

သူမကနည်းနည်းလေးရစ်လိုက်တာနဲ့

ချက်ခြင်းသားကို အပြစ်ပြောကာ

သူမမှန်ကြောင်းပြောလာတဲ့ မောင်ကိုကြည့်ကာ သားသာမောင်လောက်ချစ်တက်ရင် ဘယ်လောက်တောင် လင်းရိပ်ကိုလေးပျော်လိုက်မလဲ။အခုအချိန်မှာ ယောကျာ်းရဲ့ဖေးမမှုကို လိုအပ်နေတဲ့အချိန်ဆိုတော့ သူမကလင်းရိပ်ကိုလေး ခံစားချက်ကိုနားလည်သည်။

"ဪ မောင်အခုမှသတိရတယ် ဦးထက်မြတ်လာဦးမှာ မဟုတ်လား......သူလာပြီးမှ မောင်တို့သွားလေရာသွားလို့ရမှာ"

"အင်း သဘာဝမေ့နေတာ

မောင်ပြောမှသတိရတယ်

သူလာလို့အိမ်မှာဘယ်သူမှမရှိရင်

လာတုန်းကလာခိုင်းပြီး

သူလာမှရှောင်နေတယ်ဖြစ်မယ်"

ဦးထက်မြတ်ကအိမ်ကိုလာတာ

သမီးကိုတွေ့ချင်လို့ဆိုပင်

သူမတို့လင်မယားကရှောင်နေရင်

သူတို့အပြစ်ဖို့မှာက မောင်အပေါ် မို့ အဲ့လိုတော့ သူမယောကျာ်းကိုအပြောမခံနိုင်။

"ဒါဆို မောင်အလုပ်မှာသိပ်အရေးကြီးတာမရှိရင် ဦးထက်မြတ်လာပြီးမှ သဘာဝကို သားတို့အိမ်ဝင်ပို့ရင်း သမီးနဲ့အတူ Campany ကိုသွားလေ "

"ဟုတ်ကဲ့ပါဗျ ! မောင့်မိန်းမသဘောနော်"

မောင့်ကို အပေါ်ကုတ်ဝတ်နေတာကို
ကူပေးရင်းနှစ်ယောက်သားစကားပြောရင်း
ပြုံးနေမိသည်။အိမ်ထောင်ရေးမှာ
အဖုအထစ်ဆိုတာ ရှိကြတာ
အိမ်ထောင်သည်တိုင်းမို့ တစ်ယောက်က
တင်းနေရင် အင်အားကြီးတဲ့သူဘက်က
အနည်းငယ်လျှော့လိုက်ရင် ပြဿနာက
ဖြေရှင်းလို့လွယ်တာအမှန်။

"မောင် နင့်သားကလေ
တကယ်ငယ်ငယ်လေးကတည်းကအလိုလိုက်ထား
တော့ အခုမိန်းမရတာတောင်အချိုးမပြေသေးဘူး"

"အွန်းပါ မိန်းမကြိုက်သလိုဆုံးမ

ကိုယ်ကလေးကိုယ်ဆုံးမတာ

မကျေနပ်တဲ့သူလာပြော မောင်နဲ့တွေ့မယ်"

နှစ်ယောက်စကားပြောရင်း

ကြည်နူးနေခိုက်အခန်းပြင်ကနေ

အိမ်ကိုကလေးတွေရောက်လာတာမို့

ဟိုရက်ကအသစ်ခေါ်ထားတဲ့ ကောင်မလေးက

ဧည့်သည်ရောက်နေတယ်ဆိုပြောပြီးပြောတာ

ကြောင့်.....

"အင်း ဆင်းခဲ့မယ်နော်......မောင်
ဦးထက်မြတ်ရောက်ပြီထင်တယ်
အခုအချိန်ရောက်တော့
မောင်အလုပ်အချိန်ကိုသိပ်ပြီးမထိတော့ဘူးပေါ့"

"ဟုတ်ပါ့ဗျာ.....လာ
မောင်တို့အောက်ကိုဆင်းကြမယ်
အလည်မလေးကအောက်မှာညှော်ခံနေလောက်ပြီ"

သမီးလေးက အောက်မှာ

မာန်လေးတို့ညီအစ်ကိုတွေနဲ့

အစောကြီးကတည်းကဆင်းစောင့်နေပြီမို့

အခုအချိန်လောက်ဆို ညော့်သည်လာတာနဲ့

မေးမြန်းရေးဆင်းနေမှာသေချာနေပြီမို့

ပြောခြင်းပင်.........။

"ဘိုးဘိုးက ဘယ်သူလဲ"

တစ်ခြားကလေးတွေက

နေတစင်းရဲ့ကလေးတွေဆိုတာကို သိပင်မဲ့



Lay Nge

သူညှော့ခန်းထဲထိုင်တာနဲ့ အနားရောက်လာကာ shirt အဖြူလေးနဲ့ ဘောင်းဘီအတိုလေးဝတ်ထားတဲ့ ချစ်စရာ ကလေးလေးက လာနှုတ်ဆက်နေတာကြောင့်........

"ဘိုးဘိုးက မြေးဖေဖေရဲ့မိတ်ဆွေလေ မြေးကအရမ်းချစ်စရာကောင်းတာပဲ"

"ဟုတ်တယ် လီလီကအရမ်းချောတာ ဖေဖေနေမင်းလက်ရာ နဲ့တူတာရေ ပြီးတော့ ဖေဖေမှာ အရမ်းချစ်စရာကောင်းပြီး

Lay Nge

လီလီထက်နည်းနည်းလေးလောက်ချောတာလျော့တဲ့ ဖေဖေအချစ်ကလေးလည်းရှိတယ်"

ညှော့်ခန်းဝခြေချယုံရှိသေး
သမီးငယ်လေးကသူတို့ထင်တဲ့အတိုင်း
ဦးထက်မြတ်ကိုပြောနေတဲ့စကားတွေကိုကြားပြီး
သဘာဝမှာမျက်နာပြရမှာတောင် ရှက်သွားရသည်။

"ဟွန်း ဖေဖေအချစ်ကလေးတဲ့ သမီးကတော့ကွာ"

မ ကိုသူ့ထက်ပိုမချောဘူးပြောနေတဲ့
လူတက်ကလေးက
တကယ်ကိုဖမ်းနမ်းချင်စရာကောင်းလွန်းလှသည်။
သမီးလေးရဲ့စကားသံလေးကြောင့်
ကိုယ်မိန်းမမျက်နာလေးလည်း ရဲနေတာမို့......

"မ ရာမရှက်ပါနဲ့
သမီးကမောင်ဘယ်လောက်ချစ်ပေးတယ်ဆိုတာကို
ကြွားနေတာ"

Lay Nge

ကိုယ့်သမီးကို ဂုဏ်ယူပြီးပြောနေတဲ့

မောင်ကိုမျက်စောင်းထိုးရင်း

အထဲကိုခြေလှမ်းဖို့ပြင်နေတာတောင်မဆုံးသေး

သမီးက သူတို့လင်မယားကိုတွေ့တယ်ဆို........

"ဟိုမှာ ဖေဖေ နဲ့ သူ့ချစ်ချစ်လာပါပြီ !!"

"သမီး !!"

သူမတို့ကို ပြောနေပုံများ ဖေဖေ နဲ့ မေမေ

လာပြီဆိုတော်ရောပေါ့ အခုက ဖေဖေ နဲ့

သူ့ချစ်ချစ်တဲ့ မသိရင်သူမကပဲ

မောင်နောက်ယူထားတဲ့ မိန်းမလိုလို။မောင် နဲ့

သူမက ဦးထက်မြတ်အရှေ့ဝင်ထိုင်တော့ သမီးက

သူ့အဖေပေါ်အတင်းဖက်တွယ်ပြီး

သူ့အဖေပေါင်ပေါ်တက်ထိုင်သည်။

"ဟွန်း အငယ်လေးကအလည်လေးပဲ

နာမည်ကလီလီတဲ့လား"

"အင်း သမီးနာမည်က လီလီပန်းသွေးလေ လည်တာကတော့မပြောနဲ့ အခုကတည်းက အဖေဖြစ်သူ Campany အထိလိုက်မွှေနေပြီ"

"မွှေပါဘူး ဘယ်မှာမွှေလို့လည်းနော် ဖေဖေ"

"မ" ကသမီးဘယ်ဘယ်လောက်မွှေကြောင်း ဦးထက်မြတ်ကိုပြောနေတော့ သမီးကလည်း သူမမွှေဘူးဆိုတဲ့အကြောင်းပြောရင်း သူကိုပါဟုတ်တယ်ဆိုတာ အတည်ပြုခိုင်းနေတာမို့ ခေါင်းငြိမ့်ပြလိုက်မှ အစ်မကကျေနပ်သွားသည်။

"ဟိုဘက်ကနာရေးအိမ်က နေတစင်းယောက္ခမအိမ်ဆိုတာ နေတစင်းတွေ့မှာသိတာ ဆွေးရိုပ်နဲ့ အန်ကယ်တို့က စီးပွားရေးလုပ်ခြင်းသိတာ"

"အင်း နေတစင်းနဲ့အတွေ့မခံဘူးဆိုတာ အဲ့နေ့က သားပုံစံကြည့်တာနဲ့သဘောပေါက်မယ်ထင်ပါတယ် ထသူကအဖြစ်အပျက်တွေသိထားတဲ့အရွယ်ရောက်နေတဲ့လူငယ်ဆိုတော့ အန်ကယ်တို့ နားလည်ပေးမယ်ထင်ပါတယ်"

အခုတောင်အိမ်ကို

သားမရှိလို့သမီးလေးကိုခဏတွေ့ချင်တယ်ဆိုလို့

တွေ့ခွင့်ပေးထားတာပင်။သားရှိရင်

သူ့အိမ်ဘာလို့တာလည်းဆိုပြီး ပြဿနာရှာရင်

သူလည်းစိတ်ထိန်းလို့ရမှာမဟုတ်။ကိုယ်သာထောင်

ထဲသွားရင်သွားမယ်

သားကိုတော့အဲ့လိုအဖြစ်မခံနိုင်ပေ။

"အန်ကယ်နားလည်ပါတယ်

ဒီကြားထဲဖြစ်ပျက်သွားတဲ့ကိစ္စတွေကို

သူကိုယ်တိုင်မျက်မြင်ဆိုတော့

အန်ကယ်တို့ကိုစိတ်နာနေတာအဆန်းတော့မဟုတ်

ပါဘူး......သမီးရောအဆင်ပြေတယ်မဟုတ်လား"

ကိုယ့်သမီးအရင်းကို စကားပြောဖို့ရာ

တစ်ခြားမိဘတွေဆို နွေးနွေးထွေးထွေးရှိခဲ့ဖူးတော့

သားသမီးနဲ့

မိဘဆက်ဆံရေးကကျန်တာတွေထက်ပိုပြီး

ရင်းနှီးတယ်ဆိုပါစေ သမီးအတွက်

ငယ်ငယ်ကတည်းက မိဘမဲ့အနေနဲ့ ကြီးပြင်းခဲ့ရတာ

အခုအိမ်ထောင်ကျမှာပဲ

သူ့ဘဝကစစ်မှန်တဲ့သူလက်ထဲပျော်ရတာမဟုတ်လား။

"ဟုတ်ကဲ့ သဘာဝကအဆင်ပြေပါတယ်....သဘာဝအနေအထားမှာ အမှန်တကယ်ကောင်းမွန်ဖို့ အမှန်အထိ

ကောင်ရှိနေသ၍ အန်ကယ်စိတ်ပူစရာမလိုပါဘူး

သဘာဝကြုံရမဲ့ပြဿနာတွေကို

သူကအရှေ့ကနေရင်းစီးခံတဲ့သူမျိုးမို့ပါ"

"ဖေဖေက

မေမေကိုအရမ်းချစ်တာအဲ့ဒါကိုတော့စိတ်ချ

လီလီထက်တောင်မေမေကိုသိပ်ချစ်တာ

မွမွလည်းခဏခဏပေးတယ်"

သမီးက အနမ်းပေးတာကိုနှုတ်ခမ်းကိုချွန်ကာ

ပြောပြနေတာကြောင့် ဒီတစ်ခါတော့ မ

တင်မကာသူပါ

မျက်နာရေနွေးပက်ခံလိုက်ရသလိုဖြန်းကနဲ့ပူပြီး

နီရဲလာရသည်။အဖေနဲ့အမေချစ်တာကို

ထုတ်ကြွားနေတာ။

ဦးထက်မြတ်လည်း အဖေဖြစ်သူပေါင်ပေါ်ကနေ

ချစ်စရာကောင်းစွာပြောနေတဲ့

မြေးမလေးကိုကြည့်ရင်း

တစ်ချိန်ကလွဲမှားမှုတွေသာမရှိခဲ့ရင် သမီးနဲ့

မြေးတွေနဲ့အတူတူပျော်ရွှင်နေရာမှာ။အခုကံကြမ္မာ

ရဲ့လှည့်စားမှုကြောင့်

သမီးကိုယ်တိုင်ကသူကိုအဖေလို့မသတ်မှတ်တာ

ကိုယ့်အမှားနဲ့ကိုမို့ ဘာတက်နိုင်မှာလဲ...........။

ဦးထက်မြတ်ပြန်သွားတယ်ဆို

သူမတို့အပြင်သွားဖို့အတွက် မောင်က သမီးကို

Campany ကိုလိုက်ခဲ့လို့ခေါ်တာ သမီးကလည်း မောင်လို့ဇွတ်သမားမို့......

"လီလီမလိုက်ချင်ဘူး အိမ်မှာပဲနေမယ် ကိုကိုလည်းရှိတယ် ပြီးတော့ တီတီတို့လည်းရောက်နေတာကို"

အဲ့ကောင်စုတ်လေးရောက်နေလို့ကို အိမ်မှာသမီးကိုမထားခဲ့တာလို့ သူပြောချင်ပင်မဲ့မပြောသင့်တာမို့ စိတ်ကိုပြန်ထိန်းထားလိုက်ရသည်။သူကပြောနေ

တာကို သမီးကလည်းအလိုက်မသိတာ့
တကယ်ခတ်သည်။

"သမီးကလည်းကွာ ဖေဖေ နဲ့လိုက်ခဲ့ပါ"

"ကိုကိုကလည်း ကလေးက ကိုကိုအလုပ်လိုက်ပြီး
ဘာလုပ်လို့ရမှာလည်း
ဒီမှာကဆော့ဖို့ကလေးတွေရှိတာ နေချင်မှာပေါ့"

သမီးနေခဲ့ချင်တာအငယ်လေးနှစ်ယောက်တဲ့ဆော့
ချင်လို့မဟုတ်ပဲ

မာန်လေးနဲ့ဆော့ချင်နေတာကိုသိတဲ့

မောင်ကလူလည်ကျပြီး

သူ့အလုပ်ကိုခေါ်သွားဖို့လုပ်နေတာ

သူမကသိတာကြောင့်.......

"သမီး ဖေဖေက

အလုပ်မှာကောင်မလေးတွေနဲ့ရှုပ်ရင်ဘယ်လိုလုပ်မ

လဲ"

သူမက

သမီးကိုထိန်းနေရသူမို့ကိုယ့်သမီးကဘယ်လိုဆိုတာ

သိတာကြောင့်ပြောလိုက်တော့

သမီးလေးကစဉ်းစားသလိုတွေးတောပြီးတော့

ချက်ခြင်းထရပ်ကာ.......

"ဟုတ်တယ် မေမေက ကိုကိုတို့ဆီသွားမှာဆိုတော့

လီလီကဖေဖေကိုလိုက်ကြည့်ပေးမယ်နော်စိတ်ချ"

"အင်း မေမေအစားကြည့်ပေးနော်"

"မမ

အစ်ကိုဘာဖြစ်နေတယ်ဆိုတာကျွန်တော်သိတယ်"

Lay Nge

မိုးတိမ်ရောင်ကယောကျ်ားတွေမို့

ဘာဖြစ်နေလည်းဆိုတာနားလည်တာကြောင့်

မေလက်ရာအနားကပ်ကာပြောတော့

မေလက်ရာကပြန်ကြည့်တော့ မာန်လေးကို

မျက်ခုံးပင့်ပြလိုက်တော့

မမမျက်နာပြုံးကျသွားသည်။ညီမတောင်အဲ့လော

က်မဟုတ်ပဲ သမီးကြတိုတက်လိုက်တာ..........။

"မင်းကို မေမေပြောထားတာတွေဦးနှောက်ထဲကထုတ်ပစ်လိုက်တာလား!"

လင်းရိပ်ကိုလေးက ညှော့်သည်လေးနဲ့စကားပြောနေတုန်း သူမကသားကိုလူမရှိတဲ့နေရာကိုခေါ်လာက မေးတော့ သားကဖြစ်ပျက်သမျှကိုပြောပြတယ်ဆို သားကိုပိုပြီးပြောမိသည်။

"မင်းအတွက်မယုံနိုင်စရာ ကိစ္စဆိုရင်တောင်

စကားကို အေးဆေးပြောလေ

ဘာဖြစ်ချင်လဲမေးပါလား မင်းကအဖေသွေးမပါပဲ

အမျိုးယုတ်သွေးတွေပါနေတာ!"

"မေမေ သားပြောတယ်ဆိုတာလည်း

သူကျန်းမာရေးအတွက်ပါ

အဲ့တာကိုလမ်းခွဲမယ်ပြောတာက သူက"

"အဲ့တော့မင်းကမာနကြီးပြတယ်ပေါ့ ဟုတ်လား!

အဲ့တာ မင်းကသူကိုတကယ်မချစ်လို့

မင်းမာနကိုရှေ့တန်းတင်တာ ကွ....ငါပြောပြမယ်

မင်းအဖေ ငါ့ကိုတစ်ခြားယောကျ်ားနဲ့

အိပ်ခန်းတစ်ခန်းထဲအတူတွေ့တာတောင်

သူချစ်ရသူရဲ့ ကိုယ်နဲ့စိတ်ကိုသူယုံလို့

သူကိုပဲလက်ထပ်ပါလို့ ဒူးထောက်တောင်းပန်ခဲ့တာ

ဒါပင်မဲ့ ငါ့ကလည်း

မောင်ကိုအရမ်းချစ်တာ...မင်းကိုလွယ်ထားရတာမ

သိသေးတော့ မသန့်တော့တဲ့ခန္တာကိုယ်ကို

မောင်ကိုမပေးချင်တော့လက်မခံခဲ့ဘူး......အဲ့တာ

တောင် မျက်ရည်ကျလောက်တဲ့အထိ

သူဆီလာဖို့ပြောခဲ့တဲ့

ရှားပါးတဲ့အမျိုးသားကောင်း....အဲ့လိုကောင်းတဲ့အ

မိုးသားဆီကပေါက်ဖွားလာတဲ့မင်းက

ဒီလိုလူမျိုးဆိုတာ မေမေမယုံနိုင်ဘူး"

ဘယ်သူတွေဆီမှာ

ဘယ်လိုလူမျိုးပိုင်ဆိုင်ထားလည်းမသိပင်မဲ့လသူမ

ပိုင်ဆိုင်ထားတဲ့အမျိုးသားကတော့

တကယ်ကိုရှားပါးတဲ့

ယောကျာ်း။ဒေါ်သထွက်ပြီးပြောတဲ့အချိန်တွေရှိခဲ့ပ

င်မဲ့ သူမနစ်နာသွားပါစေဆိုပြီးတော့ရော

မထင်ထားတဲ့ပုံစံနဲ့ရောပါ

သူမထိခိုက်မှုကိုထက်သူသာထိအခိုက်ခံမဲ့အမျိုး

သား။

Lay Nge

"အဲ့ကိစ္စနဲ့ပက်သက်ပြီး
မေမေအိမ်ထောင်ပြုတယ်ထင်တာတောင်
ကွဲကွာနေတဲ့ 3နှစ်အတွင်းသူအသစ်မရှာခဲ့ဘူး
မေမေတို့ကိုပြန်တွေ့တဲ့အထိ....မင်းဖေဖေကသိပ်
လေးစားစရာကောင်းတဲ့ယောကျာ်းကောင်းယော
ကျာ်းမြတ် မင်းသူလိုနေထိုင်မပြုမူနိုင်ရင်တောင်
အဲ့လို့မိဘမျိုးကပေါက်ဖွားလာပြီး ကိုယ်ယူထားတဲ့
မိန်းကလေးကိုမကြင်နာတာကို
မေမေလည်းမကြိုက်သလို
မင်းဖေဖေလည်းမကြိုက်ဘူး!"

"............"

"အိမ်မတ်ဆိုရင်တောင် လင်းရိပ်ကိုအမေကသူ့သမီးလေးဆီ လူဝင်စားချင်လို့ပြောတာကရောမဖြစ်နိုင်ဘူးလား....ဟိုက မင်းလက်ခံမလားလို့ပြောပြတာကို လူပါးဝတာလား!!...မိန်းကလေးတွေက မင်းတို့ကိုလက်ထပ်ပြီဆို သူတို့ဘဝ သူ့တို့အနာဂတ်တွေအကုန်မင်းတို့အပေါ် ပုံအပ်ထားတာ"

သဘာဝလည်း

သားကိုနားလည်မယ်ထင်ကာပြောတော့

သားကခေါင်းငုံပြီးနားထောင်နေတာကလွဲ

သူမစကားကိုခွန်းတုန့်ပြန်ပေ။သူမမွေးထားတဲ့သား

က ယောကျ်ားကောင်းမဟုတ်ရင်တောင်

ယုတ်မာတဲ့ယောကျ်ားဖြစ်မှာတော့

သူမမလိုချင်...............။

သူ Hotel ထဲကို

သမီးလေးကိုလက်တစ်ကဆွဲပြီးတစ်ဖက်ကသမီးပ

စ္စည်းတွေကိုဆွဲကာ ဝင်လာတော့ ဝန်ထမ်းတွေက

သူကိုကြိုနေကြသလို ညှော်သည်တစ်ချို့ကလည်း

သမီးလေးကိုလက်ညှိုးကာ

သဘောကျကြောင်းပြောနေကြသည်။

"CEO ကူသယ်....."

နေအကျင့်က သူနဲ့ပက်သက်တဲ့ အလုပ် File

ကလွဲကျန်တာတွေကို

သူမိန်းမကလွဲကျန်တဲ့သူကိုင်တာလုံးဝမကြိုက်ပေ။

အခုဝန်ထမ်းကောင်မလေးက

သူတစ်ဖက်ကသမီးပစ္စည်းတွေကို

ကူသယ်ဖို့လာတယ်ဆို နေ
ကခန္တာကိုယ်ကိုတစ်ဖက်ကိုရွှေ့လိုက်သလို.......

"ဖေဖေ ပစ္စည်းတွေကိုမကိုင်ပါနဲ့ လီလီမကြိုက်ဘူး ! ဖေဖေမှာ ချစ်ချစ်ရှိတယ်လို့ပြောနေတာ မသိဘူးလား!!!"

သူကမလုပ်နဲ့လို့ငြင်းချိန်တောင်မရ
သူ့ထက်ပင်စွာနေသေးသောသမီးလေးကြောင့်
သူပြောချင်တဲ့ စကားထွက်ချိန်မရ
သမီးကသူပြောချင်တာကိုဆက်ပြောသည်။

"မဟုတ်ပါဘူး မမက "

"ဟွန့် လီလီ ဖေဖေကိုမထိနဲ့ မေမေနဲ့တိုင်မှာ ဖေဖေကအိမ်မှာနေခဲ့တဲ့ သူချစ်ချစ်ကိုပဲချစ်တာရယ်......ဖေဖေ လီလီတို့သွားမယ်"

သူအဖေကိုလက်ဆွဲကာ Hotel အတွင်းလျှောက်လာတော့ ဝန်ထမ်းကောင်မလေးတစ်ယောက်က

လီလီလေးလာတာမြင်တယ်ဆို

လျှောက်ထောက်ကို အရှေ့တိုးလိုက်တာကို နေက

တစ်ခြားနေရာတွေကို

မျက်လုံးဝေ့ကြည့်နေလို့မမြင်ပင်မဲ့

လီလီကတော့မြင်ကာ အနားရောက်တာနဲ့

ရပ်လိုက်ရင်......

"အင့် အင့် ကဲ အင့်"

နေ အရှေ့ကိုပဲအာရုံစိုက်နေရာက

သမီးကလျှောက်လာရင်း ရပ်သွားတာကြောင့်

သူကလှည့်အကြည့်
ဝန်ထမ်းကောင်မလေးခြေထောက်ကို
တက်နင်းလိုက် ကန်လိုက်လုပ်နေတဲ့သမီးလေးကို
အတင်းဆွဲခေါ်တော့.......

"လွှတ် လီလီ သူကိုစိတ်တိုင်းကျအောင်လုပ်မယ်"

"မဟုတ်ဘူးသမီး ဖေဖေပြောတာနားထောင်နော်"

"နားထောင်ဝူး
သူကလီလီကိုလုပ်ကြံနေတာသိလားဖေဖေ

ပြီးတော့ လီလီလာတာကို နာသွားအောင်

အဲ့လိုလုပ်ထားတာ"

သူကိုသမီးကခြေထောက်လေးကို အရှေ့ကိုပို့

ကာ

ဝန်ထမ်းကောင်မလေးကလုပ်သလိုလုပ်ပြတာ

ကြောင့်

ကိုယ့်ကဘေးကအမြဲစကားလေးတက်တာပဲရှိတာ

လူကြီးကိုလိမ်ပြောတင်တာမဟုတ်တော့

ဝန်ထမ်းကိုသူမျက်ထောက်နီနဲ့ကြည့်ရင်း.......

"မရှက်ဘူးလား !!"

နေပါးစပ်ကပြောလာတဲ့

စကားကြောင့်ဝန်ထမ်းကောင်မလေးကနားမလည်

သလိုပြန်ကြည့်နေတော့ နေက

တောက်စ်ခေါက်လိုက်ရင်းက..........

"ကလေးတစ်ယောက်ကို ဒုက္ခပေးဖို့လုပ်တာ

မင်းကိုမင်းမရှက်ဘူးလားလို့မေးတာ!"

"ကျွန်မ ဘာမှမလုပ်ပါဘူး
ဒီကလေးကမဟုတ်တာတွေပြောနေတာ"

"ငါ့သမီးကို
မင်းလိုမဟုတ်တာတွေပြောတက်တယ်ထင်လား!!"

နေ သူ့သမီးကိုလာပြီးဝေဖန်ရေးဆင်းနေတဲ့
ဝန်ထမ်းနဲ့ ပြဿနာတက်တော့မဲ့အချိန်
ရောက်ချလာတဲ့ အတွင်းရေးမှူးက.....

Lay Nge

"CEO ကိုနှောက်ကျနေလို့
ကျွန်တော်ကမလာတော့ဘူးထင်နေတာ"

"အဲ့ကိစ္စနှောက်ထား
ဒီဝန်ထမ်းကဘယ်ဌာနကလည်း
အလုပ်ထုတ်လိုက်တော့ လစာကို 5လစာပေးလိုက်
ငါ့သမီးကန်လိုက်လို့ရသွားတဲ့ဆေးဖိုးပါထည့်ပေး
တာ!!"

ဘာတွေဖြစ်ပျက်သွားလဲမသိပင်မဲ့ CEO
ဒီလောက်ဖြစ်ပျက်သွားတာ

ဝန်ထမ်းကောင်မလေးက

သူ့သမီးကိုတစ်ခုခုလုပ်လိုက်လို့ဆိုတာ

သေချာသည်။ဒီကိစ္စမှာ ကလေးကမှားရင်တောင်

ဘာမှမသိသေးတော့

မိဘပါလာမိဘပြောရင်ရတာကို

အကြောရှည်တာကြောင့် ဒီနေ့တော့ Hotel

ကဝန်ထမ်းတွေကောင်းပူမဲ့နေ့ဆိုတာ

သေချာသည်...............။

~~~~~~~~~~~~~~~~ဆက်ရန်။

￼

🍭You are my life🍭
~~~~~~~~~~~~~~~~

# Chapter _💚 37 💚

လီလီတစ်ယောက်

နေကအလုပ်ကိုအာရုံရောက်နေတုန်း

ရုံးခန်းထဲကထွက်လာရင်း တစ်နေရာအရောက်

လူတွေဝင်ထွက်နေတဲ့

ဓာတ်လှေကားကိုတွေ့တယ်ဆို

လူတွေနဲ့အတူလိုက်ဝင်သွားတော့......

"ကလေးလေး ကချစ်စရာလေး

ဘယ်သူ့သမီးလေးလဲ"

"ဟယ် ဘောင်းဘီတိုလေးနဲ့ ဝါဂွမ်းလုံးလေးပါလား"

လီလီကို လှေကားအတွင်းမှာရှိနေတဲ့

လူတွေကပြောတော့

ဆရာကြီးစတိုင်နဲ့လက်လေးပိုက်ကာနေတော့

အကုန်လုံးကသဘောကျမေကြသည်။ထိုအချိန်လှေ

ကားက အောက်ကိုဆင်းတယ်ဆို

ကလေးဆိုတော့လန့်သွားကာ

မျက်နှာလေးကငိုမဲ့မဲ့ဖြစ်လာသည်။ကလေးလေးမို့
လူတက်ကြီးလုပ်တက်ပင်မဲ့
အခုကလူတွေဝင်လို့သာ
လိုက်ဝင်တာဘာမှန်းသိတာမဟုတ်။

"ဟီး ! ဖေဖေရေ မေမေ"

"ဟာ ! ကလေးမမဆီလာ
ကြောက်လို့လားကွယ်.....မိဘတွေကလည်းကလေး
ကိုဒီအတိုင်းလွှတ်ထားတာပဲ"

Lay Nge

ကောင်မလေးတစ်ယောက်

လီလီကိုပွေ့ချီမယ်အလုပ် လီလီလေးကသူစိမ်းဆို

ဘယ်တော့မှာအနအကပ်မခံတာကြောင့်

ဘယ်သူမှအနားကပ်မရပေ။

"ဟီးးးး ဖေဖေရေ လီလီကြောက် ကြောက်"

တစ်ဖက်ကလီလီလေးကငိုနေသလို သမီးပေက်လို့

မျက်နှာအကြီးအကျယ်ပျက်ကာ Hotel

အဝင်ပေါက်အထွက်ပေါက်တွေပိတ်ခိုင်းကာ cctv

ကနေကြည့်နေတဲ့ နေ......

"မြန်မြန်လုပ်စမ်းပါကွာ !"

CEO သူ့သမီးကိုဘယ်လောက်စိတ်ပူနေလည်းမသိ
ဝတ်ထားတဲ့အပေါ်ကုတ်ကိုပါ
ကောက်ပေါက်ပစ်တဲ့အပြင်
စင်ကာပူကရင်းနှီးမြှုပ်နှံမှုကိုပါ
ရုံးခန်းထဲစကားပြောနေတာကို
ဒီအတိုင်းထားထားပစ်ခဲ့တာ။

"ဟိတ်ကောင် ရပ် ! မင်းမျက်စိကန်းနေသလား!!!"

"အ့"

ဓာတ်လှေကားတစ်ခုနားက cctv File ကိုနိပ်လိုက်မိတယ်ဆို မြင်ကွင်းမှာ ကလေးပေါ်လည်းတာကို သူကမမြင်ပဲ တစ်ခြားတစ်နေရာကြည့်ဖို့လုပ်တယ်ဆို CEO ရဲ့ သန်မာလှတဲ့လက်တစ်စုံင သူလည်ကုတ်ကိုရိုက်ပစ်တာ နာလိုက်တာ။

နေ သမီးဝင်တာတဲ့နေရာကိုကြည့်ပြီး

အောက်ကိုဆင်းတာကိုတွေ့တာနဲ့ သူ cctv

အခန်းထဲကနေပြေးထွက်လာတာ

ဓာတ်လှေကားကနေဆင်းဖို့လည်းသတိမရနိုင်

ရိုးရိုးလှေကားကနေသာ

ပြေးဆင်းလာမိသည့်အထိ။

သူစိတ်ထဲခံစားနေရတာ

သမီးလေးငိုနေတာလို့ထင်နေမတာကြောင့်

လှေကားကနေတဟုန်ထိုးပြေးဆင်းတာ

ခြေထောက်ခေါက်ပြီးပြုတ်ကျတာ

ဖြေးဖြေးသက်သာမဟုတ်။အဲ့တာလည်း

Lay Nge

နာရကောင်းမှန်းမသိ ပြန်ထကကျန်နေတဲ့
လေ့ကားတွေကိုအတိုင်း ပြေးဆင်းပြန်သည်။

"ဟီးး ! ဖေဖေ "

သဘာဝလည်း နာရေးအိမ်မှာ
သားကိုပြောစရာရှိတာပြောပြီး
ညနေမောင်ပြန်လာခေါ်မှ
အိမ်ကိုပြန်ဖို့တစ်ခါထဲတွေးထားပင်မဲ့ သမီးလေးကို
စိတ်မချဖြစ်တာကြောင့်လိုက်လာတော့
မောင့်ရုံးခန်းက ဒုတိယထပ်မှာဖြစ်တကြောင့်

ဓာတ်လှေကားကနေသွားဖို့အတွက် အသွား
အခုမှပွင့်လာတဲ့ ဓာတ်လှေကားထဲကနေ
ငိုပြီးထွက်လာတဲ့ သမီးလေးကိုတွေ့တယ်ဆို
စိုးရိမ်စိတ်ကရောက်လာရင်း
သမီးလေးဆီအပြေးသွားမိသည်။

"ဟင့် မေမေ လီလီဆီလာ"

သူမကိုတွေ့တာနဲ့ လာပါလို့ခေါ်တဲ့သမီးလေးကို
ကောက်ပွေ့လိုက်ရင်း ပါးလေးတွေကို
နမ်းလိုက်ရင်း မောင်ကိုမတွေ့တာကြောင့်....

Lay Nge

"သမီး ဖေဖေရော"

"ဟင်းးး ဖေဖေအလုပ်လုပ်နေတယ်ရယ်"

မောင်တစ်ယောက်
ကလေးကိုအိမ်မှာဆိုတော့လည်း
သဝန်တိုလို့သူ့အလုပ်ကိုခေါ်သွားတာ
ကလေးပျောက်သွားတာတောင်သတိမထားမိဘူး
လားတွေးမိရင်းစိတ်ဆိုးမိသည်။

"သမီးရာ လန့်သွားတာပဲကွာ!"

သမီးကိုစိတ်ပူလွန်တာကြောင့် ပြေးဆင်းလာရမှ အောက်ကိုရောက်တယ်ဆို သမီးလေးကိုချီထားတဲ့ မ နဲ့အတူတွေ့လိုက်မှ သက်ပြင်းချကာ အနားသွားတော့......

"မောင် ရုံးခန်းထဲသွားရအောင်"

သူမစိတ်ဆိုးနေတာဆိုပင်မဲ့ လူတွေအများကြီးကြားထဲတော့

မောင်ကိုဘယ်တော့မှစိတ်ဆိုးနေတဲ့ပုံစံနဲ့ပြောမှမဟုတ်။သူမကြောင့်တဲ့ ချစ်ရတဲ့သူသိက္ခာကျမှာမလိုချင်လို့ပင်။

နေလည်း

သူမကရုံးခန်းထဲသွားရောက်အောင်ဆိုကတည်းကအဆူခံရတော့မယ်ဆိုတာသိပင်မဲ့ အခုကိစ္စကစိတ်ဆိုးချင်စရာကောင်းတဲ့ကိစ္စဖြစ်တာကြောင့် မပြောလည်းသူငြိမ်ခံရမှာပဲလေ။သူအလုပ်ကိစ္စကိုစိတ်ရောက်သွားပြီး ကိုယ့်သမီးကခြေထောက်ပါတဲ့သတ္တဝါလေးဆိုတာမေ့သွားတာ။

"မောင် ပြောပါဦး ကလေးကဘာယ်လိုဖြစ်လို့
တစ်ယောက်ထဲအောက်ရောက်နေရတာလည်း
ပြီးတော့
တစ်ယောက်ထဲဆိုတော့သူစိမ်းတွေကြားထဲငိုနေ
တာ!"

"အင်း မောင်အလုပ်ထဲအာရုံရောက်သွားတာ
သမီးကိုအရင်လိုအေးဆေးဆော့နေမယ်ထင်တာ"

"အဲ့တာပဲ

မောင်အလုပ်မအားမှန်းသိလို့မခေါ်သွားဖို့ပြောတော့

လည်း နားမထောင်ဘူး

ကိုယ်လုပ်ချင်ရာလုပ်တာ....အခုကိစ္စက

အိမ်မှာထားရင်

မာန်လေးကကလေးလေးရှိသေးတာ

ဘာမှမဖြစ်ဘူး အခုက

ကလေးတစ်ခုခုဖြစ်သွားရင်ဘယ်လိုလုပ်မလဲ !

တော်သေးတယ်စိတ်ပူလို့လိုက်လာတာ တွေ့လို့ပေါ့

မဟုတ်ရင် သူများခေါ်သွားမှ

ဒုက္ခ.....နောက်ကလေးကို

မောင်အလုပ်ကိုမခေါ် နဲ့တော့!!"

သူမပြောသမျှကို တစ်ခွန်းတောင်ဖြက်မပြောပဲ

ခေါင်းသာငြိမ့်နေတာကြောင့်

သူမလည်းကလေးကိုစိတ်ပူသွားလို့သာ

အဲ့လိုပြောမိတာပြီးရင် ပြောရကောင်းလာဆိုကာ

ဝမ်းနည်းမိတာလည်းကိုယ်တိုင်ပဲ။သဘာဝ

မောင်ကိုကြည့်ရင်းက

ဘယ်ဘက်လက်ကိုကြည့်လိုက်တော့

မောင်ဝတ်ထားတဲ့အင်္ကျီအဖြူရဲ့လက်မှာသွေးတွေရဲ

ရဲနီနေကာ

လက်ခုံပေါ်ကနေစီးကျနေတာကြောင့်.......

"မောင် လက်ကဘာဖြစ်တာလဲ....သမီး

ဒီမှာခဏလေးထိုင်နော်"

သဘာဝ မောင်လက်ကိုကြည့်ကာမေးရင်း

သမီးလေးကိုလည်း ဆိုဖာပေါ်ချပေးကာ

မောင်လက်ကို

ကိုင်ကြည့်လိုက်မိသည်။ဘယ်ဘက်တံတောင်ဆစ်

နားကနေ သွေးစို့နေတာကြောင့် သူမလည်း

မောင့်စားပွဲပေါ်က စက္ကူညှပ်တဲ့ကပ်ကြေးယူပြီး

မောင့်အင်္ကျီလက်ကို ထိုးခွဲကြည့်လိုက်တော

လက်အဆစ်နားမှာခြစ်ရာကြီးက

နည်းနည်းမဟုတ်သေးတွေအများကြီးထွက်နေတာ ဖြစ်ကာ နေ့လည်ဘက်ဆိုတော့ပိုဆိုးသည်။

"မောင် လက်ကဘာဖြစ်တာလဲ"

နေလည်းအခုသူမပြောမှ လက်ကဒဏ်ရာကိုသတိထားမိတာပင်။သေချာတာကတော့ ခဏကသမီးပျောက်တာလိုက်ရှာရင်း လှေကားပေါ်ကပြုတ်ကျတော့ ရလာတဲ့ဒဏ်ရာထင်သည်။ခဏကတော့ဒဏ်ရာရမှ

န်းတောင်မသိပင်မဲ့

အခုတော့စပ်သလိုလိုဖြစ်လာသည်။

"CEO ! အဆင်ပြေလား

ကျွန်တော်ဆရာဝန်ခေါ်လိုက်မယ်"

သူတို့မှာ

ဒဏ်ရာရတာနဲ့ပက်သက်ပြီးစကားပြောမလို့ရှိသေး

တံခါးမခေါက်ပဲ ဝင်ချလာတဲ့ အတွင်းရေးမှူးကြောင့်

နေက မကြည်တဲ့အကြည့်နဲ့ကြည့်လိုက်တော့ ……

Lay Nge

"မဟုတ်ဘူးလေ CEO ခဏက

လှေကားပေါ်ကပြေးဆင်းတာ

ကျွန်တော်အနောက်ကလိုက်လာတော့

ခြေခေါက်ကျတာလေ

အဲ့တာကျွန်တော်လာတွဲခေါ်မလို့ရှိသေး CEO

ကအတင်းထပြီး ပြေးဆင်းသွားတာ.....အဲ့ထဲက

လက်ပေါက်သွားတာတွေလို့

ကျွန်တော်အောက်ထပ်လိုက်လာတာ CEO

ကမြန်ချက်က အပေါ် ပြန်ရောက်သွားပြန်ရော

အခုသွေးတွေကအများကြီး

ဆရာဝန်ခေါ်လိုက်မယ်"

"မခေါ် နဲ့မလိုဘူး ဒီလောက်လေးနဲ့ငါမသေဘူး"

သူ့အတွင်းရေးမှူးပြောမှ

မောင်ဘာကြောင့်ဒဏ်ရာရတယ်ဆိုတာ

သိသွားရကာ

ခဏကပြောမိတဲ့စကားတွေအတွက်တောင်

မောင့်ကိုသနားသွားရသည်။သူမကဒေါသကြောင့်

မောင်ကလည်း

အဖေဆိုတာကိုပါမေ့သွားရသည့်အဖြစ်။သူမစိတ်ပူ

သလို

သူလည်းဘယ်လောက်တောင်စိတ်ပူလိမ့်မလဲ။သူ

လက်ကဒဏ်ရာရနေတာတောင်

မောင့်ကသူ့သမီးအတွက်ပဲစိတ်ပူနေခဲ့မှာ။

"ဆရာဝန်ခေါ်လိုက်ပါ မဟုတ်ရင်ဒဏ်ရာက

နည်းနည်းများများတယ်အဆင်မပြေဘူး"

CEO

တောင်သူ့ကတော်စကားကိုတစ်ခွန်းဆိုတစ်ခွန်းနာခံ

ရတာ အခုသူကို CEO ကမခေါ် ဖို့ပြောပင်မဲ့ CEO

ကတော်က ဆရာဝန်ခေါ် ဖို့ပြောတာကြောင့်

ဆရာကတော်စကားကိုပဲနားထောင်က
ဆရာဝန်ကိုဖုန်းဆက်ခေါ်လိုက်ရသည်။

"ဆရာဝန်မလာခင်
မောင့်အနာသွေးတိတ်အောင်လုပ်ရမယ်.....ဟို
ဆေးသေတ္တာရှိတယ်မဟုတ်လား"

CEO ထက်တောင်ကြောက်ရတဲ့ CEO
ကတော်မေးတာကို ခေါင်းငြိမ့်ပြရင်း File
တွေတန်းစီထည့်ထားတဲ့

ဗီရိုအောက်ဆုံးအကန့်ထဲက

ဆေးသေတ္တာကိုထုတ်ယူလိုက်ပြီး......

"CEO ကျွန်တော်လုပ်ပေးရမလား"

"ရတယ် မင်းကဆရာဝန်လာတာ

စောင့်နေလိုက်နော်....လီလီသမီးလည်းထိုင်နေရာက

နေမရွေ့နဲ့"

အခုဖြစ်သွားတဲ့ကိစ္စမှာ

မောင့်ကိုသာအပြစ်ပြောမိတာ

ကိုယ်ကလေးကိုယ်တိုင်ကလည်း

ငြိမ်ငြိမ်နေရတာကို

သဘောကျတာမှမဟုတ်တာ။အခုမှ

မောင့်ရှုံးခန်းထဲငေ့ကြည့်မိတာ ကစားစရာတွေရော

သမီးစားဖို့ထင်သည်ဝယ်ထားတဲ့မုန့်တွေက

နည်းနည်းလေးမဟုတ်။သမီးက

မောင်ဆိုအရုပ်ဆိုပင်မဲ့ သူမကတော့

ကြောက်လို့တော်သေးသည်။

"ကျစ် !!!"

LaYNge

အနာကိုသန့်ရှင်းရေးလုပ်ဖို့အတွက် အရက်ပြန်နဲ့ ဆေးလိုက်တော့ အနာကစပ်တာမို့ သူလက်သီးကိုတင်းနေအောင်စုပ်လိုက်မိသည်က လက်ကအကြောတွေတောင်ပေါ်လာသည့်အထိ။

"မောင် ! ခဏလေး ဖူးးးးးး"

သူလက်ကိုသေချာသန့်ရှင်းရေးလုပ်ပေးနေရင်းက သူစပ်မှာဆိုးလို့သေချာလေမှုတ်ပေးနေတဲ့အမျိုးသမီးလေးက ခဏကသူ့ကိုဆူပူထားတဲ့အမျိုးသမီးလေးမဟုတ်

တဲ့အတိုင်း။သူဘာလုပ်လုပ်
စိတ်ဆိုးနေလဲခဏပါပဲ။ခဏနေတော့
ဆရာဝန်ရောက်လာပြီး.....

"အနာကတော်တော်များသွားတာပဲ ကိုနေ
ဘယ်လိုတောင်ဖြစ်ရတာလဲ"

"လှေကားပေါ်ကပြုတ်ကျတာ"

"နှစ်ချက်လောက်တော့ ချုပ်ရမယ်ကိုနေ"

LayNge

ဆရာဝန်ကချုပ်ရမယ်ပြောတယ်ဆို

အသားအချုပ်ခံရမဲ့သူက

မျက်နှာတစ်ချက်မမဲ့ပဲခေါင်းငြိမ့်ပင်မဲ့

သဘာဝကတော့ မျက်ရည်တွေဝိုင်းနေတာ

သူလက်ကိုကိုင်ထားရင်းချွေးစေးပြန်နေရသည်။

"မချုပ်ပဲနဲ့ဆေးပဲထည့်လို့မရဘူးလား

အပ်နဲ့ချုပ်တော့အနာပေါ်အနာဆင့်သလိုဖြစ်နေမှာ

ပေါ့"

"ဟွန်း

ကျွန်တော်မြန်မြန်ကောင်းအောင်လုပ်ပေးတာပါ

ပြီးတော့ ဒီလူအတွက်က

အပ်နဲ့ချုပ်တာနစ်ချက်ဆိုတာ ဘာမှမဟုတ်ဘူး"

ပြောရင်းဆရာဝန်က

မောင့်လက်ကိုထုံဆေးအရင်ထိုးကချုပ်ဖို့လုပ်တော့

သူမကမျက်နှာလွှဲလိုက်ကာ

သူလက်ကိုကိုင်ထားတာတော့မလွှတ်ပေ။ကိုယ့်ရှေ့

မှာ ကိုယ်ချစ်တဲ့သူနာကျင်နေတာ

ဘယ်လိုစိတ်မျိုးနဲ့သူမက ကြည့်နေနိုင်ရမှာလဲ။

"ကိုနေ မနာဘူးမလား
ကျွန်တော်ကလူနာကိုညင်သာတယ်"

"နာမနာသိချင်လား ငါမင်းဆီကပညာနဲ့
မင်ဖင်ကိုချူပ်ပြရမလား ပြော!"

ကိုယ်ကချူပ်နေရင်းအာရုံပြောင်းအောင်ပြောလိုက်
ပါတယ်
သူကပြန်ပြောတဲ့စကားကကိုယ်ပါးစပ်ပေါက်ကို
ပြန်ပိတ်လိုက်ရတဲ့အထိပင်။

"ဖြေးဖြေးလုပ်နော် ဖေဖေနာရင် သတ်မှာ!"

အဖေဖြစ်သူကပြောလို့မဆုံးသေး သမီးကပါသူကို သတ်မှာပြောနေတာကြောင့် ဆရာဝန်လုပ်နေရတဲ့ သူ့ဘဝသူတောင်သနားသွားရသည့်အဖြစ်။

"ပြီးသွားပြီ ကိုနေ"

ဆရာဝန်ဆီက ပြီးသွားပြီဆိုမှ သဘာဝက မောင့်ဘက်ကလှည့်ကြည့်တာဖြစ်ပြီး

မောင့်ရဲ့တံတောင်ဆစ်လေးနေရာကိုကြည့်မိတော့ အမာရွတ်လေးထင်သွားမလားစိတ်ပူမိသည်။ဘာလို့ဆို မောင်ကသူ့ခန္ဓာကိုယ်ကိုအရမ်းဂရုစိုက်တာ။

"အစ်မ ကိုနေကိုအခုတစ်ခုခုစားပြီးရင် ဆေးတစ်ခွက်တိုက်လိုက်နော် မဟုတ်ရင် ညကြအနာအရှိန်ကြောင့်အဖျားတက်လိမ့်မယ်"

"အင်း စိတ်ပူစရာတော့မရှိဘူး မဟုတ်လား ဟင်"

"မရှိပါဘူး ရှိရင်လည်းကျွန်တော်မညာရဲဘူး ကိုနေ သမီးကိုကြောက်လို့"

ကိုနေ သမီးအစ္စာလေးကို သူဘယ်တုန်းကတည်းကလန့်နေတာလည်းဆိုရင် မှတ်မှတ်ရရ လွန်ခဲ့တဲ့ 5 လလောက်ကပေါ့ ကိုနေကို စရင်းနောက်ရင်း ပုခုံးကိုပုတ်လိုက်မိတာ တွေ့တဲ့အုတ်ခဲနဲ့အထုခံခဲ့ရတာ မှတ်မှတ်ရရပါပဲ။နေမင်းလက်ရာသမီး တကယ်ကို နေမင်းလက်ရာအတိုင်းပါပဲ.........။

ဆရာဝန်ပြန်သွားတော့ သဘာဝကပဲ

မောင်ကိုအဝတ်အစားလဲပေးကာ

နေ့လည်စာကျွေးရသည်။လာတုန်းကတော့

သမီးလေးကို နေ့လည်စာကျွေးဖို့အတွက်ဆိုပြီး

ဖေဖေကိုပါ ကျွေးနေရတဲ့အဖြစ်။

"မောင် ဆေးသောက်ရမယ်နော် ရော့"

ဆရာဝန်ပေးထားခဲ့တဲ့ဆေးတွေကို

ဂရုတစိုက်သူ့လက်ဝါးထဲထည့်ပေးပြီး

ရေဘူးထဲကရေကို ဖန်ခွက်ထဲငှဲ့ပေးကာ

သမီးပြောတဲ့သူ့အချစ်ဆုံးလေးက

ဂရုတစိုက်လုပ်နေတာကို အကြံတစ်ခုရသွားတဲ့

နေမင်းလက်ရာ က.....

" မ ဟိုမှာအမွှေစိန်လေးကိုကြည့်ဦး"

သူပြောတယ်ဆို မ ကအကောင်းမှတ်လို့

သမီးလေးဆော့နေတဲ့နေရာကို လှမ်းကြည့်နေခိုက်

လူလည်နေမင်းလက်ရာက လက်ထဲကဆေးတွေကို

ဘောင်းဘီအိတ်ကပ်ထဲထိုးထည့်လိုက်ပြီး

ဆေးမပါပဲရေကိုသောက်ပြလိုက်သည်က မ

အမြင်မှာသူဆေးသောက်တယ်ပေါ့။

"Sorry ပါ မောင့်အချစ်ကလေးပြုစုတာခံချင်လို့ပါ"

ဆေးမသောက်ရင်ညကြအဖျားတက်တဲ့အခါ မ

ကဂရုစိုက်ပြီး

သူ့အနားကပ်မှာကိုတွေးမိပြီးပြုံးလိုက်သည်။သူပြုံး

လိုက်တာကိုတွေ့တဲ့ သဘာဝက.......

"မောင် ဆေးသောက်လိုက်ပြီလား မြန်သား မောင်ဆေးမကြောက်တက်တာအတော်ကောင်းတယ်"

သူလုပ်တာသူပဲသိတော့ လူယုတ်မာပုံစံနဲ့ကျေနပ်နေတာကို မကသူဆေးသောက်ရတာကို ကျေနပ်နေတယ်ထင်ကာပြောတော့.....

LaNge

"မောင်မိန်းမသာကျွေးမယ်ဆို
မောင်အပိုပြောတာမဟုတ်ဘူး အဆိပ်ဆိုရင်တောင်
မောင်ကကျေကျေနပ်နပ်သောက်မှာ"

"ဟွန့် ယုံလိုက်ပါ့မယ် CEO ကြီးရယ်"

"ဘာလဲမယုံဘူးပေါ့ သက်သေပြမယ် လာထား!"

ဆိုကာ
သူမကိုပေါင်ပေါ်ပွေ့တင်လိုက်တဲ့မောင်ကြောင့်

LayNge

သမီးကိုအရင်လှည့်ကြည့်မိတော့ သမီးလေးက

သူကစားစရာမှာပဲအာရုံရှိနေလို့တော်သေးသည်။

"မောင် ဘယ်လိုတွေဖြစ်နေတာလဲ"

"မောင်မိန်းမက မောင့်အချစ်ကိုလျှောင်လို့

သက်သေပြမလို့လေ "

သူမကိုမဟုတ်တဲ့စကားတွေလာပြောနေတဲ့

မောင်ကို အံကြိတ်ပြလိုက်တော့

ဒင်းကရီတောင်ရီနေသေးတဲ့အပြင်

သူမခါးလေးကိုဖက်ရင်း

သူမပါးလေးကိုနမ်းလိုက်တာ

သူနှာခေါင်းကြီးနစ်ဝင်သွားတော့မဲ့အတိုင်းပင်..........

။

သဘာဝအိပ်နေရင်းတရေးနိုးတော့မျက်လုံးဖွင့်လို

က်ရင်း

အမြဲသူမနိုးရင်အမြဲလုပ်နေကြအကျင့်အတိုင်း

သားအဖနှစ်ယောက်ဘက်ကြည့်မိတော့

သမီးလေးကနှစ်ယောက်အကြားကားကားလေးအိ

ပ်နေတာဖြစ်ပြီး

မောင်ကတစ်ဖက်စောင်းအိပ်နေတာက

ခန္တာကိုယ်အနေအထားကပုံမှန်ဟုတ်မနေတာကြော
င့် သူမအိပ်နေတဲ့ဘက်ကဆင်းရင်း
မောင်အိပ်နေတဲ့ဘက်လျှောက်သွားကာ
နဖူးလေးကိုစမ်းကြည့်တော့
ကိုယ်တွေတအားပူနေတာကြောင့်..........

"မောင်တစ်ယောက်
ဆေးသောက်ထားတာတောင်!"

သူမနဖူးကကိုယ်အပူချိန်စမ်းပြီးတယ်ဆို
သူလည်ပင်းတွေကို ချွေးစို့နေလားစမ်းကြည့်တော့

Lay Nge

ချွေးပါမထွက်တာကြောင့်

မောင်ကန်ချထားတဲ့စောင်တွေကို

မောင်အပေါ် ခြုံပေးလိုက်ရင်း မှန်တင်ခုံက

ခုံကိုဆွဲယူကာ မောင်ဘေးနားထိုင်ရင်း

အခြေအနေကိုကြည့်နေမိသည်။

" 2 နာရီပဲရှိသေးတယ် ဒုက္ခပါပဲ"

သူမက တကယ်လို့လိုအပ်ရင်

ဆရာဝန်ခေါ် ဖို့အတွက်အချိန်ကိုကြည့်လိုက်တော့

2 နာရီပဲရှိသေးတာကြောင့် သက်ပြင်းသာချပြီး

မောင် အများကြီးမဖြစ်ပါစေနဲ့သာ
ဆုတောင်းမိသည်။

"ကျစ် ! အ့ နာလိုက်တာကွာ"

December လဆိုတော့အအေးကစိတ်လာပြီမို့
မောင်ဒဏ်ရာကနည်းနည်းများသွားတော့
အအေးဒဏ်ကြောင့်
မောင်လက်တွေကိုက်လာတယ်ထင်သည်က
ညည်းသံထွက်လာတာကြောင့်ပင်။

"မောင် ! မောင် နာလို့လား"

"ဟင် ! ကျစ် မနာပါဘူး"

နေ တကယ်တော့ဆေးမသောက်လိုက်တာ
ကိုယ်ပူယုံလောက်ထင်လိုက်ပင်မဲ့
အခုကကိုယ်လက်တွေနာနေတဲ့အပြင်
လက်ကအနာကပ် ကိုက်နေတာကြောင့်
ညည်းမိတော့
သူ့အနားဘယ်အချိန်ကတည်းကရောက်နေမှန်းမသိ
တဲ့

ချစ်ဇနီးကမေးလာတော့စိတ်ဆင်းရဲမှာဆိုးတာမ
ကြောင့်မနာဘူးပြောလိုက်တော့......

"တော်ယုံ အနာလောက်နဲ့
မောင်ကဒီလောက်ရုက်ပျက်ဘူးလို့လား ဟင်
ဘယ်နားကနာနေတာလည်း
တော်တော်နာနေလား.....နာနေရင် ထထိုင်လိုက်နော်
မောင်သက်သာမှအတူတူပြန်အိပ်ကြမယ်နော်.....အ
ခုအဝတ်အစားလဲမလား"

Lawnge

အိမ်ထောင်အမျိုးသမီးလေးတွေရဲ့တန်ဖိုးက နောက်ဝင်လာတဲ့သူထက်အများကြီးသာတယ်ဆိုသ က်သေ။သူတို့အမျိုးသားများ နေမကောင်းရင်လည်းအိပ်ရေးအပျက်ခံပြုစုသလို သူတို့အမျိုးသားတစ်ခုခုဖြစ်မှာဆိုးလို့ မျက်ရည်ကျရတာတစ်မျိုး ဆုတောင်းရာတာတစ်မျိုးနဲ့အဖိုးတန်လွန်းလှသည်။

သူ့အတွက်တော့ ဒီလောက်တန်ဖိုးမြင့်မားတာလေးလက်ထဲရှိနေ တော့မှတော့ ကျန်တာတွေကိုမမြင်နိုင်တာမဆန်းပါဘူး။ယော

ကျော်းကသာ တကယ်ချစ်ရင်

မိန်းကလေးတွေကကဘုရင်မပဲတဲ့။သူ့တွက်တော့

သဘာဝပန်းက ဘုရင်မအဆင့်တင်မဟုတ်

အရှင်သခင် သူ့ဘာဝကို စေလိုရာညွှန်းနိုင်တဲ့

သူ့ဘာဝရဲ့အဓိပ္ပာယ်.............။

~~~~~~~~~~~~~~ဆက်ရန်။

💜နေမကောင်းနေတဲ့ အန်ကယ်က

မနက်ဖြန်သူ့မမကိုဘယ်လိုတွေတောင်ခွဲမလဲဆို

တာ💜

lay Nge
~~~~~~~~~~~~~~

🍭You are my life🍭

Chapter _🤍 38 🤍

Lay Nge

မောင်ကအချိန်မတော်ကြီးထဖျားနေတာကြောင့်
ချွေးထွက်လာတယ်ဆိုအဝတ်အစားလဲပေးကာ
ပြန်အိပ်ခိုင်းဖို့အတွက်က
လက်ကကိုက်နေတာကြောင့် သူမကနားလည်စွာ

တစ်ခုခုကျွေးပြီးမှ

ဆေးသောက်ပြန်အိပ်ခိုင်းဖို့အတွက်.......

"မောင် ခဏလေးနော် မောင်တစ်ခုခုစားပြီး

ဆေးသောက်ပြန်အိပ်ရအောင်

တစ်ခုခုသွားလုပ်လိုက်မယ်"

"မလုပ်နဲ့တော့ အလုပ်ရှုပ်တယ် ထားလိုက်ပါ မရာ'

"ဘာကိုအလုပ်ရှုပ်တာလဲ မောင်ရဲ့

ဘာမှအလုပ်မရှုပ်ဘူး.....အဲ့တာထက်

ကလေးကိုဟိုဘက်ရွှေ့ထားမှ
ကိုယ်ပူတွေကူးကုန်မယ်"

ပါးစပ်ကလည်းပြောရင်း ကုတင်ပေါ်ပြန်တက်ကာ
သမီးလေးကို သူမအိပ်တဲ့ဘက်ကိုရွှေ့လိုက်တော့
သမီးလေးက အင်းအဲ့တစ်ချက်သာလုပ်ပြီး
ပြန်အိပ်သွားလို့တော်သေးသည်။

"မလုပ်နဲ့တော့
မောင်နေကောင်းဖို့ကဆေးလည်းမလိုဘူး

Layne

အစားအသောက်လည်းမဟုတ်ဘူး

သဘာဝပန်းပဲလိုတာ"

"ကြည့် ! စကားနားမထောင်တာ မကြိုက်ဘူးနော်

မောင်"

သူမကပြောတော့

တစ်ခွန်းဆိုတစ်ခွန်းငြိမ်သွားတော့မှ

သူမလက်ကိုကိုင်ထားတဲ့သူလက်ကို

ခဏဖယ်ကာကုတင်ပေါ်ကဆင်းလိုက်ပြီး

ထိုင်နေတဲ့သူရဲ့ ပါးတစ်ဖက်ကို နမ်းလိုက်ကာ
အခန်းပြင်ထွက်လာလိုက်သည်။

နေ သူကိုဘယ်လိုပြေမ်ဆေးကျွေးရမလဲသိနေတဲ့
မိန်းမဖြစ်သူကြောင့်
ကိုယ်ဖန်တီးထားတဲ့နေမကောင်းဖြစ်နေတာတောင်
မေ့သွားရသည့်အထိပင်။အခုနောက်ပိုင်းဆို မ က
မိသားစုကိုထိရင်
နည်းနည်းလေးတောင်လက်မခံတာက
သူရဲ့သူမလေးအပေါ်စနစ်တကျနွေးထွေးစွာပျိုး
ထောင်ထားတဲ့
ချစ်ခြင်းမေတ္တာတွေကြောင့်ထင်သည်။

"ကိုကို လီလီကချစ်ချစ်"

ကိုယ့်မိန်းမရဲ့ကြင်နာမှုတွေအကြောင်းတွေးနေတာ ပင်မဆုံးသေး

ခြေကားယားလက်ကားယားအိပ်နေတဲ့ သမီးလေးက

ထယောင်တာများထိပ်ကိုထုပစ်ချင်စရာ။

"ကျစ် ! နေမင်းမာန်ဟုန် ကောင်စုတ်လေး မင်းနဲ့ငါတော့ကွာ"

အရွယ်လေးကြည့်တော့
လက်တောက်လောက်လေးနဲ့
ကိုကိုထိပ်ထားစံချင်နေတဲ့သမီးကြောင့်
သူမအူတိုရလွန်းလို့အရွယ်မတိုင်ခင်
ဆံပင်ဖြူတော့မည်။အဖေကိုကြတော့ချစ်တယ်ဆို
ပြီး ယောင်ဖို့နေနေသာသာ
အိမ်မက်ထဲတောင်ထည့်မတ်မှာမဟုတ်။

သူလည်းအိပ်နေတဲ့
သမီးလေးကိုကောက်သွားရရင်း

အပေါ့သွားချင်တာကြောင့်

အိပ်ရာပေါ်ကဆင်းလိုက်ပြီး

သန့်စင်ခန်းထဲကိုဝင်လာလိုက်သည်။

သဘာဝ မောင်စားဖို့ပေါင်မုန့်နဲ့

နို့ကိုယူလာပြီးအခန်းတံခါးကဖွင့်ထားတာကြောင့်

အခန်းထဲတန်းဝင်လာလိုက်တော့ မောင်က

ကုတင်ပေါ်မရှိတော့တာမို့ ယူလာတဲ့ပေါင်မုန့် နဲ့

နွားနို့ကို ခုံပေါ်တင်ကာ အခန်းတံခါးကို locked

ချလိုက်သည်။အခန်းတံခါး Locked ချပြီးတော့

သန့်စင်ခန်းထဲကရေဆွဲချသံကြားတာမို့

မောင်ရှိနေတဲ့နေရာကိုသိပြီမို့

ခဏကချုတ်ထားတဲ့အဝတ်တွေထဲ

အဝတ်လဲခန်းထဲလာတော့......

"မောင်တစ်ယောက်ကတော့

ကိုယ်ဝတ်တဲ့အဝတ်အစားက

အမဲကလွဲကျန်တာအစွန်းအထေးမခံတာကို"

ခြင်းထဲကိုထည့်ထားတာ သေချာမထည့်တာမို့

ဆွဲထုတ်ကာသေချာခြင်းထဲထည့်ပေးဖို့လုပ်တယ်ဆို

သူမလက်ထဲပါလာတဲ့ ဘောင်းဘီအထဲက

ဆေးတွေထွက်ကျလာတာကြောင့်

ကောက်ကြည့်မိတော့......

"မောင်တစ်ယောက်တော့

ဆရာဝန်ကသောက်လို့ပြောတာတောင်"

နေ့လည်ကဆရာဝန်က

သေချာဆေးတိုက်ခိုင်းလို့သူမကတိုက်တာကို

သူကမသောက်ပဲဘောင်းဘီအိတ်ထဲထည့်ထားတာ

က ဆေးလည်းသောက်တာမကြေညက်ပါပဲနဲ့။သူမ

ဆေးမသောက်လို့အခုလိုဖျားတာကို

ဒေါ်သထွက်ပင်မဲ့ သေချာပြန်တွေးကြည့်တော့
မောင် ခင်မျာအလုပ်တွေနဲ့
သူကလေးပြဿနာတွေလိုက်ရှင်းနေရတာ
သူလည်း
မိန်းမအနားကပ်ချင်မှာပေါ့။သူမအဝတ်အစားတွေ
ကိုသေချာထားကာ အခန်းပြင်ထွက်လာတော့
သူလည်းသန့်စင်ခန်းထဲကထွက်လာသည်။

"မောင် မုန့်စားမယ်ပြီးရင်
ဆေးသောက်ရမယ်နော်!"

ခန္တာကိုယ်အနေအထားလေးက

အရင်ကတည်းကလှသလို သမီးမွေးပြီးမှ

အရင်ကထက်တောင်အသားအရည်ပိုလှလာကာ

ပိုချစ်ဖို့ကောင်းလာတာက

သူမျက်လုံးထဲမှာတော့အတည်ပင်။သူကိုယ်တိုင်က

သူမရဲ့အလှတွေထဲ နစ်မွန်းနေလို့လားတော့မသိ။

"မောင်

ကိုအရမ်းချစ်တာပဲ....မောင်တစ်ယောက်ထဲပဲ

ဘဝရဲ့အခက်အခဲတွေကိုလက်တွဲဖြေရှင်းချင်တဲ့သူ..

..သဘာဝကိုချစ်ရင် နေကောင်းအောင်နေနော်

မောင်ကတစ်အိမ်လုံးရဲ့အားဆေးလေးလေ"

သူကိုအရမ်းတွေခြွေနေတဲ့ ချစ်ဇနီးလေးကို
ပြောစရာစကားကို ရှာကြံတွေးနေရင်းကို သူမက
သူအလုပ်စားပွဲမှာသူ့ကိုထိုင်စေပြီး.....

"မောင် မုန့်စားလိုက်ပြီးရင် ဆေးသောက်မယ်"

သူကိုခုံပေါ်ထိုင်ပေးပြီးတာနဲ့
သားနေမကောင်းတာကိုအမေကပြုစုနေတဲ့အတိုင်း
ပေါင်မုန့်ကိုလည်း ကိုယ်တိုင်ယူခွံ့လိုက် နွားနို့ကို
သောက်ခိုင်းလိုက်နဲ့ သူမခွံ့တာမှန်သမျှကို

ကောင်းသည်ဆိုးသည်မပြောပဲစားနေလိုက်တာ

အကုန်ပြောင်တဲ့အထိ။

"လိမ္မာလိုက်တဲ့ သဘာဝယောကျာ်းလေး"

သူနှုတ်ခမ်းကို

သူမလက်လေးနဲ့သုတ်ပေးရင်းကပြောလာတဲ့ သူမ

စကားကိုနားထောင်ပြီးတယ်ဆို

သူမှာပြောင်းလဲနေတဲ့ သူချစ်ရသူရဲ့ပုံစံကြောင့်

သူပြောချင်တဲ့စကား

Lay Nge

ခွဲမယ်တွေးထားတာတွေလည်း

အကုန်ပျောက်သွားရသည်။

"မောင် ပြန်အိပ်ဦးနော် မနက်ကြရင်လည်း

campany ကိုမသွားနဲ့ဦး

တစ်ပတ်လောက်ပဲဖြစ်ဖြစ်နားလိုက်"

သူနဲ့အတူအခန်းထဲအစာကြေအောင်

ခဏလမ်းလျှောက်ပြီးတယ်ဆို

သူမကနေ့လည်ကဆရာဝန်ပေးခဲ့တဲ့ဆေးတိုက်ကာ

အိပ်ယာထဲပြန်လှဲစေပြီး

စောင်ကိုသေချာခြုံပေးသည်။သူကိုစောင်ခြုံပေးပြီး

တော့ သမီးကိုကြ

သမီးရဲ့စောင်လေးနဲ့ခြုံပေးလိုက်သည်။

သူ့မျက်ဝန်းတွေကပူလာတာကြောင့် မျက်ဝန်းကို

မိတ်ချဖို့ပြင်လိုက်တယ်ဆို

သူခြုံထားတဲ့စောင်ထဲဝင်လာပြီး

သူလက်တစ်ဖက်ပေါ်ခေါင်းဦးက

သူရင်ခွင်ထဲရောက်လာတဲ့ "မ" ကြောင့်.........

"ဟင် မောင်ကဟိုဘက်မှာအိပ်မယ်ထင်နေတာ အပူကူးဦးမယ်"

"ကူးပါစေ

တစ်ယောက်နေမကောင်းတစ်ယောက်ရှိနေတာပဲ ဘာအရေးလဲ"

သူပြောနေတာတောင်အတင်းရင်ခွင်ထဲတိုးဝင်ပြီး
သူ့ခါးကိုဖက်လာသေးတာကြောင့်
သူအတွေးတွေကို ကြိုသိနေတဲ့အတိုင်း

Lay Nge

အလိုက်တသိသူ့အနားကပ်ပေးနေတာမို့ ကျေနပ်နေမိသည်။

"မောင် အခုတွေးနေတာအခုကတည်းက ခါးကိုသွေးထားရမလိုဖြစ်နေပြီ ခဏလေးတင် မ အောက်ဆင်းသွားတော့ သမီးဘာက ဘာထယောင်တယ်မှတ်လဲ နေမင်းမာန်ဟုတ်ကို ချစ်တယ်ဆိုပြီးပြောနေတာ တကယ်ရင်နာတယ်"

"သမီးက ကလေးလေးရှိသေးတာလေ မောင်ရယ် သူစိတ်စွဲတာကိုအိမ်မက်မက်တာနေမှာပေါ့"

သူသာအဲ့အိမ်မက်ထဲဝင်လို့ရရင်
မာန်ဆိုတဲ့ကောင်စုတ်လေးကို ဂုတ်ကနေဆွဲပြီး
ငါ့သမီးအိမ်မက်ထဲကထွက်သွားလို့သာ
နှင်ထုတ်လိုက်ချင်သည်က တကယ်စိတ်ရင်းပင်။

"မရဘူး မကျေနပ်ဘူး
အဲ့ကောင်လေးကြောင့်ဒေါ်သထွက်ရတာ
သွေးပါတက်မလားမသိဘူး"

"မောင် ကိုယ်ရောဂါကိုမရှာပါနဲ့ သမီးကကြီးလာရင်
သူတို့နှစ်ယောက်ကဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာ
သဘောပေါက်သွားပါလိမ့်မယ်"

မောင်တွေးသလိုမဟုတ်ပင်မဲ့
တကဲ့လူပတ်ဝန်းကျင်အတိုင်းတွေးရမယ်ဆိုရင်
တောင့်
ကိုယ်မွေးစားအဖေရဲ့ညီမကိုပြန်ယူတယ်ဆိုတာကြီး
က
ကြားကောင်းတဲ့အနေအထားမဟုတ်တာသေချာသ
ည်။သူမ

နှစ်ဆယ်နဲ့ရှိပြီးကွာလွန်ဝေးလွန်းတဲ့အချိန်ထိတွေး
နေတဲ့ မောင်ကို ချော့မော့ပြောချင်တာကြောင့်......

"မောင်

သဘာဝနှစ်ယောက်အတူတူဖြတ်သန်းလာတာ
နှစ်နှစ်ဆယ်ကျော်ပြီ အဲ့အချိန်တွေအတွင်း
စိတ်ရောကိုယ်ရောဂရုစိုက်ပေးတာကို
ကျေးဇူးတင်ပါတယ်....သူများအချစ်ခံရတာကို
အားကျနေခဲ့ရတဲ့ဘဝကို
လူတကာအားကျရလောက်တဲ့အထိချစ်ပေးတဲ့
မောင်ကိုတစ်ဘဝလုံးစာအပိုင်ရတဲ့အတွက်
ဒီဘဝအတွက်လုံလောက်ပါပြီ....မောင်နှလုံးသားတ

စ်စုံလုံး သဘာဝကိုပေးတဲ့အတွက်
နောက်ဘဝတွေတိုင်းမှာလည်း
မောင်နဲ့ပဲတွေ့ဆုံချင်ပါတယ်"

သူကိုချစ်စကားတွေတန်းစီပြောသွားတဲ့ မ
ရဲ့မျက်နှာလေးကို မေးဖျားလေးကကိုင်ကာ
သူကိုမော့ကြည့်စေပြီး နဖူးလေးကို နမ်းလိုက်တော့
သူကသုံးစေချင်လို့ဝယ်ပေးထားတဲ့ skincare
ပစ္စည်းတွေကိုတစ်ခုမှမသုံးပဲ
သူမနဖူးလေးကနေရတဲ့အနံ့လေးကတစ်မျိုးလေးပ
င်။ပြောရမယ်ဆို သူတစ်ယောက်ထဲသာပိုင်တဲ့ မ
ရဲ့ကိုယ်သင်းရနံ့လေးပေါ့။

"ချစ်သူဘဝတော့ ချစ်စခင်စမို့လူတိုင်းအဲ့လိုပဲမို့ မောင်မပြောတော့ဘူး.....မတို့သားအမိကိုပြန်တွေ့ပြီး လက်ထပ်တော့ လက်ထပ်ပွဲမှာ သေတဲ့အထိသစ္စာမဖောက်မပြားပဲ ချစ်ခင်စုံမက်စွာဒီအမျိုးသမီးကိုပဲ ပေါင်းဖက်ပါ့မယ်ဆိုတာ မောင်စိတ်ထဲကအတိုင်းပြောတာ စာရွက်ဖတ်ပြီးပြောတာမဟုတ်သလို အလွယ်ပြောတာလဲမဟုတ်ဘူး.......မင်းကမောင့်မိန်းမဖြစ်တဲ့အချိန်ကစလို့ မင်းကိုသူများပေးရမှာကိုပိုကြောက်လာလေပဲ.....တန်ဖိုးထားရာလေး

လက်ထဲရောက်လာတာကို

မောင်ကတန်ဖိုးထားခဲ့တာ......မင်းကချစ်ပဲချစ်ပေးခဲ့

တာ မင်းကိုကအဖိုးထိုက်တန်လွန်းတာ"

သူမ မောင်ပြောနေတာကိုနားထောင်ရင်း

ပြုံးမိသည်။သူမက မောင်ကဘုရင်ဆိုရင်

သူမကမိဖုရားတောင်မှ

ရှင်ဘုရင်ရဲ့တစ်ဦးတည်းသောမိဖုရား။

"မင်းကလွဲပြီး မောင်

တစ်ခြားမိန်းကလေးတစ်ယောက်ကိုချစ်တယ်ပြော

တာ

သမီးတစ်ယောက်ကလွဲဘယ်သူကိုမှမပြောခဲ့ဘူးဆို

တာ

မောင့်အသက်နဲ့တောင်ကျိန်ရယ်.....မင်းကလွဲပြီးဘ

ယ်သူကိုမှ ချစ်တယ်ပြောဖို့

မောင်နှုတ်ကလည်းမထွက်နိုင်သလို

ရင်ဘက်ကလည်းခွင့်မပြုဘူး.......မောင်

မင်းကိုဘဝနဲ့ချီပြီးကိုချစ်တယ်.....You are my

Life"

အချိန်အတော်အကြာအထိနှစ်ယောက်သား

ကြည်နူးစရာစကားလေးတွေပြောရင်းတစ်ယောက်

ရင်ခွင်ရိပ်ရဲ့နွေးထွေးမှုကို

ခံစားရင်းချစ်တေးတီကျူးနေမိသည့်က

ဘယ်တော့မှပျောင်းသွားသည်မရှိ...........။

"ဟင် လီလီဖေဖေနားကို မေမေကဘယ်လိုရောက်"

လီလီပန်းသွေးလေးနိုးလာတော့ ထထိုင်လိုက်တာနဲ့

သူလေးနဲ့ဆန့်ကျင်ဘက်မှစောင်တစ်ထည်ထဲခြုံပြီး

ဖက်အိပ်နေကြတဲ့ မိဘနှစ်ပါးကိုတွေ့တယ်ဆို

နှုတ်ကထုတ်ပြောလိုက်ပင်မဲ့ အနားကပ်သွားကာ

မနေ့ကတည်းကအဖေဖြစ်သူဒဏ်ရာရတာကို
သိထားတာကြောင့်.....

"ကျွတ် ကျွတ် ဖေဖေ သနားပါရယ်.....ဖေဖေ
နေမကောင်းလို့ မေမေကဖက်ပေးထားတာ"

သူ့အဖေအနားဘယ်သူကပ်တာမှမကြိုက်တဲ့
လီလီလေးက
သိပ်ပြီးသိတက်နားလည်စွာမိဘနှစ်ပါးအိပ်နေတာ
ကို နိုးမှာဆိုးလို့ ငြိမ်ငြိမ်လေးနေကာ

အပြင်ထွက်ရင်စိတ်ပူမှာဆိုးလို့
မိဘတွေဘေးပြန်လှဲကာ ငြိမ်ငြိမ်လေးနေသည်။

ဖေဖေက

ကိုကိုနဲ့ဆိုဘာလို့ပေးမဆော့တာလဲဆိုတာသူမတွေး
မိသည်။ကိုကို အရမ်းချစ်ဖို့ကောင်းတာကို
ဖေဖေကမသိတာလား။အဲ့လိုဆိုရင်တော့
နောက်ဆိုရင် ကိုကိုချစ်ဖို့ကောင်းမှန်းသိအောင်
အားဘွားပေးခိုင်းရမည်။

"ကိုကိုက တိတ်ချစ်ဖို့ကောင်းရယ် ဟီး"

တစ်ဖက်ကလင်မယားက ဖက်အိပ်နေကြသလို လီလီလေးကလည်း အတွေးထဲ သူကိုကိုနဲ့အတူတူဆော့နေတာ မြင်ယောင်ရင်း သဘောတွေကျနေကာရီနေတော့သည်။

သဘာဝပူနွေးနေတဲ့ မောင်ရင်ခွင်ထဲ မနက် 5နာရီလောက်အိပ်ပျော်သွားတာကြောင့် အခုနိုးတော့ဘယ်နှစ်နာရီမှန်းမသိပင်မဲ့ ထနေကြအချိန်ထက်ကျော်နေတာကိုသတိထားမိ

သည်။သူမခါးပေါ်က မောင်လက်ကိုဖယ်ချရင်း ထထိုင်လိုက်တော့ ဘေးကိုအရင်ကြည့်မိသည်။

"လီလီ ကလေးလေးကနိုးနေပြီလား"

"ဟုတ်

မေမေတို့အိပ်နေလို့စောင့်နေတာ.....လီလီအပြင်ထွက်သွားရင် ရှာနေရမှာဆိုးလို့"

Lay Nge

"အယ် မေမေသမီးလေးကအရမ်းလိမ္မာသောပဲ
အဲ့တာကြောင့်ချစ်နေရတာ...လာ
မေမေသန့်ရှင်းရေးလုပ်ပေးမယ်"

သမီးလေးရဲ့ကိစ္စတွေကို မောင်
အိပ်ရာကမနိုးခင်အကုန်ပြီးစီးအောင်လုပ်ရမှာမို့
သမီးလေးကို ကိုယ်လက်သန့်စင်ပြီးတာနဲ့
မနက်စာကျွေးဖို့အတွက်အောက်ကိုဆင်းလာလိုက်
သည်။

"နှိုင်းယှဉ်
ကလေးတွေကိုမနက်စာကျွေးနေတာလား"

"ဟုတ်တယ် မမ သားတို့ကအစောကြီးနိုးနေတော့
ကိုယ်လက်သန့်စင်ပေးပြီး ကျွေးလိုက်တာ"

သူမတို့သားအမိ ထမင်းစားခန်းထဲဝင်လာတော့
ကလေးထိုင်ခုံပေါ်က အမွှာလေးတွေကို နှိုင်းယှဉ်က
ဖြည့်စွက်စာခွံ့နေသလို မာန်လေးကတော့
သူ့ဘာသာစားတက်တဲ့အရွယ်မို့
သူ့ဘာသာစားနေသည်။သူမက သမီးကို

ကလေးထိုင်တဲ့ခုံပေါ်တင်ကာ

နှိုင်းယှဉ်တို့အဆင့်သင့်ပြင်ပေးထားတဲ့

သမီးအတွက်မနက်စာကို သူမကိုယ်တိုင်ခွံ့ကာ......

"ကလေးတွေကို

မျက်စိအောက်ကအပျောက်မခံနဲ့နော်

တကယ်လို့လူလိုတယ်ဆို

မမကိုပြောထပ်ခေါ်ပေးမယ်....အခုသူတို့မိဘတွေ

ကတစ်ဖက်အိမ်မှာ

ကလေးတွေကမငိုလို့တော်သေး"

"ဟုတ်ရတယ် မမ အသစ်ခေါ်ထားတဲ့ကောင်မလေးတွေကအဆင်ပြေပါတယ်....ဒီနေ့အိပ်ရာထနောက်ကျတယ်နော်"

"ဟုတ်တယ် နင်တို့အစ်ကိုလေးဖျားနေတယ်လေ အဲ့တာကြောင့်ညကအချိန်မတော်ကြီး ထလုပ်ပေးရတာ အဲ့တာကြောင့်"

သူမလည်း သမီးလေးကိုသေချာခွံ့ကြွေးပြီးတယ်ဆိုကလေးတွေ နဲ့ နှိုင်းယှဉ်တို့ကို ကစားစရာတွေထည့်ထားတဲ့အခန်းထဲထားလိုက်ရ

င်း သူမကတော့ မောင်အတွက်မနက်စာပြင်ကာ
သူအနားသိပ်ကပ်စေချင်တဲ့
မောင်အကြောင်းသိတာမို့ နှစ်ယောက်အတူတူစားဖို့
ယူလာလိုက်သည်။

သူမအခန်းထဲရောက်တော့ မောင်ကမျက်နှာသစ်ပြီး
အဝတ်အစားတောင်လဲပြီးနေကာ ပုံစံက
campany သွားဖို့ပြင်ဆင်နေတာကြောင့် သူမက
ယူလာတာတွေကို
မှန်တင်ခုံပေါ်တင်လိုက်ရင်း...........

"မောင် ဘယ်သွားမလို့လဲ နေမကောင်းနေတာကို "

"Hotel ကိုလေ အရေးကြီး......."

"သဘာဝပြောနေတာကို
အဲ့ထက်အရေးကြီးတာရှိတယ်ပေါ့ ဟုတ်လား
ပြောတော့ချစ်တယ်ဆို!"

သူအိပ်နေရင်း Hotel
ကအစည်းအဝေးလာထိုင်ဖို့ပြောလို့

LayNge

သွားမို့ပြင်ဆင်နေတာကို မိန်းမက သူကိုချစ်တာနဲ့ ကိုင်ပေါက်လာတာကြောင့် သူမှာ.......

"မောင် အရေးကြီးလို့"

"ရတယ်သွားပေါ့ နောက်နေမကောင်းလည်း အဲ့ Hotel က ကောင်မလေးတွေပြုစုခိုင်း အဲ့မှာပဲနေ....ကိုယ့်မှာတော့ မနေ့ကဆေးမသောက်ပဲ အဖျားခံနေတာ ကိုယ်နားကပ်ချင်တယ်ထင်လို့ သူနိုးတာစောင့်ရင်း

ကလေးတွေကိုစွတွေပြီးအောင်လုပ်ခဲ့တာ...မောင်ကိုတကယ်စိတ်ပျက်တယ်!!"

သူမိန်းမစကားနားထောင်ပြီးတယ်ဆို နေမင်းလက်ရာတစ်ယောက် အပေါ်ကုတ်ထပ်ဝတ်နေတာကို ချက်ခြင်းရပ်တန့်ပစ်ကာ အပေါ်ကုတ်တွေရော လက်ကနာရီတွေပါချွတ်ပစ်ပြီး မှန်တင်ခုံပေါ်တင်သည်။ပြီးတော့ ခါးပတ်ကိုပါ ချွတ်ပစ်ပြီး မှန်တင်ခုံပေါ် ပဲတင်ထားသည်။

"Hotel ကဘာလုပ်လို့ရမှာလဲ အရေးမပါတာ....မောင့်မိန်းမပြုစုတာပဲ မောင်ကခံချင်တာ"

အစည်းအဝေးသွားဖို့ပြင်နေတဲ့လူကြီးက ချက်ခြင်းအိပ်ရာပေါ်ခွေသွားတာကြောင့် သဘာဝမှာ သူမစကားတစ်ခွန်းနဲ့တင်အရာရာကို လက်ခံနိုင်တဲ့ မောင်ကိုကြည့်ပြီး တကယ်ကိုမြတ်နိုးရသလို ချစ်လည်းချစ်ရသည်။

"ချစ်ဖို့ကောင်းလိုက်တာ မောင်ရယ်"

သူမအမျိုးသားလေးနေရာ

သားလိုလူမျိုးဆိုရင်တောင် သူမအဲ့လောက်

ပျော်ရမှာမဟုတ်။ဘာကြောင့်ဆို

သားကသူ့မာနကိုအထိမခံတဲ့သူ။မောင်ကတော့

မာန၊အတ္တတွေထက်သူမကိုပိုချစ်တဲ့သူမို့

သွေးသားရင်းခြားတောင်မှာမတူကြတာအမှန်..........

...။

~~~~~~~~~~~~~~~~ဆက်ရန်။

LayNge
~~~~~~~~~~~~~~~~

🥺နေမင်းလက်ရာရယ် sweet လိုက်တာဟယ်🥺

🍭You are my life🍭

Chapter _💗 39 💗

"ဟယ် သား လင်းရိပ်ကိုကဘာဖြစ်တာလဲ"

သဘာဝ မောင်ကိုဆေးတိုက်ပြီး

အပေါ်မှာခဏထားခဲ့ကာ အောက်ဆင်းလာတော့

သားက လင်းရိပ်ကိုလေးကိုပွေ့ကာ

Lay Nge

အိမ်ထဲဝင်လာတာကိုတွေ့တော့

ရင်ဘက်လေးဖိကာ မေးလိုက်မိသည်။

"အသုဘချတော့ သတိလစ်သွားတာ မေမေ"

"အဲ့တာဆို

နောက်ရက်တွေအဲ့ကိစ္စတွေသားပဲလုပ်လိုက်တော့

သမီးကိုအိမ်မှာပဲထားခဲ့လိုက်နော်"

နာရေးမှာက အားသုဘချတဲ့ရက်ကအဓိကမို့

အခုပြီးသွားပြီဆိုတော့

လင်းရိပ်ကိုကစိတ်ဒဏ်ရာရနေတာမို့

အိမ်မှာထားတာအကောင်းဆုံးပင်။

"အပေါ်ထပ်အခန်းထဲကိုခေါ်သွားလိုက်

သား.....ကလေးတွေက

ကစားတဲ့အခန်းထဲမှာရှိတယ်"

"ဟုတ် မေမေ"

သူမရှေ့ကနေ

သားကသူ့မိန်းမကိုချီကာထွက်သွားတယ်ဆို

သူမကလည်း

မောင့်အတွက်ရောကလေးတွေစားဖို့အတွက်ပါ

ပြင်ဆင်ဖို့ထမင်းစားခန်းဘက်ဝင်လာလိုက်သည်။

ထမင်းစားခန်းထဲရောက်တော့

အသစ်ခေါ်ထားတဲ့ကောင်မလေးနှစ်ယောက်က

သူမမှာထားတဲ့အတိုင်း

ပစ္စည်းတွေကိုအဆင့်သင့်ပြင်ထားသည်။

"သမီးတို့နှစ်ယောက်သွားနားတော့နော်

ကျန်တာအန်တီဆက်လုပ်လိုက်မယ်"

သူမကပြင်ဆင်ထားတဲ့

သန့်စင်အောင်ဆေးကြောပြီး ကြက်အူစုံသဲစုံကို

အရင်ယူကာ

အဲ့တာကိုအရင်ချက်လိုက်သည်။ဘာလို့ဆို

လူနာဖြစ်တဲ့ ကိုလူဆိုးက သူမချက်တာလေး

ခံတွင်းတွေ့တယ်ဆိုလို့ပင်။မနက်ကတော့

မောင်နဲ့အတူတူအိပ်ရာထနောက်ကျတာကြောင့်

မောင်အတွက်အခုသူမကိုယ်တိုင်ပြင်ဆင်ပေးဖို့ပင်။

အိမ်မှသားတွေအတွက်က မနက်ကချက်ပြီးသားမို့

သူမက မောင်တစ်ယောက်စာစီစဉ်ပေးယုံပင်။

ကြက်ကလိစာချက်နေရင်းက

သူမကဟင်းချိုလေးတစ်ခွက်ကိုပါထပ်ချက်လိုက်

သည်။ဒီအတိုင်းကြီးဆို မောင်က

ဟင်းရည်မပါပဲစားရမှာ အဆင်မပြေမှာဆိုးလို့ပင်။

ရှဲ ရှဲ ရှဲ

သူစားဖို့အတွက်အကုန်လုပ်ပေးပြီးတယ်ဆို သမီး နဲ့

ကလေးတွေကြိုက်တဲ့

ကြိတ်ထားတဲ့ဝက်သားကိုအလုံးလေးတွေလုပ်ကာ

ကျော်လိုက်သည်။ဝက်သားအဖက်အတိုင်းကျော်

ကျွေးတယ်ဆို သမီးကလုံးဝမစားပဲ

အဆီဆိုမကြိုက်တာမို့

အသားကြီးပဲသီးသန့်ဝယ်ကာ စက်နဲ့ကြိတ်ပြီး

သီးသန့်ဝယ်ကျော်ကျွေးရသည်။

မောင် နဲ့ ကလေးတွေအတွက်ပြင်ပြီးတယ်ဆို

လင်းရိပ်ကိုလေးအတွက်ပ်

အားရှိစေမဲ့အစားအစာကို

စာချင်တဲ့အချိန်စားရအောင် သူမကချက်ပြီးတာနဲ့

အပူခံထဲကိုထည့်ထားလိုက်သည်။အကုန်ပြင်ဆင်

ပြီးတော့ ထမင်းစားခန်းထဲပြန်ဝင်လာလိုက်ရင်း

နာရီကြည့်မိတော့ အပေါ်ထပ်ကဆင်းလာတာ

တစ်နာရီခွဲလောက်ရှိသွားပြီမို့
မောင့်ကိုချွေးထွက်ရင်အဝတ်လဲဖို့ရှိသေးတာမို့
ထမင်းစားခန်းထဲအထွက်......

"မေမေ သားဗိုက်ဆာလို့"

သူမကို ကလေးသဖွယ်ဗိုက်ဆာတယ်ပြောနေတဲ့
သားကြောင့်
ဒီရက်အတွင်းအနည်းငယ်ပိန်သွားတာသတိထားမိ
တာမို့ မောင်ဆီသွားမဲ့ကိစ္စကို ခဏရပ်ကာ
သားထမင်းစားဖို့ပြင်ပေးရသည်။

"ဟိုအိမ်မှာ ဟိုသားအမိမျက်နာကြီး မြင်နေရတာ
သားဘယ်လိုမှစားမရဘူး
ကိုယ်အိမ်ရောက်မှစားရတာ အရသာရှိလိုက်တာ"

မောင့်အတွက်ပြင်ပေးထားတဲ့ ဟင်းချိုကများတာမို့
သားစားဖို့ပြင်ထားတဲ့အထဲ
ဟင်းချိုလေးပါထည့်ပေးထားတော့
သားကဟင်းရည်သောက်ရင်းပြောတော့
သူမကသားဘေးထိုင်ကာ ရေငွဲ့ပေးရင်း.......

"သား ပိန်သွားတယ်နော် ကိုယ်ကျန်းမာရေး ကိုယ်ဂရုစိုက်ဦး"

"ပိန်မှာပေါ့ မေမေရာ

သားခံစားနေရတာသားပဲသိတယ်....သားလေ

သူမကိုပြောနေတာ ချည်လို့ပါ

အရမ်းစိတ်ခံစားချက်များသွားရင်

သူမရောဂါကပိုဆိုးလာမှာလို့

မေမေတို့ကပြောဖူးတာကို"

သားကအခုကလေးနှစ်ယောက်သာရသွားတယ် အသက်က 22ပဲရှိသေးတော့ အိမ်ထောင်ရေးကို ထိန်းသိမ်းတာကို နားမလည်သေးတာ သူမသိသည်။တကယ်လည်း သားက လင်းရိုပ်ကိုလေးကို ချစ်သည်။ဒါပင်မဲ့ သားချစ်တဲ့အချစ်က အတ္တအနည်းငယ်ပါနေတော့ခတ်သည်။

"မေမေ ဒါနဲ့ ဖေဖေကားတွေ့တယ် အလုပ်မသွားဘူးလား"

"အင်း မသွားဘူးသား ဘာလို့ဆို

သားဖေဖေဖျားနေတယ်လေ အဲဒါကြောင့်"

သူမကဖျားတယ်လို့ပြောတယ်ဆို

သားကသူ့အဖေဘာကြောင့်ဖြစ်တာလဲ မေးတာမို့

မနေ့က Hotel

မှာသူညီမပျောက်သွားလို့ရှာတာတွေကမစပြောပြ

ရင်း မောင်ကလေ့ကားပေါ်ကပြုတ်ကျလို့

ဒဏ်ရာရတာလို့ရှင်းပြတော့.....

Lay Nge

"တော်သေးတယ် သားတို့မောင်နှမ မေမေတို့လိုမိဘတွေဆီမှာလူဖြစ်ရတာ....Light ကတော့ ကံဆိုးပြီးရင်းကိုဆိုးနေတော့တာပဲ မေမေ"

"အဲ့တာမို့ပြောတာ သူမရဲ့စိတ်ဒဏ်ရာတွေကိုသက်သာစေချင်တယ်ဆို သားရဲ့အချစ်တွေ နွေးထွေးကြင်နာမှုတွေနဲ့ကုစားလိုပါ နောက်ဆုံးသေချာပေါက် ပျောက်ကင်းသွားမယ်ဆိုတာ ယုံကြည်တယ်"

Lay Nge

သူ မေမေပြင်ပေးထားတဲ့ ထမင်းကိုစားနေရင်း

မေမေပြောတာကို

ခေါင်းငြိမ့်ပြလိုက်သည်။သူမရောဂါသက်သာစေဖို့

ဆိုရင် အရင်ဆုံး

ကိုယ်မာတကိုအထိအခိုက်မခံတဲ့စိတ်ကို

အရင်ဆုံးပြုပြင်ရမည်။မာနကိုထားသင့်တဲ့နေရာမှာ

ပဲထားရမယ်ဆိုတဲ့ ဖေဖေစကားကို

သူပြန်ကြားယောင်မိလျှငမ

သူလုပ်ရပ်တွေသူဆင်ခြင်ရမှာမဟုတ်လား.........။

နေ သူ့အတွက်တစ်ခုခုစီစဥ်ပေးမယ်ဆိုပြီး

အောက်ကိုဆင်းသွားတဲ့ မ ကနှစ်နာရီလောက်

ကြာသွားတာတောင်အပေါ်ပြန်ရောက်မလာသေး

တာကြောင့်

သူစိတ်ဆိုးချင်လာရသည်။မနက်ကတော့

သူအလုပ်မသွားအောင်တားပြီးတော့

အခုကြအနားကိုပြန်ကိုရောက်မလာတော့။သူအခ

န်းထဲ သဘာဝပြန်အဝင်လာကိုစောင့်နေရင်းက

သူ့ဖုန်းကို နံပါတ်စိမ်းတစ်ခုဝင်လာတာကြောင့်

ကိုင်လိုက်တော့.....

"Hello နေမင်းလက်ရာ ပါ"

"အစ်ကိုရှာခိုင်းတဲ့ ကလေးထိန်းကိုတွေ့ပြီ အစ်ကို အဲ့တာဘယ်ကိုခေါ်လာရမလဲ"

သားကလေးတွေပျက်ကျသွားအောင်လုပ်ခဲ့တဲ့ ကလေးထိန်းကိုရှာတွေ့ပြီဆိုတဲ့အကြောင်း သူ့ရှိဆက်သွယ်လာတာမို့ ဒီသတင်းက သူစောင့်နေတဲ့ သတင်းမို့......

"အိမ်ကိုခေါ်လာခဲ့ နောက်တစ်နာရီနေရင်တွေ့မယ်"

တစ်ဖက်ကအပြန်ကိုမစောင့်ပဲ

သူပြောချင်ရာပြောပြီး ဖုန်းချတဲ့အကျင့်က

စီးပွားရေးကိစ္စတွေကလွဲ

ကျန်တဲ့ကိစ္စတွေဆိုအဲ့အတိုင်းပင်။အခု

ကလေးထိန်းကိုမိပြီဆိုတော့ အဲ့ကလေးထိန်းကသာ

ဟိုသားအမိလုပ်ခိုင်းတာလို့ ဝန်ခံရင် ပွဲကပျက်ပြီ။

အဲ့သားအမိကိုထောင်ထဲထည့်နိုင်ခဲ့ရင်

လူသတ်မှုနဲ့ထည့်နိုင်မှ ဆုံးရှုံးသွားခဲ့ရတဲ့

ကလေးနှစ်ယောက်အတွက်

တရားမျှတမှုရှိမှာမဟုတ်လား။

"အမှန်တရားဆိုတာ တစ်နေ့ပေါ်မှာပဲ ဆိုတဲ့စကား ကတကယ်ကိုအမှန်ပဲ.....ကိုယမလုပ်ခဲ့တဲ့အရာတွေ အတွက် ပြန်ခံရရင်လည်း နောင်တမရကြေးပေါ့"

အခုဆိုသူမှာ
မေလင်းကိုသတ်တာနဲ့ပကမသက်ပြီးရော
အခုကလေးထိန်းကိုပါ
နောက်ထပ်အမှုအတွက်သက်သေရလိုက်တာကြော
င့်

အဲ့လူယုတ်မာသားအမိဘယ်လိုပြေးပြေးလွတ်တော့မှာမဟုတ်။

သူအခုလို ကိုယ်တိုင်ရှာစရာမလိုတာ ငယ်ငယ်ကတည်းက သူငယ်ချင်းအကောင်းစားလေးတွေရှိလို့တောမသေးသည်။အခုကိစ္စကလည်းအထက်တန်းလူတွေလွှတ်ပေးထားလို့လွယ်တာဆိုပင်မဲ့ အချိန်နည်းနည်းတော့ပေးရပင်မဲ့ ရလဒ်ကောင်းတာမို့ ပေးရတဲ့အချိန်နဲ့တော့တန်သည်။

LayNge

"မောင် ! ချွေးထွက်အောင်

စောင်ခြုံနေခိုင်းခဲ့တာလေ အခုကဘာပုံစံလဲ

တမံတလင်းပေါ်မှာခြေဗလာနဲ့ ရပ်နေစရာလား"

သူက ကိုယ်ကိစ္စနဲ့ကိုတွေတွေးနေရာက မ

ကအခန်းထဲဝင်လာတယ်ဆို

ကုတင်ခြေရင်းချပေးထားတဲ့ဖိနပ်ကိုမစီးပဲ

ခြေဗလာရပ်နေတဲ့သူ့ကိုပြောတော့.....

"မောင်ကိုထားခဲ့ပြီး မ
ကအောက်ထပ်မှာကြာနေတာကြတော့ရော"

"အဲ့တာကြောင့်ရွှဲ့နေတာဆိုရင်တော့ အခုချက်ခြင်း
ပြန်လှဲလိုက် မောင်.....ချွေးထွက်မှသက်သာမဲ့ဟာကို
"

"မလှဲတော့ပါဘူး ခဏနေရင်
မောင်အောက်ကိုဆင်းရဦးမှာ"

သူမပြောနေတာတောင် အောက်ဆင်းရဦးမှာဆိုပြီး အထွန့်တက်သေးတဲ့ မောင်ကြောင့် သူမက ခါးစပ်ကိုဆွဲလိမ်လိုက်တော့လည်း......

"မင်းပဲ မောင်ကိုပစ်ထားပြီးအောက်ကိုဆင်းသွားတာလေ အခုမှလာပြီး မောင့်ကိုနှိပ်စက်နေတာလား"

တကယ်တော့ ဟိုကလေးထိန်းရောက်လာမှာမို့ အောက်ကိုဆင်းမှာဖြစ်ပင်မဲ့ နေမကောင်းတဲ့သူကို

အခန်းထဲ နှစ်နာရီလောက်ပစ်ထားခဲ့တာကို

မကျေနပ်တာကြောင့် ဘုဂလန်ပြန်ပြောတော့.......

"နှိပ်စက်တယ် မောင်ကပြောစကားမှ

နားမထောင်တာ"

သူ့ခါးကို ဖွဖွလေးလိမ်ထားတာကို

လွှတ်ရင်းပြောလိုက်တော့ သူက

သူမကိုမေးစက်ပြတာကြောင့်

သူဘာကိုဆိုလိုတာလဲ နားမလည်တာကြောင့်......

"မောင် ဘာကိုပြောချင်တာလဲ"

"အချိန်နှစ်နာရီလောက်အောက်ထပ်မှာကြာနေရတဲ့
အကြောင်းလေးပြောပြပါဦး"

"အော် ဘာများလဲလို့....မောင်အတွက်နဲ့
ကလေးတွေအတွက်စားဖို့လုပ်ပေးနေရင်း
သားကရောက်လာတော့ သားအတွက်ပါ
ထမင်းဝိုင်းပြင်ပေးရင်
စားပြီးတဲ့အထိစောင့်နေရလို့ကြာသွားတာ"

LayNge

သားဟိုအိမ်ကနေပြန်လာတာတဲ့အကြောင်းတွေကို ပါ သူကိုတစ်ခုမကျန်ပြောပြလိုက်သည်။မဟုတ်ရင် မောင်တစ်ယောက်သူမငိုတစ်ခုပြီးတစ်ခုရစ်တော့ မှာအသေအချာပင်။

"သြော် ချစ်သားလေးကိုထမင်းကျွေးရင်း အပေါ်ကအကောင်ကြီးကို မေ့သွားတာပေါ့"

"မောင်နော် နင်သိချင်တယ်ဆိုလို့အကုန်ပြောပြတာကို

LayNge

စိတ်ကောက်တာလား....ကောက်ချင်ရင်

အိပ်ယာပေါ်မှာကောက်...အခုကခြေဗလာကြီးနဲ့"

"ဟွန့် ကောက်တာတောင် ကျွန်တော်က

ခင်များလေးကောက်ခိုင်းတဲ့နေရာမှာ

စိတ်ကောက်ရဦးမယ်ပေါ့ ဟုတ်လား

မှတ်သားလောက်ပါပေတယ်"

နေကရီရင်းသူမပြောတဲ့စကားကို

ခွန်းတုန့်ပြန်ပြောရင်း လူကာ

မွေ့ယာပေါ်ထိုင်ချလိုက်ပြီးသား။ဟိုကောင်တွေကို

နောက်တစ်နာရီလောက်မှ လာလို့ပြောထားတာမို့ မိန်းမနဲ့ကြည်နူးဖို့ 45 မိနစ်လောက်ရသေးသည်။

"မောင်ကသာ

စကားတက်တိုင်းလျှောက်ပြောနေတာ

ကိုယ့်သားနဲ့ကိုတောင် အူတိုနေတာလေ

မောင်အနားရှိရင်တစ်ခြားမိတ်ဆွေယောကျ်ားလေး

တွေနဲ့ စကားပြောရမှာတောင်လန့်တယ်"

"ပြောရဲပြောကြည့်လေ ရောက်တဲ့နေရာမှာ
မောင့်မိန်းမနဲ့စကားပြောတဲ့အကောင်
အသက်ထွက်ပြီမှတ်ပဲ"

သူမစကားဆုံးတာနဲ့ တုန်ပြန်လာတဲ့
မောင်စကားကြီးကြောင့် နှုတ်ခမ်းဆူပြလာလိုက်ရင်
အိပ်ယာပေါ်မောင်ဘေးနားဝင်လှဲလိုက်ရင်း
တစ်ခါထဲရင်ခွင်ထဲဝင်နေလိုက်သည်။

အိပ်ယာပေါ် ပြန်လှဲနေတုန်းရှိသေး
သူ့ရင်ခွင်ထဲရောက်လာတဲ့ မိန်းမကြောင့်

သူနောက်တစ်နာရီနေရင်တွေ့ရမှာတွေကိုပါ

အကုန်မေ့သွားကာ မိန်းမဖြစ်သူဘေးကိုသာ

ဖက်လိုက်နမ်းလိုက်နဲ့ သဘာဝက

သူလက်ထဲရောက်နေတဲ့

သက်ရှိအရုပ်ကလေးလိုပြုမူနေတော့သည်.............

။

"မင်းငါတို့ကို ပြောစမ်းပါ ! မင်းကြောင့်

အသက်နှစ်သက်ပဲဆုံးရှုံးသွားတာတောင်

လူကြီးနှစ်ယောက်မသေလို့နော် မဟုတ်ရင်

4ယောက်"

နေက သူ့ရှေ့ကမိန်းမကို လက်
4ချောင်းထောင်ကာပြောရင်းမေးလိုက်တော့
ထိုမိန်းမကဘာမှမပြောတာမို့
နေကစိတ်ကိုအတက်နိုင်ဆုံးထိန်းလိုက်သော်လည်း.
.....

"ပြောစမ်းပါ ! မင်းလုပ်ရပ်ကြောင့်
ငါ့သားရောငါ့ချွေးမရော မသေယုံလေးရှိတာ !
သေသွားတဲ့ကလေးနှစ်ယောက်အတွက်
တန်ရာတန်ကြေးပြန်ပေးနိုင်လား"

သဘာဝက မေးတော့ထိုမိန်းကလေးကသူမကို မျက်လုံးလှန်ကြည့်လာတော့ သဘာဝကလည်း ခပ်တည်တည်ပြန်ကြည့်လိုက်မိတော့.......

"ဟို ဟို ကျွန်မပိုက်ဆံလိုနေလိုလုပ်မိတာပါ"

"ပိုက်ဆံ ပိုက်ဆံ ပိုက်ဆံအတွက်နဲ့ သူများအသက်တွေကို တန်ဖိုးမရှိတော့ဘူးထင်နေသလား ! ငါ့ကလေးတွေ မင်းလုပ်ခဲ့တဲ့အကြောင်းကြောင့်အခုအချိန်ထိခံစား

နေရတုန်း! မင်းရလိုက်တဲ့ပိုက်ဆံက

သူများမျက်ရည်တွေ

အသက်တွေချနင်းပြီးရလာတော့ သုံးပျော်လား"

ပိုက်ဆံလိုလို့ဆိုတဲ့စကားမှာ

သူမရင်ထဲဖြင်းကနဲ့နေအောင်ဒေါသထွက်သွားရသ

ည်။ခဏတာ သာယာမှုလေးအတွက်နဲ့

သူများအသက်တွေကို

စတေးရဲတာတော်ယုံရက်စက်တဲ့စိတ်မျိုးမဟုတ်။

"မင်းကပိုက်ဆံလိုတယ်မဟုတ်လား

အဲ့တာထက်မင်းကအခုငါတို့လက်ထဲရောက်ပြီဆို

တော့ ရဲလက်အပ်လိုက်လို့ရတယ် ဒါပေမဲ့

မင်းသာငါတို့တရာစွဲတဲ့အမှုထဲ

သက်သေလိုက်ပေးမယ်ဆို

မင်းကိုယ်တိုင်ထောင်ကျမယ် ဒါပေမဲ့

ထောင်ကလွတ်လာတဲ့အချိန်ကြ

ပြည့်ပြည့်စုံစုံနေရမယ်!.....ငါဒီလောက်ထိသက်ညှာ

ပေးတာကို မင်းငြင်းမယ်ဆို

မင်းကျမဲ့ထောင်ဒဏ်နှစ်ဆဖြစ်သွားအောင်

အမှုပိုကြီးအောင် ငါလုပ်ပစ်မှာ"

လူကအဖျားမပျောက်သေးတော့

မျက်နှာမှာနီရဲနေတာက

ဒေါသအရှိန်ကြောင့်ပိုပြီးရဲနေကာ စကားကို

သူဖြစ်ချင်တဲ့အတိုင်း သူလိုခြင်းတဲ့အခြေအနေကို

တန်းပြောသည်။

"ဘယ်လိုလဲငါပြောတာ

သဘောတူလား.....မတူရင်တော့

ငါဆိုတဲ့ကောင်ကပါးစပ်အပြောပဲပြောတဲ့ကောင်မ

ထင်နဲ့ မင်းကိုစဉ်းစားချိန်

တစ်နာရီပေးမယ်....ဘယ်လိုလဲ"

"မောင် ဘာအချိန်မှပေးစရာမလိုဘူး
သူလုပ်တုန်းကတောင်အဲလိုတွေးတဲ့ပုံမပေါ်ပါဘူး
မင်းဆုံးဖြတ်ပါ ! အခုအချိန်မှာ
မင်းကိုဒီလောက်သက်ညှာတာနဲ့ ကျေးဇူးတင်"

ယောကျာ်းကပြောတာပင်မဆုံးသေးမိန်းမကပါ
မျက်ထောက်နီနဲ့ကြည့်ပြီးပြောလာတာကြောင့်ထိုမိ
န်းကလေးမှာ လန့်သွားကာ မျက်နှာကို
အတင်းအောက်ငုံ့ရင်း......

"ကျွန်မသက်သေထွက်ဆိုပေးပါ့မယ်"

"ဟုတ်ပြီ မင်းကိုထားရမဲ့နေရာကလဲ
ငါ့လူတွေစောင့်ကြည့်နေမှာမို့
မင်းပြေးလို့မရဘူးဆိုတာလည်း သိထားပါ"

အောက်ကဘောင်းဘီအဖြူရောင်အရှည်နဲ့
အပေါ်ကဆင်စွယ်ရောင်ဆွယ်တာကိုဝတ်ထားတဲ့
နေ ကလိုတဲ့စကားကိုသာပြောပြီး
မလိုအပ်တဲ့စကားတစ်ခွန်းတောင်မပြောပဲ

သူမိန်းမလက်ကိုဆွဲကာ

ဧည့်ခန်းထဲကပြန်ထွက်သွားသည်...........။

1 year Later......

တစ်နှစ်ဆိုတဲ့အချိန်အတွင်းမှာ

ပြောင်းလဲခဲ့တာတွေမှ အများကြီးပင်။Lynn

မိသားစုမှာပြောင်းလဲသွားတာဆို

ပိုမုန်မှာအချာ။ဒေါ်သန္တာတို့သားအမိကတော့

တရားရုံးမှာ နေမင်းလက်ရာရဲ့တရားစွဲချက်ရယ်

ထင်မြတ်တဲ့ရှေ့နေ နဲ့အတူ

သက်သေအခိုင်အမာတွေကြောင့် အမှုရုံးကာ ထောင်ဒဏ် 10 နှစ်ဆီကျသွားသလို မေဆိုတဲ့မိန်းမရဲ့ကံဆိုးမှုကတော့ သူခြေထောက်ကတစ်သက်လုံးလျှောက်မရတော့တာပင်။

အခုဆို နေလက်ရာမိသားစုဝင်တွေကလည်း ပျော်ပျော်ရွှင်ရွှင်ရှိနေကြသလို နေတစင်းတို့ကလည်း Lynn အိမ်မှာပြန်နေကြကာ နေတစင်းကလည်း အရင်ကထက်ပိုပြီး သူဇနီးချောကို ဂရုတစိုက်ပေးမှုကြောင့်

လင်းရိပ်ကိုလည်းပုံမှန်အနေအထားပြန်ဖြစ်သွားပြီ ဖြစ်သည်။

"ဘာပြောလိုက်တယ်"

မနေ့ကမှ မူကြိုတက်တဲ့သမီးက ဒီနေ့လည်းအိမ်ပြန်ရောက်တော့ သွားကြိုတဲ့မောင်ကိုမှာလိုက်သည်က လီလီပန်းသွေးလေးကို နောက်ကျောင်းတစ်ခုကို ပြောင်းထားလိုက်ပါလားတဲ့။

"မေမေ လီလီပြောတာများလို့လား ဆရာမကသူ့ကိုမုန့်ကျွေးတဲ့သူကိုကြ သမီးလေးတဲ့ လီလီကိုကြ ဟိုကလေးမလို့ပြောတာလေ အဲ့တာကြောင့် လာဘ်စားတယ်လို့ပြောတာ"

"ဆရာမကိုအဲ့လိုပြောမှတော့ သမီးကို အကောင်းဘယ်လိုပြောတော့မှာလဲ"

"မောင့်သမီးပြောတာက အမှန်တရားဖြစ်နေတာကို "

သမီးကို အဲလိုမပြေရဘူးပြောနေတာပင်မဆုံးသေး မောင်က သူ့သမီးကမုန်တယ်ပြောလာတာကြောင့် သူမကစိုက်ကြည့်လိုက်မိသည်။

"မောင်တိတ်တိတ်နေနော် နှင့်သမီးမူကြိုကျောင်းပြောင်းရတာ ဘယ်နှစ်ကျောင်းရှိပြီးလဲ"

တကယ်တော့ သမီးမူကြိုစတက်တာလွန်ခဲ့တဲ့ 3 လလောက်ကတည်းက။အဲ့စတက်ကတည်းက မူကြိုကျောင်းတွေမှာ တစ်ဖက်ကကလေးကို

ကိုက်လိုက်တာနဲ့

ဆရာမကဒေါ်သထွက်အောင်လုပ်လို့

ခဲတံကိုလွှတ်ပစ်တာတွေရော ကျောင်းပြောင်းတာ

5ခုရှိနေပြီ။

"လီလီ သမီးလေးကမိန်းကလေး

အေးအေးလေးနေပြီး စာကြိုးစားမှပေါ့"

"စာကြိုးစာတယ်လေ

အေးအေးလေးတော့မနေပါဘူး

ကိုယ်ကအေးရင်သူတို့ကအနိုင်ကျင့်မှာပေါ့ ရဘူး"

LayNge

သိပ်ကိုလိမ္မာတဲ့

ကလေးလေး။အမေကအနေအေးဖို့ပြောတာကို

သူကပြန်ပြောလိုက်သည်က

လူလောကကြီးအကြောင်းသူသိနေတဲ့အတိုင်းပြော

တာကိုကြည့်ကာ သဘာဝနှုတ်ခမ်းကိုက်မိသည်။

"လီလီပန်းသွေး"

"ဟုတ် မေမေကလည်း

လီလီကအမှန်ပြောပြနေတာကို'

"လီလီ

မေမေပြောတာကိုပြန်မပြောရဘူး......ကျန်တဲ့သူ

ပြောတာကို ပြန်ပြောလို့ရတယ်

မေမေကိုပြန်ပြောတော့ ဖေဖေခွင့်မပြုဘူး

ကြားလားကလေးလေး"

သူ့မိန်းမကို သူတောင်ပြန်မပြောတာ

သူ့ကလေးတွေပြန်ပြောတာလည်းမလိုချင်။အဲ့ဒါ

ကြောင့် သမီးလေးကိုတောင်

မနဲ့ပက်သက်လာလျှင် ခံပြောတာလုဝလက်မခံ။

Lay Nge

"လီလီကခံပြောတာ ဟုတ်ပါဘူး ဖေဖေရယ် ဆွေးနွေးနေတာပါ"

"မေမေကမကြိုက်ဘူးပြောတာနဲ့ ဟုတ်လို့ပြောလိုက် ကျောင်းမှာဖြစ်တာကသက်သက်မတူဘူး ဟုတ်ပြီလား"

သူမကိုပြန်ပြောလို့ဆုံးမနေသလို တဝဲဖက်ကလည်း သူ့သမီးကိုမြှောက်ပေးနေတဲ့စကားတွေပါတာ

သူမသိပင်မဲ့

မသိချင်ယောင်သာဆောင်ထားလိုက်ရသည်။အဖေ

ဆိုတော့လည်း

သမီးမိန်းကလေးမွေးထားတာဆိုတော့

သန်မာစေချင်တာနေမှာပေါ့။

သမီးလေးကကျောင်းတက်ပြီဆိုကတည်းက

စပိုင်တွေရော ထောက်လှန်ရေးတွေရော

သူ့သမီးအနားကိုလွှတ်ထားတာတွေကရှိသေး။မောင်တစ်ယောက်သူမျှားသားသမီးကြယူခဲ့ပြီး

သူ့သမီးကြပေးရမှာ ဖြစ်ပျက်နေလိုက်တာ.........

"သြော် မောင် မေ့နေတာပြောမလို့ လင်းရိပ်ကို မှာကိုယ်ဝန်ရှိနေပြီတဲ့ မရဲ့သားဖုန်းဆက်တာ မောင်ကို"

"တကယ်လား မောင်"

သူမကတကယ်လားမေးတော့ ခေါင်းငြိမ့်ပြတာကြောင့် လင်းရိပ်ကိုလေးစိတ်ကို ကုစားတာပိုကောင်းဖို့အတွက် အခုလွယ်ထားတဲ့ ကလေးကမိနကလေးဖြစ်စေချင်လိုက်တာ။

"ဒါဆို နေနေတို့က လီလီလိုချစ်စရာ ကလေးလေးမွေးတော့မှာပေါ့နော်....အဲ့ကြရင် ဖေဖေ နဲ့ မေမေက နေနေသမီးလေးကိုပဲချစ်တော့မှာလား ဟင်"

"မေမေတို့မှာ ကလေးလေးဆိုလိုသမီးလေးပဲရှိတာ သမီးလေးကိုအချစ်ဆုံးပဲလေ နော်....နေနေမွေးတာလေးက မြေးမို့ တစ်ခြားပုံစံနဲ့ ချစ်တာ မေမေဘဝမှာ မေမေ့သမီးလေးကို အချစ်ဆုံး"

"မ"ကသမီးလေးကျေနပ်အောင်ပြောလိုက်တာမှန်ပင်မဲ့ တကယ်လည်း သူတို့နှစ်ယောက်ရဲ့ဘဝမှာ သားနဲ့ သမီးထက်တော့ပိုတာဆိုလို့ သူတို့အခြင်းခြင်းသာဖြစ်လိမ့်မည်............။

~~~~~~~~~~~~~~~~~~ဆက်ရန်။

￼

🍭You are my life🍭

Chapter _💜 40 💜

Lay Nge
~~~~~~~~~~~~~~~~~~

"တီတီလာတယ် လီလီအတွက် မုန့်ပါလား"

မေလက်ရာတို့စုံတွဲလဲ သမီးမိန်းကလေးလိုချင်ပင်မဲ့ ရလာတဲ့ကလေးက ယောကျာ်းလေးမို့ နေလက်ရာကို အမြဲတမ်းလာဖြစ်နေပြီး လီလီကိုသာလာလာချစ်ရသည့်အဖြစ်။

"သမီးလေး ကလေးလေး တီတီအချစ်ကလေး"

မေလက်ရာရဲ့သား တည်မြဲရာ လေးကိုတော့

မိုးတိမ်ရောင်ကချီထားတာမို့

ပြေးလာတဲ့တူမတော်လေးကို

ကောက်ချီလိုက်မိသည်။ပေါက်စီလုံးလေးလို

ချစ်စရာကောင်းလွန်းတဲ့ တူမလေးက

နေလက်ရာမိသားစုရဲ့အဖိုးတန်လေးပင်။

"ဟော ရောက်လာကြပြီလား......ဟ

အရှုပ်ကလေးပါ ပါလာတာလား ကွ"

နေ ကသမီးပြေးထွက်သွားတဲ့နောက်လိုက်ရင်း

အိမ်ရှေ့ရောက်တယ်ဆို

မေလက်ရာတို့မိသားစုကိုတွေ့တာကြောင့်

မိုးတိမ်ရောင်လက်ပေါ်က

ပေါက်စနကိုကြည့်ကာပြောလိုက်တော့.......

"အစ်ကိုတူက

အစ်ကိုပေးထားတဲ့နာမည်နဲ့လိုက်သလားမမေးနဲ့

တည်မြဲရာ ဆိုတဲ့အတိုင်း ဘယ်တော့မှ

သူ့ကိုထတဲ့နေရာကရွှေ့သွားတယ်မရှိဘူး"

နေ အရမ်းအေးတဲ့သူ့တူအကြောင်းကိုပြောလာတဲ့
မိုးတိမ်ရောင်ကို ပြုံးပြလိုက်ရင်း
သူကိုပြုံးပြဲကြည့်နေတဲ့ တည်မြဲရာလေးကို......

"ဘာတုန်း မင်းကငါ့ကိုဘာတွေကြည့်နေတာလဲ"

"ဟွန့် "

သူမေးတာမဖြေပဲ ဟွန့်ဆိုကာ
တစ်ဖက်ကိုမျက်နှာလွဲသွားတဲ့ကောင်
အနေအေးသလိုအရမ်းလည်းချေသည်။သူကိုဆိုလူ

Lay Nge

တိုင်းက အမြဲ Well Come

လုပ်ခံရသလောက်သူ့မိသားစုဝင်တွေပဲ

သူကိုချစ်တာ။

"ဩော် မောင်ကလည်းအိမ်ထဲကိုခေါ်လေ

ကလေးကငယ်ငယ်လေးပါနေတာကို"

သူတို့စကားပြောနေခိုက် "မ"

ကအနောက်နေရောက်လာကာ

ဝင်ပြောတော့မှာအကုန်လုံးအိမ်ထဲဝင်လာပြီး

ဧည့်ခန်းထဲမှာဝင်ထိုင်ကြသည်။

"မင်းတို့ရောက်လာတာကောင်းတယ် ခဏနေရင်

သားတို့မိသားစုရော လာမှာ"

"ဟုတ်လား

သားကိုတောင်မတွေ့တာတစ်လလောက်ရှိပြီ "

ပြောရမယ်ဆို ဒီနေ့က

နေရဲ့အလုပ်ပိတ်ရက်ဖြစ်သလို

မိသားစုတွေကြိုတင်မချိန်းရပဲ

အကုန်လုံးစုံမဲ့နေဖြစ်သလို ဒီလိုစုံဖို့ကလည်း အလုပ်ကိုယ်စီနဲ့မို့ အရမ်းကိုရှားလွန်းသည်။

"မောင် သားက Hotel မှာထိုင်တော့မှာဆို"

"အင်း အစကတော့ထိုင်မယ်ပြောတာပဲ အခုသူ့မိန်းမဗိုက်ကြီးတော့ဘယ်လိုထိုင်မလဲ မောင်ပဲပေါ့"

"နေနေ ကတော်တော်ဆိုးတယ် မပူနဲ့ဖေဖေ

လီလီကြီးလာရင်

ဖေဖေအလုပ်တွေအကုန်ဝိုင်းကူမယ်"

လူကြီးလေးက

သူတို့လင်မယားစကားဝိုင်းထဲဝင်ကာပြောလာတာ

ကြောင့်

မိုးတိမ်ရောင်တို့အတွဲကသဘောကျသွားသလို

ညှော့ခန်းထဲဝင်လာတဲ့ နေတစင်းတို့အတွဲနဲ့

ကလေးတွေကလည်း ကြားပြီး

ကျန်တဲ့သူတွေကပြုံးနေပင်မဲ့ နေတစင်း

ကတော့.....

"ငါ့ကိုများဆိုးတယ်ရှိသေး နင်ကရော

ဖေဖေကိုလျှောရအောင်ဖန်တီးနေတာကြရော"

နေတစင်းက ကလေးနှစ်ယောက်ကိုချီလျက်နဲ့

ည့်ခန်းထဲဝင်လာကာ အနောက်မှာတော့

နေမင်းမာန်ဟုန် နဲ့ Light

တို့သားအမိကလိုက်လာသည်။

"အိမ်ကိုလည်းလာပါဦး အစ်ကိုရဲ့

ပျောက်တယ်နော်"

"စိတ်ကရောက်ပင်မဲ့ လူကမရောက်ဘူးဖြစ်နေတာ အန်တီလေးရဲ့အိမ်မှာကကလေးတွေရော Light ကိုဂရုစိုက်ရသေးတယ် အလုပ်ကလည်း တိုးချဲ့ရမှာတွေရှိတော့ ဖေဖေတို့ဆီတောင်မလာဖြစ်ဘူး"

နေတစင်းတို့ဝင်ထိုင်တာနဲ့ အန်တီလေးကသူဆီမလာလို့ပြောတယ်ဆို သူမှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကြောင့် အိမ်အကူတောင် သူ့စိမ်းတွေမခေါ်ရဲတော့တာမို့

ဖေဖေတို့ဆီကတောင်တစ်ယောက်ခေါ်ထားရသည်
။

"အဲ့ကောင် မိဘသာမကူတာ
သူကိုစွနဲ့သူနပန်းလုံးနေရတာ
နည်းတောင်နည်းသေးတယ်"

"ဖေဖေနော် သားကအလုပ်ကြိုးစားနေတာ
ဖေဖေတို့ပြောတဲ့အတိုင်းနားထောင်နေတာကို
မကောင်းဘူးလားပြော"

သူတို့ပြောတဲ့အတိုင်းနားထောင်နေပါတယ်ဆိုပြီး

ကလေးဆန်ဆန်ပြောလာတဲ့ သားကို

ဘာမှပြန်မပြောပဲခေါင်းရမ်းမိလိုက်တော့

နေတစင်းသားအမွှာထဲက အငယ်လေးဖြစ်တဲ့

နေလင်းကို လေးမှာတော့

သူ့အဖေကိုပြောတာမကျေနပ်တာထင်သည်

နေကိုပြောလိုက်သည်က.........

"ဟွန့် သူကြွရှုဆိုးကြီး သူညားအဖေကိုပြောနာ"

"ဘာကွ !"

မြေးအစုတ်ပလုတ်ကလေး သူကိုများလူဆိုးကြီးတဲ့

သူ့အဖေကိုပြောလို့မကျေနပ်တာ

အကြီးလေးထက်ပိုသွက်တဲ့ကောင်

ထုပစ်ချင်စရာကောင်းတာမို့

သူကလက်သီးထောင်ပြတော့.......

"ဘာရဲ ရက်သီးရား ဒီမှာရေ"

"ငါ့များ ဒင်းကလက်သီးထောင်ပြနေသေးတယ်

ထထိုးပစ်လိုက်လို့"

သူကထထိုးပစ်လိုက်လို့ပြောယုံရှိသေး
လီလီကအနားချက်ခြင်းရောက်သွားကာ
မျက်နာထားတည်တည်နဲ့ နေလင်းကို
လေးကိုစိုက်ကြည့်ပြီး.......

"နင့်ဖေဖေက ငါ့ဖေဖေရဲ့သားမို့
ကြိုက်သလိုပြောလို့ရတယ် ဒါပင်မဲ့
နင်ကပြောလို့မရဘူး ငါ့အဖေက
ဒီအိမ်မှာအကြီးဆုံး ကင်း:::::::"

ဆရာကြီးစတိုင်နဲ့သွားပြောတော့

ဟိုကလေးကလည်းအကြီးလေးလို

ဝမ်းနည်းမလွယ်တာကြောင့် လီလီကို

လူမိုက်အကြည့်နဲ့ပြန်ကြည့်နေတာကြောင့်.....

"ဘာကြည့်တာလဲ ဟွန့်"

"ချစ်ချာကောင်းဘူး !"

"နင်လေ"

နေ မှာကိုယ့်ကိုပြောလို့နာက

အငယ်ကောင်လေးကိုသွားပြီး ရန်တွေ့နေကာ

တစ်ဖက်ကလည်း

လူမိုက်ပေါက်စလေးဆိုတော့နည်းနည်းလေးမှမခံပြ

န်ပြောနေတာကိုကြည့်ရင်း ပြုံးနေမိသည်။

"ကြည့်ဦး တကယ့်အစွာလေး

ဘယ်သူကိုမှမခံတာနော်"

"ဟုတ်တယ် မောင်

တူမလေးကအရမ်းချစ်ဖို့ကောင်းတာ

အဲ့လိုကလေးဘေးလိုချင်တာ"

"မရဘူးနော် ကလေးထပ်မယူတော့ဘူး"

သားတုန်းကတောင် သူသိတဲ့အချိန်မှာကလေးက

ဗိုက်ထဲရောက်နေလို့

လက်ခံလိုက်ရပင်မဲ့နောက်တစ်ခါတော့

ကိုချစ်တဲ့မိန်းမနာကျင်မှာကို မိုးတိမ်ရောင်

ခွင့်မပြုနိုင်စွာတားလိုက်သည်။သမီးလေးမရတော့လဲ ဘာအရေးလဲ လီလီကိုချစ်မှာပေါ့။

"သမီး ကလေးနဲ့ဘာလို့ရန်ဖြစ်နေရတာလဲ"

"လီလီလည်း ကလေးပဲလေ မေမေ....သူတို့နဲ့က လပိစိလေးလောက်ပဲကြီးတာပါ"

တစ်နှစ်နီးပါးလောက်ကြီးတာကို လပိစိလေးလောက်ပဲကြီးတာပါလို့ပြောနေတဲ့ သမီးက အငယ်ကောင်လေးကို ရန်စွာဖို့ပြင်တယ်ဆို

သူ့အစ်ကိုက ပါးဖောင်းဖောင်းလေးကို ငုံ့ပြီး ဖြေးဖြေးလေးကိုက်လိုက်တော့......

"အ့ နေတစင်း ! နာတယ်လို့"

သူအသားနာတယ်ဆို စိတ်ဆိုးသွားကာ အစ်ကိုဖြစ်သူနာမည်ကိုအပြည့်စုံခေါ်ကာ အော်လိုက်ရင်း သူ့ပါးလေးသူကိုင်ကာ အဖေဖြစ်သူအနားချက်ခြင်းပြန်ရောက်သွားသည်။

"ဖေဖေ လီလီအရမ်းနာသွားပြီး
ပါးလေးပေါက်သွားပြီလားမသိ"

"သမီး ကိုကိုချစ်လို့စတာကို အရမ်းသဲတယ်နော်
ပြီးတော့ ကိုကို
ကိုနာမည်ကိုင်မခေါ် နဲ့လို့ပြောထားတယ်
မဟုတ်လား"

သမီးကသူကိုစိတ်တိုအောင်လုပ်ရင်
နာမည်ကိုင်ခေါ်တာ ဒါနဲ့ဆို သားကို
ခေါ်တာနှစ်ခါရှိပြီ။သားနဲ့အသက်ကွာတာ

နည်းနည်းလေးမဟုတ်တာကြောင့်
နာမည်ကြီးကိုင်ခေါ်တာတော့ သူမလက်မခံ။

"မေမေ့သားက လီလီကိုနာအောင်လုပ်တာကို"

"နာအောင်လုပ်ရင် မိဘကိုတိုင်လေ"

"နေရာတကာမိဘတိုင်းတာ
ကိုယ်အားကိုမကိုးတက်တဲ့သူတွေအလုပ်လို့
ဖေဖေပြောထားတယ် ပြဿနာကို
ကိုယ်တိုင်ရှင်းရတယ်တဲ့"

LayNge

အဖေတူသမီးလေးက

ဘယ်သူ့စကားကိုမှအရေးတယူလုပ်ပြီး

မမှတ်ထားသလို တစ်ဦးတည်းသော

သူ့အဖေစကားကိုတော့ မြေဝယ်မကြဲ

ဘယ်တော့မှမမေ့မှတ်ထားတက်သည်။အခုစကား

လည်း သမီးကလိပ်ညာပြောတာမဟုတ်

တကယ်သူ့အဖေပြောထားလို့သာပြောတာ။

"မှတ်ထားတာကြည့်စမ်း
တော်လိုက်တဲ့ကလေးလေးကွာ
ဘယ်သူ့သမီးလေးလဲ"

"အရမ်းတော်တဲ့ ဖေဖေအချစ်ဆုံးကြီးရဲ့သမီးပေါ့"

သူ့သမီးကသူ့စကားတွေမှတ်ထားတာကို
သဘောတွေတွေ့နေတဲ့ မောင်က
သမီးလေးကိုပေါင်ပေါ်ဆွဲတင်လိုက်တော့
သမီးလေးကလည်း
သူ့အဖေကိုအတင်းဖက်တွယ်ထားသည်။

"ဖေဖေ
လီလီကိုဘယ်ကျောင်းမှာထားတာလဲ....မဟုတ်ရင်
သားတက်တဲ့ကျောင်းမှာ မူကြိုကနေ
အထက်တန်းအထိရှိတဲ့ English
ကျောင်းမှာထားပါလား"

နေမင်းမာန်ဟုန်နဲ့ဆိုအိမ်မှာတောင်အတူတူမထား
တက်တဲ့ မောင်အကြောင်းသိတဲ့
သဘာဝကသားကိုဆက်မပြောဖို့

မျက်စပစ်ပြလည်း

သားကနားမလည်ဆက်ပြောသည်။

"ဖေဖေက သမီးကိုပဲရစ်ပို့ဖို့တွေးနေတာ"

"ဟာ ဖေဖေရာ

ကလေးကငယ်ငယ်လေးရှိသေးတာကို"

မင်းအဖေတမင်ရွဲ့ပြောနေတာလို့

ပြောချင်နေတာကို

သူမစိတ်ကိုထိန်းထားရသည့်အဖြစ်။ကိုယ့်သားက

သူ့အဖေလို လူအကဲအခတ်မတော်ပဲ

အဲ့တစ်နေရာညံ့နေတာက အတော်ခတ်သည်။

"မင်းတောင် 12 နှစ်သားနဲ့ US

သွားတာမဟုတ်ဘူးလား အခုခေတ်ကလေးတွေက

ဉာဏ်ပိုထက်တယ်စောစောပို့ရင်

ပိုကောင်းတယ်.....နေမင်းမာန်ဟုန်ဆို

ပို့လိုတောင်ရနေပြီ သားတက်တဲ့ကျောင်းကို"

စကားပြောရင်း နေမင်းမာန်ဟုန်ဆိုတဲ့

ကောင်လေးကို

ပြည်ပကိုနှင်ထုတ်မဲ့ကိစ္စပါအတွေးထဲဝင်လာတာနဲ့ စကားထဲသင့်တော်သလိုထည့်ပြောနေတဲ့ မောင်က တကယ်ကိုလူလည်။

"ဟုတ်တယ် ဖေဖေပြောမှသားတွေးမိတယ် အခုတက်နေတဲ့ကျောင်းမှာ သားအထက်တန်းပြီးတာနဲ့ US ကိုပို့ရမယ်"

"ဟုတ်တယ် US တက္ကသိုလ်ကကမ္ဘာ့နံပါတ်တစ်လေ

laylge

အဆင်ပြေတယ်

မာန်လေးကလည်းထူးချွန်တဲ့ကျောင်းသားပဲ"

နေမင်းလက်ရာဆိုတာ

ဘယ်သူဘာလုပ်လဲလိုက်ကြည့်စရာမလို

သူမျက်စိရှေ့မြင်နေရတာနဲ့ အဲ့လူကဘာလဲဆိုတာ

အကဲခတ်တော်တဲ့အကျင့်ကအတော်ကောင်းသည်။

"ကိုကိုတို့ကနော် မပြောချင်ဘူး ဒီမှာတက္ကသိုလ်

ဆရာတွေရှိတာတောင်

ပါးစပ်ကြီးကအားမနာပြောတက်တယ်နော်"

layNge

"ငါကဘယ်သူမှပုတ်ခတ်မပြောဘူးလေး
ကိုယ်ပါသာထနာနေပြီးတော့"

နေကစကားပြောရင်
အရှေ့အနောက်မကြည့်ပဲပြောတက်တာက
သူပြောတဲ့စကားတိုင်းဟာ
သူများကိုထိခိုက်စေတဲ့စကားမပါလို့ပင်။သူအ
ကြောင်းကလွဲ
ဘယ်အကြောင်းကိုမှအရေးတယူလုပ်နေတဲ့ကောင်
လဲမဟုတ်............။

"နင့်နာမည်ဘယ်သူလဲ "

လီလီလေး အိမ်ကထည့်ပေးလိုက်တဲ့ မုန့်တွေရော

မူကြိုနဲ့ပက်သက်တဲ့ စာအုပ်လေးတွေကို

စနစ်တကျ လိုချင်တာကိုသာထုတ်ပြီး

ကျန်တာလေးတွေပြန်ထည့်နေရင်းက

သူမလေးနားကိုလာကပ်ကာမေးတဲ့

မျက်လုံးပြူးပြူးလေးနဲ့တစ်ယောက်ကြောင့်.......

"လီလီပန်းသွေး"

"နင်ကဆင်းရဲတာလား

ငါ့ဖေဖေနဲ့မေမေကအရမ်းချမ်းသာတာ

တွေ့လားပိုက်ဆံတွေပေးထားတာအများကြီးပဲ

နင့်ကိုကြမုန့်လေးတွေပဲဝယ်ပေးတာလား"

သူမကိုမဆီမဆိုင်စကားတွေလာပြောနေတာကို

မကျေမနပ်ဖြစ်သွားရတဲ့ လီလီ။ဒီနေ့မှာ

ဒီကျောင်းကိုရောက်လာတာ

မေမေကပြဿနာဖြစ်ရင်

နိုင်ငံခြားမှာတစ်ခြားသူတွေနဲ့သွားနေရမယ်ပြော

ထားလို့ စိတ်ဆိုးချင်နေတာကို
ဖျောက်လိုက်ရင်း........

"ပိုက်ဆံဆိုတာ ကိုယ်ရှာနိုင်မှ
ကိုယ့်ပိုက်ဆံလို့ပြောရတယ်"

ကလေးတန်မဲ့ ဒီလိုစကားမျိုးပြောတာ
လူကြီးသင်ထားတာလို့ကြားတဲ့သူတွေကထင်နိုင်ပ
င်မဲ့ တကယ်တော့ လီလီလေးကိုက
လူကြီးတွေပြောနေတဲ့စကားထဲမှတ်သင့်တာဆိုမှ

တ်ပြီး မမှတ်သင့်တာဆို မတွေ့ဘူးမမြင်ဘူးသလိုပဲ မေ့ပစ်တက်တာ။

"ငါ့ဖေဖေက ငါလိုချင်တာဆို ထိုင်းနိုင်ငံကတောင်မှာပေးတာ"

"အရမ်းကံကောင်းတာပဲ "

သူကြွားသလို
ကိုယ်ပြန်ကြွားရင်မေ့တောင်လဲသွားဦးမယ်။သူမက ကိုယ်မှာရှိတယကိုသူများသိဖို့ထက်

Lay Nge

ကိုယ်သိဖို့ပဲလိုတယ်ဆိုတဲ့ ကလေးမို့

ကြွားတာတွေဘာတွေစိတ်မဝင်စားပေ။

"နင်မှာပိုက်ဆံမရှိရင်ပြောနေယ်

ငါ့ကသနားတက်တယ်"

"သနားတယ်ပြောရအောင်

ငါ့ကအခုဘာဖြစ်နေလို့လဲ

စကားပြောနေတာအထွန့်တွေအတက်တွေနဲ့

မကြိုက်ဘူး"

လီလီစိတ်ထဲဒေါသကအတော်ပင်ထွက်နေတာကိုမ
သိတော့ မျက်နှာတစ်ချက်တောင်မပျက်သွားတာကို
ဆက်ပြောနေပုံများ
ကလေးတောင်ဒီလောက်ကြွားတက်နေတာ
သူမိဘဆိုခန့်မှန်းစရာတောင်မလိုတော့။

ဒီပြဿနာကကျောင်းမှာ ဘာမှမဖြစ်သေးပင်မဲ့
မိဘစကားရော သူလုပ်ချင်တာလုပ်ခွင့်ရော
နှစ်ခုလုံးနဲ့ ကိုက်ညီအောင် ကျောင်းလွှတ်တဲ့အချိန်
ကျောင်းတဲ့ကနေ
ထိုကောင်မလေးနဲ့အတူတူထွက်လာတော့

Lay Nge

ကျောင်းရှေ့မှာစောင့်နေတဲ့ ဖေဖေ နဲ့
မေမေကိုမြင်ပင်မဲ့.......

"ငါတို့ကားက ဟိုမှာတွေ့လား အမိုက်စား"

"ဩော်"

လီလီက
ထိုကလေးကသူတို့ကားဆိုတာအတည်ပြုလက်ညှိုး
ထိုးပြတာနဲ့ ဘာမှမပြောပဲ
သူကိုလက်ကမ်းခေါ်နေတဲ့ ဖေဖေတို့ဆီသွားကာ......

Lay Nge

"ဖေဖေ ကားထဲမှာတုတ်ပါလားဟင်"

"သမီးကပါလုပ်မလို့လဲ"

အဖေဖြစ်သူကိုမေးနေပုံက တုတ်မို့ သဘာဝမှာ
သမီးဘာလုပ်မလို့လဲဆိုတာ
လန့်သွားရသည်။သူမလန့်နေရင်းက
သမီးကသူမလက်ထဲ ခြင်းလေးနဲ့ လွယ်အိတ်ထဲကာ
ကျောင်းရှေ့မှာ
ကျောင်းသားအင်အားများလို့အသစ်ကျောင်းဆောင်

တည်ဆောက်ဖို့အတွက်လုပ်ထားတဲ့

အုတ်တွေပုံထားတဲ့ဆီသွားကာ

အုတ်ခဲတစ်လုံးရဲ့သုံးပုံတစ်ပုံလောက်ကျိုးနေတဲ့အ

စိတ်အပိုင်းကို ကောက်ကာ

သူမတို့ကားအရှေ့ရပ်ထားတဲ့ကားဆီပြေးသွားကာ..

...

ခလွမ်

လီလီက

ကားမှန်ကိုထုရင်သူမကလေးအားလေးနဲ့မဖြစ်နိုင်မှ

န်းသိတာကြောင့် ကားနောက်မီးကို

ထုလိုက်တယ်ဆို ကွဲသွားတာတွေ့မှ

လီလီကကျေနပ်သွားသည်။ထိုအခါ

ကားပိုင်ရှင်ဖြစ်တဲ့

ဟိုကြွားစိန်မအဖေထင်ရတဲ့လူကြီးက......

"ဟိတ် ကလေးမ မင်းဘာလုပ်တာလဲ!"

နေ နဲ့ သဘာဝလည်းကိုယ်ကလေးကအများဆိုပင်မဲ့

ဟောက်ဖို့လုပ်နေတာတွေတယ်ဆိုအနားရောက်

သွားကာ သမီးလေးကို နေ ကချီလိုက်ရင်း

သမီးလက်ထဲကအုတ်ခဲကို

သူယူပြီးဘေးကိုလွှတ်ပစ်လိုက်သည်။

"မင်းကဘယ်လိုကလေးလည်း ဟမ်!

ငါ့ကားလေးတော့ကုန်ပါပြီ"

"အဲ့လောက်လဲအဖြစ်မသည်းနဲ့

ကားတန်ဖိုးပြောလိုက် ငါလျော်ပေးမယ်"

ကိုယ့်ဘက်ကမှားတာကို မောင်ကသာ

သူ့သမီးဘက်ကနေ ဘုစကားပြောနေတာကြောင့်

သူမဝင်မပါလို့မရတော့တာကြောင့်
သူမကပဲအရင်တောင်းပန်ဖို့လုပ်ရသည်။

"ဟို"

"ကားတန်ဖိုးဘယ်လောက်လဲပြော !
ငါ့သမီးလုပ်ရင်
ဒီကားမျိုးဆယ်စီးလည်းလျှော်နိုင်တယ်"

အခုမှ
ကားကိုပြန်လျှော်ပေးမယ်ပြောတဲ့သူကိုသေချာကြ

ည့်မိတော့ သူအပြင်မှာတွေ့ဖူးချင်နေတဲ့

လုပ်ငန်းပေါင်းများစွာကို

တစ်ယောက်ထဲဦးဆောင်နိုင်တဲ့ နေလက်ရာ group

ပိုင်ရှင်မို့

သူစီးနေတဲ့ကားဆယ်စီးလျှော့နိုင်တယ်ပြောတာ

မယုံနိုင်စရာမရှိ။

"လီလီ သမီးလေး ဖေဖေကိုပြော

အခုသမီးလုပ်တဲ့လုပ်ရက်အတွက် နောင်တရလား

မှန်တယ်လို့ထင်လား"

"နောင်တလည်းမရဘူး

အခုလုပ်လိုက်တာအတွက်တန်ရာတန်ရာပြန်လုပ်

လိုက်နိုင်တာ ကျေနပ်တယ်"

အဖေကလည်း

သမီးကိုသူလိုချင်တဲ့အခြေအနေအတိုင်းကိုမေးသ

လို သမီးလေးဖြေလာတဲ့အဖြေကြောင့်

ကိုယ်ကလေးကရန်မစတက်ဘူးဆိုတာသိတာ

ကြောင့်

သမီးဘက်ကရပ်တည်ပြောဖို့ဆုံးဖြတ်လိုက်သည်။

"ဒါနဲ့ တစ်ခုတော့ရှိတဲ့ ကျွန်မသမီးကသူကိုထိခိုက်အောင်မပြောပဲ ပြန်မလုပ်တက်သလို သူကိုလုပ်ရင်တော့သူနာတာထက် ပြန် လုပ်ရမှကျေနပ်တာ...ဒါကြောင့် ရှင့်ကလေးဘာလုပ်ထားလဲ အရင်မေးလိုက်ပါ ဒါပင့်မဲ့ ရှင့်ကလေးကအရင်ရန်စရင်တောင် ကားမီးသီးခွဲလိုက်တော့လျှောပါမယ်"

"လီလီကိုများ လူဆင်းရဲလေး နင့်မိဘတွေကပိုက်ဆံမပေးကိုင်ဘူးလားပြောတဲ့အ ပြင်

တစ်ခြားပြောတာတွေအများကြီးတာတွေရှိသေး... မေမေကကျောင်းမှာရန်မဖြစ်ရဘူးဆိုလို့သည်းခံနေ တာ အဲ့တာကြောင့် ကျောင်းအပြင်ရောက်မှ လုပ်တာ...အန်ကယ်ကြီးသမီးက အရမ်းကြွားတာပဲစိတ်ပျက်တယ်"

မေးတာကဟိုကလေးဆိုပင်မဲ့ ခြေသွက်လက်သွက် လီလီပန်းသွေးက ဖြစ်တဲ့အကြောင်းအကုန်ပြောပြတယ်ဆို နေမင်းလက်ရာတို့တော့ မာန်တက်လို့ရသွားတော့တာပေါ့..........။

~~~~~~~~~~~~~~ဆက်ရန်။

💜ဒီအပိုင်းတိုသွားမှန်းသိပါတယ် နောက်ကျန်တဲ့ ၆ပိုင်းကျန်တာကို ရှည်ရှည်လေးရေးပေးပါ့မယ် comment လေးတွေမြင်ချင်ပါတယ်💜

🍭You are my life🍭

Chapter _💜 41 💜
~~~~~~~~~~~~~~

ကျောင်းကနေသမီးကိုကြိုပြီးပြန်လာတော့ ကိုယ်ဘက်ကအမှန်ဆိုရင်တောင် ကိုယ့်သမီးက ကိုယ်ထိလက်ရောက်သူများကားမှန်ကို ခွဲပစ်လိုက်တာမို့ ကားမီးလုံးဖို့မောင်က သိန်း 25 သိန်းလျော့လိုက်ရတာမို့ အလကားသက်သက်ပိုက်ဆံနှစ်ဆယ်ကျော်ထွက် သွားတာကို နှမျောလို့မဆုံး။

အိမ်ပြန်ရောက်တာနဲ့ အခန်းထဲဝင်တယ်ဆို နေက ဆိုဖာပေါ်မှာ သမီးကကြ မ ကအဝတ်လဲရင်း သားအဖနှစ်ယောက်လုံးကိုဆူနေတာများ......

"သိန်းနှစ်ဆယ် နည်းသလားပြောလေ
မေမေပြောထားတယ်မဟုတ်
ကိုယ့်အသားကိုနာအောင်မလုပ်သ၍
သူတို့ဘာပြောပြောမကြားတဲ့အတိုင်းနေလိုက်ဆို
တာ"

"ဟုတ်တယ်လေ
လီလီသည်းခံတာပဲ.....မေမေကကျောင်းကတိုင်တာ
မလိုချင်ဘူးဆိုလို
လီလီကအပြင်ရောက်မှလုပ်တာ....သူလာပြောတာ

Lay Nge

ကို ဆရာမတွေလည်းမတိုင်ချင်ပါဘူး
ကိုယ်အားကိုယ်ကိုးတာပဲသဘောကျတယ်"

အသက်က 4နှစ်ကျော်လေးနဲ့ လည်လိုက်တာလည်း
ဂျင်ထက်တောင်လည်သေးတယ်။အခုအရွယ်လေး
နဲ့မှမလိုက်ပြောပုံများ ကိုယ်အားကိုယ်ကိုးတာပဲ
သဘောကျတယ်တဲ့။အဲ့တာမိဘရင်ခွင်ထဲရှိသေးတဲ့
သေးသေးလေးပြောတဲ့စကား။

"ရတယ် မေမေစကားနားမထောင်ဘူးဆို သမီးရော
သမီးဖေဖေရောစကားမပြောတော့ဘူး"

"မောင်နဲ့ ဘာဆိုင်လို့လဲ !

မောင်ဘာမှလဲမလုပ်ပဲနဲ့ကွာ"

သမီးကိုစိတ်ကောက်တာကို

သူပါပြောလာတာကြောင့် နေမင်းလက်ရာတို့

ခေါင်းကုတ်ခြေကုတ်တွေဖြစ်ကုန်ကာ

မျက်နာကြီးကလည်းမသာယာနိုင်တော့။

"ဘာလုပ်လို့လဲဆိုတော့

တောင်းတဲ့ပမာဏအတိုင်းပေးလိုက်ရလား 25

သိန်းနည်းလား"

"မောင့်သမီးကသူများကားမီးလုံးခွဲထားတာကို

မောင်ကတိုင်ချင်တဲ့နေရာတိုင်မပေးနိုင်ဘူးပြောရ

မှာလား ဗျ"

ပိုက်ဆံပေးလိုက်ရတာကို မကျေနပ်ပဲ

သူတို့သားအဖကိုပြောနေတာ

သူသိတာပေါ့။ဒီပမာဏလောက်က

သူ့အတွက်ကတစ်နာရီအတွင်းပြန်ရတဲ့

ပမာဏလောက်မို့ ကိစ္စမရှိပင်မဲ့ ကိုယ်ဇနီးက

အိမ်မရှင်မမို့

ဒီလိုစိတ်ဆိုးတာကိုသူနားလည်ပါသည်။

"မဟုတ်ဘူးလေ သူတောင်းတဲ့ပမာဏနဲ့

အဲ့မီးလုံးတန်ဖိုးကညီလို့လား မောင်ရဲ့ပြီးတော့

သူ့ကလေးကအရင်ရန်စတာလေ

အဲ့တာအတွက်ကြရော မတောင်းပန်ဘူး

မမျှတလိုက်တာ"

"မောင်ကအခုလျှောပေးလိုက်တာက

ဇာတ်လမ်းပြီးသွားအောင်

အရှည်ကြီးတွေမပြောချင်သလို

ရန်ငြိုးရန်စတွေထပ်မဖြစ်ချင်တော့ဘူး

မိသားစုလေး

အေးအေးချမ်းချမ်းပဲဖြတ်သန်းချင်တယ်"

သူမထက်တောင်

ရန်ငြိုးရန်စတွေကိုစိတ်ကုန်နေကြောင်းပြောလာတဲ့

မောင်ကိုမယုံနိုင်စွာကြည့်လိုက်တော့ မောင်က

သူမကိုပြုံးပြနေတာ ဘာလိမ်ညာမှုတွေမှမပါတဲ့

အဖြူရောင်သက်သက်အပြုံးမျိုး။

Lay Nge

"အင်း ကြည့်ရသေးတာပေါ့ မောင်တို့ရန်ငြိုးရန်စမရှာတာဘယ်အချိန်ထိလဲကြည့်ရသေးတာပေါ့"

"မောင့်မိန်းမ နဲ့ သမီးကိုမထိလာခင်အထိ မောင့်သည်းခံနိုင်စွမ်းတွေကမြင့်မားနေပြီ"

သူတို့လင်မယားပြောတဲ့စကားတွေကိုနားထောင်ရင်း လီလီပန်းသွေးကနေ မျက်နာကို

တစ်ချက်တစ်ချက်မဲ့ပြနေတာကိုတော့
သူတို့နှစ်ယောက်လုံးမမြင်။

"လာ မေမေကရေချိုးပေးမယ် သမီးကို"

"ဟုတ် မေမေရေချိုးပေးတာပဲသဘောကျတာ
လီလီကမချိုးတက်သေးဘူး
ငယ်ငယ်လေးရှိသေးတော့"

"ပြောတော့ ကိုယ့်အားကိုယ်ကိုး
ဖေဖေ့သမီးလေးဆို"

သဘာဝကသမီးရေချိုးဖို့ပြင်ဆင်နေရင်း

သူပြောနေကြစကားကို ပြောလိုက်တော့

မောင်ကလည်း တဟားဟားထရီလျက်

သမီးကလည်း.....

"ကိုယ်အားကိုယ်ကိုး ဖေဖေ့သမီးလေး လို့

လီလီမပြောမိပါဘူး မေမေရဲ့......ဒါပင်မဲ့

အဲ့စာသားလေးက

တကယ်ဆိုလို့ကောင်းတယ်နော်"

"သမီးပြောနေကြစကားကို

တိုတိုလေးချုပ်ပြောလိုက်တာလေ"

သားအမိနှစ်ယောက်စကားတစ်ခွန်းကိုငြင်းကာ

ရေချိုးခန်းထဲဝင်သွားတာကိုကြည့်ရင်း

ဆိုဖာပေါ်က နေခင်မျာ မပြောသွားတဲ့

စကားကိုပြန်ရွတ်မိတဲ့အထိ

သဘောကျနေတော့သည်.............။

နောက်ရက်ကြ

ကျောင်းကလုပ်မဲ့ကလေးတွေအတွက်

ပြဇာတ်သရုပ်ဖော်လေးတွေအတွက် မိဘတွေကို ခေါ်ဆွေးနွေးတာကြောင့် မောင်ရောသူမရော ကျောင်းကဆရာမကို လာတွေ့တော့.........

"အစ်မတို့သမီးလေးက စနိုးဝိုက်ဇာတ်ကောင်နေရာပေးတာကို မလုပ်ချင်ဘူးပြောနေတာ"

"သမီးကဒါတွေဝါသနာမပါဘူး"

နေကသူ့သမီးက

ဒီလိုပြဇာတ်တွေဝါသနာမပါဘူးလို့

အားရပါးရပြောလိုက်မိတော့လည်း

ဆရာမဆက်ပြောလာတဲ့စကားကြောင့်......

"စနိုးဝိုက်က ပျော့အိအိနဲ့စိတ်မရှည်ဘူးတဲ့

စုန်းမဇာတ်ကောင် သူယူမယ်လုပ်နေလို့ပါ"

သမီးက ဘာဘီလေးတွေသဘောကျတာက

ဇာတ်လမ်းလေးတွေကြည့်ပြီး

သဘောကျနေတာကြောင့်ပင်။စနိုးဝိုက်ကိုကြတစ်

ခါသာကြည့်ပြီး မင်းသမီးကို မင်းသားကနမ်းလိုက်တာနဲ့ပြန်ရှင်တယ်ဆို မဖြစ်နိုင်ဘူးဆိုတာကို သမီးကလက်ခံထားတဲ့သူမို့ အဲ့ဇာတ်ကောင်နေရာမကြိုက်တာဖြစ်မည်။

"ရပါတယ် သမီးကြိုက်တာကိုပဲလုပ်ခိုင်းလိုက်ပါ ပြီးတော့ ကလေးတွေကို မုန့်ကျွေးချင်လို့ ဘယ်ရက်လောက်ဖြစ်နိုင်မလဲ"

အဲ့ဒါရန်ငြိုးရန်စမထားတော့တဲ့သူလား။ဟိုရက်က သူ့သမီးကို ဟိုကလေးပြောထားတာတွေကို

မှတ်ထားပြီး

ဒါကတမင်လုပ်မှန်းသိသာလွန်းသည်။သူမကသိပင်

မဲ့ ပြဿနာတွေဖြစ်ထားတာ

ဆရာမကမသိတာကြောင့် ဝမ်းပန်းတသာနဲ့.........

"ပွဲလုပ်မဲ့နေမှာ ဝေမယ်ဆိုအဆင်ပြေမလား"

"ဘယ်အချိန်ဖြစ်ဖြစ်အဆင်ပြေပါတယ် ရှင့်"

"ဆရာမ
ဒါနဲ့လီလီရဲ့စာသင်တာအခြေအနေလေးသိချင်ပါတ
ယ်"

မောင်ကပွဲလုပ်မဲ့နေ့ကလေးတွေကိုမုန့်ဝေဖို့ပြောတ
ယ်ဆို ကျောင်းကိုလာဖို့ကအမြဲ
မောင်အလုပ်အချိန်နဲ့ညှိနေရတာမို့
နောင်တစ်ခါမရှိရအောင်
သမီးရဲ့စာသင်တဲ့အခြေအနေကိုပါမေးတော့......

"လီလီလေးက

အရမ်းညာဏ်ကောင်းတယ်....သူများတွေနှစ်ခါသင်ရ

ရင် သူကတစ်ခါနဲ့ရတယ် ပြီးတော့

ကလေးကပြဿနာအသေးအဖွားလေးလောက်ကို

ဆရာကိုမတိုင်သလို သူကစာလုပ်နေတဲ့အချိန်ဆို

ဘယ်သူနဲ့မှစကားမများဘူး....ပညာရေးလမ်းကြော

င်းကို ဒီအတိုင်းသာလီလီဆက်မယ်ဆို

လီလီမိဘတွေမျှော်မှန်းတာထက်တောင်

ကလေးကအမြင့်ပိုရောက်မှာပါ....ညာဏ်ရည်ကထ

က်တဲ့အပြင် စာကြိုးစားချင်စိတ်လည်းရှိတာကို"

"ကျေးဇူးတင်ပါတယ်

သမီးကိုလေစကားနားမထောင်တာတို့ဖြစ်ရင်

သူကိုလေစကားနဲ့သေချာပြောပြရင်နားထောင်ပါ

တယ်.....ရိုက်တာတွေမလုပ်မပါနဲ့"

ဆရာမကိုမရိုက်ခိုင်းတာက

ကိုယ့်ကလေးလေးနာသွားမယ်ဆိုတဲ့အကြောင်းအ

ပြင် သူ့အသားနာရင်

ဒေါ်သဘယ်လောက်တောင်ထွက်တက်လဲဆိုတာသိ

လို့ မိဘတစ်ယောက်အနေနဲ့ မျက်နှာပူပူနဲ့သာ

အားမနာနိုင်ပဲပြောတော့......

"ဟုတ်ကဲ့ စိတ်ချပါ အခုအရွယ်လေးတွေက ဘာမှမသိကြသေးတဲ့အတွက် ရိုက်မှာကိုတော့ မိဘတွေအနေနဲ့စိတ်ချထားလို့ရပါတယ်"

သူတို့နှစ်ယောက် သမီးကိုကျောင်းပို့ရင် ဆရာမနဲ့တွေ့ပြီး ကျောင်းကနေပြန်ထွက်လာတော့ မောင်ကသူမကိုအလုပ်ကိုလိုက်ခဲ့ဖို့ပြောထားခဲ့တာကြောင့်

သူအလုပ်ကိုသာလိုက်ခဲ့လိုက်သည်။သူခေါ်လာတာ သူရဲ့ခရီးသွားလုပ်ငန်းကိုခေါ်လာတာဖြစ်ပြီး

ကားပေါ်ကဆင်းကတည်းက

သူမလက်ကိုတွဲထားတာ campany

ထဲဝင်လာတဲ့တစ်လျှောက်လုံး လုံးဝမလွှတ်ပေ။

"မောင် လက်ကိုလွှတ်ပါဦး"

"မလွှတ်ပါဘူး ကိုယ့်မိန်းမလက်ကိုဆွဲထားတာပဲ

ဘယ်သူကရုစိုက်ရမှာလဲ အခုခေါ်လာတာက

ခရီးသွားဝန်ဆောင်မှုလုပ်ငန်းရဲ့

နှစ်ပတ်လည်အခန်းအနားရှိတယ်

ဒါကြောင့်အလှုပြင်ခိုင်းမို့"



Ley Nge

နှစ်ပတ်လည်အခန်းနားလို့

မောင်ကပြောလိုက်တာကြောင့်

သူမကဘာမှမပြင်မဆင်လာပင်မဲ့

မောင်စီစဉ်ထားမှန်းသိသည်။ဒါပင်မဲ့

နှစ်ပတ်လည်ပွဲဆိုမှတော့ သေချာပေါက် ညဘက်

Party ပါရှိမှာမို့

ကလေးကိုကျောင်းသွားကြိုဖို့အတွက်......

"မောင် ကြိုမပြောဘူးနော်

ကလေးကိုကျောင်းဘယ်သူသွားကြိုမှာလဲ"

"သူ့အစ်ကို ကိုသွားကြိုခိုင်းမှာ"

သူမလက်ကိုဆွဲခေါ်လာရင်း

အရှေ့ကိုအလောတကြီးလျှောက်လာရင်း

သူမမေးတာကိုလည်း

တစ်ခွန်းမကျန်ပြန်ဖြေနေရာက

အခန်းတစ်ခုရှေ့ရောက်တယ်ဆို ရပ်လိုက်ပြီး

အခန်းတံခါးကို ကဒ်နဲ့ဖွင့်လိုက်ကာ

အထဲကိုဝင်လာလိုက်တော့......

"မိုင်"

သူမဝင်လာတဲ့အခန်းက
မောင့်ရုံးခန်းအရှေ့ကမောင့်နားနေခန်းဖြစ်ပြီး
ဝင်လာတာနဲ့ ကုတင်ပေါ်တင်ထားတဲ့
စိန်တွေတစ်ကိုယ်စာအစုံလိုက်တွေကိုမှ
ဆယ်စုံလောက်ရှိမယ်ထင်သည်။ပြီးတော့
သူမဝတ်ဖို့ထင်ရတဲ့အနက်ရောင်ဂါဝန်အရှည် နဲ့
မောင့်အတွက်ဝတ်စုံ။

"နင့်ယောကျာ်းက နင့်အတွက်လုပ်ထား ပြီးတော့ ဟိုအပေါ်ကဟာတွေကနင့်အတွက်ကြီးပဲ သူက အော်တာနဲ့မှာထားတာ"

"အမလေး နေလက်ရာCEO ကတော်ကအချစ်ခံရတာ အားကြစရာကြီး"

သူမကိုကြည့်ကာ မိုင်ကအစ အလှပြင်ဖို့ခေါ်ထားတယ်ထင်ရတဲ့ နာမည်ကြီးမိတ်ကပ်ပညာရှင်တွေက သူမကိုကြည့်ကာပြောလာတာကြောင့်........

"မောင် အဲ့တာတွေကို"

"အွန်း မင်းအတွက်ကြီးပဲ
မောင်စိတ်ကြိုက်ရွေးဝယ်ထားတာ"

"မဟုတ်တာ နည်းနည်းလေးမဟုတ်ဘူး မောင်နော်
မတိုင်ပင်ပဲလုပ်ပြန်ပြီ"

သူကိုတန်ဖိုးကြီးတာတွေဝယ်လို့
ပြောတဲ့သူမကြောင့် သူနာခံချင်မဲ့

အဲ့နေရာမှာသူ့အတွက်ဝယ်တယ်ဆိုရင်တောင်

နောင်တရကောင်းရလိမ့်မှာဆိုပင်မဲ့

သဘာဝပန်းအတွက်ဆိုတော့နောင်တရဖို့နေနေသာ

သာ ထပ်ဝယ်ဖို့တောင်အစီစဉ်ရှိသည်။

"မောင့်မိန်းမအတွက်ပဲ အဲ့တာတွေထဲ မ

ကြိုက်တာလေးဝတ်

အဝတ်အစားကတော့မောင်တို့အရောင်အတူတူပဲ...

...ကဲ

မမိုင်တို့သူငယ်ချင်းတွေအေးဆေးစကားပြောပြီးမှ

အလှပြင်ကြ

ကျွန်တော်ကမျက်နှာခြင်းဆိုင်ကအခန်းမှာရှိနေမယ်

ညပွဲအတွက်အလုပ်လုပ်လိုက်ဦးမယ်.....မောင့်မိန်းမ
အေးဆေးနေနော် ခဏနေ
နေ့လည်စာစားဖို့လာခေါ်မယ်"

ဆိုကာ သူမိန်းမကိုအနမ်းတစ်ပွင့်ခြွေလိုက်ရင်း
နှုတ်ဆက်ကာထွက်သွားတဲ့
မောင်ကြောင့်မျက်နှာလေး
ပန်းရောင်သန်းသွားရသည်။မောင်တစ်ယောက်မ
ကြီးမငယ်နဲ့တော်တော်ကဲနေတာ။

"အဟမ်းး သဘာဝ အားကျတယ်နော်"

"မိုင် နင်နော်"

အပျိုလေးတစ်ယောက်လို ရှက်သွေးဖြာနေတဲ့
ချစ်ရတဲ့သူငယ်ချင်းမလေးကို မိုင်က
ချစ်စနိုးနဲ့စလိုက်တော့ ဖြစ်သွားတဲ့မျက်နှာလေးက
နေမင်းလက်ရာချစ်ရင်လည်း
ချစ်ချင်စရာကောင်းလောက်အောင်
လှတာကို.........။

"နေ ငါတို့လိုအပ်တာတွေအကုန်လုပ်ပြီးသွားပြီ"

ဒီညက

ခရီးသွားလုပ်ငန်းရဲ့နှစ်ပတ်လည်နေ့ဖြစ်သလို

သူ့အတွက်လည်း ဒီနှစ်ပတ်လည်နေ့ကဘယ်တော့မှ

မေ့မရတဲ့ နှစ်ပတ်လည်နေ့ဖြစ်တာကြောင့် မ

အတွက် Suprise လည်းသူစီစဉ်ထားသည်။

"အေးပါကွာ

ငါ့အတွက်တလွဲဖြစ်မှာဆိုးလို့သေချာမေးနေရတာ

မယုံလို့မဟုတ်ဘူး"

"မင်းမိန်းမကို ဝယ်ပေးထားတဲ့စိန်အစုံလိုက်တွေက Hotel ခွဲတစ်ခုတည်ဆောက်လို့ရတာကို မင်းကအရင်းအနှီးကြီးပါလားကွာ"

သူဝယ်ပေးထားတဲ့ စိန်ထည်တွေတန်ဖိုးသူသိတာပေါ့။အလောက်မြင့်လို့လည်း တစ်ခြားနေရာပြန်ရောင်းဈေးနှစ်ဆရမယ်ဆိုတာ တောင်သူပြန်ရောက်ခဲ့တာမဟုတ်။ဒီလူမျိုးတန်ဖိုးမြင့်မားတဲ့စိန်ထည်တွေကသူမိန်းမနဲ့အထိုက်တန်ဆုံးပင်။

"အရင်းအနှီးမဟုတ်ဘူး ငါမိန်းမကို

ငါချစ်လို့ဝယ်ပေးတာကွာ

ပိုက်ဆံဘယ်အချိန်ပြန်ရှာရှာရတယ်

သဘာဝပန်းကနှစ်ယောက်မရှိဘူး"

"မင်းတို့မို့ နေလိုမယကကိုပြောနေတာ

ငါကသိလို့ကိုမပြောတာ.....သူ့မိန်းမအတွက်ဆို

သူဟာထုတ်ရောင်းဆိုတောင် ရောင်းမဲ့ကောင်"

ကျော်သူရဆိုတဲ့ကောင်က
သူ့အကြောင်းအသိဆုံးသူ။အခုလည်းကျန်တဲ့ကော
င်တွေကပြောနေတာကို
သူကလမ်းခရီးအဆုံးထိပြောချလိုက်တာ ပြီးရော။

"ဟွန်း သဘာဝပန်းမို့လို့ပေါ့
သဇင်ပန်းသာဆိုအဲ့အကောင်ဘယ်လောက်တောင်
ထားမလဲမတွေးရဲဘူး"

"သဇင်လည်းစိတ်မဝင်စားဘူး

သဘာဝပန်းပဲစိတ်ဝင်စားတယ်ပြောနေတာ နှစ် 20

ကျော်လာပြီ မင်းတို့နားပင်းနေလား!"

နေကသူလုပ်ထားတာတွေကိုအမှားပါမှာဆိုးလို့ကြ

ည့်နေပါတယ်ဆိုမှ

အာရုံလာစားနေတဲ့ကောင်တွေကြောင့်

ဒေါသမထွက်ပင်မဲ့

မကျေနပ်တဲ့အသံနဲ့ပြောလိုက်တော့.......

"အေးပါကွာ နားပင်းနေလို့ပါ"

သူက

မိန်းမကိုအရမ်းချစ်မှန်းသိလို့ဝိုင်းစနေတဲ့ကောင်တွေ

ကို စကားပိုစကားလျှံတွေပြောနေတာကြောင့်

ပြန်မပြောတော့ အာရုံကို သူ့ Laptop Screen

ကိုပို့ထားလိုက်သည်။

"ဒီကောင်မလွှယ်တဲ့အကောင်နော်

အသက်တွေလည်းရလာပြီ အပျော်လည်းမရှာဘူး

တကယ်ငါတို့ကိုမှစိတ်ပြောင်းသေးတယ်.....ဒင်းက

ပြောင်းကိုမပြောင်းဘူး"

ယောကျ်ားလေးတွေကစိတ်ပြောင်းမြန်ကြတာမှန်ပ
င်မဲ့ တစ်ရာမှာတစ်ယောက်လောက်တော့
သူ့လိုလူမျိုးရှိသေးတာ
ယုံကြည်သည်။စိတ်ပြောင်းမြန်ရအောင်
သဘာဝပန်းကအရုပ်မှမဟုတ်တာ..........။

Nature Flower Campany
နှစ်ပတ်လည်နေ့အတွက် Campany
အပေါ်ဆုံးထပ်မှာ party
အတွက်ပြင်ဆင်ထားတာဖြစ်ပြီး ည

Lay Nge

7နာရီလောက်ရောက်တာနဲ့ အပေါ်ဆုံးထက်က ဟောခန်းထဲမှာ စလိုက်မီးရောင်တွေနဲ့ ဖိတ်ထားတဲ့ ဧည့်သည်တစ်ချို့ရောက်နေကြပြီဖြစ်သလို party က 8 နာရီမှစမှာဆိုတော့အကုန်မရောက်သေး။

ပွဲရှင်ဖြစ်တဲ့

နေကတော့သူ့ရုံးခန်းထဲမှာပြင်ဆင်နေတာဖြစ်ပြီး

သူ့သူငယ်ချင်းတွေရောပင်။

မိန်းကလေးတွေဘက်ကိုသာ မိတ်ကပ်ပြင်ဖို့

အဝတ်အစားဝတ်ပေးဖို့ လူပို့ထားပင်မဲ့

သူတို့ကယောကျ်ားတွေဆိုတော့

ပို့ထားတဲ့အဝတ်အစားဝတ်ယုံပင်။

Lay Nge

"နေ မင်းဖုန်းလာနေတယ် ရော့"

သူကအပေါ်ကထပ်ဝတ်တဲ့ကုတ်ကို ဝတ်နေရာက
သူဖုန်းလာနေတယ်ပြောပြီး
ငြိမ်းထက်ကကမ်းပေးလာတာကြောင့်
သူယကြည့်လိုက်တော့ သား ဆီကမို့
ဖုန်းကိုင်လိုက်သည်။

"သား ပြော"

"ဖေဖေတို့က လီလီကိုတစ်ယောက်ထဲထားခဲ့ပြန်ပြီ
သူ့မိန်းမလေးကိုချစ်ခြင်လို့"

သူကသားမှတ်လို့ဖုန်းကိုင်လိုက်တော့
သမီးအသံလေးကထွက်လာတာကြောင့်
သူကိုကျောင်းလာမကြိုလို့တင်းနေမှန်းသူသိတာ
ပေါ့။

"သမီး ဖေဖေလာမကြိုတာက Campany
မှာနှစ်ပတ်လည်ပွဲရှိလို့ အလုပ်လုပ်နေရလို့ပါကွာ

LayNge

မေမေရောပဲ.....သမီးလေးကပြင်ဆင်ပြီး

ကိုကိုတို့နဲ့လာခဲ့"

ကလေးကိုမလိမ့်တပတ်လုပ်နေတဲ့

နေမင်းလက်ရာဆိုတဲ့

သူငယ်ချင်းသကောင့်သားကိုကြည့်ကာ

ဒီကောင်တော်

တော်တော်စကားကိုဖြောင့်အောင်ပြောတက်နေပါ

လားတွေးနေမိကြသည်။

"ဟွန့် စိတ်ဆိုးတယ် လီလီအရမ်းကိုစိတ်တိုနေတာ"

"ဖေဖေနဲ့ မေမေမေစောင့်နေမယ်နော်"

နေ့ကစကားပြောရင်း
သမီးဘက်ကအရင်ဖုန်းချသွားတာကသူ့ကိုစိတ်ဆိုး
နေကြောင်းသက်သေပြတာပင်။ဘာပဲဖြစ်ဖြစ်ပါ
party
ရောက်လာရင်သမီးလေးပျော်သွားမှာသေချာသည်.
...........။

LayNge

"Campany နှစ်ပတ်လည်ပွဲအတွက်ကြွရောက်လာတဲ့ နေလက်ရာနဲ့ပက်သက်တဲ့ ရှယ်ယာရှင် နဲ့ မိတ်ဆွေများကို အခုလို့တက်ရောက်လာပေးတဲ့အတွက် CEO ကိုယ်စားကျေးဇူးအထူးတင်ပါတယ်....အခု campay နှစ်ပတ်လည်ပွဲအတွက် နှုတ်ဆက်စကားပြောကြပေးပါရန် CEO နေမင်းလက်ရာ အားပြောကြားပေးပါရန်လေးစားစွာပြောကြားအပ်ပါသည်"

နေ ကိုယ့်မိန်းမကို

ပွဲထဲကနေရောက်လာမှာကိုစောင့်နေရင်းက

သူကိုခေါ်နေပြီဖြစ်တာကြောင့် စိတ်ထဲကနေ

ကြာအောင်အလှပြင်ပေးတဲ့ မိတ်ကပ် Artist

တွေကိုဆဲရေးမိတဲ့အထိ။သူစောင့်နေတာမလာသေး

တာကြောင့် စိတ်ကတိုလာရသည်။ဒါမှ

နေမင်းလက်ရာအစစ်။

" Nature Flower ရဲ့နှစ်ပတ်လည်နေ့မှာ

ကျွန်တော်ပြောချင်တဲ့စကားတွေအများကြီးရှိပါတ

ယ်"

Lay Nge

နေစင်ပေါ်ရောက်တယ်မှ နေတစင်းတို့ရော
နေလက်ရာမိသားစုဝင်တွေရောက်လာကာ
သူတို့မိသားစုတွေထိုင်တဲ့ဝိုင်းမှာ
ဝင်ထိုင်ရင်းစင်ပေါ်ကိုကြည့်နေကြသည်။

" အခု campany ကလွဲတစ်ခြား နေလက်ရာပိုင်တဲ့
လုပ်ငန်းတွေက
မိဘလက်ထဲကနေဆက်ခံတာဆိုတော့အမှတ်တရ
ကြီးကြီးမားမားမရှိပါဘူး......အခု campany

Lay Nge

ကတော့အမှတ်တရက Name
ကအစအဆိပ်ပြောယ်နဲ့ပါ"

သူပြောနေရင်းက ဟောခန်းထဲဝင်လာတဲ့
မမိုင်တို့နဲ့အတူရောက်လာတဲ့ မ
ကိုတွေ့လိုက်တယ်ဆို
သူစကားတွေပြောနေရင်းချက်ခြင်းရပ်တန့်သွား
ချစ်ဇနီးလေးရဲ့ပြင်ဆင်ထားပုံက
အခုရပ်နေတဲ့နေရာတစ်ခုလုံးမှာ
နှစ်ယောက်ထဲရှိနေသလို ခံစားလိုက်သည်။

Lay Nge

"လှုလိုက်တာ"

မိုက်ကြီးကိုင်ပြီး

ဆက်မပြောပဲပြောနေရင်းတန်းလန်းရပ်သွားရာက

အသံပြန်ထွက်လာတော့ လှုလိုက်တာ

ဆိုတဲ့စကားကြောင့်

ဟောခန်းထဲမှာရှိတဲ့သူတွေခင်များ

ဘယ်သူများပြောတာလဲ

သူကြည့်နေတဲ့ဆီကြည့်လိုက်တော့

သဘာဝပန်းကိုတွေ့တယ်ဆို.....

"ဖေဖေတစ်ယောက်အတော်ကိုကြူးနိုင်တာပဲ"

"ဖေဖေတစ်ယောက်ကတော့ မပြောချင်တော့ပါဘူး နေနေရေ"

ဘယ်သူတွေဝေဖန်နေလဲမသိ
အခိကကြည့်လိုက်တော့ နေမင်းလက်ရာကနေ
ပေါက်ဖွလာတဲ့ အကောင်ပေါက်နှစ်ကောင်က
သူကိုဝေဖန်နေတာပင်။နေလည်းအငေးကောင်းနေ
ရာကအသိဝင်လာတော့.......

"အပဟမ်း ! အခုပြောချင်တဲ့စကားက Campany name ကို Nature Flower လို့ပေးရတာက ကိုယ်မိန်းမနာမည်ကြောင့်ဆိုရင် ပိုမှန်တာပေါ့.....အဲ့အချိန်တုန်းကတော့ စီးပွားရေးဆိုဘာမှန်းမသိတဲ့ ကောင် မိဘပိုက်ဆံကိုပဲ သုံးဖြုန်းနေတဲ့အချိန် သူမကြောင့်သာပြောင်းလဲခဲ့ပြီး စီးပွားရေးလောကကိုအခြေချဖြစ်ခဲ့တာ........ဆရာမ လေးတစ်ယောက်ကြောင့် ဘဝဆိုတဲ့အဓိပ္ပာယ်သိလာခဲ့ပြီး သဘာဝပန်းကြောင့်သာ နေမင်းလက်ရာ ဆိုတာဒီလိုနေရာမှာရပ်တည်နိုင်တာ"

စင်မြင့်ပေါ်ကနေ သူမကိုကြည့်ကာပြောနေတဲ့

မောင်စကားတွေနားထောင်ရင်း

သူမလည်းဟိုရင်ကသူမအနားစရောင်လာကာစ

မောင်ပုံစံလေးကိုမြင်ယောင်လာမိသည်။

"သူမဆီကအဖြေရတဲ့ နေ့ နဲ့

ချစ်လျက်သားနဲ့ဝေးကြတဲ့ပြီးလို့

ပြန်တွေ့တဲ့အချိန်ကတော့

ဘဝမှာအပျော်ရွှင်ဆုံးအချိန်ပါပဲ

.....သဘာဝပန်းတစ်ယောက်ထဲပါ

စချစ်ခဲ့ရသူဖြစ်သလို နေမင်းလက်ရာ

ဘဝအဆုံးသတ်ကလည်း

သူမတစ်ယောက်ထဲ.....ဒါကြောင့်

ဒီနေရာကနေပြောချင်တာက

မောင့်ဘဝထဲဝင်လာပေးခဲ့တဲ့အတွက်

အရမ်းချစ်တယ်....ကျေးဇူးတင်တယ်ဆိုတာပြောရ

တာက သူစိမ်းတွေကိုပြောတာမို့

မောင်ကတော့မင်းကို

ချစ်တယ်ပဲပြောချင်တယ်....မောင်ဘဝရဲ့နောက်ဆုံး

ထွက်သက်အထိ မင်းကိုပဲချစ်မှာ

မင်းတစ်ယောက်ထဲပဲ"

မောင့်စကားတွေကို

နှလုံးသားကခံစားရတာကြောင့်

နှလုံးသားတစ်ခုလုံးနွေးထွေးသွားထကာ

ပျော်ရွှင်မှုသက်သေအဖြစ်

မျက်ရည်တွေကစီးကျလာတော့သည်...........။

~~~~~~~~~~~~~~~~~~~~~~ဆက်ရန်။

💜ရှိတဲ့ဖုန်းအားလေးနဲ့လာတင်ပေးတာပါနော်

နောက်နှစ်ရက်လောက်အထိမီးကပျက်ဦးမှာမို့

နောက်ရက်တွေတော့ အားရှိတာနဲ့လာပါ့မယ်💜
~~~~~~~~~~~~~~~~~~~~~~

🍭You are my life🍭

Chapter _💜 42 💜

နေမင်းလက်ရာ ရဲပွဲဆိုရင် ပြည်တွင်းကလုပ်ငန်းရှင်တွေသာမက ပြည်ပကလုပ်ငန်းရှင်တွေပါတက်ရောက်တာကြောင့် သူတို့စုံတွဲရော သား နဲ့ သမီးကိုပါ သူကပွဲထုတ်သည်။

LayNge

"Rose လာတယ်နော် သူ"

နေ လာတဲ့ညှော်သည်တွေကို
စကားလိုက်ပြောနေရာက
စားပွဲဝိုင်းတစ်ခုကိုရောက်တယ်ဆို
မက်တပ်ရပ်နှုတ်ဆက်တဲ့ မိန်းမကို
သူသိသလိုလိုဆိုပင်မဲ့ ဘယ်သူမှန်းတော့မသိပေ။

"လာတော့လည်း
ညစာစားရတာပေါ့.....မလာရင်လည်း
ကိုယ်ကရင်မခုန်သလို စိတ်လည်းမဝင်စားဘူး"

နိုင်ငံခြားသူ လေးနဲ့နှစ်ယောက်သား

အင်္ဂလိပ်လိုတွေပြောနေတာကြောင့်

သူမနားလည်ပင်မဲ့ မောင်ပြောတဲ့စကားကိုကြားပြီး

ထိုမိန်းကလေးမျက်နှာကိုကြည့်လိုက်မိတော့

မောင်ကိုဆက်ကြည့်နေသေးတာမို့

မောင်လက်နဲ့တွဲထားတာကိုဖြုတ်ရင်း

မောင့်လက်ကိုချိတ်ပြလိုက်တာက

မောင့်ဇနီးဆိုတာသိအောင်ပေါ့။

"သူ လေဒီကအလှလေးပဲ"

"လှတာပေါ့
အဲ့တာကြောင့်လည်းသူမတစ်ယောက်ထဲကိုစွဲနေတာလေ"

စကားပြောပုံကိုကြည့်
ဘာပဲဖြစ်ဖြစ်ကိုယ်သဘောကျခဲ့တာ ဒီလိုလူမျိုးမို့ မောင်ရဲ့ကောင်းခြင်းဆိုးခြင်းတွေအကုန်လုံးကို ချစ်သည်။မောင်ကသူဘာသာဆိုးတာ သူများကိုသူဘက်ရန်စတယ်ဆိုတာမရှိသလောက်ပါပဲ။

"အခုမှပဲ စီးပွားရေးလောကဘုရင်တစ်ဆူရဲ့
လေဒီကိုတွေ့ဖူးတော့တယ်
နှစ်ယောက်သားလိုက်ချက်"

"ဖေဖေ !!"

လူကြီးတစ်ယောက်ကပြောတာကိုပြန်တောင်မ
ပြောရသေး သူ့အစ်ကိုကသမီးကိုချီကာ
သူတို့အနားခေါ်လာတော့

Lay Nge

သမီးအသံလေးမှာစိတ်ဆိုးနေတဲ့အသံလေးထွက်သွားသည်။

သားလက်ပေါ်က သမီးလေးကသူတိုလင်မယားလို အနက်ရောင်လေးကိုဂါဝန်လေးဝတ်ထားတာဖြစ်ပြီး လည်တိုင်လေးမှာက သူ့စေရာပေးထားတဲ့ လည်ဆွဲလေးဆင်ပေးထားသည်။သူ သားလက်ပေါ်ကသမီးလေးကိုပြောင်းချီလိုက်တော့. ....

"ဖေဖေတို့ဆီလာချင်နေတယ်ဆိုလို သားလာပို့တာ"

သားကသူညီမကို

နေလက်ထဲထည့်ပေးပြီးတာနဲ့ပြန်သွားထိုင်ဖို့လုပ်တ

ယ်ဆို နေကသားလက်ကို လှမ်းဆွဲရင်း

သူမိတ်ဆွေတွေဘက်လှည့်ကာ......

"ကျွန်တော်ပြီးရင်တော့ ဒီနေရာတွေကို

သူတို့မောင်နှမပဲဆက်ခံရမှာလေ

သမီးကငယ်သေးရင်တောင်

သားကအရင်ဦးစီးရမှာပေါ့"

"ကောင်းတာပေါ့ ကလေးတွေကလည်း CEO
နဲ့သိပ်တူတာပဲ
CEOဇနီးကတော်တော်ချစ်တယ်ထင်တယ်"

"ဒါပေါ့ဗျာ
အခုလိုအောင်မြင်နေတဲ့စီးပွားရေးလုပ်ငန်းရှင်တစ်
ယောက်ဖြစ်နေတာက နောက်ကွယ်ကနေ
supporting
ပေးနေတဲ့ဇနီးသည်ကြောင့်ပေါ့......အိမ်ကမိန်းမက
သိပ်တော်တာ သူရှိလို့သာပေါ့
မဟုတ်တဲ့သူကိုသာရွေးမိရင်တော့
ဒီအခြေအနေထိရောက်လာမှာမဟုတ်ဘူး"

သူ့မိန်းမကိုအရမ်းပွဲထုတ်နေတဲ့

ဖေဖေ။သူအောင်မြင်နေတာက

သူအရည်အချင်းနဲ့သူအောင်မြင်တာကို

မေမေကြောင့်တဲ့လေ။ဟုတ်မှာပေါ့

သူအလုပ်မှာပင်ပန်းရင် မေမေက

အားဆေးကျွေးလို့နေမှာပေါ့။

"ကိုနေ "

သူပြင်သစ်ကမိတ်ဆွေတွေကို

ကလေးတွေနဲ့မိတ်ဆက်နေတုန်း

ရောက်လာတဲ့သူ့စေရာတို့မိသားစုကြောင့်

သူကဖြင့်ရောက်နေပြီတောင်ထင်တာ

အဲ့တာကြောင့် မတွေ့တာ။

"ရောက်လာပြီလား

အချိန်တော်တော်လေးစားတဲ့ကောင်ပဲ"

အခုလာတာက ကျန်တဲ့ကလေးတွေမပါပဲ

ကလေးတစ်ယောက်ထဲသာပါလာပြီး



Lay Nge

ကလေးကိုချီထားတဲ့ သူ့စေရာကိုကြည့်ကာ

နေကပြောလိုက်တော့......

"အချိန်လေးစားပါတယ်

ခတ်တာကမိနမကပိုအရေးကြီးနေတော့

အဲ့တာကိုလည်းဂရုမစိုက်နိုင်ဘူး"

"မင်း မယကမှန်းငါသိတယ် လာကြွားမနေနဲ့"

သူ့မိတ်ဆွေတွေကို

နှုတ်ဆက်ကာသူ့စေရာတို့မိသားစုကိုခေါ် ပြီး

သူတို့မိသားစုဝင်တွေထိုင်တဲ့ ဝိုင်းကိုခေါ်လာတော့ သူကသမီးကိုပေါင်ပေါ်တင်ထားရင်း သူ့စေရာကလည်း အရင်ဆုံးသူ့ဇနီးကိုနေရာချပြီးမှ သူဘေးမှာသူ့သားကိုပေါင်ပေါ်တင်ရင်းဝင်ထိုင်သည်။

"ဒီကောင်ကအကြီးဆုံးလေးလား"

"ဟုတ်တယ် ကိုနေ

ကျန်တဲ့သူတွေကအဖိုးအဖွားတွေအိမ်ကနေအပြင်ကိုမလိုက်ချင်တာလေ....ဘယ်လိုက်ချင်မလဲအလို

lay Nge

လိုက်တာလဲလွန်ရော.....ကျွန်တော်ကတော့အလိုလို
က်သင့်တဲ့နေရာပဲလိုက်တာအလိုမလိုက်သင့်တဲ့နေ
ရာဆိုဆုံးမတယ်"

သဘာဝတစ်ဖက်က
ရွှေနေကောင်လေးအပြောကြောင့်
မောင်ကိုတွေ့လားဆိုပြီးတိုးတိုးလေးကပ်ပြောလိုက်
သည်။ရွှေနေလေးပြောတာတွေက
အမှန်တရားမို့သူမလက်ခံသည်။အိမ်ကမောင်က
တော့ အလိုလိုက်တဲ့နေရာမှာ
လိုချင်တာမှန်မျှရောဖြစ်ချင်တာမှန်သမျှရောအကုန်
ကိုအလိုလိုက်တာ။

Lay Nge

"မဟုတ်ဘူး မိန်းမရဲ့

အဲ့ကောင်ကသားသမီးတွေသာအဲ့လိုပြောတာ

သူ့မိန်းမကြပုတူးတူးလေးဆိုပြီး

ဟိုကမျက်လုံးတစ်ချက်ထဲနဲ့တောင်လန့်နေတာ

မယားကြောက်"

သဘာဝအနားကပ်ကာ

သူကတွတ်ထိုးပြောနေတာကို

သူ့စေရာကမကြားဘူးထင်နေတာ။ဟိုကသူ့အ

ကြောင်းပြောနေတာသိလို့
သူကိုလက်ပိုက်ကြည့်နေတာကိုမသိ။

"ကိုနေ မယကတွေကြီးပဲကိုဗျာ
သူသာတယ်ငါသာတယ်လို့ပြောမနေနဲ့"

"ဟွန်း"

သူတို့နှစ်ယောက်လုံးစကားပြောနေသလို
သူတို့ပေါင်ပေါ်တင်ထားတဲ့
ကလေးနှစ်ယောက်မှာလည်း လီလီလေးက

Lay Nge

သူ့ထက်မြတ်သာလေးကြည့်နေတာမသိသေးပင်မဲ့ ခဏကြာတော့ သူကိုကြည့်နေတာသိတယ်ဆို......

"ဘာကြည့်တာလဲ! "

စကားနဲ့အတူလက်ကလည်း Auto ပါပြီးသား မို့ နေမင်းလက်ရာသမီးပီသသလို တစ်ယောက်ကလည်း လီလီလေးကသူလက်ကိုရိုက်တာ ဘာမှမပြောပဲ ပြုံးနေတာသည်းခံနိုင်စွမ်းက သူ့စေရာသားပိသသည်။

LayNge

"အွန်း ကလေးလေးက ချစ်စရာလေးမို့"

"ဟုတ်တယ် လီလီကအလှဆုံးပဲနော် ကိုကြီး မေမေထက်ပိုလှတယ်"

"အင်း လီလီလေးအလှဆုံး မားမားထက်ကိုပိုလှတယ်"

မယကနှစ်ယောက်ကသူတို့ဘာသာငြင်းနေတာနဲ့ အောက်ကပဟာလေးတွေပြောတဲ့စကားကိုကြားရင်

Lay Nge

သူ့ထက်မြတ်သာပြောတာနားထောင်ပြီး

သွေးအရင်စောင့်တိုးမှာက

သူ့စေရာပင်။သူ့မိန်းမထက်ပိုလှတယ်ဆိုတာကို

သူ့သားကမတွေ့ဝေပဲချက်ခြင်းဖြေတာကို

တစ်ဖက်ကလီလီကလည်း

သူကိုချောတယ်ပြောလို့ကျေနပ်နေတာ။

"ကြီးလာရင် ကိုကို လာခဲ့မယ်နော်"

"လာခဲ့ရေ အိမ်ကို မုန့်ကျွေးမယ်"

သူ့ထက်မြတ်သာ လေးကသူဆီလာမယ်ပြောတော့

သူကိုချစ်တယ်လို့ပြောထားလို့ လီလီလေးခင်မျာ

သဘောတွေတွေ့ကအိမ်တောင်ခေါ် ပြီး

မုန့်ကျွေးမယ်ပြောနေသေးသည်။ဒါတွေသာ

နေမင်းလက်ရာကြားလို့ကတော့

သွေးတိုးတာတင်မကဘူး

လေပါဖြတ်တာမြင်ရဦးမည်.........။

"ဖေဖေ နဲ့ မေမေ လီလီမေးတာဖြေရေ

ဘာလို့ကျောင်းလာမကြိုတာလဲ့ အဲ့

ပါတီကလီလီထက်အရေးကြီးတာလား ပြော"

ဟိုရက်က သမီးနဲ့သူကို အမေဖြစ်သူကဆူသလို အခုကြတော့လည်း အမေ နဲ့အဖေကိုသူက တရားခံစစ်သလိုစစ်ရင်ဆူနေတာများ ခါးလေးတောင်ထောက်ထားသေးသည်။

"ကဲ လီလီလေးစကားပြောချင်မနက်မှပြောတော့ မေမေတို့အိပ်ကြမယ် သမီး"

"ရဘူးနော် လီလီကိုကလေးဆိုပြီး လိမ်နေကြတာ"

အဖေတူသမီး

စကားကိုနည်းနည်းတောင်ဝေ့လည်ကြောင်ပတ်လုပ်လို့မရ။သူ့အဖေလိုမျိုးထက်မြတ်တာကိုတော့ သဘောကျပြင်မဲ့ ရန်ဖြစ်တဲ့အကျင့်တော့ မပါလာစေချင်တာအမှန်။ယောကျာ်းလေးဆိုတာ ရန်ဖြစ်မထူးဆန်းပင်မဲ့ သမီးငယ်လေးကိုတော့စိတ်မချပေ။

"ဖေဖေတို့က သမီးပင်ပန်းမှာဆိုးလို့မခေါ်တာ အခုလိုကိုကိုတို့နဲ့လာတော့မကောင်ဘူးလား"

ညအိတ်ဝတ်စုံပန်းရောင်ဝမ်းဆက်ကလေးနဲ့
ဆရာကြီးစတိုင်ပြောနေတဲ့ သမီးလေးကို
တစ်ခြားသူတော့မသိ
သူမှာချစ်ရလွန်းလို့အသည်းတွေပေါက်ထွက်တော့
မဲ့အတိုင်းပင်။အဖေတွေအတွက်သမီးတွေက
မင်းသမီးလေးတွေဆိုတာ သူလက်ခံမိသည်။

"ကောင်းပါတယ်
သိပ်ကိုကောင်းတာပေါ့....လီလီမသိဘူးမှတ်နေလား
ဖေဖေမိန်းမနဲ့ ချစ်ချင်လို့ လီလီကိုချန်ထားခဲ့တာ
ဟုတ်တယ်မလား"

အမှန်တွေပြောနေတဲ့သမီးက

သူ့သမီးလိုပြောစရာမလိုအောင်သိသာလွန်းသည်။

တကယ်ကို

စကားကိုစိတ်ထဲရှိတဲ့အတိုင်းပြောချလိုက်တာ

ဘာကြီးပဲဖြစ်ဖြစ်။

"ဟုတ်တယ်ဆိုရင်ရော"

"အဲ့တာဆို လီလီလည်း ချစ်ချစ်ရှာလိုက်မှာပေါ့

ဖေဖေရဲ့"

Lay Nge

သူကိုအထွန့်တက်ပြီး

သူအိပ်မဲ့နေရာသူတက်သွားကာ

စောင်ကိုခေါင်းလုံအောင်ခြုံပြီးနေတဲ့

သမီးကိုကြည့်ရင်း မ

ကလည်းနောက်တစ်ခါမပြောမဆိုပဲလုပ်ကြည့်သေ

မယ်ဆိုပြီး သူကိုပြောကာ သမီးအနားသွားလှဲကာ

အိပ်သွားသည်။အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်

ကြီးက အိမ်မှာဆို သမီးနဲ့အမေဆူတာခံနေရတာကို

သူ့ပါတနာတွေ နဲ့ ဝန်ထမ်းတွေသိရင်ဖြင့်............။

"လီလီပန်းသွေး ဆရာမကိုပြော
ဘာဖြစ်တာလဲဆိုတာ"

အရုပ်လေးတွေကို
အရေအတွက်လေးတွေအုပ်စုဖွဲ့လိုက်သင်နေရင်းက
လီလီလေးကစာလိုက်မကြည့်ပဲ
ထူးထူးခြားခြားကျောင်းပျော်လေးက
အိမ်ပြန်ချင်တယ်ပြောလာတာကြောင့်ပင်........

"ဘာဖြစ်တာလဲဆိုတာ
ဆရာမသိပါတယ်.....လီလီအခုထိဘာမှမစားရသေး

ဘူးလေ ခဏကလီလီထမင်းဘူးထဲက

ကြက်ကျော်ကို ယူစားလိုက်တာလေ"

တကယ်တော့ ခဏကထမင်းစားချိန်မို့

ကလေးတွေကို သချောဂရုတစိုက်ကျွေးဖို့

သူတို့ထမင်းဘူးလေးတွေကို

သူတို့လေးတွေရှေ့ချပေးကာ

ပြင်ဆင်ပေးထားတဲ့အထဲ

လီလီမေမေပြင်ပေးထားတာင

ကလေးတင်မကလူကြီးတောင်စားချင်စားဖွယ်

လေးမို့ ကြက်ကြော်လေးကို ကိုင်ပြီး

ပါတဲ့အချည်ရည်အချိုလေးနဲ့တို့ကာ

စားမိလိုက်တာ။အဲ့တော့ လီလီကမစားတော့တာ
ခဏာကမုန့်တွေစားထားတာတွေ့တော့
ဗိုက်မဆာလို့လို့ထင်လိုက်တာ။

"သမီးကို ချယ်အသစ်ဝယ်ပေးမယ်"

"ဟွန့် လီလီမေမေချက်ထားတာကလွဲ
ဖေဖေကအပြင်စာတွေမစားဘူးပြောထားတာ
ရောဂါရတယ်တဲ့ အဲဒါကြောင့်
လီလီကသူများစားပြီးသား မစားဘူး"

"လီလီပန်းသွေး ! ကြီးကျယ်လိုက်တာ

ကလေးတန်မဲ့"

ဆရာမကငယ်တဲ့အပြင်

အသစ်ခေါ်ထားတဲ့ဆရာမဆိုတော့

လီလီလေးရဲ့စိတ်နေစိတ်ထားကိုမသိတယ်ဆို

ဂျယ်လီပေတံလေးကောက်ကိုင်ကာပြောတော့.....

"ကြီးကျယ်တာဟုတ်ဘူး

အပြင်မှာရောဂါတွေအများကြီးဖြစ်နေတာ

ဆရာမမသိဘူးလား"

laynge

"ဘာ ! အသက်ကြီးပုများလား

ကလေးကကလေးစကားမပြောဘူး ! လာစမ်း"

လီလီလက်လေးကိုဆွဲကာ

ဂျယ်လီပေတံနဲ့ရိုက်ဖို့လုပ်နေတာကို

ကျန်တဲ့ဝိုင်းလေးတွေမှာသင်နေတဲ့

ဆရာမတွေကမြင်တော့ ကလေးတွေကို

ရိုက်ခွင့်မပေးထားတဲ့အပြင် ဒီအရွယ်လေးတွေကို

ရိုက်တာနာယုံမို့ လှမ်းတားပင်မဲ့...

ဖက် ဖက်

"ဆရာကို မရိုင်းနဲ့ ! မှတ်ပြီလား"

"လီလီကို ရိုက်တာဟုတ်လား !
လီလီဟင်းတွေခိုးစားပြီး !!"

ကလေးကလည်းအသားနာသွားတော့
ဒေါသထွက်ကာသူစာအုပ်တွေနဲ့
ပေါက်တော့တာပေါ့။အဖေက သင်ပေးထားတာ

LayNge

ကိုယ်မှားရင်တောင်းပန်တက်ရတယ် ပြီးတော့ ကိုယ်မှန်ရင်ဂရုစိုက်စရာမလိုဘူးဆိုတာသိတော့။

"ဘယ်လိုလုပ်လိုက်တာလဲ ညီမရယ် ကလေးလေးကဘာသိလို့လဲ ပြီးတော့ ဒီကလေးကသူစားမဲ့ဟာတစ်ခြားသူစားရင်မကြိုက်ဘူး....အဲ့တာအဲ့ကလေးကဆေးရုံတက်ထားတဲ့အတွက်မိဘတွေကကျန်းမာရေးအတွက်စနစ်တကျစည်းကမ်းချထားတာ"

LayNge

ဆရာမတွေက

လီလီလေးကိုတစ်ဖက်ကိုဆွဲကာပြောတာတောင်

ထိုဆရာမလေးကဘွဲ့ပင်ရထားပုံမပေါ်သင်တန်းဆ

င်းတဲ့သူမို့ ကလေးဒဏ်မခံနိုင်ရင်

ဆရာမမလုပ်သင့်ပေ။

"ပြီးတော့ ညီမထိလိုက်တဲ့ ကလေးကမှားနေတယ်

သူမိသားစုအရှိန်ကိုမသိပဲလုပ်လိုက်တာ.....ဟိုကသူ

သမီးထိရင်နည်းနည်းတောင်လက်မခံဘူး"

Lay Nge

ဆရာမတွေပြောလို့တောင်မဆုံးသေး ကျောင်းရဲ့

Founder ကရောက်လာတော့

အဖြစ်အပျက်တွေမေးတယ်ဆို

အမှန်အတိုင်းသိရတာနဲ့

ချွေးပျံချင်သွားရသည်။ဒီကလေးက

ဘယ်သူကိုမှအရင်ပြသနာရှာတဲ့

ကလေးမဟုတ်သလို အခုဖြစ်ပျက်တဲ့ကိစ္စ

မိဘကိုပြန်မတိုင်ဖို့ပြောရင်နောင်

သေချာပေါက်ပြန်ပြောမှာ။ဒီကလေးကျောင်းရော

က်လာကတည်းက

ကျောင်းအတွက်လိုအပ်တဲ့နေရာတွေကို

ထောက်ပံ့ပေးထားတာ

ကလေးရဲ့မိဘတွေမဟုတ်လား။

"ကလေးတွေကို

ဘယ်သူမှရိုက်ပိုင်ခွင့်မပေးထားဘူးလေ

မင်းကိုသင်တန်းဆင်းကို ဒီနေရာပေးထားတာ

တန်ဖိုးထားမှပေါ့"

"သူက ကလေးတန်မဲ့ပြောနေတဲ့စကားတွေက

သည်းခံစရာမရှိဘူး"

LayNge

"သည်းမခံနိုင်ဘူးဆို

မင်းနေရာတစ်ခြားသူပြောင်းခန့်မယ်......ကော

ဖုန်းပေး"

Founder မှာ ဟိုကိုမဖြစ်လို့သာဖုန်းဆက်ရတာ

ရောက်လာရင်ပြဿနာကဖြစ်ဦးမှာသိနေသလို

သူလည်းဒူးထောက်ပြီးတောင်းပန်ရမဲ့အခြေအနေ။

ကလေးကတစ်ခန်းလုံးက

ဆရာမတွေနဲ့အဆင်ပြေပြီး

ဆရာမတွေကိုယ်တိုင်ကလည်း

ချစ်ကြသည်။ချစ်တာလဲမပြောနဲ့

ကလေးကစကားတက်သလို စာဆိုလည်း အာရုံစိုက်တာတစ်ခြားနေရာကိုမရောက်............။

သဘာဝအိမ်ဖုန်းကိုသမီးကျောင်းကဆက်လာလို့ကို င်လိုက်တယ်ဆို ကျောင်းရဲ့Founder ကတောင်းပန်ပြီး ဖြစ်သမျှကိုပြောပြပြီး ကျောင်းလာဖို့ပြောတယ်ဆို မောင်ကအလုပ်မှာရှိတဲ့အချိန်မို့တော်သေးတယ် ပြောရမည်။မောင်ကိုဘာမှပြောမနေတော့ အိမ်ကကားကို လိုက်ပို့ခိုင်းပြီး ကျောင်းကိုရောက်တယ်ဆို သမီးလေးက သူမကိုတွေ့တာနဲ့အနားရောက်လာကာ..........

"မေမေ လီလီဗိုက်ဆာနေတာ"

Founder

ပြောထားတဲ့စကားကြောင့်အနားရောက်လာတဲ့

သမီးလေးရဲ့လက်တွေကိုယူကြည့်မိတော့

ဘယ်ဘက်လက်လေးမှာနီရဲနေကာ

ဂျယ်လီပေတံအရာကအစထင်းနေတာကြောင့်.......

"ငါကမင်းလိုမူကြိုသင်တဲ့ဆရာမတောင်မဟုတ်ဘူး

အထက်တန်းကျောင်းသားတွေကိုထိန်းခဲ့ရတဲ့ကျော

င်းဆရာမတစ်ယောက်......ဒီလိုကလေးသေးသေး

လေးမပြောနဲ့ အဲ့အထက်တန်းကလေးတွေတောင်

စာမရမှ စာအုပ်လေးနဲ့ရှယ်တာမျိုးတို့

ခြေထောက်လေးတွေရိုက်တာမျိုးလုပ်တာ....တော်

ယုံဆို

ကိုယ်တပည့်လေးတွေနာသွားမှာပါလားဆိုပြီးတွေး

တယ်.....မင်းအခုလုပ်လိုက်တာက

မင်းမွေးထားတဲ့ကလေးမဟုတ်လို့ပါ

ငါ့သမီးကမင်းမွေးထားတဲ့သမီးဖြစ်ကြည့်

ရိုက်မလား"

သဘာဝက Founder အနားရပ်နေတဲ့ အဖြူအပြာတွဲဝတ်ထားပြီး ကျောင်းတောင်ဆုံးခန်းတိုင်သေးပုံမပေါ်တဲ့ အသက် ၂၀သာသာကောင်မလေးကိုကြည့်ပြီး ပြောတော့.....

"ကလေးက ကလေးစကားမပြောတာကတော့ရော့"

"ငါ့သမီးလေးက ကလေးစကားမပြောဘူးဆိုတော့ လင်မယားအကြောင်းတွေပြောသလား.....ချစ်တာကြိုက်တာတွေမင်းကိုပြောလား ဒါမှမဟုတ်

မင်းကိုဆဲရေးတဲ့အပြောအဆိုလုပ်လို့လား....တစ်ခုပဲ သူစားတဲ့အစားကို
ကျန်တဲ့မုန့်သာတောင်းစားလို့ကျွေးလိမ့်မယ်
သူ့ထမင်းပန်းကန်ထဲကနှိုက်စားတာ မင်းမပြောနဲ့
သူ့အဖေကလွဲဘယ်သူမရဘူး"

ကလေးအပေါ်လုပ်ရက်နိုင်လွန်းတာကို
အံ့ဩမဆုံးပင်မဲ့
အဲ့နေရာမှာကိုယ်ကလေးမဟုတ်ပဲတစ်ခြားကလေးဆိုလည်း သူမပြောမိမှာပင်။ကလေးတွေကအခုမှ
ညကျက်ရည်ဖွင့်ဖြိုးစလေးတွေလေ။

"ငါတစ်ယောက်ထဲလာတာက ကိုယ်ချင်းစာလို့ ရထားတဲ့အလုပ်ပြုတ်သွားရင်အနောက်ကမိသားစု ရှိတာကိုနားလည်လို့.....ငါကသာနားလည်တာ သမီးအဖေကနားလည်တာမဟုတ်လို့ မခေါ်လာတာ.....အခုတစ်ခါတော့ခွင့်လွှတ်ပေးမဲ့ ကျန်တကိုတော့ မင်းတို့ Founder ဆက်ပြောလိမ့်မယ် အခုတော့သမီးလေးကို ပြန်ခေါ်သွားပါရစေ"

LAYNE

သမီးလေးရဲ့

အိတ်ရောပစ္စည်းတွေထမင်းချိုင့်ဆွဲခြင်းတွေပါယူ

ကာ ကလေးကိုပြန်ခေါ်လာတော့

သမီးလေးကဘာမှမစားရသေးဘူးပြောတာကြောင့်

ကျောင်းကခေါ်လာတာနဲ့

ကလေးကိုတစ်ခုခုကျွေးဖို့အတွက် ဆိုင်တစ်ဆိုင်ကို

မောင်းခိုင်းလိုက်သည်။

ဆိုင်ရောက်တယ်ဆို

သမီးလေးကြိုက်တာလေးတွေရွေးမှာကာ

သမီးလေးကိုခွံ့ကျွေးတော့ ကလေးပီပီ

ကြိုက်တာလေးတွေစားရတော့ ကျေနပ်နေသည်။

"သမီးငယ် အခုလိုဖြစ်ပျက်တာတွေ ဖေဖေကိုပြန်မပြောနဲ့နော်"

"ဘာဖြစ်လို့လဲ မေမေ"

"သမီးလေးက ရိုက်တဲ့ဆရာမကိုဖေဖေက ပြန်ရိုက်မှာအဲ့ကြ သမီးလေးဖေဖေကို ရဲတွေကဖမ်းမှာပေါ့'

Ly Nge

ဟိုရက်ကမှသမီးကြည့်တဲ့

ကာတွန်းမှာရဲကရန်ဖြစ်တဲ့သူတွေကို

ဖမ်းတဲ့ဇာတ်ဝင်ခန်းကိုမှတ်ထားတာအသုံးဝင်သွား

ရသည်။သမီးလေးက

မောင်ကိုအရမ်းချစ်တော့အထိအခိုက်ခံမှာမဟုတ်။

"ဟုတ် မေမေ လီလီမပြောဘူးနော်

အနာလေးတွေ့ရင်လည်း

မတော်တစဆော့ရင်းဖြစ်တာလို့ပြောလိုက်မယ်

မေမေ......ဟင်"

လီလီက

မေမေပြောတာကိုလက်ခံကြောင်းပြောကာ

အကြောင်းပြချက်ပါပြောပြနေရာက

သားအမိနှစ်ယောက်တင်မက

ဆိုင်ထဲမှာလူတော်တော်များရှိနေရာက

ဆိုင်အတွင်းကို စကားပြောဝင်လာတဲ့ နေ နဲ့

ကောင်မလေးတစ်ယောက်ကို

တွေ့လိုက်တာကြောင့်.......

"မေမေ ဟိုမှာဖေဖေ"

သမီးက ဖေဖေဆိုတာကြောင့်

သမီးညွှန်ပြရာကိုကြည့်လိုက်တော့ မောင် နဲ့

လူလတ်ပိုင်းအရွယ်မိန်းကလေးတစ်ယောက်စကား

ပြောပြီးဆိုင်ထဲဝင်လာတာကို

သမီးကညွှန်ပြနေတာပင်။

"ဖေဖေ !! လူဆိုးကြီး......ဟိတ်

အန်တီကြီးကဘယ်သူလဲ ဒါကလီလီဖေဖေနော် !!"

နေ campany မှာအစည်းအဝေးထိုင်နေရာက

ရောက်လာတဲ့ အန်နာက



Lay Nge

သူကိုဆိုင်တစ်ဆိုင်မှာလိုက်ကျွေးဆိုတာကြောင့်

အစည်းအဝေးပြီးအောင်လုပ်ပြီးမှ

အန်နာကိုနေ့လည်စာကျွေးဖို့

စားသောက်ဆိုင်ခေါ်လာမှ သမီးတော်က

သူရှေ့ရောက်လာတာကြောင့် နေခင်မျာ

ဘယ်လိုဖြစ်တာလဲဆိုပြီး တွေးမရဖြစ်နေတုန်း

သမီးက အန်နာကိုရန်တွေ့နေလေပြီ..........။

~~~~~~~~~~~~~~~~ဆက်ရန်။
~~~~~~~~~~~~~~~~

💜မောင်တို့ကို S1 ကနေဖတ်ခဲ့တဲ့သူဆို

အန်နာဘယ်သူလဲဆိုတာ သိတယ်

ဘယ်သူတွေများသိကြမလဲ

ဖုန်းအားရှိတုန်းလေးတင်ပေးထားတာ💜

🍭You are my life🍭

Lay Nge

Chapter _💜 43 💜

"အန်တီကြီးက ဘယ်သူလဲ

ဖေဖေနဲ့ဘာလို့လာတာလဲ......မေးနေတာဖြေလေ"

အန်နာမှာ သူမကိုရန်တွေ့နေတဲ့ ကလေးကို ကြောင်ငေးနေမိရင် အစ်ကိုကို ဖေဖေလိုခေါ်တာကြောင့် ဒီကလေးလေးက အစ်ကိုသမီးလေးထင်သည်။

"နေ သူလေးက....."

"ဖေဖေသမီးလို့ပြောနေတာလေ ဘာမှန်းမသိဘူးလားအန်တီကြီးက!!"

Lay Nge

သဘာဝလည်း

သမီးလေးရန်တွေ့နေတာကိုကြည့်နေမိရာက

သမီးအသံလေးကကျယ်လောင်စွာထွက်လာတာ

ကြောင့် ဘေးဝိုင်းတွေကပါကြည့်နေတာမို့

ဘာမှန်းမသိပင်မဲ့ မောင့်သိက္ခာရှိသေးတာမို့

ထိုင်နေရာကထသွားလိုက်သည်။

"မ "

နေ သမီးကအန်နာကိုရန်တွေ့နေတာ

တားချိန်မရသေး မ ကိုပါတွေ့လိုက်ရတာမို့

လက်ကနာရီကိုကြည့်မိတော့

ကျောင်းဆင်းဖို့ကအဝေးကြီးလိုသေးတာ

သမီးတစ်ခုခုဖြစ်လို့သွားခေါ်လာတာလားတွေးရ

အောင်လဲ ကိုယ့်သမီးကအန်နာကို ရန်တွေ့နေတာ

လန်းဆန်းလို့။

"မ တို့သားအမိက ဒီကိုဘယ်လိုလုပ်"

"သမီးကိုကျောင်းက

နေမကောင်းချင်နေတယ်ပြောလို့ သွားခေါ်လာတာ

အိမ်ပြန်ရင်းဗိုက်ဆာတယ်ဆိုလို့ ဝင်ကြွေးနေတာ"

သူမေးတယ်ဆို တုံးတိကြီးဖြေလာတဲ့ မကြောင့်
သူ့မိန်းမတစ်ခုခုအထင်လွဲမယ်ဆိုတဲ့အသိကချက်ခြ
င်းဝင်လာကာ အဲ့တော့မှာ
တစ်ဖက်ကအန်နာနဲ့သမီးကိုကြည့်မိတော့သည်။

"မေးနေတာမဖြေဘူး စိတ်တိုလာပြီ"

"နေ ဒါလေးကနင့်ဟာလေးလား"

"ဖေဖေ့သမီးပါဆို ဘာနင့်ဟာလေးလဲ"

အန်နာက ကလေးပြောနေတာတွေကို

ပြန်မပြောသေးပဲ နေ ကသူမဘာကြောက်လှည့်လာလို့

မေးလိုက်တယ်ဆို အဲ့ပေါက်စလေးကထဖြေသလို

နေ ကလည်းခေါင်းငြိမ့်ပြသည်။

"ချစ်စရာလေးပဲ"

"တို့သမီးကိုမင်းချစ်စရာမလိုပါဘူး"

lay Nge

အန်နာက သမီးကိုချစ်စရာလေးဆိုပြီး

ပါးလေးကိုင်မယ်ပြင်သေး

သမီးကလည်းအထိမခံသလို မ

ကလည်းစကားကိုပြောရင်း သမီးလေးကို

ချီတာကြောင့် အခြေအနေတအားမဆိုးလာခင်......

"မဟုတ်ဘူး မောင် ပြောတာနားထောင်ဦး"

"ဖေဖေက ကောင်မလေးတွေနဲ့အပြင်မှာတွေ့တာကို

နားထောင်ရမှာလား.....နားထောင်ပါဘူး မေမေ

လီလီတို့ပြန်မယ်"

သူကဖြစ် ချစ်ဇနီးကိုပြောပြမယ်ကြံသေး

ကျန်တဲ့နေရာမှာသာ အဖေကို

အမေထက်ပိုချစ်တဲ့ငလေးက ဒီလိုကိစ္စမှာကြ

အမေဖြစ်သူဘက်ကပဲရပ်တည်တာလေးက

အမေဖြစ်တဲ့ သဘာဝအတွက်တော့

အားကိုးရာလေးပင်။

"ဖေဖေ ပြောတာလေးခဏနားထောင်

သမီးနားမလည်တာကအရေးမကြီးဘူး

သမီးမေမေနားလည်မှုမလွဲဖို့ကအရေးကြီးတယ်.....

မ သူကအန်နာလေ မောင်ညီမဝမကွဲဆိုတာ

ဘန်ကောက်မှာနေတာ မတွေ့ဖြစ်တော့တာ

နှစ်တွေကြာပြီ အခုမှပြန်တွေ့တာ မောင်ကို

နေ့လည်စာလိုက်ကျွေးဆိုလိုလိုက်ကျွေးတာ"

အန်နာဆိုတဲ့ မိန်းကလေးကိုသူမလူကိုသာ

မမှတ်မိတာ နာမည်ကိုတော့မှန်မိသည်။သူမ နဲ့

မောင်အထင်အကြီးကြီးလွဲခဲ့ရတဲ့အချိန်တွေမှာပေါ့။

အရင်တွေ့န်းကတော့ ကလေးပစ္စည်းဆိုင်မှာဖြစ်ပြီး

မမှတ်မိတာက

အန်နာကအရင်လိုပိန်ပိန်ပါးပါးပါးလေးမှမဟုတ်

တော့တာ။

"Sorry အစ်မက"

"ရပါတယ် နေတို့ကကံကောင်းတယ် မိန်းမအချစ်ကိုရာနှုန်းပြည့်ရထားတဲ့အပြင် အခုထိအစ်မကလှနေတုန်းဆိုတော့ သူ့အကြိုက်ပေါ့"

သူမက မောင့်ကိုသဝန်တိုပြီးပြောလိုက်တာကိုအားနာလို့ပြန်တောင်းပန်တော့နာလည်းပေးတဲ့အပြင်ထက်ပြောလာတဲ့စကားတွေကြောင့်မျက်နာပူရသည်။

"အစ်မကတော့အနေအေးတာ
နေပြောပြဖူးလို့သိတယ်
ဒီအစ္စာလေးကသူ့အဖေတူတာထင်တယ်"

"ဟုတ်တာပေါ့
လီလီကဖေဖေနဲ့တူလို့ချောတာရယ်"

သမီးကလည်း လူကြီးတွေစကားနားထောင်ပြီး
ငြိမ်းချမ်းရေးရသွားတာသိတာမို့
စကားအသံကအစပြောင်းသွားကာ

နေ့လည်စာကိုလည်း

ခဏကလို့သားအမိနှစ်ထဲမဟုတ်ပဲ

4ယောက်အတူတူ စားဖြစ်ကြသည်..........။

"Light မရဘူးနော် အလေးအပင်မှမလို့မရဘူး"

အရင်တုန်းကတော့

သူမကိုလုပ်သင့်တာလေးတွေပေးလုပ်တဲ့

ပါးကအခုတော့

တဖြည်းဖြည်းအဖေတူသားဖြစ်လာသည်က

အခုသူမကိုင်ထားတာက

Lay Nge

သူပြောသလိုအလေးအပင်မဟုတ်
စာအုပ်လေးတစ်အုပ်သာ။

"ဒါကို အလေးအပင်လို့ပြောလိုက်တာလား ပါး
အရမ်းအားယားနေတာလား တစ်ပတ်မှာ
campany သွားတာ နှစ်ရက်တောင်မရှိဘူး"

သူမကလက်ထဲငစာအုပ်ကို စားပွဲပေါ်ပစ်ချကာ
ဆိုဖာမှာထိုင်လိုက်တော့
သူလည်းသူမဘေးနားဝင်ထိုင်သည်။တကယ်
အခုဆိုသူမလုပ်လုပ်လိုက်ကြည့်ပြီးကိုပြောနေတာ

မေမိုးကတောင်ပြောတယ်

သမီးယောကျ်ားအလုပ်မလုပ်တော့ဘူးလားတဲ့။

"အလုပ်ကဘယ်အချိန်လုပ်လုပ်ရတယ်

ကိုယ်မိန်းမက ခြေများလွန်းလို့

ကိုယ်ကစိတ်မချတာလေ"

"ခြေများတယ် ဟုတ်လား

အပေါ်ထပ်နဲ့အောက်ထပ်လေးဆင်းတာ

ခြံထဲတောင်မဆင်းတာကို"

Lay Nge

နေတစင်း အရင်ကိုယ်ဝန်တွေထက်

အခုကိုယ်ဝန်လွယ်ကတည်းကဘာသူစကားတစ်ခွန်း

ပြောတိုင်း ထထဟောက်တဲ့သူမကို

သူတော်တော်သည်းခံနေရသည်။သည်းမခံလို့လ

ည်းမရ ချစ်တာကို။

"ကိုယ်ပြောတာက အပေါ်အောက်ဆင်းတာ

ကိုယ်ပါမှဆင်းပါ ပြုတ်ကျမှာဆိုးလို့"

"ဗိုက်ထဲက ကလေးကရှင်တစ်ယောက်ထဲကလေးမှတ်နေလား ကျွန်မရဲ့ကလေးလေ"

"ဟုတ်ပါတယ် နှစ်ယောက်လုံးရဲ့ကလေးပါ ကိုယ်ကလည်းကိုယ်တစ်ယောက်ထဲရဲ့ ကလေးလို့မပြောမိပါဘူး ကွာ.....ခဏနေရင် Light နို့သောက်ရမယ်နော်"

"ကလေးကနှစ်ယောက်လုံးကလေးလို့ပြောပြီး နို့သောက်ရတာကြတော့

ကျွန်မတစ်ယောက်ထဲလား....နို့သောက်ရလွန်းလို့နွားမကြီးဖြစ်တော့မယ်"

ကိုယ်ဝန်သည်ဖြစ်တဲ့
ကိုယ်ဝန်ပျက်ကျထားဖူးတာကြောင့်
နို့တိုက်ရင်းစျေးပါထည့်တိုက်တာကို
သူပါနို့မသောက်လို့ပြောနေတဲ့ Light ကို
ကလေးမွေးရမှာကိုယ်မဟုတ်ဘူး ပြောချင်ပင်မဲ့
ကိုယ်ပဲပြန်အရစ်ခံရမှာမို့မပြောတော့။

LayNge

"နွားနို့သောက်တာက Light

အတွက်တင်မကဘူးလေ

မွေးလာတဲ့ကလေးကိုဖြူဖြူဖွေးဖွေးဖြစ်စေမှာပေါ့"

"မဆိုင်တာတွေပြောပြန်ပြီ ကျွန်မလင်ကနွားမို့လို့

နွားနို့သောက်ရမှာလား....ကလေးအသားဖြူတာမဲ

တာက မိဘနဲ့ပဲဆိုင်တာလေ ရှင်မဲရင်သူမဲမှာပဲ"

Light ကရှင်မဲရင်သူမဲမှာပဲဆိုတာကြောင့်

သူလက်ကိုကြည့်မိတော့

သူ့အသားကမဖြူလဲမဖြူသလို မမဲလဲမမဲတဲ့

ယောကျာ်းတစ်ယောက်ရှိသင့်တဲ့အသားအရောင်မို့....
..

"ကိုယ်ကအသားမမဲပါဘူး"

"ရှင်မမဲရင်
ကလေးလဲမဲမလား.....ကျွန်မကအသားမမဲဘူးလေး
နှစ်ယောက်လုံးဖြူနေတာ
န္တားနို့ဆိုတာလိုကိုမလိုတာ"

"အားရှိတယ်လေ"

Lay Nge

"အားရှိတယ်ဆို ပါး ပဲသောက်လေ ကျွန်မကတော့
အဲ့နို့ကြီးသောက်ရတာကြိုက်ကိုမကြိုက်တာ
ပြီးတော့ အဲ့နို့က
ကုလားကြီးတွေဆီကဝယ်တာမဟုတ်လား
နို့ထဲမဲတာတွေကူးလာမှ
ကျွန်မကလေးအသားမဲနေဦးမယ်"

နို့သောက်ရမှာဆိုးလို့ကြံဖန်ပြောနေတဲ့ Light
ကစကားတက်လွန်းအားကြီးသည်။ကုလားအသား
မဲတာပဲ နို့ထဲကနေတစ်ဆင့်ကူးလာဦးမယ်ဆိုတာ

LayNge

သူမပြောမှပဲသိတော့သည်။သူဖြစ်တစ်သက်လုံး ကြားတောင်မကြားဖူးပေ။

"ဟုတ်တယ် သမီးရယ် သားပြောနေတာတွေကသမီးအတွက်ပဲလေ"

သူတို့စကားပြောနေခိုက် အန်တီမိုးကသူတို့ရှိနေတဲ့ ဧည့်ခန်းထဲကိုဝင်လာက သူတို့ထိုင်နေတဲ့ခုံရဲ့ မျက်နှာခြင်းဆိုင်က တစ်ယောက်ထိုင်ဆိုဖာမှာဝင်ထိုင်ရင်းပြောတော့

နေတစင်းက ပြောပေးပါဆိုတဲ့အမူအယာကို သူမမတွေ့အောင်လုပ်ပြလိုက်သည်။

"ကလေး ကျန်းမာဖို့အတွက်လေ သမီးရဲ့....နို့သောက်တယ်ဆိုတာ ကလေးမီးဖွားရင် အားရှိဖို့အတွက်ရောလေနော်"

"ဟုတ်ကဲ့ ကို နားလည်ပါပြီ"

ကိုယ့်အမေလိုသူရဲ့စကားကိုမပယ်ချချင်တာကြော င့် မေမိုးယူလာတဲ့နွားနို့ခွက်ကိုပါယူကာ တစ်ခါထဲ ကုန်အောင်မော့သောက်ပြလိုက်သည်။

သူ့စကားကိုသာ နားမထောင်တာ
အန်တီမိုးစကားကိုနားထောင်တာကြောင့်
နောက်ဆိုနွားနို့ကိုတိုက်မဲ့အချိန်ဆိုရင်
အန်တီမိုးကိုသာ တိုက်ခိုင်းမည်လို့
သူဆုံးဖြတ်လိုက်မိသည်။သူမကြိုက်တာကိုလုပ်
တည ဆိုပင်မဲ့ သူမကောင်းဖို့အတွက်မို့
နောင်တတော့မရပေ........။

LwNge

တစ်ဖက်က နေတစင်းကလည်းမိန်းမကိုစိတ်မချလို့

campany မသွားသလို တစ်ဖက်က

မယကဂိုဏ်းချုပ်ကြီးကလည်း

နေ့လည်စာအတူစားရင်း Campany

ကိုပြန်မသွားတော့ပဲ အန်နာကိုတောင် Taxi

နဲ့ပြန်လွှတ်ကာ

အိမ်ပြန်လိုက်လာသည်။အိမ်ပြန်ရောက်တယ်ဆို

သမီးက သူကစားတဲ့အခန်းကို

အဝတ်အစားလဲပေးပြတယ်ဆို သွားတာကြောင့်

အခန်းထဲနှစ်ယောက်ထဲကျန်ခဲ့တယ်ဆို

မောင်တစ်ယောက်

ကုတင်ပေါ်မှာခြေဆင်းထိုင်လျက်ကနေ......

"မောင့်မိန်းမက သဝန်တိုတက်သားပဲ

မောင်ကသဝန်မတိုတက်ဘူးမှတ်နေတာ"

"ဘယ်သာကတိုလို့လဲ စိတ်ထင်ရာဆွဲတွေးမနေနဲ့

မောင်"

နေ သူ့ကိုသဝန်တိုပြီး

အန်နာကကလေးကိုချစ်ဖို့လက်လေးလှမ်းတာတော

င်

ကလေးကိုအတင်းကောက်ချီလိုက်တာလေးရေး

ရော

*ငါ့ကလေးကိုမင်းချစ်စရာမလိုပါဘူး*ဆိုတဲ့စကား

က ရင်ခုန်စရာလေးမို့ သူကစနေတော့ မ ဝန်မခံပေ။

"သဝန်တိုနေတာလေးကို ချစ်လို့ကိုမဝဘူး"

"ချစ်လို့မဝလည်း

နောက်တစ်ယောက်အသစ်ရှာလိုက်"

"ခက်တာက သဘာဝပန်းလိုချစ်စရာလေး

မောင်မတွေ့ဖူးသေးဘူး"

သူတို့သားအဖချွတ်ထားတဲ့အဝတ်တွေကို

ကောက်သိမ်းနေရင်း

မောင်တစ်ယောက်အလုပ်ပြန်မသွားပဲသူမကိုလိုက်

ကြည့်ကာ စနေတာမို့ အံကြိတ်ပြတော့.....

"အံကြိတ်မပြနဲ့ လာဖက်နမ်းလိုက်မှာနော်"

"အချိန်တိုင်းနာဘူးထဖို့ပဲတွေးနေတာလား

အံ့သြပါ့"

"အင်းလေ ယောကျာ်းလေးပဲဘူးတာဘာဆန်းလဲ

မောင်ကကိုယ့်အပိုင်လေးကိုယ်ဘူးတာ"

သူမကစတာမကြိုက်မှန်းသိရဲ့သားနဲ့

စနေတာကြောင့်

သူမလက်ထဲကအဝတ်အစားတွေကို

အဝတ်လဲခန်းရှေ့က

အဝတ်ခြင်းထဲထည့်ပြီးတယ်ဆို

ကုတင်ပေါ်ထိုင်နေတဲ့ သူဆီသွားကာ ရင်ဘက်တွေကို ထုပစ်လိုက်သည်။

"ကဲဟယ် စဦး ကိုယ့်ကိုကိုယ်ကလေးမှတ်နေလား မျက်နှာပိုးကိုမသေဘူး"

"ကျန်တဲ့သူတွေနဲ့ဆိုမောင်ကလူကြီးလူကောင်းပဲ မောင့်မိန်းမတစ်ယောက်ထဲနဲ့ပဲ ကလေးလုပ်ချင်တာ"

မဟုတ်တဲ့စကားတွေပြောနေတဲ့

ဒင်းကိုနာပါစေဆိုပြီး ခါးကိုဆွဲလိမ်တော့

သူကတောင့်ထားတာကြောင့်

သူ့အသားကိုဆွဲမရဖြစ်နေတာမို့

စိတ်မရှည်လာတော့တာမို့

သူပါးကိုပဲဖက်ကနဲ့မြည်သံလေးထွက်သွားအောင်

ရိုက်လိုက်တော့.......

"အ့ တကယ်နာတယ်မိန်းမရဲ့

ကိုယ်ယောကျာ်းလေးကို မင်းမို့လုပ်ရက်တာ

မပြောချင်တော့ဘူး.....ကိုယ်ကချစ်လို့စတာကို

သူကတကယ်လုပ်တာ"

Lay Nge

"မောင်
ကပြောလို့ရလို့လား.....မောင်အတင်းလိုက်စနေတာ
လေ မဟုတ်ဘူးလား သဘာဝကိုပြော"

"အရမ်းချစ်လို့စတာလေ
မောင်က.....မောင့်မိန်းမကတကယ်လုပ်တာ"

သူမရိုက်လိုက်တာ
သူ့ပါးလေးကိုဖြေးဖြေးလေးရယ်။ကိုယ်ယောကျ်ား
ကို နာပါစေတော့ဆိုပြီး

မတရားရိုက်လိုက်တာမဟုတ်တာကတော့သေချာ
သည်။သူပါးကိုရိုက်လိုက်တာ နာတယ်ဆို
ဒရမ်မှာခင်းနေတဲ့ မောင်ကို.....

"တကယ်နာသွားတာလား မရည်ရွယ်ဘူး မွ"

သူပါးလေးကိုကိုင်ကာ
တကယ်နာသွားတာလားဆိုပြီး မေးရင်း
သူမရဲ့နှုတ်ခမ်းအိအိလေးနဲ့ သူပါးကို
နမ်းလိုက်တာကြောင့် သူစိတ်ထဲကျေနပ်သွားရပင်မဲ့
မျက်နှာတည်ထားမြဲပင်။

"မျက်နှာကြီးကလည်းအမြဲတည်နေတော့တာပဲ
သူများလဲမောင့်ကိုချစ်လို့စတာလေ"

"မဟုတ်ပဲနဲ့ မောင်ကတော့
နာအောင်တမင်ရိုက်တယ်ထင်တာပဲ"

"ဟုတ်တယ်ဟာ တမင်ရိုက်တာ!"

ချော့နေတာကို
တင်းမြဲတင်းပြီးတော်တော်အချော့ခံချင်နေတဲ့

မောင်ကိုစိတ်တိုလာတာမို့ရွဲ့ပြောလိုက်တော့မှ
ဒင်းကသူမကိုဆွဲဖက်ကာ
ချော့တော့သည်။သူမကဘယ်သူမို့လဲ
သူ့အကြောင်းသိလို့
သူမိန်းမလုပ်နေတာလေ............။

"ဖေဖေ ဖေဖေ လီလီမေးစရာရှိလို့"

သမီးဖြစ်သူ မေးခွန်းထုတ်မယ်ဆိုကတည်းပ
ပုံမှန်မဟုတ်တာမေးတော့မယ်ဆိုတာသိတာကြောင့်
ခေါင်းငြိမ့်ပြလိုက်ရင်း

မိန်းမဦးချပေးထားတဲ့ဟင်းဖက်ကို

ဇွန်းနဲ့ခပ်စားလိုက်သည်။

"တွန် နဲ့ ဂျယ်ရီ ဘာလို့မတည့်ကြတာလဲ"

"အဲ့တာတော့ ကြွက်ကသွားသွားစတာကို သမီးရဲ့

အဲ့တာကြောင့်မတည့်တာ"

"ကြောင်ကအကောင်ကြီးတယ်လေ

ကြွက်လေးလုပ်တာသည်းခံရမှာပေါ့"

ကြောင်ကိုကြွက်ကသွားသွားစတော့
ဟိုကသည်းခံနိုင်ရအောင် လူမှမဟုတ်တာ
တိရိစ္ဆာန်အသိဆိုတော့လည်း
သေတာကြီးတာထက်
သူတို့ကိုစရင်ပြန်လုပ်မှာပဲလေ အဲ့တာကို
ဇာတ်ကားကြည့်ပြီး မေးနေတာ
ထင်တော့ထင်သားမဟုတ်တာတွေမေးတော့မယ်
ဆိုတာ။

"ဖေဖေ နဲ့ မေမေဆို ဖေဖေကငယ်တယ်လေ
မေမေကကြီးတယ် ဒါပင်မဲ့

အင်အားကြီးတဲ့ဖေဖေကအလျော့ပေးတယ်လေ

မေမေဘာလုပ်လုပ်ပြီးနေတာ

"ချစ်တာကို တစ်ခြားသူလုပ်ကြည့်ပါလား "

လို့ သူကပြောလိုက်တော့ မ ကသူ့ခြေထောက်ကို

သူမခြေထောက်လေးနဲ့

ကန်တာကြောင့်သူပြီးလိုက်သည်။

"ဖေဖေက ကာတွန်းကားကြိုက်လား"

Lay Nge

"ဖေဖေကဘာလို့ ကာတွန်းကားကြိုက်ရမှာလဲ

သမီးတို့လိုကလေးလေးကတည်းက

ကာတွန်းကမကြည့်တာ action

ကားတောင်ကိုယ်တိုင်ချတဲ့ action

ပဲသဘောကျတာ"

သူ့သမီးလက်လှုကြမ်းလေးကို

သူ့လိုလူမိုက်ဖြစ်အောင်ပြောနေတဲ့ မောင်ကို

ကလေးရှေ့ထထုရင်လည်း အဖေကို

အရိုအသေမရှိပဲနေမှာမို့ စိတ်ကိုလျှော့ထားရသည်။

Lay Nge

"အဲ့တာဆို ကိုယ်မှန်ရင်ကြိုက်တဲ့သူကို ထိုးလို့ရတယ်ပေါ့"

"ဘာတွေပြောနေတာလဲ သမီးကမိန်းကလေးအဲ့လိုလုပ်လို့မရဘူးနော် ထိုးတာကြိတ်တာဆိုတာယောကျာ်းလေးတွေအလုပ်သမီးနဲ့ နည်းနည်းလေးမှမဆိုင်ဘူး"

"မေမေကလည်း လီလီကထိုးတဲ့နည်းတွေဖေဖေဆီကသင်မလို့"

layNge

လက်သီးလက်မောင်းတန်းကာ

အဖေဆီကပညာသင်မယ်ပြောနေပုံများ

သားတောင်အခုအရွယ်အထိအဲ့လိုတစ်ခါမှပြောဖူး

သေးတာမဟုတ် သမီးကအတော်ကိုဆိုးသည်။

"သင်လည်းသင်ကြည့်လေ သင်တဲ့သူကကလေးမို့

ဘာမှမလုပ်ပင်မဲ့ သင်ပေးတဲ့သူတော့

သေပြီသာမှတ်"

သမီးကိုကြကလေးမို့ဘာမှမလုပ်ဘူးပြောပြီး

သူကြသေပြီမှတ်လို့ပြောကာ

မျက်လုံးနဲ့အထာပါပါကြည့်နေတာကြောင့်

သမီးမတွေ့အောင် ခေါင်းငြိမ့်ပြလိုက်သည်။

မ ကျေနပ်အောင်သာခေါင်းငြိမ့်ပြလိုက်တာ

သမီးကကြီးလာရင်

အမေတူလေးမို့ချောမှာကတော့ သေချာတာမို့

ယောကျာ်းဆိုတဲ့အန္တရာယ်ကောင်တွေကသေချာ

ပေါက်ဝိုင်းလာမှာ

အဲ့တာကြောင့်ကိုယ်ခံပညာကတော့သမီးမဖြစ်မနေ

သင်ပေးထားရမှာပင်။

နေမင်းလက်ရာသမီးမို့ဘယ်သူမှမထိရဲဘူးဆိုတာ

ထက် လီလီပန်းသွေးမို့

မထိရဲတာဆိုတာမျိုးကိုပဲသူဖြစ်ချင်သည်။လီလီပ

န်းသွေးဆိုတာ အားနွဲ့တဲ့မိန်းကလေးဆိုတာ

လုံးဝမဖြစ်အောင် သူပျိုးထောင်မှာ...........။

December 18....

နေတစင်း

မေမေကအိမ်ကိုခဏလောက်လာပါဦးဆိုတာကြော

င့် အလုပ်သွားမဲ့လမကနေ

Lay Nge

နေလက်ရာဘက်ကိုပြောင်းရသည်။အိမ်ရောက်
တော့ မေမေကသူကိုထွက်ကြိုနေကာ
ကားပေါ်ကဆင်းတာနဲ့သူကို
ဧည့်ခန်းထဲခေါ်လာပြီး.........

"သား မေမေပြောစရာရှိတယ်ဆိုတာထက်
သားဖေဖေအတွက်တစ်ခုခုလုပ်ပေးချင်လို့"

"ဖေဖေအတွက်လား မေမေ ဘာကြောင့်လဲ"

layNge

"သားဖေဖေသူကိုသူဂရုစိုက်လားမစိုက်လားမပြော နဲ့ သားတောင်ကိုအဖေမွေးနေ့ကိုမသိဘူးမလား ဒါကြောင့် နောက်တစ်ရက်နေရင် သားဖေဖေမွေးနေ့ရှိတယ် မေမေတစ်ခုခုလုပ်ပေးချင်လို့ သား Idea ကိုသိချင်လို့"

မေမေပြောမှ ဖေဖေမွေးနေ့ကို သူတကယ်သတိရတာပင်။တကယ်ဆို သားအကြီးဆုံးအနေနဲ့ သူကသတိရနေရမှာ ရှက်စရာကောင်းတာအမှန်။ဘာပဲဖြစ်ဖြစ် သူအတွက်ဆိုတာထက် သူ့မိသားစုအတွက်ကိုသာ

Lay Nge

ပိုကြည့်တက်တဲ့

ဖေဖေကိုအကောင်းဆုံးဆိုတာပဲပေးချင်သည်။

"မေမေ အခုဖေဖေမွေးနေ့အတွက်ကို

သားတို့နှစ်ယောက်ထဲစီစဉ်တာထက်

ဖေဖေသူငယ်ချင်း ဦးကျော်တို့ ဦးအံ့တို့ကိုပါ

ခေါ် ပြီးတိုင်ပင်ကြမယ်.....ဖေဖေအတွက်

သားတို့အကောင်းဆုံးဆိုတာပဲ ပေးကြမယ် မေမေ"

"မေမေလည်း အဲ့တာအတွက်သားကိုပြောတာ

မောင်အတွက်ကို မေမေကလက်ဆောင်ပြင်ပြီးပြီ"

"ဘာလဲမေမေ သားသိလို့ရမလား

လီလီလိုအမွှေစိန်လေးနောက်တစ်ယောက်တော့

မဟုတ်ဘူးမလား.....အားးးး"

နေတစင်း မေမေကိုစလိုက်တယ်ဆို

မေမေကသူ့နားကိုဆွဲလိမ်လိုက်တာကြောင့်

နေတစင်းမှာအီစိမ့်သွားရသည်။မေမေလည်း

ဖေဖေလို့ လင်ထိပ်ထားစံပဲ

ခဏကပြောတဲ့နေရာမှာ ဖေဖေသာဖြစ်ကြည့်

မောင်နော်ဆိုပြီးဇာတ်သိမ်းသွားမှာ။

LoVNge

"အား....သားကစတာလေ

ကိုယ်မေမေကိုချစ်လို့စတာ

ဒါနဲ့သားမေးစရာရှိတယ်သိလား"

"ဘာလဲ"

"ခဏကအမွှေစိန်နှောက်တစ်ယောက်ဆိုတဲ့စကား

ကို ဖေဖေပြောတာဆိုရင်

မောင်နော်လို့ပဲပြောမှာမဟုတ်လား!"

နေတစင်းပြောလည်းပြော

မေမေကလက်ရှယ်နေတာမို့

ညှော့ခန်းထဲကနေပြေးထွက်လာမိတော့

အနောက်ကနေ မေမေအသံကိုကြားပြီး

စွံ့အသွားရသည်က* ငါ့ယောကျ်ားပြောရင်

မွေးပေးလိုက်မှာပေါ့*တဲ့...............။

~~~~~~~~~~~~~~~~ဆက်ရန်။

Lay Nge
~~~~~~~~~~~~~~~~

💜သဘာဝပြောတဲ့အတိုင်း December 20 ရက်နေ့ဟာ ယူတို့အသဲကျော် နေမင်းလက်ရာ ရဲ့မွေးနေ့ပေါ့ အဲ့နေ့ကြ S 3ဇာတ်သိမ်းမှာပါ💜

🍭You are my life🍭

Chapter _💜 44 💜

မနေ့ကမနက်က Hotel မှာအစည်းအဝေးထိုင်နေရာက ထိုင်းမှရင်းနှီးမြှုပ်နှံထားတဲ့ Campany က

Lay Nge

အရေးတကြီးအစည်းအဝေးခေါ်တော့ သူက CEO နေရာမယူပေမဲ့ ရှယ်ယာအများဆုံးမို့ မဖြစ်မနေလာရသည်က အခုအထိရောက်ကတည်းက တစ်ရေးတောင်မအိပ်ရသေး အစည်းအဝေးထိုင်နေရတာပင်။

"ခွန်နိုင် ပြောချင်တာက ကျွန်တော်ဆီကရှယ်ယာပြန်ဝယ်ချင်တယ်ပြောတာလား"

"ဟုတ်ပါတယ် ခွန်"

ထိုင်းလူမျိုးတွေနဲ့စကားပြောနေတာဖြစ်ပြီး ဘာသာစကားကို 3မျိုးလောက်သင်ထားမိတာက အခုစီးပွားရေးနယ်ပယ်ရောက်တော့မှအသုံးဝင်မှန်း နားလည်တော့သည်။

"အခုပေါက်ဈေးထက် 2ဆပေးတာတောင်မရောင်းနိုင်ပါဘူး ဒီ campany ရဲ့ဝင်ငွေကကောင်းတာကို တစ်ခြားသူကိုပြန်ရောင်းမယ်လို့ထင်လိုက်တာလဲ"

Lay Nge

"ခွန်ကလုပ်ငန်းခွဲတွေအများကြီးရှိတာ
ဒီလောက်ကဘာမှမဖြစ်ဘူးထင်တာကြောင့်လေ.....
ကျွန်တော်ကအခုမှ
အခုနယ်ပယ်ထဲကိုခြေချမှာမို့လေ"

နေ ကသူမလုပ်ဘူးလို့ပြင်းပြီဆို
ဘာတစ်ခုပြန်မပြင်တက်ပေ။ဒီ campany
ကနေတစ်လတစ်လ ဘတ်သန်းချီရနေတာကို
စွန့်လွှတ်ပေးရအောင် သူကမေတ္တာရှင်ကြီး

မဟုတ်။သူရှာနေတာ သူမိသားစုတစ်သက်လုံး
သူများရဲ့အထင်သေးတဲ့အကြည့်ကို မခံစေချင်လို့။

"ခွန် ကျွန်တော်ကြားထဲကပြောပါရစေ
ခွန်ပိုင်တဲ့ရှယ်ယာက 56 ရာခိုင်နှုန်းတောင်လေ
ဒါကြောင့်
6ရာခိုင်နှုန်းလောက်ပြန်ရောင်းလိုက်ပါလား"

"အလုပ်စလုပ်ကတည်းက
ဘယ်သူ့ကိုမှတစ်ခွန်းထက်ပိုပြီးမပြောတက်ဘူး
ကိုယ်မလုပ်ချင်တာကို

ဇွတ်မပြောပါနဲ့.....အရှဲ့တိုက်မိရင် အခုထိုင်နေတဲ့ CEO နေရာကိုပြောင်းပစ်မှာ"

ကိုယ်အခုရောက်နေတာက သူများနိုင်ငံဆိုရင်တောင် ကိုယ်နိုင်ငံမှာပဲမိုက်ရဲတဲ့ကောင်မဟုတ်ပဲ သူများနိုင်ငံမှာလည်း မိုက်ရဲသည်။နေရာရွေးပြီး သွေးကြောင်တဲ့ကောင်ထဲ နေမင်းလက်ရာ ဆိုတဲ့ကောင်မပါ။

LayNge

"တိုးချဲ့တဲ့နေရာတွေအတွက် စစ်ဆေးမှာတွေကို မြန်မာပြည်ကနေ လူတစ်ယောက်လွှတ်လိုက်မယ်.....လူတစ်ယောက် လွှတ်တယ်ဆိုတာ အဲ့လူရဲ့ အသက်အန္တရာယ်ကာကွယ်ပေးရမှာနော်"

ထိုင်းနိုင်ငံမှာက စီးပွားရေးလုပ်ငန်းရှင်တွေလုပ်ကြံခံနေရတာတွေကို သူသိတာကြောင့်သူလူလွှတ်လိုက်တဲ့အခါ အသက်အန္တရာယ်ကင်းဖို့အတွက်တစ်ခါထဲထည့် ပြောလိုက်သည်။

"အလှူလုပ်ဖို့အတွက်က campany ဝင်ငွေထဲက အစကတည်းကသတ်မှတ်ထားတဲ့ 2 %ကို အခု 5%အထိတိုးလိုက်ပါ.....ပြည်သူ့အကျိုးပြုဘယ်နေရာကိုမဆို လှူဒါန်းလို့ရတယ်"

campany ရဲ့တစ်ခြားရှယ်ယာဝင်တွေက မနေ့ကနေ့လည်ကတည်းက နေ့လည်စာစားချိန်သာနားပြီး အဲ့ကတည်းက အစည်းအဝေးလုပ်နေတာ ပြောချင်တာတွေမကုန်တာ မနက် 4နာရီပင်ရှိနေပြီ

တစ်ချို့ဆိုအပ်ငိုက်နေသည်။ဘယ်သူအိပ်ငိုက်ငိုက်

နေမင်းလက်ရာတို့က coffee ခွက် နဲ့

ရေဘူးရှေ့ချကာ

သူပြောသင့်တယ်ထင်တာတွေအကုန်ပြောသည်။စီး

ပွားရေးလုပ်နေတာ

ကလေးကစားစရာလုပ်နေတာမဟုတ်တော့

သေချာဂရုတစိုက်ပြောသည်..........။

နေ campany မှာပြောဆိုပြီးတယ်ဆို

ထိုင်းကိုလာတာ ဘာအဝတ်အစားမှမယူလာပဲ

သူမှာနိုင်ငံကူးလတ်မှတ်နဲ့ ပိုက်ဆံအိတ်ရယ်

စာရွက်စာတန်းတစ်ချို့သာ ပါတာကြောင့်

အရင်ဆုံးအဝတ်အစားလဲဖို့အတွက် အဲ့က Mark
တစ်ခုကိုကိုဝင်ကာ အဝတ်အစားဝယ်ပြီး
တစ်ခါထဲလဲလိုက်ရင်းက
အစကပထမဝတ်ထားတာတွေကို
ထားခဲ့မယ်တွေးနေတာ
မိန်းမကမကြိုက်တာသတိရသွားကာ
ချွတ်ထားတာတွေကို
ဆိုင်ကပေးတဲ့အိတ်ထဲထည့်ကာ
ပိုက်ဆံရှင်းပြီးထွက်လာလိုက်သည်။

လေယာဉ်လက်မှတ်ကကြိုမှာပြီးသားမို့
ဆာနေတဲ့ဗိုက်ကိုအရင်ဖြည့်ဖို့အတွက် campany

က

ကားနဲ့လိုက်ပို့ခိုင်းရသည်။စားသောက်ဆိုင်ကိုတော့ ဘန်ကောက်လေဆိပ်နားကစားသောက်ဆိုင်ကိုရွေး လိုက်သည်။

"ကျစ် ! ဘာလို့ဖုန်းမကိုင်တာလဲ"

နေ မနက်စာစားရင်းက မနက် 7နာရီခွဲပြီမို့ မြန်မာပြည်နဲ့ နာရီဝက်နီးပါးလောက်ပဲကွာတာမို့ ဒီအချိန်ဆို မ နိုးနေတာသိတာကြောင့် ဖုန်းဆက်တော့ 5 called

ခြောက်တောင်မကိုင်တာကြောင့် စားနေတာတွေကို ဝါးတောင်မစားပဲ ဒီအတိုင်းမြိုချမိတဲ့အထိ။

"ဟာ တကယ်ပါပဲကွာ"

မိန်းမဖုန်းခေါ်မရတဲ့အဆုံး သားဖြစ်သူဆီလှမ်းဆက်တော့လဲ စက်ပိတ်ထားတာနဲ့တိုးနေတာကြောင့် မကိုစိတ်ပူတဲ့နှုန်းက သူမှာမြင့်မားလာရသည်။သားကိုဖုန်းခေါ်လို့မရတဲ့

အခါ နေလက်ရာက အိမ်ဖုန်းခေါ်တော့လည်း

မကိုင်တာမို့ ဒေါသကထွက်ချင်လာသည်။

"အရေးထဲကွာ ! နားလေးနေကြလားမသိဘူး"

နေလက်ရာ အိမ်ဖုန်းခေါ်မရတယ်ဆို

သူငယ်ချင်းတွေကို သွားကြည့်ခိုင်းဖို့အတွက်

သူငယ်ချင်းတွေဆီဆက်တော့လည်း

မကိုင်ကြတာအကုန်လုံးမို့......

"တောက်စ် ! စိတ်ကတိုလာပြီ

ငါပြန်ရောက်တာနဲ့သေပြီမှတ်ထားကြ!"

လူကစိတ်တိုရလွန်းလို့ မျက်နှာကြီးနီရဲနေရကာ

မိန်းမဖြစ်သူကလွဲ သားဖြစ်သူအကါအဝင်

ဆဲရေးနေတာက

အဆုံးထိကိုပင်။သူတကယ်ရင်ပူနေတာ မ နဲ့

သမီးလေးကို။ခရီးကတစ်ရက်တောင်မကြာတာမို့

ခရီးပန်းမှာဆိုးလို့သာ

မခေါ်လာတာ။သူစိတ်ဘယ်လောက်တိုလည်းဆို

စားနေတဲ့စားပွဲဝိုင်းပေါ်က ပန်းကန်တွေကို

Lay Nge

လက်နဲ့ရိုက်ချလိုက်တာကြောင့်
သူရောခဲ့ရသေးသည်..........။

တစ်ဖက်က နေမင်းလက်ရာကဒေါသထွက်နေပင်မဲ့
တစ်ဖက်မှာတော့အုပ်စုလိုက်သူ့မွေးနေ့အတွက်စီစ
ဉ်နေကြတာဖြစ်ပြီး သူဖုန်းခေါ်နေတာကို
သိပင်မဲ့တစ်ယောက်မှမကိုင်မဲ့
လုပ်ရမဲ့နေရာတွေကို
အကုန်လုံးရွေးချယ်နေကြခြင်းပင်။

Laynge

"နင်တို့ကလဲ ဟိုကဖုန်းဆက်နေတာကိုင်လိုက်လေ

သူကလှည့်ပတ်ဆက်နေတာ

ဆက်မရလို့စိတ်တွေပူနေဦးမယ်"

မိုင်က နေမင်းလက်ရာ

အခုလိုလူစုံဆက်နေတယ်ဆိုကတည်းက

တစ်ဖက်နေစိတ်ပူနေလောက်မှာကိုသိတာပြော

တော့ အကုန်လုံး ခေါင်းရမ်းပြသည်။မွေးနေ့ကဖြင့်

မနက်ဖြန်မှကို အခုကတည်းက ဖြစ်နေကြတာ

ဟိုကဒေါသထွက်ပြီး ရောက်လာမှာလို့

မိုင်ကခံစားမိသည်။

"ဟူး ငါခံစားနေရတယ်နော် နင်တို့ suprise
မလုပ်ရပဲ ဟိုက suprise ပြန်လုပ်လိမ့်မယ်"

"မိုင်ရာ ပူမနေနဲ့ အဲ့ကောင်က သဘာဝပန်းတစ်ခွန်း
ပြောလိုက်တာတာနဲ့ ဒေါသတွေအကုန်ငြိမ်းတယ်"

အံ့လည်းမွေးနေ့ပွဲအတွက်အုပ်စုလိုက်ဆွေးနွေးနေ
ရာက မိုင်က ပြောတဲ့စကားတွေကြောင့်
နေမင်းလက်ရာ ဘယ်လောက်ဒေါသထွက်ထွက်

Lay Nge

သူဒေါသတွေကိုငြိမ်းနိုင်တဲ့ သဘာဝပန်းကို
လက်ညှိုးထိုးကာပြောသည်။

"အန်တီ ပူမနေနဲ့ ဖေဖေကမယကရယ်
မေမေစကားတစ်ခွန်းဆို
ချက်ခြင်းအေးချမ်းမှာရယ်"

"အင်း
ဒီကောင်မိန်းမကိုချစ်ချက်ကတော့ဘယ်သူမှကို
မမှီဘူးလက်ဖျားခါတယ်.....ငါတို့က
ကောင်မလေးငယ်ငယ်လေးတွေနဲ့

ပေးနေမယ်ပြောတာတောင်......တဏှာရူးနေတဲ့
မင်းတို့ပဲနေတဲ့"

သူမထိုင်နေတာကို
မောင်ဘယ်လောက်ချစ်တက်ကြောင်း
ကြွားလုံးထုတ်နေတဲ့ မောင့်သူငယ်ချင်းတွေကြောင့်
ထိုစကားဝိုင်းကို ဘယ်လိုဖျက်ရမလဲသာ
စိတ်ဝင်စားသည်။ပြီးတော့ဖုန်းမကိုင်ခိုင်းတာ
သားအစီအစဉ်ဖြစ်ပြီး ဖုန်းမကိုင်လို့တစ်ဖက်က
မောင်ကတော်တော်ဒေါသထွက်နေလောက်ပြီဆို
တာသိသည်။

"သဘာဝ ငါတို့ကျောတော်တော်စိမ့်နေပြီနော် နှင့်ယောကျာ်းက လန့်စရာ"

"အဲ့ကြတော့လည်း ဒီအစီစဉ်က မောင်သားမကိုင်ခိုင်းတာလို့ပြောလိုက်မှာပေါ့"

ဩော် သဘာဝမကိုင်ခိုင်းတာလို့ပြောရင်တောင် သူ့ယောကျာ်းက လက်ခံဦးမယ်။အခု သားမကိုင်ခိုင်းဘူးပြောမှာဆိုတော့ နေတစင်း ဘဝအတွက်မတွေးရဲစရာပဲ။

!

"နင်ကလည်း နင်လုပ်တယ်ပြောပါဟဲ့
ကလေးကိုအဆူခံရအောင်"

"ဟမ် ငါလုပ်တာမဟုတ်ဘူးလေ
နင်ပြောတဲ့အတိုင်းဆို ငါ့ယောကျ်ားငြိုငြင်တာ
ငါပဲခံပေါ့ဟုတ်လား"

ကျန်တဲ့သူတွေက brithday နဲ့ပက်သက်ပြီး
လုပစရာရှိတာတွေဆက်ပြောနေပင်မဲ့ သဘာဝ နဲ့

LayNge

မိုင်ကတော့နှစ်ယောက်သာ နေ
အကြောင်းကိုပြောနေတာပင်။

"အဲ့တာကနောက်မှဖြစ်မှာဆိုတော့ထားလိုက်ပါ
အခုကိစ္စကိုပဲပြောကြမယ် နင့်ယောကျ်ားကို
နင်ဘာလက်ဆောင်ပေးမှာလဲ"

"ပြောပြစရာလား သေချာတာကတော့ အဲ့တာက
မောင်အတွက်တန်ဖိုးထားစရာဆိုတာသေချာတယ်
ပြီးတော့ မောင်သဘောကျမှာလည်း
သေချာသိတယ်"

"အင်းပါ suprise ဆိုတော့လည်း မွေးနေ့ရှင်ထက်အရင်သိနေရင်ဘယ်ပျော်ဖို့ကောင်း လိမ့်မလဲ......တော်သေးတယ် နင့်ဘဝအတွက်ငါအများကြီးစိတ်ပူခဲ့ရတာ တကယ်ကောင်းတဲ့သူနဲ့တွေ့ဆုံရတာ"

တကယ်လည်း သူငယ်ချင်းမလေးဘဝကိုစိုးရိမ်နေခဲ့မိတာ။အဒေါ် ကြိုးဆွဲရာကနေရတဲ့ သူမဘဝကို ကြည့်ပြီး သနားခဲ့ရတဲ့အချိန်တွေတင်မက

ငိုရတဲ့အချိန်တွေပါရှိခဲ့တာ။အခုတော့
သူမတို့ထက်တောင်သာတဲ့နေရာမှာ
အချစ်ခံနေရတော့ သဘာဝအပေါ်အားကျတာကလွဲ
မနာလိုစိတ်တကယ်ကိုမရှိ။သဘာဝက
မိုင်အတွက်အချစ်ရဆုံးသူငယ်ချင်းလေး။

"မဟုတ်ရင် ဖေဖေကပါသူ့တူမွေးနေ့ကို
လိုက်အားဖြည့်ပေးချင်နေတာ ဒါပင်မဲ့
ငါတို့ထက်နည်းနည်းငယ်လောက်မဲ့ အမျိုးသမီးရဲ့
အမူကိစ္စနဲ့ပက်သက်ပြီး ဆွေးနွေးနေလို့ကျန်ခဲ့တာ"

အန်ကယ်ကအသက်အရွယ်လည်း ရလာပြီမို့
လိုက်လာလည်း သားတို့ပြောနေတာတွေကို
လူကြီးတစ်ယောက်မို့ လက်ခံသင့်တာတွေ
လက်မခံသင့်တာတွေပြောရင်
မောင်ကကြိုသိသွားမှာ
အခုအခြေအနေလေးပဲကောင်းသည်။

"အိမ်ထောင်ရေးကလည်းကံနဲ့သက်ဆိုင်တယ်သိ
လား ငါတို့ယူထားတဲ့ယောကျာ်းတွေက
မနိပ်စက်တာကိုပဲကျေးဇူးတင်ရမယ်.....ဘာဖြစ်လို့
လဲဆိုတော့
အခုအဖေရှိလာပြီးအမူကိစ္စတိုင်ပင်တယ်ဆိုတာ

ယောကျာ်းနဲ့ကွာရှင်းချင်တာ

မကွာရှင်းပေးလို့.....ကွာရှင်းချင်တာလဲမပြောနဲ့

အဲ့အမျိုးသမီးကို ရိုက်နက်တာကအမြဲမဟုတ်ပင်မဲ့

လက်ပါတက်တယ် ပြီးရင်ပြောသေးတာတဲ့

ငါ့လိုအဆင့်ကိုယူလို့နင်ပြောင်ရောင်နေတာဆိုတာ

အဲ့အမျိုးသမီးအကြောင်းက

လိုင်းပေါ်မှာဟာစ်ထနေတာ

နင်ကမကြည့်လို့မသိတာ"

*ငါ့လိုအဆင့်ကိုယူလို့ ပြောင်ရောင်နေတာ*ဆိုတဲ့

မိုင်စကားကိုနားထောင်ပြီး

သူမဘာဝကိုပါတွေးမိသည်။မောင် နဲ့

သူမဟာအခြေအနေက မိုး နဲ့
မြေလို့ကွာဝေတာမဟုတ်လား။သူမလို့
သာမာန်ကျောင်းဆရာမတစ်ယောက်ကို
မောင်လိုမိသားစုချမ်းသာမှုကအရှေ့တောင်အာရှထိ
ပေါက်ရောက်နေတဲ့မိသားစုဝင်တစ်ယောက်
အခုလိုအိမ်တေထောင်သက်ကြာနေတာကပင်
အံ့သြစရာ။

မောင် နဲ့ သူမက တစ်ခြားအိမ်ထောင်သည်တွေလို
လင်နဲ့မယားပေါင်းဖက်တဲ့
သာမာန်အိမ်ထောင်သည်တွေပါပဲ။ဒါကြောင့်
အိမ်ထောင်တစ်ခုတည်ထောင်ကတည်းက

အခုအချိန်ထိ စကားမများဘူး

ရန်မဖြစ်ဖူးဘူးဆိုတာ ပြောရင်ဘယ်ယုံမလဲ

ဖြစ်မှမဖြစ်နိုင်တာ။သူမကို

မောင်ဘယ်လောက်တောင်ချစ်သည်ဆိုပါစေ

လင်တဲ့မယား အခတ်မသင့်တော့

စကားများဖူးတာပဲ။ဒါပင်မဲ့ပေါ့

ရန်ဖြစ်တဲ့အခါတိုင်းသူပဲအလျှော့ပေးသလို

သူမအပေါ်အဆင့်အတန်းတို့

လက်ရွယ်တာတို့ဘယ်တော့မှမလုပ်။အဲ့နေရာမှာ

တော့

မောင်ကတကယ်ယောကျ်ားကောင်းတစ်ယောက်....

.......။

"ဟင်း ဟင်း ဟင်း"

နေလေဆိပ်ကိုလေယာဉ်ဆိုက်တာဆင်းတာနဲ့
ဖုန်းဆပ်ပြီးကားကိုလှမ်းခေါ်လို့ရပင်မဲ့
စိတ်ကလောနေတာကြောင့် Taxi ငှားကာ
အိမ်ကိုပြန်လာတော့ ခြံရှေ့ကားရပ်ပေးတယ်ဆို
ပိုက်ဆံကို ဘယ်လောက်ပေးမိလည်းမသိ
ပေးပြီးတယ်ဆို အိမ်ထဲဝင်လာတော့
အသံတွေကြားနေရတဲ့
ထမင်းစားခန်းထဲဝင်လာတယ်ဆို မြင်လိုက်ရတာက

Lay Nge

သူဖုန်းဆက်နေတဲ့သူတွေတစ်စုတစည်းထဲရှိနေတာ

ကြောင့်ပင်။အဲ့တာကိုမြင်တယ်ဆို

ဒေါ်သကကထွက်လာသည်က

အတော်မသတ်နိုင်မှာဆိုးတာကြောင့်

သူသက်ပြင်းချလိုက်တော့

သူသက်ပြင်းချတဲ့အသံကဘယ်လောက်တောင်ပြ

င်းလဲမပြင်းလဲမပြောနဲ့

ထမင်းစားဝိုင်းထိုင်နေတဲ့သူတွေလှည့်ကြည့်သည်။

အကုန်လုံးသွားတုန်းကပြင်ဆင်သွတဲ့ကောင်ပ

ပြန်လာတော့

သွားတုန်းကအဝတ်အစားမညုတ်တော့ပင်မဲ့

လည်ပင်းက နက်ကတိုင်ကအစရှဲ့စောင်းနေကာ

မျက်နှာမှာလဲချွေးတွေပျံနေသလို

မျက်နှာအနေအထားကိုက

မွေးနေ့ရှင်နဲ့ဆိုတဲ့ရုပ်တောင်မရှိ။

"ပြန်လာပြီလား"

"ဟွန်း အကုန်လုံးမသာပေါ်နေပြီထင်တာ!!"

ငြိမ်းထက်ကမေးလိုက်တယ်ဆို ခါးထောက်ပြီး

ဘုတောတောပြန်ဖြေလာတဲ့

Lay Nge

နေကြောင့်ပါးစပ်ပေါက်ပိတ်သွားရသည်။ဒီလောက်ကြည့်တာနဲ့

ဒီကောင်ဘယ်လောက်ဒေါသထွက်နေလဲဆိုတာ

ပြောစရာတောင်မလိုတော့။

"နာလေးတွေကတစ်မျိုး အိမ်ကသူတွေကတစ်မျိုး စိတ်တိုတယ် အဲ့မှာဝအောင်ဆက်မြိုကြ ငါပြောတာခံနိုင်အောင်!"

ပြောကာ

ထမင်းစားခန်းထဲကလှည့်ထွက်သွားတဲ့ကောင်က

LayNge

လှေကားပေါ်တက်သွားတဲ့ခြေသံက

ထမင်းစားခန်းနဲ့ 10 ပေလောက်ကွာနေတာတောင်

ကျယ်လောင်စွာကြားနေရသည်။

"စားကြ မောင်ကစိတ်ပူပြီးပြောနေတာ

သဘာဝသွားစကားပြောလိုက်ဦးမယ်"

မောင်ကနေ့လည်လောက်ပြန်ရောက်မှာသိလို့

မောင်ကြိုက်တာလေးတွေချက်ထားတဲ့အပြင်

မောင်နဲ့အတူတူစားဖို့အတွက်

သူမတောင်မစားရသေး ညှော်သည်တွေကို အရင်ကြွေးနေတုန်းကိုဒေါ်သကရောက်လာတာ။

ကျို.....

သူမတို့အခန်းတံခါးဖွင့်ဝင်လိုက်တယ်ဆို မောင်က ဆိုဖာပေါ်ထိုင်နေကာ ဒေါ်သထွက်နေပုံများလက်သီးပါကျစ်နေအောင် ထားတာမို့ သူ့အနားသွားကာ......

"မောင်"

"ကျွန်တော်က ခင်မျှားနဲ့ဘာဆိုင်လို့လဲပြော"

"မောင်နော် သူများတွေက
မောင်ပြန်လာတာကိုချင်တာကြောင့်ပါ
သူတို့လည်းသဘာဝပြောထားလို့ရောက်နေကြတာ"

နေက
သူမပြောတဲ့စကားကြောင့်မျက်ခုံးလေးတွေတွန့်
သွားကာ
သေချာစူးစိုက်ကြည့်လိုက်မိသည်။သူခရီးသွားတာ

ထူးဆန်းတာလဲမဟုတ် တစ်နှစ်ကို
5ခါလောက်ထွက်နေရတာလေ။ပြီးတော့
အခုတစ်ခါခရီးထွက်တာ ရက်တိုလေးကို
သူကိုလာကြိုကြတာဆိုတော့ထူးဆန်းလွန်းသည်။

"မယုံပါဘူး ခရီးသွားတာကအဝေးကြီးဆိုတော့
အလုပ်နဲ့သာမဟုတ်ရင် ထိုင်း နဲ့ မြန်မာ
နေ့ခြင်းပြန်တောင်သွားလို့ရတယ်"

"မောင်ကလည်း တစ်ခါလေးအပြစ်လုပ်မိတာကို ခွင့်မလွှတ်ဘူးလားပြော ကိုယ်မိန်းမလေးတစ်ယောက်ထဲကို"

"ဘယ်သူကမိန်းမနှစ်ယောက်ရှိလို့လဲ"

"လီလီဖေဖေကလည်း စိတ်ကြီးပဲ"

သူတို့နေတဲ့စိတ်တွေကို ဘယ်လိုပျောက်ကွယ်အောင်လုပ်ရမယ်ဆိုတာကို တော့

lay Nge

သဘာဝပန်းတို့ကသိတာထက်ကိုပိုသည်။သူပေါင်ပေါ်ကိုဝင်ထိုင်ရင်း သူရင်ခွင်ထဲတိုးဝင်နေတာက သူစိတ်ဆိုးတာဘယ်နားရောက်သွားတယ်မသိ။

"မောင်

တစ်ခါလေးပဲခွင့်လွှတ်ပေးလို့မရဘူးလား....သဘာဝကိုအချစ်ဆုံးဆိုချစ်တယ်ဆို ခွင့်မလွှတ်ဘူးလား မောင့်ဇနီးလေးကပြောနေတာလေ"

"မ တွေးကြည့်တစ်နိုင်ငံကနေဖုန်းခေါ်တာ ခေါ်မရတာတော့

မောင်ရင်ထဲဆူပွက်လာတဲ့သွေးတွေရော

အဲ့ခံစားချက်ကြီးမခံစားချင်ဘူး မောင့်မိန်းမကို

ဆိုးရှုံးရမှာ အကြောက်ဆုံးပဲ"

သူတကယ်လန့်သွားရတာလူကဘယ်လိုဖြစ်သွားမှ

န်းကိုမသိ။သူအသိထဲ သူမိန်းမနဲ့

သူ့သမီးလေးသာတစ်ခုခုဖြစ်ရင်

ရှူးမှာအသေအချာပင်။အဲ့အတွေးနဲ့သူမှာ

စိတ်လှုပ်ရှားလွန်းလို့

ရှူးသွားမလားမှတ်နေရသည်............ ။

~~~~~~~~~~~~~ဆက်ရန်။

💜မနက်ဖြန်တော့ အရှည်ကြီးလာပေးပါ့မယ်

ဇာတ်သိမ်းပိုင်းလေးကို💜

🍭You are my life🍭

Chapter _💜 ဇာတ်သိမ်း 💜

လီလီလေးက ကျောင်းကပြန်ရောက်တယ်ဆို

သူ့အဖေဒီနေ့ပြန်ရောက်မှာကို သိတာကြောင့် ဒီနေ့

Lay Nge
~~~~~~~~~~~~~

မေမေလာမကြိုနိုင်တာကို စိတ်ဆိုးနေတာပါ

မေ့ကာ အဖေဖြစ်သူပြန်လာတာနဲ့ ကျေနပ်နေတဲ့

ကလေးပီပီ အိမ်ဝကကြိုနေတဲ့

အမေဖြစ်သူလက်ထဲ

လွှယ်အိတ်လေးပေးကအပေါ်တက်သွားသည်။

"ဖေဖေရေ ဖေဖေ"

အပေါ်ထပ်က

ဘုရားခန်းမျက်စောင်းထိုးနေရာမှာဧည့်ခန်းတစ်ခုရှိ

သေးတာကြောင့် ခုံမှာထိုင်အလုပ်လုပ်နေတဲ့ နေက

Lay Nge

သမီးဖြစ်သူကိုမမြင်ရသေးခင်အသံလေးကြားလိုက်ရတာကြောင့်ပြုံးနေမိသည်။

"ဖေဖေ ! ကလည်းနော်
လီလီကအသံကျယ်ကျယ်အော်ခေါ်နေတာတောင်
အသံမပေးဘူး"

သမီးလေးက အနားရောက်တာနဲ့
သူပေါင်ပေါ်ကုတ်ဖက်တက်လာရင်း
သူပေါင်ပေါ်နေရာတကျဝင်ထိုင်သည်။ပြီးတော့
သူကိုအမြဲကပ်တဲ့ကလေးမို့

အဖေကိုတစ်ရက်လောက်ခွဲရတာနဲ့ နောက်ရက်ဆို အဖေနားကကိုမခွာတာ။

"သမီး ဖေဖေမေးစရာရှိတယ် အမှန်အတိုင်းဖြေမှာလား.....ဖေဖေသမီးကမလိမ်တက်ဘူးမဟုတ်လား"

"ဟုတ်ကဲ့ မေးလေ လီလီကဖေဖေဆိုရင်အကုန်ပြောပြမှာ"

"မေမေအပါအဝင် ကိုကိုနဲ့

ဦးဦးတို့ဘာတွေပြောကြတာလဲ

သမီးငယ်လေးသိလား"

နေကမေးလိုက်တယ်ဆို

သမီးကခေါင်းငြိမ့်ပြတာကြောင့်

သူကအိမ်မှာစပိုင်လေးတစ်ယောက်ထားမိသလို

ကျေနပ်သွားရသည်။အိမ်ကမိသားစုဝင်တွေရော

ဟိုကောင်တွေဖြစ်ပျက်နေတာက

သာမာန်မဟုတ်တာသေချာတာကြောင့်

သူကငတုံးမဟုတ်တဲ့အတွက်

သူတို့တစ်ခုခုကြံနေမှန်းသိတာပေါ့။

"မေမေက နေနေတို့ကိုဖုန်းဆက်ပြီးခေါ်တာ

လီလီကိုတောင်ကျောင်းလိုက်မပို့ဘူး

အန်တီမိုင်လိုက်ပို့တာ.....အန်တီမိုင်

လီလီကိုကျောင်းလိုက်ပို့ရင်း

မေမေဖုန်းဆက်တယ်"

"အင်း ပြီးတော့ရော သမီး"

"မေမေကဘာပြောတာလဲမသိ အန်တီမိုင်က

ဘောလုံးဆိုလားမသိဘူးဝယမလာခဲ့မယ်ပြောတယ်

Lay Nge

လီလီကျန်တာတော့မသိတော့ဘူး
ကျောင်းသွားတက်နေလို့"

သမီးလေးက သိတာလေးတွေအကုန်ပြောပြတာကို
နေသိသည်။ဘာလို့ဆို ဒီကလေးက
ဘယ်သူဘယ်လောက်မပြောဖို့ပိတ်ထားပါစေ
သူကိုဆိုအကုန်ပြောပြတက်တာသိတာပေါ့။

"ဖေဖေ့သမီးလေးကအရမ်းတော်တာပဲ.....ကျောင်း
မှာရောစာလိုက်နိုင်လား ဖေဖေသင်ပေးရဦးမလား"

"ဟီးးး လီလီစာတွေအကုန်ရပါတယ်ဖေဖေ ဆရာမကိုမေးကြည့်နော် အခုတော့ လီလီကို ဖေဖေအနားကပ်ခွင့်ပေးနော် 24 နာရီကျော်တောင်မတွေ့ရတာ"

တစ်ရက်ကိုသမီးက နာရီအရေအတွက်နဲ့ပြောလာတာကြောင့် အရေအတွက်ဘယ်လောက်ရနေပြီလည်းသိချင် တာကြောင့်.......

"သမီး 5 ရယ်
7ရယ်ပေါင်းတော့ဘယ်လောက်ရလဲသိလား"

"ဖေဖေ မသိဘူးလား လီလီပြောပြမယ် 12
ရတယ်လေ လွယ်လွယ်လေးလေ အင်္ဂလိပ်လိုက
တွဲ လေ"

သူကိုမသိလို့မေးနေတယ်ထင်လားမသိ
သမီးပြောလာတဲ့စကားကြောင့်
သူမှာသဘောတွေကျနေရောကာ

အရေအတွက်ကိုချက်ခြင်းဖြေနိုင်ကတည်းကိုက သမီးလေးကထက်မယ်ဆိုတာ သူယုံကြည်သည်။

"ဒါဆိုရင်ရော 25 နဲ့ 20 နဲ့ရော"

"နှစ်ဆယ်နှစ်ခုက လေးဆယ် ပြီးတော့ 5နဲ့ပေါင်းရင်း လေးဆယ်ငါးရတယ်ဖေဖေ"

"အရမ်းတော်တဲ့ ဖေဖေအသဲလေးကို ဖေဖေကတော်လို့ဆုချတာ "

LayNge

နေကသူဘေးကပိုက်ဆံအိတ်ထဲကနေ

ကဒ်တစ်ခုထုတ်ကာပေးလိုက်တော့

သမီးကသူပေးတာလေးကို

ယူကာအထက်အောက်လှန်ကြည့်ပြီး.....

"ဖေဖေကြည့်တဲ့ နိုင်ငံခြားကားထဲကလူကြီးတွေ

ပိုက်ဆံပေးရင် သုံးတဲ့ဟာနဲ့တူတယ်နော်"

"Black Card လေးသမီး

အဲ့အထဲမှာပိုက်ဆံတွေအားကြီးပါတယ် No Limit

ပေါ့ ဘယ်လောက်ထုတ်ထုတ်ရတယ်"

"ဒါလီလီကိုပေးတာပေါ့နော်"

သမီးက

သူလက်ထဲရောက်ပြီးသားပစ္စည်းကိုတစ်ခြားသူကို

ပြန်ပေးရမှာမကြိုက်တဲ့ကလေးမို့

အခုသမီးလက်ထဲက ကဒ်ကသူကဒ်ဆိုပင်မဲ့

သမီးကိုပေးလိုက်တော့ သမီးအပိုင်ပေါ့ သူ့အတွက်

ကဒ်အသစ်လုပ်ရင်း

သားအတွက်ပါတစ်ခုလုပ်ပေးဖို့တွေးလိုက်သည်။

"ကဲ ဒီသားအဖနှစ်ယောက်ချစ်နေကြတာ"

သူမအောက်မှာကလေးစားထားတဲ့

ခွက်လေးတွေကို ဆေးပြီးအပေါ်ထပ်ကို

သမီးလွယ်အိတ်လေးယူကာတက်လာတယ်ဆို

အချစ်ပိုနေကြတဲ့သားအဖနှစ်ယောက်နားသွားကာ

စကားပြောရင်း သမီးလက်ထဲက

ကန်ဒ်ကိုမြင်တော့.......

LayNge

"မောင် ကလေးလက်ထဲကို

ဘာလို့အဲ့ကဒ်ပေးထားတာလဲ

ပြန်ယူထားပျောက်သွားမယ်"

"ထားလိုက်မှာ မိန်းမရာ

မောင်ကဒ်ကိုသမီးပေးလိုက်တာ

မောင်ကကဒ်အသစ်လုပ်လိုက်မယ်လေ"

မောင်သမီးကိုပေးထားတဲ့ကဒ်က Limit

ရှိတာမဟုတ်။ပြီးတော့

သမီးကအခုမှကလေးရှိသေးတာကို

ယုံကြည်ပြီးပေးထားတဲ့ မောင်ကို

သာပြန်ယူဖို့ပြောတော့လည်း

နားမထောင်တာကြောင့် သမီးလက်ထဲက

ကဒ်ကိုသူမယူလိုက်တော့......

"မေမေ ! ဖေဖေကပေးထားတာလေ

ဘာလို့ပြန်ယူတာလဲ"

"သမီး ဒီကဒ်တန်ဖိုးက

မေမေတို့ထင်ထားတာထက်ပိုများတယ်နော်

သမီးကဒီကဒ်ကိုင်ဖို့ငယ်ရွယ်လွန်းတယ်"

Lay Nge

"မောင့်မိန်းမကလည်းလိုချင်လို့လား
မောင့်အသစ်လုပ်ပေးမယ်လေ"

သူမကို ဘဏ်စာအုပ်ပေးထားတာတောင်
သူ့သမီးလက်ထဲက ကဒ်ကိုသူမကယူလိုက်လို့
လိုချင်တယ်မှတ်နေတဲ့ မောင်ကို.....

"ငါကဘာလို့ လိုချင်ရမှာလဲ အခုကလေးနဲ့
ဒီကဒ်ကဆိုင်မှမဆိုင်ပဲ မောင်ရာ"

ကိုယ်က အဲ့ကဒ်ထပ်တန်ဖိုးကြီးတဲ့ CEO တစ်ယောက်လုံးအပိုင်ရထားတာ အဲ့ကဒ်ကဘာလုပ်ရမှာလဲ။တစ်ခုခုလိုချင်ရင်လည်း မောင်ရေဆိုတာနဲ့ အရှေ့ရောက်ပြီးသားကို။

"မောင့်သမီးလေးက လူကသာကလေးပါစိတ်ကတော့ မောင်အတိုင်းပါပဲ ဘာကိုဘယ်လိုတန်ဖိုးထားရမယ်ဆိုတာ သိတယ်"

"အဲ့တာလေး မေမေသိမ်းထားလိုက်နော် လီလီကြီးလာမှ မေမေဆီကပြန်ယူမယ်"

မောင်ကသူ့သမီးက

ဘယ်လိုတန်ဖိုးထားတက်ကြောင်းပြောတယ်ဆို

သမီးကသူကိုချီးကျူးတာကိုကြိုက်တဲ့သူမို့

ကဒ်ကိုသူမကိုသိမ်းထားဖို့ပြောလာသည်။တကယ်

ဒီသားအဖနှစ်ယောက်ကစိတ်တူကိုယ်တူနဲ့မလွယ်

ပေ.............။

"ပါးပြောတာကိုသဘောကျပါတယ် ဒါပင်မဲ့

suprise ပြင်ဆင်ထားတာက အကုန်လုံးလေ

အဲ့တာကို

လက်ဆောင်ပေးတယ်လို့ပြောလို့မရဘူး.....ပါးက
အန်ကယ်အတွက်သီးသန့်ဝယ်ပေးရမယ်"

ညနေစောင်းကြီးကို အိမ်ကိုပြန်လာတဲ့လမ်းမှာ
Light က ဘာစိတ်ပေါက်တယ်မသိ
အိမ်ကိုမပြန်သေးပဲ စင်တာတစ်ခုကိုဝင်ကာ
ကလေးတွေစားဖို့စားစရာတွေဝယ်ရင်းက
ဖေဖေအတွက်လက်ဆောင်ဝယ်ပေးခိုင်းနေတာ
ကြောင့်......

"ပါး ကိုယ်ရှာထားတဲ့ပိုက်ဆံနဲ့

မိဘကိုလက်ဆောင်ပေးရတာ

ဘယ်လောက်ကောင်းမလဲတွေးကြည့်လိုက်

စင်တာရောက်တုန်းလေးခုခုဝယ်ရအောင်"

"ဘာဝယ်ရမှာလဲ

ကိုယ်တွေးလို့မရဘူးဖြစ်နေတယ်"

"အန်ကယ်ကဘာတွေကြိုက်လဲဆိုတာကိုတွေးကြ

ည့်လေ"

Light ပြောမှ

ဖေဖေဘာကြိုက်လဲဆိုတာကိုသူတွေးမိတော့

ဖေဖေလက်ထဲမြဲတာဆိုလို့ မေမေ နဲ့

သူပိုက်ဆံအိတ်ပဲရှိတာ။ပြီးတော့ ဖေဖေက

သူ့ပိုက်ဆံအိတ်မှာစိန်လုံးလေးပါတာလေးတွေတပ်

ထားတာအမြဲ သူသတိထားမိသည်။

"ကိုယ်သိပြီ Light လာကိုယ်တို့

စိန်ဆိုင်သွားရအောင်"

ဆိုကာ အနီးအနားကစိန်ဆိုင်ကို

မိန်းမလက်ကိုဆွဲကာဝင်လာရင်း

ဆိုင်ထဲဝင်လာတာနဲ့

မှန်ဘောင်ထဲတန်းစီထည့်ထားတာတွေလိုက်ကြည့်

ရင်း သူလိုချင်တာမတွေ့တာမို့

ကောင်တာကိုလှည့်မေးဖို့အလုပ်

မှန်ဘောင်အသေးတစ်ခုထဲက

အနီရောဖဲသားပေါ်တင်ထားတတဲ့ King N

ဆိုတဲ့ပိုက်ဆံအိတ်မှာ Brand name လို့မျိုး

ပိုက်ဆံအိတ်မှာတပ်ထားလို့ရတဲ့ပစ္စည်းလေးကို.....

"အစ်မ ဒါလေးကဘယ်လောက်လဲ ဗျ"

"အဲ့တာက မှာထားတဲ့ပစ္စည်းပါရှင့်
ကျသင့်ငွေကတော့ကတော့ စိန်ကလည်း
ကာရက်များတော့ သိန်း 1000 နီးပါးပါ Limit
ထုတ်ကုန်ပါ"

"အဲ့တာလေးကိုဝယ်တဲ့သူကိုဆက်သွယ်ပေးပါလား
ကျွန်တော်လိုချင်လို့ သိန်း 1000 တန်ရင် 1500
ပေးပါ့မယ်"

Lay Nge

တကယ်ဘယ်လောက်ဈေးများတယ်ဆိုတာထက်
Limit ထုတ်ကုန်ဆိုတော့ ကိုယ်အဖေကို
ပေးချင်သည်။ဒါကြောင့်
ပစ္စည်းတန်ဖိုးထက်ပိုပေးမယ်ပြောတော့......

"မရလို့ပါ မှာထားတဲ့သူက
လွှန်ခဲ့တဲ့တစ်လလောက်ကတည်းကကြိုမှာထား
တာပါ ပိုက်ဆံကရှင်းထားပြီးသားမို့ ပြီးတော့
စမှာကတည်းက
ဘယ်သူကိုမှမရောင်းဖို့ပြောထားတာ
ခဏနေမှာထားတဲ့သူဆီပို့ရတော့မှာရှင့်"

"ဟူး ဖေဖေကြိုက်တာတွေတယ်လည်း
စိတ်လေတယ်"

ပြောရင်းထိုဆိုင်ထဲကပြန်ထွက်လာလိုက်ပြီး
နောက်ဆုံးဝယ်ပေးဖို့ပိုက်ဆံအိတ်ကိုသာရွေးလိုက်
မိတော့ ယောကျ်ားလေးရော
မိန်းကလေးနဲ့ပက်သက်တဲ့ ပိုက်ဆံအိတ်
သိုင်းလွယ်တဲ့အိတ်ကအစ
အိတ်မျိုးစုံရောင်းတဲ့ဆိုင်ထဲ
မဗိုက်ကိုထိန်းကာဝင်လာတော့......

"ပါး အန်ကယ်က

ဘယ်လိုအမျိုးအမစားကိုသဘောကျတာလဲ "

"ဘာကိုသကျေလဲဆို ဖေဖေကသူပိုက်ဆံအိတ်ကို

1500 တန်လည်းကိုင်တာပဲ ဖေဖေကဘယ်လို

Branded

မှာဝတ်တက်စားတက်တယ်ဆိုတဲ့စိတ်ကိုမရှိတာ.....

..ဒါပင်မဲ့ အိတ်အကောင်းတွေလည်းရှိတာပေါ့

သူတို့အဝတ်အစားလဲခန်းသွားကြည့်

တန်းစီနေတာပဲ"

layNge

"ပါး ဒါလေးအရမ်းမိုက်တယ် LV ကနောက်ဆုံးထွက်ကလေး ပေါ့ပါးသလို ကဒ်တွေထည့်ဖို့လည်းအဆင်ပြေသလို ပိုက်ဆံလည်း သောင်းတန်ဆို ၄သိန်းလောက်တော့ဆံမယ်"

Light ပြတဲ့အိတ်လေးကိုကြည့်တော့ သူလည်းသဘောကျတာကြောင့် ဆိုင်ရှင်ကို ဆင်တူနှစ်ခုယူမယ်ပြောပြီး ငွေရှင်းလိုက်တော့ သိန်း 70 ပလုံသွားပင်မဲ့ တန်သည်။



Law Nge

စင်တာကအပြန်

မပိုက်စားချင်တာတွေလိုက်ကျွေးဖြစ်သလို

သူမစားတဲ့ဆိုင်တွေက ကောင်းတာလေးတွေဆို

ကလေးတွေအတွက်ပါ မှာသည်။သူဖေဖေလို

လူမျိုးပဲဖြစ်ချင်သည်။ကိုယ့်အိမ်ထောင်ဘက်က

ကိုယ့်ကို အားကိုးတာမျိုးပဲလိုချင်သည်လေ...........။

December 20........

"မွေးနေ့ရှင်ကြီးက သူ့မွေးနေ့တောင်
သတိရပုံမပေါ်ဘူး သူ ဝန်ထမ်းတွေကို
သောင်းကြမ်းနေတယ်တဲ့"

ကျော်သူရက ဒီကောင်အခု
ခရီးသွားလုပ်ငန်းမှာရှိနေလောက်တာကြောင့် အဲ့က
မန်နေဂျာကို ဖုန်းဆက်မေးတော့
ဌာနတစ်ခုဆီတိုင်းကို ခေါ်ပြီး ဆူနေသည်တဲ့လေ။

"တကယ့်ကောင် လူပျိုတုန်းကကြစီးပွားရေးဆိုတာ
ဘာလဲဆိုရင်

သူသုံးဖို့ဖြုန်းဖို့လောက်တောင်စိတ်မဝင်စားတဲ့
ကောင်က အခုတော့တော်တော်ဆိုးနေပြီ"

"နေမင်းလက်ရာ ဟွန်းနာမည်နဲ့လိုက်တယ်
ဒေါသကလည်းမြင့်သလားမမေးနဲ့
မနေ့ကငါတို့ကိုပြောတာ
ထမင်းတောင်မြိုကြစမ်းတဲ့ အဲ့တာစားတဲ့အထဲ
သူမိန်းမမပါလို့ပြောတာ"

မောင့်သူငယ်ချင်းတွေက
မောင့်အကြောင်းပြောတော့

သူမကပြုံးကြည့်နေမိပြီး အဲ့နေ့က

ထမင်းစားတဲ့အထဲသူမမပါလို့ပြောတာ

ကိုအံပြောတဲ့အတိုင်းဆိုတာ သူမသိသည်။

"အခုဘယ်လိုလုပ်မလဲ ဖေဖေကအဲ့မှာအလုပ်က

ညနက်သွားရင်စီစဉ်ထားတာတွေတော့

အကုန်ပလုံမှာပဲ မရဘူး ဖုန်းဆက်ရမယ်"

နေတစင်းစကားပြောရင်း ဖုန်းထုတ်ကာ

ဖေဖေဆီဆက်လိုက်တော့ ဖေဖေက

တန်းကိုင်တာကြောင့် စကားမပြောခင်
ဒေါ်သထွက်မနေပါစေနဲ့ဆုတောင်းနေရင်း......

"ဖေဖေ သားတို့အိမ်ရောက်နေတယ်
ဖေဖေကပြန်မလာသေးဘူးလား"

"ပြန်လာနေပြီလေ အလုပ်မှာဒေါ်သထွက်ရလို့
အိမ်တန်းပြန်လာတာ
တစ်ခါတစ်လေကြအလုပ်လုပ်ချင်စိတ်ပါပျောက်တ
ယ်"

"ဟုတ်ကဲ့"

ဖေဖေက အိမ်ကိုပြန်လာပြီပြောတာကြောင်း
ဘာမှအကြောင်းမရှည်တော့ပဲ ဟုတ်ကဲ့သာပြောပြီး
ဖုန်းချလိုက်ရင်း သူနဲ့အတူရှိနေတဲ့
မေမေတို့ကိုကြည့်ကာ......

"ဖေဖေကပြန်လာနေပြီတဲ့
ကြိုတင်ပြင်ဆင်ထားတော့"

ညနေဘက်နေဝင်စအချိန် ၆နာရီလောက်မို့

ခြံထဲပြင်ဆင်ထားတာတွေမြင်မှာဆိုးလို့

တစ်ခြံလုံးကမီးတွေမိတ်ချလိုက်ကာ

အိမ်ထဲပါမိတ်ချပစ်လိုက်တော့.......

"မှောင်သွားပြီ ဖေဖေခလုတ်တိုက်မယ်လေ

ပြန်ဖွင့်"

မီးမိတ်လိုက်တယ်ဆို နေတစင်း

လက်ပေါ်ကအမှာနှစ်ယောက်ဆီကအသံမထွက်

Lay Nge

လာပဲ သဘာဝဘေးထိုင်နေတဲ့
သမီးငယ်လေးအသံခပ်စူးစူးလေးထွက်လာသည်။

"မလဲပါဘူးသမီးရဲ့ မေမေတို့က ဖေဖေကို suprise လုပ်မလို့လေ သမီးကိုညနေကပြထားတဲ့ cake လေအဲ့တာ ဖေဖေမွေးနေ့အတွက်ပဲလေသမီးရဲ့"

သမီးကိုနားလည်အောင်ပြောတော့ သမီးကငြိမ်ကျသွားပင်မဲ့အမှောင်ထဲ သူ့အဖေလဲရင် အကုန်လုံးကိုသတ်မယ်ပြောလို့ သဘောကျသွားရသေးသည်။သမီးစကားကြောင့်

အကုန်လုံး ပွဲကျနေရာက ခြံထဲဝင်လာတဲ့ မောင်ကားသံကြောင့် အကုန်လုံးငြိမ်ကျသွားသည်။

ကျွီ.......

နေခြိတံခါးကို ဒီအတိုင်းဟထားပြီး

တစ်ခြံလုံးမှောင်မဲနေတာကြောင့်

စိတ်ထဲအလိုမကျနေရာက

ပိုအလိုမကျဖြစ်သွားရရင်း

ကားကိုအိမ်ပေါ်တီအောက်ရပ်လိုက်ကာ

ကားသော့ဖြုတ်ရင်း ကားပေါ်ကဆင်းလိုက်တော့

အိမ်ထဲကပါမှောင်နေတာမို့
နေမျက်နှာပြိုးကျသွားရသည်။

"ဟွန်း မြန်မာဇာတ်ကားတွေထဲကအတိုင်းပါပဲလား"

သူကမွေးနေ့ကို
မမေ့သလိုဘယ်တုန်းကမှလည်းမမေ့ပါဘူး။သူတို့
တွေအကာန်လုံးထူးခြားနေကတည်းက
သူအနီးစပ်ဆုံးတွေးလိုက်တာက
သူ့မွေးနေ့နီးနေတာကိုပင်။

နေပြုံးနေတဲ့မျက်နှာကိုမြင်ကာ ဖုန်းမီးကိုဖွင့်ပြီး

အိမ်ထဲဝင်လာလိုက်သည်။ညှော်ခန်းနားရောက်တော့

သူတို့ညှော်ခန်းထဲရှိနေတာကို သိတာမို့

အစတုန်းကသူတို့လုပ်တာကို

အေးဆေးငြိမ်နေဖို့ပင်မဲ့ တစ်ခုခုတွေးမိကာ

ဖုန်းမီကို ပိတ်ချလိုက်ရင်း ညှော်ခန်းထဲဝင်လာကာ

တစ်ယောက်မီးခလုတ်မနိပ်ခင်

သူကအရင်နိပ်ပစ်လိုက်တော့

တစ်အိမ်လုံးမီးလင်းသွားကာ

သူထင်တဲ့အတိုင်းအကုန်လုံး

မွေးနေ့ကိတ်ကိုင်ထားသူကကိုင်ထားနဲ့ Suprise

တိုက်ဖို့ပြင်နေတဲ့သူက suprise ပြန်ဖြစ်သွားရကာ သူကိုကြည့်နေကြတော့.......

"အဟက် ဟား ဟား နေမင်းလက်ရာကို ဘာကောင်ထင်နေလဲ ငတုံးမှတ်နေလား ဟားး"

နေကအကုန်လုံးကိုကြည့်ကာ ဟားတိုက်နေတာမို့ အကုန်လုံးမှာသူတို့စီစဉ်ထားတာတွေကိုပြန်တွေးရင်း ဘယ်နေရာများလိုအပ်နေလည်း ပြန်တွေးနေကြသည့်အဖြစ်။

"Happy brithday ပါ ဖေဖေ.....လီလီ

ဖေဖေကိုအရမ်းချစ်"

ဖြစ်ပျက်သွားတဲ့အခြေအနေတွေကို

ဘာမှစိတ်မဝင်စား အဖေဖြစ်သူရဲ့ brithday wish

ကို သူကအရင်ဆုံးဖြစ်ချင်တဲ့ လီလီလေးက

နေဆီပြေးလာကာပြောတော့

နေကသမီးရှေ့ဒူးထောက်ချကာ......

"ဟုတ်ပါပြီဗျ Brithday Kiss လေးပေါဦးဗျ"

"မွ အရမ်းချစ် ဖေဖေကိုချစ်"

နေကသမီးလေးကိုချီက သူကို brithday suprise လုပ်ဖို့ပြင်နေတဲ့လူတွေကိုကြည့်မိတော့ သူ့ချစ်ဇနီးရယ် သူချစ်ရတဲ့သား ပြီးတော့ သူရဲ့ငယ်ပေါင်းကြီးဖော်သူငယ်ချင်းတွေနဲ့ သူတို့တွေနဲ့ပက်သက်တဲ့သူတွေ။

ဘဝမှာဆိုးသွမ်းခဲ့တာတွေရှိပင်မဲ့ သူ့ဘဝဆုတောင်းကောင်းခဲ့တယ်ပြောရမည်။သူနဲ့ပက်သက်တဲ့သူတွေမှန်သမျှ သူကိုဆိုအရမ်းချစ်သလို

သူ့အတွက်ဆိုဘာပဲလုပ်ပေးရလုပ်ပေးရကျေနပ်နေ
တဲ့သူတွေပင်။

"ကျေးဇူးတင်ပါတယ် ငါ့မွေးနေ့ကိုသတိရပေးလို့"

"မင်းကွာ Suprise လုပ်မှာကိုသိနေရင်လည်း
လုပ်ရတဲ့သူတွေကျေနပ်အောင်
မသိချင်ယောင်ဆောင်ပါလားကွာ"

သူပြောတော့ မကျေနပ်နေတဲ့
ငြိမ်းထက်ကထပြောတာကို

နေကသွားတွေပေါ်တဲ့အပြုံးနေမိကာ
အဲ့ကောင်ပြောတဲ့စကားဆိုးတာနဲ့......

"ငါကတစ်ခြားသူတွေနဲ့မတူတာက ခတ်တာကွာ
ကိုယ်သိနေတာကိုမသိဘူးမပြောချင်ပါဘူး"

"အော် ဟုတ်တာပေါ့ မင်းကသူတော်ကောင်းကြီး
ငါးပါးသီလလုံတယ်လေ"

သူငယ်ချင်းတွေကသူကိုဝိုင်းပြီးပြောနေကြတာကို
ဂရုမစိုက်

ဒီစကားတွေကသူ့အတွက်ကိုတကယ်ရိုးသွားပြီမဟုတ်လား။

"မောင့်မိန်းမတစ်ယောက်လုံး ဒီကိစ္စမှာပါနေတာ မရိပ်မိဘူးဆိုတာဖြစ်နိုင်ပါ့မလား ပြောပါဦး"

နေကသူ့မိန်းမအနားသွားကာ
နဖူးလေးကိုနမ်းလိုက်ရင်း
သူမကိုသေချာကြည့်ကာပြောလိုက်တဲ့ မ
ကကျန်တဲ့သူတွေလို
မကျေနပ်တဲ့အကြည့်တွေနဲ့ကြည့်တာမဟုတ်

မေတ္တာတွေရောယှက်နေတဲ့ အကြည့်တွေနဲ့ သူ့ကိုကြည့်ရင်း.........

"Happy brithday မောင်.....မောင်အတွက် brithday wish ဆိုရင် မောင်အနားဘယ်သူမှမရှိတော့တဲ့ အချိန်အထိ မောင့်မိန်းမအနေနဲ့ ဘဝနေဝင်ချိန်အထိ မောင်အနားမှာပဲ နေသွားချင်ပါတယ်"

"မောင်အနား မ ရှိနေပေးတာနဲ့တင် မောင်အတွက်ပြည့်စုံနေပြီ ဘာ Wish မှမလိုဘူး

မောင်းမင်းကိုပဲချစ်တာမို့

မောင်တို့ကိုခွဲမဲ့သူဘယ်သူမှမရှိစေရဘူး"

"မောင့်အတွက်လက်ဆောင်

လွန်ခဲ့တဲ့လကတည်းက မှာထားတာ Limit

ထုတ်ကုန် ကမ္ဘာမှာဒီတစ်ခုပဲရှိသေးတာ"

သူလက်ထဲကို မ ထည့်ပေးလာတာလေးကို

ကြည့်လိုက်တော့ တွယ်ချိတ်လေးနဲ့ King N ဆိုတဲ့

ပိုက်ဆံအိတ်မှာကပ်ထားရတာလေးကိုစိန်တွေစီ

ထားတာမို့ ဒီတန်ဖိုးက 500 အထက်ရှိတာ

သူသဘောပေါက်သည်

"ဟာ အဲ့တာက မေမေမှာထားတာလား

သားတွေ့တဲ့ရွှေဆိုင်ကဟာလေး

သားအရမ်းသဘောကျလို့

ဖေဖေအတွက်ဝယ်ပေးဖို့တွေးနေတာ"

နေတစင်း ဖေဖေလက်ထဲကတွယ်ချိတ်လေးနဲ့

ဟာလေးကိုတွေ့တယ်ဆိုမနေ့က

ဆိုင်ထဲမှာသူလိုချင်ခဲ့တဲ့ပစ္စည်းဆိုတာသေချာတာ ကြောင့်ပြောတော့.......

"မောင့်မိန်းမက မောင့်အကြိုက်သိတယ် ကျန်တာ Suprise မဖြစ်ပင်မဲ့ ဒီလက်ဆောင်လေးကတော့ တကယ် supriseဖြစ်တယ်"

"မေမေ ငွေရှင်းတာ ဖေဖေဘဏ်အကောင့်ကပဲကို သိန်း 1000 လောက်လျော့သွားတာကိုမသိဘူးဆိုတာကမဖြစ်နိုင်တာ"

"သေချာလိုက်စစ်နေမယ်ဆိုရင်သိတာပေါ့

ကိုယ်မိန်းမသုံးတာမယုံလို့ လိုက်စစ်မယ်ဆိုရင်

အစကတည်းက

ဘဏ်စာအုပ်ပေးထားမှာမဟုတ်ဘူး......ငါရှာနေတာ

ငါမိန်းမကြိုက်တာသုံးဖို့အတွက်ပဲလေ

တရားခံလို့ကြည့်နေစရာလား

သူကြိုက်တာသူလုပ်မှာပေါ့"

သူမေးလိုက်တာက တစ်ခုထဲကိုအရှည်ကြီး

သူမိန်းမလေးကို

ဘယ်လိုတန်ဖိုးထားလည်းဆိုတာရော

သူမိန်းမဘာလုပ်လုပ်ကျေနပ်တဲ့

သဘောမျိုးတွေပါတဲ့စကားကိုတန်းစီပြောသွားတာ

များ မေမေကိုသူချစ်တဲ့အကြောင်းကို

မသိတဲ့သူစိမ်းကိုပြောနေတာကြ။မေမေနဲ့ပက်သက်

လာရင် သားတောင်အလျှော့မပေးဘူး။

"ဖေဖေကလည်း သားကနည်းနည်းလေးမေးတာကို

ဖေဖေကဖြစ်ပျက်နေလိုက်တာ ဖေဖေမိန်းမကို

ဖေဖေတစ်ယောက်ပဲချစ်တက်တာ ရပြီလား"

"အဲလိုစောစောလက်ခံလိုက်တာ အကောင်းဆုံးပဲ"

အဲ့စကားကိုတော့နေပြောလိုက်တာမဟုတ်ပဲ နေလက်ပေါ်က လီလီလေးကပြောလိုက်တာမို့ နေတစင်းက လက်သီးထောင်ပြတော့ လီလီက လျှာထုတ်ပြသည်။

"ဖေဖေ မေမေကတွယ်ချိတ်ပါတဲ့ပိုက်ဆံအိတ်ကပ်ထား လေးပေးတယ်ဆိုတော့ သားကပိုက်ဆံအိတ်ပေးမယ်"

ဆိုကာ ဆိုဖာပေါ်တင်ထားတဲ့ LV ဘူးကိုယူကာ

ဖေဖေကိုကမ်းပေးလိုက်တော့

ဖေဖေတောင်လက်မလှမ်းရသေး

ဖေဖေလက်ပေါ်ကဟာလေးက

ဆွဲယူသွားတာမြန်ချက်။

"လီလီတော်တော်ဆိုးနေတာနော် ဟွန့်"

"ဖေဖေသမီးလေ"

Lay Nge

နေအတွက်အိမ်ထဲကအစီစဉ်တွေကိုရိပ်မိပင်မဲ့ ခြံထဲကအစီစဉ်မှာတော့ သူတကယ်ကို suprise ဖြစ်သွားတာပင်။ညစာစားဖို့ပြင်ဆင်ထားတဲ့အပြင် မီးပုံတွေရော christams သစ်ပင်တွေရောလုပ်ထားတာ။ခဏက သူကားဝင်လာတော့ မတွေ့အောင်ခြံထဲတမင်အမှောင်ချထားတာထင်သ ည်။

"နေ ဝိုင်သောက်ရအောင်

ရာသီဥတုကအေးတယ်ကွ"

LayNge

"သောက်ပါလား မင်းတို့ဘာသာ"

ဝိုင်ပုလင်းတွေနဲ့
သူ့ထိုင်နေတဲ့နေရာကိုရောက်လာတဲ့ ကောင်တွေက
သူကိုဝိုင်းသောက်ဖို့ အဖော်ဆက်နေတယ်ဆို
သူကငြင်းလိုက်တာကြောင့်
ကျန်တဲ့ကောင်တွေက......

"မင်းကွာ ဝိုင်လေးတိုက်တာကို မင်းမိန်းမကိုအဲ့လောက်ကြောက်နေရလား.....သား သောက်ဦးမလား"

တစ်ဖက်ကမတို့က သူတို့တွေစားဖို့အတွက်ပြင်ဆင်နေတာဖြစ်ပြီး သူတို့ကတစ်ဖက်ဝိုင်းမှာ စကားပြောနေကြတာကို သူက မိန်းမဆီသွားချင်နေတာကို ဒင်းတို့ကအသွားမခံ။

"သား တစ်ခွက်ပေး ဦးကျော် "

"ဘာ သားကိုတစ်ခွက်ပေးလည်း မသောက်ရဘူး

အဖေတောင်မသောက်တာ

မင်းကသောက်စရာလား"

"ဖေဖေက

မေမေပြောမှာကြောက်လို့မသောက်တာလေ

သားက မိန်းမကခွင့်ပြုပြီးသား

နှစ်ပုလင်းထိသောက်လို့ရတယ်တဲ့"

Lay Nge

သူကမသောက်နဲ့ ပြောတာကို

သောက်မယ်ပြောနေတဲ့ သားကို

ခပ်တည်တည်နဲ့ကြည့်လိုက်တော့ သားက

ကျော်မျိုးထူး ကမ်းပေးတဲ့ခွက်ကို

ယူဖို့လက်တွန့်သွားတာတွေ့တယ်ဆို

လူငယ်သဘာဝကိုသိပြီးသားနေက

ခေါင်းငြိမ့်ပြလိုက်တော့မှ သားကယူသောက်သည်။

"xီး မယကကောင် သတောင်းစား"

သူကိုပြောနေရင်း

ဝိုင်ခွက်တွေလှုပ်ကာသောက်နေကြတဲ့

သူငယ်ချင်းတွေအပြော ဟုတ်သည်မှန်သည်

ကိုထောက်ခံသည့်အနေဖြင့်

ခေါင်းငြိမ့်ပြလိုက်သည်.........။

"မောင်"

ခြံထဲမှာ ကိုယ်မိတ်ဆွေအသိုင်းအဝိုင်းကြီးပဲမို့

ပြောချင်တဲ့စကားတွေအုပ်စုဖွဲ့ပြောနေကြသလို

ကလေးတွေကလည်း သူတို့ဘာသာ

ေ့နေတဲ့သူတွေထဲ နှစ်ယောက်ကတော့

ဘေးချင်းကပ်ထိုင်နေရင်း သူမကခေါ်တော့.....

"မောင်ကိုပြောစရာရှိလို့လား"

"ဟိုမှာကြည့်စမ်း မောင့်သမီးကို"

နေ မိန်းမဖြစ်သူပြတဲ့နေရာကိုကြည့်လိုက်တော့

နေမင်းမာန်ဟုန်ကို ငေးကြည့်နေတဲ့

သမီးလေးကိုတွေ့လိုက်တာကြောင့်

သူအူတိုသွားကာ လှမ်းခေါ်မယ်ရှိသေး......

Lay Nge

"မောင်နော် ကလေးတွေသူ့ဘာသာနေတာကို ဘာလုပ်မလို့လည်း ပြီးတော့ သဘာဝမောင်ကိုပြောချင်တယ်......မောင့်ကိုအတွက် ကြီးတဲ့လူလို့ ကလေးတွေအမြင်မှာမမြင်စေချင်ဘူး ဒါကြောင့် သမီးလေးကိုလည်း သားတွန်းကလိုပဲ သူစိတ်တိုင်းကျဖြစ်ခွင့်ပေးလိုက်ပါမောင်.....က လေးတွေပဲရှိသေးပင်မဲ့ တစ်နေ့နေ့မှာ မောင်ပြောသလိုဖြစ်လာခဲ့ရင် လက်ခံနိုင်အောင်ကြိုးစားရမယ် နေမင်းမာန်ဟုန် လေးနဲ့ သမီးကဘာမှမတော်ပဲ မောင်ရယ်"

သူရင်ထဲ သမီး နဲ့

မာန်လေးအခြေအနေကိုမြင်ယောင်နေတာကြောင့်

မကသိနေတဲ့အတိုင်း သူလက်တစ်ဖက်ကိုင်ကာ

ပြောလာသည်။

"မိဘဆိုတာ

သားသမီးဆီကမျှော်လင့်ချက်မထားရဘူးမောင်

သူတို့ဘဝလေးတွေတောက်ပအောင်ပဲ

ဖေးမရမှာ....မောင်ကအချစ်ကြောင်း

သူများထက်သိပါတယ်

ကိုယ်မချစ်တဲ့သူနဲ့ပေါင်းဖက်ရမှာထက်စာရင်

ကိုယ်ချစ်တဲ့သူနဲ့ဆို

ကောင်းကောင်းဆိုးဆိုးရင်ဆိုင်နိုင်ကြတယ်လေ"

"မောင့်အတွက် လက်ခံဖို့ခဲရင်းတယ် "

"မောင်နှမနှစ်ယောင်လုံး

သူတို့ဘဝနဲ့သူတို့ဖြစ်သွားရင် မောင်နဲ့

သဘာဝနှစ်ယောက်ထဲအတူတူနေကြမယ် ဒါဘဝပဲ

မောင်"

မောင် သမီးလေးကိုချစ်တာသိပင်မဲ့

အတ္တကြီးတာမျိုးမဖြစ်အောင်

သူမကမောင့်ဇနီးတစ်ယောက်အနေနဲ့ပြောသင့်တာ

မို့ပြောတော့မောင်ကသူမကို ခေါင်းငြိမ့်ပြရင်း

နဖူးလေးကိုနမ်းသည်...........။

"ဟွန်း ဖေဖေတို့အတွဲကတော့ အမြဲ Ro

နိုင်လွန်းတယ်"

"အန်ကယ်အချစ်တွေက

အသစ်ကိုအမြဲအသစ်တိုင်းဖြစ်နေတာပါ'

လူကြီးတွေစကားပြောနေတဲ့

စကားဝိုင်းမှာရှိနေကြပင်မဲ့ သူ နဲ့ Light

အာရုံကိုဖမ်းစားထားတာတော့ ဖေဖေ နဲ့ မေမေ

စုံတွဲပင်။ဖေဖေလိုအသက်အရွယ်ကောင်းက

နောက်ထပ်အသစ်ရှာလို့ရတာတောင်

သူမိန်းမမှသူမိန်းမဖြစ်နေတာ မေမေရဲ့

သစ္စာတရားက တုန့်ပြန်မှုထင်တယ်။

ဖေဖေမရှိတဲ့အချိန်တောင်

နောက်တစ်ယောက်ဆိုတာကို အားကိုးမရှာပဲ

ရှိတဲ့အင်အားလေးနဲ့သူကို

ကိုယ်ဝန်လွယ်ထားတဲ့အပြင် မွေးပြီးတဲ့

3နှစ်ရောက်အထိ အားအင်အပြည့်နဲ့

ဖေဖေတစ်ယောက်ထဲကို မျှော်လင့်ပြီး

စောင့်စားနေခဲ့တာ။

"ဖေဖေ နဲ့ မေမေက Right Time Right Person

ဖြစ်ခဲ့ကြတော့ ဖေဖေစိတ်ဆိုးရင်

မေမေကသည်းခံပေးသလို

မေမေစိတ်ကောက်ရင်လည်း

ဖေဖေကအလျှော့ပေးသည်းခံတာ"

"အဲ့တာဆို ပါး နဲ့ Light လည်း
အန်ကယ်တို့လိုနေနိုင်အောင်ကြိုးစားကြမယ်
တစ်ယောက် နဲ့တစ်ယောက်နားလည်မှုတွေနဲ့
ဖြတ်သန်းကြမယ် "

သူကို
ဖေဖေတို့အတွဲလိုဖြတ်သန်းကြမယ်ပြောနေတဲ့
Light ကို ခေါင်းငြိမ့်ပြလိုက်မိသည်။သူလည်း
Light အပေါ်လိုအပ်ချက်တွေရှိခဲ့တာမို့
ဒီမိန်းကလေးအပေါ်အချစ်တွေအများကြီးပေးနိုင်

Lay Nge

အောင်ကြိုးစားရဦးမည်။မေမေလိုမျိုး Light လည်း အချစ်ခံထိုက်ပါတယ်။

"မောင့်သဘာဝပြောတာတွေကို မောင်နားထောင်မို့စိတ်မပူနဲ့နော်.....မောင့်ကမင်းစကားကိုဘယ်တော့မှပယ်ရှားမှာမဟုတ်ဘူးဆိုတာယုံ......မင်းနဲ့ပဲမောင့်ဘဝစခဲ့တာဆုံးလည်းမင်းနဲ့ပဲအဆုံးသတ်မှာ မောင့်ကတိတိတာ မောင့်သဘာဝသိတယ်ဟုတ်"

"အွန်း

မောင့်ကိုငါယုံတယ်.....သဘာဝနဲ့ဝေးနေတဲ့အချိန်

တွေမှာ တစ်ယောက်ထဲကိုပဲချစ်ခဲ့တဲ့

မောင်စိတ်နှလုံးရဲ့

သစ္စာတရားကိုယုံတယ်.....သဘာဝ

ဘဝမှာမောင်နဲ့တွေ့ဆုံခဲ့ခြင်းကအကောင်းဆုံးပါပဲ!"

တကယ်လည်း မောင်နဲ့တွေ့ဆုံခဲ့ရတာက

သူမဘဝမှာကံအကောင်းဆုံးပင်။အချစ်ကဘာလဲဆို

တာသိအောင် မောင်ပြသခဲ့တာ။သူမက

မောင့်ရဲ့အချစ်ဆုံးဆိုရင် မောင်ကလည်း

သူမဘဝရဲ့အတွယ်တာရဆုံးအချစ်ရဆုံးပါ။

"အချစ်ဆိုတာ

ဘယ်လိုသက်ရောက်မှုရှိတယ်ဆိုတာ

အခုထိမောင်မသိသလိုအဖြေလည်းဘယ်တော့မှထု

တ်မှာမဟုတ်ဘူး.....မောင်သိတာက သဘာဝပန်းက

မောင်ချစ်ရတဲ့သူ

မောင့်မိန်းမဆိုတာပါပဲ.....ဒါကြောင့်

မိန်းမပြောသလိုပဲ သား နဲ့ သမီး

နေရာတစ်ခုရသွားရင် မောင်တို့နှစ်ယောက်ပဲ

ဘဝကိုအဆုံးသတ်တဲ့အချိန်အထိအတူတူဖြတ်သ

န်းကြမယ်"

မောင်ပြောတဲ့စကားကို သူမပြန်မပြောပင်မဲ့

မောင်ကိုကြည့်တဲ့ မျက်ဝန်းတွေမှာတော့

မောင်နဲ့ထပ်တူခံစားရတဲ့

အကြင်နာမျက်ဝန်းတစ်စုံနဲ့ပေါ့။ချစ်တဲ့သူတိုင်း

ထာဝရလက်တွဲနိုင်ပါစေ.........။

~~~~~~~~~~~~~~~ပြီးပါပြီ။

21.12.2023 ဇာတ်သိမ်းပြီပေါ့နော်

ဇာတ်လမ်းတစ်ခုလုံးဖတ်ပြီး

Lay Nge
~~~~~~~~~~~~~~~

သဘောကျမယ်ထင်ပါတယ်။ညကြရင်

လီလီပန်းသွေး Chapter 1 လာပါ့မယ်။

Lay Nge